# Bibliographic Data

**Author**


သန်းဆွေ ၊ ဦး ၊
စိန်မောင်ဦး ၊ ဦး ၊
အောင်သော် ၊ ဦး ၊
မြင့်အောင် ၊ ဦး

THAN SWE , U , SEIN MAUNG OO , U , AUNG THAW , U , MYINT AUNG , U

San‘" Chve , U" , Cin‘ Mon‘ U" , U" , Aon‘ So‘ , U" , Mran‘' Aon‘ , U"


**Art.** AR0001A

**Article Title**

ရှေးဟောင်း မြန်မာ မြို့တော်များ

Ancient Myanmar Cities

Rhe" hon‘" Mran‘ ma¯ mrui' to‘ mya¯"

**Title (Book/Serial)**

**Issue and Volume**

**Edition**

**Place/ Publisher**

Ministry of Information, News and Periodicals Enterprise

**Distributor**

**Ed. Date**

1993

**Pagination**

**Annotation**

Contents:
(1) Ancient Beikthano City, by U Aung Thaw
(2) Ancient Hanlin City, by U Myint Aung
(3) Ancient Srikhetra, by U Sein Maung Oo
(4) Excavation of ancient Tagaung city, by U Than Swe
(5) New supporting evidence of Pyu culture, by U Aung Thaw

Famous Myanmar archaeologists and research officers describe Pyu cities. "Ancient Beikthano City" was an excavation report written by U Aung Thaw, retired Director - General of Dept. of Archaeology. It describes Beikthano (Vishnu) as being near Taungdwingyi in Magwe Division, and flourished from about 1st century A.D until it was destroyed in the 5th century A.D. It was a very important early Pyu city.

"Ancient Hanlin City", by U Myint Aung, research officer, Dept of Archaeology. Hanlin was a Pyu city 10 miles from Wetlet in Shwebo District, Mandalay Division. Hanlin city flourished between the 4th and 9th century A.D. Their coins had symbols and they are were literate. Buddhism developed early in Hanlin, but image worship was not evident. Hanlin city was burnt and destroyed in 9th century A.D.

"Ancient Srikshetra", by U Sein Maung Oo, is an excavation report. The author led the excavation team and presents details about Srikshetra. Srikshetra was also an ancient Pyu city located just five miles southeast of Pyay (Prome). It flourished between the 5th and 10th centuries. Srikshetra shows association and contact with South India. The earliest inscriptions in Myanmar found thus far are at Srikshetra. Two gold plates were found in a villager, Maung Kan's field, and twenty gold leaves were discovered in a mound in Khin Ba's field. Buddhism flourished and image - worship developed. In the 10th century Srikshetra fell, to be replaced by the Burman state of Bagan in 11th Century.

"Excavation of Ancient Tagaung City", by U Than Swe , research officer, is an excavation report of ancient Tagaung city located 127 miles north of Mandalay on the left bank of the Ayeyawady River. The excavation yielded evidence that Tagaung rose to become an important fortified city during Anawrahta's reign in the early Bagan period.

New Evidence of Early Pyu culture, by U Aung Thaw. Is a report about new inscriptions from Hanlin and Srikshetra.

**Subject Terms**

1. Archaeological Survey
2. Beikthano (Ancient Pyu city) - History
3. Culture - Pyu
4. Hanlin - Ancient Pyu City - history
5. Myanmar - history - early period
6. Pyu Civilization
7. Srikshetra- ancient Pyu city - history 5th - 10th century
8. Takaung- ancient Myanmar city - history

**Key Words**

# ဗိဿနိုးမြို့ဟောင်း

ဦးအောင်သော်
( ညွှန်ကြားရေးဝန်၊ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်။ )

## သမိုင်းအညွှန်း

မကွေးခရိုင် တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၁ မိုင်ကွာရှိ ကုက္ကိုခွရွာ၏ မြောက်ဘက်၌ တည်ရှိသော ဗိဿနိုးမြို့ဟောင်းသည် မြန်မာနိုင်ငံ၌ ရှေးကျသော မြို့ဟောင်းတစ်မြို့ ဖြစ်ကြောင်းကို ကြွင်းကျန်နေသေးသည့် မြို့အင်္ဂါများကို ထောက်၍ သိသာပေသည်။ သို့သော် မြန်မာရာဇဝင်တွင်ကား ထင်ရှားပေါ်လွင်ခြင်းမရှိခဲ့ချေ။ ရှေးအစဉ်အလာအရ ဗိဿနိုး ( ဗိဿကိုး၊ ပိဿနိုး ) မြို့ဟူ၍လည်းကောင်း၊ ပန်ထွာပြည် ပန်ထွာမြို့ဟူ၍လည်းကောင်း ခေါ်တွင်ကြောင်း သိရ၏။ မဟာရာဇဝင်ကြီး ပထမတွဲ၊ အခန်း ၁၄၉ တွင် ဒွတ္တဘောင်မင်းသည် အခွန်တောင်းရန် ကိုယ်တိုင် တိုင်းခန်းလှည့်လည်ရာ၌ ပန်ထွာပြည်သို့ ရောက်ကြောင်း၊ ပန်ထွာမိဖုရားလည်း မကောင်းသောနလုံးဖြင့် မသန့်သောပုဆိုးတို့ကိုယူစေ၍ နူးညံ့သိမ်မွေ့စွာ လက်သုတ်ပဝါစီရင်ပြီးသော် မင်းကြီးအားဆက်ကြောင်း၊ မင်းကြီးလည်း မစူးစမ်းမဆင်ခြင် ယုံကြည်တော်မူ၍ မျက်နှာတော်ကို သုံးသပ်တော်မူချေ၍ မင်းကြီးနဖူး၌ရှိသော မှည့်ရှင် ကွယ်ခဲ့ကြောင်းကို သာမန်မျှ ဖော်ပြထားပေသည်။

မင်းတုန်းမင်းလက်ထက် နေမျိုးမင်းလှ သီရိသင်္ခယာဘွဲ့ခံ မြေလတ်စစ်ကဲကြီးပြုစုသော တောင်တွင်းကြီးသမိုင်းတွင် မဟာသမ္ဘဝနှင့် စန္ဒမုခီဘီလူးမတို့ စုံဖက်၍ ဖွားမြင်သော မိန်းကလေးကို ဘီလူးမက ပစ်ထားခဲ့၍ ရသေ့ကြီးတစ်ပါးက မွေးစားခဲ့ကြောင်း၊ ထိုသူငယ်မ ကြီးပြင်းလာသည့်အခါတွင် ရှေးဘဝက ပေရှက်လျှို၍ ဆုတောင်းပန်ထွာပြုခဲ့သည်ကို သိကြားမင်းကသိရှိသဖြင့် မောင်နှမတော်ခဲ့ဖူးသော ဗိဿနိုးနတ်မင်းအား မစရန်ပြောကြားသဖြင့် မြို့ပြထီးနန်းဖန်ဆင်းပေးကြောင်း၊ သရေခေတ္တရာကို အုပ်စိုးသော ဒွတ္တဘောင်မင်းသည် ပန်ထွာပြည်ကို လုပ်ကြံလေရာ ပန်ထွာမင်းသမီးက သိကြားပေးသော စည်ကြီးကို တီးခတ်စေ၍ ရန်ပယ်ချောင်းမှာရေလျှံသဖြင့် စစ်သည်အလုံးအရင်းနှင့်ဆုတ်ခွာခဲ့ရကြောင်း၊ ထို့ကြောင့် ဥပါယ်တံမျဉ်ဖြင့် စည်ကြီးကိုဖျက်ဆီး၍ နောက်တစ်ကြိမ်စစ်ချီရာ အောင်မြင်သဖြင့် ပန်ထွာမင်းသမီးကို ခေါ်ဆောင်သွားကြောင်း အကျယ်တဝင့် ပါရှိလေသည်။

## သုတေသန ရည်ရွယ်ချက်

ဤမျှသော သမိုင်းအညွှန်းတို့သည် မျက်မြင်ဒိဋ္ဌတွေ့နေရသော မြို့ပြ အကြွင်းအကျန်များ၏ မူလအခြေအနေနှင့် ထိုမြို့၌ မှီတင်းနေထိုင်ခဲ့ကြသော ပြည်သူပြည်သားများ၏ ဘဝကို အရိပ်အမြွက်မျှမင် ပေါ်လွင်စေခြင်း မရှိချေ။ ဗိဿနိုးမြို့သည် သရေခေတ္တရာမြို့ နှင့် ခေတ်ပြိုင်ဖြစ်ကြောင်းမျှကိုသာ ယင်းတို့က သဲလွန်စဖော်ပေးသည်။

နိုင်ငံသမိုင်း၏အခြေခံမှာ လူနေမှုစနစ်နှင့် လူတို့၏ကြိုးပမ်းဆောင်ရွက်အောင်မြင်ချက်တို့ကို ပြည့်ပြည့်ပြည့်စုံစုံဖော်ပြရန် ဖြစ်သည်။ ရှေးဟောင်းသုတေသန ဝေါဟာရအားဖြင့် လူ့ယဉ်ကျေးမှုသမိုင်းဖော်ထုတ်ခြင်းဟု ခေါ်ဆိုရန်ရှိသည်။ ထိုသို့ ယဉ်ကျေးမှုသမိုင်းကို ဖော်ထုတ်ရာတွင် (က) အစဉ်အလာသမိုင်းစကား (ခ) ကျောက်စာ ပေစာ မော်ကွန်းမှတ်တမ်းများ (ဂ) ရှေးဟောင်းဝတ္ထုပစ္စည်းများကို မှီငြမ်းပြုရသည်။ အစဉ်အလာသမိုင်းစကားနှင့် မော်ကွန်းမှတ်တမ်းများကို သမိုင်းတင်ခေတ်နှင့်စပ်လျဉ်း၍ ရရှိနိုင်သည်။ ယင်းတို့သည် ခိုင်လုံသည်လည်း ရှိ၏။ မခိုင်လုံသည်လည်း ရှိ၏။ ထိုထက်ရှေးကျသော သမိုင်းမတင်မီခေတ်အဖို့ကား ရှေးဟောင်းပစ္စည်းများကိုသာ အထောက်အထားပြုရန်ရှိပေသည်။ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မှီငြမ်းပြု၍ သမိုင်းတင်ခေတ်ကိုလည်း လေ့လာဖြည့်စွက်နိုင်ပေသည်။

ရှေးဟောင်းပစ္စည်းများအနက် လူ့ယဉ်ကျေးမှုအဆင့်အတန်း ပြောင်းလဲတိုးတက်လာမှုအလျောက် လူတို့ဖန်တီးသောအဆောက်အအုံနှင့် အသုံးပြုသောပစ္စည်းများ၊ ဆင်ယင်သောတန်ဆာများ၊ ကြံရည်ဖန်ရည်ဖြင့်ပြုလုပ်သော အနုပညာလက်ရာများ စွာသည်တို့ ပါဝင်သည်။ ယင်းတို့သည် မြေပေါ်တွင်လည်း ကျန်ရစ်၏။ မြေအောက်၌လည်း ဖုံးလွှမ်းနေတတ်၏။ ထို့ကြောင့် သုတေသနပြုရန် သိပ္ပံနည်းကျကျ တူးဖော်စူးစမ်းရသည်။

လွတ်လပ်ရေးရပြီးနောက် ခေတ်မီစနစ်တကျ တူးဖော်စူးစမ်းနည်းဖြင့် ဗိဿနိုးမြို့ဟောင်းတွင် ဦးစွာဆောင်ရွက်ခဲ့သည်။ ဤမြို့ဟောင်းကို တူးဖော်ခြင်းမှာ အောက်ပါလုပ်ငန်းစဉ်ကို အကောင်အထည် ဖော်ရန်ဖြစ်ပါသည်။

ပြည့်စုံသော မြန်မာနိုင်ငံသမိုင်းကို ဖော်ထုတ်ရန် သမိုင်းမတင်မီခေတ် သမိုင်းအကြိုခေတ်နှင့် သမိုင်းတင်ခေတ်တို့၌ ယဉ်ကျေးမှုထွန်းကားပုံကို လေ့လာရပေမည်။ ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိသည် သမိုင်းတင်ခေတ်ဖြစ်၍ ရာဇဝင်အချက်အလက် အတော်အတန်ရှိနေပြီးဖြစ်သောကြောင့် ထိုခေတ်နှင့်ပတ်သက်၍ လတ်တလောတူးဖော် သုတေသနပြုရန် မလိုသေးချေ။ သမိုင်းမတင်မီခေတ်မှာလည်း အလှမ်းဝေးနေသေးသောခေတ်ဖြစ်၍ ကွင်းဆက်များ မရသေးမီ စောက်ချလေ့လာရန် မသင့်သေးချေ။ ထို့ကြောင့် လိုအပ်သော ကွင်းဆက်များရလေအောင် သမိုင်းတင်ခေတ်ဦးဖြစ်သော ပျူယဉ်ကျေးမှုခေတ်ကို ဦးစားပေး၍ လေ့လာဖော်ထုတ်ရန် ရှိသည်။

ပျူယဉ်ကျေးမှုထွန်းကားရာဒေသများအနက် ဗိဿနိုးမြို့သည် တစ်ခုအပါအဝင် ဖြစ်သည်။ သရေခေတ္တရာနှင့် ဟန်လင်းတွင် အတော်အသင့် စူးစမ်းရှာဖွေခဲ့ဖူးသဖြင့် စနစ်သစ်ဖြင့် တူးဖော်မှုကို ဗိဿနိုးမြို့၌ စတင်လုပ်ကိုင်ရန် လုပ်ငန်းချမှတ်ခဲ့သည်။

ဗိဿနိုးမြို့တွင် ၁၉၅၈–၅၉ ခုနှစ်မှ ၁၉၆၂–၆၃–ခုနှစ်အထိ ခြောက်ကြိမ်အထိ တူးဖော်စူးစမ်းခဲ့ပြီး၍ ယခုအခါလုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားသည်။ အကြောင်းမှာ ဤတစ်နေရာတည်းတွင် ဆက်လက်တူးဖော်ပါက နှစ်ပေါင်းများစွာ ကြာမည်ဖြစ်၍ ခေတ်အပိုင်းများ ပြည့်စုံအောင် လေ့လာရမည့် ပန်းတိုင်သို့ ရောက်ရှိရန် ခဲယဉ်းမည်ဖြစ်သောကြောင့် ဖြစ်ပေသည်။ ပျူယဉ်ကျေးမှု ထွန်းကားသော ဟန်လင်းနှင့် သရေခေတ္တရာတွင်လည်း အလားတူလုပ်ငန်းများကို ထပ်မံဆောင်ရွက်မှသာလျှင် ပျူယဉ်ကျေးမှုကဏ္ဍကို အကောင်အထည်ဖော်နိုင်ပေလိမ့်မည်။ ယခုအခါ ဗိဿနိုး၏ ယဉ်ကျေးမှုအင်္ဂါများကို ဖော်ထုတ်ရရှိပြီးဖြစ်သဖြင့် အခြားဒေသများ၌ ဆက်လက်တူးဖော်ဆဲရှိသည်။

**ပထမလေ့လာချက်**

အုတ်မြို့ရိုးဟောင်းသည် လေးထောင့်မကျတကျပုံသဏ္ဍာန်ဖြစ်၍ အနောက်ဘက်သို့ စောင်းနေ၏။ မြို့ရိုးတစ်ဖက်လျှင် နှစ်မိုင်ခန့်ရှည်လျားသည်။ အချို့နေရာတွင် မြေပြင်မှ ခြောက်ပေခန့်အမြင့်အထိ ကျန်သေးသည်။ အရှေ့ဘက်တွင် ကုန်းရိုးတန်းမို့မို့သာ တွေ့နိုင်သည်။ အနောက်ဘက်၌ အင်းကြီးရှိလျှက် မြို့ရိုးမှာမူ မြေနိမ့်လယ်ကွင်းများတွင် ပျောက်ကွယ်နေလေပြီ။

ကုက္ကိုခွဲရွာသည် မြို့၏တောင်ဘက်၌ တည်ရှိသည်။ ယင်း၏တောင်ဘက်တွင် ရန်ပယ်ချောင်းသည် အရှေ့မှအနောက်သို့ စီးသွားသည်။ မြို့အတွင်း အနောက်မြောက်ထောင့်၌ အင်းရွာကြီးရှိသည်။ မြို့အပြင်အရှေ့မြောက်ထောင့်တွင် သမိုင်းဝင် ရွှေရောင်တော်ဘုရား ရှိသည်။ မြို့တွင်းရှိ ဘုရား ငါးဆူနှင့် ရွှေလက်လှ ဘုရားတို့မှာ လွန်စွာရှေးကျသော ဘုရားများ မဟုတ်ကြချေ။

တောင်တွင်းကြီးမြို့မှ မကွေးမြို့သွား မော်တော်ကားလမ်းမကြီးသည် မြို့ရိုးကို အရှေ့တောင်ထောင့်မှ နှစ်နေရာတွင် ဖြတ်သန်းသွားသည်။

တောင်တွင်းကြီးမှ ပထနဂိုရ်သို့ မီးရထားလမ်းဖောက်ရန် ရည်ရွယ်ချက်ဖြင့် ဖို့လုပ်ထားသောတာရိုးသည် မြို့၏မြောက်ဘက်ပိုင်းကို အရှေ့မှအနောက်သို့ ဖြတ်သန်းသွားသည်။

မူလက မြို့ရိုးတစ်ဖက်တွင် တံခါးသုံးပေါက်စီ ရှိသည် ဆို၏။ မြို့ရိုးပြိုပျက်၍ ထိုတံခါးတို့ ကိုဖုံးလွှမ်းနေချေသည်။ မြို့အလယ်ဗဟိုမှ မြောက်ဖက်ယွန်းယွန်းတွင် နန်းတော်ကုန်းဟု အမည်တွင်ရစ်နေသော လေးထောင့်ပုံ အတွင်းမြို့ရိုးတစ်ထပ် ရှိသည်။ ထိုမြို့ရိုးအတွင်း၌ သောက်တော်ကန်ဟုခေါ်သော ကန်ဟောင်း ရှိသည်။ ထိုအတွင်းမြို့ရိုး၏ တောင်ဘက်တွင် အပြင်သောက်တော်ကန် ရှိသည်။

မြို့တွင်း၌ အဆောက်အအုံ အကြွင်းအကျန်များဖြစ်သည့် အုတ်ကုန်းအမြောက်အမြားရှိသည်။ မြို့အပြင်တွင် သချိုင်းကုန်းမို့မို့များ အနှံ့အပြား တွေ့နိုင်သည်။

ပထမ ကွင်းဆင်းလေ့လာမှုပြုလုပ်ခြင်းဖြင့် ဗိဿနိုးမြို့ဟောင်းတွင် သရေခေတ္တရာယဉ်ကျေးမှုနှင့် ဆက်စပ်နေသောအထောက်အထားများ၏ သဲလွန်စများကို တွေ့ရှိရသည်။ မြေပြင်ပေါ်၌ပင် အရိုးအိုး အစအနများ၊ ပျူဒင်္ဂါးများ၊ အစင်းအခြစ်များပါသည့် အုတ်ချပ်ကြီးများ၊ မြေနှင့် ရောင်စုံကျောက်ပုတီးစေ့များကို တွေ့ရခြင်းဖြင့် ပျူယဉ်ကျေးမှုကို ထုတ်ဖော်ရန် တူးဖော်မှုအတွက် ဤအရပ်သည် အလားအလာကောင်းသောနေရာဖြစ်ကြောင်း သိရသည်။

ယင်းသို့ မြို့အနေအထားနှင့် မြေပေါ်၌ကြွင်းကျန်သောပစ္စည်းများကိုထောက်၍ ဗိဿနိုးမြို့တွင် ရှေးဟောင်းသုတေသနစူးစမ်းမှုပြုသင့်ကြောင်းကိုကား ဤဌာန စတင်တည်ထောင်စလောက်ကပင် စွဲမှတ်ပြီးရှိချေသည်။ သို့သော် ၁၉၀၅ ခုနှစ် အတွင်းက တစ်ကြိမ်စမ်းသပ်တူးဖော်သည်မှအပ ထိုနေရာတွင် မည်သို့မျှဆောင်ရွက်တူးဖော်ခြင်း မပြုခဲ့ရသေးချေ။ ထိုစဉ်က မြို့ရိုး၏တောင်ဘက်ရှိ ကုန်းမို့မို့နှစ်နေရာကို တူးဖော်ရာ အရိုးအိုးများကိုသာ တွေ့ရှိခဲ့၏။ အိုးခွက်ပုံပန်းသဏ္ဍာန်နှင့် လက်ရာအသွင်အပြင်တို့ကို ထောက်ရှု၍ လူနေမှုစနစ်သမိုင်းကို ဖော်ထုတ်သည့် ဘာသာရပ်ကို အသုံးမပြုသေးသော ထိုကာလ၌ ယင်းသို့ပေါ်ပေါက်လာသော အရိုးအိုးများနှင့် ပတ်သက်၍ ဆက်လက်စူးစမ်းရန် မလိုအပ်ဟု သဘောပေါက်

---

* ကြီးကြပ်တူးဖော်သူများမှာ ပထမအကြိမ် ဦးအောင်သော်၊ ဒုတိယအကြိမ် ဦးအောင်သော်နှင့် ဦးမြင့်အောင်၊ တတိယအကြိမ် ဦးမြင့်အောင်နှင့် ဦးဗိုကေ၊ စတုတ္ထအကြိမ် ဦးစိန်မောင်ဦး၊ ပဉ္စမနှင့်ဆဋ္ဌမအကြိမ် ဦးမြင့်အောင်တို့ ဖြစ်ကြပါသည်။

မာန်တူသောကြောင့် နောက်ထပ်ဆက်လက်တူးဖော်သည်ကို မတွေ့ရတော့ချေ။ ထို့ပြင် ရှေးဟောင်းသုတေသနဌာန တည်ထောင်ခါစ၌ သရေခေတ္တရာနှင့် ပုဂံနယ်တစ်ဝိုက်တွင် အဆက်မပြတ်တူးဖော်ရန် လိုအပ်ခဲ့သည့်အလျောက် ဗိဿနိုးမြို့ဟောင်း၌ ဆက်လက်ဆောင်ရွက်ရန် အလှည့်မကျခဲ့ချေ။


**တူးဖော်မှု စနစ်**

ရှေးဟောင်းမြို့ပြများ ပျက်စီးတိမ်မြုပ်ရခြင်းမှာ မြေငလျင်ဘေး၊ မီးတောင်ရှဲ့တောင်ဘေး၊ ရေဘေး စသည်တို့ကြောင့် ရုတ်ခြည်းပြိုပျက်၍ ရွံ့၊ ချော်ရည်ချော်မြုပ်နှင့် မြေသားများဖုံးအုပ်သွားခြင်းကြောင့် ဖြစ်ရသည်လည်းရှိ၏။ ရန်သူနှင့် စစ်မက်တိုက်ခိုက်၍ ဖျက်ဆီးခံရခြင်း၊ မီးသင့်လောင်ခြင်း၊ အစာရေစာ ရှားပါး၍ မြို့နေလူများ စွန့်လွှတ်ထွက်ခွာသွားကြခြင်းကြောင့် ဖြစ်ရသည်လည်းရှိ၏။ မည်သို့ပင်ဖြစ်စေ အဆောက်အအုံများသည် ပကတိမြေပြင်အောက်သို့ နစ်မြုပ်သွားသည်ဟူ၍ကား မရှိကြချေ။ နှစ်ပရိစ္ဆေဒ ကြာညောင်းသည့်အခါတွင် အုတ်ကျိုးအုပ်ပဲ့၊ သဲ၊ ခဲ၊ သရွတ်တို့ဖုံးအုပ်၍ တောင်ပို့ကဲ့သို့ဖြစ်နေသော အဆောက်အအုံပျက်တို့အပေါ်၌ သစ်ပင်ခြုံပင်များက လွှမ်းမိုးလာလေသည်။ ဗိဿနိုးမြို့မှာကား ဖော်ပြ သကဲ့သို့ တစ်မြို့လုံး တစ်ပြေးညီ ဖုံးလွှမ်းနစ်မြုပ်နေခြင်း မရှိချေ။

ဗိဿနိုးမြို့၏ အဆောက်အအုံဟောင်းတို့သည် တစ်ခုစီလည်းကောင်း၊ တသီးတခြားစီလည်းကောင်း တည်ရှိရာ တစ်မြို့လုံးကို ပိုက်စိပ်တိုက်၍ တူးဖော်ရှာဖွေရန် မလွယ်ကူချေ။ မြို့ရိုးနှင့် ကုန်းဟောင်း အားလုံးကို ဖော်ထုတ်ရုံမျှနှင့်ပင်လျှင် နှစ်ပေါင်းများစွာ ကြာမြင့်မည်ဖြစ်ပြီးလျှင် စရိတ်ငွေလည်း အမြောက်အမြားကျခံမှသာ ပြီးမြောက်နိုင်ဖွယ်ရာ ရှိပေသည်။ ထို့ကြောင့် သမိုင်းအထောက်အထား ယဉ်ကျေးမှု အင်္ဂါများ ပြည့်စုံစွာစုဆောင်းနိုင်ရုံမျှသာ တူးဖော်သင့်ချေသည်။ သို့ဖြစ်ရာ အခြေခံအားဖြင့် သရေခေတ္တရာ ယဉ်ကျေးမှုနှင့် မည်မျှဆက်စပ်သည်ကို လေ့လာနိုင်ရန် အရိုးအိုးမြှုပ်နှံသော သင်္ချိုင်းကုန်းများ၊ မြို့အရံအတားနှင့် အဝင်ပေါက်များ၊ မြို့တွင်းမြို့ ပြင်အဆောက်အအုံပုံစံများ စသည်တို့ကိုသာ ရွေးချယ်တူးဖော်ပါသည်။ ခြောက်ကြိမ်မျှဖြင့် နှစ်ဆယ့်ငါးနေရာတွင် တူးဖော်ရာ လုပ်ငန်းစဉ်အတိုင်း ကုန်းများကို အမှတ် တစ်မှ နှစ်ဆယ့်ငါးအထိ သတ်မှတ်ခဲ့သော်လည်း ပေါ်ပေါက်လာသော အဆောက်အအုံများကို အမျိုးအစားတစ်ခုစီပိုင်းခြား၍ ဖော်ပြထားပါသည်။

တူးဖော်သည့်စနစ်တွင် အကွက်ရိုက်၍တူးခြင်းနှင့် ကျင်းရှည်တူးခြင်းနှစ်မျိုးကို သင့်တော်သလို အသုံးပြု၍ တူးဖော်သွားပါသည်။ အုတ်ကုန်းများကို အကွက်ချစနစ်ဖြင့် တူးဖော်ခြင်းဖြင့် ပေါ်ပေါက်တွေ့ရှိသော ဝတ္ထုပစ္စည်းများကို ပန္နက်တိုင်အမှတ်များမှ အကွာအဝေးအလိုက် နေရာအတိအကျ မှတ်သားနိုင်ပါသည်။ ကျင်းရှည်စနစ်တွင်လည်း အလျားလိုက်စိုက်ထူထားသော ပန္နက်စဉ်များမှ အကွာအဝေးကို မှတ်နိုင်သည်ပင်ဖြစ်၏။ သို့သော် မြို့ရိုးများ၊ အုတ်တန်းများကို ဖြတ်ပိုင်းတူးရုံမျှအတွက် ကျင်းရှည်စနစ်ဖြင့် ပြီးမြောက်နိုင်ပေသည်။ အဆောက်အအုံ၏ အုတ်မြစ်ချရာအပိုင်း၊ ဝတ္ထုပစ္စည်းများ နစ်မြုပ်နေရာ အတိမ်အနက်ကို မြေပြင်မှတိုင်းတာမှုအပြင် မြေလွှာခွဲခြားမှတ်သားသည့်စနစ်ဖြင့်လည်း မှတ်တမ်းတင်နိုင်ပါသည်။ မြေလွှာခွဲခြားခြင်းဟူသည် ပကတိမြေ၏အထက်ပိုင်းတွင် လူနေမှုကြောင့်လည်းကောင်း၊ အဆောက်အအုံတည်ဆောက်မှုနှင့် ပြိုပျက်မှုကြောင့်လည်းကောင်း အစဉ်အလိုက်ထပ်ကာထပ်ကာ မို့မောက်လာသော မြေနှင့် အုတ်ကျိုးအုတ်ပဲ့တို့၏ အလွှာစဉ်ကို လေ့လာခွဲခြားခြင်းပင်ဖြစ်သည်။ ထိုမြေလွှာများကို အကြောင်းတစ်စုံတစ်ရာကြောင့် တူးဆွ၊ ဖြည့်ဖို့ခြင်းခံရပါမူ တည်စအခြေအနေသည် ပျက်ပြားသွားတတ်ချေသည်။ ထို့ကြောင့် ဝတ္ထုပစ္စည်း ပေါ်ပေါက်တွေ့ရှိရသော မြေလွှာသည် မူလမြေလွှာ ဟုတ်၊ မဟုတ်လေ့လာရန် အရေး

# ဗိဿနိုးမြို့ဟောင်းနေရာမြေပုံ



အိုးထိန်းတောင်
ရွှေရောင်တော်ဘုရား
ဆီးပင်ကန်
ရွှေလက်လှဘုရား
ထိန်ကန်ကြီး
ထိန်ကန်လေး
အင်းရွာကြီး
သောက်တော်ကန်
နန်းတော်နေရာ
မီးရထားလမ်းဟောင်း
အင်းကြီး
အပြင်သောက်တော်ကန်
ကြီးကြာကန်
တောင်တွင်းကြီးသို့
မန်ကျည်းကန်
ကုက္ကိုခွရွာ
ချုပ်ကုန်းရွာ
မကွေးသို့
ရန်ပယ်ချောင်း
အုတ်မြို့ရိုး
အုတ်ကုန်း
အိုးခြမ်းကွဲကုန်း
ရေကန်၊ အင်း
သင်္ချိုင်း၊ ဘုရား၊ ကျောင်း
လှည်းလမ်း၊ ရွာ
မော်တော်ကားလမ်း
မြေလမ်း
ဖါလုံ
ကိုက်



အမှတ် ၁၊ သင်္ချိုင်းကုန်းတူးဖော်ပြီး တွေ့ရပုံ။



အမှတ် ၂၊ အုတ်ကုန်းမတူးဖော်သေးမီတွေ့ရပုံ။

ကြီးပေသည်။ နောင်းခေတ်ပစ္စည်းကို မြေနက်ပိုင်းတွင်တွေ့ရတတ်ကာ ရှေးကျသောပစ္စည်းကို အထက်ပိုင်းတွင်တွေ့ရတတ်လေရာ ခေတ်ကာလပိုင်းခြားမှုအတွက် မြေဆီလွှာဆန်းစစ်မှုသည် အဓိကလုပ်ငန်းတစ်ရပ်ပင်ဖြစ်၏။ ထို့ကြောင့် အဆောက်အအုံများကို ဖော်ထုတ်ရာတွင် မြေလွှာအနေအထားတို့ကို သင့်သလို အကျဉ်းမျှ ဖော်ပြပါမည်။

**အဆောက်အအုံ အကြွင်းအကျန်နှင့် မြေလွှာများ**

ရွှေးချယ်တူးဖော်ပြီးသည့် အုတ်ကုန်းများနှင့် အခြားတူးကွက်များမှ ပေါ်ပေါက်တွေ့ရှိရသည့် အဆောက်အအုံနှင့် မြေလွှာအနေအထားတို့ကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ထားပါသည်။

( က ) မြို့ရိုးနှင့် အရံအတားများ။ **အမှတ်** ၁၆၊ ၁၉၊ ၂၀၊ ၂၅၊ ၂၇

( ခ ) **မြို့ဝင်ပေါက်များ။ အမှတ်** ၁၃၊ ၁၅၊ ၈

( ဂ ) လူနေ**အဆောက်အအုံများ။ အမှတ်** ၂၊ ၅၊ ၇၊ ၁၇

( ဃ ) အာသာရေး သို့မဟုတ် ထုံးတမ်းဆိုင်ရာ **အဆောက်အအုံများ။** အမှတ် ၃၊ ၄၊ ၆၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၄၊ ၁၈၊ ၂၄။

( င ) အထွေထွေ။ **အမှတ်** ၁၊ ၂၁၊ ၂၂။

**( က ) မြို့ရိုးနှင့် အရံအတားများ**

ဗိဿနိုးအုတ်မြို့ရိုးသည် စတုဂံပုံ**ဖြစ်**လျက် **အရှေ့ဘက်မြို့ရိုးသည် အနောက်**သို့ ၁၇ ဒီဂရီမျှ တိမ်းစောင်းနေ၏။ တောင်ဘက်ထောင့်များတွင် မြို့ရိုးသည် ပြေပြေဝိုက်ချိုးလျက်ရှိသော်လည်း အရှေ့မြောက်ထောင့်မှာမူ တစ်ဆစ်ချိုးပုံဖြစ်သည်။ မြောက်ဘက်မြို့ရိုးသည် **အရှေ့**မှအနောက်သို့ တစ်ပြေးတည်းမဟုတ်မူ၍ အလယ်တစ်ဝက်လောက်မှစ၍ အနောက်တောင်**စောက်**သို့ စောင်းသွားသည်။ အရှေ့ဘက်မြို့ရိုးသည် လွန်စွာပျက်စီး၍ မြေပြင်ထက် အနည်းငယ်မို့**မောက်ရုံမျှသာ** ကျန်ရှိတော့၏။ တောင်တွင်းကြီးမြို့မှ ပထနဂိုရ်သွား မီးရထားလမ်းကို ဗိဿနိုးမြို့ဟောင်းအတွင်းမှ ဖြတ်သန်းဖောက်လုပ်စဉ်က အုတ်များဖြိုဖျက်သယ်ယူခြင်းကြောင့် ယခုကဲ့သို့ဖြစ်ရဟန် တူသည်။ ( ထိုမီးရထားလမ်းကို သံလမ်းချ၍ အပြီးဆောက်လုပ်ခြင်း မပြုခဲ့ချေ။ ) တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးတို့သည် သာမန်ရိုးရိုးအပြိုအပျက်များသာဖြစ်၍ အတွင်းအပြင်ကုန်းလျှောများဖြစ်ကာ မြေပြင်မှ ခြောက်ပေခန့်အမြင့်အထိ ကျန်သေးသည်။ လှည်းလမ်းကြောင်းများက မြို့ရိုးကို နေရာအများအပြားတွင် ဖြတ်တောက်ထားသဖြင့် ရတ်တရက်သော် မူလမြို့ပေါက်ဝနေရာများကို မခန့်မှန်းသာချေ။ မြောက်နှင့်တောင်မြို့ရိုး အတွင်းပိုင်းသို့ထိုးဝင်နေသော အုတ်ကုန်းများကို မြအိုးခံတပ်များဟု ယူဆရသော်လည်း တူးဖော်သည့်အခါတွင် မြို့ပေါက်ဝများ ပေါ်ထွက်လာလေသည်။

နန်းတော်ကုန်းဟု **ခေါ်စမှတ်**ပြုသောနေရာသည် အလယ်ဗဟို၏မြောက်ဘက် အနည်းငယ်ကျသောနေရာတွင် တည်ရှိ၏။ ဤ**နန်းဓော်**ရာကို အုတ်ဖြင့်ပြီးသော အတွင်းမြို့ရိုးဖြင့် စတုဂံပုံ ဝိုင်းရံထားသည်။ ယင်းစတုဂံကို အုတ်ရိုးဖြင့်ပင် **အရှေ့**ပိုင်းနှင့်အနောက်ပိုင်း နှစ်ခြမ်းကန့်ထားသေး၏။ အနောက်ဘက်ခြမ်းတွင် စတုဂံအုတ်ရိုးရှိပြန်၍ ထိုစတုဂံကိုလည်း အရှေ့အနောက် နှစ်ပိုင်းကန့်ထားပြန်သေး၏။

**အမှတ် ၁၆** ။ ။ ကုန်းအမှတ် ၁၃ နှင့် ၁၅ တွင်မြောက်ဘက်မြို့ရိုး၏ဝင်ပေါက်နှစ်ခုကို ဖော်ထုတ်ရာမှ မြို့ရိုး၏ အခြေအနေကို အတော်အသင့် သိရှိကြရ၏။ သို့သော် မြို့ရိုးနှင့် အတွင်းအပြင် ရပ်ကွက်

များ မည်သို့ဆက်စပ်မှု ရှိပုံကို သိလို၍တစ်ကြောင်း၊ မြို့ပြင်တွင် ကျုံးရှိ၊မရှိ သိလို၍တစ်ကြောင်း မြောက်ဘက်မြို့ရိုးကို ကျင်းရှည်စနစ်ဖြင့် ဖြတ်ကူးခဲ့၏။ ဤနေရာတွင် မြေလွှာနှစ်လွှာတွေ့ရ၏။ အထက်လွှာသည် ညိုနက်၍ သံများရောနှောကာ သိပ်သည်းမှု မရှိလှချေ။ မြေလွှာထုသည် အုတ်နံရံ မြောက်ဘက်တွင် တစ်ပေ၊ တောင်ဘက်တွင် နှစ်ပေထူ၍ နံရံအခြေတွင် အုတ်ကျိုးများနှင့် ဆက်စပ်လျက်ရှိသည်။ အောက်လွှာမှာ စေးကပ်သောမြေဝါဖြစ်၍ ပကတိမြေထက် ခုနစ်ပေမျှ အထူရှိလေသည်။ စင်စစ်အားဖြင့် အုတ်မြို့ရိုးကို ဤမြေဝါအလွှာဖြင့်ပြီးသော မြေမြို့ရိုးပေါ်တွင် ထပ်ဆင့်တည်ဆောက်ထားခြင်း ဖြစ်သည်။ မြေနိမ့်ပိုင်းဖြစ်၍ အောက်ခြေ၌ ယင်းသို့မြေမြို့ရိုးကို ခံထားရဟန်တူသည်။ မြို့ရိုး၏ မြောက်ဆက် ပေ ၂၀၀ ခန့်အထိ ကျင်းရှည်တူးသော်လည်း ရေကျုံးတည်ရှိခဲ့သည့် အထောက်အထားကို ခိုင်လုံစွာမတွေ့ရချေ။ မြို့ရိုးမှ ၇၈ ပေအကွာတွင် ၁၅ ပေမျှ ကျယ်သော ချောင်းရိုးဟောင်းတစ်ခုကိုတွေ့ရ၏။ ထိုချောင်းရိုး၏အနက်သည် လက်ရှိမြေပြင်မှ ခြောက်ပေမျှသာဖြစ်၍ အောက်ပိုင်း၌မူ လွန်စွာကျဉ်းမြောင်းနေသည်။

အုတ်မြို့ရိုးကို မြေဝင်အုတ်မြစ် အခြေမခံဘဲ မြေကတုတ်ပေါ်၌ တည်ဆောက်ထား၏။ မြို့ရိုးထုသည် ရှစ်ပေကျယ်သည်။ ပြိုပျက်နေပြီဖြစ်၍ အုတ်လွှာ ရှစ်လွှာမှ ၁၀ လွှာအထိသာ ကျန်တော့ရာ မြောက်ဘက်တွင် နှစ်ပေခွဲ၊ တောင်ဘက်တွင် သုံးပေမျှသာ မြင့်၏။ အလျား ၁၈ လက်မ၊ အနံ ကိုးလက်မ၊ ထုသုံးလက်မရှိသော အုတ်ချပ်ကြီးများကို မြေနီသရွတ်ဖြင့် စီထားလေသည်။ အုတ်ရိုး၏ တစ်ဖက် တစ်ချက်လျှောကျနေသော အုတ်ကျိုး အုတ်ပဲ့တို့မှာ မများလှချေ။ လူသူဖျက်ဆီးယူငင်ခြင်းနှင့် မိုးရေ တိုက်စားခြင်းတို့ကြောင့် အုတ်များ လျော့နည်းသွားချေပြီ။ ထို့ကြောင့် မူလမြို့ရိုးအမြင့်ကို ခန့်မှန်းရန်အတွက် အုတ်ကျိုးမြေလွှာ၏ ပမာဏသည် ခိုင်လုံသော အထောက်အထားမဖြစ်နိုင်ချေ။

**အမှတ် ၁၉၊ ၂၀။** ။ နန်းတော်ရာ၏ အတွင်းကန့် အုတ်ရိုးများ၏ အခြေအနေကို လေ့လာရန် ဤတူးကွက်များကို တူးခြင်းဖြစ်၏။ အမှတ် ၁၉ တွင် နန်းတော်၏ အနောက်ပိုင်း စတုဂံအုတ်ရိုးထုသည် လေးပေ ခုနစ် လက်မ ကျယ်ကြောင်းကိုလည်းကောင်း၊ အမှတ် ၂၀ တွင် နန်းတော်ရာကို နှစ်ပိုင်းခွဲသော အုတ်ရိုးထုသည် သုံး ပေ ခုနစ် လက်မ အထူရှိကြောင်းကိုလည်းကောင်း တွေ့ရှိရ၏။ မြေလွှာများကို ထောက်၍ ထိုအုတ်နံရံများသည် နန်းတော်အတွင်း မြို့ရိုးနှင့်လည်းကောင်း၊ နန်းတော်ကုန်းပေါ်ရှိ အဆောက်အအုံများနှင့်လည်းကောင်း တစ်ခေတ်တည်းဖြစ်ကြောင်း သိသာလေသည်။

**အမှတ် ၂၅။** ။ ဤနေရာသည် နန်းတော်ရာ၏ တောင်ဖက်မြို့ရိုးနှင့် နန်းတော်ရာကို နှစ်ပိုင်းကန့်ထားသည့် အတွင်းတန်တိုင်းတို့ဆုံရာနေရာ ဖြစ်သည်။ ယင်းတောင်ဘက်မြို့ရိုးသည် ထု ခုနစ်ပေ သုံး လက်မ ကျယ်ကြောင်း တွေ့ရသည်။ ဤမြို့ရိုးသည် ယခင်တစ်ကြိမ်ပြိုပျက်ခဲ့၍ ပြန်လည်တည်ဆောက်ထားသည်ကို မြေလွှာများမှ အထောက်အထားရရှိသည်။ မူလအမြင့်ကို မခန့်မှန်းနိုင်သော်လည်း ယခုအခါ အုတ် ၁၁ လွှာဖြင့် သုံး ပေခန့်အထိ မြင့်ချေသေး၏။

**အမှတ် ၂၃။** ။ ဤတူးကွက်သည် နန်းတော်ကုန်း တောင်မြို့ရိုးမှ တောင်ဘက် အပြင်မြို့ရိုးအထိ တားဆီးထားသော အုတ်ရိုးရှည်ကြီးကို အလယ်ပိုင်းမှ ဖြတ်တောက် လေ့လာသည့်နေရာ ဖြစ်သည်။ ကျင်းရှည်၏ဖြတ်ပိုင်းပုံကို ထောက်၍ ဤအုတ်ရိုးသည် မြေပြင်မှ ခြောက်ပေခွဲအထိ မြင့်ကာ ဘေးတစ်ဖက်တစ်ချက်သို့ ၃၆ ပေခန့်အထိ ဆင်ခြေလျှောဖြစ်ကြောင်း သိရ၏။ အုတ်ရိုးကို အဝါရောင်မြေစေးကတုတ်ပေါ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်၏။ အုတ်ရိုးထု ရှစ်ပေခွဲရှိသည်။ မူလ အမြင့်ကိုကား မခန့်မှန်းသာ။ ယခု အုတ် ခြောက် လွှာမျှသာ ကျန်တော့သည်။ ဤမြေကတုတ်ခံသော အုတ်ရိုးကို နန်းတော်ရာတန်တိုင်း

ပထမတစ်ကြိမ် ပြိုပျက်ပြီးနောက်မှ တည်ဆောက်ကြောင်း အမှတ် ၂၅ မြေလွှာများကို ထောက်၍ သိသာသည်။ အဆောက်အအုံပေါများသော မြို့တွင်းအနောက်ပိုင်းကို ပိုမိုလုံခြုံစေရန် အရံအတား တစ်ထပ်ကို ဆင့်ကဲ ပြုလုပ်ထားဟန်တူပေသည်။

## ( ခ ) မြို့ဝင်ပေါက်များ

**အမှတ် ၁၃**။ ။ ဤကုန်းသည် ဗိဿနိုးမြို့၏ မြောက်ဘက်မြို့ရိုး အလယ်ပိုင်းခန့်တွင် တည်ရှိ၏။ ကုန်း၏အနေအထားသည် မြို့ရိုးအတွင်းပိုင်းတွင် ကပ်လျက်ရှိသဖြင့် မတူးဖော်မီက ယင်းသည် ပြအိုး တစ်ခုဖြစ်တန်သည်ဟု ထင်မြင်ရ၏။ အကျယ် ပေ ၁၀၀ ပတ်လည်ခန့် ရှိသည်။ တူးဖော်သည့်အခါတွင် မြို့ပေါက်ဝတစ်ခု ပေါ်လာ၏။ မြို့ရိုးသည် အပေါက်ဝ၌ အတွင်းပိုင်းသို့ ကွေ့ဝိုက်၍ ဝင်သွားရာ ဝဲယာ ကတုတ်နှစ်ခုယှဉ်ပြိုင်နေ၏။ အရှေ့ဘက် ကတုတ်နံရံသည် အပေါက်ဝမှ ပေ ၈၀ အထိလည်းကောင်း၊ အနောက်ဘက်ကတုတ်သည် ၈၆ ပေ အထိလည်းကောင်း ရှည်လျားသည်။ မြို့ပေါက်၏အကျယ် ပေ ၂၀ ရှိ၏။ မြို့ရိုးနှင့် လက်တံကတုတ်များပြိုကျသည့်တွင် အပေါက်ဝနှင့် လမ်းကို ပိတ်ဆို့ရုံမျှမက မြို့အတွင်းပိုင်းတွင် အုတ်ကုန်းမို့မို့ပင် ဖြစ်ပေါ်နေခဲ့သည်။

မြေလွှာများကို ထောက်၍ မြို့ရိုးကို အုတ်မြစ်မချဘဲ ပကတိမြေပေါ်တွင် တည်ထားသည်ကို သိရ၏။ သို့သော် အောက်ခြေတွင် ၁၀ လက်မခန့်မျှ မြေကြီးမံထားသည်။ မြို့ရိုးနှင့် ကတုတ်များ၏ထုသည် ခုနစ်ပေမျှကျယ်၍ ယခုအခါ အုတ်လွှာ ၁၁ လွှာအထိ အမြင့်ကျန်သေးသည်။

မြို့ပေါက်အကွေ့မှ ၄၅ ပေခန့်အကွာရှိ ကတုတ်နှစ်ခုကြားမှ လမ်းပေါ်တွင် မီးလောင်ကျွမ်းထားသော သစ်သားတိုင် အပိုင်းအစများကို ကန့်လန့်ဖြတ်တွေ့ရ၏။ ထိုမီးကျွမ်းတိုင်၏ အရှေ့ဘက်တွင် အုတ်ကတုတ်နှင့် ကပ်လျက် သံဆုံတစ်ခုကိုလည်း တွေ့ရသည်။ နောက်သံဆုံ တစ်ခုကိုကား ထိုနေရာ၏တောင်ဘက် ၁၅ ပေ အကွာတွင် ဖော်ထုတ်ရရှိသည်။ မူလက မြို့ဝင်ပေါက်တွင် သံဆုံလည်များ တပ်ဆင်၍ ဖွင့်ပိတ်ရသော သစ်သားတံခါးကြီးတည်ရှိကြောင်းကို ဤအခြင်းအရာများက ဖော်ပြသည်။

မြောက်ဘက်မြို့ရိုးတွင် ဤကုန်းအပါအဝင် အလားတူ အုတ်ကုန်း လေးကုန်း ရှိသော်လည်း အရှေ့မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးတို့တွင်ကား အုတ်ကုန်း နှစ်ကုန်းစီသာ ထင်ထင်ရှားရှား တွေ့ရသည်။

**အမှတ် ၁၅**။ ။ ဤကုန်းသည် မြောက်ဘက်မြို့ရိုးပေါ်တွင် တည်ရှိ၍ အမှတ် ၁၃ အနောက်ဘက်သို့ကိုက် ၁၀၀၀ ခန့်မျှ ကွာဝေး၏။ ကုန်း၏ အနေအထားနှင့် အသွင်အပြင်သည် အမှတ် ၁၃ ကုန်းကဲ့သို့ ဖြစ်ပြီးလျှင် တောင်မှမြောက်သို့ ၁၀၅ ပေ၊ အရှေ့အနောက်သို့ပေ၉၀ ကျယ်ပြန့်ကာ မြေပြင်မှ ငါးပေခန့် မြင့်နေ၏။ မြောက်ဘက်မြို့ရိုးပေါ်တွင် အလားတူ ကုန်း သုံးကုန်း ရှိသည့်အနက် ယခုနေရာသည် အနောက်ဘက်အစွန်းဆုံး ကျရောက်သည်။

အမှတ် ၁၃ ကုန်းတွင် မြို့ပေါက်တစ်ခုကို ဖော်ထုတ်ရသကဲ့သို့ ယခုနေရာတွင်လည်း အုတ်ရိုးကတုတ်နှစ်ခု ရံထားသည့် အဝင်ပေါက်ကြီးကို ဖော်ထုတ် တွေ့ရှိရ၏။ မြို့ရိုးသည် မြို့ပေါက်နေရာတွင် အတွင်းပိုင်းသို့ခပ်ပြေပြေချိုးဝင်သွားသဖြင့် ကတုတ် နှစ်ခုအကြားတွင် ၁၅ ပေ ကျယ်သောလမ်း ဖြစ်နေသော်လည်း အဝင်ဝသည် ထိုထက်ပင် ကျယ်နေ၏။ ယင်းမြို့ပေါက်၏ အနောက်ဘက်မြို့ရိုးထုမှာ ၁၅ ပေမျှရှိသော်လည်း အရှေ့ပိုင်း၌ကား မြို့ရိုးထုသည် မညီမညာဖြစ်နေပြီးလျှင် အလွန်ဆုံး ၁၀ ပေမျှ သာ မြင့်သည်။



အမှတ် ၂၊ အုတ်ကုန်းတူးဖော်ဆဲတွေ့ရပုံ။



မြောက်ဘက်မြို့ရိုးသည် အရှေ့မှအနောက်စူးစူးသို့မသွားဘဲ အနောက်တောင်ယွန်းယွန်း ကွေ့ဆင်းသွားသဖြင့် မြို့ပေါက်ဝ၌ အရှေ့ဘက်ကတုတ်လက်တံသည် အနောက်ဘက်ကတုတ်လက်တံထက် ပိုမိုပြေပြစ်သည်။ အဝင်လမ်း၏ ဝဲယာ၌ရှိသော ကတုတ်နံရံများသည် ဖြောင့်တန်းနေ၍ ၈၀ ပေမျှ ရှည်လျားသည်။ မြို့တွင်းသို့မျက်နှာပြုနေသော ကတုတ်နံရံများမှာမူ မညီညာချေ။ ကတုတ်များ၏ တောင်ဘက်အစွန်နားတွင် သုံးပေကျယ်သော ကွက်လပ်တစ်ခုစီ ရှိ၏။ ထိုကွက်လပ်များ၏ တောင်ဘက်တွင်ရှိသော ကတုတ်နှစ်ခုသည် အလျားပေ ၂၀၊ အနံ ၁၀ ပေ အသီးသီးရှိ၏။ မူလက အဆိုပါကွက်လပ်နှစ်ခုတွင် အစောင့်ဂူများအတွက် အခန်း စီမံ ပြုလုပ်ထားဟန်တူသည်။

ယင်းကွက်လပ်များ၏ မြောက်ဘက် ၁၀ ပေခန့်အကွာ အဝင်လမ်းဘေး တစ်ဖက်စီတွင် အုတ်ကတုတ်နှစ်ခု၏ အခြေ၌ သံဆုံလည်တစ်ခုစီကို တွေ့ရ၏။ ထိုသံဆုံများနှင့် ကပ်လျက်မီးလောင်ကျွမ်းထားသောတိုင်နှင့် ထုပ်များ၊ သံပြားများနှင့် သံအစအနများကို တွေ့ရ၏။ အနောက်ဘက်ကတုတ်၏ တောင်ဘက်စွန်းတွင်လည်း အုတ်နံရံနှင့်ကပ်လျက် သံဆုံနှစ်ခုကို ဖော်ထုတ်ရရှိသည်။ ဤအထောက်အထားများအရ မြို့မပျက်စီးမီက ဤမြို့ပေါက်တွင် တံခါးရွက် နှစ်ခုပါရှိသော သစ်သားတံခါးကြီး တပ်ဆင်ထားကာ ထိုတံခါး၏နောက်ပိုင်းတွင် တံခါးစောင့်အခန်း နှစ်ခု စီမံ ပြုလုပ်ထားကြောင်း သိသာသည်။

မြို့ရိုးလက်တံ နှစ်ဖက်ဖြစ်သော အုတ်ကတုတ်တို့သည် အုတ်လွှာ ၂၀ အထိ အမြင့်ကျန်နေသေး၏။ ယင်းကတုတ် နှစ်ခုနှင့် အဝင်လမ်းပါဝင်သော ဖြတ်ပိုင်းပုံကို လေ့လာခြင်းဖြင့် အုတ်ကတုတ်တို့ကို ပကတိမြေပေါ်တွင် တည်ဆောက်ပြီးနောက် လမ်းကို သဲပါသောမြေဖြင့် သိပ်သည်းစွာဖို့ထားရာ အုတ်လွှာရှစ်လွှာအထိ မို့မောက်လျက်ရှိကြောင်း တွေ့ရ၏။ မူလလမ်းပေါ်တွင် ပြာ၊ မီးသွေးနှင့်မီးလောင်မြေတို့ပါဝင်သော မြေလွှာရှိ၏။ ထိုအထက်တွင် ကတုတ်နံရံမှ ပြိုကျသည့် အုတ်ကျိုးအုတ်ပဲ့နှင့်မြေသရွတ်တို့သည် နံရံနှစ်ခုကြားကို ဖိတ်ဖုံးရုံမျှမက ဘေးနှစ်ဖက်သို့လည်း လျှောကျလျက်ရှိ၏။ ကာလတာရှည်စွာ မိုးရေတိုက်စားခြင်းနှင့် အုတ်ဟောင်းသယ်ယူကြခြင်းတို့ကြောင့် အုတ်ကုန်းသည်ပြုန်းတီးသွားတော့ရာ မြို့ရိုးနှင့်ကတုတ်တို့၏ မူလအမြင့်ကို ခန့်မှန်းနိုင်မည့် အထောက်အထားများ မတွေ့ရတော့ချေ။

**အမှတ် ၈။** ။ ဤကုန်းသည် နန်းတော်ကုန်း၏ အရှေ့အစွန်ဆုံးဖြစ်သော အုတ်မြို့ရိုးပေါ်တွင် တည်ရှိ၏။ တူးဖော်လိုက်သောအခါ ယင်းသည် အတွင်းမြို့ရိုး၏ အရှေ့ဘက်အဝင်ပေါက် ဖြစ်ကြောင်း ထင်ရှားပေါ်လာခဲ့သည်။ ထိုအဝင်ပေါက်သည် ၁၄ ပေကိုး လက်မမျှကျယ်၍ အတွင်းပိုင်းသို့ တစ်ဆစ်ချိုးနံရံများဖြင့် ဆက်စပ်တည်ဆောက်ထားရှိ၏။ အမှတ် ၁၃ နှင့် အမှတ်၁၅ မှ မြို့ပေါက်ကတုတ်များနှင့် ပုံစံကွဲပြားသော ကတုတ်များသည် အနောက်ဘက်ထိပ်စွန်းအထိ ၃၅ ပေအထိ ရှည်လျားကြောင်း တွေ့ရှိရသည်။ ထိုအုတ်ရိုးနှစ်ခုတွင် အပေါက်ဝမှ ပေ ၂၀ ခန့်အကွာ၌ သုံးပေခွဲခန့် ကြားလပ်နေသည်မှာ မူလက အစောင့်များခိုလှုံရန် ဂူတစ်ခုစီ ပြုလုပ်ထားသောကြောင့် ဖြစ်ဟန်တူသည်။ မြို့ပေါက်အထွက် ၁၀ ပေကွာတွင် ဝဲယာဘက်တို့၌ သဲကျောက် ရုပ်ကြွအကျိုးအပိုင်း တစ်ခုစီ နစ်မြုတ်နေသည်ကို ဖော်ထုတ်ရရှိ၏။ ထိုကျောက်ပြားများသည် အောက်ခြေအမြစ်ပိုင်းနှင့် ခြေဖမိုးပိုင်းတို့သာ ကျန်ရစ်တော့သော်လည်း ရုပ်ကြွ၏မူလအရွယ်မှာမူ ပကတိလူအရွယ်၏ နှစ်ဆမျှကြီးမည်ဟု ခန့်မှန်းနိုင်သည်။ အဝင်ဝ၏ မြောက်ဘက်၌ တည်ရှိခဲ့သော ကျောက်ချပ်မှာ အကျယ် သုံးပေ သုံးလက်မ၊ အမြင့် နှစ် ပေ ရှစ် လက်မရှိ၍ တောင်ဘက်မှ ကျောက်ချပ်မှာ အကျယ် နှစ်ပေ ရှစ်လက်မ၊ အမြင့် နှစ်ပေ ငါးလက်မရှိသည်။ မြို့ပေါက် အပြင်ဘက်

တွင် အစောင့် ကျောက်ရုပ်ကြီးနှစ်ခု စိုက်ထူထားခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ ထိုအနီးတစ်ဝိုက်တွင် ကျောက်ရုပ်များ၏ အပိုင်းအစတစ်ခုမျှ မတွေ့ရတော့ရာ ဗိဿနိုးမြို့ ပျက်စီးခဲ့စဉ်ကပင် မြို့စောင့်ရုပ်များကိုပါ ရန်သူများက အစဖျောက်လိုက်ခြင်းပေလောဟု တွေးဆရသည်။

**( ဂ ) လူနေအဆောက်အအုံများ**

ယေဘုယျအားဖြင့် အခန်းဖွဲ့ထားသော အဆောက်အအုံများကို လူနေအဆောက်အအုံအဖြစ် ခွဲခြားမှတ်ယူထားသည်။ သို့သော် အချို့ အဆောက်အအုံတို့ကို လူနေရန်သက်သက်ဆောက်လုပ်၍ အချို့ကိုမူ ဘာသာရေး သို့မဟုတ် ထုံးဓလေ့ဆိုင်ရာ ကိစ္စများအတွက် တည်ဆောက်ထားခဲ့သည်ဟု ယူဆရ၏။ အထောက်အထားတွေ့ရသမျှကို မှီငြမ်းပြု၍အဆောက်အအုံတစ်ခုစီအတွက် ထင်မြင်ချက်ပေးထားပါသည်။

**အမှတ် ( ၂ )**။ ။ ဤကုန်းသည် မြို့ရိုးအတွင်း၌ရှိ၍ နန်းတော်ရာ၏ အရှေ့မြောက်စွန်းနှင့် ကိုက် ၃၀၀ ခန့် ကွာဝေးသည်။ ဤကုန်း၏ တောင်မြောက်အလျားသည် ပေ ၁၅၀ ခန့်ရှိ၍ အရှေ့အနောက်အကျယ်မှာ ပေ ၁၀၀ ခန့် ဖြစ်သည်။ အနီးအနားရွာများက သက်ကြီးဝါကြီးပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှပင် ဤကုန်းသည် မူလက မည်သည့်အဆောက်အအုံမျိုး ဖြစ်ကြောင်းကို မပြောပြနိုင်ချေ။ မြို့တွင်း၌ အမြင့်မားဆုံးကုန်းဖြစ်သောကြောင့် ဤနေရာ၌ ရှေးဦးစွာ စတင်တူးဖော်ခဲ့လေသည်။ ဤကုန်း၏ အမြင့်ဆုံးအပိုင်းတို့သည် မြေပြင်ထက် ၁၄ ပေ ခွဲခန့်မျှ သာ မြင့်သည်။ ထို့ကြောင့် ကုန်းတစ်ခုလုံးကို ၁၅ ပေ အကွက်များ ပန္နက်ရိုက်ကာ အဆောက်အအုံ အုတ်ခုံပေါ်သော နေရာများတွင် အနက် ရှစ်ပေအထိလည်းကောင်း၊ အခြားနေရာများတွင် အနက် ၁၂ ပေအထိလည်းကောင်း တူးဖော်ခဲ့လေသည်။ နေရာအနည်းငယ်တွင်သာလျှင် ငါးပေ ပတ်လည်ကျင်းများ၌ ပကတိမြေလွှာ သုံးပေကျော်အထိ စောက်ချတူးသည်။

ဤကုန်းသည် အိုးခြေ အိမ်ခြေအဖြစ် တစ်ကြိမ်တစ်ခါမျှသာ အသုံးပြုသွားသော အုတ်တိုက်အဆောက်အအုံကြီးတစ်ခု ပြိုပျက်ရာမှ စုပုံမို့မောက်နေသော အုတ်ကုန်းကြီးပင် ဖြစ်သည်။ အကြိမ်ကြိမ်အဖန်ဖန် အိုးအိမ်တည်ထောင်ရာမှ ဖြစ်ပေါ်သော မြေလွှာများကဲ့သို့ ခေတ်အပိုင်းအခြားကို ထင်ရှားပေါ်လွင်စေသည့် အဆင့်ဆင့်ကွာခြားမှုများကို မတွေ့ရသော်လည်း အုတ်ကျိုးအုတ်ပဲ့များ အထပ်ထပ်ဖြစ်ပေါ်နေသည့် အလွှာတို့ကို ထောက်ချင့်၍ ဤအဆောက်အအုံကြီး မည်သို့ပျက်စီးယိုယွင်းခဲ့ပုံကို ခန့်မှန်းနိုင်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်က တောင်တွင်းကြီးမှ ပထနကိုရ်သို့ ဖောက်လုပ်ပြီးခဲ့သော မီးရထားလမ်း ( သို့သော် ထိုရထားလမ်းကို မဖွင့်ဖြစ်ခဲ့ချေ ) သည် ဗိဿနိုးမြို့ဟောင်းကို ဖြတ်သွားသည်။ ထိုစဉ်က ရထားလမ်းခင်းရန်အတွက် မြို့ရိုးနှင့် အုတ်ကုန်းများမှ အုတ်ဟောင်းများကို တူးဖော်သယ်ယူအသုံးပြုရာတွင် ယခုအုတ်ကုန်းကြီးမှလည်း အတော်အတန် ယူဆောင်သွားဖူးသည်ဟု ဆို၏။ အုတ်ကုန်း၏ အထက်၌ နှစ်နေရာခန့်တွင် အနည်းငယ်ချိုင့်နေသည်မှာ ထိုကဲ့သို့ အုတ်တူးခြင်းခံရသောကြောင့် ဖြစ်ဟန်တူ၏။ ယင်းချိုင့်ရာများမှလွဲ၍ မူလအပြိုအပျက်အတိုင်း အုတ်ကုန်းကြီးတည်ရှိနေသည်မှာ ထင်ရှား၏။ ယခုတူးဖော်သည့်အခါတွင် ဖြတ်ပိုင်းမြေနံရံများကို လေ့လာရာ မြေလွှာများသည် အပြတ်အလပ်မရှိ တစ်လွှာကို တစ်လွှာ ပိတ်ဖုံးကာ တည်နေသည်ကို တွေ့ရ၏။

အဆောက်အအုံ၏ ပတ်လည်မြေပြင်ထက်၌လည်းကောင်း၊ အုတ်ခုံသမံတလင်းအထက်၌လည်းကောင်း မီးသွေးနှင့်ပြာများပါဝင်သော မြေလွှာတစ်ထပ်ကို တွေ့မြင်ရ၏။ ဤအလွှာဖြစ်ပေါ်ရခြင်းမှာ အုတ်တိုက်ကို မီးလောင်ရာ၌ ရှေးဦးစွာ သစ်သားတံခါးပေါင်နှင့် တံခါးရွက်များ၊ သစ်သားဖြင့်ပြီးသော အစိတ်

အပိုင်းများကို မီးလောင်ကျွမ်းမှုကြောင့်ဖြစ်ရာအဆောက်အအုံ မီးလောင်ပျက်စီးသွားကြောင်း ခိုင်လုံသော အထောက်အထား ဖြစ်ချေသည်။ ထိုမြေလွှာအထက်တွင် အုတ်ကျိုးအုတ်ပဲ့နှင့် ပြာမှုန့်များရောနေသော မြေနီသရွတ်များ တည်ရှိနေ၏။ သစ်သားအစိတ်အပိုင်းများ မီးလောင်သည့်အခါ၌ ဆက်စပ်နေသော အုတ်အင်္ဂတေတို့ကိုပါ မီးဟပ်သဖြင့် မီးဒဏ်ပြင်းပြမှုကို မခံနိုင်ဘဲ ပြိုပျက်သော အစိတ်အပိုင်းများ စုပုံကျရောက်လာခြင်းကြောင့် ဤအလွှာဖြစ်ပေါ်ခဲ့ရလေသည်။ မီးလောင်စာများသည် အလယ်ပိုင်း၌တည်ရှိ၍ ဖိနှိပ်မှုကို ခံရသော်လည်း သိပ်သည်းခြင်းမရှိဘဲ ပွပွရွရွဖြစ်နေသည်။ ထိုအထက်၌ကား ကျစ်လစ်စွာလွှမ်းထပ်နေသော အုတ်ကျိုးလွှာတစ်လွှာကို သတ်မှတ်နိုင်၏။ မီးဒဏ်ကိုတိုက်ရိုက်မခံရဘဲ ဖရိုဖရဲ ကျန်ရစ်နေသေးသည့် အစိတ်အပိုင်းတို့သည် ဆက်လက်မတည်တံ့နိုင်တော့ဘဲ တစ်စတစ်စ ပြိုကျလာရာမှ ထိုအလွှာ ဖြစ်ပေါ်လာခြင်းပေတည်း။ ထိုကြောင့် အုတ်ကျိုးနှင့် သရွတ်မှုန့်တို့သည် မီးလောင်သောအလွှာထက် ပိုမိုလတ်ဆတ်ကာ နီရဲနေ၏။ သိပ်သည်းမှုလည်း ရှိ၏။ အထက်ဆုံး မြေလွှာမှာကား နှစ်ပရိစ္ဆေဒကြာမြင့်စွာ သစ်ပင်ပေါင်းပင်များ ပေါက်ရောက်ခဲ့ခြင်းကြောင့် ဖုံးလွှမ်းနေသောမြေလွှာ ဖြစ်လာ၏။ ဤကုန်းတွင် မြေလွှာများ မည်မျှအထိရှိသည်ကိုလည်းကောင်း၊ ပကတိမြေသို့ရောက်အောင် မည်မျှ စောက်ချတူးဖော်ရမည်ကိုလည်းကောင်း သိရှိနိုင်ရန် ရှေးဦးစွာ အရှေ့အနောက်တန်းနေသော အကွက်များအနက် အုတ်ကုန်း၏ အလယ်ကို ဖြတ်ကျော်သွားသော အတန်းတွင် အရှေ့ဘက်ပိုင်းမှ စတင်တူးဖော်ခဲ့လေသည်။ ဤသို့ဖြင့် အထက်၌ ဖော်ပြသော မြေလွှာအဆင့်ဆင့်ကို တွေ့မြင်ရ၍ အုတ်ကုန်း၏ဖြတ်ပိုင်းပုံကို စံပြအဖြစ်ဖြင့် အထောက်အထားပြုနိုင်ရန် လုပ်ငန်းသိမ်းလုနီးအထိ မဖျက်ဘဲ ထားရှိခဲ့သည်။

အုတ်ကုန်းကြီးကို လေးထောင့်ကွက်များ ပိုင်းဖြတ်ကာ ပန္နက်ရိုက်ပြီးလျှင် စနစ်တကျတူးရာမှ ပေါ်ပေါက်လာသော အုတ်တိုက်အဆောက်အအုံကြီးသည် အလျား ၁၈ လက်မ၊ အနံ ကိုး လက်မ၊ ထု သုံးလက်မ အရွယ်အစားရှိသည့် အုတ်များဖြင့် ခိုင်ခံ့စွာဆောက်လုပ်ထားသည့် တိုက်ကြီးဖြစ်ကြောင်း တွေ့ရ၏။ အဆောက်အအုံ၏ စနစ်ပုံမှာ တောင်မြောက် ရှည်လျားလျားရှိကာ စတုဂံပုံတွင် အရှေ့ဘက်၌ လေးထောင့်ကွက်စွန်း ထွက်နေသည့်ပုံ ဖြစ်သည်။ တောင်မြောက် အလျားသည် အနောက်ဘက်သို့ ၁၃ ဒီဂရီမျှ တိမ်းနေ၏။ အဆောက်အအုံ၌ အုတ်မြစ် တစ်ပေသာ အနက်ချထား၍ မြေဝင်အုတ်လွှာ လေးလွှာသာ ရှိ၏။ ထိုအထက်၌ အလျား ၉၈ ပေ ခြောက်လက်မ၊ အနံ ၃၄ ပေ ရှစ်လက်မ၊ အမြင့် သုံး ပေ ခြောက် လက်မ ရှိသော အုတ်ခုံကြီး တည်ရှိ၏။ အရှေ့ဘက်၌ စွန်းထွက်နေသော လေးထောင့်ခန်းသည် အပြင်မှတိုင်းတာသည့်အခါ တောင်မြောက် ၂၁ ပေ ၁၁ လက်မနှင့် အရှေ့အနောက် ၁၄ ပေ တစ် လက်မ ကျယ်ဝန်းသည်။ အုတ်ခုံသည် ဖောင်းရစ်အတိုးအဆုတ်များ မှန်ကူကွက်များ စသည်တို့ဖြင့် ချယ်လှယ်ထားခြင်း လုံးဝမရှိပဲ ပြောင်ချောသော အုတ်နံရံအဖြစ်သာ တည်ရှိ၏။


အဆောက်အအုံ၏ နံရံများကို အုတ်ခုံထက်တွင် တစ် ပေ ရှစ် လက်မဆုတ်၍ ဆောက်ထား၏။ တစ်နည်းဆိုသော် နံရံများအပြင်တွင် ပတ်လည်အုတ်ခုံအစွန်း တစ်ပေ ရှစ်လက်မ ထွက်နေသည်ဟူ၏။ အုတ်ခုံထက်၌ ပန္နက်အရဆိုလျှင် အဆောက်အအုံတစ်ခုလုံးကို အခန်း ၁၀ ခန်း ဖွဲ့ထားလေသည်။ အရှေ့ဘက်၌ စွန်းထွက်နေသောအခန်းသည် ဆံင်ဝင်ခန်းဖြစ်၏။ တိုက်မကြီးကို နှစ်ခြမ်းပိုင်းထားရာ အရှေ့ဘက်ခြမ်းသည်သာ အဓိကအခန်းရှည်ကြီးဖြစ်၍ အနောက်ဘက်ခြမ်းမှာမူ လေးထောင့်အခန်းငယ် ရှစ်ခန်းဖြင့် ပိုင်းခြားတည်ရှိ၏။ အဆောက်အအုံ၏ အပြင်နံရံများနှင့် အတွင်းပိုင်းတွင် တောင်မြောက်အလျား ပြေးနေသော နံရံကြီးသည် ထု သို့မဟုတ် အကျယ်အားဖြင့် လေး ပေ ခြောက် လက်မရှိ၍ အခန်းငယ်များကန့်ထားသော နံရံအတိုများမှာမူ ထု တစ်ပေ ရှစ်လက်မမျှသာရှိလေသည်။ အခန်းများ၏ အတွင်းပိုင်း

အတိုင်းအထွာများမှာ ဆင်ဝင်ခန်းတွင် တောင်မြောက်အလျား ၁၀ ပေ ခွဲ အနံ ၁၀ ပေ၊ အခန်းရှည်ကြီးတွင် တောင်မြောက် အလျား ၈၉ ပေခွဲ၊ အနံ ရှစ် ပေ ကိုးလက်မ၊ အခန်းငယ်များမှာ အလျား ၁၀ ပေ၊ အနံ ကိုး ပေ ခွဲမျှစီ အသီးသီး ရှိကြ၏။ အလယ်နံရံကြီးသည် အမြင့်ဆုံးကျန်နေသေးသည့် အပိုင်းတို့တွင် အုတ်ခုံတလင်းပြင်မှ အထက်သို့ ရှစ်ပေအထိ မြင့်သေးသည်။ အခြားအပိုင်းများမှာမူ လွန်စွာ ပြိုပျက်နေပြီဖြစ်သောကြောင့် ထိုထက်နိမ့်နေတော့၏။

အုတ်တိုက်ကြီးတစ်ခုလုံးတွင် အဝင်အထွက်အပေါက်ဟူ၍ အရှေ့ဘက်ဆင်ဝင်ခန်း၏ မျက်နှာဖက်တွင်သာ တစ်ပေါက်တည်း ဖောက်ထားသည်ကို တွေ့ရ၏။ ထိုအဝင်ပေါက်နှင့် မျက်နှာချင်းဆိုင် အနောက်ဘက်နံရံရှိ အပေါက်သည် အခန်းရှည်ကြီးအတွင်းသို့ ဝင်ရာအပေါက် ဖြစ်သည်။ ထိုအခန်းရှည်ကြီးနှင့် အခန်းငယ် ရှစ်ခန်းကိုလည်း မတ်ရပ်အပေါက်ကြီးတစ်ပေါက်စီဖြင့် ဆက်သွယ်ထားလေသည်။ တိုက်ကြီးတစ်ခုလုံးကို အခန်းစေ့လေသာပြတင်းပေါက်များဖြင့် အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းစွာရအောင် စီမံထားလေသည်။ ဆင်ဝင်ခန်းတွင် မြောက်ဘက်နှင့် တောင်ဘက်နံရံများ၌ ပြတင်း တစ်ပေါက်စီ၊ ထို့ပြင် အခန်းရှည်ကြီးတွင်လည်း အလားတူပြတင်းနှစ်ပေါက်နှင့် အရှေ့ဘက်လှည့် ပြတင်း ခြောက်ပေါက်ရှိ၏။ အခန်းငယ်များမှာမူကား အနောက်ဘက်နံရံတွင် ပြတင်းတစ်ပေါက်စီသာ ရှိသည်။ မြောက်အစွန်နှင့် တောင်အစွန်အခန်းငယ်များ၌ကား အနောက်မျက်နှာ ပြတင်းများအပြင် မြောက်ဘက်နှင့် တောင်ဘက် ဘေးပေါက်အသီးသီးလည်း ပါရှိသေး၏။ ပြတင်းပေါက်အားလုံးသည် အုတ်ခုံတလင်းပြင်အထက် တစ် ပေ ကိုးလက်မ အမြင့်တွင် တည်ရှိ၍ သုံးပေ စီ ကျယ်လေသည်။

အရှေ့ဆင်ဝင်ခန်းနှင့် အခန်းရှည်ကြီးတို့တွင် သမံတလင်းခင်းပြင်များ ပြုလုပ်ထားလျက် အခန်းငယ်များ၌ကား အုတ်များ စီခင်းထားသည်။ နံရံအင်္ဂတေတို့မှာ ကွာကျပျက်စီးလျက်ရှိချေပြီ။ သို့သော် အနည်းငယ်မျှ ကျန်ရစ်သေးသော အင်္ဂတေအကွက်များကို ကြည့်ရှုခြင်းအားဖြင့် ထုံးဖြူသုတ်လိမ်းထားကြောင်းကိုလည်းကောင်း၊ အချို့နေရာများ၌ အဖြူခံပေါ်တွင် ဆေးဝါမျဉ်းအထူများဖြင့် အကွက်ဖော်ကာ ချယ်လှယ်ထားသည်ကိုလည်းကောင်း သိသာသည်။ ဆင်ဝင်ခန်းနှင့် အခန်းရှည်ကြီးကို ဆက်သွယ်ထားသော မတ်ရပ်ပေါက်ကြီးတွင် အဝင်အထွက် နှစ်ဘက်လုံး၌ လခြမ်းသဏ္ဌာန် အင်္ဂတေတံခါးခုံများ ပြုလုပ်ထား၍ မူလက ယင်းတံခါးခုံများတွင် ကျောက်စရစ်ဖြူကလေးများ နှစ်မြှုပ်စီခြယ်ထားလေရာ ယခုအချိန်ထိ အနည်းငယ်မျှ ကျန်ရှိနေသေးသည်ကို တွေ့မြင်နိုင်သည်။ အခန်းအမှတ် ၈ ၏ အတွင်းဘက်၌လည်း အပေါက်ဝတွင် ညောင်ရွက်ထိပ်ဖျားသဏ္ဌာန်ရှိသော တံခါးခုံကို တွေ့ရ၏။ အခန်း ၇ တွင်လည်း မူလ၌ တံခါးခုံတစ်ခုရှိကြောင်း အကြွင်းအကျန်အစအနများက ပြနေပေသည်။ အခန်းအမှတ်များမှာ တူးဖော်ရာ၌ အစဉ်တစိုက် ပေါ်ပေါက်လာသည့်အတိုင်း မှတ်သားထားသောအမှတ်များ ဖြစ်သည်။

စနစ်တကျ တူးဖော်ရာ၌ အသေးအဖွဲ့ပစ္စည်းများမှစ၍ လေ့လာစပ်ဟပ် ကြည့်ခြင်းဖြင့် အဆောက်အအုံ၏ မူလလက်ရာကို အသေးစိတ် သရုပ်ဖော်နိုင်သည်။ ဤနည်းဖြင့် တံခါးများနှင့် တံခါးပေါင်များကို မည်သို့ စီမံပြုလုပ်ထားကြောင်းကို ကောင်းစွာခန့်မှန်းဖော်ထုတ်နိုင်၏။ ဝင်ပေါက်များ၏ အကျယ်သည် ပျမ်းမျှသုံး ပေခန့်သာရှိသော်လည်း အုတ်နံရံများ၏ ထုအတိုင်း အပေါက်အစွန်းများမှာမူ လေးပေခြောက် လက်မခန့် ကွာခြားနေ၏။ ထိုကြောင့် ကျည်းကွေးခေါ် သစ်သားတံခါးပေါင်၏ အစိတ်အပိုင်းဖြစ်သော အောက်တန်း သို့မဟုတ် ခြေကျော်တန်းကို အစွန်းတစ်ဖက်တွင် တစ်ခုစီတပ်ဆင်ထားလေသည်။ ထိုခြေကျော်တန်းတို့၏ အဖျားများကို အပေါက်ဝထက်ပိုမိုကျယ်အောင် ရှည်လျားစွာပြုလုပ်ထားရာ ယင်းတို့သည် နံရံ၏အောက်သို့ ထိုးဝင်နေ၏။ စင်စစ်အားဖြင့် ထိုတန်းများကို နေရာချပြီးမှ အုတ်လွှားများ




အမှတ် ၂၊ အုတ်ကုန်း တူးဖော်ပြီး ဖြတ်ပိုင်းပုံ။

ကို ဆင့်၍ စီထားခြင်း ဖြစ်သည်။ ထိုခြေကျော်တန်းများကို အပေါက်၏ အတွင်းနံရံများနှင့် ယှဉ်နေသော သစ်သားတန်းနှစ်ခုဖြင့် ဆက်စပ်ထား၏။ စနစ်ပုံအားဖြင့်ဆိုလျှင် ခြေကျော်တန်းနှစ်ခုနှင့် ကန့်လန့်ဖြတ်တန်း နှစ်ခုတို့သည် လေးထောင့်ကွက်ချထားသကဲ့သို့ တည်ရှိ၏။ ထိုလေးထောင့်ကွက်ကို သစ်သားတန်း၏ ထုနှင့်အညီ အုတ်များဖြင့်စီကာ အင်္ဂတေကိုင်လိုက်သောအခါ အပေါက်ဝတိုင်းတွင် ခြေနင်းအုတ်ခုံများ ပြုလုပ်ပြီး ဖြစ်သွားတော့၏။ ဤအုတ်ခုံအထက်၌ တံခါးပေါင်ကို စိုက်ထူထားသည်။ တံခါးပေါင်သည် အပေါက်တိုင်းတွင် အရှေ့ဘက်စွန်းမှ အတွင်းသို့ ရှစ် လက်မ ကွာခြားသောနေရာတွင် စိုက်ထူထားသည်ကို တွေ့ရ၏။ တံခါးရွက်တစ်ချပ်တည်းဖြင့် ပြုလုပ်ထားသော တံခါး၏ တိုင်အဖျားများကို အထက်အောက် သံဆုံတစ်ခုစီသို့ သွတ်သွင်းစိုက်ထူထားလေသည်။ တံခါးရွက်ကို မြောက်ဘက်အစွန်း၌ စိုက်ထူ၍ အခန်း၏ အတွင်းဘက်သို့ ဖွင့်သည်မှာလည်း ထင်ရှားလေသည်။ အခန်းတိုင်းတွင် ထိုအစီအစဉ်အတိုင်း ပြုလုပ်ထားရာ အပေါက်ဝ၏ တောင်ဘက်နံရံများတွင် သစ်သားမင်းတုံးထိုးသွင်းသည့် ၁၀ လက်မ ပတ်လည် အပေါက်များကို တွေ့မြင်နိုင်သည်။ တံခါးရွက်များကို သစ်သားပြားများဖြင့် ဆက်စပ်ပြုလုပ်ရာ၌ အသုံးပြုသည့် သံချောင်း အရွယ်အစားစားသည်လည်းကောင်း၊ မှန်ကူကွက်များ ဖော်ထားသော ပြက် တစ် လက်မခွဲခန့် ရှိသည့် သံပတ်ပြားအပိုင်းအစများသည်လည်းကောင်း၊ မှန်ကူကွက်များအတွင်း၌ ခြယ် လှယ်တပ်ဆင်ထားသော အချင်း သုံး လက်မခန့်ရှိသည့် သံမှိုပွင့်များသည်လည်းကောင်း မီးလောင်ကျွမ်း သွားကြပြီဖြစ်၍ သမံတလင်း အထက်မှ မြေလွှာတွင် ရောနှောနေသည်ကို တွေ့မြင်ရ၏။ သံဆုံများကို ထိုနည်းနှင်နှင် တွေ့မြင်ရလေရာ ယင်းတို့ တည်ရှိသည့်နေရာများကို ထောက်ထား၍လည်း တံခါး၏မြောက် ဘက်အစွန်း၌ မူလကတပ်ဆင်ထားကြောင်းကို သိသာသည်။ သံမှိုပွင့်များကို အလယ်ကောင်မှ သံချောင်း များဖြင့် ထွင်းဖောက်၍စွဲတပ်ထားသည်ဖြစ်ရာ အချို့ မှိုပွင့်များကို သံချောင်းများနှင့် တစ်ပါတည်းတွေ့ရှိ ရ၏။ မကျိုးမပျက်သေးသော သံချောင်း အချို့ကိုသံရိုက်စွဲပြီးလျှင် တံခါး၏ကြောဘက် တွင် အဖျားကို ကောက်ကွေးထားသည်ဖြစ်ရာ တံခါးရွက်အတွင်း၌ နစ်မြုပ်နေသော သံချောင်း၏ အပိုင်းကိုတိုင်းထွာခြင်း အားဖြင့် တံခါးရွက်၏ထုသည် ၃.၁ လက်မ ထုကြောင်း သိရသည်။

အဝင်ပေါက်များ၏ အမြင့်ကိုကား အခန်းအမှတ် ၆ အဝင်ဝတွင် မတူးဖော်သေးဘဲ ချန်လှပ်ထားသော မြေထုကိုကြည့်ခြင်းအားဖြင့် သိနိုင်သည်။ ထိုအပေါက်၏အထက်တွင် အုတ်လွှာ လေးလွှာကို မူလအနေ အထားထက် အနည်းငယ် နိမ့်လျှော၍နေသည်ကို တွေ့မြင်နိုင်၏။ တံခါးဝ အထက်ပိုင်းကို မုတ်ချွန်း သို့မဟုတ် ပေါင်းဝန်းပြုလုပ်ထားခြင်းမဟုတ်ဘဲ၊ တံခါးပေါင်၏အထက်တန်းပေါ်တွင် အုတ်များကိုအလျား လိုက်စီ၍ လေးထောင့်မုတ်သာလျှင် ပြုလုပ်ထားခြင်း ဖြစ်ချေသည်။ ထိုကြောင့် သစ်သားတန်းကို မီးလောင် သွားသောအခါ ယင်းအထက်က အုတ်လွှာများသည် အောက်သို့ အိလာလေတော့သည်။ သစ်သားတန်း သည် မူလနေရာမှ လေးပေမျှအကွာအောက်သို့ နိမ့်လျှောသွားသော်လည်း အထက်ပိုင်းမှ ပြိုပျက်စုပုံ ကျရောက်သော အုတ်အင်္ဂတေ အစအနတို့သည် လွန်စွာများပြားသောကြောင့် တစ်ပေါက်လုံးကို လွှမ်း သွားပြီးလျှင် နိမ့်လျှောလာသော အုတ်လွှာများကိုပင် ထောက်ပင့်၍ နေချေသည်။ ဤသို့ ဖယ်ရှားခြင်း မပြုပဲ ချန်လှပ်ထားသည့် တံခါးဝမှ မြေလွှာနှင့် အုတ်ရိုးများကိုတိုင်းထွာ၍ တံခါးပေါက်၏ မူလအမြင့် သည် ၆ခြောက် ပေရှိကြောင်း သိရသည်။

သုံး ပေ ခြောက်လက်မအမြင့်ရှိသော အုတ်ခုံပေါ်မှ တိုက်ခန်းများသို့ တက်ရောက်ရန် အရှေ့ဘက် ဆင်ဝင်၌ တပ်ဆင်ထားသော သစ်သားလှေကားတစ်ခုရှိကြောင်းလည်း သိနိုင်၏။ အုတ်ခုံ၏ အောက်ခြေ မြေပြင်ပေါ်တွင် အလျား ရှစ် ပေ၊ အနံ တစ် ပေ ကိုး လက်မရှိသော အုတ်တန်း နှစ်တန်းသည် တစ်ခုနှင့်

တစ်ခု ခြောက် ပေခြား ယှဉ်ပြိုင်လျက် အုတ်ခုံသို့ ဦးတည်လျက်ရှိသည်။ ယင်းတို့သည်လည်း မြေဝင် တစ်ပေသာနက်၏။ ထိုအုတ်တန်းတစ်ခုပေါ်တွင် လှေကား၏အခြေကိုတည်စိုက်ကာ အုတ်ခုံအစွန်းပေါ်သို့ ထိပ်ပိုင်းကို မှီတင်ထား၏။ သစ်သားလှေကား မီးလောင်သွားသောကြောင့် မီးသွေး အစအနများနှင့်သံ ချောင်း အပိုင်းအစတို့ကို ထိုနေရာ၌ တွေ့ရသည့်ပြင် အုတ်ခုံ၏ အစွန်းတွင်လည်း လှေကားဦးကို နေရာ တကျထားနိုင်ရန် အုတ်ကြားချန်လှပ်ကာ စီမံထားပုံကို တွေ့မြင်နိုင်၏။ ထိုနည်းတူစွာ အဆောက် အအုံ၏ ပတ်လည်အုတ်ခုံအစွန်းတွင် ငါး လက်မခန့်အကျယ်ရှိသောမြောင်းများကို အုတ်တစ်လွှာ၏ ထုအတိုင်း သုံး ပေခြားစီ ပြုလုပ်ထားရှိ၏။ ယင်းအုတ်မြောင်းများသည် တိုက်မကြီး၏ နံရံအောက်ခြေသို့ အနည်းငယ် ထိုးဝင်သွားရာတွင် နံရံအခြေ၌ လေးထောင့်ပေါက်များဖြစ်နေတော့၏။ သို့သော် ထိုအပေါက်များသည် တိုက်အတွင်းထုတ်ချင်းပေါက် ထိုးဖောက်သွားခြင်း မရှိသောကြောင့် ယင်းတို့ကို တိုက်အတွင်းမှ အပြင်သို့ ရေထုတ်ရန် မြောင်းပေါက်များ ပြုလုပ်ထားခြင်းမဟုတ်ကြောင်း သိသာသည်။ အုတ်တိုက် ပတ်လည် မြေပြင်ပေါ်တွင် အထူးသဖြင့် အရှေ့ဘက်၌ မီးသွေးများကို တွေ့ရသည်။ ထို့ကြောင့် ထိုအချက် ကို အုတ်ခုံ အစွန်းပေါ်မှ မြောင်းများနှင့် ဆက်စပ်ဆင်ခြင်လိုက်လျှင် အဆောက်အအုံ ပတ်လည်တွင် သစ်သားဝရန်တာ ပြုလုပ်ထားဟန်တူသည့် လက္ခဏာ ပေါ်ထွက်လာသည်။ အုတ်ခုံစွန်းမှ မြောင်းများသည် သစ်သားထုပ် များ၏ တစ်ဖက်စွန်းကို အံကိုက်နေရာချထားရန် စီမံထားသည်ဟု ယူဆရ၏။ သို့သော် ထိုသို့သော ထုပ်များ၏ ကျန်တစ်ဖက်စွန်းကိုတင်ရန် သစ်သားတိုင်နှင့် ရက်မများ ရှိရဦးမည်ဖြစ်ရာ တိုင် စိုက်ထူခဲ့မည့် နေရာများကို စစ်ဆေးကြည့်ရှုသော်လည်း တစ်စုံတစ်ရာ အမှတ်အရာကိုမျှ မတွေ့ရချေ။


အဆောက်အအုံ ကြီးမားခန့်ညားသော်လည်း ဆောက်လုပ်ပုံလက်ရာတွင် ချွတ်ယွင်းချက် အနည်း ငယ်ရှိသည်ကို တွေ့ရ၏။ အထူးသဖြင့် အုတ်စီပုံ အတော်ညံ့ဖျင်းသည်။ အချို့နေရာများတွင် အုတ်အလျား တစ်ခုပေါ်တွင် အနံနှစ်ခုကို တည့်တည့်စီထားသဖြင့် အစီအနင်းမရှိဘဲ အထက်အောက် သုံး ပေ ခန့် ရှည်သော အက်ကြောင်းများ ဟာလာဟင်းလင်း ဖြစ်နေ၏။ ထို့ပြင် အခန်းဖွဲ့သောနံရံတိုများကို နံရံမကြီးများ နှင့် ဆက်နေအောင် စီမံမထားဘဲ သီးခြားတည်ဆောက်ထားလေရာ နံရံတိုများသည် အမှီသဟဲမရသော ကြောင့် ယိမ်းယိုင်ကာ ထောင့်များ၌ အကြားလပ်နေသည်ကို တွေ့ရ၏။ ဤသို့အုတ်စီညံ့၍ မြေဝင်မနက် သော်လည်း မြေခံမာကြောသောကြောင့်လည်းကောင်း၊ ထုကြီးသော နံရံများကို ပြုလုပ်ထားခြင်းကြောင့် လည်းကောင်း၊ အရွယ်ကြီးမားသောအုတ်ချပ်တို့ကို အသုံးပြုထားခြင်းကြောင့်လည်းကောင်း ဖဆောက် အအုံတည်တံ့ခိုင်ခံ့မှုကို ချွတ်ယွင်းချက်များက ပြောပလောက်အောင် မထိခိုက်နိုင်တော့ချေ။ အုတ်တိုက် ကြီး၏အမိုးကို မည်သို့မည်ပုံစီမံ ပြုလုပ်ထားကြောင်းကိုကား အထောက်အထား တစ်စုံတစ်ရာမျှ မတွေ့ ရချေ။ အခန်းများ၏ ကျဉ်းသောအနံတို့ကိုထောက်၍ ထုကြီးသောနံရံများပေါ်တွင် သစ်သားထုပ်များတင် ၍ အုတ်စီထားသော အမိုးပြားပြားဖြင့် ပြုလုပ်ထားကောင်း ပြုလုပ်ထားချေမည်။ သို့သော် အုတ်ကျိုး များစုပုံနေသော မြေလွှာတို့ကိုလေ့လာသုံးသပ်ခြင်းအားဖြင့် ယခုမြင်ရသော အုတ်တိုက်အပိုင်း၏ အပေါ် တွင် အထက်ထပ် သို့မဟုတ် အထပ်ခိုးသဖွယ် စီမံပြုလုပ်ထားဟန်ရှိကြောင်း အထောက်အထားများကို တွေ့ ရ၏။ ဤအတွက်ကြောင့်လည်း အမိုးပြုလုပ်ပုံကို အထောက်အထားမရနိုင် ဖြစ်ချေသည်။ အဆောက်အအုံ တွင် အထက်ထပ်ရှိကြောင်း သက်သေပြနေသောအရာဝတ္ထုတို့ကား မြေလွှာတိုင်း၌ တွေ့မြင်ရသော အိုးခြမ်း ကွဲများပင် ဖြစ်ပေသည်။ မြေလွှာများသည် အုတ်တိုက်ကြီး ပြိုပျက်ချိန်က ဖြစ်ပေါ်သည့်အတိုင်း ပကတိ အနေအထား လက်ရာမပျက် တည်ရှိကြောင်း သေချာစွာ သိရှိရပြီးဖြစ်သည်။ သို့ဖြစ်ရာ မြေလွှာတစ်လွှာ စီ၌ ပါဝင်တည်ရှိသော အရာဝတ္ထုပစ္စည်းတို့သည် နောင်အခါ အခြားတစ်နေရာမှ ရွေ့ရှား ရောနှောလာ

သည်မဟုတ်ဘဲ၊ မူလ အသွင်အပြင်ကိုညွှန်သည့် အထောက်အထားများ အတိအကျ ဖြစ်ကြသည်ကို ယုံမှားဖွယ် မရှိချေ။ လူ့အသုံးအဆောင် အိုးအင်စလောင်းတို့ကို ကြမ်းပြင် သို့မဟုတ် တလင်းပြင်ပေါ်၌သာ ထားသိုလေ့ရှိရာ အဆောက်အအုံပျက်စီးသည့်အခါတွင် ကြမ်းပြင်ပေါ်၌သာ ကြွင်းကျန်ရန်အကြောင်း ရှိသည်။ စင်မြင့်များပေါ်၌ သိုမှီးထားလျှင်သော်လည်းကောင်း၊ နံရံအတွင်း၌ ပြုလုပ်လေ့ရှိသည့်မုတ်များ သို့မဟုတ် ဆင့်များပေါ်၌ တင်ထားခဲ့လျှင်သော်လည်းကောင်း ဤသို့ကြမ်းပြင်၏ အထက်မြေလွှာမြင့်မြင့် အပေါ်တွင် တစ်စတလေ တွေ့နိုင်မည်မှန်၏။ သို့သော် အဆောက်အအုံ အတွင်း၌ စင်မြင့်များကိုသော် လည်းကောင်း၊ နံရံအတွင်းအတွင်းမုတ်လိုဏ်များကိုသော်လည်းကောင်း လုံးဝမတွေ့ရသောကြောင့် အထက် ထပ် သို့မဟုတ် ထပ်ခိုးမှ ကျလာလျှင်သာ ဤသို့မြောက်မြားသော အိုးခြမ်းကွဲများကို အထက်ပိုင်းမြေ လွှာများတွင် အဆင့်ဆင့်တွေ့နိုင်မည် ဖြစ်ချေသည်။ ဤအယူအဆကို ပိုမိုခိုင်လုံစေသည်မှာ အိုးခြမ်းပဲ့ များနည်းတူပင် အထက်လွှာများ၌ သမ်တလင်းခင်းသည့် အင်္ဂတေအစအနများကို တွေ့ရခြင်းဖြစ်လေ သည်။ ထိုအင်္ဂတေတို့သည် နံရံအင်္ဂတေထက်ထူ၍ ခိုင်မာခြင်း၌လည်း နံရံအင်္ဂတေနှင့်များစွာ ကွာခြား သည်။ ကြမ်းပြင်၌ခင်းသော အင်္ဂတေအစအန များသည် အထက်မှအောက်သို့ ကျလာသည်ကို ထောက် လျှင် အထက်တွင် အင်္ဂတေအခင်း ကြမ်းပြင်တစ်ခု ရှိခြင်းမှအပ အခြားအကြောင်းကြောင့် မဖြစ်နိုင်ချေ။ ထိုနည်းတူစွာပင် တံခါးဝ၌ ခြယ်လှယ်ထားသော အင်္ဂတေတံခါးခုံ၏ အပိုင်းအစများဖြစ်သော ကျောက် စရစ်များ စီခြယ်ထားသည့် အင်္ဂတေပြားများကို လည်းကောင်း၊ ရွှေထားသော အုတ်ချပ်တစ်ချပ်ကို လည်းကောင်း အထက်မြေလွှာများမှပင်ဖော်ထုတ်ရရှိလေသည်။

ထူးခြားသည့် အချက်တစ်ရပ်မှာ အုတ်တိုက်ကြီးပြိုပျက်ရာတွင် အဆောက်အအုံ၏ ဘေးပတ်လည်၌ အုတ်ကျိုးအုတ်ပဲ့နှင့် အင်္ဂတေများ စုပုံမိမောက်လာခြင်းအပြင် အတွင်း၌လည်း အခန်းတိုင်းပြည့်နှက်နေ အောင် အုတ်ကျိုးနှင့်မြေစာများ ဖုံးလွှမ်းနေခြင်းပင် ဖြစ်လေသည်။ ယခုကျန်ရှိသေးသော အတွင်းနံရံများ သည် ရှစ် ပေမျှအထိ မြင့်မားနေ၏။ အကယ်၍ အဆောက်အအုံသည် တစ်ထပ်တည်းသာ ဖြစ်ခဲ့ပါမူ အပေါ် ပိုင်းရှိအပြိုအပျက်သည် အခန်းများကို ရှစ် ပေအထိ နစ်မြုပ်သွားလောက်အောင် များပြားနိုင်မည် မဟုတ် ချေ။ ဒုတိယအထပ်ရှိခဲ့၍သာလျှင် အောက်ထပ်သည် ရှစ် ပေအမြင့်အထိ ကျန်သေး၍ ယင်းကိုလည်း အုတ် ကျိုးနှင့် မြေစာအတိ ဖုံးအုပ်သွားနိုင်ခြင်းဖြစ်သည်ဟု ကောက်ချက်ချရတော့သည်။ အထက်ထပ်ရှိလျှင် ထိုအထပ်သို့တက်ရန် လှေကားရှိရမည်ဟု ကြံဆရတော့သည်။ အခန်းရှည်ကြီး၏ အရှေ့တောင်ထောင့်တွင် အလျား ရှစ် ပေ၊ အနံ လေး ပေ၊ အမြင့် တစ် ပေကျော်ကျော်ရှိသော အုတ်ခုံတစ်ခုကိုတွေ့ရ၍ ထိုအုတ်ခုံပေါ် နှင့် အနီးတစ်ဝိုက်တွင် မီးသွေးနှင့် ပြာအမြောက်အမြားကို တွေ့ရလေရာ ယင်းအုတ်ခုံသည် လှေကားတက် သည့် နေရာ၌ပြုလုပ်ထားသော အုတ်ခုံဖြစ်ချေမည်ဟု ယူဆရတော့သည်။ ဤနေရာသည် ထမင်းဟင်းချက် ပြုတ်ရာ မီးဖိုပြုလုပ်သည့်အုတ်ခုံ၊ သို့မဟုတ် ဘာသာတရား ကိုးကွယ်ဝတ်ပြုရာ အုတ် ပလ္လင် တစ်စုံတစ်ခု ဖြစ်နိုင်ကောင်းသည်ကိုလည်း ထည့်သွင်းစဉ်းစားရချေမည်။ ချက်ပြုတ်ရာ၌ အသုံးပြုသည့် အိုးခွက်တို့ကို ဤနေရာ၌ တွေ့ရသကဲ့သို့ အခြားအခန်းများတွင်လည်း အနှံ့အပြား တွေ့ရသည်။ အုတ်ခုံသည် အဆောက် အအုံ၏ အလယ်ခန်းမ၌ တည်ရှိနေသည့်အပြင် ရေသွန်မြောင်း အစအနကိုမျှ မတွေ့ရခြင်းကြောင့် ယင်း၏ကို စဖိုချောင်အဖြစ် အသုံးပြုခဲ့ဟန်မတူချေ။ အခန်းငယ်အားလုံးမှ တိုက်အပြင်သို့ထွက်ရန် ဤအခန်းရှည်ကြီး ကိုသာ ဖြတ်သန်းသွားရသည်ဖြစ်ရာ ယင်းအခန်းကြီးကို ဆိတ်ငြိမ်စွာဝတ်ပြုရာ အခန်းအဖြစ်လည်း အသုံး ပြုခဲ့မည့် လက္ခဏာ မတွေ့ရချေ။ ထိုကြောင့် အုတ်ခုံသည် ဘာသာရေး ကိစ္စအတွက် ပြုလုပ်ထားသော ပလ္လင်လည်း မဖြစ်နိုင်ချေ။ သို့ဖြစ်လေရာ အထက်ထပ်သို့ အောက်ခြေ လှေကားခုံမှုသာလျှင် တက်ရချိမ့် မည်ဟု ယူဆရန်ရှိသည်။



အမှတ် ၃၊ ကုန်းမှ အုတ်အဆောက်အဦပေါ်ပေါက်လာပုံ။



အထက်ထပ် သို့မဟုတ် အထပ်ခိုးကို မည်သို့စီမံပြုလုပ်ထားစေကာမူ အဆောက်အအုံတွင် အထက်ပိုင်းတည်ဆောက်ထားကြောင်း ထင်ရှားစေသည့် အချက် တစ်ချက်ကိုလည်း တွေ့ရသေး၏။ ယင်းမှာ အခန်းရှည်ကြီး၏ မြောက်ပိုင်းတွင် သစ်သားတိုင်များ စိုက်ထူထောက်ပံ့ထားသည့် အကြွင်းအကျန်မီးသွေးများကို တွေ့ရခြင်းပင်ဖြစ်၏။ မီးလောင်ပျက်စီးခြင်း မဖြစ်မီကပင် အဆောက်အအုံ၏ အထက်ပိုင်းသည် မခိုင်ခံ့တော့ဘဲ အိညွတ်၍နေသောကြောင့် ယင်းသို့ သစ်သားတိုင်များဖြင့် ထောက်ပေးထားရခြင်း ဖြစ်ဟန်ရှိသည်။

ဤအုတ်တိုက် အဆောက်အအုံကြီးကို လူနေတိုက်တာအဖြစ် အသုံးပြုခဲ့ကြောင်း အခန်းများအတွင်း၌ တွေ့ရှိရသည့်ပစ္စည်းများက သက်သေခံနေသည်။ မြောက်မြားလှသော ချက်အိုး၊ ပြုတ်အိုး၊ ရေတည်အိုးနှင့် သပိတ်ပုံပန်းကန်လုံးများ၊ လည်ဆွဲမြေပုတီးနှင့် ကျောက်ပုတီးများ၊ ဆင်စွယ် ( သို့မဟုတ် အရိုး ) ဖြင့်ပြီးသည့် ဆံထိုးတစ်ချောင်း၊ မျက်ခွံဆေးဆိုးတံများနှင့် ကလေးများ ရုပ်ပစ်ကစားစရာ မြေဒိုးပိုင်းများကို ထောက်ခြင်းအားဖြင့် ဤအုတ်တိုက်ကြီး၌ အိမ်ထောင်စုကြီးတစ်အိမ်ထောင် နေထိုင်အသုံးပြုသွားသည်ဟု ထင်ရပါသည်။ တိုက်တာအဆောက်အအုံ ကြီးမားပုံနှင့် နှိုင်းစာလျှင် အတွင်း၌ရရှိသော ရှေးဟောင်းပစ္စည်းများသည် ဦးရေနည်းပြီးလျှင် တန်ဖိုးလည်းမမြင့်မားလှချေ။ သို့သော် အဆောက်အအုံသို့ ရန်သူများ လာရောက် တိုက်ခိုက်ဖျက်ဆီးမည့် နိမိတ်တို့ကို ကြိုတင်သိရှိထားသည့်အလျောက် မီးလောင်မပျက်စီးမီကပင် အဖိုးတန်ပစ္စည်းများကို ရွှေ့ပြောင်းသယ်ယူသွားကြ၍ ဤမျှကိုသာ တွေ့ရခြင်းလည်း ဖြစ်ကောင်းဖြစ်ချေမည်။

စနစ်ပုံသက်သက်ကို ထောက်ရှုလျှင်ကား အိန္ဒိယာပြည်တောင်ပိုင်း အန္ဓြနယ် နာဂဇုနကုဏ္ဍရှိ ဗုဒ္ဓဘာသာကျောင်းတိုက်အချို့၏ ပုံစံနှင့် ထပ်တူထပ်မျှ ဖြစ်နေသည်ကို တွေ့ရ၏။ ဤအုတ်တိုက်ကြီး၏ အရှေ့ဘက်အမှတ် ၃ ကုန်းရှိ အဆောက်အအုံသည်လည်း အဆိုပါ ဒေသရှိ စေတီပုထိုးသဏ္ဌာန်အတိုင်း ဖြစ်လေရာ ဆက်စပ်တည်ရှိသော အဆောက်အအုံနှင့်နှိုင်းလျှင် ဤအုတ်တိုက်သည် ကျောင်းသခ်မ်း အဆောက်အအုံ ဖြစ်နိုင်ဖွယ်ရာလည်း ရှိပေသည်။

ဤအဆောက်အအုံတွင် တွေ့ရှိရသောဝတ္ထုပစ္စည်းများကို သက်ဆိုင်ရာအပိုင်းတွင်ဖော်ပြထားပါသည်။

**အမှတ် ၅**။ ။ ဤကုန်းသည် အတွင်းမြို့ရိုး၏ အနောက်ဘက်အကန့်တွင် အတွင်းအကျဆုံးဖြစ်သော စတုဂံအုတ်ရိုး၏ အရှေ့နံရံအလယ်ပိုင်းလောက်၌တည်ရှိ၏။ မြို့ရိုး၏ ဗဟိုနီးပါးတွင်ပင် ဖြစ်သည်။ မတူးမီက ပုံသဏ္ဌာန်မှာ ခပ်ဝန်းဝန်းဖြစ်၍ အလျားအနံ ညီပေ ၉၀ ခန့်မျှစီနှင့် အမြင့် လေးပေခန့် ရှိ၏။ တူးဖော်ပြီးသည့်အခါတွင် အရှေ့မြောက်ယွန်းယွန်းသို့ မျက်နှာမူသော အုတ်တိုက်အဆောက်အအုံ၏ ပန္နက်ပေါ်လာသည်။ တိုက်မကြီးသည် အလျား ၆၆ ပေ၊ အနံ ( တောင်မြောက် ) ၄၅ ပေ ကျယ်ဝန်းပြီးလျှင် အခြေခံအားဖြင့် တောင်မြောက်အလျားရှည်သော အခန်း ၄ ခန်းကို တွေ့မြင်နိုင်သည်။ အဝင်ပေါက်ရှိသော အရှေ့ဘက်ဆုံးအခန်းကိုကား အခန်းငယ်များအဆင့်ဆင့် ကန့်ထားသည်။ အရှေ့ဘက် ဒုတိယအခန်း၏ တောင်ဘက်အစွန်ပိုင်းသည် ပထမခန်းနှင့် တဆက်တည်းပင်ဖြစ်၏။ ဤအဆောက်အအုံသည် နန်းတော်ကုန်းအတွင်း စတုဂံ၏ အရှေ့ဘက်အုတ်ရိုးပေါ်တွင် တစ်ပိုင်းတစ်စ ကျရောက်လျက်ရှိရာ တိုက်မကြီး၏ အရှေ့ဘက်အုတ်ရိုးသည် ယင်းစတုဂံအုတ်ရိုးအပြင်သို့ လေးပေခန့် စွန်းထွက်လျက်နေ၏။ ထိုအုတ်ရိုး၏ အနောက်ဘက် တိုက်မကြီး၏အရှေ့ပိုင်းတွင် တောင်ဘက်နှင့်မြောက်ဘက်၌ ၁၂ ပေ ပတ်လည် စတုရန်း အခန်းတစ်ခန်းစီကပ်လျက် တည်ဆောက်ထားသေး၏။ အဆောက်အအုံ၏ အဝင်ပေါက်သည် ခုနစ်ပေမျှ ကျယ်သည်။

ပေါ်ပေါက်လာသော ပန္နက်ပုံသည် မြေဝင်အနည်းငယ်မျှပင်မရှိချေ။ ယင်းကို မြေပြင်ပေါ်တွင် တည်ရှိသာတည်ဆောက်ထားခြင်း ဖြစ်၏။ ယခုကြွင်းကျန်သမျှသည် ပျမ်းမျှ နှစ်ပေခွဲခန့်သာမြင့်၍ အုတ်လွှား ၁၀ လွှားမျှသာရှိပြီးလျှင် အချို့ နံရံများမှာမူ လုံးဝပျက်စီးလျက် ပြတ်တောင်းဖြစ်နေချေပြီ။ အဆောက်အအုံ စတင်တည်ဆောက်စဉ်က အတွင်း၌ အုတ်များကို အပြားလိုက်စီခင်းထားသည်ကို တစ်ပိုင်းတစ်စ တွေ့မြင်နိုင်၏။ မြေလွှာအနေအထားကို တူးဖော်စဉ်အတွင်းက လေ့လာသုံးသပ်ရာတွင် အဆောက်အအုံသည် ပျက်စီးယိုယွင်းသွားသဖြင့် ဒုတိယအကြိမ် ပြန်လည် မွမ်းမံတည်ဆောက်ထားသေးကြောင်း သိသာသည်။ အဘယ်ကြောင့်ဆိုသော် အနောက်ဘက်ဆုံးအခန်းရှည် နှစ်ခန်းတွင် အလယ်နံရံ၏အထက်၌ တစ်ပေ ခြောက် လက်မခန့်အမြင့်အထိ မြေဖို့ထားပြီးလျှင် ယင်းအထက်တွင် အုတ်အခင်း စီမံပြုလုပ်ထားသည့် ဒုတိယမြေပြင်သည် ထင်ရှားလောက်အောင် ကျန်ရှိနေခြင်းကြောင့်ဖြစ်၏။ ဤအဆောက်အအုံ၌ မီးလောင်စာများ၊ သို့မဟုတ် သစ်သားအစအနများကို လုံးဝမတွေ့ရသဖြင့် မည်သည့်အကြောင်းကြောင့် ပျက်စီးခဲ့ရသည်ကို မသိနိုင်ချေ။ သို့သော် ဒုတိယအကြိမ် ပြင်ဆင်တည်ဆောက်ရာ၌ အသုံးပြုသည့် အုတ်အမျိုးအစားနှင့် ဆောက်ထုပ်ပုံလက်ရာသည် မူလလက်ရာနှင့် တူညီသဖြင့် နှစ်ပေါင်းများစွာ မကွာခြားဘဲ တစ်ခေတ်တည်း၌ပင် ပြင်ဆင်သည်ဟု ယူဆရ၏။ ကုန်းအမှတ် ၄ နှင့် ၈ တို့ကြားတွင်လည်း ဒုတိယအကြိမ် ပြင်ဆင်မွမ်းမံသည့် လက်ရာများကို တွေ့ရှိရရာ ဗိဿနိုးမြို့ကြီး အပြီးတိုင် ပျက်စီးဆိတ်သုဉ်း မသွားမီ အနည်းဆုံးတစ်ကြိမ်မျှ ပြင်းထန်သော ဘေးဒဏ်နှင့် တွေ့ကြုံခဲ့ရသည်ဟု ကောက်ချက်ချနိုင်ပါသည်။

ဤအဆောက်အအုံ၌ မြေအိုး မြေခွက်များ၊ ပုတီးများနှင့် မီးဖုတ်မြေ ကိန္နရီရုပ် တစ်ခုကို တွေ့ရှိရ၏။

**အမှတ် ၇ ။** ။ **ဤကုန်းသည်** နန်းတော်ကုန်းပေါ်တွင် ဖော်ပြပါ ကုန်းအမှတ် ၅ ၏ အနောက်တောင်ဘက်၌ တည်ရှိပါသဖြင့် ယင်းကို တစ်ဆက်တည်း မှတ်တမ်းတင်လိုက်ရပါသည်။ အုတ်ကျိုးအုတ်ပဲ့ အနည်းငယ်ဖြင့် မြေပြင်မှ နှစ်ပေခန့်သာ မို့မောက်နေသော ကုန်းအမှတ် ၇ သည် အလွန်သေးငယ်၍ အလျား ပေ ၆၀၊ အနံ ပေ ၆၀ ခန့်မျှသာ ကျယ်သည်။ ဤနေရာ၌ တူးဖော်ရာတွင် တောင်မြောက် အလျား ၃၄ ပေ နှင့် အရှေ့အနောက် ၂၄ ပေ မျှ ကျယ်သော စတုဂံအဆောက်အအုံတွင် အရှေ့ဘက်၌ အလျား ၁၂ ပေ အနံ ၁၀ ပေရှိသော ဆင်ဝင်ကပ်ထားပုံ အုတ်ရိုးပန္နက် ပေါ်ပေါက်လာခဲ့၏။ အဆောင်မကြီးကို တောင်မြောက်အုတ်ရိုးဖြင့် နှစ်ပိုင်းကန့်ထားရာ အရှေ့ဘက်အကန့်သည် အနောက်ဘက်အကန့်ထက် နှစ်ဆမျှ ကျယ်၏။ တစ်ဖန် ထို နှစ်ကန့်ကို အခန်းငယ် သုံးခန်းစီ ထပ်မံကာရံထားရာ အားလုံးပေါင်း အခန်းခြောက်ခန်းနှင့် ဆင်ဝင်ပါရှိသော အဆောက်အအုံ ပေါ်ပေါက်လာ၏။ ယင်းအနက် အနောက်ဘက်သုံးခန်းသည် သေးငယ်၍ အရွယ်ညီတူညီမျှ ဖြစ်၏။ အရှေ့ဘက်တွင်ကား အလယ်ခန်းသည် အလျား ၁၄ ပေ အနံ ၁၀ ပေရှိ၍ ယင်း၏ တောင်နှင့်မြောက် အခန်းတို့ထက် နှစ်ဆမျှ ကြီးလေသည်။ ဤကုန်းတွင် အရေးပါသော ဝတ္ထုပစ္စည်းတစ်စုံတစ်ခုမှ မတွေ့ရချေ။

**အမှတ် ၁၇။** ။ ဤကုန်းသည် ဗိဿနိုးမြို့၏ မြောက်ဘက်ပိုင်းတွင် တည်ရှိ၍ နန်းတော်ရာကုန်း၏အပြင်ဘက်၌ ကျရောက်သော ကုန်းငယ်ကလေး ဖြစ်သည်။ ဤနေရာ၌ အပေါ်ယံမြေပြင်တွင် မြေပုတီးနှင့် အိုးခြမ်းပဲ့ မြောက်မြားစွာကို တွေ့ရသဖြင့် ယခုကဲ့သို့ စူးစမ်းတူးဖော်ခြင်း ဖြစ်၏။ ပေါ်ပေါက်လာသော အဆောက်အအုံ၏ ပန္နက်သည် အလျား ၂၄ ပေ ခြောက် လက်မ၊ အနံ ၁၁ ပေ ရှိသော စတုဂံပုံ

ဖြစ်၍ အရှေ့ဘက်တွင် အလျား ၁၀ ပေ၊ အနံ ၅ ပေ ကျယ်သော အခန်းတစ်ခု ပြူထွက်လျက်ရှိ၏။ အုတ်နံရံများမှာ ထု နှစ်ပေမျှတညီတည်းရှိသော်လည်း ယခုအခါ အုတ်လွှာ လေးလွှာသာ ကျန်ရှိတော့သည်။ အတွင်း၌ အခင်း နှစ်ထပ် ဖော်ထုတ်တွေ့ရှိရ၏။

ဤကုန်းနေရာတွင် မြေလွှာ နှစ်လွှာကိုသာ တွေ့နိုင်သည်။ ထိုမြေလွှာ နှစ်ခုလုံးတွင် အုတ်ကျိုး အုတ်ပဲ့များ ရောပြွမ်းနေသော်လည်း အထက်လွှာတွင် အညိုရင့်ရောင်မြေသားပါဝင်၍ အောက်လွှာတွင်မူ အဆောက်အအုံ မတည်ဆောက်မီက ဖို့ထားသော သိပ်သည်းသည့် မြေဝါပါဝင်သည်။ အထက်မြေလွှာတွင်လည်းကောင်း၊ အဆောက်အအုံ၏ အခင်းများပေါ်တွင်လည်းကောင်း တွေ့ရှိရသည့် မြေပုတီးနှင့် အိုးခြမ်းပဲ့များကို ထောက်၍ ဤတိုက်သည် လူသုံးအဆောက်အအုံဖြစ်ကြောင်း သိရ၏။ သို့သော် အခြား အိမ်သုံးပစ္စည်းများကို မတွေ့ရသောကြောင့် နေအိမ်အဖြစ် အသုံးပြုသည်ထက် ပုတီးပြုလုပ်သည့် အလုပ်ရုံအဖြစ် အသုံးပြုခဲ့ဟန်တူသည်ဟု ယူဆရသည်။

## (ဃ) ဘာသာရေး သို့မဟုတ် ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ

**အမှတ် ၃** ။ ။ ဤကုန်းတစ်ခုလုံးသည် တန်ဆောင်းပင်များဖြင့် ထူထပ်စွာ ပိတ်ဖုံးလျက်ရှိရာ မတူးဖော်မီ သုံးရက်ကြာမျှ ခုတ်ထွင်ရှင်းလင်းရသည်။ ထိုသို့ ရှင်းလင်းပြီးသည့်အခါတွင် ကုန်း၏ ပမာဏသည် အရှေ့မှအနောက်သို့ ပေ ၁၅၀ ခန့် တောင်မှမြောက်သို့ ပေ ၁၇၀ ခန့် ကျယ်ပြန့်၍ အမြင့် ၁၂ ပေ နီးပါးမျှရှိကြောင်း တွေ့ရှိရသည်။ ကုန်းမြင့်၏ သဏ္ဌာန်မှာ အတန်ပင် ဝန်းဝိုင်းလျက်ရှိပြီးလျှင် မြောက်ဘက်ပိုင်းသည် အခြားမျက်နှာများထက် ပို၍ မတ်စောက်သည်။ ကုန်း၏ ဗဟိုသည် တစ်ချိန်က တူးဆွဖျက်ဆီးခြင်းခံရသဖြင့် အနည်းငယ် ချိုင့်ဝင်လျက်ရှိရာ အမြင့်ဆုံး အပိုင်းသည် ဗဟိုပတ်လည်တွင် စက်ဝိုင်းကဲ့သို့ ပေါ်လွင်နေ၏။ အပေါ်ယံမြေမျက်နှာပြင်ကို ထောက်ရှု၍ အုတ်ဖြင့်ပြီးသော အဆောက်အအုံတစ်ခု၏ အကြွင်းအကျန် ကုန်းဟောင်းဖြစ်ကြောင်း သိသာသည်။

ထိုကုန်းကို တူးဖော်ရန် ပန္နက်များကို ၁၅ ပေ ပတ်လည်အကွက်များ တိုင်းတာ၍ သတ်မှတ်ကာ မြောက်ဘက်ရှိ ကုန်းအမှတ် ၄ နှင့် ဆက်စပ်လေ့လာနိုင်ရန် အလယ်တည့်တည့်မှ တောင်မြောက်ဖြတ်သန်းသော ပန္နက်များအတိုင်း ဖြတ်ပိုင်းပုံစံကို ချန်လှပ်ထားရန် စီစဉ်ပြီးလျှင် တူးဖော်လေသည်။

ယင်းသို့တူးဖော်ရာ ရှေးဦးစွာပေါ်ပေါက်လာသည့်အစိတ်အပိုင်းသည် စက်ဝိုင်းပုံအုတ်ရိုးပင် ဖြစ်၏။ အချင်း ( အပြင်စွန်းအထိ ) ၃၁ ပေမျှ ကျယ်ဝန်းကာ အုတ်ရိုးအကျယ် သို့မဟုတ် အုတ်ရိုးထု လေးပေမျှရှိသည်။ ထို့ပြင် အုတ်ရိုး၏ အတွင်းအနားသည် အချင်း ၂၃ ပေရှိ၏။ ထိုအုတ်ရိုးဝိုင်း၏ အပြင်ဘက်တွင် အနက် တစ်ပေမျှတူးမိသောအခါ တောင်ဘက်မျက်နှာမှအစပြု၍ လေးမျက်နှာလုံးတွင် ဒလေးထောင့်အုတ်ခုံ အစွန်းတစ်ခုစီ ပြူထွက်နေသည်ကို တွေ့ရှိကြရသည်။ ထိုအုတ်ခုံများကို အပြည့်စီ၍ ပြုလုပ်ထားခြင်းမဟုတ်ဘဲ ကိုးလက်မခွဲခန့်ရှိသော အုတ်အနံတစ်ခု၏ ထုဖြင့်ပြီးသော နံရံများအတွင်းတွင် မြေစာဖို့ထားခြင်းမျှသာ ဖြစ်သည်။

ကုန်း၏ တောင်မြောက်ဖြတ်ပိုင်း နံရံတစ်လျှောက်နှင့် အခြားလိုအပ်သော နေရာများတွင် စောက်ချတူးကြည့်ရာ စက်ဝိုင်းပုံပန္နက်ရှိသည့် အဆောက်အအုံ၏ ဗဟိုအစိတ်အပိုင်းသည် ပကတိ မြေအထက်မှ ၁၀ ပေ အမြင့်အထိ ကျန်ရှိနေသေးကြောင်း တွေ့ရ၏။ အုတ်ခုံအစွန်း လေးခုမှာမူကား ဗဟိုအဆောက်အအုံနှင့် ဆက်စပ်သော နေရာတွင် အမြင့် ကိုးပေရှိရာမှ အပြင်တစ်ဘက်စွန်းသို့ အမြင့် ခုနစ်ပေမျှသာ ကျန်ရှိအောင်



အမှတ် ၁၂။ အဆောက်အဦမှ အရိုးအိုးများပေါ်လာပုံ။



နိမ့်လျှော့ပျက်စီးနေသည်။ ဗဟိုအဆောက်အအုံ၏ အလယ်ပိုင်းကို ဖြတ်သန်းလျက်ရှိသည့် ကျင်းများကို စောက်ချတူးကြည့်ရာတွင် အဆောက်အအုံအတွင်း၌ အုတ်ကျိုးအုတ်ပဲ့များဖြင့်သာ ဝမ်းစာဖြည့်ထားကြောင်း တွေ့ရသည်။

လေးထောင့်အုတ်ခုံစွန်းများသည် မျက်နှာလေးဘက်တွင် ပြူထွက်နေသော်လည်း အရပ်လေးမျက်နှာသို့ တည့်တည့်မျက်နှာမပြုဘဲ ယင်းတို့၏ ဗဟိုအကြောတို့သည် လက်ဝဲဘက်သို့ ၁၇ ဒီဂရီမျှ တိမ်းစောင်းလျက်ရှိလေသည်။

အုတ်ခုံအစွန်းများမှ ပေ ၂၀ သို့မဟုတ် ဗဟိုအဆောက်အအုံမှ ၃၁ ပေခန့်အကွာတွင် သုံးပေခန့်မြင့်၍ ခုနစ်ပေခန့်ကျယ်သော စက်ဝိုင်းပုံတံတိုင်းတစ်ခုနှင့် ထိုတံတိုင်း အပြင်ဘက် ၁၀ ပေ အကွာတွင် ခြောက်ပေခန့်ကျယ်သော အလားတူ ဒုတိယ အုတ်တံတိုင်းကို တူးဖော်တွေ့ရှိရ၏။ ထို့ကြောင့် ဗဟိုအဆောက်အအုံကို ကာရံထားသော အတွင်းတံတိုင်းသည် အချင်း ၁၀၈ ပေရှိ၍ အပြင်တံတိုင်းမှာ အများဆုံး အချင်းပေ ၁၄၀ မျှရှိ၏။ အပြင်တံတိုင်းပေါ်သို့ တက်ရန် မြောက်ဘက်မှလွဲ၍ အခြားသုံးဘက်သုံးတန်တွင် ငါးပေခန့်ကျယ်သော အုတ်လှေကားတစ်စုံစီရှိသည်။ မြောက်ဘက်တွင်လည်း မူလက ထိုသို့သော လှေကားတစ်စုံရှိခဲ့မည် မလွဲတည်း။ အဆောက်အအုံ၏ မြောက်ဘက်တွင် ရေမြောင်းတစ်ခုရှိနေသဖြင့် ထိုလှေကားသည် မတ်စောက်နေသောအပိုင်းဖြစ်သည်နှင့်အညီ ပျက်စီးသွားဟန်တူသည်။

ဤတံတိုင်းနှစ်ထပ် ကာရံထားသော အုတ်အဆောက်အအုံသည် ရုတ်တရက်သော် မြေစိုက်စေတီတစ်ဆူကဲ့သို့ သဏ္ဌာန်ရှိသည်ဟု ထင်မြင်ရသော်လည်း လေးထောင့်အစွန်းများနှင့်တကွဖြစ်သော ပန္နက်ပုံစံမှာမူ သာမန်စေတီ ပန္နက်ထက် ထူးခြားသောအခြင်းအရာရှိကြောင်း တွေ့မြင်နိုင်၏။

အဆောက်အအုံတစ်ခုလုံးကို ပကတိမြေပေါ်တွင်တည်ထား၍ မြေဝင်အဖြစ် အုတ်လွှာတစ်လွှာမျှပင် ချထားခြင်း မရှိချေ။ တူးဖော်ရာ၌ လေ့လာခြင်းဖြင့်လည်းကောင်း၊ မှတ်တမ်းတင်ထားသော ဖြတ်ပိုင်းပုံကို ထောက်ရှုခြင်းဖြင့်လည်းကောင်း မြေလွှာအနေအထားများသည် ရှုပ်ထွေးမှုအလျှင်းမရှိကြောင်း သိသာနိုင်သည်။ ကုန်းမြင့်တစ်ခုလုံးသည် အုတ်တိုက်အဆောက်အအုံ၏ အကြွင်းအကျန်မျှသာဖြစ်လေရာ အပေါ်ဆုံးအလွှာတွင် မြေနှင့်မြေသရွတ် ရောနှောနေသော အုတ်ကျိုးအုတ်ပဲ့များကိုသာတွေ့ရ၏။ ကုန်း၏ဗဟိုအပိုင်းတွင် ဤအထက်ဆုံးအလွှာသည် ခြောက်လက်မမှ ကိုးလက်မအထိထူ၍ ဗဟိုအဆောက်အအုံနှင့်တံတိုင်းများအတွင်း၌မူ တစ်ပေမှ သုံးပေအထိသာလျှင်ထူလေသည်။ ကုန်း၏အလယ်ထိပ်ပိုင်းတွင် သိုက်ဆရာများသော်လည်းကောင်း၊ အုတ်ကျင်းတူးသူများသော်လည်းကောင်း၊ တူးဆွဖူးဟန်လက္ခဏာကိုတွေ့ရသော်လည်း ထိုနေရာ၌ နက်ရှိုင်းစွာဖျက်ဆီးထားမှုမရှိသည့်ပြင် အခြားမည်သည့်နေရာတွင်မျှ မြေလွှာပျက်ပြားအောင် တူးဆွထားသည်ကို မတွေ့ရချေ။ အခြေအနေကိုသုံးသပ်ပါက ထိုအထက်ဆုံးလွှာ၏ အောက်ပိုင်းကျသော မြေအထပ်တို့သည် အဆောက်အအုံပြိုပျက်စဉ်က အတိုင်း လက်ရာမပျက်ရှိခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိပေ။ အထက်ဆုံးအလွှာဖြစ်သော အုတ်ကျိုးအုတ်ပဲ့များ၏ ပါးလွှာသောထုထည်ကိုထောက်ခြင်းအားဖြင့် ယခုကျန်ရစ်သောအဆောက်အအုံအထက်၌ အုတ်ဖြင့်ပြီးသောအစိတ်အပိုင်းသည် ကြီးကြီးမားမားတည်ရှိခဲ့ဟန်မတူချေ။ အဆောက်အအုံပျက်စီးပြီးနောက် နှစ်ပေါင်းများစွာသောကာလအတွင်း အုတ်များကို ဖြိုဖျက်တူးဆွ၍ အခြားသို့သယ်ဆောင်သွားခြင်းကြောင့် ဤမျှသာကျန်ရစ်နေခြင်းပေလောဟု ထည့်သွင်းစဉ်းစားထိုက်သည့် ခြွင်းချက်ရှိသည်ကား မှန်ပါ၏။ သို့သော် အဆောက်အအုံတစ်ခုလုံးကို မြေဝင်လုံးဝ မရှိပဲ တည်ထားခဲ့ခြင်းကိုလည်းကောင်း၊ ဗဟိုစက်ဝိုင်း နံရံအတွင်းပိုင်းမှာမူ အုတ်ရိုး အနားသတ်ထားခြင်းကိုလည်းကောင်း ဆင်ခြင်၍ လက်ရှိအမြင့်ထက် အနည်းငယ်သာ ပိုမိုမြင့်ပေလိမ့်မည်ဟု ခန့်မှန်းရသည်။

အဆောက်အအုံတစ်ခုလုံးကို ပကတိမြေပြင်၏ အထက်၌ တည်ထားခြင်းဖြစ်ရာ အထက်ဆုံးလွှာဖြစ်သော အုတ်ကျိုးအုတ်ပဲ့များနှင့် ပကတိ မြေလွှာအကြားတွင် ဖို့မြေသာလျှင်ရှိ၏။ ထိုဖို့မြေသည် သိပ်သည်းသော မြေဝါဖြစ်၍ တံတိုင်း နှစ်ထပ်အကြားတွင်လည်းကောင်း၊ အတွင်းတံတိုင်းနှင့် ဗဟိုအဆောက်အအုံကြားတွင်လည်းကောင်း မာကျောအောင် ဖိဆောင့်ထားသည်ကို တွေ့ရ၏။ ဤမြေလွှာသည် တစ်မျိုးတစ်စားတည်းဖြစ်သော်လည်း အထက်ပိုင်းနှင့် အောက်ပိုင်းအကြားအလယ်တွင် အုတ်စအုတ်နသေးသေးများနှင့် အုတ်မှုန့်မျဉ်းကြောင်းတစ်ခု ခြားနားနေသောကြောင့် ဤမြေလွှာများကို တစ်ကြိမ်စီသီးခြားဖို့လုပ်ထားကြောင်း သိသာလေသည်။ ဗဟိုအဆောက်အအုံနှင့် အုတ်ခုံစွန်း အောက်ပိုင်းများတွင်လည်း အုတ်ကျိုးကို ပိုမိုအသုံးပြုထား၏။ ဤအပိုင်းသည် အထက်ပိုင်းထက် ပိုမိုဆွေးမြေ့နေသည်ကို ထင်ရှားစွာ တွေ့မြင်ရ၏။ ဖို့မြေကို နှစ်ပိုင်းခြားနေစေသော အုတ်မှုန့်မျဉ်းကြောင်းသည် အဆောက်အအုံတွင် အထက်အောက် အခြေအနေ လက်ရာကွဲပြားမှုကို ပိုင်းခြားနိုင်သော အလယ်ပိုင်းနှင့် တညီတည်းရှိနေ၏။ ဤအချက်တို့ကိုထောက်၍ အဆောက်အအုံသည် ပျက်စီးချိန်အထိ ဖို့မြေများဖြင့် ပြန်လည်ဖုံးအုပ်နေသဖြင့် မြေပေါက်စေတီကဲ့သို့ မြေပြင်အထက်၌ ပေါ်လွင်မနေကြောင်း သိရ၏။ အဆောက်အအုံ၏ အထက်ပိုင်းကို မြှင့်လုပ်တည်ဆောက်သည့်အခါ၌ အောက်ပိုင်းတစ်ခုလုံး မြေအတိ ဝန်းရံနေကြောင်းကိုလည်း တောင်ဘက်အုတ်ခုံ၏ အရှေ့မြောက်ထောင့်တွင် စွန်းထွက်နေသော အထောက်အကူ အုတ်ခုံကလေး၏ အနေအထားကို သုံးသပ်ခြင်းဖြင့် ထင်ရှားသိသာပါသည်။

ဗဟိုအဆောက်အအုံကို ဖြတ်သန်း၍ အလယ်ကျင်းများ၏ အစိတ်အပိုင်းမျှကို ကုန်းထိပ်မှအောက်သို့ ၁၄ ပေ အထိ စောက်ချ၍ တူးဖော်ကြည့်ရာတွင် အဆောက်အအုံ၏အခြေ၌ မြေအတွင်းဝယ် အုတ်မြစ်ချခံထားသည်ကို မတွေ့ရချေ။ ပကတိမြေတွင် အလယ်တည့်တည့်၌ လေးပေပတ်လည်မျှ ကျယ်သောကျင်းတစ်ခု နှစ်ပေမျှ အနက်တူး၍ အုတ်ကျိုးများဖြင့် အခြေခံထားသည်ကိုတွေ့ရ၏။ အဆောက်အအုံလုံးပတ်၏ အကာပိုင်းဖြစ်သော လေးပေခန့်ထုရှိသည့် စက်ဝိုင်းအုတ်ရိုးကြီးအတွင်းမှာမူ အုတ်များကို ကျနစွာစီထားခြင်းမရှိဘဲ စုပုံဖို့လုပ်ထားသည်ကိုသာ တွေ့ရ၏။ လေးဘက်လေးတန်၌ စွန်းထွက်နေသော အုတ်ခုံများကို ဗဟိုအဆောက်အအုံနှင့်ကပ်၍ တည်ဆောက်ထားသော်လည်း အုတ်လွှားခြင်းဆက်စပ်မှု မရှိချေ။ ထိုအုတ်ခုံများအတွင်း၌လည်း အုတ်ကျိုးနှင့် မြေစာများကိုသာ ဖို့ထားသည်။ ထိုအုတ်ကျိုးဖို့ မြေအလွှာတို့သည် မူလကပင် အကျအနစီလုပ်ထားခြင်း မဟုတ်သော်ငြားလည်း ဖောက်ထွင်းဖျက်ဆီးမှု မရှိခဲ့ကြောင်း သိသာပါသည်။

အပြင်တံတိုင်းပေါ်သို့တက်ရန် လေးဘက်လေးတန်၌ လှေကားတစ်စုံစီရှိနေသော်လည်း ပထမတံတိုင်းအတွင်း သို့မဟုတ် ဒုတိယတံတိုင်းအတွင်းသို့ ဆင်းသက်ရန် လှေကားများ မရှိရကား၊ တံတိုင်းများကို အဆောက်အအုံကို ကာကွယ်ရန် ယခုခေတ် ဘုရားပုထိုးများမှာကဲ့သို့ အရံအတားအဖြစ် ဆောက်လုပ်ထားခြင်း ဖြစ်ဟန်မတူချေ။ တံတိုင်းများကို ဗဟိုအဆောက်အအုံထိအောင် ဖို့မြေဖြင့် ဆင်ခြေလျှော ပြုလုပ်ထားရာ လှေကားဖြင့် တံတိုင်းပေါ်သို့ တက်ရောက်ပြီးနောက် အဆောက်အအုံဆီသို့ အလွယ်တကူ လျှောက်သွားနိုင်ရန် စီမံထားခြင်းဖြစ်ပေမည်။ ထိုသို့ဖြစ်ရာ တံတိုင်းများကို ဖို့မြေများ တည်တံ့စေရန်အတွက် သက်သက်ပြုလုပ်ထားသည်ဟုပင် ယူဆရန်ရှိ၏။

အဆောက်အအုံတွင် များသောအားဖြင့် အလျား ၁၈ လက်မခွဲ၊ အနံ ကိုးလက်မခွဲ၊ ထုသုံးလက်မရှိသော အုတ်ကြီးများကို အသုံးပြုထား၏။ သို့သော် အောက်ပိုင်းတွင်မူ တစ်ပိုင်းကျိုးအုတ်များ ပိုမိုများပြား၍ ဟောင်းနွမ်းဆွေးမြေ့နေသော အသွင်ပေါ်လွင်လျက်နေပေသည်။ အထက်ပိုင်းကို အောက်ပိုင်းထက်

နှောင်းသောကာလမှပင် ထပ်ဆင့်တည်ဆောက်ထားကြောင်းကို အဆောက်အအုံ ပတ်လည်အသွင်အပြင်ကို ကြည့်ခြင်းဖြင့် သိသာ၏။ မြောက်ဘက်အုတ်ခုံတွင် အထက်နှင့်အောက်ပိုင်းကြား၌ မြေလွှာပါးပါးတစ်ထပ်တည်ရှိနေခြင်းက ဤအချက်ကို ပိုမိုခိုင်လုံစေပေသည်။ အဆောက်အအုံ၏ နှစ်ဆင့်လုံး၌ပင် အုတ်များကို မြေနီသရွတ်ဖြင့် စီပြီးလျှင် တစ်လွှားထက်တစ်လွှား အကျော်အနင်း မရှိသလောက် စီထားရကားလက်ရာအထူးညံ့ဖျင်းလေသည်။ မြေပြင်မှ အမြင့်ဆုံးကျန်သေးသည့်အပိုင်းအထိ အုတ်လွှားပေါင်း ၄၀ မျှရှိ၍ လက်ရာစေသော အောက်ပိုင်းကို တစ်ဝက်ခန့်တွေ့ရသည်။ မြေဝင်အုတ်မြစ်လည်း လုံးဝမရှိသဖြင့် ပတ်လည်တွင် မြေဖို့ထားခြင်းမရှိပါက ယခုထက်စောစွာ ပြိုပျက်သွားဖွယ်ရာ ရှိချေသည်။ ဖို့မြေထောက်ခံလျက်နှင့်ပင် အဆောက်အအုံအတွင်းမှ အုတ်ကျိုးအုတ်ပဲ့နှင့် မြေများ၏ တွန်းအားကိုမခံရပ်နိုင်သဖြင့် အုတ်တစ်နံမျှသာ အထူရှိသော နံရံသည် နေရာများစွာ၌ အပြင်သို့ ဖောင်းပွလျက်ရှိနေချေပြီ။ ထိုကြောင့် မူလအနေအထားအားဖြင့် ဤအဆောက်အအုံသည် မြေပေါ်တွင် လုံးလုံးလျားလျားတည်ရှိခြင်း မဟုတ်သည့်အတွက် စောက်ချ၍ တူးဖော်ထားသော နေရာများတွင် ပြန်လည်၍ ဖို့ပြီးလျှင် အထက်ပိုင်းတစ်ဝက်မျှကို မြေပေါ်၌ပေါ်နေရုံသာလျှင် ညှိထားလိုက်တော့သည်။

အဆောက်အအုံကြီးမားပုံနှင့် နှိုင်းစာလျှင် တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများသည် လွန်စွာနည်းပါးလှသည်ဟု ဆိုရပေမည်။ တွေ့ရသမျှသောပစ္စည်းများကိုလည်း အဆောက်အအုံအတွင်း၌မဟုတ်ပဲ ဖို့မြေ၌ အများအပြားတွေ့ရသည်။ အချို့ကို ကုန်းမြေပြင်ရှင်းလင်းရာ၌ပင် တွေ့ရသည်။ အိုးခြမ်းကွဲများကိုပင် ပြောပလောက်အောင် မတွေ့ရချေ။ ဖို့မြေအတွင်းမှရသော အိုးခြမ်းကွဲများသည် သေးငယ်သော အစိတ်အပိုင်းများသာဖြစ်ခြင်းကြောင့်တစ်ကြောင်း၊ လူနေရပ်ကွက် တစ်နေရာမှသယ်ယူလာသော ဖို့မြေတွင် ရောနှောနေခြင်းတို့ကြောင့်တစ်ကြောင်း အဆောက်အအုံ မတည်ဆောက်မီကာလက အသုံးပြုခဲ့သော အိုးခွက်တို့၏ အပိုင်းအစများသာ ဖြစ်ချေမည်။ ထိုအိုးခြမ်းကွဲများနှင့် မြေလွှာတစ်ခုတည်းတွင် တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများမှာ ကြေးချူကလေး သုံးခု၊ ပျူဒင်္ဂါးသုံးပြား၊ နန်းလုံးကြေးလက်ကောက် တစ်ဘက်၊ အမှတ်လက္ခဏာပါသော အိုးခြမ်းကွဲများနှင့် ပုတီးအမျိုးမျိုးတို့ပင် ဖြစ်လေသည်။

အဆောက်အအုံ၏ ပုံသဏ္ဍာန်သည် နာဂဇုနကုဏ္ဍရှိ စေတီပုံစံနှင့် တထေဝတည်းတူညီသဖြင့် ဥဒ္ဒိဿစေတီတစ်ဆူဖြစ်သည်ဟု ယူဆနိုင်ဖွယ်ရာရှိသည်။

**အမှတ် ၄ ။** ။ ဤကုန်းသည် အမှတ် ၃၏ မြောက်ဘက်တွင် တည်ရှိ၍ ရေမြောင်းငယ်တစ်ခုသာ ခြား၏။ ထိုမြောင်းသည် မိုးရာသီတွင်သာ ရေစီး၍ ယခုတူးဖော်မှုများ ဆောင်ရွက်သည့်တွင် ရေလမ်းလွှဲပေးလိုက်သဖြင့် တိမ်ကောသွားချေပြီ။ ကုန်း၏အကျယ်အဝန်းမှာ ပေ ၆၀ ပတ်လည်ခန့်မျှသာရှိ၍ မြေပြင်အထက် လေးပေခန့်မြင့်၏။

အဆောက်အအုံ၏ ပန္နက်ပုံစံသည် လေးထောင့်အခန်းတစ်ခုကို နံရံနှစ်ထပ်ကာရံထားပုံမျိုးပင် ဖြစ်၏။ နံရံ နှစ်ထပ်အကြားတွင် ခြောက် ပေ၊ လေး လက်မမှ ခြောက်ပေ ရှစ်လက်မအထိ ကျယ်၏။ နံရံများ၏ထု မှာ ငါးပေမှ ခြောက်ပေခန့်အထိ ရှိ၏။ အပြင်နံရံများသည် ၇၇ ပေမျှ ရှည်လျား၍ လေးထောင့်ခန်းမှ ၁၄ ပေ ပတ်လည်မျှ ကျယ်ဝန်း၏။ အဆောက်အအုံ၌ အမြင့်ဆုံးကျန်နေသော နေရာတို့တွင် အုတ်လွှား ၁၂ လွှားမျှသာ တွေ့မြင်ရပြီးလျှင် ထိုအထိ ဖို့မြေများဖြင့် ဖုံးလွှမ်းလျက်ရှိရာ အဆောက်အအုံကို အုတ်မြစ်ချ၍ တည်ဆောက်ထားခြင်း မဟုတ်သော်လည်း အခြေပိုင်းသာလျှင် ကျန်နေသဖြင့် အပေါက်ဝဖောက်ထားသည့်နေရာကို မတွေ့မြင်ရချေ။ **အဆောက်အအုံ၏ တောင်ဘက်တွင်** မြောင်းရိုးကြောင့် အနည်းငယ်

မတ်စောက်လျက်ရှိရာ အဆောက်အအုံအပေါ်သို့တက်ရန် အုတ်လှေကားသဖွယ် ပြုလုပ်ထားလေသည်။ အဆောက်အအုံ၌ အသုံးပြုထားသောအုတ်များသည် အမှတ် ၃ အုတ်တိုက်က အုတ်များနှင့်အရွယ်အစား ချင်း မကွာခြားလှချေ။ ပျမ်းမျှအရွယ်အစားမှာ အလျား ၁၈ လက်မခွဲ၊ အနံ ကိုး လက်မခွဲ၊ ထု သုံးလက်မ ခွဲတို့ပင်ဖြစ်သည်။

ဗို့မြေများ၌သာလျှင် ရှေးဟောင်းပစ္စည်းအနည်းငယ်ကို တွေ့ရှိရသည်။ အဆောက်အအုံကို မည်သို့ အသုံးပြုခဲ့ကြောင်း ခန့်မှန်းနိုင်ရန် တိုက်ရိုက်အထောက်အထား မရှိချေ။ အိုးခြမ်းပဲ့များသည် သေးငယ် သော အစိတ်အပိုင်းများသာဖြစ်၍ ရေတည်အိုး၊ ချက်ပြုတ်အိုးနှင့် နှုတ်သီးအဝိုင်းအစများပါဝင်သည်။ ယပ်တောင် များယှက်နေသည့်ပုံစံပါရှိသော ပန်းကန်ပြားငယ်၏ အပိုင်းတစ်ပိုင်းနှင့် ရေဖြန်းအိုး၏ အထက် ပိုင်းတစ်ခုတို့ သည် ဤကုန်း၏ အိုးခြမ်းပဲ့များအနက် ထူးခြားသောပစ္စည်းများ ဖြစ်ကြသည်။

အဆောက်အအုံမှာ အခြေပိုင်းသာ ကျန်ရှိတော့၍ တိုက်ရိုက်သက်ဆိုင်သောပစ္စည်းလည်း တစ်စုံ တစ်ရာမျှ မတွေ့နိုင်သဖြင့် မူလက ယင်းကို မည်သို့အသုံးပြုခဲ့သည်ကို မခန့်မှန်းနိုင်ချေ။ ဗဟိုအခန်းကို မီးတင်းနေထိုင်ရန်အတွက် သို့မဟုတ် ဝတ်ပြုကိုးကွယ်ရန်အတွက် အသုံးပြုနိုင်သည်ချည်းဖြစ်၏။ သို့သော် အတိအကျဆုံးဖြတ်ရန်ကား ခိုင်လုံသော အထောက်အထားမရှိချေ။ အဆောက်အအုံအမှတ် ၃ နှင့် နီးကပ် နေရုံမျှမက အုတ်အရွယ်အစားချင်းတူညီခြင်း၊ ဗို့မြေများအတွင်းမှ ရရှိသော အိုးခြမ်းပဲ့အမျိုးအစားသာ မက ပုံစံအချို့ ပါ ထပ်တူထပ်မျှတူညီခြင်းတို့ကို ထောက်၍ ထိုအဆောက်အအုံနှစ်ခုကို တစ်ချိန်တည်း၌ ပင် တည်ဆောက်ခဲ့ဟန်တူသည်။ အမှတ် ၃ တွင် ပျူဒင်္ဂါးများကို တူးဖော်တွေ့ရှိသည်ကိုထောက်၍ သရေခေတ္တရာခေတ်နှင့် သက်ဆိုင်သော အဆောက်အအုံများဖြစ်သည်ဟု ယူဆရ၏။ အမှတ် ၄ အဆောက် အအုံ၏ ပန္နက်ပုံစံသည် ပုဂံက ဂူဘုရားနှင့်လည်းကောင်း၊ အုတ်ကျောင်းအချို့တို့၏ အခြေခံ ပုံစံနှင့်လည်း ကောင်း တူညီသည်။ ယခုကဲ့သို့ ပုဂံခေတ်ဗိသုကာ၏ ရှေ့ပြေးနမူနာ ပုံစံအဖြစ် တွေ့ရှိရသည်မှာ စိတ် ဝင်စားဖွယ်ရာ ဖြစ်ချေသည်။


**အမှတ် ၆ ။** ။ ဤကုန်းသည် အတွင်းမြို့ရိုး၏ အနောက်ဘက်အုတ်နံရံနှင့် ကပ်လျက်တည်ရှိ၏။ အပေါ်ယံအမြင်အားဖြင့် ဤနေရာတွင် ပြအိုး သို့မဟုတ် ခံကတုတ်တစ်ခု ရှိတန်ရာ၏ဟု ထင်ရသည်။ သို့သော် တူးဖော်၍ပေါ်ပေါက်လာသော အုတ်အဆောက်အအုံမှာ အတွင်းမြို့ရိုးနှင့် ၂၆ ပေမျှ ကွာဝေး သည်ကို တွေ့ရှိရ၏။ မတူးဖော်မီက အုတ်ကုန်း၏ပမာဏသည် အလျား ၇၅ ပေနှင့် အနံ ပေ ၆၀ ရှိ၏။ ပေါ်ပေါက်လာသော အဆောက်အအုံမှာ မကြီးမားသော်လည်း ပုံသဏ္ဍာန်အားဖြင့် ထူးခြားပေသည်။ သို့သော် ပြိုပျက်ပြီးနောက်တွင် မြေနိမ့်ပိုင်းဖြစ်သော အနောက်ဘက်သို့ မိုးရေတိုက်ဆင်းသည့်ဒဏ်ကြောင့် အရှေ့ဘက်တစ်ခြမ်း၌ပင် ယခုအခါ ကျန်ရှိနေတော့သည်။ ပန္နက်ပုံမှာ ဗဟိုတွင်ဝန်းပိုင်းထားသော အုတ် ခုံကို လေးထောင့်နံရံကာထားပုံဖြစ်၏။ စက်ပိုင်း၏မူလအရွယ်သည် အချင်း ၁၇ ပေခန့်မျှ ရှိချေမည်။ ပတ်လည်အုတ်ရိုးမှာမူကား အပြည့်ကျန်ရစ်သေးသော အနောက်ဘက်ပိုင်းတွင် အလျား ၄၂ပေရှိ၍ အကျယ် လေးပေရှိသည်။ တောင်ဘက်နှင့်မြောက်ဘက်တွင် ဆက်စပ်လျက်ရှိသော ထောင့်ချိုးများ၌ နံရံ တစ်ပိုင်း တစသာ ကျန်ရစ်နေတော့၏။ ဤအဆောက်အအုံနှင့်တကွ အတွင်းမြို့ရိုးတို့ကို အုတ်ရိုးမြေဝင် မထားပဲ ပကတိမြေပြင်အထက်တွင် ဘည်ဆောက်ထားကြောင်း တွေ့ရသည်။ ယခုကျန်ရစ်နေသော အုတ် လွှာများ မှာ ၁၃ လွှာအထိရှိ၍ မြေပြင်မှ သုံးပေ ခုနစ်လက်မ မြင့်၏။ မြို့ရိုး၏ထုထည်သည် ရှစ်ပေမျှ ရှိလေသည်။

မတူးဖော်မီက မြို့ရိုးနှင့် အဆောက်အအုံသည် တစ်ဆက်တည်းရှိမည်ဟု ထင်ရသော်လည်း အပေါ် မြေလွှာများကို တူးဖော်ရှင်းလင်းပြီးသောအခါတွင်ကား ယင်းတို့သည် တစ်သီးတစ်ခြားစီ ဖြစ်နေသည်ကို တွေ့ရ၏။ ဗဟိုစက်ဝိုင်းအုတ်ခုံနှင့် အနောက်နံရံကြားအတွင်းတွင် အပေါ်ယံမြေလွှာများကို ဖယ်ရှားပြီးနောက် ပကတိမြေသားအတွင်း၌ မြေအရိုးအိုး နှစ်လုံး မြှုပ်နှံထားသည်ကို ဖော်ထုတ်ရရှိ၏။


အလားတူအဆောက်အအုံမျိုးကို ကုန်းအမှတ် ၁၄ နှင့် ၁၈ တို့တွင်လည်း တူးဖော်တွေ့ရှိရသည်။

**အမှတ် ၉ ။ ။** ဤကုန်းသည် နန်းတော်ကုန်းဟုခေါ်သော အတွင်းမြို့ရိုး၏ တောင်ဘက်၌ တည်ရှိ၍ အမှတ် ၂ ကုန်းနှင့် ခြောက်ဖာလုံခွဲမျှ ကွာဝေးသည်။ ယင်းအနီးတွင် အလားတူ ကုန်းကြီး တစ်ကုန်းနှင့် ကုန်းငယ် လေးကုန်းရှိ၍ အနောက်မြောက်ဘက်၌ သောက်တော်ကန် အမည်ရှိသော ရေကန် ဟောင်းတစ်ခုလည်း ရှိသည်။ အုတ်ကုန်းသည် ဝမ်းဘဲဥပုံဆင်ဆင်ဖြစ်၍ တောင်မှ မြောက်သို့ ၁၃၅ ပေ၊ အရှေ့မှအနောက်သို့ ပေ ၁၂၀ မျှ ကျယ်ပြန့်လျက် အမြင့်ဆုံးအပိုင်းသည် အနောက်ဘက် မြေမျက်နှာပြင် မှ ၁၀ ပေ လေးလက်မမြင့်ကြောင်း တွေ့ရသည်။ ထိုအမြင့်ဆုံးနေရာမှ လေးဘက်လေး မျက်နှာသို့ ပြေပြစ် စွာ နိမ့်ဆင်းသွားသည်။ အမြင့်ဆုံးနေရာအနီးတွင် အချင်း ကိုးပေခန့်ရှိသော သိုက်တူးရာတစ်ခုရှိသည်။ ထိုသိုက်တူးရာ၏ မြောက်ဘက်တည့်တည့် ၃၆ ပေခန့်အကွာတွင် အခြားသိုက် တူးရာတစ်ခုရှိသေးသည်။ ဤကုန်းဟောင်းကို အုတ်ကျိုးအုတ်စများနှင့်တကွ ရွာစောင်းပင်များက ထူထပ်စွာ ဖုံးအုပ်ထား၏။ တောရှင်းလုပ်ငန်း ပြီးစီးသည့်နောက် ကုန်းတစ်ခုလုံးကို ၁၅ ပေ ပတ်လည်ရှိသော အကွက်များပန္နက်ချပြီး လျှင် တူးဖော်မှုလုပ်ငန်းကို စတင်ဆောင်ရွက်သည်။ ဤကုန်းကို အပြည့်အဝခြုံမိစေရန် အလျားတောင် မြောက် ၁၁ ကွက်၊ အနံ အရှေ့အနောက် ၁၀ ကွက် သတ်မှတ်ရ လေသည်။ အမှတ် ၉ ကုန်းကို တူးဖော်ရာ၌ ပေါ်ထွက်လာသော အဆောက်အအုံမှာ အလျား ၈၄ပေ၊ အနံ ၄၉ ပေ ရှိသော အုတ်တိုက်ခန်းမဆောင်ကြီးပင်ဖြစ်သည်။ စတုဂံအုတ်ရိုး၏ထုသည် လေးပေ သုံးလက်မ မျှရှိ၏။ အုတ်ရိုးများသည် ကုန်း၏ ဆင်ခြေလျှောသဏ္ဍာန်ကိုလိုက်၍ အတွင်းပိုင်း၌မြင့်ကာ ဘေးစွန်းများ တွင် နိမ့်စောင်းစွာ ပြိုပျက်လျက်ရှိသည်။ ထိုအတွင်းနံရံများတွင် အုတ်လွှား ၁၇ လွှားခန့် ပါဝင်သည်။ အမြင့် လေးပေ ခြောက်လက်မမျှ ပျမ်းမျှကျန်ရှိသေး၍ အပြင်နံရံများမှာမူ အမြင့် နှစ်ပေခန့်သာ ကျန်ရှိတော့ ၏။ အဆောက်အအုံ၏ အလျားသည် တောင်မြောက်တည့်တည့် ဖြောင့်တန်းမနေဘဲ အနောက်ဘက်သို့ ၁၃ ဒီဂရီခန့် စောင်းနေ၏။


အဆောက်အအုံအတွင်း၌ အခန်းများ ကန့်ထားခြင်း မရှိချေ။ အဝင်ပေါက်သည်လည်း မြောက်ဘက် တွင်သာ တစ်ခုတည်းရှိသည်။ ထိုအဝင်ပေါက်တွင် သစ်သားတံခါးတပ်ဆင်ခဲ့ကြောင်း အထောက်အထား အဖြစ်ဖြင့် မီးလောင်ထားသော သံဆုံသုံးခုနှင့် တံခါးတိုင်၏ အကြွင်းအကျန် မီးသွေးများကိုတွေ့ရသည်။ အုတ်နံရံများ၏ အပြင်ဘက်မျက်နှာသည် နှစ်ပေခန့်သာကျန်ရှိတော့ရာ မူလတည်ဆောက်ထားစဉ်က ပြတင်း ပေါက်များ ပါ၊ မပါကို မသိရချေ။ မည်သို့သော အမိုး တပ်ဆင်အသုံးပြုခဲ့သည်ကိုလည်း မခန့်မှန်းနိုင်ချေ။ သို့သော် အဆောက်အအုံ၏အမိုးကိုသော်လည်းကောင်း၊ ကြမ်းပြင်ကိုသော်လည်းကောင်း ထောက်ကူရန် အသုံးပြုဖွယ်ရှိသည့် သစ်သားတိုင်ကြီး ရှစ်လုံးကို အဆောက်အအုံအတွင်း၌ စိုက်ထူထားကြောင်းကိုကား ထင်ရှားစွာ တွေ့မြင်နိုင်သည်။ သစ်သားတိုင်များကို စိုက်ထူပြီးနောက်တွင် အဆောက်အအုံအတွင်း၌ ဖို့ မြေများဖြင့် သိပ်သည်းစွာ အပြည့်ဖုံးထား၏။ အဆောက်အအုံ မီးလောင်ပျက်စီးသောအခါတွင် တိုင်လုံး များကိုပါ လောင်ကျွမ်းလေရာ တိုင်နေရာ၌ ကျင်းများဖြစ်ပေါ်လာသည့်အတွင်းသို့ အထက်မှ အုတ်ကျိုး




ဗိဿနိုးအုတ် အဆောက်အဦပန္နက်ပုံများ။



ဗိဿနိုးမြို့ပေါက်များနှင့် အုတ်အဆောက်အဦပန္နက်ပုံများ။




ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော ဒင်္ဂါး၊ ကြေးလက်ကောက်၊ ကြေးချူ၊ စသည့် ပုံစံများ




ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော အချယ်အလှယ်ပါ အိုးခွက် ပုံစံများ

အုတ်ပဲ့နှင့် မြေသရွတ်များ ကျရောက်ဖုံးဖို့သွားခဲ့၏။ ထို့ကြောင့် ပတ်ဝန်းကျင်ဖို့မြေနှင့် တိုင်ကျင်းများကို ထင်ရှားစွာ ခွဲခြားနိုင်လေသည်။ အဆိုပါကျင်းများသည် အရှေ့ဘက်နံရံနှင့် ရှစ်ပေခန့်စီ ကွာဝေး၍ တောင်မြောက် လေးကျင်းတန်းလျက်ရှိ၏။ ထိုကျင်းနှစ်တန်းလုံးတွင် ကျင်းတစ်ခုမှတစ်ခုသို့ တောင်မြောက် အကွာအဝေးမှ ကျင်း၏ဗဟိုများမှ ၁၆ ပေခန့်ရှိသဖြင့် ကျင်းအစုံအတွဲ ၄ ခု အရှေ့အနောက်ဖြောင့်တန်းလျက် တည်ရှိနေသည်။ ဤကျင်းများသည် အချင်း နှစ်ပေမျှရှိ၍ ယင်းတို့ကို မြေနံရံဖြတ်ပိုင်းပုံများတွင် ထင်ရှားစွာ တွေ့မြင်ရ၏။ သို့သော် အနောက်မြောက်ထောင့်ရှိကျင်းကို အောက်ခြေ၌ သုံးပေခန့်ထုရှိသော အုတ်ရိုးပတ်လည် ဝိုင်းရံထားသဖြင့် ကျင်း၏အနေအထားနှင့် ပမာဏကို အတိအကျသိရှိနိုင်သည်။ အုတ်ဖိနပ်ကို ထောက်ထား၍လည်း သစ်သားတိုင်များကို မတ်တည်ပြီးနောက် အဆောက်အအုံအတွင်း၌ မြေအပြည့်ဖို့သိပ်ထားကြောင်း သိရသည်။ အဆောက်အအုံအုတ်ရိုး၏ အတွင်းဘက်နံရံ ပတ်လည်တစ်လျှောက် တိုင်ကျင်းများနှင့်တည့် တည့်တွင် ခြောက်လက်မမှ ၁၀ လက်မခန့် ပတ်လည်ကြားလပ် ချန်ထားသော မတ်ရပ်ချိုင့်များ ရှိသည်။ ထိုချိုင့်များမှာ အရှေ့နှင့်အနောက် နံရံများတွင် ၄ ခုစီ၊ တောင်နှင့် မြောက် နံရံများတွင် ၂ ခုစီဖြစ်ရာ စုစုပေါင်း ၁၂ ခုဖြစ်၏။ အချို့ ချိုင့်များတွင် မီးသွေးအစအနများကို တွေ့ရှိရသဖြင့် လေးမြှောင့်တိုင်များ စိုက်ထူသည့်နေရာများ ဖြစ်သည်ဟု ယူဆရ၏။

အဆောက်အအုံ၏ အထက်ပိုင်းပုံစံကို မသိရှိနိုင်သော်လည်း အုတ်တိုက်ပြိုပျက်ပြီးနောက်တွင် အုတ်ပုံကိုညှိ၍ အဆောက်အအုံငယ်တစ်ခု ထပ်ဆင့်ပြုလုပ်ထားသည်ကို တွေ့ရသည်။ ထိုအဆောင်ငယ်သည် အဆောက်အအုံ၏ တောင်ဘက်ပိုင်း၌ တည်ရှိ၍ ယခုအခါ အုတ် လေးလွှာမျှ ကျန်ရှိသေး၏။ မူလ အကျယ်အဝန်းမှာ ၂၈ ပေ ပတ်လည်ခန့်မျှ ရှိပေမည်။ ဤအဆောက်အအုံပတ်ဝန်းကျင်၌ ဖောင်းရစ်အတိုး အဆုတ်ပါသော အုတ်များ၊ မှန်ကူကွက်သဏ္ဍာန်ရှိသော အုတ်များနှင့် သရက်ကင်းပုံစံအုတ်များကို တွေ့ရှိရသည်။

အုတ်တိုက်ကြီး၏ စတုဂံပုံနံရံမှာ အပြင်ဘက်သို့ တစ်ပေခွဲခန့် စွန်းထွက်နေသော အုတ်ဖိနပ် နှစ်လွှာ ခံထားလျက်ရှိသည်။ ထိုအောက်ခြေအုတ်ရိုးမှ ခုနစ်ပေခန့်အကွာတွင် အုတ်ရိုးတံတိုင်းနိမ့်နိမ့် ပြုလုပ်ထားသေး၏။ ထိုတံတိုင်းသည် အဆောက်အအုံ၏ အနောက်ဘက်တွင် နံရံနှင့်ယှဉ်ပြိုင်၍ အလျားပြည့်မျှရှိသော်လည်း အရှေ့ဘက်တွင် ပြတ်တောင်းပြတ်တောင်းမျှသာ ကျန်တော့သည်။ တောင်ဘက်နှင့်မြောက်ဘက်တွင်ကား တံတိုင်းကို လုံးဝ မတွေ့မြင်ရတော့ချေ။

ဤအဆောက်အအုံတွင် အသုံးပြုသောအုတ်များမှာ နှစ်မျိုးနှစ်စား ရှိသည်။ ပထမအမျိုးအစားမှာ အလျား လက်မ ၂၀၊ အနံ ၁၀ လက်မ၊ အထူ သုံးလက်မ ရှိ၏။ အခြားတစ်မျိုးမှာ အလျား ၁၀ လက်မ၊ အနံ ကိုးလက်မ၊ အထူ သုံးလက်မရှိသည်။ ဤအုတ်ချပ်များကို စီရာ၌ တစ်ချခြားစီမဟုတ်ဘဲ၊ အဆင်ပြေသည့်အတိုင်း စီသွားရာ အစီအနင်းမရှိ၊ အထူးညံ့ဖျင်းကြောင်း တွေ့ရသည်။

ဤအဆောက်အအုံကြီးကို မီးသင့်လောင်ပြီးနောက် လုံးလုံးလျားလျား စွန့်ပစ်သွားသည်မဟုတ်ဘဲ၊ ထိုမီးလောင်၍ ပျက်စီးသွားသော အုတ်ကျိုးအုတ်ပဲ့မြေလွှာပေါ်တွင် အဆောက်အအုံ အငယ်စားတစ်ခု ထပ်မံတည်ဆောက်ကြောင်း အခိုင်အမာ သိရပြန်သေးသည်။ မီးလောင်ပြီးနောက် မကြာမြင့်မီပင်ပြိုကျလာသော အုတ်ကျိုးအုတ်ပဲ့များကိုညှိ၍ ထိုမျက်နှာပြင်ပေါ်၌ အဆောက်အအုံငယ်တစ်ခုဆောက်ထားကြောင်း လက္ခဏာများ တွေ့မြင်ရသေးသည်။ ဤအဆောက်အအုံ၏ သမံတလင်း အောက်ခံသည်လည်း တစ်ပိုင်း တစ်စ ကျန်ရှိသေး၏။

ဤကုန်းကို တူးဖော်သောအခါတွင် အရိုးအိုးပေါင်းအလုံး ၄၀ ကို တူးဖော်တွေ့ရှိသည်။ ယင်းအနက် ၁၃ လုံးကို အဆောက်အအုံအတွင်း၌ ရ၍ ၂၇ လုံးကိုမူ အပြင်တွင်ရသည်။ အဆောက်အအုံအပြင်ဘက်တွင် ရသောအရိုးအိုးများအနက် ၁၇ လုံးသည် **အရှေ့နံရံ၏** မြောက်ပိုင်းအောက်ခြေတွင် စီတန်းကာမြှုပ်နှံထားသောအိုးများဖြစ်ကြ၏။ အရိုးအိုးများကို မြှုပ်နှံသည့် ကျင်းရာများကို လုံးဝမတွေ့ရချေ။ ဖိုမြေနှင့်အတူ ကျကြိမ်တည်း မြှုပ်ခဲ့သည်ဟု ယူဆရ၏။ ဤအိုးများသည် အိုးထိန်းစက်ဖြင့်ပုံသွင်းသော အိုးများရှိကြသည့်ပြင် ယင်းတို့ကို ဖောင်းရစ်အတွန့်အတက်များဖြင့် မွမ်းမံပြုလုပ်ထားသည်ကိုလည်း တွေ့ရ၏။ သပိတ်ပုံ၊ ကွမ်းအစ်ပုံသဏ္ဍာန်ရှိသော အိုးများမှအပ ကျန်အိုးများသည် ပုံစံတစ်မျိုးတစ်ဖုံစီချည်းပင် ဖြစ်ကြသည်။ ရွံ့မြေညံ့ဖျင်းမှုကြောင့် အရိုးအိုးကြီးများသည် အသားကြမ်းတမ်းလှပေသည်။ အရိုးအိုးငယ်ကလေးများမှာမူ အသားချောညက်၏။ သပိတ်ပုံစံအိုးများမှာမူ အသားချောညက်ပါးလွှာသည်သာမက အရောင်တင်သဖွယ် အနီရောင်ပါးပါး သုတ်လိမ်းထားသည်ကို တွေ့ရ၏။


ဤကုန်းသည် **အမှတ်** ၂ ကုန်းတမျှ ကြီးမားသော်လည်း ပေါပေါက်တွေ့ရှိရသော အဆောက်အအုံတွင် အခန်းဖွဲ့ထားခြင်းမရှိသဖြင့် လူနေအိမ်ဟု ယူဆရန် ခဲယဉ်းလှ၏။ ထို့ပြင်ကုန်းဟောင်းသည် ကြီးမားကျယ်ပြန့်သည် မှန်သော်လည်း တွေ့ရှိရသည့် အနည်းငယ်မျှသော ပစ္စည်းများအနက် လူမှုအသုံးအဆောင်ပစ္စည်းများလည်း မည်မည်ရရမပါချေ။

ဤအဆောက်အအုံ ပြိုလဲပျက်စီးသွားသောအခါတွင် ဤအပျက်အစီးပုံပေါ်၌ အဆောင်ငယ်တစ်ဆောင် လာရောက်ဆောက်ထားခြင်းသည်လည်း လေးနက်စွာ ဆင်ခြင်သင့်သောအကြောင်း တစ်ရပ်ပင်ဖြစ်သည်။ ဤအဆောင်ငယ်ကို တင့်တယ်စွာဆောက်လုပ်ထားသည်ဟု ယူဆရသောကြောင့် လူနေမှုကိစ္စအတွက်ထက် အထိမ်းအမှတ်သဘော အရိုအသေသဘော ဆောက်ထားခဲ့ခြင်းပေလောဟုလည်း တွေးတောရပေသည်။


အရိုးအိုးများ တစ်စုတည်း မြှုပ်နှံခြင်းကို မြို့အပြင်၌သာ တွေ့ခဲ့ရသော်လည်း မြို့တွင်း၌ရှိသော ဤကုန်းတွင်ပါ အရိုးအိုးများကို တွေ့ရှိရသဖြင့် ထူးခြားသော ဓလေ့ကို သိရှိရပေသည်။ သို့သော် အဆောက်အအုံကြီးကို အရိုးအိုးမြှုပ်ရန် သက်သက်ဆောက်လုပ်ထားခြင်း ဟုတ်မည်မထင်ချေ။ အတွင်း၌ တွေ့ရသော အရိုးအိုးဦးရေသည် အပြင်ဘက်အောက်ခြေ၌ ကပ်၍မြှုပ်နှံထားသော အရိုးအိုးများ၏ ထက်ဝက်မျှသာရှိလေသည်။ သို့သော် အတွင်းပိုင်းရှိ အရိုးအိုးများကို အဆောက်အအုံဆောက်လုပ်ရန် မြေဖို့ရာ၌ တစ်ပြိုင်တည်း မြှုပ်နှံခဲ့ကြောင်းကား ထင်ရှား၏။

ကုန်းအမှတ် ၁၀ သည် အမှတ် ၉ နှင့် နီးကပ်စွာတည်ရှိ၍ ထိုနှစ်နေရာကို တစ်ပြိုင်တည်းလိုပင် တူးဖော်ခဲ့၏။ သို့သော် အမှတ် ၁၀ ၌ အဆောက်အအုံ၏ ပုံစံနှင့် အရိုးအိုးမြှုပ်နှံမှုကို သံလွန်စရပြီးနောက် အမှတ် ၉ တွင် ဇောက်ချတူးဖော်နေရသဖြင့် တစ်ပိုင်းတစ်စဖြင့် ရပ်ဆိုင်းခဲ့ရသည်။

**အမှတ် ၁၁။** ။ ဤကုန်းသည် ဒုတိယအကြိမ်မြောက် တူးဖော်စဉ်က ပါဝင်သည့် ကုန်းအမှတ် ၃ နှင့် ၄ တို့မှ အရှေ့မြောက်ဘက်ကမ္ဘာ ကိုက် ၅၀၀ ခန့်ကွာဝေးသည်။ ကုန်း၏ပမာဏမှာ အရှေ့အနောက်အလျား ၁၃၅ ပေ ရှည်၍ တောင်မြောက် ပေ ၉၀ ကျယ်ပြီးလျှင် အမြင့်ဆုံးနေရာတွင် ခြောက်ပေ ခြောက်လက်မ ခန့်အထိရှိသည်။ ထိုကုန်း၏ မျက်နှာပြင်တွင် အုတ်ကျိုးအုတ်ပဲ့များ နှစ်မြှုပ်နေသည်ကို တွေ့ရသဖြင့် အုတ်အဆောက်အအုံပျက်၏ အကြွင်းအကျန်များ ဖုံးလွှမ်းနေသော ကုန်းဖြစ်ကြောင်း သိသာသည်။



အမှတ် ၁၄၊ အဆောက်အဦ တူးဖော်ပြီးစတွေ့ရပုံ။



ထိုနေရာ၌ ၁၅ ပေ ပတ်လည် ပန္နက်များချမှတ်ပြီးလျှင် တူးဖော်ရာ အလျား ၈၈ ပေ ခွဲနှင့် အနံ ၄၈ ပေ ရှိသော စတုဂံအဆောက်အအုံ၏ အုတ်နံရံတစ်ခု ပေါ်ပေါက်လာသည်။ အနောက်ဘက်နံရံသည် လေးပေမျှသာကျယ်၍ အခြားသုံးဘက်တွင် ငါးပေမှ ခြောက်ပေနီးပါးအထိကျယ်သည်။ ဤအဆောက်အအုံကို မြေဝင်အုတ် အခြေအမြစ်မထားဘဲ တည်ထားသည်ကို တွေ့ရ၏။ မူလအဆောက်အအုံကြီး ပြိုပျက်သည့်အခါတွင် ဤအုတ်နံရံသည် အလယ်ဗဟိုမှ လေးဘက်လေးတန်သို့ ဆင်ခြေလျှောဖြစ်နေသော အုတ်ကုန်းဖြစ်သွားလေရာ အစွန်းပိုင်းတို့သည် အတွင်းပိုင်းဘက်သို့ ပိုမိုနိမ့်လျက် ကျန်ရှိတော့သည်။ ထို့ကြောင့် လေးပေမှ ခြောက်ပေခန့်အထိ ကျယ်သော ပတ်လည်အုတ်နံရံသည် အတွင်းပိုင်းတွင် မြေပြင်မှ အုတ်လွှာအမြင့်အထိ ကျန်ရှိသေး၍ အပြင်ဘက်တွင် ငါးလွှာမှ ၁၀ လွှာအထိသာရှိတော့သည်။

ဤသို့အုတ်ရိုးရံထားသောစတုဂံအတွင်း၌ အရှေ့ဘက်ပိုင်းတွင် အုတ်ခုံတစ်ခုပြုလုပ်ထားသည်။ ဤအုတ်ခုံ၏ပန္နက်တွင် အရှေ့ဘက်စွန်းအနားသည် ပေ ၂၀၊ အနောက်ဘက်စွန်းအနားသည် ကိုးပေ ၁၀ လက်မ ရှည်လျား၍ တောင်နှင့်မြောက်ဘက် အနားများသည် သုံးဆစ်ချိုးစီဖြစ်ကြပြီးလျှင် အနောက် မှ အရှေ့သို့ ပေ ၂၀ အထိ အဆင့်ဆင့်ပြူထွက်နေသည်။ အမြင့်မှာ လေးပေခန့်မျှသာ ဖြစ်သည်။ အုတ်ခုံနှင့် ပတ်လည် အုတ်နံရံတို့၏ အောက်ခြေပိုင်းတို့သည် တစ်ပြေးတည်းမဟုတ်ကြချေ။ အုတ်ခုံသည် ပတ်လည်နံရံထက် တစ်ပေခန့်မြင့်သော မြေသားပေါ်၌ တည်ရှိသည်။ ပတ်လည်နံရံ၏ အတွင်းပိုင်းတွင် မြေသားကို တူး၍ ကျင်းဖော်ပြီးမှ အုတ်မြစ်ချသည့်လက္ခဏာများကို တွေ့ရသည်။ ထိုအတွင်းမြေလွှာသည် ပကတိ မြေ မဟုတ်ခြင်း၊ စတုဂံအုတ်နံရံအတွင်း၌ပင် ယင်းထက်နိမ့်သော အခြေ၌ ကန့်လန့်ဖြတ် အုတ်ရိုးတစ်ခု တည်ရှိခဲ့ကြောင်းတွေ့ရခြင်း၊ မီးသွေးအစအနများ တွေ့ရခြင်းစသည်များကြောင့် ဤနေရာတွင် ရှေးဦး အဆောက်အအုံတစ်ခု တည်ရှိခဲ့ကြောင်း သိသာလေသည်။ အုတ်နံရံနှင့် အတွင်းအုတ်ခုံတို့မှာမူ အခြေတည်ထားပုံခြင်း မတူညီသော်လည်း အဆောက်အအုံတစ်ခုတည်း၏ အစိတ်အပိုင်းများ ဖြစ်ကြ၍ တစ်ချိန်တည်း ဆောက်လုပ်ထားခြင်း ဖြစ်ပေသည်။

စတုဂံအုတ်နံရံ၏ အတွင်းမျက်နှာတွင် လေးထောင့်သစ်သားတိုင်များ စိုက်ထူရန်အတွက် မတ်မတ် ထွင်းထားသော တိုင်ရာချိုင့်များကို တစ်ခုနှင့်တစ်ခု ၁၄ ပေမျှခြား၍ ပြုလုပ်ထားရှိ၏။ အုတ်နံရံအတွင်း ပိုင်းရှိတိုင်လုံးများကို စိုက်ထူသောကျင်းများကိုလည်း မြောက်ဘက်တွင်တစ်တန်း၊ တောင်ဘက်တွင်တစ်တန်း တွေ့ရှိရသည်။ သို့သော်ထိုတိုင်ရာတို့သည် အုတ်နံရံ၏ လေးထောင့်ကွက်တိုင်ရာများနှင့် မျဉ်းတစ်ပြေးတည်း မကျချေ။ အမှတ် ၁၁ ကုန်းက အဆောက်အအုံသည် အမှတ် ၉ က အဆောက်အအုံနှင့် ပုံသဏ္ဌာန်ခြင်း ဆင်၏။ သို့သော် အမှတ် ၁၁ တွင် အနောက်ဘက်၌ အဝင်ပေါက် ရှိ၊ မရှိ မသိသာချေ။ အမှတ် ၁၁ အဆောက်အအုံ အပြင်ဘက်တွင် အနောက်ဘက်မှလွဲ၍ ကျန်သုံးဘက်သုံးတန်တွင် အုတ်နံရံနှင့် ခြောက် ပေခန့်အကွာ၌ထောင်လိုက်စီထားသောတစ်လွှာဖြင့် အပြင်တံတိုင်းတစ်ခုကိုပြုလုပ်ထားသေး၏။ ထိုတံတိုင်း နိမ့်နိမ့်၏ ပြက်သည် တစ်ပေခွဲမျှရှိ၍ အမှတ် ၉ အဆောက်အအုံ၌ စီမံထားသည်နှင့် တူညီ၏။

အဆောက်အအုံ၏ အထက်ပိုင်းကို မည်သို့ စီမံပြုလုပ်ထားကြောင်း မသိရှိနိုင်သော်လည်း ပန္နက်ပုံစံ ကိုထောက်၍ ပုဂံခေတ်ဦးက ပေါင်းကူးအမိုးများဖြင့်ပြီး၍ အလယ်မဏ္ဍိုင်ကြီးများပါရှိသော ဂူပုထိုးများ ကဲ့သို့ပင် ဆောက်လုပ်ထားလိမ့်မည်ဖြစ်ကြောင်း သိသာနိုင်သည်။

အဆောက်အအုံအတွင်းပိုင်း၌ အုတ်ခုံအနီး ဖို့မြေဖြစ်သောမြေလွှာမှ အရိုးအိုးငါးလုံးနှင့် အဆောက် အအုံအပြင်၌ အရိုးအိုး လေးလုံးတို့ကို ဖော်ထုတ်ရရှိသည်။ ထို့ပြင် မြေလက်ကောက် အကျိုးပိုင်းအနည်း ငယ်မှအပ ရှေးဟောင်းဝတ္ထုပစ္စည်းများကို မတွေ့ရချေ။

**အမှတ် ၁၂၇။** ။ ဤကုန်းသည် အမှတ် ၁၁ ကုန်း၏ အနောက်ဘက်တည့်တည့် ၅၉ ပေ အကွာတွင် တည်ရှိသည်။ ၁၅ ပေ ပတ်လည် ပန္နက်များ အကွက်ချသည်တွင် ဤကုန်းသည် အရှေ့အနောက် ပေ ၉၀ ရှည်လျား၍ တောင်မြောက် ၇၅ ပေ ကျယ်ကြောင်း တွေ့ရသည်။ ကုန်း၏အမြင့်မှာ ငါးပေခွဲမျှရှိ၍ မတူးမီကပင် အုတ်အစအနများ နစ်မြုပ်နေသည်ကို တွေ့ရ၏။

ပေါ်ပေါက်လာသော အုတ်အဆောက်အအုံမှာ တစ်ဘက်တွင် ၃၄ ပေ ရှည်သော စတုရန်းပုံဖြစ်၍ အရှေ့ဘက်တွင် လှေကားသဖွယ် ပြုလုပ်ထားသော ၁၂ ပေ ပတ်လည် အုတ်ခုံအစွန်းပါရှိ၏။ တောင်ဘက် မျက်နှာတွင် မြေပြင်ထက် နှစ်ပေ အမြင့်၌ အုတ်ရိုးပြတ်နေသဖြင့် အဝင်ပေါက်ပြုလုပ်ထားဟန်ရှိသော်လည်း အဆောက်အအုံတစ်ခုလုံးသည် အခန်းမပါရှိဘဲ အုတ်အတိ စီထားခြင်းသာဖြစ်ကြောင်း တွေ့ရသည်။

အုတ်နံရံများသည် ယခုအခါ လေးပေအမြင့်အထိ ကျန်ရှိနေသေး၍ အပြင်မျက်နှာတွင် ထူးခြားသော အသွင်ကို ဖန်တီးထားရှိ၏။ အုတ်နံရံမျက်နှာပြင် စီမံထားပုံမှာကား မြေပြင်ထက်မှ အုတ်လွှာ ခြောက်လွှာမှာ တညီတည်း မတ်မတ်စီထားသော ရိုးရိုးအုတ်လွှာများဖြစ်၏။ ယင်း၏အထက်တွင် အနားခုံး အုတ်များကို ထောင်လိုက်စီထား၏။ ထိုအနားခုံးအုတ်များ ပေါ်လွင်ထင်ရှားစေရန် ယင်းအထက်၌ အနည်းငယ် နောက်ဆုတ်၍ အပြားလိုက်စီထားသော အုတ်တစ်လွှာရှိသေး၏။ ထိုအထက်တွင် အနားခုံး နှစ်ဆင့်နှင့် ရိုးရိုးအုတ်တို့ကို တစ်ချခြားစီ ထောင်လိုက်စီထားသည်။ အနားခုံးနှစ်ဆင့်၏ အောက်ပိုင်းသည် အထက်ပိုင်းထက် ကြီး၍ ချွန်းထွက်နေသည်။ အနားခုံးနှစ်ဆင့် အုတ်များအကြားရှိ ရိုးရိုးအုတ်တို့ကို နောက်သို့ အနည်းငယ်ဆုတ်ထားရာ အုတ်တွန့်များသည် ပြူထွက်နေကာ ကွက်လပ်များဖြင့် ခြားလျက် ရှိလေသည်။ ဤသို့ချယ်လှယ်ထားသော အုတ်လွှာများကို ရိုးရိုးအုတ်လွှာတစ်ခုစီခြား၍ ဆင့်တက်သွားစေ၏။ သို့သော် အဆောက်အအုံအထက်ပိုင်းသည် ပြိုပျက်သွားပြီးဖြစ်၍ ယခုအခါ ယင်းသို့အကွက်ဖော်ထားသော အုတ်လွှာနှစ်လွှာမှ သုံးလွှာအထိသာ တွေ့မြင်နိုင်တော့သည်။

ဤအဆောက်အအုံ၏ ပတ်လည်တွင် ပုံစံအမျိုးမျိုးတီထွင်ပြုလုပ်ထားသော အရိုးအိုး ၈၀ မျှတူးဖော်ရရှိသည်။ အရှေ့ဘက် အုတ်ခုံစွန်း၏ တောင်ဘက်တွင် ခေါက်ကွေးနေသော လူရိုးစုတစ်ခုကိုတွေ့ရသည်။ ဤသို့ လူရိုးစုကိုတွေ့ရခြင်းမှာ ဗိဿနိုးမြို့ဟောင်းတွင် ပထမဆုံးအကြိမ် ဖြစ်၏။ မြေစေးများနှင့် လုံးထွေးနေသဖြင့် ခန္ဓာဗေဒဆိုင်ရာ အချက်အလက်များကို သုံးသပ်ရန် မဖြစ်နိုင်သေးချေ။

**အမှတ် ၁၄။** ။ ဤကုန်းသည် ကုန်းအမှတ် ၁၂၏ အနောက်မြောက်ဘက် ပေ ၁၀၀ ခန့်တွင် တည်ရှိလေသည်။ တူးဖော်လိုက်သည့်အခါ ပေါ်ပေါက်လာသော အုတ်အဆောက်အအုံတွင် အတွင်းပိုင်းသည် စက်ပိုင်းပန္နက်ရှိ၍ တစ်ဖြိုးတည်းမြင့်မောက်နေသော အစိတ်အပိုင်းဖြစ်ပြီးလျှင် ပတ်လည်တွင် စတုရန်း အုတ်တံတိုင်း ကာရံလျက်ရှိ၏။ အတွင်းစက်ပိုင်းသည် အချင်း ၁၄ ပေ ရှိ၍ အုတ်လွှာ ၁၈ လွှာမျှ ကျန်ရှိသေးကာ မြေပြင်မှ ငါးပေ လေးလက်မ မြင့်၏။ စတုရန်းအုတ်ရိုးမှာမူ တစ်ဘက်လျှင် ၂၈ ပေ ရှည်၍ ထု သုံးပေရှိ၏။ မြောက်ဘက်နံရံတွင် အလျား ၁၆ ပေ၊ အနံ ၁၂ပေ ရှိသော စတုရန်းအုတ်ခုံစွန်းတစ်ခု ကပ်လျက်ရှိလေသည်။

လုံးပတ်အုတ်ရိုး၏ အတွင်းပိုင်းနှင့် ယင်းလုံးပတ်နှင့် စတုရန်းအုတ်နံရံအကြားတွင် မူလကပင် အုတ်ကျိုးအုတ်ပဲ့များနှင့် သိပ်သည်းသောမြေ ဖို့ထားသည်ကို တွေ့ရ၏။ အဆောက်အအုံ အပြင်ဘက်တွင် ပြိုပျက်ရာမှ စုပုံနေသော အုတ်ကျိုးအုတ်ပဲ့ မြေလွှာ၏အောက်၌ တည်ဆောက်ချိန်က ဖို့ထားသော သိပ်သည်းသည့် မြေဝါတစ်လွှာရှိလေသည်။ ထိုဖို့မြေအတွင်း၌ တောင်ဘက်နံရံနှင့်ကပ်လျက် ဆန့်တန်းမြှုပ်နှံ

ထားသော လူရိုးစုတစ်စုကို တွေ့ရှိရသည်။ မြောက်ဘက်နံရံအနီး၌ကား စုပုံထားသော လူရိုးနှစ်ပုံကို တွေ့ရ၏။ ဆန့်တန်းမြှုပ်နှံထားသော လူရိုးစုကို အနေအထား သေချာစွာ မှတ်တမ်းတင်ပြီး၍ ရန်ကုန်တက္ကသိုလ် ဆေးသိပ္ပံမဟာဌာန ခန္ဓာဗေဒဌာနစိတ်သို့ ကြည့်ရှုစစ်ဆေးရန် ပေးပို့ရာ၊ ထိုဌာနစိတ်က အသေးစိတ်လေ့လာချက်မှတ်တမ်းကို ရေးသားပေးပါသည်။ လေ့လာချက်မှတ်တမ်း၏အချုပ်မှာ ထိုလူရိုးစုသည် အသက် ၂၅ – နှစ်ကျော် မွန်ဂိုအမျိုးအနွယ် ယောကျ်ားတစ်ဦး၏ အရိုးစုဖြစ်ကြောင်း၊ ထိုသူသည် ကောင်းမွန်သောအာဟာရကိုမှီဝဲ၍ ကျန်းမာသူတစ်ယောက်ဖြစ်ခဲ့ကြောင်း၊ ဦးခေါင်းတွင် တစ်စုံတစ်ယောက်က ရိုက်နှက်၍ ဒဏ်ရာရပြီးလျှင် သေဆုံးသွားကြောင်း ဖော်ပြပါရှိသည်။

ဤအရိုးစုကိုတွေ့ရှိသော မြေလွှာမှပင် မြေအရိုးအိုး ငါးလုံးကိုလည်း ဖော်ထုတ်ရရှိလေသည်။ မြေလွှာအနေအထားကို ထောက်ရှုခြင်းဖြင့် အရိုးစုနှင့် အရိုးအိုးများကို တစ်ကြိမ်တစ်ခါတည်း မြှုပ်နှံခဲ့ကြောင်း ထင်ရှား၏။ ဗိဿနိုးမြို့တွင်း၌ အရိုးစုကို မူလနေရာမှ ရွှေ့ပြောင်း၍ အရိုးအိုးများနှင့်တကွ မြှုပ်နှံခြင်းကို ဒုတိယအကြိမ် တွေ့ရခြင်းဖြစ်သည်။ အလားတူ အရိုးစုမြှုပ်နှံခြင်းကို ကုန်းအမှတ် ၁၂ တွင် တွေ့ကြုံခဲ့ပြီးလေပြီ။ အဆောက်အအုံအတွင်းနှင့် ပတ်ဝန်းကျင်တွင် သာသနိကပစ္စည်း တစ်စုံတစ်ရာ မတွေ့ရဘဲ အရိုးအိုးများနှင့် အရိုးစုတို့ကိုသာ ဆက်စပ်ဖော်ထုတ်နိုင်သည်ကို ထောက်၍ ယင်းအဆောက်အအုံကို လူများသဂြိုဟ်ခြင်းနှင့်ဆိုင်သော ဓလေ့ထုံးတမ်းကို အကြောင်းပြု၍ တည်ဆောက်ထားသည်ဟု ယူဆရသည်။ သို့သော် ယခုပေါ်ပေါက်လာသည့် အဆောက်အအုံ၏ ပုံစံသည် အိန္ဒိယအရှေ့တောင်ပိုင်း အန္ဒြာနယ်မှ နာဂဇုနကုဏ္ဍာမြို့ဟောင်းရှိ အချို့သော ဥဒ္ဒိသစေတီ ပုံစံများနှင့် ဆင်တူသည်။ ထိုမြေပေါက်စေတီများကို စတုရန်းဖိနပ်တော်ခံ၍ ထိုအထက်၌ ဝန်းပိုင်းဖြိုးမောက်သော စေတီလုံးတည်ထားခြင်းဖြစ်၏။ စေတီကြီးများ၏ ပတ်လည်၌ ဆင်ယင်ထားသော ရုပ်ကြွကျောက်ချပ်များမှ စေတီပုံများကိုထောက်၍ ထိပ်ပိုင်းမှာချွန်မနေဘဲ ခုံးမောက်နေဟန်ရှိသည်။ ဗိဿနိုးရှိ အလားတူ အဆောက်အအုံများတွင် သာမာန်လူတို့၏ အရိုးအိုးများကို မြှုပ်နှံထားခြင်း မရှိပါက ယင်းတို့ကို ဗုဒ္ဓဘာသာဆိုင်ရာ စေတီများဟု မှတ်ယူဖွယ်ရာရှိပေသည်။

**အမှတ် ၁၈ ။** ။ မြောက်ဘက်မြို့ရိုး၏ အဝင်ပေါက်ဖြစ်သော အမှတ် ၁၃ နေရာမှ အရှေ့မြောက်ဘက် ကိုက် ၃၂၀ ခန့် အကွာတွင် အိုးထိန်းတောင် သို့မဟုတ် အိုးသိန်းထောင်ဟု အမည်တွင်သော ကုန်းအစု တစ်စု ရှိသည်။ ထိုကုန်းစုတွင် ဗဟိုကုန်းမြင့်တစ်ခုနှင့် ပတ်လည်အရံကုန်းငယ် ငါးကုန်း ပါဝင်သည်။ ဗိဿနိုးမြို့ဟောင်းတွင် အရိုးအိုးများကို မြို့ပြင်၌သာမက မြို့တွင်း၌လည်း အုတ်အဆောက်အအုံများ၏ အောက်ခြေပတ်လည်တွင် မြှုပ်နှံကြောင်း သိရှိပြီးဖြစ်၏။ ထို့ကြောင့် မြို့အပြင်ဘက်တွင်လည်း အရိုးအိုးများကို မြို့တွင်းရှိ အဆောက်အအုံ ပုံသဏ္ဍာန်အတိုင်း ဆောက်လုပ်၍ မြှုပ်နှံခြင်းပြု မပြု သိသာရန် ဤကုန်းကို တူးဖော်ခဲ့ခြင်းဖြစ်သည်။

ဤကုန်းကို တူးဖော်ရာတွင် အမှတ် ၁၄ ကုန်းက အဆောက်အအုံ ပုံသဏ္ဍာန်အတိုင်းရှိ၍ ထိုထက်အနည်းငယ်ကြီးသော အုတ်အဆောက်အအုံကို တွေ့ရှိရသည်။ စတုရန်းအုတ်နံရံသည် တစ်ဘက်လျှင် ၃၄ ပေ ၆ လက်မရှည်လျား၍ လေးပေ ခြောက်လက်မထုသည်။ အတွင်းစက်ဝိုင်းသည် အချင်း ၁၆ ပေရှိ၍ အုတ်လွှာ ၂၁ လွှာအထိ ရှိသေး၏။ စတုရန်းအုတ်ခုံအစွန်းသည် အရှေ့ဘက်သို့ မျက်နှာပြုနေ၍ အဖျားတွင် လှေကားထစ်ကဲ့သို့ အဆင့်သုံးဆင့် ပါရှိသည်။

တူးကွက်၏ ဖြတ်ပိုင်းပုံကို လေ့လာခြင်းဖြင့် အဆောက်အအုံ၏ အတွင်းပိုင်းများသည် မူလကပင် ဖို့မြေနှင့် ပြည့်နှက်နေ၍ အုတ်ကျိုးအုတ်ပဲ့များသည် အုတ်နံရံအပြင်ဘက်၌သာ ထူထပ်စွာကျရောက်နေသည်ကို တွေ့ရ၏။ အဆောက်အအုံ ပတ်လည်တွင် ပကတိမြေလွှာအထက်၌ သိပ်သည်းစွာဖို့ထားသော မြေဝါလွှာရှိလေရာ ထိုမြေလွှာမှ မြေအရိုးအိုး ရှစ်လုံး တူးဖော်ရရှိလေသည်။

အဆောက်အအုံ၏သဏ္ဌာန်သည် လေးထောင့်ဖိနပ်ခံ မြေစိုက်စေတီနှင့်တူသော်လည်း ယင်းကို သင်္ဂြိုဟ်ခြင်းဓလေ့နှင့်သက်ဆိုင်သော အရိုးအိုးမြှုပ်နှံမှုအတွက် ရည်ရွယ်၍ တည်ဆောက်ခြင်း ဖြစ်တန်ရာသည်။

အဆောက်အအုံ၏ အထက်ပိုင်းသည် ပြိုပျက်သွားပြီဖြစ်သဖြင့်လည်းကောင်း၊ ထို့ပြင် အဆောက်အအုံသည် အရိုးအိုးမြှုပ်နှံသည့်ဓလေ့နှင့် သက်ဆိုင်နေသဖြင့်လည်းကောင်း ယင်းကို စေတီဟု မုချမမှတ်ယူသာဘဲ ရှိချေသည်။


**အမှတ် ၂၄။** ။ ဗိဿနိုးမြို့ဟောင်းသည် ကျယ်ဝန်းလှသဖြင့် တူးဖော်သင့်သော နေရာအားလုံးကို ကုန်စင်အောင်တူးဖော်ရန် မဖြစ်နိုင်ချေ။ မြောက်ဘက်ပိုင်းတွင် အတော်အသင့် နှံ့စပ်အောင် လုပ်ငန်းဆောင်ရွက်ထားသဖြင့် တောင်ဘက်ပိုင်း၌လည်း ကျေနပ်လောက်အောင် လေ့လာနိုင်ရန် အမှတ် ၉ ကုန်း၏ အနောက်မြောက် ကိုက် ၁၀၀ အကွာတွင် ကုန်းငယ်တစ်ခုကို တူးပါသည်။

၎င်းနေရာတွင် အုတ်လွှား ခြောက်လွှားမျှသာကျန်သော အဆောက်အအုံငယ်တစ်ခုကို တွေ့ရသည်။ ပန္နက်မှာ စတုရန်းဖြစ်၍ တစ်ဘက်လျှင် ၂၂ ပေ၊ ကိုးလက်မ ရှည်လျားသည်။ အုတ်နံရံများသည် နှစ်ပေငါးလက်မထူ၏။ အဆောက်အအုံတောင်ဘက်ပိုင်းတွင် အလျား ၂၂ ပေ ကိုးလက်မ၊ အနံ သုံးလက်မရှိသော အုတ်အခင်း ကျန်ရှိသေးသည်။ ပကတိ မြေလွှာအထက်တွင် အဆောက်အအုံပတ်လည်၌ မြေစေးအလွှာတစ်ခု ရှိသည်။ ယင်းမြေလွှာတွင် အရိုးအိုး ကိုးလုံး မြှုပ်နှံထားသည်ကို တွေ့ရ၏။ အဆောက်အအုံကို အောက်ခြေပိုင်း၌သာ တွေ့မြင်ရသဖြင့် မည်မျှမြင့်မားအောင် ဆောက်လုပ်ခဲ့ကြောင်း မသိသာချေ။ အရိုးအိုးမြှုပ်နှံခြင်းနှင့် သက်ဆိုင်သော စုဝေးရာခန်းမအဖြစ် ဆောက်လုပ်ထားသည်ဟု ခန့်မှန်းရသည်။


## ( င ) အထွေထွေ

**အမှတ် ၁ ။** ။ ၎င်းကုန်းသည် သချိုင်းကုန်းဖြစ်၍ အနီးအနားရှိ အခြားသော သချိုင်းကုန်းများကဲ့သို့ပင် သုံးပေခွဲမျှသာ မြင့်သော ကုန်းမို့မို့ကလေး ဖြစ်သည်။ ကုန်း၏ အတိုင်းအတာမှာ အရှေ့မှအနောက်သို့ အလျား ၄၈ ပေ၊ တောင်မှမြောက်သို့ ၂၄ ပေ ရှိ၏။ ၎င်းနေရာတွင် စောက်နက်နက်တူးရန် မလိုသည့် အလျောက် ကုန်းတစ်ခုလုံးကို ရှစ်ပေပတ်လည်ရှိသည့် စတုရန်းကွက်များ ပန္နက်စွဲကာ မြေတူးရမည့် နှုတ်ခမ်းစပ်အဖြစ် အတွင်းဘက်သို့ ခြောက်လက်မအကွာ၌ သတ်မှတ်ထား၏။

၎င်းသချိုင်းကုန်းကို တူးဖော်ရာတွင် စတုရန်းကွက်များ ပြုလုပ်ထားဟန်ရှိသော အုတ်ရိုးနိမ့်နိမ့်များ ပေါ်လာသည်။ ၎င်းကုန်းသည် လှည်းများ ဖြတ်ကျော်မောင်းနှင်ရာလမ်း၌ ကျရောက်နေသောကြောင့် အစွန်အနားများ ပြိုပျက်လျက်ရှိသဖြင့် ထိုအုတ်ရိုးများကို မူလအကျယ်အဝန်းအတိုင်း မတွေ့နိုင်တော့ချေ။ အရှေ့တောင်ဘက်မှ အနောက်မြောက်ဘက်သို့ ယှဉ်ပြိုင်စီတန်းနေသော အုတ်ရိုးကလေးသာ တူးဖော်ချိန်၌ ကျန်ရှိနေသေးသည်။ ယင်းတို့သည် တစ်ခုနှင့်တစ်ခု ခြောက်ပေမှ ရှစ်ပေအထိ ကွာခြားကြ၏။ အလယ် နှစ်တန်းတွင် ကျင်တွယ်ကိုက် အုတ်ရိုး နှစ်တန်းနှင့် ဆက်စပ်နေလေရာ စတုရန်း ပန္နက်ပေါ်နေ



အမှတ် ၁၅၊ မြောက်ဖက်မြို့ဝင်ပေါက်ပုံပေါ်လာပုံ။



သို့မဟုတ် အကျယ်မှာ တစ်ပေခွဲမျှသာဖြစ်၍ အသုံးပြုထားသော အုတ်ချပ်များမှာ အလျား ၁၈ လက်မ၊ အနံ ကိုးလက်မ၊ ထု သုံးလက်မမျှရှိလေသည်။ ထောင့်ဖြတ်အုတ်ရိုးများကို အပြည့်အစုံမတွေ့ရသော်လည်း မူလ၌ စတုရန်းအကွက်များပေါ်အောင် စီထားခဲ့ဟန်တူသည်ကို ထင်ရှားစွာတွေ့မြင်ရ၏။ ဤသို့အားဖြင့် အလယ်ဗဟိုစတုရန်း၏ အရှေ့ဘက်တွင် ရှည်လျား၍ တောင်ဘက်အုတ်ရိုးလပ်နေသော အကွက်ကိုလည်းကောင်း၊ အနောက်ဘက်နှင့်တောင်ဘက်တွင် အုတ်ရိုးအပိုင်းအစများဖြင့်သာ ခြံရံနေသော အကွက်များကိုလည်းကောင်း ယခုအခါ တွေ့မြင်နိုင်သည်။ အုတ်ရိုးများအောက်တွင် ပကတိမြေသားကို မြင်နိုင်သည် ဖြစ်ရာ သာမန်မြေပြန့်ပေါ်၌ အုတ်တန်းများဖြင့် စီမံထားသည့် အကန့်များအတွင်းတွင် အရိုးအိုးတို့ကို နေရာချကာ မြေဖြင့်ဖုံးလွှမ်းထားကြောင်း သိသာသည်။ ယခု တူးဖော်ရာ၌ လေးထောင့် အကွက်အတွင်းတွင် အိုးတစ်လုံးမျှမတွေ့ရသော်လည်း ယင်းအကွက်၏ အရှေ့ဘက်၌တည်ရှိသော ရှည်လျားလျားအကွက်မှ အရိုးအိုး လေးလုံး၊ အနောက်ဘက်အကွက်မှ အိုးအကောင်းနှစ်လုံးနှင့် ကွဲအက်ပျက်စီးနေသော အိုးတစ်လုံး၏ အပိုင်းအစတို့ကို ဖော်ထုတ်ရရှိလေသည်။ ထိုအိုးများသည် အရောင်မတင် စဉ့်ရည်မသုတ် သာမန်အနီရောင်အိုးများသာဖြစ်ကြ လျက် မထူလွန်း မပါးလွန်းချေ။ ထိုအိုးများတွင် အသင့်အတင့်မျှနယ် ထားချခဲ့သည့် လက္ခဏာကို တွေ့မြင်ရ၏။ အိုး ခုနစ်လုံးသည် ပုံသဏ္ဌာန်အားဖြင့် တစ်မျိုးစီဖြစ်၍ သပိတ်ပုံသဏ္ဌာန်လုံးများမှအပ အခြားအိုးများတွင် ဖောင်းကြွသောအထွန့်များ သို့မဟုတ် အရေးအခြစ် လက်ခတ်ရိုက်နှိပ်ရာများ ပါရှိလေသည်။

အဆိုပါ အရိုးအိုးများတွင် မီးကျွမ်းပြီးဖြစ်သော အရိုးစုနှင့် ပြာများသာလျှင်မဟုတ်၊ မြေစေးများလည်း ပြည့်နှက်နေလေ၏။ အဖုံးပါသော အိုးလေးလုံးအနက် သုံးလုံးတို့တွင် အဖုံး၏ ဗိရာများအတွင်း မြေစိုင်ပေါ်တွင် စွဲထင်နေသည်ကိုတွေ့ရ၏။ အုတ်ရိုးအကွက်များကို ဖုံးလွှမ်းထားသော ဖို့မြေများ လေးလံစွာ ဖိနှိပ်မှုကြောင့်လည်းကောင်း၊ ကုန်းပေါ်မှဖြတ်သွားသော လှည်းများ၏ဒဏ်ကြောင့်လည်းကောင်း၊ နှစ်မြှုပ်နေသောအိုးတို့သည် ကွဲအက်ကြေမွနေကြလေသည်။ သို့သော် အတွင်းမြေသား၏ စေးကပ်မှုကြောင့် တစ်ပိုင်းတစ်စစီ ကစင့်ကလျားဖြစ်မနေချေ။ ထို့ကြောင့် တူးဖော်လိုက်သည့်အခါတွင် အိုးများသည် အပိုင်းပိုင်းအစစဖြစ်၍နေသည်ကို တွေ့ရသော်လည်း အချို့ကို ပြန်လည်ဆက်စပ်ယူနိုင်လေသည်။

ဖို့မြေများအတွင်းမှ သံချောင်းအလတ်စား နှစ်ချောင်း၊ မြေဖြင့်ပြုလုပ်ထားသော လောက်စာလုံး သို့မဟုတ် ပေသီး၊ ရှုပ်ပစ်သည့်အခါအသုံးပြုသည့် ရွှံ့စေးဖြင့်ပြီးသော ရှုပ်ဒိုးတစ်ခုတို့ကို တွေ့ရှိရလေသည်။ အင်ကြွင်းကျောက်အပိုင်း နှစ်ခုကိုလည်း ဤနေရာ ဖို့မြေအတွင်းမှပင် ရရှိခဲ့၏။ ယင်းပစ္စည်းများသည် မြှုပ်နှံထားသော အရိုးတို့နှင့် မည်သို့မျှ မပတ်သက်သည်ကို တွေ့ရသဖြင့် ဓလေ့ထုံးတမ်းအရ အိုးများနှင့်အတူ မြှုပ်နှံထားသောပစ္စည်းများမဟုတ်ဟု ယူဆရသည်။

သရေခေတ္တရာ၌ ရှေးယခင်က တူးဖော်လေ့လာချက်များအရ အရိုးအိုးသင်္ချိုင်းများသည် ပျူယဉ်ကျေးမှု၏ လက္ခဏာတစ်ရပ်ဟု အတိအကျ သိမှတ်နားလည်ထားကြ၏။ ပျူလူမျိုးတို့သည် မီးသင်္ဂြိုဟ်သော ဓလေ့ရှိ၍ ကြွင်းကျန်ရစ်သော အရိုးနှင့် ပြာများကို ကျောက်အိုးများ၊ မြေအိုးများတွင် ထည့်သွင်း၍ မြှုပ်နှံလေ့ရှိကြ၏။ ကျောက်အိုးများကို မင်းဆွေစိုးမျိုးများအတွက် အသုံးပြုလေ့ရှိကြ၏။ အရိုးပြာအိုးများကို တောင်စောင်းတွင် လည်းကောင်း၊ မြေပြန့်တွင် လည်းကောင်း၊ အုတ်စင်္ကြံများပေါ်တွင် မြေဖို့၍ လည်းကောင်း၊ ကျယ်ပြန့်သော သင်္ချိုင်းအဖြစ် သို့မဟုတ် တစ်သီးတစ်ခြား သင်္ချိုင်းငယ်များအဖြစ် မြှုပ်နှံလေ့ရှိကြောင်းကိုလည်း အခိုင်အလုံတွေ့ရှိရခြင်းကြောင့် ဗိဿနိုးနှင့် သရေခေတ္တရာတို့သည် ယဉ်ကျေးမှုအားဖြင့် ဆက်စပ်နေကြောင်း သိသာသည်။

**အမှတ် ၂၁။** ။ ဤကုန်းသည် နန်းတော်ကုန်းမှ အနောက်တောင်ဘက် ကိုက် ၇၀၀ ခန့် ကွာဝေး၍ အင်းကြီး၏ အရှေ့ဘက် ကမ်းစပ်တွင် တည်ရှိသည်။ အချို့က ရွှေကျင်ကုန်းဟု ခေါ်သော်လည်း အစဉ်အလာအားဖြင့် ကျောင်းကြီးကုန်းဟု ခေါ်ကြောင်းသိရသည်။ ကုန်း၏မျက်နှာပြင်ပေါ်တွင် သံပါသော ကျောက်သေး ကျောက်ဖွဲများ၊ အင်္ဂတေ အပိုင်းအစများ၊ အိုးခြမ်းပဲ့ အစအနများနှင့် အုတ်ကျိုးအုတ်ပဲ့များကို တွေ့ရသည်။

ကုန်း၏အမြင့်ဆုံးနေရာသည် မြေပြင်ထက်မှ ၀ါးပေမျှ မြင့်သော်လည်း တူးဖော်လိုက်သည့်အခါတွင် အုတ်အဆောက်အအုံကြီးတစ်ခု၏ အောက်ခြေပိုင်း အုတ်လွှာအနည်းငယ်ကိုသာ တွေ့မြင်ရ၏။ သိုက်ဆရာများ ဖျက်ဆီးသည့်ဒဏ်ကို ခံခဲ့ရသည့်အလျောက် အဆောက်အအုံမှ ကြွင်းကျန်သော အစိတ်အပိုင်းများဖြင့် မူလပန္နက်ကိုပင် ပြည့်စုံအောင် ဖော်ထုတ်ရန် မလွယ်ကူချေ။ အကြမ်းအားဖြင့် အဆောက်အအုံ၏ပန္နက်တွင် စတုဂံခန်းမကြီးနှင့် မြောက်ဘက်လှည့် ဆင်ဝင်ခန်းတစ်ခု ပါရှိသည်။ ကြွင်းကျန်သမျှ အုတ်ရိုးကို ချင့်ချိန်၍ မူလက အခန်းမကြီးသည် အလျား ၄၄ ပေ၊ အနံ ၂၈ ပေ၊ ဆင်ဝင်ခန်းသည် အလျား ၂၅ပေ အနံ ၁၅ ပေ ရှစ်လက်မ ရှိကြောင်း သိရ၏။ ယင်းအဆောက်အအုံကို အုတ်တံတိုင်း ကာရံခဲ့သော်လည်း ယခုအခါ တောင်ဘက်တံတိုင်းနှင့် မြောက်ဘက်တွင် အပိုင်းအစ အောက်ခံအုတ်လွှာများကိုသာ တွေ့နိုင်လေသည်။

ဤအဆောက်အအုံက အုတ်များသည် အလျား ၁၅လက်မ၊ အနံ ခုနစ်လက်မ၊ ထု နှစ်လက်မခွဲရှိသဖြင့် အခြား အဆောက်အအုံများက အုတ်များထက် သေးငယ်လေသည်။ အဆောက်အအုံအတွင်းနှင့် ဘေးပတ်ဝန်းကျင်တွင် အရိုးအိုးတစ်လုံးမျှ မတွေ့ရချေ။ အခြား အုတ်ကုန်းများနှင့် ကွာခြားချက်မှာ အဆောက်အအုံ ပြိုပျက်မှုဆိုင်ရာ မြေလွှာမှ အင်္ဂတေဖြင့် ပြုလုပ်ထားသည့် ဗိသုကာဆိုင်ရာ အမွမ်းအပြောက်များကို တွေ့ရှိရခြင်းပင် ဖြစ်ပေသည်။ အချို့သော အင်္ဂတေပန်းနှင့် ရုပ်ကြွ ရုပ်လုံးတို့သည် ပုဂံခေတ်လက်ရာများနှင့် ဆင်တူ၏။ အိုးခြမ်းကွဲများတွင်လည်း ပုဂံက လည်တံရှည် ရေဖြန်းအိုးသဏ္ဌာန်များ ပါဝင်သည်။ ဤကုန်းနေရာကို ရှေးအခါမှစ၍ ယခုခေတ်တိုင်အောင် အသုံးပြုခဲ့ကြောင်းမှာ အုတ်ကုန်း၏ အနောက်တောင်ဘက် ၆၈ ပေ အကွာ၌ ရေတွင်းဟောင်းတစ်ခု ရှိသည်ကို ထောက်၍သိရှိနိုင်၏။ ယခုကြွင်းကျန်နေသော အဆောက်အအုံပျက်သည် ရှေးဦး ဗိသနိုးခေတ်နှင့် မသက်ဆိုင်ဘဲ ခရစ်နှစ် ၁၁ ရာစုနှင့် ၁၃ ရာစုအတွင်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းရသည်။

**အမှတ် ၂၂။** ။ နန်းတော်ကုန်းပေါ်တွင် အနောက်မြောက်ပိုင်း၌ သောက်တော်ကန်ဟုခေါ်စမှတ်ပြုသော ချိုင့်ဝှမ်းတစ်ခု ရှိ၏။ နွေအခါတွင် ခြောက်သွေ့နေ၍ မိုးရာသီ၌သာ ရေအနည်းငယ် ရှိသည်။ သောက်တော်ကန်ဟု အမည်တွင်သည့်အတိုင်း နန်းမြို့တွင်းအတွက် အထူးတလည် စီမံထားသော ရေကန်ဟုတ်၊ မဟုတ်နှင့် အခြားမည်သည့် ထူးခြားချက်များ ရှိ၊ မရှိကို စူးစမ်းရန်အတွက် ဤနေရာတွင် ကျင်းရှည်ဖြတ်၍ တူးဖော်ပါသည်။ ဖြတ်ပိုင်းတွင် မြေလွှာနှစ်လွှာကိုသာ တွေ့ရသည်။ အထက်လွှာသည် ညိုမည်းသော မြေပွဖြစ်၍ အောက်အလွှာမှာမူ သိပ်သည်းသော မြေဝါဖြစ်သည်။ နုန်းမြေအလွှာကို မတွေ့ရသဖြင့် ဤကန်ကို မိုးရေခံခြင်းအတွက်သာ အသုံးပြု၍ ယင်းသည် ကာလကြာမြင့်စွာကပင် တိမ်ကောသွားခဲ့သည်ဟု ယူဆရသည်။ ဤနေရာမှ ရှေးဟောင်းပစ္စည်းတစ်စုံတစ်ခုမျှ မတွေ့ရချေ။

**အုတ်အရွယ်အစား**

အထက်ဖော်ပြပါ မြို့ရိုးနှင့်အဆောက်အအုံများတွင် အမှတ် ၂၀ မှလွဲ၍ အားလုံး အုတ်အရွယ်ကြီးကြီးကိုသာ အသုံးပြုထားလေသည်။ အကြီးဆုံးအရွယ်မှာ အလျား လက်မ ၂၀၊ အနံ ၁၀ လက်မခွဲ၊ ထု သုံးလက်မခွဲဖြစ်၍ အငယ်စားမှာ အလျား ၁၇ လက်မခွဲ၊ ထု နှစ်လက်မခွဲဖြစ်သည်။ ပျမ်းမျှအရွယ်အစားဖြစ်သော အနံ ၁၈ လက်မမှ ၁၉ လက်မအထိရှိသည့် အုတ်ကို အများဆုံးအသုံးပြုသည်။ ယင်းအုတ်အချိုးအစားများကို သရေခေတ္တရာ၌လည်း အမြောက်အမြား တွေ့ရ၏။

ကုန်းအမှတ် ၂၀ ရှိ အဆောက်အအုံသည် အခြားအဆောက်အအုံများထက် ရှေးမကျချေ။ ယင်းကို အလျား ၁၅ လက်မ၊ အနံ ခုနစ် လက်မ၊ ထု နှစ်လက်မခွဲ ရှိသော သေးငယ်သည့်အုတ်များဖြင့် တည်ဆောက်ထားသည်ကို တွေ့ရ၏။ လှေကားထစ်များနှင့် တံတိုင်းနိမ့်နိမ့်များအတွက် ထောင့်စွန်းတစ်ဘက်ကို ခုံးလျှော၍ရွေထားသော အုတ်များကို အသုံးပြု၏။ များသောအားဖြင့် အုတ်များကို မီးမဖုတ်မီ လက်ချောင်းနှစ်ချောင်း သို့မဟုတ် သုံးချောင်းဖြင့် အုတ်ပြားတစ်မျက်နှာတွင် အရေးအကြောင်းများကို ဆွဲထားလေ့ရှိ၏။ အချို့ အုတ်များတွင် သရေခေတ္တရာအုတ်များနည်းတူ ပျူဂဏန်းနှင့်ဆင်တူသော အရေးအခြစ်များပါရှိ၏။ အုတ်များကို မဖုတ်မီ မတော်တဆ တက်နင်းမိသဖြင့် လူကြီးခြေရာ၊ ကလေးခြေရာ၊ ခွေးခြေရာပုံစံထင်နေသော အုတ်တစ်ချပ်စီကိုလည်း တွေ့ရ၏။

အဆောက်အအုံ နံရံများသည် ထုထည်ကြီးမားလေ့ရှိသဖြင့် အပြင်လွှာများကို အုတ်ကောင်းများဖြင့်စီ၍ အတွင်းပိုင်းတွင် တည်ဆောက်စဉ်ကပင် အုတ်တစ်ပိုင်းကျိုးများဖြင့် ဖြည့်လုပ်ကြောင်းတွေ့ရသည်။ အုတ်အရွယ်အစား ကြီးမားသောကြောင့်လည်းကောင်း၊ ဖုတ်လုပ်ရာ၌ အစီအမံညံ့သောကြောင့်လည်းကောင်း ဖုတ်သရွေ့အုတ်များကို အကောင်းပကတိရရှိခဲ့ဟန် မတူချေ။ အုတ်များတွင် စပါးခွံများထည့်သွင်း ဖုတ်လုပ်ထားသည်ကိုလည်း တွေ့ရ၏။

**မြေအိုးမြေခွက်များ**

မြေအိုးမြေခွက်များသည် ရှေးဟောင်းသုတေသနကိစ္စအတွက် အဖိုးတန်သော ဝတ္ထုပစ္စည်းများပေတည်း။ ချက်ပြုတ်စားသောက်သော လူ့အဖွဲ့အစည်းမှန်သမျှသည် အိုးအင်ခွက်ယောက်တို့ကို အသုံးပြုကြရသည်။ ထို့ကြောင့် အိုးခြမ်းကွဲများတွေ့ရသည့် နေရာတိုင်း၌လိုပင် အနည်းဆုံး လူသူတစ်ကြိမ်တစ်ခါ နေထိုင်သွားကြောင်း သိနိုင်၏။ မြေအိုးမြေခွက်များသည် ကွဲလွယ်ပျက်လွယ်၍ သက်တမ်းမရှည်လှချေ။ အစဉ်မပြတ် ထုတ်လုပ် နေရပေသည်။ ယင်းသို့ အကြိမ်ကြိမ်အိုးသစ်များ ဖုတ်လုပ်ရသော်လည်း တစ်ရပ်တစ်ဒေသတွင် သုံးစွဲသော အိုးခွက်အမျိုးအစားတို့ကို ပုံစံသစ်တီထွင်ကာ အစားထိုးအသုံးပြုခြင်း နည်းပါးလေ့ရှိသည်။ ထို့ကြောင့် ယဉ်ကျေးမှုအင်္ဂါတစ်ရပ်ဖြစ်သော အိုးခွက်ပုံစံတို့ကို ချင့်ချိန်၍ သုံးစွဲသော လူမျိုးတို့၏ ယဉ်ကျေးမှုအဆင့်အတန်းကို သုံးသပ်နိုင်၏။ ခေတ်အပိုင်းအခြားကိုလည်း မှန်းဆနိုင်၏ မြေအိုးသည် ကွဲလွယ်ပျက်လွယ်သည်မှန်သော် လည်း အိုးခြမ်းအစအနများအဖြစ်သို့ ရောက်ရှိသွားသောအခါ ဆွေးမြည့်သွားသည် မရှိလှချေ။ သတ္တုများကဲ့သို့ သံချေးတက်ခြင်း၊ ကြေးညှိတက်ခြင်းလည်း မရှိချေ။ နှစ်ပရိစ္ဆေ ကြာမြင့်စွာ သဘာဝအခြေအနေ မပြောင်းသည့်အပြင် အသုံးမဝင်တော့သဖြင့် ရွှေ့ပြောင်းသယ်ယူခြင်းလည်း မရှိသောကြောင့် များသောအားဖြင့် အိုးခြမ်းကွဲများကို မူလ အသုံးပြုသောနေရာ၌ပင်

တွေ့ရ၏။ ထို့ကြောင့် အဖိုးတန် ရွှေ၊ ငွေ ပစ္စည်းနှင့် ဒင်္ဂါးများထက် ယင်းတို့သည် သမိုင်းအထောက် အထားကောင်းများ ဖြစ်ကြ၏။ သို့သော်လည်း မည်သို့ပင်ဒေသနှင့် ခေတ်ကာလကွာခြားစေကာမူ အချို့ အိုးခွက်အမျိုးအစားများကို အရပ်ရပ်တွင်တွေ့ရှိနိုင်ရာ ပုံစံတူရုံမျှဖြင့် ယဉ်ကျေးမှုတူညီသည်ဟု တထစ်ချ မမှတ်ယူနိုင်ချေ။ ထို့ကြောင့် တွေ့သမျှအိုးခွက်များကို ကျယ်ကျယ်ပြန့်ပြန့် နှိုင်းယှဉ်ဝေဖန်နိုင်ရန် ပုံစံဇယား များ ပြုစုထားရန်လိုပေသည်။ ယင်းသို့ စနစ်တကျ မှတ်တမ်းပြုစုခြင်းကို ဗိဿနိုးတူးဖော်မှု လုပ်ငန်းမှသာ လျှင် စတင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အိုးခွက်သုတေသနသည် ယခုအခါ အခြေပျိုးရုံမျှသာရှိသေးသည်။ ဤစာတမ်းတွင်ကား အမျိုးအစားအသေးစိတ်ခွဲခြားလေ့လာသည့် မှတ်တမ်းများကို ချန်လှပ်ထားပါသည်။


ဗိဿနိုးမြို့ဟောင်း တူးဖော်မှုများမှ လေ့လာရသည့် မြေလွှာတို့ကို ထောက်ရှု၍ အုတ်ကုန်းများသည် အဆောက်အအုံပြိုပျက်ရာမှ ဖြစ်ပေါ်ခဲ့သဖြင့် မြေလွှာခြားနားသော်လည်း ခေတ်ကာလခြားနားမှု မရှိကြောင်းသိရ၏။ အမှတ် ၂၁ အဆောက်အအုံမှလွဲ၍ အခြားအဆောက်အအုံများသည် ဗိဿနိုးရှေးဦးခေတ် နှင့် သက်ဆိုင်ပေသည်။ အမှတ် ၂၁ သည် အတန်နှောင်းသောကာလ ( ပုဂံခေတ်ခန့် ) နှင့် သက်ဆိုင်၏။

ဗိဿနိုးခေတ်ဦးနှင့်ဆိုင်သော အိုးခွက်တို့ကို အဆောက်အအုံ အမှတ် ၂ မှ အများဆုံးတွေ့ရသည်။ အရိုးအိုးများနှင့် အရိုးအိုးအပိုင်းအစများကိုမူ အမှတ် ၁ သင်းချိုင်းကုန်းနှင့် မြို့တွင်းမြို့ပြင်ရှိ ဘာသာရေး သို့မဟုတ် ထုံးဓလေ့နှင့်ဆိုင်သော အဆောက်အအုံများမှ တွေ့ရ၏။ အိုးများကို အိုးထိန်းစက်ဖြင့် ပုံဖော် ထုတ်လုပ်ကြောင်း သိသာသည်။ အမွှမ်းအမံများ၊ အိုးငယ်များနှင့် ဆီမီးခွက်အချို့ကိုသာ လက်ဖြင့်ပုံ ဖော်သည်။ မီးဖုတ်ရာ၌ မကျက်သော အိုးများကို အနည်းငယ်သာတွေ့ရသည်။


ရေတည်အိုး သို့မဟုတ် ရိက္ခာသိုလှောင်အိုးကြီးများ၊ နှုတ်သီးတပ်အိုးများ ချက်ပြုတ်အိုးများနှင့် အင်တုံပက်ပက်များသည် အိမ်တွင်း အသုံးအဆောင်များဖြစ်ကြသည်။ မွမ်းမံ ခြယ်လှယ်ထားသည့် အိုး များနှင့် သပိတ်ပုံအိုးတို့ကို အရိုးအိုးအဖြစ်သုံးလေ့ရှိကြောင်း တွေ့ရသည်။ ဖော်ထုတ်ရရှိသည့် အိုးခြမ်း များအနက် ၉၀ ရာနှုန်းခန့်မျှသည် မချောလွန်း မကြမ်းလွန်းဘဲ မြေသားအလတ်တန်းစားမျှ ဖြစ်သည်။ ယင်းတို့ကို အရောင်တင်ခြင်း၊ ဆေးသုတ်ခြင်း မရှိချေ။ သပိတ်ပုံအိုးများ၊ လည်တံရှည် ရေဖျန်းအိုးများ နှင့် အိုးငယ်အချို့ မှာမူ နယ်သားကျသော ရွှံ့စေးပါသည့်မြေဖြင့် ပြုလုပ်ထားသဖြင့်ချောမွေ့နေ၏။ ယင်း တို့ကို အနီရောင်စပ်ကာ ဖုတ်လုပ်ထားလေ့ရှိသည်။

အရေးအခြစ်နှင့် ပုံနှိပ်တံဆိပ်များပါသော အိုးခြမ်းအနည်းငယ်ကိုသာ တွေ့ရ၏။ အဝါရောင် အိုးခြမ်း တစ်ခုနှင့် ဆေးနက်ဖြင့်ခြယ်လှယ်ထားသော အိုးခြမ်းနှစ်ခုကိုလည်း တွေ့ရသည်။ လွန်စွာပါးလွှာ၍ အပြင် သား၌ ပြောင်လက်သောအနီနုရောင်ရှိသည့် အိုးခြမ်းအစအနများတွင် အတွင်းသား၌ အဝတ်စဖြင့် ဖိနှိပ်ရာ များပါရှိလေသည်။

အိုးများကို ခြယ်လှယ်ရာ၌ ပုံစံပါသော လက်ခတ်ဖြင့်ရိုက်ခြင်း၊ တုတ်ချောင်း သံချောင်းစသည့် အရာ ဝတ္ထုတစ်ခုခုဖြင့် အလွတ်ရေးခြစ်ခြင်းတို့ကို ပြုလုပ်၏။ ဗိဿနိုးမြို့ မှရသော အချို့ အိုးခြမ်းများတွင် ခွေးသွား စိတ်ပြုလုပ်ထားသောဘီးလို အိုးပေါ်၌ လိမ့်ထားသဖြင့် ညီညာသော ချိုင့်ရာများမှ နှစ်ရစ် သုံးရစ် ထင်နေ သည်ကိုလည်းတွေ့ရ၏။ ဤနည်းဖြင့် ခြယ်လှယ်ထားသောအိုးများသည် အိန္ဒိယတောင်ပိုင်း၊ အာရိကာမေဒု မြို့ဟောင်းတွင် ခေတ်စားခဲ့၏။ ခရစ်နှစ် ၁ ရာစုတွင် အိန္ဒိယအရှေ့တောင်ပိုင်းနှင့် ရောမပြည်တို့ ကူးသန်း ရောင်းဝယ်မှု အဆက်အသွယ်ရှိရာမှ ရောမအိုးခြယ်လှယ်မှု ပုံစံတစ်မျိုးကို နည်းယူထားသည်ဟု သုတေသီ တို့မှတ်ယူကြ၏။ ဗိဿနိုးမြို့ မှရသော ဘီးလှည့်ပုံစံများသည် အာရိကာမေဒုကပုံစံများလောက် မကောင်းမွန် သော်လည်း ခေတ်ပြိုင်လက်ရာအနေဖြင့် တိုးတက်သောအတတ်ပညာ ထွန်းကားနေကြောင်း သိရလေသည်။



အမှတ် ၂၊ ကုန်းမှုချွန်းတော်နှင့်စကြာပုံပါသော ကျောက်ပြားငယ်



တံဆိပ်ရိုက်နှက်ထားသော အိုးခြမ်းများတွင် သိရီဝစ္ဆပုံ၊ ကလသာအိုးပုံ၊ ငါးကြင်းနှစ်ကောင်ပုံတို့ ပါရှိ၏။ ဤအမှတ်အသားများသည် မဟာပုရိသလက္ခဏာများဖြစ်၍ ဟိန္ဒူဘာသာဝင်၊ ဂျိန်းဘာသာဝင်တို့နှင့်တကွ ဗုဒ္ဓဘာသာဝင်တို့ပါ အလေးဂရုပြုသော အထိမ်းအမှတ်များ ဖြစ်ကြ၏။ သိရီဝစ္ဆလက္ခဏာမှာ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းတို့၌ တွေ့ရသော ပျူဒင်္ဂါးများတွင် ထင်ရှားပေါ်လွင်စွာ ခတ်နှိပ်ထားလေ့ရှိသည့် အမှတ်လက္ခဏာတစ်ခု ဖြစ်လေသည်။

ကုန်းအမှတ် ၄ မှရရှိသော အိုးခြမ်းပဲ့များအနက် လေးထောင့်ကွက်များအတွင်း၌ ဖောင်းကြွအောင် တံဆိပ်ခတ်နှိပ်ထားသော အမှတ်အသား သုံးမျိုးပါရှိသည့် အိုးခြမ်းတစ်ခုလည်း ပါဝင်သည်။ ထိုအိုးခြမ်းငယ်၏ လက်ရာနှင့်အသွင်အပြင်သည် ကုန်းအမှတ် ၃ တွင်တွေ့ရသော အမှတ်တံဆိပ်များပါသည့် အိုးခြမ်းပဲ့များနှင့် တစ်မျိုးတစ်စားတည်းဖြစ်သည်ကို တွေ့ရ၏။ ဤကုန်းမှရသော အိုးခြမ်းပဲ့တွင် တံခွန်ကိုင်၍ကနေသော လူရုပ်တစ်ရုပ်၊ ပျူဒင်္ဂါးများတွင်ပါလေ့ရှိသော အမှတ်လက္ခဏာတစ်ခု၊ ခရုသင်းရုပ်တစ်ခုတို့ပါဝင်သည်။ ကုန်းအမှတ် ၃ မှရရှိသော ပျူဒင်္ဂါးများသည် စနစ်တကျတူးဖော်ရာမှ ပထမဦးဆုံးတွေ့ရှိရသော ဒင်္ဂါးများဖြစ်သည်။ ကုန်းအမှတ် ၃ နှင့် ၄ တို့က ပစ္စည်းများမှာမူ တစ်ခေတ်တည်းဖြစ်ကြသည့်အလျောက် အိုးခြမ်းပဲ့များအပေါ်ရှိအမှတ်အသားတို့သည် ဒင်္ဂါးခေါ်သည့် ငွေပြားဝိုင်းများပေါ်ရှိ အမှတ်အသားတို့နှင့် လက်ရာအားဖြင့် တူညီကြ၏။ ထို့ကြောင့် ဒင်္ဂါးပေါ်ရှိတြိသူလသင်္ကေတ သို့မဟုတ် နဂါးနှစ်ကောင်မျက်နှာချင်းဆိုင်ပုံဟု ခေါ်ဆိုကြသည့် အမှတ်အသားကို အိုးခြမ်းပဲ့ပေါ်တွင်လည်း ခတ်နှိပ်ထားသည်ကို တွေ့ရ၏။ အိုးခြမ်းပဲ့များပေါ်၌ ပါရှိသော အခြားအမှတ်လက္ခဏာများမှာ ကြာသွတ်အိုး ( ကလသာအိုး )၊ ခရုသင်း၊ ငါးကြင်းနှစ်ကောင်၊ လူရုပ်တို့ ဖြစ်ကြသဖြင့် မင်္ဂလာရှိသော အမှတ်လက္ခဏာများကို ပုံဖော်ထားကြောင်း သိသာလေသည်။ ယင်းသို့ဆိုသော် ပျူဒင်္ဂါးများ၌ ပါရှိသောအမှတ်အသားကို သိရီဝစ္ဆလက္ခဏာဟု မှတ်ယူပါက သင့်မြတ်မည်ဟု ယူဆရ၏။ ဤအမှတ်လက္ခဏာမျိုးကို အိန္ဒိယပြည် ရှေးဟောင်း ကျောက်စာအချို့တွင် အဦးအစ၌ တွေ့မြင်ရ၏။ သွတ္တိ * ဟူသောမင်္ဂလာစကားကို အချို့ကျောက်စာများတွင် အက္ခရာဖြင့်မရေးဘဲ သင်္ကေတ အမှတ်အသားဖြင့် ဖော်ပြလေ့ရှိသည်ကိုထောက်၍ ယခု ဆွေးနွေးလျက်ရှိသည့် အမှတ်လက္ခဏာသည် ဂြီ ဟူသော အက္ခရာကို သိရီဝစ္ဆ ပုံသင်္ကေတနှင့် ဖလှယ်ထားခြင်း ဖြစ်ဟန်တူသည်။ ထို့ကြောင့် ဗိဿနိုးမြို့ဟောင်းမှတွေ့ရသော ဒင်္ဂါးများနှင့်အိုးခြမ်းကွဲတို့တွင်ပါရှိသော အလားတူလက္ခဏာကိုလည်း သိရီဝစ္ဆလက္ခဏာဟုပင် ခေါ်သင့်ပေသည်။

အရိုးအိုးများကို အရောင်တင်ထားခြင်းမရှိချေ။ အလတ်တန်းစားမျှသာ ညက်ညောအောင် မြေသားဖြင့် ပြုလုပ်ထားသည်။ သပိတ်ပုံအိုးများကိုလည်း အရိုးအိုးအဖြစ် အသုံးပြုကြောင်းတွေ့ရ၏။ များသောအားဖြင့် အရိုးအိုးများကို လည်ရစ်၊ ဖောင်းရစ်၊ အရေးအကြောင်းနှင့် ဖောင်းတွန့်များဖြင့် ချယ်လှယ်ထား၏။ အရိုးအိုးများသည် အရွယ်လုံးပတ်နှင့် မလိုက်အောင် ပါးလျှပ်၏။ တွေ့ရသမျှပုံစံများတွင် အဖုံးထပ်ဆင်ရန် နှုတ်ခမ်းရစ်များပါလေသည်။ အဖုံး ၄၉ ခုကိုသာ မပျက်မစီးဘဲတွေ့ရ၏။ ကော့လန်နေသောအထက်ဆင့်တစ်ခုနှင့် လက်ကိုင်ဖု တပ်ဆင်ထားခြင်းသည် အဖုံးများ၏ ထူးခြားမှုက်ပင် ဖြစ်၏။ အချို့အဖုံးတို့တွင် အထက်အနား၌ ခွေးသွားစိပ် ဖော်ထားလေသည်။

သင်္ချိုင်းကုန်းအပြင် အမှတ် ၆၊ ၉၊ ၁၀၊ ၁၂၊ ၁၄၊ ၁၈၊ ၂၄၊ အဆောက်အအုံများ၏ အဟွင်းအပြင်မှ အရိုးအိုးများကို ဖော်ထုတ်ရရှိသဖြင့် ဗိဿနိုး၏ ယဉ်ကျေးမှုလက္ခဏာတစ်ရပ်မှာ အရိုးအိုးမြှုပ်နှံသည့်ဓလေ့ဖြစ်ကြောင်း မှတ်ယူရပေသည်။ အိုးများသည် မတူးမီကပင် ကွဲအက်နေသည်။ အကောင်းပကတိ ဖော်ယူရရှိသည့် အရိုးအိုးဦးရေ အလွန်နည်းပါးသည်။ မွမ်းမံခြယ်လှယ်ထားသော အိုးပုံစံများကိုထောက်၍ သင်္ချိုင်းကုန်းများနှင့် အဆောက်အအုံတို့သည် တစ်ခေတ်တည်းပင်ဖြစ်ကြောင်း သိသာ၏။

အိမ်တွင်းသုံး အိုးပုံစံအချို့ကို နောင်းခေတ်များတွင် ဆက်လက်အသုံးပြုကြ၏။ ယင်းတို့တွင် သပိတ်ပုံ အိုးလုံးများ၊ ဆီမီးခွက်များ၊ ဟင်းချက်အိုးများ၊ ရေဖြန်းအိုးများ ပါဝင်လေသည်။ ရေဖျန်းအိုးကို ပုဂံခေတ်တွင် အသုံးများကြောင်းတွေ့ရ၏။ ဆီမီးခွက်ကိုမူ ယနေ့တိုင်အောင်ပင် သုံးစွဲနေကြသေးသည်။ သပိတ်များကိုမူ ရဟန်းတော်များသာ အသုံးပြုသော်လည်း ယနေ့တိုင် အမြောက်အမြား ထုတ်လုပ်လျက်ရှိ၏။ အောက်ခြေပြန့်ပြန့် ကိုယ်လုံးမတ်မတ်နှင့် တစ်ဖြိုးတည်းရှိ၍ အထက်နှင့်အောက်ပိုင်းတွင် ဖောင်းရစ်များ ဖော်ထားသော အရိုးအိုးပုံစံတို့ကို ယခုအခါ မြေဖြင့်ပြုလုပ်သုံးစွဲသည်ကို မတွေ့ရတော့သော်လည်း သတ္တုဖြင့် ပြုလုပ်သောကွမ်းအစ်မှာ ထိုအရိုးအိုးပုံစံနှင့် တူညီသည်ဟု ဆိုရပေမည်။

အဆောက်အအုံအမှတ် ၂ မှ အိုးခြမ်းကွဲအများဆုံးတွေ့ရသည်။ မူလအိုးပုံစံကို ခန့်မှန်းရန် မဖြစ်နိုင်သော အစိတ်အပိုင်းများကို ချန်လှပ်၍ ရေတည်အိုး သို့မဟုတ် ရိက္ခာသိုလှောင်အိုးများမှ အိုးခြမ်းပဲ့ ၁၀၈၀ ချက်ပြုတ်အိုးပုံစံရှိသည့် အိုးခြမ်းကွဲ ၃၂၀၊ သပိတ်ပုံအိုးခြမ်းကွဲ ၃၆၀၊ ဆီမီးခွက်ပုံသဏ္ဌာန် ၃၀၀ တို့ကို စုဆောင်းရရှိသည်။ အရိုးအိုးပုံစံ ၁၀၀ နှင့် အခြားအိုးပုံစံ ၁၀၀ ကျော်တို့ကို ခွဲခြားမှတ်တမ်းတင်ပြီးဖြစ်သည်။

**ပုတီးများ**

ဗိဿနိုးမြို့မှ မြေပုတီးအမြောက်အမြားနှင့် ရောင်စုံကျောက်ပုတီး ၂၉ လုံးမျှကို ဖော်ထုတ်ရရှိသည်။ မြေပုတီးများကို တူးကွက်တိုင်း၌လိုပင် တွေ့ရ၍ အမှတ် ၁၇ တစ်နေရာတည်းမှပင် ၅၈၈ လုံး ရရှိ၏။ သို့သော်ထိုနေရာမှ တွေ့ရသော ပုတီးများအနက် မဖုတ်ရသေးသည်လည်းပါ၏။ ကောင်းစွာ ဖုတ်လုပ်မပြီးသေးသည်လည်း ပါ၏။ ထို့ကြောင့် အမှတ် ၁၇ အဆောက်အအုံသည် ပုတီးလုပ်ရာဌာနဖြစ်မည်ဟု ယူဆရ၏။ ထိုပုတီးများအနက် ၅၃၂ လုံးသည် သာမန်ပုတီးလုံးများဖြစ်၍ ၅၆ လုံးမှာမူ အလျားရှည်သော လေးထောင့်ပုတီးများ ဖြစ်သည်။ အခြားတူးကွက်များတွင် တွေ့ရသောမြေပုတီးတို့မှာ တစ်ဘက်ခုံးပုံစံနှင့် ကွမ်းသီးလုံးပုံစံမျိုးဖြစ်၍ ရွံ့စေးကို ကောင်းစွာဖုတ်ထားခြင်းကြောင့် ယင်းတို့သည် မာကျစ်နေပေသည်။ ထိုပုတီးများတွင် အရစ်များဖော်ထားလေ့ရှိ၏။

မြေပုတီးပုံစံများကို အသေးစိတ်ပိုင်းခြားလျှင် အောက်ပါအတိုင်းဖြစ်၏။

(၁) အလုံးပုံစံ၊ ဆီးသီးမှ ပေသီးခန့်အရွယ်အထိ
(၂) လေးထောင့်၊ အလျားရှည် ပုံစံ
(၃) ပဲကြီးစေ့ကဲ့သို့ နှစ်ဖက်ခုံး၊ အဝိုင်းပုံစံ
(၄) တစ်ဖက်ခုံး၊ အဝိုင်းပုံစံ
(၅) တစ်ဖက်ခုံး၊ တစ်ဖက်ကတော့ထိပ်ပြတ်ပုံစံ
(၆) တစ်ဖက်ခုံးဖြတ်၊ တစ်ဖက်အနည်းငယ်ခုံးသည့် ပုံစံ
(၇) နှစ်ဖက်ကတော့ဖြတ်၊ လည်ရစ်ပါပုံစံ
(၈) တစ်ဖက်ပြား၊ တစ်ဖက်ကတော့ပုံစံ
(၉) တစ်ဖက်ကတော့ဖြတ်တိုတို၊ တစ်ဖက်ခုံးပုံစံ
(၁၀) ကွမ်းသီးလုံးပုံစံ၊ လည်ရစ်တစ်ဖက်ပါ

ရောင်စုံပုတီးများကို မဟူရာ၊ စလင်းစွဲ၊ စလင်းကျောက်၊ နဂါးသွဲ့ကျောက်နှင့် ဂေါဒန်ကျောက်တို့ဖြင့် ပြုလုပ်ထားသည်။ ပုံစံအမျိုးအစားမှာ အလုံးပုံ၊ ရှည်မျောမျော အလုံးပုံ၊ နှစ်ဖက်ရှူး အလုံးပုံ၊ လေးမြှောင့်နှစ်ဖက်ကတော့ဖြတ်ပုံ၊ ခြောက်မြှောင့်နှစ်ဖက်ကတော့ဖြတ်ပုံ၊ အပြားဝိုင်းပုံ၊ ခြောက်မြှောင့်ပြားအလျားရှည်ပုံ၊ လေးထောင့်အလျားရှည်ပုံ၊ အန်စာပုံ စသည်တို့ဖြစ်၏။ ပုတီးစေ့သေးသေးအရွယ် ကော်ပုတီးအနီ၊ အဝါနှင့်အနက်များကိုလည်း ဖော်ထုတ်ရရှိသေး၏။ ကျောက်ပုတီးများကို အမှတ် ၂။ ၃၊ ၄၊ ၆၊ ၁၅ တူးကွက်များမှ ရရှိလေသည်။

## မြေထည်ပစ္စည်းများ

ဗိဿနိုးတွင် အဆောက်အအုံပေါ်များသော်လည်း မြေအိုးမြေခွက်မှလွဲ၍ အခြားဝတ္ထုများကို ဦးရေများပြားစွာ မတွေ့ရချေ။ အမှတ် ၂ အဆောက်အအုံကြီးမှ ယဉ်ကျေးမှုခေတ်ပိုင်းခြားမှုအတွက် အရေးပါသော စာတန်းတံဆိပ် ပုံနှိပ်ထားသည့် ရွှံ့တုံးကလေးတစ်ခုကို ဖော်ထုတ်ရရှိသည်။ ဤရွှံ့တုံးကလေးကို အဆောက်အအုံ၏ အပြင်ဘက်မှတွေ့ရှိရာ စနစ်တကျတူးဖော်ခြင်း၏ အကျိုးသက်ရောက်မှုကို ထင်ရှားစေခဲ့ပါသည်။ အဆောက်အအုံပေါ်ရုံမျှလည်းကောင်း၊ ထုထည်ကြီးသောပစ္စည်းများ ရရှိရန်ရည်ရွယ်၍လည်းကောင်း၊ သာမန်မြေတူးသည့်နည်းဖြင့် တူးဖော်ပါက အုတ်ကျိုးအုတ်ပဲ့နှင့် မြေစိုင်ခဲတို့ကို သယ်ပစ်ရာတွင် ရွှံ့တုံးကလေးများလည်း ရောနှော၍ပါသွားဖွယ်ရာရှိချေသည်။ နှစ်ပေပတ်လည်ခန့် မြေကွက်ကိုတူးပြီးတိုင်း မြေစိုင်များကိုခြေချ၍၊ လိုအပ်လျှင် ဆန်ခါချ၍ပင် ရှာဖွေခြင်းကြောင့် ပုတီးစေ့များကဲ့သို့သော အသေးအဖွဲပစ္စည်းများကို စုဆောင်းရရှိခဲ့ခြင်း ဖြစ်သည်။

အက္ခရာတံဆိပ်နှိပ်ရာတွင် ပါရှိသော ရွှံ့တုံးကလေးသည် နဂိုအတိုင်းမဟုတ်ဘဲ ကျိုးပဲ့ပျက်စီး၍ တစ်ဝက်တစ်ပျက်ကျန်နေသော တံဆိပ်ပင်ဖြစ်သည်။ အတွင်းသဏ္ဌာန်ကို ထောက်ရှုခြင်းဖြင့် မူလ၌ အရာဝတ္ထုပစ္စည်းတစ်ခုခုကို ယခုခေတ်အခါတွင် ချိတ်ပိတ်၍ တံဆိပ်ခတ်နှိပ်သည့်နည်းတူ သံတိုင်ကဲ့သို့သော လုံးလုံးရှည်ရှည်ပစ္စည်းတစ်ခုကို ကြိုးဖြင့်ရစ်ပတ်ကာ ရွှံ့စေးဖြင့် ဖုံးအုပ်ထားဟန်ရှိလေသည်။ ထိုရွှံ့စေးအပေါ်တွင် တံဆိပ်ပုံစံဖြင့် ဖိနှိပ်၍ အမှတ်လက္ခဏာစွဲထင်အောင် ပြုလုပ်ထား၏။ ယင်းသို့ချည်နှောင်ဖုံးပိတ်ထားသောအရာသည် ဝတ္ထုပစ္စည်းတစ်ခုခု၏ အစွန်းပိုင်းမျှသာဖြစ်တန်လျက် ပင်ကိုအစိတ်အပိုင်းမှာမူ မည်သို့ဖြစ်သည်ကို အထောက်အထားများ ရှာမတွေ့ရတော့ချေ။ အဆောက်အအုံ မီးလောင်ပျက်စီးသည့်အခါတွင် ရွှံ့တုံးကလေးလည်း မီးသင့်၍ နှစ်ခြမ်းကွဲသွားဟန်တူသည်။ ရွှံ့တုံးအပေါ်၌ မူလက တံဆိပ်ခတ်နှိပ်ရာ အမှတ် လေးခုပါရှိဟန်တူ၏။ ရွှံ့တုံးသည် ထောင်လိုက်ထောင့်တန်းကွဲသွားသဖြင့် တံဆိပ်အမှတ်အပိုင်း နှစ်ပိုင်းကိုသာ ယခုတွေ့မြင်နိုင်၏။

တံဆိပ်၏ အလယ်ဗဟိုတွင် ဗိန္ဒုပြောက်တစ်ခုပါ၍ စာတန်းကို ပတ်လည်ဝိုင်း၍ ရေးထိုးထား၏။ ဗိဿနိုးတူးဖော်မှု ပဓာနအစီရင်ခံစာတွင် ယင်းစာတန်းကို သိရိမပတရယ သို့မဟုတ် သိရိမိတရယ ဟူ၍ ဖတ်ရှုရကြောင်း ဖော်ပြထားပါသည်။ ရွှံ့တုံးကလေးသည် မီးလောင်ထားပြီးဖြစ်သည့်အပြင် တံဆိပ်အနားပိုင်းများသည်လည်း ပွန်းပဲ့လျက်ရှိနေပြီဖြစ်သဖြင့် ကျန်အပိုင်းနှစ်ခုကို ဆက်စပ်လေ့လာမှ ပြည့်ပြည့်စုံစုံ ဖတ်နိုင်တော့သည်။ ယခုတစ်ဖန် တံဆိပ်ပါစာတန်းကို သေချာစွာလေ့လာသည့်အခါတွင် စာတန်း၏အစနှင့် အဆုံးအကြားတွင် အက္ခရာမဟုတ်ဘဲ စကြာပုံအမှတ်လက္ခဏာ ရေးထိုးထားသည်ကို တွေ့ရ၏။ သိရိဟူသော စာလုံးများသည် စကြာအမှတ်ရှေ့၌ ကျရောက်နေပါသည်။ ထို့ကြောင့် စာတန်းကို ပြန်လည်



အမှတ် ၅၊ ကုန်းမှ ကိန္နရီရုပ်။

ဖတ်ရှုရာ၌ သံဃသိရိဟူ၍ ဖတ်နိုင်ပါသည်။ စကြာတံဆိပ်တွင် လက်တံများသည် ထောင့်မှန်ချိုးမနေဘဲ ကောက်ကွေးနေသဖြင့်လည်းကောင်း၊ အထက်ပိုင်းတွင် တံဆိပ်အနားနှင့် ဆက်နေသဖြင့်လည်းကောင်း ယင်းအမှတ်လက္ခဏာကို မ ပ အက္ခရာများဟု ထင်မှတ်ခဲ့ပါသည်။ ထို့ပြင် တ နှင့် ရ ဟူ၍ ယူဆသော အရေးအသားသည် အက္ခရာနှစ်လုံးမဟုတ်ဘဲ သ အက္ခရာတစ်ခုတည်းသာ ဖြစ်သည်။ အိန္ဒိယတောင်ပိုင်း အမရဝတီမြို့ဟောင်းတွင် စေတီပုထိုးများ၌ ကျောက်ဗုဒ္ဓဝင်ရုပ်ကြွများ ထုလုပ်ပူဇော်ရာဝယ် ကောင်းမှုရှင် နာမည်များကို ကမ္ပည်းရေးထိုးထားလေရာ ဓမ္မသိရိ၊ ဒီဃသိရိ၊ အဂ္ဂိသိရိ၊ နာဂသိရိ စသောဘွဲ့မည်များ ပါရှိလေသည်။ ထို့ကြောင့် သံဃသိရိဟူသော အမည်သည်လည်း ကျောင်းတိုက်ပုံစံရှိသော အမှတ် ၂ အဆောက်အအုံကြီးကို ဆောက်လုပ်လှူဒါန်းသော ကုသိုလ်ရှင်တစ်ဦး၊ သို့မဟုတ် ကျောင်းတိုက်တွင် သီတင်းသုံးသွားသော သံဃာတစ်ပါး၏ ဘွဲ့အမည်ဖြစ်နိုင်ပေသည်။ ယင်းဘွဲ့တံဆိပ်တွင် အက္ခရာသုံးလုံး သာပါရှိသဖြင့် ကမ္ပည်းစာအရေးအသားကို ထောက်၍ရေးထိုးထားသော ခေတ်ကာလကို တိတိကျကျ မဆုံးဖြတ်နိုင်သော်လည်း အိန္ဒိယတောင်ပိုင်း၌ ၂ ရာစုခန့်က အသုံးပြုသော ဗြဟ္မီအက္ခရာများနှင့် နီးစပ်သည်ဟု ဆိုနိုင်ပါသည်။ ကောက်ကွေးသောလက်တံများဖြင့် စကြာပုံရေးဆွဲခြင်းကို လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင်ကျော်က အိန္ဒိယတောင်ပိုင်း ဂူပုထိုးနံရံများ၌သာ တွေ့ရသည်။

နန်းတော်ကုန်း အမှတ် ၅ အဆောက်အအုံအတွင်းမှ ၆ လက်မခန့်မြင့်သော မီးဖုတ်ပြီး မြေရုပ်တစ်ရုပ် ကို တွေ့ရသည်။ ထိုအရုပ်သည် အပိုင်းပိုင်းကျိုးပဲ့ပျက်စီးနေရာ တွေ့ရသမျှသော အစိတ်အပိုင်းတို့ကို ဆက်စပ် လိုက်သည့်အခါ ဦးခေါင်းတွင် တန်ဆာဆောင်းလျက်လည်းကောင်း၊ လည်တွင်ပုတီးဆွဲလျက် လည်းကောင်း၊ လက်နှစ်ဖက်တွင် လက်ကောက်တစ်ကွင်းစီ ဝတ်လျက်လည်းကောင်း ဆင်ယင်ထားသည့် အရုပ်ဖြစ်သည်ကို တွေ့မြင်ရ၏။ လက်နှစ်ဖက်က ပန်းအိုးနှင့်သဏ္ဌာန်တူသော ပျက်စီးနေသည့်အရာဝတ္ထု တစ်ခုကို ပွေ့ပိုက်ထား၏၊ မျက်နှာမှာ သွယ်သည်ဟု မဆိုနိုင်သော်လည်း အနည်းငယ် ရှည်လျားလျား ဖြစ်၍ အသွင်အပြင် ပြည့် ပြည့်ဝဝရှိ၏။ မျက်လုံးများသည် ပြူးကျယ်နေ၍ နှာတံမှာမူ နဖူးနှင့်တစ်ဖြိုး တည်းဆက်လျက် ရှိပြီးလျှင် အဖျားသို့ ချွန်လျက်ရှိ၏။ ပါးစပ်သည်လည်း ကျယ်ပြန့်သည့်ပြင် အစွယ် များပါသကဲ့သို့ အဖျားနှစ်ဖက်သည် အထက်သို့ ကော့တက်နေ၏။ မေးရစ်နှင့် လည်ရစ်များကိုလည်း ထင်ရှားစွာ တွေ့မြင်နိုင်၏။ ရင်သားများမှာ မောက်ဖြိုးနေ၏။ အရုပ်၏ ခြေပိုင်းကိုမူ ရှာမတွေ့ချေ။ ခါးဆစ်မှကျိုးနေသော ဝမ်းပိုက်နှင့် တင်ပါးအပိုင်းကို အထက် ကိုယ်ထည်နှင့် ဆက်စပ်လိုက်ရာတွင် ထို ဝမ်းပိုင်းမှာ ရင်ပိုင်း ခါးပိုင်းနှင့် တစ်ပြေးတည်းမဟုတ်ဘဲ နောက်သို့ ကော့နေကြောင်း တွေ့ရ၏။ ထို့ပြင် ထိုဝမ်းပိုင်းသည် ချောမွေ့မနေဘဲ ယင်းကို လက်သည်းရာများကဲ့သို့သော အရေးအခြစ်တို့ဖြင့် ခြယ်လှယ် ထား၏။ မြေရုပ်တွင် အောက်ပိုင်းမရှိတော့သဖြင့် မည်သည့် အရုပ်ဟူ၍ အတိအကျမသိရှိနိုင်သော်လည်း မူလကပင် ဆန့်တန်းသောခြေမဟုတ်ဘဲ ငှက်တိစ္ဆာန်များ၏ ခြေမျိုးပါရှိသည့်လက္ခဏာကို တွေ့နိုင်ပါသည်။ ထို့ကြောင့် အရုပ်တစ်ခုလုံး၏ သွင်ပြင်နေထားနှင့် ဆင်ယင်မှုတို့ကို ပေါင်းရုံးသုံးသပ်လိုက်သော် ကိန္နရီရုပ် ဖြစ်တန်ရာသည်။

မြေအိုးလုပ်ရာ၌ အသုံးပြုသည့် ရွှံ့မီးဖုတ်လက်ခုတုံးများကို တူးကွက်အမှတ် ၁၅ ၌ တွေ့ရှိရ၏။ ထို နေရာမှပင် မြေဖြင့်လုပ်သည့် ခွေးရုပ်တစ်ပိုင်းကိုလည်း ဖော်ထုတ်ရရှိလေသည်။ အမှတ် ၁၇ တွင် ဖားရုပ် ငယ်တစ်ခုကိုတွေ့ရ၏။ ယင်းသည် အိုးနှုတ်သီး၏ အပိုင်းအစ ဖြစ်ဟန်တူသည်။ ရုပ်ပစ်ဒိုးဝိုင်းများကိုမူ အနှံ့အပြားတွေ့နိုင်သည်။ လောက်စာလုံးများကို အမှတ် ၉ နှင့် ၁၅ တို့တွင် တွေ့ရသည်။ ခရုအိမ် သဏ္ဌာန် မီးဖုတ်ထားသော မြေပိုင်းအခွေများကိုလည်း အမှတ် ၉ အဆောက်အအုံမှ ရရှိသည်။ တစ်ဖက်ရှုး

မြေနှာတောင်းတစ်ဖက်ကို အမှတ် ၁၅ မှ ရ၏။ မြေအပေါ်ယံမှတွေ့ရသော မြေဆေးတံများကို ကွင်းဆင်းလေ့လာစဉ်က စုဆောင်းထားသူများထံမှ တစ်ဆင့်ရရှိသော်လည်း တူးဖော်သည့်အခါတွင် အမှတ် ၁၅ မှ တစ်လုံးရရှိသည်။

**ကျောက်ဝတ္ထုပစ္စည်းများ**

ကျောက်ဝတ္ထုပစ္စည်း အနည်းငယ်ကိုသာ တွေ့ရသည်။ နန်းတော်ကုန်းအရှေ့ဘက်ဝင်ပေါက်မျက်နှာစာ ဝဲယာတွင် တံခါးစောင့်ရုပ်ကြွကျောက်ချပ်ကြီး နှစ်ချပ် စိုက်ထူထားခဲ့သည်။ ထိုအရုပ်၏အကြွင်းအကျန်ဖြစ်သော ကျောက်မြစ်နှင့် ခြေချောင်းကလေးများပါသော အပိုင်းအစနှစ်ခုကို ဖော်ထုတ်ရရှိကြောင်း အထက်တွင်ဖော်ပြပြီးဖြစ်သည်။

အမှတ် ၂ အဆောက်အအုံကြီးအတွင်းတွင် တွေ့ရှိရသော ကျောက်ပြားတံဆိပ်သည် စိတ်ဝင်စားဖွယ်ရာဖြစ်ပေသည်။ ကျောက်ပြားကလေးသည် အလျား ၂.၉ လက်မ၊ အနံ ၁.၆ လက်မ၊ ထု .၂ လက်မရှိသည်။ ကျောက်ပြား၏တစ်ဖက်တွင် ပန်းခိုင် နှစ်ခိုင် ထွင်းထုထား၍ ပန်းခိုင်တစ်ခိုင်လျှင် ပွင့်ချပ် ခြောက်ချပ်စီပါသည့် ပန်းပွင့် နှစ်ပွင့်စီပါရှိသည်။ အခြားတစ်ဖက်တွင်ကား ပန်းတစ်ခိုင်လျှင် အမှတ်လက္ခဏာတစ်စုံကို ထွင်းထုထား၏။ ပန်းခိုင်တွင် ပွင့်ချပ် ရှစ်ချပ်ပါသော ပန်းပွင့်တစ်ပွင့်နှင့် ကိုးချပ်ပါသော ပန်းပွင့်တစ်ပွင့်ပါ၏။ ဤပန်းခိုင်နှင့် အထက်အောက်ပြောင်းပြန် ထွင်းထုထားသော အမှတ်လက္ခဏာနှစ်ခုမှာ ချွန်းတောင်းပုံသဏ္ဌာန်နှင့် စကြာပုံသဏ္ဌာန်တို့ ဖြစ်လေသည်။ ဤအမှတ်လက္ခဏာ နှစ်ခုစလုံးတွင် လက်ကိုင်အရိုးတံပါ၍ ထိုအရိုးတံတို့သည် ပန်းခိုင်မှာကဲ့သို့ပင် အောက်ခြေ၌ပူးတွဲနေကြ၏။ ယင်းအမှတ်လက္ခဏာတို့သည် ဗြဟ္မဏအယူဘာသာနှင့် သက်ဆိုင်သောနတ်များ စွဲကိုင်သည့်လက်နက်များတွင် အပါအဝင်ဖြစ်၏။ စကြာသည် ဗိဿနိုးနတ်ရုပ်တုများတွင် လက်လေးဖက်အနက် တစ်ဖက်က အမြဲကိုင်ဆောင်ထားသည့် လက်နက်တစ်ခုဖြစ်၏။ ချွန်းတောင်းမှာမူ မဟာပိန္နဲနတ်၏ လက်နက်ဖြစ်၏။ သို့သော် စကြာနှင့် ချွန်းတောင်းပုံတို့မှာ စက်လက္ခဏာတော်များတွင်လည်း အပါအဝင်ဖြစ်ရာ ဗုဒ္ဓဘာသာအထိမ်းအမှတ်အဖြစ် ထွင်းထုထားခြင်းလည်း ဖြစ်နိုင်စရာရှိပါသည်။ အထူးသဖြင့် အိန္ဒိယတောင်ပိုင်း၊ နာဂရဇုနကုဏ္ဍမြို့ဟောင်းကို တူးဖော်ရာမှ တွေ့ရှိရသော ခရုသင်းတစ်ခုပေါ်တွင် ထွင်းထားသည့် စကြာနှင့် ချွန်းတောင်း တွဲလျက်ပုံသည် ယခု ဗိဿနိုးမှ ရရှိသောပုံအတိုင်းပင် ဖြစ်ပေသည်။

အိန္ဒိယလူမျိုးတို့ မဆလာကြိတ်ရာတွင် အသုံးပြုလေ့ရှိသည့် ကြိတ်တုံးနှင့်တူသော ကျောက်ပြားတစ်ချပ်နှင့် ကျည်ပွေ့ကျောက်လုံးတစ်ခုကို အမှတ် ၂ အဆောက်အအုံအပြင်ဘက်၌ ဖော်ထုတ်ရရှိ၏။

တူးဖော်မှု မဆောင်ရွက်မီ ကွင်းဆင်းလေ့လာရာ၌ မြို့ဟောင်းမြို့၏အနောက်မြောက်ထောင့်တွင် တည်ရှိသော အင်းရွာကြီးက ရွာလူကြီးများထံမှ ရှေးဟောင်းဝတ္ထုပစ္စည်းများအကြောင်း စုံစမ်းရာ ကျောက်ပြင်တစ်ချပ်ကို နန်းတော်ကုန်း မြောက်ဘက်တံတိုင်းအနီးတွင် တွေ့ဖူးကြောင်းပြော၏။ အဆိုပါကျောက်ပြားကို အခြားတစ်ရွာက လူတစ်ယောက်က သိမ်းဆည်းထားရာမှ တောင်တွင်းကြီးပြတိုက်သို့ လှူခဲ့သည်။ ယင်းအရာဝတ္ထုတွင် ခြေသုံးချောင်းပါ၍ အထက်ပိုင်း၌ သနပ်ခါးသွေးသည့် ကျောက်ပြင်မှာကဲ့သို့ ရေစီးလမ်းကြောင်းပါရှိပြီးလျှင် ကျောက်ပြားတစ်ဖက်တွင် အလျားလိုက်အစွန်းတစ်ခု ထုတ်ထားသည်။ ဤပုံသဏ္ဌာန်သည် သီဝနတ်ကို ကိုးကွယ်သော ဟိန္ဒူလူမျိုးတို့ ဝတ်ပြုသည့် လိင်္ဂခေါ်ကျောက်တုံးစိုက်ထူသည့် ယောနိကျောက်ပြားနှင့် ဆင်တူ၏။ သို့သော် ယခုတွေ့ရသော ကျောက်ပြားမှာ တူးဖော်တွေ့ရခြင်းမဟုတ်

သည့်ပြင် ယင်း၌ကျောက်တုံးလည်းမပါရှိသောကြောင့် သီဝနတ်ကိုးကွယ်မှုနှင့် သက်ဆိုင်သောဝတ္ထုပစ္စည်း ဟုတ်၊ မဟုတ် အတိအကျ မသိသာချေ။ ရေစီးလမ်းကြောင်းမပါဘဲ နှစ်ပိုင်းကျိုးနေသော အလားတူ ကျောက်ပြားတစ်ချပ်ကို အမှတ် ၂ အဆောက်အအုံ အပြင်ဘက်တွင် တွေ့ရှိရ၏။

## သတ္တုနှင့် အခြားပစ္စည်းများ

အဆောက်အအုံအမှတ် ၂ မှ သံချောင်းအရွယ်အစားစား၊ တံခါးသံဆုံများ၊ သံမှိုပွင့်ကြီးများ သံပတ်ပြာအပိုင်းအစများကို ပေါင်ချိန် ၅၀၀ခန့် ဖော်ထုတ်ရရှိလေသည်။ သံဆုံများကို မြို့ပေါက်ဝ တံခါးတပ်သော နေရာများနှင့်အမှတ် ၉ အဆောက်အအုံမှလည်း ရရှိ၏။ အမှတ် ၁၅ မြို့ပေါက်ဝတွင် သံမြားသွားတစ်ခု တွေ့ရှိ၏။ အမှတ် ၂ အဆောက်အအုံ၌ တွေ့ရသော ၃.၈ လက်မ ရှည်သည့် နန်းလုံးသံချောင်းသည် မျက်ခွံဆိုးဆေးထည့်သည့် ကိရိယာအဖြစ် အသုံးပြုသော အရာဝတ္ထုဖြစ်ဟန်တူသည်။


ကွင်းဆင်းလေ့လာစဉ်က ဗိဿနိုးမြို့မှ သရေခေတ္တရာ ဒင်္ဂါးပုံစံ ငွေပြားများကို စုဆောင်းရရှိခဲ့၏။ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ရာမှ သရေခေတ္တရာနှင့် ဟန်လင်း ဒင်္ဂါးပုံစံ နှစ်မျိုးစလုံးကိုဖော်ထုတ်ရရှိသည်။ အမှတ် ၃ အဆောက်အအုံမှ ရရှိသည့် ဒင်္ဂါးသုံးပြားသည် အောက်ပါအတိုင်းဖြစ်ကြသည်။

*ပျူဒင်္ဂါးဟု ခေါ်လေ့ရှိသော အမှတ်လက္ခဏာများပါသည့် ငွေပြားအပိုင်း* ။ ။ **အချင်း .၈ လက်မ**၊ မျက်နှာဖက်တွင် သိရီဝစ္ဆလက္ခဏာ၊ ယင်းအတွင်းဖက်တွင် ဗိန္ဒုပြောက် ကိုးပြောက်၊ ယင်းအထက်တွင် ဝဲဖက်၌ လ၊ ယာဖက်၌ နေသင်္ကေတ၊ အောက်ပိုင်းတွင် ရေလှိုင်း အရစ် နှစ်ရစ် အသီးသီးပါရှိသည်။ ကြောဖက်တွင် နှုတ်ခမ်းနှင့် အတွင်းစက်ဝိုင်းအကြား၌ ဗိန္ဒုပြောက် ၂၁ ပြောက်၊ အလယ်တွင် ပလ္လင်သင်္ကေတနှင့် ပလ္လင်အထက်တွင် ဗိန္ဒုပြောက် ငါးပြောက်၊ ပလ္လင်၏ဗဟိုမှ ဝဲယာတံခွန်ငယ်များလွင့်နေပုံတို့ အသီးသီး ပါရှိသည်။ ငွေပြား၏ အနားတွင်ကပ်၍ အပေါက်ငယ် နှစ်ပေါက် ဖောက်လုပ်ထားခြင်းက ယင်းကို လည်ဆွဲအဖြစ် အသုံးပြုခဲ့ကြောင်း ဖော်ပြနေပေသည်။


*ပျူဒင်္ဂါးခေါ် ငွေပြားအပိုင်း* ။ ။ အချင်း .၇ လက်မ၊ မျက်နှာဖက်တွင် သိရီဝစ္ဆ၊ အတွင်း၌ ဗိန္ဒုပြောက် ကိုးပြောက်၊ အောက်ပိုင်းတွင် ရေလှိုင်း နှစ်ရစ်နှင့် ယာဖက်တွင် လှံတံသင်္ကေတတစ်ခု အသီးသီး ပါရှိ၏။ နေနှင့်လ အမှတ်လက္ခဏာများ မပါချေ။ ကြောဖက်တွင် နှုတ်ခမ်းရစ်အတွင်း၌ ဗိန္ဒုပြောက် လေးပြောက်သာ ထင်ရှားစွာတွေ့မြင်ရ၏။ ပလ္လင်သည်လည်း ပုံရိုးဖြစ်၍ ဗဟိုတွင်စက်ဝိုင်းမပါချေ။ တံခွန် နှစ်ခုပါလေ့ရှိသော နေရာတွင် မျဉ်းကြောင်းနှစ်ကြောင်းသာ ပါရှိ၏။

*ပျူဒင်္ဂါးခေါ် ငွေပြားအပိုင်း* ။ ။ ဟန်လင်း ဒင်္ဂါးသင်္ကေတန်ရှိ၏။ အချင်း .၉ လက်မ၊ မျက်နှာဖက်တွင် နှုတ်ခမ်းရစ်အတွင်း၌ ဗိန္ဒုပြောက် သုံးပြောက်နှင့် အလယ်တွင် တက်နေဝန်းသင်္ကေတ အပြည့်ပါရှိ၏။ နေရောင်ခြည်သင်္ကေတ မျဉ်းကြောင်းများအကြားတွင် ဗိန္ဒုပြောက်ကလေးများ ပါရှိ၏။ ကြောဖက်တွင် ငါးထောင့်ကြယ် သင်္ကေတတစ်ခုပါရှိ၍ ထောင့်နှစ်ထောင့်ကို မျဉ်းဖြောင့်တစ်ချဖြင့် အလယ်သို့ဖြတ်သန်း ဆက်သွယ်ထား၏။ ထိုအတွင်း၌ ဗိန္ဒုပြောက် နှစ်ပြောက်ပါရှိ၏။ စင်စစ်အားဖြင့် သိရီဝစ္ဆပုံကို မျဉ်းဖြောင့်ဖြင့် ပုံဖော်ထားခြင်း ဖြစ်သည်။


အမှတ် ၁၅မြို့ဝင်ပေါက်တွင် တွေ့ရသောဒင်္ဂါးသည် ကျပ်ပြားဝိုင်းခန့်ကြီး၍ ဟန်လင်းဒင်္ဂါးပုံစံ စင်စစ်ဖြစ်သည်။ တစ်ဖက်တွင် တက်နေဝန်း တံဆိပ်ပါရှိ၏။ အခြားတစ်ဖက်တွင် သိရီဝစ္ဆပုံ၊ နေနှင့်လပုံ၊ လှိုင်းတွန့်ပုံများ ပါရှိ၏။ ဝဇိန်လက်နက်နှင့် ခရုသင်းပုံတို့မှာမူ ပွန်းပျက်နေ၍ ကောင်းစွာမထင်ရှားချေ။





ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော အရိုးအိုး ပုံစံများ




ဗိဿနိုး မြို့ဟောင်းတွင် တွေ့ရသော အိုးခွက် ပုံစံများ




အမှတ်လက္ခဏာများပါသော အိုးခြမ်းပုံစံများ။




အမှတ်လက္ခဏာများပါသော အိုးခြမ်းပုံစံများ။

အမှတ် ၂ အဆောက်အအုံမှ ဆီးခွံပုခေါ်သည့် သေးငယ်ပါးလွှာပြောင်ချောသော ရွှေခွက်ငယ်တစ်ခုနှင့် ငွေခွက်ငယ်တစ်ခုကို ရရှိ၏။ ယင်းတို့ကို အဆင်တန်ဆာတစ်ခုခုတွင် တပ်ဆင်အသုံးပြုဖွယ်ရာရှိ၏။ ရုံးသုံးအပ်ထက် အနည်းငယ်သေးသွယ်သော နန်းလုံးရွှေချောင်းကလေးတစ်ချောင်းကို အမှတ် ၁၅ မြို့ဝင်ပေါက်မှ ဖော်ထုတ်ရရှိ၏။

အမှတ် ၉ အဆောက်အအုံမှ ဒိုင်ခွက်သဏ္ဌာန် ခဲပြားရှစ်ပြားနှင့် အပိုင်းအစ ဆယ်ခုရရှိခဲ့၏။ အကြီးဆုံးမှာ အချင်း နှစ်လက်မရှိ၍ အသေးဆုံးမှာ ကျပ်ပြားခန့်ရှိသည်။ အမှတ် ၁၅ မှ ပေသီးခန့်ရှိသည့် ခဲလုံးတစ်လုံးနှင့် အမှတ် ၈ မှ ကတော့ပုံ ခဲအလေးတစ်ခုကို အသီးသီးရရှိသည်။

တူးဖော်ရရှိသည့် ကြေးညိုပစ္စည်းများသည် အောက်ပါအတိုင်းဖြစ်၏။ အမှတ် ၁၅မှ ခြသေ့ ရုပ်ငယ်တစ်ခု၊ ဟသ်ာရုပ်ငယ်တစ်ခု၊ ကြေးနားတောင်းအပိုင်းအစ နှစ်ခု၊ လက်စွပ်တစ်ကွင်း၊ အမှတ် ၃ အဆောက်အအုံမှ ကြေးနန်းလုံးလက်ကောက်ငယ်တစ်ခု အသီးသီးဖြစ်ကြသည်။ ကြေးဝါပစ္စည်းများမှာ အမှတ် ၉ မှ တံခါးချိတ်တပ်ဆင်သည့် အတံတစ်ပိုင်းကျိုးနေသော ကွင်းတစ်ခု၊ အမှတ် ၃မှ ချူနှစ်ခု၊ အမှတ် ၂ မှ မျက်ခွံဆိုးသည့် ကြေးချောင်း (၃.၅ လက်မ) တစ်ခု အသီးသီးဖြစ်ကြ၏။

အခြားအသေးအဖွဲ့ပစ္စည်းများမှာ (၁) နှစ်ခြမ်းကွဲနေသော ကျောက်ဖြူ ကြဲဆစ်ပုံ လည်ဆွဲငယ်တစ်ခု၊ (၂) အရိုးဆံထိုးတစ်ပိုင်းကျိုးတစ်ခု၊ (၃) ကလောင်သွားကဲ့သို့သော အရိုးစတစ်ခု၊ (၄) အရိုးဖြင့်ပြုလုပ်ဟန်တူသော အပြားပိုင်း တစ်ခု၊ (၅) ယောက်သွားများနှင့် ကြွေစေ့များ၊ (၆) သမင်ချိုအပိုင်းအစနှစ်ခု၊ (၇) အမှတ် ၂ အဆောက်အအုံမှ မြေနီခဲများဖြစ်ကြသည်။ မီးလောင်ကျွမ်းထားသည့် သစ်ဆိမ့်သီးကိုလည်း အမှတ် ၂ တိုက်ကြီးမှ ရရှိ၏။

## အင်္ဂတေ ပစ္စည်းများ

အင်္ဂတေပစ္စည်းများသည် အဆောက်အအုံတွင် တပ်ဆင်ခဲ့သော ဗိသုကာအခြယ်အလှယ်များဖြစ်၍ ယင်းတို့ကို ကုန်းအမှတ် ၂၁ တစ်နေရာတည်းမှပင် ဖော်ထုတ်ရရှိ၏။ ထိုကုန်းရှိ အဆောက်အအုံသည် အထက်၌ ဆိုခဲ့သည့်အတိုင်း ဗိဿနိုးခေတ်ဦး (ပျူခေတ် )တွင် မတည်ရှိသေးဘဲ ခရစ်နှစ် ၁၁ ရာစု၊ ပုဂံခေတ် အတွင်းလောက်ကမှ ယင်းကိုတည်ဆောက်ခဲ့ခြင်း ဖြစ်ဖွယ်ရာရှိသည်။ ထိုခေတ်ထက် အနည်းငယ် စောကောင်းစောမည်ဟု ခန့်မှန်းနိုင်သော်လည်း ဤအင်္ဂတေပစ္စည်းများကို ပျူခေတ်လက်ရာများဟု မဆိုနိုင်ချေ။ အင်္ဂတေရုပ်နှင့် အမွှမ်းအပြောက်များတွင် အောက်ပါတို့ပါဝင်သည်။

(၁) *မကိုဋ်ဆောင်း နတ်ဦးခေါင်းကျိုး* ။ ။ နားနှစ်ဖက်ကျိုးနေသည်။ နံရံမှ ကွာကျသော အရုပ်ဖြစ်ဟန်တူသည်။ အမြင့် ခြောက်လက်မ ရှိ၏။

(၂) *ဘီလူးရုပ်နှင့်တူသော ဦးခေါင်းကျိုး* ။ ။ နားများလည်း ကျိုးနေသည်။ နဖူးတွင်မျက်လုံးတစ်လုံး အပိုပါသေးသည်။ ပါးစပ်အစွန်းများတွင်လည်း မျက်လုံးကဲ့သို့ ထွင်းထားသည်။ အမြင့် ၃.၇ လက်မ ရှိ၏။

(၃) *အမျိုးသမီးကိုယ်အထက်ပိုင်းရုပ်* ။ ။ လက်အုပ်ချီနေဟန်ဖြစ်၍ လက်စည်းလက်ကျပ်နှင့်လက်ကောက်များ ဝတ်ဆင်ထားသည်။ လည်ဆွဲတန်ဆာလည်းပါသည်။ အမြင့် ၅ လက်မ ရှိ၏။

(၄) *မျက်လုံးသုံးလုံးပါသည့် ဘီလူးခေါင်းပုံ* ။ ။ အထက်သွားများပေါ်နေသည်။ မကိုဋ်ချွန်မှ ဖြာထွက်သော ပန်းခက်များသည် မျက်နှာဘေးမှ ကျနေသည်။ အမြင့် ၉ လက်မရှိ၏။

( ၅ ) *ပုဆစ်တုပ်ထိုင်လျက် လက်အုပ်ချီနေသော နတ်ရုပ်* ။ ။ လေးပိုင်းကျိုး မကိုင်ရွှန်ရွှန် ဆောင်း၍ မျက်လုံးသုံးလုံးပါရှိသည်။ လက်စည်းနှင့်လက်ကောက်များ ဝတ်ဆင်ထားသည်။ အမြင့် ၁၂ လက်မရှိ၏။

( ၆ ) *အမောက်ချွန်ချွန်နှင့် ဘယက်တန်ဆာဆင်ထားသည့် ခြင်္သေ့ရုပ်* ။ ။ လက်ယာခြေကျိုးနေသည်။ အမြင့် ၁၂ လက်မရှိ၏။

( ၇ ) *ခြင်္သေ့ရုပ်အငယ်* ။ ။ အမြင့် ၈ လက်မ ရှိ၏။

( ၈ ) *ကြွတန်းဇောင်းရစ်၏ အပိုင်းအစများ* ။

( ၉ ) *အပြောက်နားပါသော ကြွရွက်ပုံစိန်ထောင်များ* ။

( ၁၀ ) *စုလစ်မွန်ချွန်မှ ရာမလက်ညှိုးများ* ။

( ၁၁ ) *ခြူးပန်း၊ ကြွပန်း၊ ပန်းခက်ပန်းခွေ၊ တိုင်ဖုံးပန်းအပိုင်းအစများ* ။

**လူရိုးနှင့် တိရစ္ဆာန်ရိုးများ**

တူးဖော်သည့်ကုန်းအချို့ မှ လူရိုးများနှင့် တိရစ္ဆာန်ရိုးများကိုပါ ဖော်ထုတ်ရရှိ၏။ လူခန္ဓာအလိုက် အရိုးစုအနည်းငယ်ကို ကုန်းအမှတ် ၁၂၊ ၁၄၊ ၁၈ တို့တွင် တွေ့၍ ကြေမွနေသော ဦးခေါင်းခွံများနှင့် အရိုးအပိုင်းအစများကို အမှတ် ၂ နှင့် အမှတ် ၉ တွင် တွေ့ရသည်။ လူရိုးစုများအနက် အမှတ် ၁၄ အဆောက်အအုံဘေးမှ ပြည့်ပြည့်စုံစုံ ဖော်ထုတ်ရရှိသော ဆန့်တန်းမြှုပ်နှံထားသည့် လူရိုးစုကိုသာ ကောင်းစွာလေ့လာနိုင်သည်။ အခြားအရိုးစုများမှာမူ ရွံ့စေးမြေတို့နှင့် ရောနှောနေရာ မပျက်မစီးစေပဲ သန့်စင်အောင် ပြုလုပ်ရန် မလွယ်ကူလှချေ။ ကြက်၊ ငှက်နှင့် တိရစ္ဆာန်ရိုးအများအပြားကို အမှတ် ၂ အဆောက်အအုံအတွင်း၌ တွေ့ရ၏။

**ခေတ်အပိုင်းအခြား ခန့်မှန်းချက်**

ဗိဿနိုးယဉ်ကျေးမှု ထွန်းကားသည့်ကာလကို သက္ကရာဇ်အတိအကျ ညွှန်ပြသည့်ကမ္ပည်းကျောက်စာနှင့် အရေးအသားများ မတွေ့ရသော်လည်း မည်သည့်ရာစုအတွင်း ကျရောက်သည်ကိုကား ခန့်မှန်းရန် အထောက်အထားများရှိပေသည်။ ပျူဇာဂါးများ အသုံးပြုခြင်း၊ အရိုးအိုးများ မြှုပ်နှံခြင်း၊ အုတ်အရွယ်အစား ကြီးကြီးမားမား အသုံးပြုခြင်း၊ မြေပုတီး ရောင်စုံကျောက်ပုတီးများ အသုံးပြုခြင်း စသည်တို့သည် သရေခေတ္တရာ ယဉ်ကျေးမှုလက္ခဏာများတွင် အပါအဝင်ဖြစ်ရာ ဗိဿနိုးတွင်လည်း ယင်းအင်္ဂါများကို တွေ့ရှိရခြင်းဖြင့် ဗိဿနိုးနှင့် သရေခေတ္တရာမြို့များသည် ယဉ်ကျေးမှုအားဖြင့် ဆက်စပ်နေကြောင်း သိသာသည်။ မည်သည့်မြို့ကို ရှေးဦးစွာတည်သည်ကိုမူ ဆန်းစစ်ရန်လိုပေမည်။

ဗုဒ္ဓသာသနာ ထွန်းကားမှုသည် သရေခေတ္တရာ ယဉ်ကျေးမှုအင်္ဂါရပ်များတွင် အရေးအကြီးဆုံးဖြစ်၏။ သရေခေတ္တရာ၌ ရှေးဟောင်းဘုရားပုထိုးများ ပေါ်များ၏။ ရုပ်ပွားတော်များကို ရွှေ၊ ငွေ၊ ကြေး တို့ဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း ထုလုပ်ပူဇော်၏။ သာသနာ့ အဆောက်အအုံတိုင်းတွင် အနည်းဆုံး ရွှံ့မီးဖုတ်အုတ်ချပ် ရုပ်ပွားတော်များ ဌာပနာခြင်းကို တွေ့နိုင်၏။ ပိဋကတ်တော် ကောက်နုတ်ချက်များကို ရွှေပေလွှာ၊ ငွေပေလွှာထက်တွင် ရေးထွင်းပူဇော်လေ့ရှိသည်။ သရေခေတ္တရာသည် ဗိဿနိုးနှင့်ခေတ်ပြိုင်

သို့မဟုတ် ရှေးဦးစွာထွန်းကားခဲ့ပါမူ ဘာသာရေးဆိုင်ရာ ယဉ်ကျေးမှု အစိတ်အပိုင်းများသည်လည်း ဗိဿနိုးသို့ ပြန့်ပွားလွှမ်းမိုးလာခဲ့မည်မှာ မုချပင်ဖြစ်သည်။ ယခုတူးဖော်သုတေသနပြုလုပ်သမျှကို သုံးသပ်လျှင် ဗိဿနိုး၌ ဗုဒ္ဓဘာသာ အငွေ့အသက် အစပျိုးခဲ့သည့် လက္ခဏာများကိုသာတွေ့ရသည်။ သာသနာ ဖွံ့ဖြိုးမှု မရှိသေးဟုယူဆရ၏။ ဘုရားကျောင်းကန်လည်း ဖြစ်နိုင်ဖွယ်ရာရှိသော အဆောက်အအုံများသည် သရေခေတ္တရာက ဘုရားပုထိုး ပုံစံများနှင့် ကွာခြားလေသည်။ ရွှေ၊ ငွေဆင်းတုများကို မဆိုထားဘိ၊ အုတ်ပုံနှိပ် ( အုတ်ခွက် )ရုပ်ပွား တော်တစ်ဆူမျှကိုပင် ဗိဿနိုး၌ မတွေ့ရချေ။ ကျောက်ဆစ်လက်ရာ အနည်းငယ်ရှိသော်လည်း သရေခေတ္တရာမှာကဲ့သို့ ရုပ်ကြွဆင်းတု ကျောက်ချပ်၊ ဗုဒ္ဓဝင်ကျောက်ချပ်စသည်တို့ကို မတွေ့ရချေ။ ထို့ကြောင့် ဗိဿနိုးသည် သရေခေတ္တရာထက် ရှေးကျသည်ဟု ခန့်မှန်းရပေသည်။ တစ်ဖန် ဗိဿနိုးတွင် ကမ္ပည်းကျောက်စာတစ်ချပ် တစ်တိုင်မျှ မတွေ့ရခြင်းသည်လည်း အထက်ပါခန့်မှန်းချက်ကို ထောက်ကူဖြည့်စွက်ရာကျပေသည်။ ရွှံ့တံဆိပ်တုံးပါစာတန်းတွင် အက္ခရာသုံးလုံးသာ ပါရှိသဖြင့် ယင်းသည် စာပေအရေးအသားနှင့်စပ်လျဉ်း၍ ပြည့်စုံလုံလောက်သော အထောက်အထားမဖြစ်နိုင်ဟု မှတ်ယူနိုင်၏။ သို့သော် ရွှံ့တုံးတွင် ခတ်နှိပ်ထားခြင်းကြောင့် အခြားဒေသမှ သယ်ဆောင်လာသည့်ဝတ္ထုပစ္စည်း မဟုတ်ကြောင်းကား ထင်ရှား၏။ မှုရင်းတံဆိပ်တုံးကို အိန္ဒိယပြည်မှ တင်သွင်းလာခြင်း ဖြစ်နိုင်စေကာမူ အက္ခရာအရေးအသားနှင့် သက်ဆိုင်သော ခရစ်နှစ် ၂ ရာစုထက် နှစ်ပေါင်းများစွာ ကွာခြားအံ့မထင်ပါ။ တံဆိပ်ပါသော ရွှံ့တုံးကိုတွေ့ရသည့် အဆောက်အအုံတွင်ပင် စကြာနှင့် ချွန်းတောင်းပုံစံများပါသည့် ကျောက်ပြားငယ်ကိုလည်း တွေ့ရသည့်အပြင် စေတီပုထိုးဖြစ်တန်ရာသော အဆောက်အအုံပုံစံတို့သည်လည်း အမရဝတီနှင့် နာဂဇုနကုဏ္ဍက စေတီပန္နက်ပုံနှင့် တူညီနေသောကြောင့် ခြုံ၍သုံးသပ်လျှင် အန္ဓြနယ်မှ ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှု အစိတ်အပိုင်း ပြန့်ပွားရောက်ရှိလာကြောင်း သိရပေသည်။

အဆောက်အအုံများ မီးလောင်ရာမှ သစ်သားတိုင်များ မီးကျွမ်း၍ ကျန်ရစ်ကြောင်းကို အတိအကျ သိရသည်။ ယင်းမီးကျွမ်းတိုင်များ၏ မီးသွေးတို့ကို ရေဒီယိုကာဗွန် ခေတ်ခွဲစမ်းသပ်မှုဖြင့် စစ်ဆေးကြည့်ရာ သစ်သားများ အသုံးပြုသည့်အချိန်မှ ယခုအချိန်ထိ နှစ်ပရိစ္ဆေဒ မည်မျှ ကြာညောင်းခဲ့ကြောင်း တွက်ချက်၍ ရပေသည်။ ယင်းစမ်းသပ်နည်းသည် အတန်ယုံကြည်စိတ်ချရသော်လည်း ချွတ်ယွင်းချက်လုံးဝကင်းသည်ဟုကား မဆိုသာချေ။ သို့သော် အကြောင်းတစ်စုံတစ်ရာကြောင့် ခန့်မှန်းချက်မှားယွင်းပါက အစစ်အမှန်ကာလအပိုင်းအခြားသည် ယခုတွက်ချက်ရရှိသည့် သက္ကရာဇ်ထက်ပင် စောဦးမည်ဖြစ်ချေသည်။ ထို့ကြောင့် ဤနည်းဖြင့် စမ်းသပ်ခန့်မှန်းချက်ကို အကြမ်းအားဖြင့် လက်ခံထားရပေမည်။ အမှတ် ၉ အဆောက်အအုံ၏ အစောဆုံးမြေလွှာက မီးသွေးသည် ခရစ်နှစ် ၁ ရာစုမှ လည်းကောင်း၊ ယင်းအထက် မြေလွှာက မီးသွေးသည် ၂ ရာစုမှလည်းကောင်း တည်ရှိခဲ့ကြောင်း သိရသည်။ အမှတ် ၁၀ ရှိ မြေလွှာနှစ်ခုမှာ ၃ ရာစုနှင့် ၄ ရာစု အစလောက်မှ အသီးသီးတည်ရှိခဲ့ကြောင်း သိရ၏။ ဤအဆောက်အအုံများသည် မြို့ရိုးအပါအဝင် အခြားအဆောက်အအုံတို့နှင့် ခေတ်ပြိုင်ဖြစ်ရာ ဗိဿနိုး ထွန်းကားသောကာလမှာ ၁ ရာစုမှ နောက်အကျဆုံး ၄ ရာစု၊ ၅ ရာစု အထိဖြစ်သည်ဟု မှတ်ယူက သင့်လျော်ပေမည်။ ဤကာလတွင် အန္ဓြနယ်မှ ဘာသာရေး အငွေ့အသက်နှင့် အက္ခရာအရေးအသား ရောက်ရှိလာနိုင်၏။ သရေခေတ္တရာထက်စောစွာ တည်ထောင်ခဲ့သော်လည်း ၅ ရာစုနှစ်ခန့်တွင် ထိုနှစ်ပြည်သည် ခေတ်ပြိုင်ထွန်းကား လျက်ရှိ၍ သရေခေတ္တရာနှင့် စစ်မက်ဖြစ်ပွားခဲ့သောကြောင့် ဗိဿနိုးမြို့ ပျက်ရခြင်းဖြစ်သည်ဟူ၍လည်း ကာလအပိုင်းအခြားအားဖြင့် ဆက်စပ်ယူဆနိုင်ဖွယ်ရာရှိလေသည်။

**ဗိဿနိုး ယဉ်ကျေးမှုကို သုံးသပ်ချက်**

ဗိဿနိုးမြို့ မတည်ထောင်မီက ထိုဒေသပတ်ဝန်းကျင်တွင် ပျူလူမျိုးတို့ မှီတင်းနေထိုင်ခဲ့ကြဟန် တူသည်။ ထိုစဉ်ကပင် ယင်းတို့ကို အခြားအရပ်မှ ရန်သူများ မကြာခဏ လာရောက်ရန်မူတတ်ကြသောကြောင့် ပျူတို့သည် စည်းစည်းလုံးလုံးဖြင့် မိမိတို့၏ အိုးအိမ်စည်းစိမ်ကို ကာကွယ်၍ အေးချမ်းစွာ လုပ်ကိုင်စားသောက်လိုသော အသိဉာဏ် ရရှိခဲ့ကြဟန် လက္ခဏာရှိ၏။ ထို့ကြောင့် ခရစ်နှစ် ၁ ရာစုအတွင်းတွင် ယင်းတို့သည် မြို့ပြတည်ထောင်၍ အခြေတကျနေထိုင်ခဲ့ကြ၏။

မြို့နေလူထုသည် သစ်ဝါးဖြင့် ဆောက်လုပ်သော အိမ်များတွင်သာနေထိုင်ကြသော်လည်း ဗိသုကာအတတ်၌ ကျွမ်းကျင်ကြ၍ အုတ်အဆောက်အအုံများကိုပင် တည်ဆောက်နိုင်ကြသည်။ အုတ်ကို မြေနီသရွတ်ဖြင့်ပင် စီသော်လည်း ထိုအုတ်များဖြင့် ထုထည်ကြီးမားသော နံရံများ ပြုလုပ်၍ ခိုင်ခံ့စေ၏။ နံရံများကို အင်္ဂတေမွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးခြယ်လှယ်ခြင်းတို့ကိုလည်း ပြုလုပ်၏။

အသက်မွေးဝမ်းကျောင်းအဖြစ်ဖြင့် လယ်ယာထွန်ယက်၍ စပါးစိုက်ပျိုးသူများ၊ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူများ၊ ရက်ကန်းရက်သူများ၊ ပုတီးလက်ကောက်၊ အဆင်တန်ဆာလုပ်သူများ၊ အိုးထိန်းသည်များ၊ ပန်းရန်များလည်း ရှိကြပေသည်။ သံနှင့်ကြေးသတ္တုများကိုသာမက ရွှေနှင့်ငွေကိုလည်း အသုံးပြုတတ်ကြ၏။ သို့သော် ပြောပလောက်အောင်ကား မတွေ့ရချေ။

ရန်သူကို ကာကွယ်ရန် ဓား၊ လှံ၊ လေး၊ မြား၊ လက်နက်များကိုသာ အသုံးပြုကြရသဖြင့် မြို့ရိုးကို အခိုင်အလုံတည်ဆောက်ကာ မြို့တံခါးနှင့် ကတုတ်များကို စီမံထားကြလေသည်။ အုပ်ချုပ်သူ အကြီးအကဲအတွက်လည်း မြို့လယ်၌ သီးသန့်နေရာပေး၍ စောင့်ရှောက်ကြ၏။

အနုပညာအဆင့်အတန်း မမြင့်မားလှသော်လည်း ကျောက်ဆစ်ပညာ တတ်ကျွမ်းခြင်း၊ မြေအိုးများကို တင့်တယ်အောင်ခြယ်လှယ်ပြုလုပ်နိုင်ခြင်း၊ ရောင်စုံပုတီးများကို ပြုလုပ်နိုင်ခြင်းတို့ကိုထောက်၍ ထိုလူမျိုးတို့တွင်သင့်တင့်သော အနုပညာဗီဇရှိကြပြီဟု ဆိုနိုင်၏။

ဗိဿနိုးတွင် စာပေ မထွန်းကားသေးချေ။ ထို့ကြောင့် ဗြဟ္မဏဘာသာ ဗုဒ္ဓဘာသာ အငွေ့အသက်များ ရောက်ရှိလာပြီဖြစ်သော်လည်း ဗုဒ္ဓသာသနာမဖွံ့ဖြိုးဘဲ ရှိနေသေး၏။ ဆင်းတုရုပ်တု ပူဇော်ခြင်းအလျှင်းမရှိသည်နှင့်အမျှ ပိဋကတ်ပေစာ ( ရွှေပေ၊ ငွေပေ ) ရေးထိုးခြင်းလည်း မရှိချေ။

ထူးခြားသော ထုံးစလေ့မှာ အရိုးအိုးမြှုပ်နှံခြင်းပင် ဖြစ်သည်။ သေဆုံးသူ၏ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်၍ အရိုးပြာနှင့် မီးကျွမ်းအရိုးအစအနတို့ကို မြေစေးနှင့်ရောကာ အဖုံးပါသောအိုးတွင်ထည့်၍ မြှုပ်နှံလေ့ရှိ၏။ အရိုးအိုးများကို မြို့ပြင်၌သာမဟုတ်ဘဲ၊ မြို့တွင်း၌လည်း အဆောက်အအုံကြီးများအတွင်း အပြင်၌ မြှုပ်နှံကြ၏။ ရုပ်ကလာပ်ကို ဆန့်တန်းသော အနေအထားနှင့် ခေါက်ကွေးသော အနေအထားတွင်ထားကာ မြှုပ်နှံသည့် သာဓက အနည်းငယ်ကိုလည်း တွေ့ရ၏။ သို့သော် သစ်သားခေါင်းများကိုကား မသုံးချေ။ သင်္ဂြိုဟ်ပြီးစီးချိန်၌ အရိုးအိုးများကို အစဉ်အလိုက် တစ်ခုစီ မြှုပ်ဟန် မတူချေ။ သချိုင်းကုန်း၌လည်းကောင်း၊ မြို့တွင်း၌လည်းကောင်း၊ အရိုးအိုးများကို အစုလိုက်တစ်ပြိုင်တည်း မြှုပ်နှံခြင်းကို တွေ့ရ၏။ ယင်းသို့ ပြုလုပ်နိုင်ရန် အမှတ် ၂ အဆောက်အအုံတွင် အိုးကွဲအမြောက်အမြားကိုလည်းကောင်း၊ လူရိုးအစအနများကိုလည်းကောင်း၊ ဖော်ထုတ်ရရှိခြင်းဖြင့် ထိုအဆောက်အအုံတွင် ယင်းသို့ အရိုးအိုးများမမြှုပ်မီ ထိုအိုးကွဲစသည်များကို စုဆောင်းသိုလှောင်ထားကောင်း ထားခဲ့ပေမည်။

ဗိဿနိုးမြို့သည် ၄ ရာစုနှင့် ၅ ရာစုကြားခန့်တွင် ပျက်စီးခဲ့၏။ အဆောက်အအုံများနှင့် မြို့တံခါးများ မီးလောင်ကျွမ်းခဲ့သဖြင့် ရန်သူလက်ချက်ဖြင့် ပျက်စီးခဲ့ရဟန်တူသည်။ ယင်းသို့ ဆိတ်သုဉ်းမသွားမီ မြို့ပျက်ပြည်ပျက်ဘဝကို တစ်ကြိမ်တစ်ခါတွေ့ကြုံခဲ့ရသေးသည်။ ထိုသို့ ပထမအကြိမ် ပျက်စီးပြီးနောက်တွင် အဆောက်အအုံတို့ကို ပြန်လည်တည်ဆောက်၍ မွမ်းမံထူထောင်နိုင်ခဲ့ကြပေသေးသည်။

ဒုတိယအကြိမ် ပျက်စီးပြီးနောက်တွင်ကား မြို့တော်သည် တစ်ခါတည်းဆိတ်သုဉ်းသွားခဲ့၏။ သို့သော် ပတ်ဝန်းကျင်တွင် လူအများ ဆက်လက်နေထိုင်ခဲ့ကြဟန်တူသည်။ ထို့ကြောင့် အမှတ် ၂၁ ကုန်းတွင် နှောင်းခေတ်၌ အဆောက်အအုံကို ထပ်မံတည်ဆောက်ခဲ့၏။ ထိုအဆောက်အအုံသည် ဘာသာရေးနှင့် သက်ဆိုင်မည်ဟု ယူဆရ၏။ သို့သော် အင်္ဂတေအမွမ်းအမံ လက်ရာများသည် ပုဂံခေတ်လက်ရာနှင့် ဆက်စပ်မှုရှိသဖြင့် ပုဂံခေတ်နှင့် မရှေးမနှောင်း တည်ဆောက်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ဗိဿနိုးတွင် သရေခေတ္တရာမှာလောက် ဗုဒ္ဓသာသနာ မထွန်းကားခဲ့သော်လည်း ဗုဒ္ဓဘာသာနှင့် မိမိတို့ ယုံကြည်သော ထုံးစလေ့များကို အကြောင်းပြု၍ စေတီနှင့်ကျောင်းသင်္ခမ်းကဲ့သို့သော အဆောက်အအုံများကို တည်ဆောက်ခဲ့၏။ အမရာဝတီနှင့် နာဂဇုနကုဏ္ဍက ရုပ်ပွားတော်များကို ကိုးကွယ်ခြင်းမပြုသော အပရသေလီယဂိုဏ်းနှင့်မဟီသာသကဂိုဏ်း ဗုဒ္ဓဘာသာဝင်တို့ကြောင့် ဗိဿနိုးတွင် သာသနာပြုခဲ့ကြသည်ဟု ယူဆရသည်။ ခြုံ၍ကြည့်လျှင် ရှေးဦးပိုင်း၌ အိန္ဒိယတောင်ပိုင်း ယဉ်ကျေးမှုအစိတ်အပိုင်းများ ပျံ့နှံ့ရောက်ရှိလာ၍ နောက်ပိုင်းတွင် သရေခေတ္တရာနှင့် ကူးလူးဆက်သွယ်မှုရှိခဲ့ပေသည်။ ဗိဿနိုးမြို့၊ ပန်ထွာပြည်ဟူသော အမည်များ မှည့်ခေါ်ခြင်းနှင့် စပ်လျဉ်း၍ အထောက်အထား မတွေ့ရသော်လည်း အစဉ်အဆက်ခေါ်ဝေါ်လာခဲ့ခြင်းကြောင့် ယင်းအမည်များသည် ယနေ့တိုင် ထင်ရှားတည်တံ့ခဲ့သည်ဟု မှတ်ယူရပေသတည်း။

ဗိဿနိုးမြို့ဟောင်း Pg - 22 မှ

( ဃ ) ဘာသာရေး သို့မဟုတ် ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ

( ဃ ) ဘာသာရေး သို့မဟုတ် ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ

# ဟန်လင်းမြို့ဟောင်း

**ဦးမြင့်အောင်**
( သုတေသနဝန်ထောက်၊ ရှေးဟောင်းသုတေသနဌာနခွဲ၊ မန္တလေး )

## သမိုင်းအညွှန်း

ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်းရှိ ဟန်လင်းကြီးမြို့ဟောင်းသည် မန္တလေး ရွှေဘိုမော်တော်ကားလမ်းပေါ်ရှိ စိုင်နိုင်ကွေ့မှ အရှေ့ဘက် ၁၁ မိုင်၊ ရွှေဘိုမြို့မှ အရှေ့တောင်ဘက် ၁၀ မိုင်နှင့် ၅ ဖာလုံခန့် အကွာတွင် တည်ရှိပေသည်။ ကြွင်းကျန်ရစ်သမျှသော အထောက်အထားများကို ချင့်ကြည့်ခြင်းအားဖြင့် ဟန်လင်းကြီးမြို့ဟောင်းသည် ရှေးကျသော မြို့ကြီးပြကြီးတစ်ခုဖြစ်ခဲ့ကြောင်း ထင်ရှားပေသည်။ ဦးကုလားရာဇဝင်ကြီး ပထမတွဲ၌ ဖော်ပြပါရှိသော ပုဂံမင်းဆက် မင်းယဉ်နရသိခ်နှင့် နရပတိစည်သူတို့၏ ဝေဠုဝတီမိဘုရား အရေးအခင်းတွင် နရပတိစည်သူ၏ မြင်းခံပြေးသည့် ဟင်းလင်း ( ဟန်လင်း ) ရွာကိုဖြတ်၍ ငါးပတ်ချောင်းသို့ ခရီးဆက်ကြောင်းကို လည်းကောင်း*၊ မြန်မာသက္ကရာဇ် ၆၄၇ ခုနှစ်က ရေးထိုးခဲ့သော သျှင်ဒိသာပါမောက္ခကျောက်စာတွင်လည်း သျှင်ဒိသာပါမောက္ခမထေရ်သည် တရုတ်ပြည်သို့ ဟန်လင်းမှ ဖြတ်၍ သွားရောက်ရာတွင် ဟန်လင်းရွာ၌ စခန်းချနေထိုင်ခဲ့ဖူးကြောင်းကိုလည်းကောင်း**၊ တွေ့ရှိရသည်။ ဤမျှဖြင့် ဟန်လင်းရွာသည် ပုဂံသားတို့ အရောက်အပေါက်များသောဒေသဖြစ်ကြောင်း သိသာနိုင်ပေသည်။ သျှင်ဒိသာပါမောက္ခ ကျောက်စာထွက် စကားအရ ဟန်လင်းကို **ဟန်လင်** ဟု အသံပေါ်ဖြင့် ပုဂံခေတ်ကောင်းစားစဉ်ကပင် ခေါ်ဝေါ်အမည်တွင်ခဲ့ကြောင်း သိသာထင်ရှားပေသည်။

ဤသမိုင်းအညွှန်းစကားများမှလွဲ၍ သမိုင်းဖြစ်ရပ်စဉ်များမှာမူ မြန်မာရာဇဝင်များ၌ ထင်ရှားပေါ်လွင်ခြင်းမရှိခဲ့ချေ။ သို့သော် ဘိုးတော်ဘုရားလက်ထက် ( ၁၁၄၃–၁၁၈၁ ) ဟန်လင်းရွာစားဖြစ်ခဲ့သော စည်သူကျော်ထင်ဘွဲ့ခံ သာခြင်းဆရာ ဦးအောင်ဖြိုး ရေးသားပြုစုသည့် ဟန်လင်းသမိုင်းလင်္ကာတွင်မူ ဟန်လင်းကြီးသမိုင်းသည် မဇ္ဈိမဒေသ အိန္ဒိယနှင့် ဆက်စပ်လျက်ရှိကြောင်း၊ မဟာသမ္မတမင်း၏ သားတော်လတ် ကရဘော်မင်းသားသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီးလျှင် ဟန်လင်းရွှေပြည်ကို တည်ထောင်မင်းပြုကြောင်း၊ ကရဘော်မင်းတရားကြီးလက်ထက်မှစ၍ ဟန်လင်းရွှေပြည်၌ မင်းပြုခဲ့သော မင်းပေါင်း ၇၉၉ ပါးရှိခဲ့ကြောင်း နောက်ဆုံးမင်းသည် ပျူစောထီးဟုကျော်ကြားကြောင်း အကျယ်တဝင့် နိဒါန်းခံ၍ ရေးသားထားပေသည်။

---

* ကုလား၊ ၂၄၆။

** ပုံ ၂၇၀၊ ကြောင်းရေ ၆။

အဆိုပါပျူစောထီးလက်ထက်တွင် ညီတော်ပြိုးမင်းဟူ၍ရှိရာ ညီတော် တစ်ခါပြိုးတိုင်း ကောင်းကင်ယံမှ ရတနာမိုးတစ်ကြိမ်ရွာသွန်းကြောင်း၊ ဤသို့သော ထူးဆန်းသည့်ဂုဏ်သတင်းကိုသိရှိရန် တရုတ်ပြည် ဥတည်မင်းက သံစေလွှတ်စုံစမ်းစေသောအခါ ညီတော်သည် မရီးတော်၏ တမလွန်ဘဝ၌ ငရဲတွင်ခံစားရမည့် ဆင်းရဲခြင်းဒုက္ခကို ဇာတိဿရဉာဏ်ဖြင့် ရှုမြင်မိသောကြောင့် မပြိုးနိုင်မရယ်နိုင်ပဲ နေသည့်အခိုက်နှင့် ကြုံကြိုက်နေသဖြင့် နောင်တော်ပျူစောထီးဘုရင်မင်းမြတ်၏အမိန့်ကို မနာခံဘိသကဲ့သို့ ဖြစ်သွားကြောင်း၊ ဤတွင် နောင်တော်ကအထင်မှား၍ ရာဇမာန်ပွားကာ ညီတော်ကိုကွပ်မျက်စေသောကြောင့် ဟန်လင်းကြီး၌ ပြာပူမိုးရွာပြီး ထီးသုဉ်းနန်းသုဉ်းဖြစ်ခဲ့ရကြောင်း အကျယ်တဝင့် ပါရှိလေသည်။

## သုတေသနရည်ရွယ်ချက်

ဤမျှသိရှိရသော သမိုင်းအညွှန်းတို့ကို မျက်မြင်ဒိဋ္ဌတွေ့ရှိနေကြရသောဟန်လင်းမြို့ဟောင်းရာမှ အုတ်မြို့ရိုးအကြွင်းအကျန်များ၊ တစ်ခါတစ်ရံတွေ့ရှိကြရသော ပျူဒင်္ဂါးများ၊ မြေအရိုးအိုးကွဲများဖြင့် ညှိနှိုင်းစိစစ်လိုက်သောအခါ ဟန်လင်းကြီး၌ နေထိုင်ခဲ့ကြသည့် သက်ဆိုင်ရာပျူခေတ်က လုပ်သားပြည်သူတို့၏ ဘဝကို ပေါ်လွင်အောင်ဖော်ထုတ်ရန် လမ်းစပေါ်ခဲ့ပေသည်။

မြန်မာ့ရှေးဟောင်းသုတေသနပညာ၏ ရည်ရွယ်ချက်တွင် တိမ်မြုပ်လျက်ရှိသော သမိုင်းတင်ခေတ် ရှေးဦးပိုင်းက ကွက်လပ်များကို ဦးစွာပထမ ဖော်ထုတ်၍ လူသိများသော သမိုင်းခေတ်များနှင့် ဆက်စပ်ပေးရန်သည် အခြေခံကျသော ရည်ရွယ်ချက်ကြီးတစ်ခုအဖြစ် ပါဝင်ပေသည်။ ဤရည်ရွယ်ချက်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဗိဿနိုးမြို့ဟောင်း၌ ကွင်းဆင်းတူးဖော်ခဲ့ရာ ပျူတို့၏ ယဉ်ကျေးမှုလက္ခဏာအင်္ဂါအတော်ပင်စုံလင်အောင် သိမြင်ခဲ့ကြရသည်။ သို့သော် ပျူယဉ်ကျေးမှု၏အပြန့်သဘောကို ဖော်ထုတ်နိုင်ရန်လည်း လိုအပ်လှသဖြင့် ဗိဿနိုးပြီးလျှင် ဟန်လင်းကြီးသည်သာ ရှေးဟောင်းသုတေသီများအတွက် စိတ်ဝင်စားစရာနှင့် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်စရာ အသင့်တော်ဆုံးဒေသ ဖြစ်ခဲ့ရပေသည်။

## ပဏာမလေ့လာချက်

ဟန်လင်းမြို့ဟောင်း၌ ကွင်းဆင်းပဏာမလေ့လာ၍ စမ်းသပ်တူးဖော်မှုများကို စစ်ကြိုခေတ် ၁၉၀၅-ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဆောင်ရွက်ခဲ့ဘူးသည်။* ထိုစဉ်က ပြုစုခဲ့သော ဟန်လင်းမြို့ဟောင်းမြေပုံကို ဆွဲပုံ ( ၁ ) တွင် တွေ့မြင်နိုင်ပါသည်။ ယင်းသို့ ကွင်းဆင်းတူးဖော်ရာတွင် အောက်ပါကုန်းများ၌ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့ကြသည်။


၁။ ကုလားကုန်း ( ယခုအခါ ထနောင်းကုန်းရွာအရှေ့ဘက် ကပ်လျက်တွင်ရှိ၍ ဆပ်ပြာကျင်းအလယ်တွင် ရှိ၏။ ဦးဘိုးရာပိုင်ဆိုင်သော မြေကွက်ဖြစ်သည်။ )

၂။ ဘုရားကုန်း ( ယခုခေတ် တူးဖော်ပြီး ဟန်လင်း အမှတ် ( ၅ ) ကုန်းအနီး၌ တည်ရှိသင့်သော်လည်း ရှာဖွေ၍ မတွေ့သေးချေ။ )

၃။ နန်းတော်ရာ ( ယခုအခေါ် တဲတော်ရာကုန်းဖြစ်၍ ပေပင်တွင်းအနီးတွင် ရှိသည်။ )

---

* *Report on Archaeological Work in Burma for the Year 1904-1905.*




ဆွဲပုံ ၁။ ။၁၉၀၅ ခုနှစ်က ရေးဆွဲခဲ့သော ဟန်လင်းမြို့

၄။ တောရဂူဘုရားအနီး ဘုန်းကြီးဂူ ( ယခုအခေါ်အဝေါ် အထူးမရှိ။ )

၅။ နဂါးရုန်းကန် အနောက်တောင်ဘက်ရှိ ဘုရားပျက်သုံးဆူကုန်း ( ယခုခေတ် တူးဖော်ပြီး ဟန်လင်း အမှတ် ( ၁၄ ) ကုန်းနှင့် ထူးပေါက်အကြားတွင် ရှိသည်။ )

၆။ နဂါးရုန်းကန် အနောက်ဘက်ကန်ပေါင်ရိုးရှိ သက္ကတကျောက်စာတွေ့သော ကုန်း ( ယခု ဟန်လင်းသူကြီးဟောင်း ဦးအိုး၏ဖခင် ပိုင်ဆိုင်၍ ဦးစံငြိမ်းကုန်းဟု တွင်သည်။ )

၇။ နန်းတော်ရာအနောက်ဘက် အုတ်ရိုးနှင့်ကပ်လျက် ကောနေသောချောင်းရှိတစ်နေရာ ( ယခုအခါ မမှန်းဆသာချေ။ )

၈။ အရှေ့နှင့်တောင်ဘက် မြို့ရိုးများဆုံတွေ့ရာ ထောင့်အနီးရှိ ကုလားတိုက်။

၉။ နန်းတော်ရာ အနောက်တောင်ထောင့်အနီးရှိ ရေတွင်းဟောင်း ( ယခုအခေါ် ပေပင်တွင်း။ )

၁၀။ နန်းတော်ရာ မြောက်ဘက်အုတ်ရိုး၏ အပြင်ဘက်ခပ်ကျကျတွင်ရှိသော ရေလှောင်ကန် ( ယခု အခေါ် ကင်ပွန်းခြံအိုက်။ )

အထက်ပါ တူးဖော်မှုများကို မဆောင်ရွက်မီကလည်းကောင်း၊ ဆောင်ရွက်နေစဉ်ကလည်းကောင်း စုဆောင်းရရှိခဲ့သော ရှေးဟောင်းပစ္စည်းများတွင် ပျူဒင်္ဂါးများ၊ ရှေးမြန်မာအုတ်များနှင့် ပျူကျောက်စာ တစ်ချပ် ပါဝင်ပေသည်။ ပျူကျောက်စာကို လေ့လာဆန်းစစ်ရာ ကျောက်စာ၌အသုံးပြုထားသော အက္ခရာများမှာ အိန္ဒိယတောင်ပိုင်း အရေးအသားများပေါ်တွင် အခြေတည်သည့် ဗြာဟ္မီအက္ခရာများ ဖြစ်ကြောင်း ခရစ်နှစ် ၄ ရာစုအခါက အရေးအသားများဖြစ်ကြောင်း သိရှိကြရသည်။

ဤသို့ သိရှိရသမျှနှင့်ပင် ဟန်လင်းမြို့ဟောင်းသည် စနစ်တကျ ကွင်းဆင်းလေ့လာရန်နှင့် ထပ်မံတူးဖော်သုတေသနပြုလုပ်ရန် အကြောင်းခိုင်လုံသော မြို့ဟောင်းကြီးတစ်ခုဖြစ်ကြောင်း ထင်ရှားသဖြင့် ၁၉၆၁-၆၂ ခုနှစ်အတွင်း ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်ခေါင်းဆောင်သော ကွင်းဆင်းအဖွဲ့က ထပ်မံကွင်းဆင်းစူးစမ်း၍ တူးဖော်ရန် လုပ်ငန်းစဉ်ချမှတ်ခဲ့ကြသည်။*

ယင်းသို့ ကွင်းဆင်းလေ့လာစဉ် မြေတိုင်း မြေပုံထုတ်မှတ်တမ်းတင်သောအခါ ဟန်လင်းကြီးမြို့ဟောင်းသည် စတုဂံပုံရှိကြောင်း တွေ့ရ၏ ( ဆွဲပုံ ၂ ရှု။ ) တောင်မြောက်လျား၍ နှစ်မိုင်နီးပါးရှိပြီးလျှင် အရှေ့အနောက်အနံ တစ်မိုင်ခန့်ရှိသည်။ မြို့ရိုးဖြက်မှာ ၁၆ ပေခန့်ရှိ၍ အမြင့်မှာ အချို့နေရာတွင် ၅ ပေခန့်သာ ရှိတော့သည်။ မြို့ဟောင်းနေရာကို လက်ရှိလူနေရပ်ကွက်ဖြစ်သော ဟန်လင်းကျေးရွာ၏ မြောက်ဘက်တွင် အုတ်ရိုးအကြွင်းအကျန်များနှင့်တကွ တွေ့နိုင်သေးသည်။ လက်ရှိလူနေရပ်ကွက်ထက် မြေမျက်နှာပြင်မြင့်သောအပိုင်းတွင်တည်ရှိပြီး မြို့ဟောင်းတံတိုင်းအနောက်မြောက်ထောင့်နေရာသည် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရ၏။ လူနေရပ်ကွက်မှ မြေမျက်နှာပြင်ပြ ကွန်တိုမျဉ်းသည် ပေ ၃၀၀ နှင့် ယင်းအောက်တွင်ကျရောက်၍ မြောက်ဘက်ကပ်လျက် မြို့ဟောင်းနေရာသည် ကွန်တိုမျဉ်းပေ ၃၅၀ နှင့် ၄၀၀ အကြားတွင်ရှိ၏။ မြို့ဟောင်းအလယ်တည့်တည့်လောက်တွင် တောင်မြောက်ဖြတ်သန်းထားသော လျှိုကြီးတစ်ခု ရှိသည်။ မြို့ရိုးတံတိုင်းများအတွင်း နေရာအနှံ့တွင် မြေပို့နေသော အုတ်ကုန်းဟောင်းများ အပြန့်အနှံ့ရှိနေကြသော်လည်း များသောအားဖြင့် မထင်ရှားလှချေ။ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးများအနီးတွင် အုတ်ကုန်းများကို အခြားနေရာများမှာထက် ပိုမိုတွေ့နိုင်ပေသည်။

---

* ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ ၁၉၆၁-၆၂ အတွက် နှစ်ချုပ်အစီရင်ခံစာ၊ ၃-၄။

မြို့ရိုးဟောင်းမှာ အုတ်ဖြင့်ပြီး၍ အရှေ့ဘက်၊အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ကျုံးနေရာများကို တွေ့နိုင်သည်။ ကျုံးနှင့်လည်းကောင်း၊ မြို့ရိုးနှင့်လည်းကောင်းယှဉ်ပြိုင်လျက် မလှမ်းမကမ်းနေရာတွင်လည်း ထုံးကျောက်ပြုတ်ဖုံးထားသည့် မြေရိုးကြီး နှစ်ခုကို အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင်တွေ့ရပေသည်။ တောင်ဘက်တံတိုင်းတွင်မူ ကျုံးကိုလည်းကောင်း၊ မြေရိုးကိုလည်းကောင်း မတွေ့ရချေ။ မြို့ရိုးများအပြင်ဘက် နေရာတို့တွင်လည်း အုတ်ကုန်းအချို့ကို တွေ့နိုင်ပေသေးသည်။ ယင်းတို့အနက် ထူးခြားသောကုန်းမှာ အရှေ့တောင်ထောင့်အပြင်ဘက်ရှိ ကုလားတိုက်ခေါ် ကုန်းတစ်ခုပင် ဖြစ်သည်။

ဟန်လင်းကြီးအုတ်မြို့ရိုးဟောင်း အရှေ့တောင်ထောင့်မလှမ်းမကမ်းနှင့် ရေပူကုန်းရွာမှ အရှေ့ဘက် ခပ်လှမ်းလှမ်းတွင် အရှေ့အနောက် တမံတုတ်ထားသော နဂါးရုန်း ရေလှောင်ကန်ကြီး၏ အုတ်တံတိုင်း ကန်ပေါင်ရိုးကြီးကို တွေ့ရပေသည်။

အထက်ပါအတိုင်း တွေ့ရှိရသော ဟန်လင်းကြီးမြို့ရိုးဟောင်းရှိ အုတ်တံတိုင်းများ ဆောက်လုပ်ပုံသည် အရှေ့ အနောက် တောင် မြောက် ကျကျ ဆောက်လုပ်ထားခြင်းမဟုတ်မူပဲ တောင်မြောက်ပြမြေတိုင်းအိမ်မြှောင်အရ မြောက်ဘက်မှအနောက်ဘက်သို့ ၁၅ ဒီဂရီ ၄၆ မိနစ် တိမ်း၍ ဆောက်လုပ်ထားကြောင်း တွေ့ရသည် ( ဆွဲပုံ ၂ ရှု။ )။


## တူးဖော်မှုစနစ်

တူးဖော်ရာကုန်းများ၏ အနေအထားကိုလိုက်၍ တူးဖော်မှုစနစ် အမျိုးမျိုးရှိပေသည်။ ယင်းတို့အနက် ဥပမာ အုတ်တံတိုင်းတစ်ခုကို တူးဖော်ရာ၌ တံတိုင်းတစ်ခုလုံးကို ပေါ်လွင်စေလိုလျှင် တံတိုင်းတစ်ဘက်တစ်ချက်တွင် ပန္နက်တိုင်များ စိုက်ထူလျက် ကျင်းရှည်များချ၍ တူးဖော်နိုင်ပေသည်။လူနေအဆောက်အအုံတစ်ခုကို သရုပ်ဖော်လိုလျှင် လေးထောင့်ကွက်ပန္နက်များချ၍တူးဖော်နိုင်ပေသည်။ အိန္ဒိယနိုင်ငံတွင် သက်ဆိုင်ရာ အိန္ဒိယအစိုးရရှေးဟောင်းသုတေသနဌာနက တူးဖော်မှုများ ဆောင်ရွက်ရာ၌ မိမိတို့ သိရှိဖြေရှင်းလိုသော ပြဿနာရပ်များအတွက်သာ ရည်ရွယ်တူးဖော်လေ့ရှိရာ များသောအားဖြင့် ကျင်းရှည်စနစ်ကို အသုံးပြု၏။ ကျင်းရှည်စနစ်သည် အနက်တူးရာ၌ အကျိုးရှိစွာ အသုံးချနိုင်ပြီး တစ်နေရာတည်းမှ ပေါ်ပေါက်လာသော ယဉ်ကျေးမှုတစ်ခု သို့မဟုတ် တစ်ခုထက်မက များပြားသော ယဉ်ကျေးမှုတို့အကြောင်းကို မာတိကာသဘောမျှ သိရှိနိုင်အောင် အကျိုးထူးပေးစွမ်းနိုင်၏။ သို့ရာတွင် အုတ်တံတိုင်းတစ်ခုကို အလျားလိုက်ဖော်ထုတ်ရန်အတွက် ကျင်းရှည်စနစ်ကိုသုံး၍ တူးဖော်သည်ဆိုရာ၌ အုတ်တံတိုင်း အကွေ့အဝိုက်ရှိသောအခါ ကျင်းကိုလည်း ကွေ့ဝိုက်ပန္နက်ချရန် အတန်ငယ်ခက်ခဲကြောင်း တွေ့ရသည်။

လေးထောင့်ကွက်များ ချမှတ်တူးဖော်သောအခါ အခြေခံမျဉ်းနှစ်ဖက်မှလွဲ၍ ကျန်နှစ်ဖက်သို့လိုသလို တိုးချဲ့နိုင်သောကြောင့် အဆောက်အအုံ၏ ပန္နက်ဖော်ထုတ်ရာတွင် လွန်စွာအကျိုးရှိပေသည်။ သို့သော် ဤစနစ်မှာ ဒေသတစ်ခု၌ယဉ်ကျေးမှုတစ်ခုသာထွန်းကားသောအခြေအနေတွင် သုံးရန်သင့်လျော်သော်လည်း ယဉ်ကျေးမှုများ တစ်ခုပေါ်တစ်ခုထပ်၍ မြေတွင် နစ်မြုပ်နေသည့် အရပ်ဒေသများ အတွက်မူ ဦးစွာတွေ့ရှိပြီးသော ယဉ်ကျေးမှုအကြွင်းအကျန်များကို မဖယ်ရှားပစ်ပဲ အောက်ဆုံးလွှာရှိ ယဉ်ကျေးမှုများအကြောင်းကို စုံလင်စွာသိရှိရန်မှာ များစွာမလွယ်ကူချေ။

မည်သို့ပင်ဖြစ်စေ၊ လက်ရှိလေ့လာဖူးသမျှ ၊ တွေ့ကြုံဖူးသမျှ အတွေ့အကြုံများအရ မြန်မာနိုင်ငံ၌ ထွန်းကားခဲ့သော ရှေးဟောင်းမြို့တော်များ၏ ယဉ်ကျေးမှုများမှာ များစွာ ထွေပြားလှခြင်းမရှိပဲ၊ များသောအားဖြင့် မြို့တစ်မြို့တွင် ယဉ်ကျေးမှုတစ်ခုသာ ထွန်းကားလေ့ရှိပေသည်။ ထို့ကြောင့် ဗိဿနိုးသည်

## ဆွဲပုံ ၂။ ဟန်လင်းမြို့ဟောင်း မြေပုံ (၁၉၆၂-၆၃)



လည်းကောင်း၊ သရေခေတ္တရာသည်လည်းကောင်း၊ ဟန်လင်းသည်လည်းကောင်း ယဉ်ကျေးမှုတစ်ခုသာ ထွန်းကားသော ဒေသများဖြစ်သောကြောင့် လေ့လာလိုသော အဆောက်အအုံ ပန္နက်ပုံစံများ ပေါ်လွင်စေရန် လေးထောင့်ကွက်စနစ်ကို သုံး၍လည်းကောင်း၊ မြို့ရိုးများအကြောင်း သိရှိနိုင်ရန် ကျင်းရှည်စနစ်ကို သုံး၍လည်းကောင်း လိုအပ်သလိုဆောင်ရွက်ခဲ့ပါသည်။

သို့သော် အမှန်အားဖြင့် မည်သည့်စနစ်ကိုပင် သုံးသည်ဖြစ်စေ၊ ပေါ်ပေါက်လာသောအဆောက်အအုံများကို လွယ်ကူစွာ မှတ်တမ်းတင်နိုင်ခြင်း၊ ရှေးဟောင်းပစ္စည်းများကို စနစ်တကျမှတ်သားနိုင်ခြင်း၊ မြေလွှာဆန်းစစ်မှုအကြောင်း အတိအကျ လေ့လာနိုင်ခြင်းသည်သာ အဓိက ဖြစ်ပေသည်။ ထိုသို့ မှတ်တမ်းတင်နိုင်သောစနစ်ဖြစ်မှုလည်း သိပ္ပံနည်းကျသည်ဟု ဆိုနိုင်ပေသည်။ ထို့ကြောင့် ဟန်လင်းကြီးတူးဖော်မှုတွင် အသုံးပြုခဲ့သော လေးထောင့်ကွက်စနစ်နှင့် ကျင်းရှည်စနစ် နှစ်ခုစလုံးမှာ ဟန်လင်းကြီး ယဉ်ကျေးမှု၏ သဘောသရုပ်ကို အတော်အတန်ပြည့်စုံစွာ သိရှိရန်အတွက်များစွာ အထောက်အကူပြုသော စနစ်များဖြစ်ကြပေသည်။

## အဆောက်အအုံအကြွင်းအကျန်နှင့် မြေလွှာများ

ဟန်လင်းမြို့ဟောင်း တူးဖော်မှုကို ၁၉၆၃ ခု ဇန်နဝါရီလမှစတင်ခဲ့၍ ၁၉၆၆ ခု ဖေဖော်ဝါရီလအထိ ပျမ်းမျှ တစ်နှစ်တစ်ကြိမ်ကျ ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ* ရွေးချယ် တူးဖော်ခဲ့သော ကုန်းများနှင့် တူးကွက်များအလိုက် ပေါ်ပေါက်လာသော အဆောက်အအုံ အကြွင်းအကျန်များနှင့် ယင်းတို့အကြောင်း သရုပ်ပြမြေလွှာများမှာ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

က ။ မြို့ရိုး၊ မြို့အရံအတားနှင့် မြို့ဝင်ပေါက်များ။ အမှတ် ၃၊ ၄၊ ၁၀၊ ၁၁။

ခ ။ လူနေရပ်ကွက်ရှိ အဆောက်အအုံ အကြွင်းအကျန်များ။ အမှတ် ၁၊ ၂၊ ၆၊ ၇၊ ၉။

ဂ ။ သင်္ချိုင်းဂူများ။ အမှတ် ၈၊ ၁၂၊ ၁၃၊ ၁၅။


ဃ ။ ရေလှောင်ကန်ပေါင်ရိုး။ အမှတ် ၁၄။ ( ဆွဲပုံ ၃ ရှု။ )

### က။ မြို့ရိုး၊ မြို့အရံအတားနှင့် မြို့ဝင်ပေါက်များ

ဟန်လင်းမြို့ဟောင်း၌ တူးဖော်မှုများကို ဆောင်ရွက်ခဲ့ကြရာတွင် ဦးစွာပထမ တူးဖော်သောကုန်းမှ စတင်၍ နံပတ်စဉ် ရေးထိုးမှတ်သားထားရှိခဲ့သော်လည်း ပေါ်ပေါက်တွေ့ရှိရသော အဆောက်အအုံများကို အမျိုးတူရာ စုပေါင်းလိုက်သောအခါ အထက်က သတ်မှတ်ခဲ့သည့်အတိုင်း နံပတ်စဉ်အလိုက် မဟုတ်တော့ချေ။ မြို့တစ်မြို့ကို တူးဖော်ရာတွင် လူနေရပ်ကွက်များကို အဓိကထားခြင်းဖြင့် ထိုမြို့ဟောင်း၏ လူနေမှုကားချပ်ကို အတော်အတန်ပြည့်စုံအောင် ဖော်ထုတ်နိုင်ပေသည်။ သို့ရာတွင် မြို့အနေအထား၊ မြို့ရိုး၊ ပြအိုး၊ မြို့တံခါးများအကြောင်း သိရှိနိုင်ရန် တူးဖော်မှသာလျှင် ရည်ရွယ်ရင်းဖြစ်သော လူနေမှုရုပ်ပုံလွှာမှာ ပိုမိုထင်ရှားပီပြင်မည် ဖြစ်ပေသည်။ ထို့ကြောင့် ဟန်လင်းမြို့အကြောင်း ဖော်ပြရာတွင် မြို့အနေအထား မြို့ရိုးမြို့တာ၊ မြို့တံခါးများအကြောင်းက စတင်၍ ဖော်ပြလိုက်ရပေသည်။

---

* ကြီးကြပ်တူးဖော်သူများမှာ ပထမနှင့် ဒုတိယအကြိမ် ဦးစိန်မောင်ဦး၊ တတိယနှင့်စတုတ္ထအကြိမ် ဦးမြင့်အောင်၊ ၁၉၆၆–၆၇ ခုနှစ် ပဉ္စမနှင့်နောက်ဆုံးအကြိမ်တူးဖော်မှုကို ဦးမြင့်အောင်ပင် ဦးဆောင်တူးဖော်ခဲ့သော်လည်း ဤစာတမ်းတွင် စတုတ္ထအကြိမ်အထိတွေ့ရှိချက်များကိုသာဖော်ပြထားပါသည်။



ဆွဲပုံ ၃။ ။တူးဖော်ပြီး အဆောက်အအုံများ စုပေါင်းပုံ

ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း

**အမှတ် (၄) ကုန်း** ။ ။အမှတ် ( ၄ ) ကုန်းသည် ဟန်လင်းမြို့ဟောင်းတောင်ဘက် မြို့ရိုးတံခါးတော်၏ အနောက်ဘက်အနီး မြို့ရိုးပေါ်၌ တည်ရှိ၏။ ကုန်း၏ ပတ်ဝန်းကျင်တွင် အရှေ့ဘက်၌ တံခါးတော်ကို ဖြတ်သန်းသွားသော လှည်းလမ်းသည် အမှတ် ( ၄ ) နှင့် ( ၃ ) ကုန်းကို နယ်ခြားသတ်မှတ်ပြီး အရှေ့မှ အနောက်သို့ တန်းသွားကာ ဟန်လင်းရွာဘက်သို့ ဦးတည်ဖောက်လုပ်ထားသော လှည်းလမ်းဖြစ်သည်။ ကုန်း၏အနောက်ဘက် မနီးမဝေးတွင် အုတ်ရေလှောင်ကန်တစ်ခုရှိ၍ ခပ်လှမ်းလှမ်းနေရာ၌ အသုံးပြုဆဲ သချိုင်းတစ်ခု တည်ရှိသည်။

မတူးဖော်မီကဆိုလျှင် အမှတ် ( ၄ ) ကုန်းသည် တောင်ဘက်ဝန်းကျင် မြေမျက်နှာပြင်ထက် ၁၂ ပေခန့် မြင့်၏။ မြောက်ဘက်တွင်မူ မြို့ရိုးအတွင်းရှိ လယ်ကွင်းများထက် ၁၃ ပေခန့်မြင့်ကြောင်း တွေ့ရသည်။ အမှတ် ( ၄ ) ကုန်းသည် မြို့ရိုးတစ်နေရာဖြစ်သောကြောင့် ယင်းကိုတူးဖော်ရာ၌ မြို့ရိုးတည်ဆောက်ပုံ အခြင်းအရာများကို သိရှိလိုသည့် ရည်ရွယ်ချက်ရှိရကား ကျင်းရှည်စနစ်ကို အသုံးပြု၍ မြို့ရိုးတွင်းနေရာများနှင့် မြို့ရိုးပြင်နေရာများကို ဆက်စပ်ကြည့်ရှုနိုင်ရန်လည်းကောင်း၊ မြို့ရိုးအောက်ခြေတွင် မည်သို့မည်ပုံ ပန္နက်ချ လုပ်ဆောင်သည်ကို သိရှိရန်လည်းကောင်း ရည်မှန်းချက်ချကာ တူးဖော်ခြင်းဖြစ်သည်။

အထက်ပါအတိုင်း တူးဖော်လိုက်သဖြင့် ပေါ်ပေါက်လာသော မြို့ရိုးသည် ၃ ၂၉ ပေ ၆ လက်မရှိ၏။ မြို့ရိုးတွင် အုတ်သားသက်သက်အထု ၅ ပေ ၇ လက်မရှိကြောင်းကို တောင်ဘက်မျက်နှာပြင်၌လည်းကောင်း၊ ၉ ပေ ၃ လက်မရှိကြောင်းကို မြောက်ဘက်မျက်နှာပြင်၌လည်းကောင်း တွေ့ရသည်။ တောင်ဘက်မျက်နှာပြင်တွင် အုတ်လွှာရေ ၂၂ လွှာနှင့် မြောက်ဘက်မျက်နှာပြင်တွင် အုတ်လွှာရေ ၃၅ လွှာ အသီးသီးရှိကြကြောင်း တွေ့ရပေသည်။( ဓာတ်ပုံ ၁ ရှ )

အုတ်မြို့ရိုးနှင့် ယှဉ်တွဲပေါ်လာသော မြေလွှာများကို လေ့လာရာတွင် တောင်ဘက်၌မြေလွှာလေးလွှာ တွေ့ရှိရ၍ သဘာဝအားဖြင့် မြို့ရိုးမှပြိုပျက်ကျသည့်သဘောကို ပြ၏။ မြောက်ဘက်တွင်မူ ထိုသို့မဟုတ်ချေ။ မြေလွှာသုံးလွှာရှိသည့်အနက် အားလုံးလိုလို အုတ်ကျိုးအုတ်ပဲ့များဖြင့် သိပ်သည်းစွာ ပြုလုပ်ထားကြသဖြင့် မန္တလေးမြို့ရိုးတွင် အတွင်းဘက်မှ မြေဖို့၍ မြို့ရိုးကို ကြံ့ခိုင်စွာပြုလုပ်ထားသကဲ့သို့ ပြုလုပ်ထားကြောင်း တွေ့ရသည်။

**အမှတ် ( ၃ ) ကုန်း**။ ။အမှတ် ( ၃ ) ကုန်းသည် အမှတ် ( ၄ ) ကုန်း၏တောင်ဘက် ၁၀ ဂိုက်မျှသာ ကွာဝေးသောနေရာတွင် တည်ရှိသည်။ ပတ်ဝန်းကျင်အနေအထားမှာ အမှတ် ( ၄ ) ကုန်းမှာကဲ့သို့ဖြစ်သော်လည်း အမှတ် ( ၄ ) ကုန်းတည်ရှိရာ မြို့ရိုးမှ အတန်ငယ် အပြင်ဘက်ကျရောက်လျက်ရှိ၏။ မတူးဖော်မီက ကုန်း၏အမြင့်ပမာဏမှာ ပတ်ဝန်းကျင်မြေမျက်နှာပြင်ထက် ၁၀ ပေခန့်ရှိ၏။ ပုံသဏ္ဌာန်သည် အကြမ်းအားဖြင့် စက်ဝိုင်းသဏ္ဌာန်ရှိ၍ အရှေ့အနောက် ၁၃၅ ပေခန့် တောင်မြောက် ပေ ၂၁၀ ခန့် ကျယ်ဝန်းသည်။ ဤကုန်းတွင် ၁၅ ပေပတ်လည် ပန္နက်ကွက်များချမှတ်၍ တူးဖော်သောအခါ ရှေ့နောက်တန်းနေသော အလျား ၁၀၅ ပေခန့်ရှိသည့် အုတ်ကတုတ်ကြီးတစ်ခု ပေါ်ထွက်လာသည်။ အဆိုပါအုတ်ကတုတ်တွင် အကျယ်ဆုံးသောနေရာ၌ ခြောက် ၁၁ ပေရှိ၍ အကျဉ်းဆုံးနေရာတွင် ၈ ပေရှိကြောင်း တွေ့ရသည်။ စီထားသောအုတ်များမှာ တစ်လွှာလျှင် အလျား ၁ ပေ ၆ လက်မ၊ အနံ ၉ လက်မ၊ ၃ ၃ လက်မရှိ အုတ်လွှာပေါင်း ၁၉ လွှာနှင့် အမြင့် ၄ ပေဖြစ်သည်။

အထက်ပါ အုတ်ကတုတ်ကြီးတွင် လက်စွယ် နှစ်ခုရှိရာ အရှေ့ဘက်ရှိလက်စွယ်သည် ၂၂ ပေရှည်၍ အကျယ် ၅ ပေရှိသည်။ အမြင့်မှာ ၃ ပေ ၁ လက်မဖြစ်သည်။ အနောက်ဘက်လက်စွယ်သည် အလျား ၃၆ ပေနှင့် အကျယ် ၅ ပေ၊ အမြင့် ၂ ပေ ၉ လက်မ အသီးသီးရှိကြသည်။ လက်စွယ် နှစ်ခုစလုံးသည်

မြောက်ဘက်မှတောင်ဘက်သို့ ဆန့်ထွက်နေကြ၏။ တူးဖော်ရာ၌ မြေလွှာအထောက်အထားများအရ သဘာဝ အဝါရောင်မြေပွအလွှာပေါ်တွင် မေးတင်ဆောက်လုပ်ထားကြောင်း တွေ့ရှိရသည်။ ( ဓာတ်ပုံ ၂ ရှု )


ပေါ်ပေါက်လာသော အဆောက်အအုံသည် လူနေအဆောက်အအုံတစ်ခု မဟုတ်သောကြောင့် ပုတီးစေ့ နှစ်လုံးနှင့် ပျူဒင်္ဂါးတစ်ခုမှလွဲ၍ အိုးခြမ်းကွဲများပင် ပြောပလောက်အောင် မရရှိခဲ့ချေ။

**အမှတ် (၁၀ ) ကုန်း**။ ။အမှတ် (၁၀ ) ကုန်း သည် တောင်ဘက်မြို့ရိုးပေါ်တွင် တည်ရှိသော ကုန်းတစ်ကုန်းဖြစ်၍ မြို့ရိုးအရှေ့တောင်ထောင့်မှ ၁၂၃၇ ပေ အကွာတွင် တည်ရှိသည်။ တူးဖော်ပြီးခဲ့သော အမှတ် ( ၉ ) ကုန်းမှဆိုပါမူ အရှေ့တောင်ယွန်းယွန်း ဂိုက် ၁၁၀၀ အကွာတွင်တည်ရှိသည်။ ကုန်း၏ အကျယ်အဝန်းမှာတောင်မြောက် ပေ ၂၃၀၊ အရှေ့အနောက် ၁၃၅ ပေ အသီးသီးရှိ၍ အမြင့်မှာ ပတ်ဝန်းကျင် မြေမျက်နှာပြင်မှ ၁၇ ပေရှိ၏။


ဤကုန်းကို ရွေးချယ်တူးဖော်ရာတွင် အဓိကရည်ရွယ်ချက်မှာ မြို့ရိုးကိုဖြတ်သန်း၍ မြို့ပေါက်ဖောက်လုပ်ထားခြင်း ရှိမရှိ စူးစမ်းရန် ဖြစ်ပေသည်။ ရှေးမြို့ဟောင်းများကို တူးဖော်သုတေသန ပြုလုပ်ရာ၌ မြို့တည်ပုံစနစ်၊ ကာကွယ်ရေးနှင့် ပြင်ပဆက်ဆံရေးသဘောများကို စောကြောလေ့လာရန်များစွာ လိုအပ်လှသည်နှင့်အညီ မြို့ရိုးပြအိုးများ တည်ဆောက်ပုံမျှကိုသာမက ပြင်ပဆက်ဆံရေးအတွက် အရေးကြီးသော မြို့ပေါက်နှင့် လမ်းပန်းဆက်သွယ်ရေးကိုပါ ဖော်ထုတ်ပေးရန်လိုအပ်လှပေသည်။ ထို့ကြောင့်လည်း အမှတ် (၁၀ ) ကုန်းကို ရွေးခဲ့ခြင်းဖြစ်သည်။ ( ဓာတ်ပုံ ၃ ရှု )

အထက်ပါ ရည်ရွယ်ချက်များအတိုင်း တူးဖော်ရာ မျှော်လင့်သကဲ့သို့ မြို့ဝင်ပေါက်ကြီးတစ်ခုကို တွေ့ရှိရပေသည်။ အဆိုပါ မြို့ဝင်ပေါက်ကြီးမှာ တောင်ဘက်မြို့ရိုးမှ အတွင်းသို့ ပြေပြေချိုးထားသည့် မြို့ဝင်ပေါက်ကြီးဖြစ်၍ မြို့ရိုးမှ အတွင်းချိုး လက်ရန်းအုတ်ရိုးကြီးများ၏ အလျားမှာ အရှေ့ဘက်တွင် ၂၅၂ ပေ၊ အနောက်ဘက်တွင် ၂၇၂ ပေအသီးသီးရှိကြသည်။ အရှေ့ဘက် အတွင်းချိုး အုတ်ရိုးတွင် အနံ ၁၄ ပေ၊ အများဆုံးအုတ်လွှာရေ ၁၄ လွှာသာ ရှိတော့ကြောင်း တွေ့ရ၍ အနောက်ဘက် အတွင်းချိုး အုတ်ရိုးတွင် အနံ ၁၆ ပေ ၉ လက်မ၊ အများဆုံးအုတ်လွှာရေ ၁၂ လွှာသာ ရှိတော့ကြောင်း တွေ့ရ သည်။ အုတ်ရိုးတစ်ခုနှင့်တစ်ခု ၁၇ ပေခွာ၍ ဆောက်လုပ်ထားသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မြို့ပေါက် ၏အကျယ် ( ဝါ )မြို့ဝင်လမ်း၏ အကျယ်သည် ၁၇ ပေရှိသည်ဟုဆိုလိုသည်။

အထက်ပါမြို့ဝင်ပေါက်ကြီးသည် တောင်ဘက်လှည့်၍ ဖောက်လုပ်ထားသော်လည်း တောင်စူးစူးမကျလှကြောင်းတွေ့ရ၏။ မြေတိုင်းအိမ်မြှောင်အရ တောင်စူးစူးဘက်မှအရှေ့ဘက်သို့ ၉ ဒီဂရီမျှ တိမ်းစောင်းဖောက်လုပ်ထားကြောင်း တွေ့ရသည်။ အတွင်းချိုးအုတ်ရိုးကြီး နှစ်ခုရှိသည့်အနက် အရှေ့ဘက်ရှိ အတွင်းချိုးအုတ်ရိုးကို ကျားသဖွယ်ကန့်ထားသော အလျားပေ၃၀ ကျော်၊အနံ ၁၁ပေကျော်ရှိသည့် အုတ်ရိုးငယ်တစ်ခုအပြင် အတွင်းချိုးအုတ်ရိုးနှင့်ပြိုင်လျက် အခြား အုတ်ရိုးငယ်တစ်ခုကိုလည်း တွေ့ရသေးသည်။ ယင်းအုတ်ရိုးငယ်တွင် သစ်သားတိုင်များစိုက်ထူရန် တိုင်အချေကျင်းခွက်ငယ်များတွေ့ရ၍ အတွင်းချိုးအုတ်ရိုးနှင့် မြို့ရိုးအုတ်တံတိုင်း အတွင်းပိုင်းနေရာများတွင်လည်း နံရံကပ်တိုင်ရာများကို တွေ့ရသေးသဖြင့် ဤနေရာသည် မြို့ရိုးကို စောင့်ကြပ်ရသော မြို့စောင့်စစ်သည်တော်များ၏ ယာယီ တဲအိမ်များ ဆောက်လုပ်ရာနေရာဖြစ်လေသလောဟု တွေးဆရပေသည်။



ဓာတ်ပုံ ၁။ ။ အမှတ် ၄ ကုန်းရှိ တောင်ဘက်မြို့ရိုး၏ တောင်ဘက်မြင်ကွင်း



အလားတူ တွေးဆနိုင်သော အခြေအနေများကို အနောက်ဘက် အတွင်းချိုးအုတ်ရိုးနှင့် မြို့ရိုးအုတ်တံတိုင်းတို့တွင်လည်း တွေ့ရပေသည်။ အနောက်ဘက် အတွင်းချိုးအုတ်ရိုးနှင့် ၆ပေ ၁၀ လက်မ ခွာ၍ ဆောက်လုပ်ထားသော လှေခါးထစ်ပါရှိသည့် လှေခါးမှာ မြို့ရိုးအထက်သို့ တက်ရောက်ရန်ဖြစ်ကြောင်း အကဲခတ်နိုင်ပါသည်။

မြို့ဝင်ပေါက်ကြီးကို တူးဖော်ရာတွင် မြေမျက်နှာပြင်မှအောက်သို့ ၃ ပေကျော် တူးမိသောအခါ ထုတေထားသော မြေသားနှင့် အုတ်ခဲ၊ ကျောက်ခဲများ ရောပွမ်းနေသည့် မြို့ဝင်လမ်းကိုတွေ့ရသည်။

မြို့ဝင်ပေါက်ကြီးကို အထက်ပါအတိုင်း တူးဖော်ရာတွင် မြေလွှာ လေးလွှာတွေ့ရသည် ။ အောက်ဆုံးကျသော အမှတ်(၄) မြေလွှာသည် ဒု ၂ ပေ ၅လက်မ ရှိသော ဖို့မြေနီလွှာဖြစ်၍ ယင်းမှအရိုးအိုးအချိုနှင့်လူရိုးများ ရရှိခဲ့ပါသည်။ အမှတ်( ၃ )မြေလွှာသည် လှည်းလမ်းအတွက် အုတ်မြစ်ချသော မြေလွှာဖြစ်သောကြောင့် ထုတေထားသော မြေမာများနှင့် ကျောက်ခဲအုတ်ခဲ ရောပွမ်းလျက်တွေ့ရ၏။ အမှတ်(၂) မြေလွှာမှ ပြာများ၊ မီးသွေးနှင့် သံတိုသံစများ ရရှိခဲ့သောကြောင့် ယင်းအလွှာသည် မြို့ဝင်ပေါက်ကြီး မီးလောင်ပျက်စီး၍ မြို့ဝင်ပေါက်အထွက်၌ရှိသော သစ်သားပြာသာဒ်နှင့် မုခ်ကူးများ ပျက်စီးဆုံးပါးရသည့်သဘောကိုပြသည်။ အထက်ဆုံး မြေလွှာအမှတ် ( ၁ )သည် မီးအရှိန်ကြောင့် အုတ်မြို့ရိုးကြီးပါ ပြိုကျရသည့်သရုပ်ကို ဖော်ထုတ်လျက်ရှိ၏။

**အမှတ်( ၁၁ )ကုန်း။** ။အရှေ့ဘက်မြို့ဝင်ပေါက်ကြီးကို အရှေ့ဘက်မြို့ရိုးကိုဖြတ်လျက် တွေ့ရှိရ၏။ ယင်းသည် အမှတ်(၁၁)ကုန်းဖြစ်၍ အမှတ်( ၁၀ )ကုန်းကဲ့သို့ပြုလုပ်ထားကြောင်းတွေ့ရသည်။ ထူးခြားသည့် အချက်မှာ အမှတ်( ၁၁ )ကုန်းရှိ အရှေ့ဘက်မြို့ဝင်ပေါက်သည် အမှတ်( ၁၀ ) ကုန်း တောင်ဘက်မြို့ဝင်ပေါက်ကဲ့သို့ အရှေ့တောင်ထောင့်မှ ၁၂၃၇ ပေအကွာတွင် ဖောက်လုပ်ထားခြင်းမရှိပဲ ပေ ၁၃၂၀ အကွာတွင်သာ ဖောက်လုပ်ထားပေရာ မြို့တည်ရာ၌ မြို့ဝင်ပေါက် ဖောက်လုပ်မှုတွင် မြို့ရိုးအလျားကိုလိုက်၍ သင့်လျော်သလို ဖောက်လုပ်ကြောင်း သိသာပါသည်။

အမှတ်(၁၁) ကုန်းသည် မတူးဖော်မီကဆိုလျှင် အရှေ့အနောက် ၃၂၂ပေ၊ တောင်မြောက် ၃၃၇ ပေ ကျယ်ဝန်းသော စတုဂံသဏ္ဍာန်ဆောင်သည့် ကုန်းပြန့်ကြီးဖြစ်၍ အရှေ့ဘက်မြို့ရိုးကို မေးတင်ထားကြောင်းတွေ့ရသည်။ အမြင့်မှာမူ ၄ ပေသာရှိတော့၏။

ယင်းကို တူးဖော်လိုက်သောအခါ အမှတ် (၁၀) ကုန်း မြို့ဝင်ပေါက်ကြီးကဲ့သို့ မြို့ဝင်ပေါက်ကြီးတစ်ခု ပေါ်ပေါက်လာသည်ကို တွေ့ရသည်။ မြို့ဝင်ပေါက် ဖောက်လုပ်ပုံစနစ်တွင် အမှတ် (၁၀) ကုန်း မြို့ဝင်ပေါက်နည်းတူဖြစ်၍ အတွင်းချိုးအုတ်ရိုးတို့၏ အလျားများမှာ မြောက်ဘက် အတွင်းချိုးအုတ်ရိုးသည် ၁၆၆ ပေ၊ တောင်ဘက်အတွင်းချိုးအုတ်ရိုးသည် ပေ ၂၂၀ အသီးသီးရှိကြသည်။ ယင်းတို့၏ အနံများမှာ မြောက်ဘက် အတွင်းချိုးအုတ်ရိုးသည် ၁၇ ပေဖြစ်၍၊ တောင်ဘက် အတွင်းချိုးအုတ်ရိုးသည်လည်း ၁၇ ပေပင်ဖြစ်သည်။ မြို့ဝင်လမ်း၏ အကျယ်မှာလည်း ၁၇ ပေပင် ဖြစ်၏ ( ခတ်ပုံ ၄ ရှု။ )။

အမှတ် ( ၁၀ ) ကုန်းရှိ တောင်ဘက် မြို့ဝင်ပေါက်နှင့်မတူပဲ အမှတ် ( ၁၁ ) ကုန်းရှိ အရှေ့ဘက်မြို့ဝင်ပေါက်၏ အတွင်းချိုးအုတ်ရိုးများနှင့် မလှမ်းမကမ်းတွင် အုတ်ခုံနှစ်ခု ဆောက်လုပ်ထားသည်ကိုတွေ့ရလေသည်။ မြောက်ဘက်အုတ်ခုံတွင် လှေခါးထစ်များ ပါရှိသည်ကို တွေ့ရသော်လည်း အတွင်းချိုးအုတ်ရိုးနှင့် အတန်ငယ်ကွာဝေးသောကြောင့် မြို့ရိုးအထက်သို့ တက်ရောက်ရန်လှေခါး မဖြစ်နိုင်ချေ။ ယင်းတို့မှာ ပြင်ပသို့ လှမ်းမျှော်ကြည့်စရာ မျှော်စင်များဖြစ်ခဲ့လေသလောဟု တွေးတောဖွယ်ရှိသည်။



ဓာတ်ပုံ ၃။ ။ ကုန်းအမှတ် ၁၀ တောင်ဘက်မြင်ခင်း



အတွင်းချိုးအုတ်ရိုး နှစ်ခုရှိသည့်အနက် တောင်ဘက်အတွင်းချိုးအုတ်ရိုး၏ အဆုံးတွင်အနံ ၉ ပေရှိသော အုတ်ကြမ်းခင်းကြားလပ်ခံ၍ ကတုတ်တစ်ခုပြုလုပ်ထားကာ မြို့စောင့်စစ်သည်တော်များ ချထားကြောင်းနှင့် သစ်သားတံခါးများရှိကြောင်းကို သံဆုံလည်များနှင့် မြေစိုက်ရေတည်အိုးအနားများကို တွေ့ရခြင်းဖြင့် သိရှိကြရသည်။


အမှတ် ( ၁၀ ) ကုန်းရှိ အရှေ့ဘက်မြို့ဝင်ပေါက်သည် အရှေ့စူးစူးမကျလှပဲ တောင်ဘက်သို့ ၅ ဒီဂရီတိမ်းစောင်းဖောက်လုပ်ထားကြောင်း တွေ့ရ၏။ အမှတ် ( ၁၀ ) ကုန်းတောင်ဘက် မြို့ဝင်ပေါက်တွင်တွေ့ရှိခဲ့ရသကဲ့သို့ အရှေ့ဘက်မြို့ဝင်ပေါက်တွင်လည်း မြေလွှာ လေးလွှာတွေ့ရသည့်အနက် မြို့ရိုးတစ်ခုလုံးနှင့် ဝင်ပေါက် အတွင်းချိုးတံတိုင်းများကို ဖို့မြေပေါ်တွင် အုတ်မြစ်မချပဲ မေးတင်တည်ဆောက်ထား၍ ထုံးကျောက်ပြုတ်များ အုတ်စအုတ်နများဖြင့်ပြီးသော လမ်းကိုလည်း ဖောက်လုပ်အသုံးပြုကြောင်း မြေလွှာ အထောက်အထားများအရ သိရှိကြရသည်။ မြို့ဝင်ပေါက်ကြီးနှင့် ယင်းအထက်ရှိ သစ်သားအဆောက်အအုံအားလုံးမှာလည်း မီးလောင်ပျက်ပြုန်းကုန်ကြောင်း အမှတ် ( ၂ )နှင့် ( ၁ )မြေလွှာများတွင် ပို့လျှမ်းနေသော မီးသွေးများ၊ သံတိုသံစများ၊ ပြာများကိုထောက်၍ သိရှိကြရသည်။ ( ဆွဲပုံ ၄ ၅ )

## ခ။ လူနေရပ်ကွက်ရှိ အဆောက်အအုံ အကြွင်းအကျန်များ

ဟန်လင်းမြို့ဟောင်း အလယ်ခပ်ကျကျနေရာတွင် စတုဂံအုတ်မြို့ရိုးတစ်ထပ်ရှိပေရာ ယင်းကိုပင် အစဉ်အလာအရ နန်းတော်ရာဟု မှတ်ယူခေါ်ဝေါ်ခဲ့ကြသည်။ နန်းတော်ရာသည် ယေဘုယျအားဖြင့် လူနေရပ်ကွက်ဖြစ်ကြောင်း ထင်ရှားရကား ယင်းနန်းတော်ရာပတ်ဝန်းကျင်တွင် တူးဖော်တွေ့ရှိရသော အဆောက်အအုံများကို လူနေရပ်ကွက်ရှိ အဆောက်အအုံ အကြွင်းအကျန်များဟု အမျိုးအမည် ခွဲခြားသတ်မှတ်ထားပါသည်။ သို့ရာတွင် အချို့သော အဆောက်အအုံများအဖို့မူ အမှန်တကယ် လူနေသည်ဟု ပြောပစရာ အဆောက်အအုံများ ကျန်ကောင်းမှ ကျန်ရှိတော့ကြောင်း တွေ့ရမည်ဖြစ်သည်။ များသောအားဖြင့် အုတ်တံတိုင်းနိမ့်များအဖြစ်သာ တွေ့ရှိကြရသော်လည်း လူသုံးပစ္စည်း အများအပြား ရရှိသည်ကိုအကြောင်းပြု၍ အဆိုပါရပ်ကွက်သည် လူနေရပ်ကွက်သာ ဖြစ်သင့်သည်ဟု ယူဆထားခြင်းမျှသာဖြစ်ကြောင်း အောက်တွင် ဆက်လက်တွေ့ရှိရပါမည်။

**အမှတ် ( ၁ ) ကုန်း။** ။နန်းတော်မြို့ရိုးဟု ခေါ်ဆိုနေကြသော အုတ်ရိုး၏ အရှေ့မြောက်ထောင့်အနီးတစ်နေရာကို အမှတ် ( ၁ ) ကုန်းဟု သတ်မှတ်၍ ပထမဆုံးတူးဖော်ခဲ့သည်။ ယင်းကုန်းနေရာသည် မတူးဖော်မီက နှမ်းနှင့်မြေပဲစိုက်ပျိုးသော ယာမြေဖြစ်သဖြင့် ညီညာပြန့်ပြူးလျက်ရှိ၏။ ပဏာမလုပ်ဆောင်ချက်များဖြစ်သော တောရှင်းခြင်း၊ လေးထောင့်ကွက် ပန္နက်ရိုက်ခြင်း စသည့်လုပ်ငန်းများ ပြီးလျှင်ပြီးချင်း တူးဖော်လိုက်သောအခါ အလျားပေ ၁၂၀ ရှိ အုတ်ရိုးတစ်ခု ပေါ်ထွက်လာသည်။ သက်ဆိုင်ရာခေတ်အခါကမူ အဆိုပါအုတ်ရိုးတန်းမှာ အတန်ငယ်မြင့်မားစရာရှိကြောင်းကို လက်ရှိအုတ်တံတိုင်း တစ်ဖက်တစ်ချက်၌ကျရောက်ပို့လျှမ်းနေသည့် မြေလွှာများရှိ အုတ်ကျိုးအုတ်ပဲ့များကို ထောက်ထား၍ သိရှိနိုင်သော်လည်း ယခုတူးဖော်လိုက်၍ လက်ရှိအခြေအနေအတိုင်း မြင်တွေ့ရသမျှတွင် အုတ်လွှာရေ နှစ်လွှာသုံးလွှာသာ အမြင့်ရှိတော့ကြောင်း တွေ့ရ၏။ တွေ့ရသော အုတ်တံတိုင်းမှာ အုတ်ကောင်းအုတ်သန့်များဖြင့် တစ်သမတ်တည်း တည်ဆောက်ထားခြင်း မဟုတ်ပဲ တံတိုင်းအစွန်းတစ်ဖက်တစ်ချက်တွင်သာ အုတ်ကောင်းအချို့ကိုစီ၍

ဆွဲပုံ ၄။ ။ကုန်းအမှတ် ၁၁ အနောက်ဖက်ဖြတ်မြင် (၁၉၆၅-၆၆)



ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း

အတွင်း၌မူ အုတ်ကျိုးများကို အစာသွတ်စီစဉ်ထားကြောင်း တွေ့ရ၏။ မြေလွှာအထောက်အထားများအရ ထုံးကျောက်ပြုတ်ရော အဝါရောင်သဘာဝမြေပေါ်တွင် အုတ်တံတိုင်းကို မေးတင်ဆောက်လုပ်ထားခြင်း ဖြစ်သည်။

**အမှတ် ( ၂ ) ကုန်း။** ။ နန်းတော်ရာတောင်ဘက် မြို့ရိုးအနီးနှင့် အမှတ် ( ၁ ) ကုန်း၏ အနောက်တောင် ကိုက် ၃၀၀ ခန့်အကွာတွင် အမှတ် ( ၂ ) ကုန်း တည်ရှိလေသည်။ ယင်းတည်နေရာသည်လည်း မြေပြန့်ပင် ဖြစ်၍ အရှေ့ဘက်နှင့် တောင်ဘက်တွင် အနည်းငယ်မြင့်ကာ ကျန်အရပ်မျက်နှာများဆီသို့ တဖြည်းဖြည်း နိမ့်ဆင်းသွား၏။ အမှတ် ( ၂ ) ကုန်းကို တူးဖော်ရာတွင် တောင်မြောက်တန်းလျက် တည်ဆောက်ထားသော အုတ်ရိုးနှစ်တန်း ပေါ်ထွက်လာ၏။ အရှေ့ဘက်မှပေါ်ထွက်လာသော အုတ်ရိုးမှာ အကောင်းပကတိမဟုတ်ပဲ နှစ်နေရာ၌ ခါးပြတ်နေ၏။ အလျား ၁၂၉ ပေ ၆ လက်မ၊ အနံသည် ၄ ပေ ၂ လက်မရှိ၍ ၄ ပေ ၆ လက်မ အကြားရှိ၏။ အုတ်လွှားများမှာ နှစ်လွှားစဉ် သုံးလွှားစဉ်သာ ဖြစ်ပေသည်။

အနောက်ဘက်မှ ပေါ်ထွက်လာသော အုတ်ရိုးမှာ အလျား ၁၁၇ ပေ ၃ လက်မ၊ အနံ ၈ ပေ ၇ လက်မမှ ၉ ပေ ၃ လက်မအထိရှိကြောင်း တွေ့ရ၏။ အုတ်လွှားများမှာ ၃ လွှားမှ ၉ လွှားအထိရှိ၍ အချို့နေရာများ၌ မီးဖုတ်အုတ်များကိုသာမက နေလှမ်းအုတ်စိမ်းများကိုပါ အသုံးပြုထားကြောင်း တွေ့ရသည်။ ဤအုတ်ရိုးတွင်လည်း တစ်နေရာ၌ ကျိုးပြတ်နေသည်ကို တွေ့ရပြန်သည်။

အမှတ် ( ၂ ) ကုန်းကို တူးဖော်လိုက်၍ ပေါ်ပေါက်လာသော မြေလွှာ အထောက်အထားများအရ ယင်းကုန်းက အုတ်ရိုးများကို သဘာဝမြေထုပေါ်တွင် မေးတင်ဆောက်လုပ်ကြောင်း သိသာထင်ရှားပေသည်။

**အမှတ် ( ၆ ) ကုန်း။** ။ တူးဖော်ပြီးခဲ့သော အမှတ် ( ၂ ) ကုန်းမှ ပေါ်ပေါက်တွေ့ရှိသည့် အုတ်ရိုးများ အသွားအလာ၏သဘောကို ပိုမိုပြည့်စုံစွာလေ့လာနိုင်ရန်အတွက် အမှတ် ( ၂ ) ကုန်းနှင့်စပ်လျက် အရှေ့တောင်အနီးရှိကုန်းကို အမှတ် ( ၆ ) ကုန်းဟူ၍ သတ်မှတ်ကာ ထပ်မံတူးဖော်သောအခါ အလျား ၁၄၄ ပေ ၃ လက်မ၊ အနံ ၄ ပေ ၉ လက်မ၊ အမြင့် ၁၀ လက်မမှ ၆ လက်မခွဲအကြားရှိသော အုတ်ရိုး တစ်ခုပေါ်ထွက် လာလေသည်။ ယင်းအုတ်ရိုးတွင် အုတ်လွှားရေ အနည်းဆုံး သုံးလွှားမှ ငါးလွှားအထိ စီထားကြောင်း တွေ့ရ၏။ ပေါ်ထွက်လာသောအုတ်ရိုးသည် အမှတ် ( ၂ ) ကုန်းရှိ အုတ်ရိုးများနှင့် ဆက်စပ်နေကြောင်း မတွေ့ရှိရသော်လည်း ယင်းတို့၏ အသွားအလာကိုထောက်၍ တစ်နေရာတွင် ပေါင်းဆုံဟန်တူကြောင်းယူဆစရာရှိပါသည်။ မြေလွှာသဘောအရ အမှတ် ( ၆ ) ကုန်းသည် အမှတ် ( ၁ ) နှင့် ( ၂ ) ကုန်းများထက် များစွာထူးခြားလှခြင်း မရှိချေ။

**အမှတ် ( ၇ ) ကုန်း။** ။ **အမှတ် ( ၁ ) ကုန်းကို တူးဖော်လိုက်၍** ပေါ်ပေါက်လာသောအုတ်ရိုးအကြောင်း ပိုမိုပြည့်စုံစွာလေ့လာနိုင်ရန်**အတွက် အမှတ်** ( ၇ ) ကုန်းကို အမှတ် ( ၁ ) ကုန်းနှင့်ကပ်လျက် မြောက်ဘက်တွင် ဆက်လက်တူးဖော်ခြင်း ဖြစ်သည်။ ထိုသို့ တူးဖော်ရာမှ ပေါ်ထွက်လာသော အဆောက်အအုံသည် အလျား ၁၃၂ ပေ **အနံ ၄ ပေ ၆ လက်မရှိ၍** အမှတ် ( ၁ ) ကုန်းမှ ဖော်ထုတ်ပြီးဖြစ်သော အုတ်ရိုးတန်း၏ အဆက်ဖြစ်ကြောင်း ထင်ရှားသည်။ ယခုအမှတ် ( ၇ ) ကုန်း အုတ်ရိုးတန်း၏ ထူးခြားချက်တစ်ရပ်သည် အုတ်ရိုးတန်း၏တောင်ဘက်နှင့် မြောက်ဘက်ထိပ်များမှ အနောက်ဘက်သို့တန်းလျက် ဆောက်လုပ်ထားသော အုတ်နံရံနှစ်ခု ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။ ယင်းတို့တွင် တောင်ဘက်နံရံသည် အလျား

၃၉ ပေ၊ အနံ ၃ ပေ ၆ လက်မ ရှိ၍ မြောက်ဘက်နံရံသည် အလျား ၆ ပေ ၆ လက်မ၊ အနံ ၃ ပေ ၆ လက်မသာရှိသည်။ မြေလွှာသဘောတွင် အခြားကုန်းများနှင့် မထူးခြားလှချေ။


နန်းတော်ရာတွင် တူးဖော်ပြီးသမျှ အုတ်ရိုးများ၏ အသွားအလာ အနေအထားများကို ပေါင်းရုံးကြံဆသောအခါ အမှတ် ( ၁ ) နှင့် ( ၇ ) ကုန်းသည် နန်းတော်ရာအရှေ့ဘက်အုတ်တံတိုင်းကို ဖော်ထုတ်ကြောင်း၊ အမှတ် ( ၂ ) နှင့် ( ၆ ) တို့သည် နန်းတော်ရာတောင်ဘက် အုတ်တံတိုင်းကို ဖော်ထုတ်ကြောင်း ထင်ရှားပေသည်။ အဆိုပါကုန်းများကို တူးဖော်ရာမှ အိုးခြမ်းပဲ့အမျိုးမျိုး၊ မြေပုတီးစေ့၊ ကျောက်ပုတီးစေ့ အမျိုးမျိုး၊ ပျူဒင်္ဂါး အမျိုးမျိုး၊ သံထည်ပစ္စည်း အမျိုးမျိုး၊ ကျောက်လက်နက်ပစ္စည်း အမျိုးမျိုး၊ မြေလျှပ်အိုးများနှင့် လူရိုး၊ တိရစ္ဆာန်ရိုး အမျိုးမျိုးတို့ကို ရရှိခဲ့ကြပါသည်။ ယင်းတို့အကြောင်းလေ့လာချက်များကို နောက်ပိုင်းတွင် ဆက်လက်ဖော်ပြထားပါသည်။


**အမှတ် ( ၉ ) ကုန်း**။ ။ဟန်လင်းမြို့ဟောင်း နန်းတော်ရာကို အမှတ် ( ၁ ) ( ၂ ) ( ၆ ) ( ၇ ) ဟူ၍ လေးနေရာမျှ သတ်မှတ်တူးဖော်ခဲ့သော်လည်း ကျေနပ်ဖွယ်ရာ အတန်အသင့်ထင်ရှားသော အုတ်အဆောက်အအုံများပေါ်ထွက်မလာသေးချေ ။ ထို့ကြောင့် နန်းတော်ရာဟူသော ပညတ်ချက်နှင့်အညီ ထင်ရှားပေါ်လွင်သော အဆောက်အအုံ တစ်ခုထက်မနည်း ရှိရဦးမည်ဖြစ်ရာ ယင်းကိုဖော်ထုတ်ရန် ရည်ရွယ်ချက်ဖြင့်အမှတ် ( ၉ ) ကုန်းနေရာကို နန်းတော်အုတ်တံတိုင်းအနီး အရှေ့တောင်ထောင့်နေရာတွင် သတ်မှတ်ကာ တူးဖော်လိုက်ပါသည်။

**အမှတ်** ( ၉ ) ကုန်းသည် တူးဖော်ပြီး အမှတ် ( ၈ ) ကုန်း၏ မြောက်ဘက် ၁၁၅ ဂိုက်နှင့် အမှတ် ( ၆ ) ကုန်း၏ **အရှေ့တောင်ဘက်** ၁၇၈ ဂိုက် မျှ ကွာဝေးသော နေရာတွင် တည်ရှိ၏။ မတူးဖော်မီကဆိုလျှင် အမှတ် ( ၉ ) ကုန်းကို ယာခင်းများ၏ **အလယ်တွင် အရှေ့တောင်မှ** အနောက်မြောက်ဘက်သို့ ပြေပြေနိမ့်ဆင်းသွားကြောင်း တွေ့ရှိရသည်။ ကုန်း၏အနောက်ဆုံးစွန်ကို မြောက်ဘက် ငါးပိအိုးရွာသို့ သွားရောက်နိုင်သော လှည်းလမ်းက ဖြတ်သန်းထား၏။ ပန္နက်ရိုက်ပြီးဧရိယာအရ အမှတ် ( ၉ ) ကုန်းသည် **အရှေ့အနောက် ပေ ၁၅၀ နှင့် တောင်မြောက် ၁၀၅ ပေ**၊ အမြင့် ၅ ပေရှိကြောင်းတွေ့ရ၏။

တူးဖော်လိုက်သောအခါ **အလျားပေ** ၁၂၀ အနံ ၃၈ ပေရှိ စတုဂံအုတ်အဆောက်အအုံကြီးတစ်ခု၏ အခြေပိုင်းကို တွေ့ရှိရသည်။ **အဆိုပါ** အုတ်အဆောက်အအုံကြီး၏ နံရံများကို အပြင်ဘက် အထူးသဖြင့် အရှေ့ဘက်၊ တောင်ဘက် **မြောက်ဘက်တို့မှ ကပ်လျက်** မြေဖို့၍ ဖို့မြေ၏အထက်တွင် အုတ်တစ်လွှာစီထား၏။ **အဆောက်အအုံကြီး၏အတွင်းတွင် လုံးပတ်ပျမ်းမျှ** ၁ ပေမျှရှိသော **မီးလောင်ထားသည့်** သစ်သားတိုင် အခြေပိုင်း စုစုပေါင်း ၅၈ တိုင်ကို လေးတိုင်တစ်တန်းကျ တွေ့ရသည်။ ထို့အပြင် မတော်တဆတူးမိသော မီးသွေးနှင့် ပင်ကိုကပင် အနေအထားပျက်နေသော တိုင်နေရာများလည်းရှိပေသေးရာ ကနဦးက ဆိုပါမူ အဆောက်အအုံကြီးကို တိုင်စုစုပေါင်း ၈၄ လုံးဖြင့် တည်ဆောက်ခဲ့မည်ဖြစ်ကြောင်း ခန့်မှန်းရပါသည်။ ဤအချက်ကိုထောက်၍ **အဆောက်အအုံကြီး** မီးသင့်လောင်ကျွမ်းခြင်းမခံရမီအခါက သစ်သားတိုင်လုံးကြီး များဖြင့် များစွာ ထည်ဝါခန့်ညားခဲ့မည်ကို တွေးတော ယူဆနိုင်ပေသည်။ ( ဓာတ်ပုံ ၅ နှင့် ၆ ရှ ) ( ဆွဲပုံ ၅ ရှ )


အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အရှေ့ဘက်၊ တောင်ဘက် မြောက်ဘက်တို့တွင် အုတ်ရိုးများနှင့် ကပ်လျက် ဖို့မြေများဖို့ထားသည်မှာ စုစုပေါင်း တစ်ဖက်လျှင် အလျား ၁၉ ပေကျော် အနံ ၃ ပေနှင့် အခြားတစ်ဖက်တွင် အလျား ၁၁ ပေကျော် အနံ ၃ ပေမျှရှိ၍ အမြင့်မှာလည်း လက်ရှိအုတ်တံတိုင်းနံရံများ






ဓာတ်ပုံ ၆၈ အမှတ် ၉ ကျင်းတွင်တွေ့ရသောသစ်သားတိုင်များ (အရှေ့မှအနောက်သို့)

## ဆွဲပုံ ၅။ ။ကုန်းအမှတ် ၉ ပန္နက်ပုံ (၁၉၆၄-၆၅)






ဆွဲပုံ ၆။ ။ကုန်းအမှတ် ၉ အရှေ့ဖက်မြင်ခင်း

ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း

အမြင့်နှင့် တစ်ပြေးညီလျက် ၅ ပေ ၆ လက်မတိုင်အောင်ရှိခြင်း၊ အတွင်းဘက် ကြမ်းပြင်ထက်မြင့်အောင် ဖို့ထားခြင်းတို့ကို ထောက်သော် ကြံ့ခိုင်မှုအတွက် သာမန်ဖို့ရုံမျှမက အတွင်းပိုင်း၌ သဘာဝအအေးခတ် ဖြစ်ပေါ်စေရန်ပါ ကြံဆောင်ထားကြောင်း တွေ့ရှိရသည်။ ( ဆွဲပုံ - ၆ ရှု။ )

အဆောက်အအုံ၏ တည်ဆောက်ပုံ ဗိသုကာသဘောများကို လေ့လာသောအခါ အဆောက်အအုံကြီးကို စတုဂံကျကျ တည်ဆောက်ထားကြောင်း တွေ့ရသော်လည်း အရှေ့ဘက်က အုတ်ရိုး ( ဝ၁ ) တောင်မြောက်အနံသည် တောင်မြောက်တည့်တည့်ကျအောင် ဆောက်လုပ်ထားခြင်းမရှိပဲ အနောက်ဘက်သို့ ၁၉ ဒီဂရီ ၅၆ မိနစ် တိမ်းနေကြောင်း တွေ့ရသည်မှာ များစွာထူးခြားပါသည်။

ဟန်လင်းမြို့ဟောင်းတွင် တူးဖော်ပြီးသမျှ အဆောက်အအုံများမှာကဲ့သို့ပင် ယခုအဆောက်အအုံကြီး၌လည်း အုတ်စီပုံမှာ အစီးအနင်း မကောင်းမွန် မခိုင်ခဲ့လှချေ။ အထက်အလွှာကအုတ်နှင့် အောက်အလွှာကအုတ်တို့မှာ တစ်ခုပေါ်တစ်ခု သာမန်ထပ်ရုံမျှသာ ထပ်ထားသဖြင့် ယင်းတို့ကြောင့်ဖြစ်ပေါ်လာသော ကြားလပ်များသည် ကြံ့ခိုင်မှုကို လုံးဝပေးစွမ်းနိုင်ခြင်း မရှိချေ။ သို့သော် အခြားအဆောက်အအုံများမှာကဲ့သို့ အပြင်မျက်နှာပြင်များတွင်သာ အုတ်လွှာညီညီစီ၍ အတွင်းသားကို အုတ်ပဲ့သွတ်သွင်းထားခြင်း မဟုတ်ပဲ အတွင်းအပြင် ကျနစွာ အလျားလိုက်စီထားကြောင်း တွေ့ရသည်မှာ ထူးခြားသည်။ အုတ်များသည် ၂၀ x ၉ x ၂ လက်မနှင့် အငယ်ဆုံး ၁၇ x ၈ $\frac{၁}{၂}$ x ၁ $\frac{၁}{၄}$ လက်မရှိကြောင်း နေရာအသီးသီးတွင် တွေ့ရ၏။ အပျက်အစီးများစွာမရှိလှသော အရှေ့တောင်ထောင့်ဘက်တွင် တွေ့ရသည်မှာ အရှေ့ဘက် အပိတ်အုတ်ရိုးသည်လည်းကောင်း၊ မြောက်ဘက်အပိတ်အုတ်ရိုးရှည်သည်လည်းကောင်း ၅ ပေ ၆ လက်မမျှ အမြင့်ကျန်ရှိ၍ ဒု ၆ ပေနှင့် အုတ်လွှာ ၂၅ လွှာကျန်ရှိသေးသည်။ အုတ်ရိုးများတွင် ထူးခြားသော အချယ်အလှယ် အဝန်းအဝိုက်များ မတွေ့ရှိရချေ။ သို့သော် အရှေ့ဘက်အပိတ်အုတ်ရိုးနှင့် တောင်ဘက် အပိတ် အုတ်ရိုးရှည်တို့ တွေ့ဆုံရာ ထောင့်အတွင်းမျက်နှာပြင်တွင်မူ သဲနှင့်ထုံးတို့ဖြင့်ပြီးသော သရွတ်ကွက်ငယ် တစ်ခုကို တွေ့ရှိရသည်။ ယင်းသရွတ်ကွက်ငယ်မှာ တစ်ခုတည်းသာဖြစ်သော်လည်း အတွင်းဘက်နံရံအားလုံးကို သရွတ်ကျံ ထားခဲ့သလောဟု တွေးတောနိုင်စရာ ရှိပေသည်။

ဤမျှကြီးမားသော အဆောက်အအုံကြီးတွင် အတွင်းသို့ဝင်သောအပေါက် မတွေ့ရသည်မှာ ထူးခြားလှသည်။ အရှေ့ဘက်အပိတ်အုတ်ရိုးတွင် ၃ ပေ ၄ လက်မမျှအကျယ်ရှိသော အပျက်ရာတစ်ခု တွေ့ရသဖြင့် ဝင်ပေါက်များဖြစ်လေသလောဟု စူးစမ်းရာ အုတ်ရိုးကိုဖြတ်လျက် အတွင်းသို့တိုးရိုပေါက်ဝင်သွားသည့် လက္ခဏာမပြသဖြင့် ပကတိအပေါက်တစ်ခုမဟုတ်နိုင်ကြောင်း ထင်ရှားသည်။ အဆောက်အအုံကြီးသည် အနောက်ဘက်သို့ ယိုင်လည်းပြိုကျပျက်စီးသွားကြောင်း မြေလွှာအထောက်အထား တွေ့ရသဖြင့် အနောက်ဘက်၌ ဝင်ပေါက်ရှိလျှင် ယခုအခါ တွေ့မြင်နိုင်တော့မည် မဟုတ်ချေ။ အဆောက်အအုံကြီး၏အတွင်းပိုင်း အနောက်ဘက်မြေလွှာ ( ၃ ) ဖို့မြေ၏ အပေါ်ယံတွင် သဲနှင့်ထုံး ရောစပ်စီမံထားသော ခင်းပြင် ( ဝ၁ ) ကြမ်းပြင် တစ်ခုကို ဒုတစ်လက်မအထိ နေရာအနှံ့ တွေ့ရှိရသည်။ ယင်း၏အပေါ်ယံသည် အဖြူရောင်ရှိ၍ အောက်ပိုင်း မှာ မည်းနက်လျက် မီးလောင်ဒဏ် ခံရကြောင်း လက္ခဏာပြသနေ၏။ ယင်းကြမ်းပြင်နှင့်မြေလွှာ ( ၃ )တို့ အပေါ်နေရာအနှံ့တွင် မီးသွေးတိုင်ရာများ၊ မီးလောင်ထားသောသစ်သားချောင်းများ အဆောက်အအုံကြီးအလိုက် ပျံ့နှံ့လျက် တွေ့ရသည်။

အဆောက်အအုံကြီး၏ ဇာတ်လမ်းစုံကို ကုံလုံပြည့်စုံစွာ သိရှိရန် ရည်ရွယ်၍ အရှေ့ဘက်အုတ်ရိုးနှင့် ကပ်လျက် အတွင်းပိုင်းတစ်နေရာကို အောက်ဆုံးအုတ်လွှာ၏အောက်သို့ ၆ ပေမျှအထိရောက်ရှိအောင် တူးဖော်စူးစမ်းလိုက်သောအခါ အဆောက်အအုံကြီး၏ အုတ်ရိုးများသည် အုတ်မြစ်မဲ့ တည်ဆောက်ထား

ကြောင်း တွေ့ရသည်။ သဘာဝမြေဖြစ်သော ထုံးနှင့်သဲရော မြေနီများပေါ်တွင် တည်ဆောက်ခဲ့ကြောင်း တွေ့ရ၏။ ယင်း၏အထက်တွင် မြေလွှာ ( ၃ ) ဖြစ်သော မြေနီထုကို အုတ်လွှားရေ ၁၄ လွှာအထိမြုပ်အောင် ဖို၍ အဆောက်အအုံကို ခိုင်ခံ့စေ၏။ အဆိုပါမြေလွှာ (၃)၏ အထက်ပိုင်း၌ပင် အထက်တစ်နေရာပါ ကြမ်းခင်းကိုလည်းကောင်း၊ မီးကျွမ်းတိုင်အခြေများကိုလည်းကောင်း၊ မီးလောင်ထားသော သစ်သားချောင်းများကိုလည်းကောင်း တွေ့ရှိရခြင်းဖြစ်သည်။ ယင်းတို့၏အထက်တွင် မီးလောင်ကျွမ်းမှုဖြစ်ခဲ့ကြောင်း သက်သေခံသည့် ၃ လက်မမျှ ဒုရှိသောမီးလောင်မြေအထပ်ကို ပြာများ၊ အိုးမဲများပေကျံလျက် တွေ့ရသည်။ ဤမြေလွှာပါးကလေးသည် ပါးလွှာပင်ပါးလွှာငြားသော်လည်း မီးအကြီးအကျယ် လောင်ကျွမ်းခဲ့ကြောင်းကိုမူ ပြသလျက် ရှိ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းအလွှာပါးနှင့်ယှဉ်လျက် တွေ့ရသောမီးသွေးချောင်း မီးလောင်တိုင်ရာများမှာ အရေအတွက်များလှသောကြောင့်ပင် ဖြစ်၏။

မီးလောင်ပျက်စီးရာကို ပြသသည့် အလွှာပါးကလေး၏ အထက်တွင် အမှတ်(၂)မြေလွှာ ဖြစ်သော ပြိုပျက်လွှာကို တွေ့ရသည်။ ယင်းသည် ဒုအားဖြင့် ၂ ပေကျော်ရှိ၍ အုတ်ခဲများပြွမ်းလျက်ရှိ၏။ မီးလောင်သည့်အရှိန်ကြောင့် ကနဦး ပျက်စီးပြိုကျသွားကြသည့် အဆောက်အအုံအပေါ်ပိုင်း သစ်သားထုပ်လျောက်တို့၏အပေါ်သို့ အုတ်များပါ ပြိုပျက်ကျရောက် ဖုံးလွှမ်းသွားရသောအချက်ကို ဤအလွှာ (၂) က ပြသ၏။ အလားတူ အလွှာ (၂ )၏ အနောက်ဘက် မြေလွှာဆက်ကို လေ့လာသောအခါ အဆောက်အအုံကြီးသည် မီးလောင်ဒဏ်ကြောင့် အနောက်ဘက်သို့ ပြိုလဲပျက်စီးရကြောင်း သိသာ၏။ ယင်း အမှတ် ( ၂ ) အလွှာ၏ အထက်တွင်အနီရင့်ရောင်သစ်မြစ်ရော အလွှာ (၁)ကို ဒု ၁၀ လက်မအထိ တွေ့ရသည်။ သစ်မြစ်များ ရောပြွမ်းလျက်ရှိသည့် သဘောသည် ဤအဆောက်အအုံကြီး မီးသင့်လောင်ကျွမ်းပြီးသည့် နောက်၌ ထပ်မံဆောက်လုပ် ပြုပြင် အသုံးပြုခြင်း မရှိကြသောကြောင့် သစ်ပင်ခြုံနွယ်များဖြင့် ဖုံးလွှမ်းခဲ့သောအချက်ကို ပြ၏။

အထက်ပါ အချက်အလက်တို့မှာ အမှတ် ( ၉ ) ကုန်းကို စနစ်တကျ တူးဖော်ရာမှ လေ့လာတွေ့ရှိရသော အဆောက်အအုံနှင့် မြေလွှာဆိုင်ရာအချက်အလက်များပင်ဖြစ်ကြသည်။ မျှော်လင့်သည်ထက်လူသုံးဗစ္စည်းများ အရနည်းခြင်းသည်လည်းကောင်း၊ အိုးခြမ်းကွဲများပင် မျှော်လင့်သလောက် မရရှိခြင်းသည်လည်းကောင်း၊ မြေလွှာသဘောအရ လူနေမှုအလွှာကို အထင်အရှားမတွေ့ရခြင်းသည်လည်းကောင်း ဤအဆောက်အအုံ၌ လူသူ အမြဲနေထိုင်သည့် လက္ခဏာကို မပြချေ။ သို့သော် ပေ ၁၂၀ ရှိအောင်ရှည်လျားသော အဆောက်အအုံကြီးတွင် သစ်သားတိုင်ပေါင်း ၈၀ ကျော်မျှ အသုံးပြု၍ခမ်းနားစွာ ဆောက်လုပ်ခဲ့သည့်အချက်၊ အတွင်းနံရံများ၌ သရွတ်ကျံခဲ့သည့်အချက်၊ အတွင်း၌အအေးဓာတ်ရရှိအောင်ကြမ်းပြင်ထက်ကျော်လွန်၍ အပြင်ဘက်က မြေဖို့ထားသည့်အချက်၊ နန်းတော်ရာအတွင်းပိုင်းနှင့် ကပ်လျက်ရှိသည့်အချက် ဤအချက်များကိုထောက်သော် ဤအဆောက်အအုံကြီးသည် သက်ဆိုင်ရာခေတ်အတွက် **လူထုခန်းမဆောင်ကြီး** တစ်ခုဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ၈။ သင်္ချိုင်းဂူများ

**အမှတ် (၅ )ကုန်း** ။ ။ဤကုန်းသည် ဟန်လင်းမြို့အတွင်း တောင်ဘက်မြို့ရိုးနှင့်နန်းတော်ကုန်း အကြားတည်ရှိသော စက်ဝန်းသဏ္ဌာန်ရှိသည့် ကုန်းတစ်ကုန်းဖြစ်၏။ အမှတ် (၃) ကုန်းမှအနောက်မြောက်ယွန်းယွန်း ကိုက် ၄၄၀ ခန့်နှင့် အမှတ် (၂)ကုန်းမှ အနောက်တောင်ယွန်းယွန်း ကိုက် ၆၆၀ ခန့်အကွာတွင် တည်ရှိသောကုန်းဖြစ်သည်။ ထိုကုန်းကို ရှေးအခါကပင် သိုက်ဆရာများ အကြိမ်ကြိမ်တူးဖော်ခဲ့ကြ

သောကြောင့် သိုက်တွင်းကုန်းဟု အမည်တွင်နေလေသည်။ ၁၅ ပေပတ်လည် ပန္နက်တိုင်များ စိုက်ထူပြီးနောက် တူးဖော်လိုက်သောအခါ အရှေ့အနောက် ၄၄ပေ၊ တောင်မြောက် ၄၃ ပေ ၃ လက်မရှိ အုတ်တံတိုင်းများဖြင့်ပြီးသော လေးထောင့်မကျတကျ အဆောက်အအုံတစ်ခု ပေါ်ထွက်လာ၏။ အုတ်တံတိုင်းလေးဘက် အသီးသီးရှိကြသည့်အနက် ယင်းတို့၏ အနံသည် ပျမ်းမျှ ၄ ပေခန့်ရှိ၍ အမြင့်မှာ အကြမ်းအားဖြင့် ၅ ပေ ၁ လက်မရှိသည်။

အဆောက်အအုံ၏ အရှေ့ဘက်နံရံမှအရှေ့သို့ စတုဂံအုတ်ခုံစွန်းထုတ်ထားသည်။ ယင်းအုတ်ခုံစွန်းသည် အုတ်တံတိုင်းနှစ်ချဖြင့် ပြီးလျက်ရှိရာ တောင်ဘက်တံတိုင်းသည် အလျား ၂၀ ပေ ၆ လက်မ၊ အနံ ၅ ပေရှိ၍ မြောက်ဘက်တံတိုင်းသည် အလျား ၂၂ ပေ၊ အနံ ၃ ပေ ၄ လက်မရှိ၏။ တံတိုင်းတစ်ခုနှင့်တစ်ခု ၈ ပေ ၁၀ လက်မခြား၍ ဆောက်လုပ်ထားကြောင်း တွေ့ရ၏။ ပင်မ စတုရန်းမကျတကျ အဆောက်အအုံ၏ အရှေ့တောင်ထောင့်မှ အနောက်မြောက်ထောင့်သို့ အစွန်းထုတ်ထားသော အုတ်ရိုးငယ်တစ်ခုကိုထပ်မံ တွေ့ရသည်။

ဤကုန်းကို သိုက်တွင်းကုန်းဟု ခေါ်ဝေါ်ကြသည့်အလျောက် သိုက်ဆရာများ၏ ဒဏ်ချက်ကြောင့် အုတ်ရိုးများ အဆက်ပြတ်နေကြသည်ကို တွေ့ရသည်။ သို့ရာတွင် အဆောက်အအုံရှိ တံတိုင်းများအနက် အချို့ကို အလုအပသဘောဖြင့် အုတ်များစီထားကြောင်း တွေ့ရသည်။ အလျားလိုက်သာမက ဒေါင်လိုက် အနားဝိုက်အုတ်များဖြင့် စီထားသောကြောင့် ဗိဿနိုး အမှတ် ( ၁၂ ) ကုန်းရှိ အုတ်စီပုံမျိုးကို အမှတ်ရစေပါသည်။ ပင်မအဆောက်အအုံ၏ပတ်လည် အပြင်ဘက်၌ အရိုးအိုး ငါးလုံးတူးဖော်ရရှိခဲ့၏။ တံတိုင်းများအတွင်းဘက်တွင် ကျောက်တုံးကျောက်ခဲများ တွေ့ရသည်။

တွေ့ရသော အဆောက်အအုံပုံစံသည် ဗိဿနိုးရှိ အမှတ် ( ၁၂ )၊ ( ၁၄ )၊ ( ၁၈ ) ကုန်းများတွင် တွေ့ရသော အဆောက်အအုံအခြေခံပုံစံများနှင့် တူနေခြင်းကြောင့်တစ်ကြောင်း၊ အရိုးအိုးမြှုပ်နှံသည့် ဓလေ့ပါ တူညီနေခြင်းကြောင့်တစ်ကြောင်း၊ လူနေမှုကိုဖော်ပြသည့် အိုးခြမ်းကွဲနှင့် အခြားလူသုံးပစ္စည်းများကိုလည်း မတွေ့ရသောကြောင့်တစ်ကြောင်း ဤကုန်းရှိ အဆောက်အအုံသည် အရိုးအိုးမြှုပ်နှံရာ သချိုင်းဂူ တစ်ခုသာဖြစ်ကြောင်း ထင်ရှားသည်။

**အမှတ် ( ၈ ) ကုန်း။** ။ ဟန်လင်း အမှတ် ( ၈ ) ကုန်းသည် ဟန်လင်းမြို့ဟောင်းအပြင်ဘက် တောင် ဘက်မြို့ရိုးနှင့်ကပ်လျက်တည်ရှိသော ဘဲဥပုံ ရှည်မျောမျောသဏ္ဌာန်ရှိ၍ အမှတ် ( ၃ )နှင့် ( ၄ ) ကုန်း တို့၏ အရှေ့တည့်တည့် ပေ ၂၀၀ ကျော်ခန့် အကွာတွင် တည်ရှိသည်။ ယင်းကုန်းကို တူးဖော်ရခြင်း၏ ရည်ရွယ်ချက်မှာ အမှတ် ( ၃) ကုန်း၌ တွေ့ခဲ့ရပြီးသော မီးတားဟုယူဆထားသည့် အဆောက်အအုံမျိုး မြို့ရိုးအနီး အပြင်ဘက်တွင် နောက်ထပ် ရှိနိုင်မရှိနိုင် စိစစ်စူးစမ်းခြင်းဖြင့် အမှတ် ( ၃ ) ကုန်းရှိ အဆောက် အအုံသည် မီးတားဖြစ်နိုင် မဖြစ်နိုင် ခိုင်လုံသောသက်သေ ရှာဖွေရန်ပင် ဖြစ်သည်။

ဤကုန်းကို လေးထောင့်ကွက်များချမှတ်၍ ပန္နက်စိုက်ထူတူးဖော်လိုက်ရာ အုတ်ခုံ သုံးခုနှင့်အုတ်ရိုး တန်းတစ်ခု ထွက်ပေါ်လာပြီးလျှင် လူရိုး၊ တိရစ္ဆာန်ရိုး၊ အရိုးအိုး၊ သံလက်နက်ပစ္စည်းမျိုးစုံ၊ ပုတီးစေ့ မျိုးစုံ၊ ပျူ ဒင်္ဂါးများ၊ ကြေးမုံနှင့် ရွှေထည်ပစ္စည်းများ ရရှိခဲ့သည်။

ပေါ်ထွက်လာသော အုတ်ခုံသုံးခုကို တူးဖော်သည့်ဧရိယာ၏ အနောက်ခြမ်း၌ တွေ့ရလေသည်။ **အနောက်အစွန်ဆုံး**အုတ်ခုံသည် အလျား ၁၈ ပေ ၁၀ လက်မ၊ အနံ ၁၈ ပေ ၃ လက်မ ရှိပြီး၊ လက်ရှိ အမြင့်မှာ ၂ ပေ ၄ လက်မ ဖြစ်ပါသည်။ ယင်းအုတ်ခုံကို အုတ်လွှား ရှစ်လွှားဖြင့် စီမံ ပြုလုပ်ထားသည် ကိုတွေ့ရ၏။

အနောက်အစွန်ဆုံး အုတ်ခုံနှင့်ယှဉ်လျက် အရှေ့ဘက် ၁၈ ပေ ၅ လက်မအကွာတွင်အလျား ၂၃ ပေ ၄ လက်မ၊ အနံ ၁၈ ပေ ၇ လက်မ၊ အုတ်လွှာရေ ၉ လွှာဖြင့်ပြီးသောပုံပျက်နေသည့် အုတ်ခုံတစ်ခုကို ထပ်မံတွေ့ရှိရသည်။ ယင်း၏ အရှေ့ဘက်ကပ်လျက်တွင် အလျား ၁၁ ပေ ၄ လက်မ၊ အနံ ၅ ပေ ၈ လက်မရှိသော အုတ်ခုံငယ်တစ်ခုကို တွေ့ရပြန်သည်။ ထိုအုတ်ခုံငယ်၏ အရှေ့ဘက် ပေ ၉၀ အကွာတွင် အလျား ၄၄ ပေ ၆ လက်မ၊ အနံ ၄ ပေ ၆ လက်မ ရှိ၍ အုတ်လွှာ ၄ လွှာဖြင့်ပြီးသော အုတ်ရိုးတန်းတစ်ခုက အဆုံးသတ်ထားကြောင်း တွေ့ရသည်။

တွေ့ရသမျှ အဆောက်အအုံဆိုင်ရာ အုတ်ရိုးအားလုံးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု မရှိသကဲ့သို့ ဖြစ်နေပေသည်။ တွေ့ရသမျှသော ရှေးဟောင်းပစ္စည်းများ၊ အရိုးအိုးများ၊ လူနှင့်တိရစ္ဆာန်ရိုးများကို ထောက်ရှု၍ ဤကုန်းသည် ပျူလူမျိုးများ ကွယ်လွန်ကြသောအခါ မီးသင်္ဂြိုဟ်မြှုပ်နှံရာ သင်္ချိုင်းကုန်းဟောင်းတစ်ခုသာဖြစ်ကြောင်း သိသာထင်ရှားပါသည်။ ပျူတို့ကိုမြှုပ်နှံရာတွင် ယင်းတို့အသက်ရှင်စဉ်က အသုံးပြုခဲ့ကြသော လက်နက်ပစ္စည်းများ၊ လက်ဝတ်ရတနာများနှင့်အတူ မြှုပ်နှံသည့် ဓလေ့ထုံးစံရှိကြောင်း ဤကုန်းကို တူးဖော်ခြင်းဖြင့် သိရှိရသည်။


**အမှတ် (၁၂) ကုန်း။** ။မြေအနေအထားအားဖြင့် အမှတ် (၁၂) ကုန်းသည် အမှတ် (၁၁) ကုန်းနှင့် တစ်ပြေးတည်းဆက်စပ်လျက် ရှိသည်။ ထို့ကြောင့် အမှတ် (၁၁) ကုန်းကို ပန္နက်ရိုက်စဉ်ကပင် အမှတ် (၁၂) ကုန်းကိုလည်း ငုံမိသွားခဲ့သည်။ တည်နေပုံအားဖြင့် အမှတ် (၁၁) ကုန်း အရှေ့ဘက် မြို့ဝင်ပေါက်ကြီးမှ တောင်ဘက်အတွင်းချိုးအုတ်ရိုး၏ တောင်ဘက် ပေ ၉၀ အကွာ၌ ဖြစ်သည်။ ကုန်း၏ အမြင့်မှာ ၂ ပေခန့်သာ ရှိ၍ ပုံသဏ္ဌာန်အားဖြင့် အဝိုင်း ဖြစ်သည်။

အမှတ် (၁၂) ကုန်းကို တူးဖော်ရာ၌ ရည်ရွယ်ချက် နှစ်ခုချမှတ်လုပ်ဆောင်ခဲ့ပါသည်။ ပထမရည်ရွယ်ချက်မှာ အမှတ် (၁၁) ကုန်း မြို့ဝင်ပေါက်၌ စောင့်ကြပ်ခဲ့ကြသည့် စစ်သည်တော်များ မည်သို့မည်ပုံ နေထိုင်ကြမည်ကို စူးစမ်းရန်နှင့် ဒုတိယရည်ရွယ်ချက်မှာ လူနေအဆောက်အအုံ တစ်ခုခု မြို့ဝင်ပေါက်အနီးတွင် ရှိနိုင်မရှိနိုင် ဖော်ထုတ်ရန် ဖြစ်သည်။ ဤရည်ရွယ်ချက်များဖြင့် တူးဖော်စူးစမ်းရာ မျှော်လင့်သကဲ့သို့ မဟုတ် ပဲ အရိုးအိုးနှင့် လူရိုးစုမြှုပ်နှံရာ သင်္ချိုင်းဂူ တစ်ခုကိုသာ ထုတ်ဖော်ရရှိလေသည်။


အမှတ် (၁၂) ကုန်းကို တူးဖော်လိုက်ရာတွင် ပန္နက်ပုံစံပေါ်လောက်အောင် ကောင်းမွန်သည့် အဆောက်အအုံမျိုး ပေါ်ထွက်မလာချေ။ ပေါ်ထွက်လာသောအရာများမှာ ပြန့်ကြဲနေသော အုတ်ပုံများဖြစ်၍ မတူးဖော်မီကပင် အပျက်အစီး များခဲ့ပြီဖြစ်ကြောင်းပြသနေ၏။ ပေါ်ပေါက်သမျှ အုတ်ခုံ၊ အုတ်တံတိုင်းများကို ဆက်စပ်ယူလိုက်ရာတွင် အလယ်တည့်တည့်၌ ပျမ်းမျှ အချင်း ၂၈ ပေရှိ စက်ဝိုင်းအုတ်ခုံကြီးကို လေးဘက် လေးတန်မှ အလျား ၄၆ ပေ၊ အနံ ၄ ပေနီးပါးစီရှိသော တံတိုင်း ၄ ခုက ကာရံထားသည့်ပုံ ပေါ်ထွက်လာ၍ အလယ်စက်ဝိုင်း၌ ဘေးတံတိုင်းများကို အုတ်တံတိုင်းငယ်များဖြင့် လှည်းပန်းတောင်း ဒေါက်ဆန်သဖွယ် ဆက်သွယ်ထားကြောင်းကိုလည်း အပြင်ဘက် တံတိုင်း အနောက်တောင်ထောင့်မှ အလယ်တည့်တည့်ရှိ စက်ဝိုင်းသို့ ဆက်သွယ်ထားရှိသော အလျား ၁၂ ပေ၊ အနံ ၃ ပေ ရှိ အုတ်ရိုးငယ်က ပြသနေ၏။ ( ဆွဲပုံ ၇ ရှု။ )

ဤအချက်ကိုပင် တောင်ဘက်တည့်တည့် စက်ဝိုင်းခြမ်းထိပ်၌ အုတ်စွန်းတစ်ခု ထွက်ပေါ်နေပုံနှင့် စက်ဝိုင်းခြမ်းမြောက်ဘက် မလှမ်းမကမ်းတွင် အုတ်ခဲပုံ တစ်ခု တည်နေပုံ အနေအထားကလည်း ထောက်ခံနေ

## ဆွဲပုံ ၇။ ။ကုန်းအမှတ် ၁၂ တွင်တူးဖော် တွေ့ရှိရသောအဆောက်အအုံ(စိတ်ကူး) ပန္နက်ပုံ



ဆွဲပုံ ၈။ ။ကုန်းအမှတ် ၁၂ တွင်အရိုးအိုးနှင့်အတူတွေ့ရသောလူရိုးစု




ပညာပဒေသာ (တွဲ ၃၊ မိုင်း ၃)

ပြန်သည်။ ထို့ကြောင့် အမှတ် ( ၁၂ ) ကုန်းအဆောက်အအုံ၏ မူလပန္နက်ပုံစံမှာ အလယ်စက်ဝိုင်းကြီးမှ အရပ်ရှစ်မျက်နှာသို့ ဒေါက်ဆန်အုတ်ရိုးများ ဖြာထွက်သွားသည့် ပုံစံပင်ဖြစ်ကြောင်း ဆက်စပ်တွေးဆ ယူရပါသည်။

အမှတ် ( ၁၂ ) ကုန်းကို တူးဖော်ရာတွင် အရိုးအိုး ကိုးလုံး၊ လူရိုးအပြည့်အစုံ တစ်ခု၊ အရိုးပုံ သုံးခု တို့ကို တံတိုင်းများအပြင်ဖက်နေရာများ၌ မြှုပ်နှံထားကြောင်း ဖို့မြေလွှာဖြစ်သော အမှတ် ( ၂ ) အလွှာမှ ဖော်ထုတ်တွေ့ရှိရ၏။ အမှတ် ( ၁ ) မြေလွှာတွင်မူ ညိုဝါရောင်ဝေါဒန်ကျောက်ဖြင့် ပြုလုပ်ထားသည့် ခရစ်နှစ် ငါးရာစုနောက်ပိုင်း အက္ခရာအရေးအသားပါရှိသည့် ကျောက်တံဆိပ်ရာကလေးတစ်ခု တူးဖော်ရရှိသည်။ ယင်းတို့အကြောင်း သက်ဆိုင်ရာအခန်းတွင် ကြည့်ရှုရန် ညွှန်ပြအပ်ပါသည်။ ( ဆွဲပုံ ၈ ရှု )


**အမှတ်(၁၃)ကုန်း။** ။ အမှတ် (၁၂) ကုန်းကို တူးဖော်လိုက်ရာ ပေါ်ပေါက်လာသော အဆောက်အအုံသည် သင်္ချိုင်းဂူဖြစ်ကြောင်း လူရိုးစုများနှင့် အရိုးအိုးများက ပြသနေကြ၏။ ဤအချက်သည် စဉ်းစားစရာပြဿနာတစ်ရပ် ပေါ်ပေါက်စေပါသည်။ ယင်းမှာမြို့၏ အရှေ့ဘက်အခြမ်း (ဝါ) ရှေးအခါကစ၍ ယခုခေတ်အထိ မင်္ဂလာရှိသည်ဟု ယူဆလေ့ရှိသောဘက်၌ပင် သင်္ချိုင်းဂူများ ထားရှိတတ်သလောဟူသော အချက်ပင်ဖြစ်ရာ ထိုအချက်ကို အဖြေရှာသည့်အနေဖြင့် အမှတ် (၁၃) ကုန်းနှင့် အမှတ်(၁၅)ကုန်းများကို ရွေးချယ်တူးဖော်ခဲ့ပါသည်။

အမှတ် (၁၃) ကုန်းသည် အမှတ် (၁၁) ကုန်း မြို့ဝင်ပေါက်၏ အနောက်မြောက် ကိုက် ၂၀၀ နှင့် အမှတ် (၉) ကုန်း၏ အရှေ့တောင်ကိုက် ၃၃၀ အကွာတွင် တည်ရှိသော ကုန်းနိမ့်ကလေးတစ်ခုဖြစ်သည်။ ကုန်း၏ အတိုင်းအတာမှာ အရှေ့အနောက် ပေ ၁၂၀ နှင့်တောင်မြောက် ပေ ၁၅၀ ဖြစ်၍ ဝမ်းဘဲဥပုံ သဏ္ဌာန်ရှိသည်။ အမြင့်မှာ ၃ ပေ ၆ လက်မသာရှိ၍ အနောက်တောင်ဘက်သို့ ပြေပြေလျှောလျှောကျလည်း ကောင်း၊ အရှေ့မြောက်ဘက်သို့ မတ်စောက်လျှောကျလည်းကောင်းရှိကြောင်း တွေ့ရသည်။

ဤကုန်းကို တူးဖော်လိုက်သောအခါ အလယ်တွင် အချင်း ၁၈ ပေရှိသော အုတ်ခုံဝိုင်းကို ဘေးတစ်ဖက်တစ်ချက်၌ လေးထောင့်အုတ်ရိုးများ ကာရံထားသည့် အဆောက်အအုံတစ်ခု ထွက်ပေါ်လာလေသည်။ အလယ်စက်ဝိုင်းတွင်အုတ်လွှာရေ ငါးလွှာသာရှိ၍ ဘေးဖက်တံတိုင်းများမှာ တစ်ခုလျှင် ပေ ၃၀ ရှည်လျား ၍ အနံ သုံးပေရှိကာ အုတ်လွှာရေ ၁၁ လွှာစီဖြင့်ပြုလုပ်ထားသည်။ အနောက်ဘက်တံတိုင်းမှ အနောက် ဘက်သို့ တံတိုင်းတစ်ဖက်သာ ကျန်ရှိသည့် အုတ်ခုံစွန်းတစ်ခု ထုတ်ထားရာ ယင်းသည်အလျား ၁၄ ပေနှင့် အနံ ၃ ပေရှိသည်ကို တွေ့ရသည်။

ဤကုန်း၌ အရိုးအိုးများ မတွေ့ရသော်လည်း အရိုးခေါင်း နှစ်ခုနှင့် အရိုးပုံ အနည်းငယ်ကို အနောက်ဘက်တံတိုင်းအပြင်ဘက် အနောက်မြောက်ထောင့်၌ မြှုပ်နှံထားသည်ကိုတွေ့ရသဖြင့် ဤကုန်းသည် သင်္ချိုင်းဂူတစ်ခုဖြစ်ကြောင်း သိသာထင်ရှားပါသည်။ မြေလွှာသဘောအရ ဤကုန်းကို ကနဦးက မြေဖို့ပြီးနောက် အရိုးစုများကို ချထားကာ အုတ်အဆောက်အအုံကို ဆောက်လုပ်၍၊ တစ်ဖန် အုတ်အဆောက်အအုံမှ အုတ်လွှာ လေးလွှာ မြှုပ်သည့်တိုင်အောင် ထပ်မံမြေဖို့ အသုံးပြုခဲ့ကြောင်း တွေ့ ရ၏။ (ခတ်ပုံ - ၇ ရှု )

**အမှတ် ( ၁၅ )ကုန်း။** ။ အမှတ် (၁၂) နှင့် (၁၃)ကုန်းများတွင် တွေ့ရသော အရိုးအိုး၊ အရိုးစု မြှုပ်နှံသည့်ဓလေ့ကို ပိုမိုထင်ရှားစွာ သိရှိနိုင်ရန် အမှတ် ( ၁၅ )ကုန်းကို ရွေးချယ် တူးဖော်ခဲ့ပါသည်။ အမှတ် (၁၅) ကုန်းသည် အမှတ် (၁၂) ကုန်းမှ အနောက်တောင်ဘက် ကိုက် ၁၁၀ အကွာ အမှတ်



ဓာတ်ပုံ ၇။ ။ အမှတ် ၁၇ ကုန်း ( တောင်ဘက်မှ ) မြင်ခင်း



ဓာတ်ပုံ ၈။ ။ အမှတ် ၁၅ ကုန်းတွင်တွေ့ရသော အဆောက်အအုံ၊ မြေလွှာနှင့် အမှိုးတိုးများ

( ၁၀ ) ကုန်းမှမြောက်ဘက် ကိုက် ၄၄၀ အကွာတွင် တည်ရှိသော အရှေ့အနောက် အလျားပေ ၉၀နှင့် တောင်မြောက် အနံ ပေ ၆၀ အသီးသီးရှိသည့် ကုန်းကလေးတစ်ကုန်းဖြစ်သည်။ အမြင့်မှာမူ ပတ်ဝန်းကျင်မြေမျက်နှာပြင်မှ အထက်သို့ သုံးပေခန့်သာရှိ၏။

ဤကုန်းကို တူးဖော်လိုက်သောအခါ မျှော်လင့်ထားသည့်အတိုင်း အရိုးအိုးနှင့် အရိုးစုများ မြှုပ်နှံထားသည့် သင်္ချိုင်းဂူတစ်ခု ပေါ်ထွက်လာလေသည်။ ယင်းသင်္ချိုင်းဂူမှာလည်း စတုရန်းကျကျ ဆောက်လုပ်ထားသောကြောင့် အုတ်တံတိုင်းတစ်ခုလျှင် အလျား ၂၉ ပေ ၁၁ လက်မ၊ အနံ ၃ ပေ၊ အုတ်လွှာရေ ပျမ်းမျှ ၁၂ လွှာစီထားကြောင်း တွေ့ရ၏။ လေးဘက်ကာရံထားသော အုတ်တံတိုင်း၏ အရှေ့တောင်ထောင့်မှ အလယ်ပိုင်းသို့ စွန်းထွက်နေသော အလျား ၈ ပေ၊ အနံ ၂ ပေ၊ အုတ် ၄ လွှာ စီထားသည့် အုတ်ရိုးငယ်တစ်ခုကို တွေ့ရသော်လည်း ယင်းကို မြေလွှာသဘောအရ မူလ စတုရန်းတံတိုင်းများ တည်ဆောက်ပြီးမှ ဆောက်လုပ်ကြောင်း ထင်ရှား၏။ မူလ စတုရန်း အဆောက်အအုံ၏ အရှေ့ဘက်တံတိုင်းမှ အရှေ့ဘက်သို့ အုတ်စွန်းထုတ်ထားသော်လည်း အုတ်စွန်းနှစ်ခုရှိသည့်အနက် နှစ်ခုစလုံးပင် ကျိုးပြတ်နေသည်ကို တွေ့ရသည်။ အကယ်၍ ယင်းအုတ်စွန်းများ အကောင်းပကတိရှိမည်ဆိုပါက ယင်းတို့မှာ အလျား ၁၄ ပေခန့်စီ ရှိမည်ဖြစ်ကြောင်း၊ အရှေ့ဘက်တွင် အုတ်ခုံအကြွင်းအကျန် အထောက်အထားများ တွေ့ရှိရသည်။

အမှတ် ( ၁၅ )ကုန်းကို တူးဖော်ရာတွင် အရိုးအိုး ခြောက်လုံးနှင့်အရိုးစု တစ်ခုကို တွေ့ရ၏။ မြေလွှာသဘောအရ အဆောက်အအုံကို ဦးစွာဆောက်လုပ်၍ အဆောက်အအုံ ဆောက်လုပ်ပြီးမှ အရိုးစုနှင့်အရိုးအိုးများကို ချထားကာ မြေဖို့ကြောင်း သိရှိရလေသည်။ ( ဓာတ်ပုံ ၈ ၅ )

ဟန်လင်းမြို့ဟောင်းအတွင်း ဖော်ထုတ်ပြီးသမျှ သင်္ချိုင်းဂူများ၏ ပန္နက်ပုံစံများကို နှိုင်းယှဉ်လေ့လာခြင်းအားဖြင့် ယင်းတို့မှာ လေးထောင့်အဆောက်အအုံများဖြစ်ကြောင်းကိုလည်းကောင်း၊ တစ်ခါတစ်ရံ အတွင်းစက်ဝိုင်းအုတ်ခုံပါရှိတတ်၍ တစ်ခါတစ်ရံ သင့်လျော်ရာတစ်ဖက်ဖက်သို့ အုတ်စွန်းထုတ်ဖော်ကြောင်းကိုလည်းကောင်း တွေ့ရှိရသည်။ ပုံစံအားဖြင့် ဗိဿနိုးမြို့ဟောင်းရှိ အမှတ် ( ၁၂ ) ( ၁၄ ) ( ၁၈ )တို့နှင့် တူညီကြ၏။ ဟန်လင်းသင်္ချိုင်းဂူများ ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်သည် အရိုးအိုး၊ အရိုးစုများမြှုပ်နှံရန်ဖြစ်သောကြောင့် ဗိဿနိုးရှိ အရိုးအိုး အရိုးစုများ မြှုပ်နှံသည့် ဓလေ့နှင့်လည်း ထပ်တူထပ်မျှတူညီနေသည်ကို တွေ့ရ၏။ သေလွန်ပြီးသူများအတွက် ယင်းတို့၏ အရိုးစု အကြွင်းအကျန်များနှင့် အရိုးအိုးများကို ထာဝရတည်ရှိအောင် မြှုပ်နှံထားရှိရာ အဆိုပါ သင်္ချိုင်းဂူများသည် ယင်းတို့၏ ဒုမင်္ဂလာဓလေ့ကို ဖော်ထုတ်ပြသရာအဆောက်အအုံများအဖြစ် မှတ်ယူသော် အကြောင်းခိုင်လုံသည်ဟု ထင်ပါသည်။

### ဃ ။ ရေလှောင်ကန်ပေါင်ရိုး

ဟန်လင်းမြို့ဟောင်းတည်နေပုံကို ထောက်ရှုသော် အရှေ့ဘက်မြို့ရိုးအနီး၌ ကွန်တိုမျဉ်း ပေ ၃၅၀ သည် မြို့၏အရှေ့ဘက်တစ်ခြမ်းကို ဖြတ်သန်းလျက်လည်းကောင်း၊ မြို့အလယ်လောက်မှ ကွန်တိုမျဉ်း ပေ ၃၅၀ သည် အနောက်ဘက်တစ်ခြမ်းလုံးကို ဖြတ်သန်းလျက်လည်းကောင်း တည်ရှိနေကြ၏။ မြောက်ဘက်မြို့ရိုး၏ အနောက်မြောက်ထောင့်တစ်နေရာတွင်မူ ကွန်တိုမျဉ်း ပေ ၄၀၀သည် မြို့ရိုးကို ဖြတ်သန်းလျက်ရှိ၏။ ယခု လက်ရှိ ဟန်လင်းကြီးကျေးရွာတွင် တည်ထားသော မြို့ရိုးဟောင်းတည်နေရာ၏ တောင်ဘက်ခြမ်းတစ်ဝိုက်သည်လည်းကောင်း၊ အရှေ့ဘက်မြို့ရိုး၏ အရှေ့တွင်ရှိသော လယ်ကွင်းများသည်လည်းကောင်း၊ ပေ၃၀၀ ကွန်တိုမျဉ်းနှင့် ယင်းထက်နိမ့်သော မြေနိမ့်ပိုင်းတွင် ကျရောက်နေ၏။ ထို့ကြောင့် အုတ်တံတိုင်းလေးဘက်

ကာရံ တည်ဆောက်ထားသော မြို့ဟောင်းနေရာသည် ကုန်းမြင့်ပိုင်းကျသည်က တစ်ကြောင်း၊ ယခုလက်ရှိ အခြေအနေများအရ ရေပူစမ်းများနှင့် နီးသောအပိုင်းသည် ကွန်တိုမျဉ်း ပေ ၃၀၀ အောက်ပိုင်း၌ ကျရောက်၍ လက်ရှိရေပူကုန်းရပ်နှင့် တွင်းမ ရပ်အကြားတွင် ကျရောက်နေကာ မြို့တွင်းပိုင်းနှင့် အတန်ငယ် ကွာဝေးနေသောကြောင့် တစ်ကြောင်း၊ မူလမြို့တည်စဉ်က မြို့နေလူထုအတွက် ရေအများအပြားရရှိစေရန် မည်သို့မည်ပုံ ကြံစည်ဆောင်ရွက်ထားရှိခဲ့ကြောင်း စူးစမ်းရန်မှာ လွန်စွာအရေးကြီးပေသည်။ ဆိုလိုသည်မှာ ယဉ်ကျေးမှုတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်ထွန်းပေါ်ပေါက်နိုင်ရေးတွင် ရေရရှိရေးသည် လွန်စွာ အရေးကြီးသဖြင့် ဟန်လင်းကြီးမြို့ဟောင်းအတွက် ရေရရှိရန် မည်သို့စီမံထားကြောင်း လေ့လာရန် လိုအပ်ပေသည်။

အထက်ပါအချက်ကို ယခုလက်ရှိ ရွှေဂူကြီးဘုရားအနီးမှ အရှေ့တောင်ဘက်သို့ ဆန့်တန်းဆောက်လုပ်ထားသော နဂါးရုန်းတစ်ဖက်ဆည်ကန်က အဖြေပေးနိုင်မပေးနိုင် သိရှိနိုင်ရန် အမှတ် (၁၄) ကုန်းကို နဂါးရုန်းကန်ပေါင်တစ်နေရာ၌ သတ်မှတ်ကာ ကျင်းရှည်စနစ်ဖြင့် တူးဖော်ပါသည်။

**အမှတ် ( ၁၄ ) ကုန်း။** ။ရွေးချယ်လိုက်သော အမှတ် (၁၄) ကုန်းနေရာသည် တူးဖော်ပြီး အမှတ် (၁၀) ကုန်း တောင်ဘက်မြို့ပေါက်မှ အရှေ့တောင်ဘက် ဂိုက် ၂၂၀ အကွာတွင် တည်ရှိသည်။ ကုန်း၏ အမြင့်မှာ မြေမျက်နှာပြင်ညီမှ အထက်သို့ ၂၉ ပေရှိ၏။ ကျင်းရှည်စနစ်ကိုသုံး၍ ကန့်လန့်ဖြတ်တူးဖော်ခြင်း ဖြစ်သဖြင့် မြောက်ဘက်မှတောင်ဘက်သို့ ပန္နက်တစ်တိုင်နှင့်တစ်တိုင် ၃ ပေခြား၍ အလျား ၁၃၅ ပေ၊ အနံ ၁၁ ပေ ရှိအောင် လျာထားသတ်မှတ်ကာ တူးသားသက်သက် ကျင်းအနံ ၈ ပေအတွင်း၌ လုပ်ငန်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

အထက်ပါအတိုင်း တူးဖော်ရာ နဂါးရုန်းကန်ပေါင်ကို မြောက်ဘက်၌ လက်ရှိအကျယ် ၁၃ ပေ၊ အုတ်လွှားရေ ၃၀ ဖြင့်ပြီးသည့် အုတ်ရိုးတံတစ်ခုနှင့် တောင်ဘက်၌ အကျယ် ၉ ပေ၊ အုတ်လွှားရေ ၁၉ လွှား ဖြင့်ပြီးသည့် အုတ်ရိုးတံတစ်ခုတို့ဖြင့် နှစ်ထပ်ပြုလုပ်၍ အုတ်ရိုး ၂ ခုအတွင်း ၇၈ ပေရှိသောကြားလပ်၌ မြေဖို့ကာ ကန်ကို တစ်ဖက်မှဆည်ထားကြောင်း တွေ့ရ၏။ ဤသို့ ခိုင်ခံ့အောင် ဖို့ထားသောကြောင့်လည်း နဂါးရုန်းတစ်ဖက်ဆည် ကန်ပေါင်ရိုးသည် ယနေ့ထက်တိုင်အောင် တည်တံ့နေခဲ့ခြင်းပင် ဖြစ်သည်။

နဂါးရုန်းကန်၏ အလျားကို လေ့လာကြည့်ရှုရာတွင် ဟန်လင်းမြို့ဟောင်း အရှေ့တောင်ထောင့်မှ အရှေ့ဘက်သို့ ဆန့်တန်းထားသည်မှာ လေးမိုင်မျှ အလျားရှိနေသေး၏။ ဤတစ်ဖက်တည်းတွင်သာ ကန်ပေါင်ရိုးကို တွေ့ရပြီး အခြားဖက်များ၌ မတွေ့ရသောကြောင့် နဂါးရုန်းကန်သည် တစ်ဖက်ဆည်ကန်ကြီး တစ်ခုသာ ဖြစ်ကြောင်း ထင်ရှားသည်။

နဂါးရုန်းကန်ကို တစ်ဖက်ဆည်ထားရှိပြီးလျှင် မည်သည့်ဖက်က ရေသွင်းကြောင်း သိသာရန် လိုအပ်သဖြင့် ကွင်းဆင်းစူးစမ်းရာတွင် ဟန်လင်းမြို့ဟောင်း အရှေ့ဘက် မြို့ရိုး၏ အရှေ့မြောက်ဘက် တစ်မိုင်ခန့် အကွာ၌ရှိသော ငါးပိအိုးရွာ၏ အရှေ့ဘက်မှ မိုးအခါ စီးဆင်းလျက်ရှိသော ချောင်းနှင့် ငါးပိအိုးရွာ၏ မြောက်ဘက် ကန်ကြီးတောရွာအရှေ့နှင့်အနောက်ဘက်များမှ ကပ်လျက်စီးဆင်းသော ချောင်းတို့မှ ရေများသည် အရှေ့ဘက်မြို့ရိုးအထိ ရောက်ရှိကြကြောင်း တွေ့ရ၏။ ယင်းသို့ရောက်ရှိသော ရေများကို အရှေ့တောင်ဘက်မှ နဂါးရုန်းကန်ပေါင်ဖြင့် ဆည်လိုက်သောအခါ နွေနှင့်ဆောင်းကာလများအတွက် လုံလောက်အောင်ရရှိခဲ့ဟန်တူပေသည်။ မြောက်ဘက်ငါးပိအိုးရွာနှင့် တောင်ဘက်နဂါးရုန်းကန်ပေါင်အကြား လယ်ကွင်းများမှာ ယခုအချိန်အထိ မိုးရေကောင်းစွာ သောက်ရသောကြောင့် စပါးနှင့်ကောက်ပဲသီးနှံ ကောင်းစွာဖြစ်ထွန်းသေးသည်ကို လေ့လာတွေ့ရှိရလေသည်။

အမှတ် ( ၁၄ )ကုန်းတည်ရှိရာ နဂါးရုန်းကန်ပေါင်ရိုးကို အထက်တစ်နေရာတွင် ဖော်ပြပါရှိခဲ့သည့်အတိုင်း ဖြတ်သန်းတူးဖော်ရာ မြေလွှာ ၆ လွှာထိအောင် တွေ့ရှိရ၍ ကျင်းအနက်ဆုံးနေရာ၌ မြေမျက်နှာပြင်မှ အောက်သို့ ပေ ၃၀ ထိအောင် ရောက်ရှိခဲ့ရာ တွေ့ရှိရသမျှ မြေလွှာများကို ခွဲခြားသတ်မှတ်ရာ၌ မြေလွှာများ၏ သိပ်သည်းမှု၊ အရောင်ကွဲပြားမှု စသည့် အခြေခံအချက်များပေါ်တွင် ခွဲခြားသတ်မှတ်ခြင်းဖြစ်သော်လည်း အားလုံးသော မြေလွှာများမှာ ဖို့မြေများပင်ဖြစ်ကြကြောင်း တွေ့ရသည်။

အမှတ် ( ၁၄ ) ကုန်းကိုတူးဖော်ရာတွင် ရှေးဟောင်းပစ္စည်းတစ်ခုမျှ မရရှိခဲ့ချေ။ အိုးခြမ်းကွဲအချို့နှင့် ရေရှိခဲ့ကြောင်း သာဓကအဖြစ် ခရုယောက်သွားအမျိုးမျိုးကိုသာ ရရှိခဲ့သည်။

## အုတ်အရွယ်အစားများ

အထက်တွင် ရေးသားတင်ပြခဲ့သော ဟန်လင်းကြီးမြို့ဟောင်းရှိ အုတ်အဆောက်အအုံအမျိုးမျိုးတို့၌ အသုံးပြုထားခဲ့သော အုတ်များအနက် အုတ် အရွယ်အစား အကြီးဆုံးသည်အလျား ၂၂ လက်မ၊ အနံ ၉ လက်မခွဲ၊ ဒု ၃ လက်မဖြစ်၍ အငယ်ဆုံးအုတ်မှာ အလျား ၁၅ လက်မခွဲ၊ အနံ ၈ လက်မ ဒု ၂ ၃/၄ လက်မဖြစ်သော်လည်း အလျား ၁၈ လက်မ၊ အနံ ၉ လက်မနှင့် ဒု ၃ လက်မ အရွယ်အုတ်ကို အများဆုံး အသုံးပြုခဲ့ကြောင်း တွေ့ရသည်။

အမှတ် ( ၅ ) သင်္ချိုင်းဂူတွင် အနားတစ်ဖက်ခုံးအောင် ရွေထားသော အုတ်နှင့် အမှတ် ( ၁၃ )ကုန်း သင်္ချိုင်းဂူ၌ သပ်သဏ္ဍာန်ပြုလုပ်စီမံထားသော အုတ်ခဲငယ်အချို့ အသုံးပြုထားလေသည်။ အုတ်များကို မီးဖုတ်ရာ၌ ဖွဲဖြင့်မံ၍ဖုတ်ခြင်းကြောင့် အုတ်အများအပြားတွင် စပါးခွံရာများ ထင်ရစ်ခဲ့ကြောင်း တွေ့ရသည်။ တစ်ခါတစ်ရံ နေမလုမ်းမီ ဖုတ်လုပ်သူ၏ အမှတ်အသားများအဖြစ် အုတ်၏ထိပ်တစ်ဖက်တစ်ချက်တွင် အနံလိုက် လက်ချောင်းဖြင့် ရေးခြစ်ဆွဲသောကြောင့် မြောင်းရစ်များ ထင်ကျန်နေခြင်းနှင့် လူအမည်အတိုကောက် အမှတ်အသား ဖြစ်ဟန်တူသော "ရ" ကောက်နှင့် "သ" ဟူသည့် စာလုံးများ ရေးခြစ်ထားသည့် အုတ်နှစ်ချပ်ကို အမှတ် ( ၂ )ကုန်းမှ တူးဖော်ရရှိသည်။

အဆောက်အအုံများ၌ အုတ်စီရာတွင် အများအားဖြင့် ကောင်းမွန်သော အုတ်များကို မျက်နှာပြင်များ၌စီ၍ အတွင်းပိုင်းတွင် အုတ်ကျိုးအုတ်ပဲ့များကိုသာ အစာသွတ်စီထား ဆောက်လုပ်ကြောင်းလည်း တွေ့ရသည်။ အဆောက်အအုံတိုင်း၌ အုတ်စီရာတွင် မြေနီသရွတ်ကို အသုံးပြုခဲ့ကြ၏။ အသုံးပြုသော အုတ်များမှာ ကြီးမားကြသဖြင့် မီးဖုတ်ရာ၌ အတွင်းပိုင်း မကျက်သည်သာများကြောင်း တွေ့ရသည်။ အမှတ် ( ၂ ) ကုန်းတွင် နေလှန်းအုတ်အချို့ အသုံးပြုထားသည်ကိုပင် တွေ့ရပြန်သည်။

## မြေအိုးမြေခွက်များ

ရှေးဟောင်းသုတေသနလုပ်ငန်းတွင် မြေအိုးမြေခွက်များသည် မည်မျှအရေးပါအရာရောက်ကြောင်း အိန္ဒိယပြည်၊ ပူနားမြို့ သုတေသနဗိမာန်က ကမ္ဘာကျော် ရှေးဟောင်းသုတေသနပညာရှင်ကြီးတစ်ဦးဖြစ်သူ ဒေါက်တာတာဆန်ကလိယက ဤသို့ ဆိုထား၏။

> ရှေးဦးပိုင်းက ရှေးဟောင်းသုတေသနပညာရှင်များအဖို့ ဒင်္ဂါးပြားများနှင့် ကျောက်စာများသည် အရေးပါကြ ဘိသကဲ့သို့ နောက်နှောင်း ရှေးဟောင်းသုတေသနပညာရှင်များအတွက်လည်း အိုးအင်ခွက်ယောက်နှင့် ကျောက်ခေတ်ဦး လက်နက်ပစ္စည်းများသည် အရေးကြီးပါပေသည်။ အိုးအင်ခွက်

ယောက်နှင့် ကျောက်ခေတ်ဦး လက်နက်ပစ္စည်းများသည် အတိတ်ကာလ ယဉ်ကျေးမှုများကို ဖော်ထုတ်ပြရာ၌ ဒဂီါးပြားများ၊ ကျောက်စာများထက်ပင် ပိုမို၍ စိတ်ချယုံကြည်လောက်သည်။ အဘယ့်ကြောင့်ဆိုသော် ဒဂီါးပြားများသည် တစ်နေရာမှတစ်နေရာသို့ အလွယ်တကူ ရောက်ရှိသွားနိုင်ဘိသကဲ့သို့ ကျောက်စာများမှာလည်း အက္ခရာပုံပန်း အသွင်သဏ္ဍာန်များ ကျောက်စာရေးထိုးလှူဒါန်းသူနှင့် သူ၏မိသားစုများအကြောင်း စသည်တို့ကိုသာ ဖော်ထုတ်တတ်ကြသည်။ သို့ရာတွင် အိုးအင်ခွက်ယောက်များသည်ကား တွေ့ရှိရာ နေရာဒေသနှင့် လည်းကောင်း၊ အသုံးပြုသည့် ပြည်သူခပ်သိမ်းနှင့်လည်းကောင်း သက်ဆိုင်ပတ်သက်နေလေ့ ရှိသည်သာမက မည်သည့်အရပ်မှ တင်သွင်းအသုံးပြုကြောင်းကိုလည်း ပြညွှန်နိုင်ပေသည်။ အိုးအင်ခွက်ယောက်ဟူသည် မီးတစ်ခါဖုတ်၍ လုပ်ဆောင်ထားရုံမျှဖြင့် မပျက်စီးနိုင်သလောက်ပင် ဖြစ်တော့သည်။ ယင်းကို ညက်ရှိသလို ဝေဖန်သုံးသပ်ပါက ယင်းကို ပြုလုပ်ခဲ့ကြသည့် ပြည်သူများ၏ ဘဝရှုထောင့်ကို ထုတ်ဖော်ပြသည်မည်လည်း ဖြစ်တော့၏။*

ဤမျှသုံးသပ်ပြထားရုံဖြင့် ရှေးဟောင်းသုတေသန လုပ်ငန်းရပ်များတွင် အိုးအင်ခွက်ယောက်များသည် မည်မျှအရေးပါအရာရောက်ကြောင်း ထင်ရှားပေသည်။ ထို့ကြောင့် ဗိဿနိုးမြို့ဟောင်း တူးဖော်မှုများ၌လည်းကောင်း၊ ဟန်လင်းမြို့ဟောင်း တူးဖော်မှုများ၌လည်းကောင်း၊ အဓိကအားဖြင့် အိုးအင်ခွက်ယောက် (ဝါ) အိုးခြမ်းပဲ့များကို အပတ်တကုတ် စုဆောင်းလေ့လာခဲ့ကြရာ ဟန်လင်းမြို့ဟောင်းမှ အိုးခြမ်းကွဲ စုစုပေါင်း ၁၅၀၀၀ ကျော်မျှ စုဆောင်းရရှိခဲ့ပါသည်။ ယင်းတို့ကို မျိုးခွဲလေ့လာရာတွင် -----

၁။ ရေတည်အိုးကြီး သို့မဟုတ် ရိက္ခာသိုလှောင်အိုးပုံသဏ္ဍာန်အမျိုးမျိုး စုစုပေါင်း ၁၆ မျိုး

၂။ အရွယ်လတ်အိုး ပုံသဏ္ဍာန်အမျိုးမျိုး ၁၂ မျိုး

၃။ အသေးစားအိုး ပုံသဏ္ဍာန်အမျိုးမျိုး ၁၂ မျိုး

၄။ မြေပန်းကန်စောက် ပုံသဏ္ဍာန်အမျိုးမျိုး ၆ မျိုး

၅။ ချက်ပြုတ်အိုး ၂ မျိုး

၆။ အင်တုံ ၄ မျိုး

၇။ မြေပန်းကန်လုံး ၉ မျိုး

၈။ မြေသောက်ရေခွက် ၂ မျိုး


၉။ ဆီမီးခွက် ၁ မျိုး


၁၀။ အထွေထွေ ၄ မျိုး ဟူ၍ စုစုပေါင်း ၆၈ မျိုး ရရှိပါသည်။ တစ်မျိုးစီ၏ အသေးစိတ်ကို ခြွင်းချန်ထားခဲ့ပါသည်။

ယင်း အိုးအင်ခွက်ယောက် အားလုံးလိုလို မြေနီသားဖြင့် ပြုလုပ်၍ အိုးထိန်းစက်ဖြင့် ပုံသွန်းလောင်းကြောင်း တွေ့ရသည်။ ၅၁ ရာခိုင်နှုန်းသာသာရှိသော အိုးတို့ကို အလယ်အလတ်တန်းစား မြေနီဖြင့်လည်းကောင်း၊ ၂၆ ရာခိုင်နှုန်းသာသာရှိသော အိုးတို့ကို မြေနီကြမ်းဖြင့်လည်းကောင်း၊ ၁၁ ရာခိုင်နှုန်းသော အိုးတို့ကို နယ်ဖတ်၍ အနှစ်ကျပြီးသော အနုဆုံး မြေနီဖြင့်လည်းကောင်း၊ ပြုလုပ်ထားရှိခဲ့သည်။ ကျန်


---


* Sankalia, 10.






ဓာတ်ပုံ ၉။ ။ အချယ်အလှယ်ပါသော အိုးခြမ်းကွဲများ






ဆွဲပုံ ၉။ ။အချယ်အလှယ်ပါသော အိုးခြမ်းကွဲများ

ပညာပဒေသာ (တွဲ ၃၊ ပိုဒ် ၃)
ဟန်လင်းမြို့ဟောင်း




ဆွဲပုံ ၁၀။ ။စေတီပုံ အိုးအဖုံး

ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း

ရာခိုင်နှုန်းများမှာမူ အကောင်းစားမှ အလတ်စား မြေနီဖြင့်လည်းကောင်း၊ အလတ်တန်းမှ အကြမ်းစား မြေနီဖြင့်လည်းကောင်း ပြီးကြ၏။ အများဆုံးသော အိုးတို့ကို ကောင်းစွာဖုတ်လုပ် အသုံးပြုခဲ့သော်လည်း တစ်ခါတစ်ရံ မီးအရှိန်လွန်ကဲသဖြင့် အကျက်လွန်ခြင်း၊ မီးအရှိန်အားပျော့၍ ကောင်းစွာမကျက်ခြင်း သာဓကများကိုလည်း တွေ့ရသည်။

တွေ့ရှိစုဆောင်းမိသမျှ အိုးအင်ခွက်ယောက်များကို ဆေးချယ်လှယ်ထားခြင်း မရှိသော်လည်း မီးမဖုတ်မီက အိုးပေါ်တွင် မြေနီရောင်တစ်ထပ် သုတ်လိမ်းဖုတ်လုပ်ကြောင်း သာဓကများကို တွေ့ရ၏။ သို့သော် အချယ်အလှယ် အခြစ်အပြောက်များကို ရေးခြစ်လေ့ရှိကြသောကြောင့် အများဆုံးသော အိုးတို့တွင် ခွေးသွားစိတ်ပြုလုပ်ထားသော ဘီးကို အိုးပေါ်၌လှိမ့်ထားသဖြင့် ညီညာနေသော ချိုင့်များသဏ္ဌာန် အချယ်အလှယ်များ၊ သာမန်အခြစ်အပြောက်များ၊ အချိတ်ဆင် လှိုင်းတွန့်များ၊ ပန်းဒီဖိုင်းပုံများကို တွေ့ရ၏။ အိုးခြမ်းကွဲအချို့ပေါ်တွင် စတုဂံအကွက်တံဆိပ်ရာများအတွင်း၌ လူရုပ်ပုံ၊ ဒေါင်းရုပ်ပုံ၊ သီရိဝစ္ဆပုံ၊ ခရုသင်းပုံ၊ ပျူဒင်္ဂါးများပေါ်တွင် တွေ့ရတတ်သော ပလုတ်တုတ် သို့မဟုတ် ဘဒ္ဒပဋ္ဌ၊ ငါးနှစ်ကောင်ပုံ၊ ကလသာအိုးပုံတို့မှာ ထင်ရှားကြသည်။ ယင်းအမှတ်အသားများကို ဟိန္ဒူဘာသာဝင်၊ ဂျိန်းဘာသာဝင်၊ ဗုဒ္ဓဘာသာဝင်များ အလေးအမြတ်ထားကြသည်။ ( ဓာတ်ပုံ ၉ – က၊ ခ နှင့် ဆွဲပုံ ၉ ရှု )

အထင်ရှားဆုံးသော အိုးအင်မှာမူ အမှတ် ( ၁ ) ( ၂ ) ( ၆ )တို့ တည်ရှိရာ လူနေရပ်ကွက်နှင့် အမှတ် ( ၁၀ )၊ ( ၁၁ )ကုန်း မြို့ဝင်ပေါက်နေရာများ၊ အမှတ် ( ၁၂ ) ဖြစ်သော သင်္ချိုင်းဂူတစ်ခုတို့မှ ရရှိခဲ့သည့် စေတီသဏ္ဌာန်ပြုလုပ်ထားသော အိုးအဖုံးပင်ဖြစ်သည် ( ဓာတ်ပုံ ၁၀ ရှု)။ တွေ့ရသမျှ အဖုံးအကွဲအစအနများကို ဆက်စပ်ကြည့်ရာတွင် စေတီ၏ အင်္ဂါရပ်များဖြစ်ကြသော ကြာလန်သဏ္ဌာန်ပြုလုပ်ထားသည့် ပစ္စယံတံတိုင်းများ၊ ကြာမှောက်သဏ္ဌာန် ဖောင်းရစ်များနှင့် ရှစ်မြှောင့်ပိန္နဲတိုင်စသည့် စေတီ၏ အစိတ်အပိုင်းများ ပေါ်ထွက်လာလေသည်။ ဗိဿနိုးယဉ်ကျေးမှုနှင့် ဆက်စပ်၍ ခုနှစ်ပိုင်းခြားရာ၌ အရေးပါသည့် ရေဖြန်းအိုးလည်တံများမှာလည်း မှတ်သားဖွယ်ကောင်းသည်။ ( ဆွဲပုံ ၁၀ ရှု )

အိုးခြမ်းကွဲတစ်ချပ်တွင်မူ “ ဝ ” အက္ခရာနှင့် “ ည ” အက္ခရာများကိုလည်းကောင်း၊ အခြားတစ်ချပ်တွင် “ ကြ္ညဇ ဖြ္ညယ ” ဟူသည့် သက္ကတဘာသာဖြင့် ဘွဲ့တံဆိပ်နာမ်၏ အဓိပ္ပာယ်သည် အရာခပ်သိမ်းကို သိသောပညာရှိဟု အနက်ထွက်ပေမည်။ အရေးအသားအရ ခုနှစ်ကို အေဒီ ၄ ရာစုနှင့် ၅ ရာစုအတွင်း ခေတ်အခါက စာလုံးများဖြစ်ကြောင်း ခန့်မှန်းနိုင်ပါသည်။ ( ဆွဲပုံ ၁၁ လက်ဝဲထိပ်ပုံရှု )

ဟန်လင်းတူးဖော်မှုများမှ အထက်ပါလူသုံးအိုးအင်ခွက်ယောက်များကိုသာမက အရိုးအိုး ၃၁ လုံးကိုလည်း သင်္ချိုင်းဂူများ၌လည်းကောင်း၊ အမှတ် ( ၁၀ )ကုန်းတောင်ဘက် မြို့ဝင်ပေါက်ကြီး၌လည်းကောင်း တူးဖော်ရရှိခဲ့ပါသည်။ ရရှိသမျှ၃၁ လုံးသော အရိုးအိုးများမှာ အကောင်းပကတိ ရှိကြသည်မဟုတ်ပဲ မြေတွင်း၌ရှိစဉ်ကပင် ကွဲအက်ကြေမွနေသည်ဖြစ်ရာ ယခုသရုပ်ဖော်လေ့လာရာတွင် ၁၈ လုံးကိုသာ အကောင်းပကတိ လေ့လာနိုင်တော့သည်။ အများဆုံးထင်ရှားသော အရိုးအိုးပုံစံသည် အခြေကား၍ အထက်သို့ တစ်ဖြောင့်တည်း ရှူးတက်သွားသည့်ပုံပင်ဖြစ်၍ အခြေခံအားဖြင့် ဗိဿနိုးမြို့ဟောင်းမှ တွေ့ရှိရသောအိုးများနှင့် တူညီ၏။ သို့သော် ဟန်လင်းကြီးမှတွေ့ရသော အရိုးအိုးများသည် အချယ်အလှယ်နည်းပါးသည်။ များသောအားဖြင့် နှုတ်ခမ်းအနီး၌လည်းကောင်း၊ အိုးအခြေ၌လည်းကောင်း အပြင်သို့အစွန်းထုတ်တတ်သည်သာများသည်။ ( ဓာတ်ပုံ ၁၀ ခ ရှု )။

ဤပုံစံမှလွဲ၍ သပိတ်ပုံသဏ္ဌာန် အရိုးအိုးပုံစံ၊ ကွမ်းအစ်သဏ္ဌာန် ပုံစံများကိုလည်း တွေ့ရပေသည်။ သို့သော် ယင်းတို့မှာ အထက်၍ူ အောက်ကားသောပုံစံလောက် အသုံးမများလှချေ။ အိုးအဖုံးများါမူ ကွမ်းအစ်ကိုမှောက်၍ထားသည့်သဏ္ဌာန်အချို့ နှင့် အဖုံးစွန်း၌ စိန်တောင်များသဏ္ဌာန် ပြုလုပ်ထားရှိသည်ကိုလည်း တွေ့ရသည်။ အဖုံးအချို့ တွင် ကြာဖူးသဏ္ဌာန်အနို့များ တပ်ဆင်ထားသဖြင့် ဖွင့်ရာပိတ်ရာ၌ လက်ကိုင်အဖြစ် အသုံးပြုခဲ့ကြောင်း ထင်ရှား၏။ ( ဆွဲပုံ ၁၂၅ )။

## ပုတီးနှင့် ဆွဲပြားများ

( မြေ၊ ကျောက်၊ ကော်၊ ရွှေနှင့် အခြား )

တူးဖော်ရာများမှ စုဆောင်းရရှိခဲ့သော မြေပုတီးစေ့များမှာ စုစုပေါင်း ၁၉၅လုံး ဖြစ်သည်။ ယင်းတို့၏ ပုံပန်းသဏ္ဌာန်တို့ကို အောက်ပါအတိုင်း ခွဲခြားသရုပ်ဖော်နိုင်သည်။

၁။ အလုံးပုံ ပုတီးအချို့

၂။ တစ်ဖက်ပြား တစ်ဖက်ခုံး၍ အဝိုင်းပုံ အရွယ်အစားစား

၃။ တစ်ဖက်ပြား တစ်ဖက်ခုံး၍ အနားရေးပါသောအဝိုင်းပုံ အရွယ်အစားစား

၄။ တစ်ဖက်ပြား၍ တစ်ဖက်တွင်စက်ဝိုင်းခြမ်းသဖွယ် ခုံးထားသော အဝိုင်းပုံ အရွယ်အစားစား

၅။ တစ်ဖက်တွင် မသိမသာခုံး၍ တစ်ဖက်တွင် ထိပ်ပြတ်ကတော့ပါသော အဝိုင်းပုံအရွယ်အစားစား


ကျောက်ပုတီးစေ့များကိုလည်း တူးဖော်ရရှိခဲ့ပေသေးရာ ယင်းတို့တွင် မဟူရာနီဖြင့် ပြုလုပ်ထားသော ပုတီးလုံးစုစုပေါင်း ၆၄ လုံး၊ ဖန်ဖြင့် ပြုလုပ်ထားသော ပုတီး ၁၃ ခု ရရှိခဲ့ရာ အမျိုးခွဲရာ၌ နှစ်ဖက်ကတော့ ခြောက်မြှောင့်ပုံ၊ ပြောင်းသဖွယ် ရှည်မျောမျော ခြောက်မြှောင့်ပုံနှင့် အဝိုင်းနှစ်လုံးတွဲထားပုံဟူ၍ ရရှိ၏။ နှစ်ဖက်ကတော့ ခြောက်မြှောင့်ပုံ ပြုလုပ်ထားသော ကျောက်သလင်းပုတီး တစ်လုံးကိုလည်း ရရှိ၏။ မဟူရာနက်ပုတီးနှစ်လုံးရရှိရာ ယင်းတို့မှာ လုံးဝန်းသဏ္ဌာန်ရှိကြ၏။ လိမ္မော်ရင့်ရောင် ခြောက်မြှောင့်ပယင်းပုတီး တစ်လုံးနှင့် လုံးဝန်းပုံနီညိုရောင်ပယင်းပုတီးတစ်လုံးကိုလည်း တွေ့ရသည်။ ထုံးကျောက်ပုတီးတစ်လုံးကိုလည်း ရရှိခဲ့သေးရာ ယင်းသည် ရှည်မျောမျော ခြောက်မြှောင့်ပုံ ရှိ၏။ အရိုးပုတီးစေ့ သုံးခုကိုလည်း တွေ့ရပေသည်။ ယင်းတို့အနက် တစ်ခုသည် တစ်ဖက်ခုံး တစ်ဖက်ပြား၍ ပြားသောဖက်တွင် မြောင်းရစ်နှစ်ရစ်ပါသည်။ ကျန်တစ်ခုတွင် ခြောက်ထောင့်ရှည်မျောမျော ပုံရှိ၏။ အခြားတစ်ခုသည် အဝိုင်းပြောင်းသဖွယ် ရှည်မျောမျောပုံ ဖြစ်၏။

ကျောက်စိမ်းကို ဆင်သဏ္ဌာန်ထုလုပ်၍ အပေါက်ကို အလျားလိုက် ဖောက်ထားပြီးလျှင် ပုတီးသဖွယ်သီ၍ ဆွဲနိုင်သည့် ဆွဲပြားလေးခုကိုလည်း တွေ့ရသည်။ ယင်းတို့၏ လက်ရာသည် ကြမ်းလှသည်။ ဆင်ရုပ်များမှာ မပီပြင်ချေ။ ပယင်းကို ထုလုပ်ထားသော ခွေးရုပ်သဏ္ဌာန် ဆွဲပြားငယ်ကလေးတစ်ခုကိုလည်း ရခဲ့သည်။ ခွေးရုပ်၏ ခန္ဓာကိုယ်ကို ကန့်လန့်ဖြတ်၍ အပေါက်ဖောက်ထား၏။ ခွေးရုပ်မှာ လေးဘက်ကဆုန်ချပြေးဟန် ထုလုပ်ထားသဖြင့် အသက်ဝင်၍ အနုပညာမြောက်၏။

ဟန်လင်းကြီး တူးဖော်မှုများမှ ကော်ပုတီးစေ့ငယ် ရောင်စုံအမြောက်အမြားရရှိခဲ့သည်။ ယင်းတို့တွင် အပြာရောင် ကော်ပုတီးစေ့ ၄၅ လုံး၊ အဝါရောင် ကော်ပုတီးစေ့ ၃၈ လုံး၊ အစိမ်းရောင် ကော်ပုတီးစေ့ ၄၃ လုံး၊ အညိုရင့်ရောင် ကော်ပုတီးစေ့ ၂၇လုံး၊ မြေနီရောင် ကော်ပုတီးစေ့ အလုံး ၃၀၊ အနက်ရောင် ကော်ပုတီးစေ့ ၂၅ လုံး၊ အဖြူရောင် ကော်ပုတီးစေ့ ၁ လုံးတို့ဖြစ်ကြပါသည်။ ကော်ပုတီးစေ့များမှာ များသောအားဖြင့် အရွယ်အစား သေးငယ်ကြသဖြင့် ပုံသဏ္ဌာန် ခွဲခြားလေ့လာရာ၌ အနည်းငယ် အခက်အခဲရှိသည်။




ဓာတ်ပုံ ၁၀ ( က )။ ။ စေတီသဏ္ဍာန် အိုးအဖုံး ( ဘေးတိုက်မြင်ကွင်း )



ဓာတ်ပုံ ၁၀ ( ခ )။ ။ အက္ခရာပါ အိုးခြမ်းကွဲ ( အမှတ် ၂ ကုန်း )




ဓာတ်ပုံ ၁၀ ( ဂ )။ ။ အရိုးအိုးနှင့် အရိုးစု ဘေးတိုက်မြင်ကွင်း ( အမှတ် ၁၂ ကုန်း )




ဆွဲပုံ ၁၁။ ။အရေးအခြစ်ပါသော အိုးခြမ်းကွဲများ

ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း




ဆွဲပုံ ၁၂။ ။အရိုးအိုးများ

ထူးခြား၍ အဖိုးတန်သော ပုတီးစေ့များတွင် ရွှေပုတီးစေ့များ ပါဝင်ကြ၏။ အကြီးဆုံးသော ရွှေပုတီးလုံးမှာ ကွမ်းသီးလုံးငယ် အရွယ်ခန့် လုံးဝန်းပုံရှိ၍ ကြိုးလျှိုရာ တိုးရိုပေါက် တစ်ဖက်တစ်ချက်တွင် ကြာပန်းပုံကို အနုပညာမြောက်စွာ လှလှပပ အကြွထုလုပ် သရုပ်ဖော်ထားပေသည်။

ကျန်ရွှေပုတီးစေ့တစ်လုံးသည် ဆီးသီးခန့် ဝန်းမျောပုံရှိ၍ ကြိုးလျှိုပေါက် တစ်ဖက်တစ်ချက်တွင် ကြာပန်းပုံကို ကြွရုံကလေးသာ ထုလုပ်သရုပ်ဖော်ထား၏။ ပထမ ရွှေပုတီးစေ့ကဲ့သို့ အနုပညာမမြောက်လှသော်လည်း တစ်မျိုးတစ်ဖုံ ထူးခြားသည်။

ပုတီးစေ့သဖွယ် လည်ပင်း၌ သီကုံးချိတ်ဆွဲရန် လက္ခဏာရှိသော ရွှေပုတီးအပြားဝိုင်းကလေးများကိုလည်း စုစုပေါင်း ၁၀၆ ခုထိအောင် စုဆောင်းတူးဖော်ရရှိခဲ့သည်။

ရဲတင်းသွားပုံသဏ္ဌာန်ရှိသော ရွှေဆွဲပြားငယ်ကလေးတစ်ခုနှင့် စတုဂံပုံသဏ္ဌာန်ရှိသော ရွှေဆွဲပြားငယ်ကလေးတစ်ခုတို့ကိုလည်း ရရှိခဲ့ပေသေးသည်။ လက်ဖွဲ့ သို့မဟုတ် အဆောင်အယောင်သဖွယ် ပြုထားဟန်တူသော လေးထောင့်ခေါင်းပွ ရွှေပြားခေါက် ဆွဲပြားငယ်တစ်ခုကိုလည်း ရရှိခဲ့ပါသည်။

## မြေထည်ပစ္စည်းများ

တူးဖော်ရာမှရရှိခဲ့သော မြေထည်ပစ္စည်းများတွင် ခါးလယ်မှပြတ်နေသော မြေနွားရုပ်ကလေး၏ ရှေ့ပိုင်းပုံရုပ်လုံးတစ်ခု ပါရှိသည်။ ထိုနွားရုပ်ကလေးတွင် မျက်စိနှင့် နှာခေါင်းရာများ လုံးဝမပေါ်လွင်ချေ။ နားရွက်ရာနှင့် ဦးချိုများကို စီမံပြုလုပ်ထားသော်လည်း ဦးချိုနှစ်ဖက်စလုံးပဲ့နေသဖြင့် အငုတ်ကလေးများသာ ကျန်တော့သည်။ လည်ပင်းတွင် လည်ပတ်တစ်ခုဆင်ထားကြောင်း တွေ့ရ၏။ ဘို့မှာထင်ရှားသော်လည်း ပဲ့နေချေပြီ။ ရှေ့ခြေနှစ်ချောင်းလည်း ပေါင်ရင်းသားများသာ ရှိကြတော့သည်။ နွားရုပ်သည် လည်ပင်းရှည်၍ အချိုးအစားအားဖြင့် လည်ပင်းနှင့်ခန္ဓာကိုယ်မှာ တစ်ဖြိုးတည်းလောက်ကျနေသောကြောင့် အနုပညာမမြောက်ပါ။ ( ဓာတ်ပုံ ၁၁၅ )

ပုတီး၊ လည်ဆွဲများကဲ့သို့ပင် အခြားအရေးကြီးသော မြေထည်ပစ္စည်းများတွင် လျှပ်ဒိုးများပါဝင်ကြပေသည်။ လျှပ်ဒိုးစုစုပေါင်း ၃၄ ခု ရရှိခဲ့ရာ အကြီးဆုံးသည် အချင်း ၂.၆ လက်မ ဖြစ်၍ အငယ်ဆုံးသည် ၁.၁ လက်မသာ ရှိပေသည်။ လျှပ်ဒိုးများမှာ များသောအားဖြင့် အိုးခြမ်းကွဲကို အဝိုင်းသဏ္ဌာန်ပြုလုပ်ထားခြင်းဖြစ်သော်လည်း ဝိုင်းဝိုင်းစက်စက် မရှိလှချေ။ ထို့ကြောင့် အချို့ သည်ဝိုင်းမျောပုံ၊ အနားပြိုင်စတုဂံပုံ၊ လေးထောင့်ပုံ၊ သုံးထောင့်ပုံသဏ္ဌာန်များကိုလည်း ဆောင်နေကြသည်။ ( မြေကိုသာမက အရိုးကို**လည်း** လျှပ်ဒိုးပြုလုပ်ထားကြောင်း အရိုးလျှပ်ဒိုးတစ်ခု တွေ့ရသဖြင့် သိရပေသည်။ )

မြေလျှပ်ဒိုးများသည် ကစားစရာပစ္စည်းများ ဖြစ်ကြဟန်တူ၏။ လျှပ်ဒိုးများကို လှိမ့်၍ဖြစ်စေ၊ **လျှပ်** တိုက်၍ ဖြစ်စေ၊ ကလေးများကစားလေ့ရှိကြသည်။ ထို့ကြောင့် ယင်းတို့ကို တွေ့ရှိလေ့လာရခြင်းဖြင့် သက်ဆိုင်ရာခေတ် ကလေးသူငယ်များ၏ဘဝကို တစေ့တစောင်း လေ့လာရရောက်ပေသည်။

မြေလျှပ်ဒိုးများနှင့်တကွ ဖိုင်းငင်ရာ၌ အသုံးပြုသော ဖူးတားတစ်ခုကိုလည်း တွေ့ရပေသေးသည်။ အဆိုပါဖူးတားသည် **မြေဖြင့်ပြီး**၍ အဝိုင်းပုံပြုလုပ်ထားသော်လည်း ပုံမပီသသောကြောင့် ငါးမြှောင့်သဏ္ဌာန်နှင့် ပိုမိုနီးစပ်သ**ည်။ အ**လယ်တွင် အပေါက်ပါရှိ၏။

မြေထည်ပစ္စည်းများ**တွင် တစ်**ဖက်ရှုံး၍ တစ်ဖက်တွင်ကားပြီး အဝိုင်းဝိုတ်ပြုလုပ်ထားသော လေးထောင့်မြေနားတောင်းတစ်ခု**နှင့်ချိန်**သီးဖြစ်ဟန်တူသော တစ်ဖက်ရှုံးတစ်ဖက်ကား၍ အလျားလိုက်အပေါက်ဖောက်ထားသည့် လေးထောင့်**မြေ**တုံးလေးတစ်ခုတို့ကိုလည်း တွေ့ရှိရသည်။

## ကျောက်လက်နက်နှင့် ကျောက်ဝတ္ထုပစ္စည်းများ

ဟန်လင်းကြီး တူးဖော်မှုများမှလည်းကောင်း၊ မြေအပေါ်ယံမှလည်းကောင်း၊ ကျောက်ခေတ်ဆိုင်ရာ လက်နက်ပစ္စည်း စုစုပေါင်း ၁၄ ခု ရရှိခဲ့သည်။ ယင်းတို့မှာ ကျောက်ခေတ်သစ်နှင့် သက်ဆိုင်သောပစ္စည်း များဖြစ်ကြသော်လည်း ပြုလုပ်ထားသောကျောက်များမှာ သဲကျောက်[၁]၊ ထုန်းကျောက်[၂]၊ သင်ပုန်းကျောက် နက်[၃]များသာ ဖြစ်ကြကြောင်း ယခင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒဌာနတွင် အမှုထမ်းဆောင် သွားသော ဒေါက်တာ တီ အို မောရစ် ( ကျောက်ခေတ်ယဉ်ကျေးမှု သုတေသီ ) က စာရေးသူမေတ္တာရပ် ခံသဖြင့် ကျောက်အမျိုးအမည်ကို ခွဲခြားပေးခဲ့ပါသည်။

လက်နက်ပစ္စည်းများကို ကျောက်ပုဆိန်သွားနှင့် ကျောက်ပြားကွင်းဝိုင်းဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင် သည်။ ကျောက်ပုဆိန်သွားများတွင် တစ်ဖက်တစ်ချက်ကို ထုဖဲ့၍ သွေးထားသောလက်နက်နှင့် တစ်ကိုယ် လုံးသွေး၍ အရောင်တင်ထားသောလက်နက်ဟူ၍ တွေ့ရပေသည်။ ( ဓာတ်ပုံ ၁၂ ၅ )

မြန်မာနိုင်ငံ ကျောက်ခေတ်သစ် လက်နက်ပစ္စည်းနှင့်ပတ်သက်၍ ပါကစ္စတန်က **ဒေါက်တာဒါနီ** အလို အရ ထုဖဲ့၍ အသွားဖော် အသုံးပြုသော လက်နက်များသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ နိုင်ငံများ၌ ရှေးကျောက်ခေတ်ဦးအခါကပင် ထွန်းကားခဲ့သော လက်နက်ပြုလုပ်ရေး အစဉ်အလာမှ ဆင်း သက်လာခြင်း ဖြစ်သည်။ တစ်ကိုယ်လုံးသွေးထားသော လက်နက်များသည် နောက်နှောင်းဝင်ရောက်လာ သော အစဉ်အလာတစ်ရပ် ဖြစ်သည်။ ယင်းအစဉ်အလာနှစ်ရပ်၏ ပေါင်းစပ်ခြင်းကြောင့် ဘေးတစ်ဖက် တစ်ချက်၌ ထုဖဲ့၍သွေးထားသော လက်နက်ပစ္စည်းများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။*

သို့ရာတွင် အထက်ဖော်ပြပါ ဟန်လင်းတူးဖော်မှုများမှ ရရှိခဲ့သော ကျောက်လက်နက်များကိုမူ အသေးစိတ် ထပ်မံလေ့လာရဦးမည့်အပြင် မြေလွှာသဘောအရလည်း ထပ်မံစိစစ်စရာ ကျန်ရှိသေးသည်။ ယခုအခြေအနေတွင် ဟန်လင်း၌တွေ့ရသော ကျောက်လက်နက်ပစ္စည်းများသည် ဟန်လင်း၌ပင် ထွန်းကား ခဲ့သော ကျောက်ခေတ်ယဉ်ကျေးမှုဆိုင်ရာ လက်နက်များလော၊ သို့မဟုတ် အခြားကျောက်ခေတ်သစ် ထွန်းကားခဲ့ရာ ဒေသတစ်ခုခုမှ ယူဆောင်အသုံးပြုခြင်းဖြစ်သလောဟု စောကြောရဦးမည် ဖြစ်ပေသည်။

ဟန်လင်း အမှတ် (၁၀)ကုန်း တောင်ဘက် မြို့ဝင်ပေါက်တွင် သဲကျောက်ဖြင့်ပြီးသော ကျောက်ရုပ်ကြွ တစ်ခု၏ မျက်နှာပိုင်းကို တူးဖော်ရရှိခဲ့သည်။ ယင်းသည် ပြည့်ဖြိုးသောမျက်နှာ၊ ထင်ရှားပီသသော မေး၊ ပေါ်လွင်သောနှုတ်ခမ်းနှစ်စုံပိုင်ရှင်၏ မျက်နှာဖြစ်ပေသည်။ ခေတ်အပိုင်းအခြား သေချာစွာဖော်ပြနိုင် လောက်အောင် မျက်နှာအသွင်အပြင်မရှိတော့သော်လည်း နှုတ်ခမ်းနှစ်စုံ၊ မေးနှင့်ပါးမို့မို့တို့၏ သွင်ပြင် လက္ခဏာများကိုထောက်ရှု၍ အိန္ဒိယ၌ထွန်းကားသော ဂုပ္တခေတ် ကျောက်ဆစ်လက်ရာများနှင့် ဆင်ဆင် တူသည်ဟု ဆိုနိုင်မည်ထင်သည်။


ဟန်လင်း အမှတ် (၁၂) ကုန်း အပေါ်ဆုံးမြေလွှာမှ ( ဒယာဒါနံ ) ဟူသော ဘွဲ့အမည်ကို လေးထောင့်အက္ခရာဖြင့် အကြွထုလုပ်ထားသည့် ညိုဝါရောင် ဝေါဒန်ကျောက် တံဆိပ်ရာ ကလေးတစ်ခုကိုလည်း တူးဖော်ရရှိခဲ့သည်။** ဒယာဒါနံဟူသော အဓိပ္ပာယ်သည် " သနားခြင်းရှိသဖြင့်

---


၁။ Sand stone ၂။ Silt stone ၃။ Black slate

* Dani, 212-221


** ဤတံဆိပ်ရာသည် ကမ္ဘောဒီးယားတောင်ပိုင်း Oc-Eo မြို့ဟောင်းမှရသော တံဆိပ်ရာများနှင့် တစ်သဝေမတိမ်း တူ၏။ Malleret , 291, pl. 63 & 64



ဓာတ်ပုံ ၁၀။ ။ ငွေနွားရုပ်



ဓာတ်ပုံ ၁၂။ ။ ကျောက်လက်နက်ပစ္စည်းအမျိုးမျိုး



ဓာတ်ပုံ ၁၄။ ။ သံလက်နက်အမျိုးမျိုး



သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲလေ့ရှိသော ပုဂ္ဂိုလ် " ဟု ဖော်ထုတ်နိုင်မည် ထင်သည်။ ယင်းတွင် ပါရှိသော စာပေအရေးအသားသည် ခရစ်နှစ် ၆ ါးရာစုနောက်ပိုင်းနှင့် သက်ဆိုင်ကြောင်း ကျောက်စာဝန် ဟောင်း ဦးမြနှင့် ပဏ္ဍိတ်ဦးဖေတို့က ဆိုကြ၏။

အဆိုပါကျောက်တံဆိပ်ရာကလေး၏ ကျောက်အမျိုးအစားကို မန္တလေး ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကထိကအဖြစ် ဆောင်ရွက်ခဲ့သော ဒေါက်တာမောရစ်၏ အကူအညီဖြင့် ခွဲခြားလေ့လာရာ ယင်း သည် ဂေါဒန်ကျောက် ဖြစ်ကြောင်း ၊ အလေးချိန် ၁.၀၅၆ ဂရမ်ဖြစ်၍ ၀.၃၇ အောင်စနှင့် ညီမျှကြောင်း၊ ထုထည် ၀.၄၀ မီလီလစ်တာရှိကြောင်း၊ သိပ်သည်းဆ ၂.၆၄ ရှိကြောင်း၊ မိုးစကေး[၄]အရ မာကျောခြင်း ၇ ရှိကြောင်း အသေးစိတ်သိရှိရပါသည်။

ကျောက်ဝတ္ထုပစ္စည်းများနှင့် ပတ်သက်၍ အခြားသေးဖွဲသောပစ္စည်းတစ်ခုမှာ လှည်းပန်းတောင်းပုံထု လုပ်ရာ ပါရှိပြီး အနားမညီသော စတုဂံအပုံကလေးဖြစ်နေသည့် သဲကျောက်ပြားတစ်ခုဖြစ်သည်။ ယင်းတွင် ပန်းတောင်းအတွင်း ဒေါက်ဆန် ၁၁ ခုပါရှိ၍ ယင်းတို့ကို အကြွထုလုပ်ထားလေသည်။ ခန့်မှန်းရသမျှ ယင်း သည် ကျောက်ဆစ်လက်ရာတစ်ခုခုမှ အပုံကလေးတစ်ခုသာ ဖြစ်ဟန်တူပေသည်။

## သံလက်နက်နှ င့် သံထည်ပစ္စည်းများ

သံလက်နက်ပစ္စည်းမျိုးစုံ စုစုပေါင်း ၁၅၆ ခု တူးဖော်ရရှိခဲ့သည်။ ယင်းတို့အနက် လူနေရပ်ကွက်များ ဖြစ်ကြသော အမှတ် ၁၊ ၂၊ ၆၊ ၇၊ ၉ ကုန်းများ တည်ရှိရာများမှ ပျက်စီးမှုပြုအလွှာဖြစ်သော မြေလွှာ (၂) မှ ရရှိခဲ့သည့် ဦးရေမှာ အများစုဖြစ်၍ အမှတ် ( ၁၀ ) (၁၁ )မြို့ပေါက်များမှ အနည်းငယ်ရရှိသည်။ အမှတ် (၈ )ဖြစ်သော သချိုင်းကုန်းဟောင်းမှလည်း အတော်များများရရှိသည်။

တူးဖော်ရရှိသမျှသော သံလက်နက်များနှင့် သံထည်ပစ္စည်းများကို အကြမ်းအားဖြင့် နှစ်ပိုင်းခွဲခြား လေ့လာနိုင်သည်။

( ၁ ) ကာကွယ်ရေးအတွက် အသုံးချသောလက်နက်

( ၂ ) လူမှုရေးအတွက် အသုံးချသောလက်နက်

ကာကွယ်ရေးအတွက် လက်နက်များတွင် ဓားရှည်အမျိုးမျိုး၊ ဓားမြှောင်အမျိုးမျိုး၊ မြားသွားအမျိုး မျိုး၊ ရဲတင်းသွားအမျိုးမျိုး၊ ပုဆိန်သွားအမျိုးမျိုး၊ အဝေးပစ်သံလုံး၊ ခက်ရင်းခွ၊ သံခြောင့်အမျိုးမျိုးတို့ ပါဝင်ကြပါသည်။ ( ဓာတ်ပုံ ၁၄ ရှု )။


လူမှုရေးအတွက် အသုံးချသောလက်နက်များတွင် သံကြိုး၊ သံချိတ်၊ သံညှပ်၊ စူး၊ ဆောက်၊ ဂိုက်နှင့် ဓားငယ်အသွားအမျိုးမျိုး ပါဝင်ကြသည်။ ယင်းတို့အနက် စူး၊ ဆောက်နှင့်ဂိုက်တို့သည် လက်သမားသုံး ကရိယာများဖြစ်ကြ၏။ ( ဓာတ်ပုံ ၁၅ ရှု )။

သံထည်ပစ္စည်းအားလုံးလိုလိုပင် သံချေးများအထပ်ထပ် ဖုံးလွှမ်းလျက်ရှိသည့်အပြင် မီးလောင်ထား သည်ကိုလည်း တွေ့ရပေသည်။ ထို့ရာတွင် သရုပ်ဖော်လေ့လာနိုင်အောင်ကား အခြေအနေကောင်းမွန်ကြ သေး၏။


ဆုံလည်တံခါးများစိုက်ထူရန် အသုံးပြုသော သံဆုံနှစ်ခုနှင့် အခြားသံချောင်းသံပြားများမှာမူ အရေ အတွက် များလှသည်။ အထူးဖော်ပြရန် မလိုတော့သဖြင့် မဖော်ပြလိုက်တော့ချေ။

---

၄ Moh's scale




ဓာတ်ပုံ ၁၅။ ။ သံထည်ပစ္စည်းအမျိုးမျိုး




ဓာတ်ပုံ ၁၆။ ။ ကြေးမုံများ

## သတ္တုနှင့် အခြားပစ္စည်းများ

သတ္တုနှင့် အခြားဝတ္ထုများဖြင့် ပြုလုပ်ထားသော ပစ္စည်းများသည် များသောအားဖြင့် လက်ဝတ်လက်စားများနှင့် အလှအပပြုပြင်ရာတွင် အသုံးပြုသောပစ္စည်းများ ဖြစ်ကြပေသည်။ ရွှေထည်များအနေဖြင့် လက်စွပ် ခြောက်ကွင်းကို အမှတ် (၈ ) ကုန်းသင်္ချိုင်းမှ တူးဖော်ရရှိခဲ့ပါသည်။ လက်စွပ်များမှာ မောင်းကွင်းလက်စွပ်များဖြစ်၍ အချယ်အလှယ် မပါချေ။ ကလေးဝတ်တစ်ကွင်းကလွဲလျှင် အားလုံးလိုလို လူကြီးဝတ်ချည်းဖြစ်ဟန် တူပေသည်။ ယင်းတို့၏ အချင်းသည် အကျယ်ဆုံး တစ်လက်မနီးပါးမှ ငါးလက်မသာသာရှိကြ၏။ လူကြီးဝတ်လက်စွပ်တစ်ကွင်းကို ဆောက်ဖြတ်ထားပေသည်။ ထိပ်တစ်ဖက်တစ်ချက်စီတွင် သုံးပွင့်ဆိုင်အပေါက် သုံးပေါက်ဖောက်ထားသော အလျား တစ်ပေ သုံးလက်မ၊ အနံလက်မဝက်ရှိ ရွှေပြားတစ်ခုကိုလည်း တွေ့ရသည်။ ယင်းကို မည်သို့အသုံးချကြောင်း သေချာစွာမသိနိုင်သော်လည်း လည်ပင်း၌ပတ်၍ ဝတ်ဆင်မည်လောဟု တွေးတောရပေသည်။

အစိတ်စိတ်အမွှာမွှာဖြစ်နေသော ငွေဖလားတစ်လုံးကိုလည်း အမှတ် ( ၈ ) ကုန်းသင်္ချိုင်းရာမှ ရရှိခဲ့ပေသည်။ ယင်းတွင် အညှိများ လွန်စွာတက်နေသော်လည်း အနားရေးပတ်လည်တွင် ဗိန္ဓုပြောက်များ၊ မတ်ရပ်စင်းယ်ကလေးများနှင့် သစ်ရွက်သဏ္ဍာန် အချယ်အလှယ်များကို ပြုလုပ်ထား၏။

အလှအပ ပြင်ဆင်ရာ၌ အသုံးချသော ကြေးမုံအပိုင်း သုံးချပ်ကိုလည်း အမှတ် ( ၆ )ကုန်းနှင့် အမှတ် (၈ )ကုန်း တို့မှ တူးဖော်ရရှိခဲ့သည်။ သုံးခုစလုံးတွင် လက်ကိုင်များပါရှိကြ၏။ ( ခတ်ပုံ ၁၆ ရှု )။

ကြေးချူသုံးလုံး ရရှိခဲ့ရာတွင် အကြီးဆုံးအလုံးသည် အောက်ကား အထက်ရှူး၍ ကြာဖူးသဏ္ဍာန်ရှိပြီးလျှင် အချင်းတစ်လက်မကျော်ကျော် ရှိသည်။ ထိပ်တွင် တွဲလွဲဆွဲစရာ ကွင်းတပ်ထား၏။ အလတ်စားတစ်လုံးသည် ဝိုင်းမျှောပုံရှိ၍ ခရုပတ်ငယ်များ အကြွချယ်လှယ်ထားသည်။ အတွင်း၌ အဆန်ရှိသည့်ပြင် မြေကြီးများဖြင့် ဖိတ်ဆို့မနေသောကြောင့် အသံမြည်၏။ အငယ်ဆုံးတစ်လုံးသည် ဆီးသီးအရွယ်ခန့်ဖြစ်၍ အချယ်အလှယ်မပါချေ။


သင်္ချိုင်းကုန်းနေရာဖြစ်သော အမှတ် ( ၈ )ကုန်းမှပင် ကြေးကွင်းတစ်ခုနှင့် ကြေးလက်ကောက်တစ်ကွင်းရရှိခဲ့သည်။ ကြေးကွင်းသည် အချင်းတစ်လက်မခွဲခန့်ရှိ၍ အခြယ်အလှယ် မပါရှိချေ။ ကြေးလက်ကောက်မှာမူ အချင်း နှစ်လက်မဖြစ်၍ အဖုကလေးများ နှစ်တန်းခြယ်လှယ်ထားသည်။

ကြေးအိုးငယ်အပဲ့တစ်ခုကို အမှတ် ( ၁၂ )ကုန်းမှ ရရှိခဲ့သည်။ ယင်းသည် ကွမ်းအစ်သဏ္ဍာန်ရှိဟန်တူ၍ အခြေဖက်တွင် အပြင်သို့ အစွန်းထုတ်ထား၏။


## ဟန်လင်းဒင်္ဂါးများ

တူးဖော်ရာမှ အောက်ပါအတိုင်း အမှတ်လက္ခဏာပါသော ငွေပြာဝိုင်း (ဝါ) ဒင်္ဂါးများ တူးဖော်ရရှိခဲ့သည်။ ( ခတ်ပုံ ၁၇ နှင့် ၁၈ ရှု )


| ကုန်းအမှတ် | မြေလွှာအမှတ် | ဒင်္ဂါး |
|---|---|---|
| ၁ | ၂ | ၁၂ |
| ၁ | ၅ | ၁ |
| ၃ | ၂ | ၁ |
| ၈ | ၂ | ၄ |
| ၁၀ | ၂ | ၁ |
| | စုစုပေါင်း | ၁၉ ပြား |




ဓာတ်ပုံ ၁၇။ ။ ဟန်လင်းကြီး ဒင်္ဂါးများ ( မျက်နှာဘက် )




ဓာတ်ပုံ ၁၈။ ။ ဟန်လင်းကြီး ဒင်္ဂါးများ ( ကျောဘက် )



ပုံစံ (၁)



ပုံစံ (၂)



ပုံစံ (၃)

ဆွဲပုံ ၁၃။ ။ဒင်္ဂါးပုံစံများ

ပညာပဒေသာ (တွဲ ၃၊ ပိုင်း ၃)
ဟန်လင်းမြို့ဟောင်း

ရရှိသောကုန်းများကို စိစစ်ကြည့်လျှင် အမှတ် ( ၁ )ကုန်းသည် နန်းတော်မြို့ရိုးနေရာ တစ်နည်းအားဖြင့် လူနေရပ်ကွက်ဖြစ်၏။ ယင်းနေရာမှ ဒင်္ဂါးပြား ၁၂ ပြားရရှိခဲ့ပေသည်။ အမှတ် (၃)ကုန်းသည် တောင်ဘက်မြို့ရိုး အပြင်ဘက်ရှိ ကတုတ်တစ်ခုဖြစ်၍ ယင်းမှ ဒင်္ဂါး တစ်ပြားရရှိခဲ့သည်။ အမှတ် (၈ ) ကုန်းသည် သင်္ချိုင်းရာဖြစ်၍ ယင်းမှ ဒင်္ဂါးလေးပြား ရရှိသည်။ အမှတ် (၁၀ )ကုန်းမှာ တောင်ဘက်မြို့ဝင်ပေါက်ဖြစ်၍ ယင်းမှ ဒင်္ဂါးတစ်ပြားရရှိသည်။

ဒင်္ဂါးများကို ဖော်ထုတ်ပေးခဲ့သည့် မြေလွှာများကို ဆန်းစစ်လျှင် အားလုံးလိုလို မြေလွှာ ( ၂ ) ပြိုပျက်လွှာမှဖြစ်၍ အမှတ် (၁ )ကုန်း မြေလွှာ (၅)ဖြစ်သော အောက်ဆုံးမြေလွှာမှ ဒင်္ဂါးတစ်ပြား ရရှိခဲ့သော်လည်း ယင်းသည် အပူရှိန် အတိုးအလျော့ကြောင့် မြေလွှာအက်ကွဲပြီး အောက်ဆုံးအလွှာသို့ ရောက်ရှိသွားဟန်တူပေသည်။ သာမန်အားဖြင့် လူနေမှုအဆောက်အအုံကြီး ရုတ်တရက်ပြိုပျက်သွားသောကြောင့် ပျက်စီးမှုအလွှာတွင် ထိုကဲ့သို့ ဒင်္ဂါးများ ရောက်ရှိသွားခြင်းသာ ဖြစ်နိုင်စရာဖြစ်ပေသည်။

ဟန်လင်းတူးဖော်မှုများမှတွေ့ရသော ဒင်္ဂါးများသည် အရွယ်အစားအားဖြင့် အချင်း တစ်လက်မသာသာရှိ၍ ယခုခေတ်သုံး ငွေဒင်္ဂါးများအရွယ်ခန့်သည် အကြီးဆုံးဖြစ်၏။ အချင်း တစ်လက်မ မရှိတရှိ အရွယ်သည် အလတ်စား ဒင်္ဂါးဖြစ်၍ ယင်းအရွယ်အစားရှိသော ဒင်္ဂါးများကို အများဆုံးရရှိခဲ့၏။ အငယ်စား ဒင်္ဂါးသည် အချင်း လက်မဝက်သာသာ ရှိသည်။ အငယ်ဆုံးဒင်္ဂါးမှာမူ အချင်းလက်မဝက်သာရှိ၏။

ဒင်္ဂါးများကို မျိုးခွဲလေ့လာရာတွင် အောက်ပါအတိုင်း တွေ့ရပေသည်။ ( ဆွဲပုံ ၁၃ ရှ )။

**အမှတ် ( ၁ ) အမျိုးအစား**

အကြီးဆုံးဒင်္ဂါး လေးပြားတွင် မျက်နှာဖက်၌ သီရိဝစ္ဆအတွင်း ခရုသင်းပုံ၊ ခရုသင်း၏အောက်တည့်တည့်တွင် ဗိန္ဒုပြောက်တစ်ခု၊ သီရိဝစ္ဆ၏ အောက်တည့်တည့်တွင် ဗိန္ဒုပြောက်သုံးခုစီ ပါရှိသည်။

ကျောဘက်တွင် ဘဒ္ဒပီဌနှင့် ယင်း၏ထိပ်တစ်ဖက်တွင် ဗိန္ဒုပြောက် သုံးပြောက်၊ ဒင်္ဂါး၏ အစွန်းပတ်လည်တွင် ဗိန္ဒုပြောက် အခြယ်အလှယ်ပါရှိသည်။

အမှတ် ( ၁ ) ဒင်္ဂါးမျိုးသည် ဦးအောင်သော်၏ " ပျူဒင်္ဂါးများ " ဆောင်းပါးပုံအမှတ် ( ၁ ) နှင့် ဆင်ဆင်တူသည်။* ဦးအောင်သော် ဆောင်းပါးလာ ပုံအမှတ် ( ၁ )သည် သရေခေတ္တရာ၌တွေ့ရသော ဒင်္ဂါးများဖြစ်ကြ၍ ယင်းတို့တွင် မျက်နှာဖက်၌ သီရိဝစ္ဆပုံ ပါရှိသော်လည်း ယင်း၏ အောက်တည့်တည့်၌ ဗိန္ဒုပြောက် သုံးစက် မပါချေ။ တစ်ဖန် သီရိဝစ္ဆ၏ ဘေးတစ်ဖက်တစ်ချက်တွင် ဗိန္ဒုပြောက်တစ်လုံးစီ ပါ၏။ ဟန်လင်းဒင်္ဂါးများ၌မူ သီရိဝစ္ဆ၏ အောက်တည့်တည့်၌ ဗိန္ဒုပြောက်တစ်ခု ပါရှိပေသည်။

ဟန်လင်း အမှတ် ( ၁ ) ဒင်္ဂါးအမျိုးအစား လေးပြားရရှိခဲ့သည်။

**အမှတ် ( ၂ ) အမျိုးအစား**

အလတ်စားဒင်္ဂါးများ၏ မျက်နှာဖက်တွင် သီရိဝစ္ဆအတွင်း အစက်သုံးစက် ဒေါင်လိုက်တန်းလျက် သီရိဝစ္ဆ၏ လက်ယာဘက်ဘေးတွင် ဘဒ္ဒပီဌ၊ လက်ဝဲဘက်ဘေးတွင် စကြာ၊ စကြာ၏အထက်တွင် အစက်သုံးစက်၊ သီရိဝစ္ဆ၏ အထက် လက်ယာဖက်ထိပ်တွင် နေ၊ လက်ဝဲဖက်ထိပ်တွင် လ သင်္ကေတများ ပါရှိသည်။ ကျောဖက်တွင် တက်နေဝန်းပုံ ပါရှိ၏။

---

* အောင်သော် ( ၁၉၆၂ )၊၁၀၅-၁၀၇။

အမှတ် ( ၂ )အမျိုးအစားဒင်္ဂါးမျိုးသည် ဦးအောင်သော်၏ ပျူဒင်္ဂါးဆောင်းပါးပါ ပုံအမှတ် ၄ အတိုင်းဖြစ်၍ စုစုပေါင်း ( ၁၂ )ပြား တစ်နည်းအားဖြင့် အများဆုံးရရှိခဲ့ရာ ဦးအောင်သော်ရေးသားထား ဘိသကဲ့သို့ ဟန်လင်းမှ ဤအမျိုးအစား အများဆုံးရရှိခဲ့သည်ဆိုသည့်အချက်နှင့် ဤအမျိုးအစားကိုပင် ဟန်လင်းဒင်္ဂါးဟု ခေါ်စမှတ်ပြုသည်ဆိုသော အချက်များမှာ မှန်ကန်နေကြောင်း မြေလွှာအထောက် အထားမှ ရရှိခဲ့သောအချက်က ထောက်ခံနေပေသည်။

ယခု ဟန်လင်းကျောက်စာရုံ ကျောက်စာတိုင်အမှတ် ( ၁ ) သည် ခရစ်နှစ် ၈ –၁၀ ရာစုခေတ်က အရေးအသားမျိုး ပါရှိသည်ဟု ကျောက်စာဝန်ဟောင်း ဦးမြကပင် ခန့်မှန်းသည်။

အထက်ပါ ကျောက်စာများမှလွဲ၍ ဟန်လင်းကျောက်စာရုံ ကျောက်စာတိုင် အမှတ် ( ၉ )ဖြစ်သော ပျူရုပ်များနှင့် စာအနည်းငယ်ပါသည့် ကျောက်ချပ်ကြီးရှိ စာများမှာမူ မှေးမှိန်ကုန်ကြပြီဖြစ်သော်လည်း ဖတ်ရှု၍ ရသမျှတွင် ခရစ်နှစ် ၉ –၁၀ ရာစုထက် နောက်ကျဟန်မတူကြောင်း ကျောက်စာဝန်ဟောင်းဦးမြ က ခန့်မှန်းသည်။ အထက်တွင် ဖော်ပြခဲ့သော ကျောက်စာအရေးအသားများအရ ဟန်လင်းတွင် ပျူယဉ် ကျေးမှုသည် ခရစ်နှစ် လေးရာစုမှ ကိုးရာစုတိုင်အောင် ထွန်းကားခဲ့ဟန်တူပေသည်။

ကျောက်စာအထောက်အထားများကလွဲလျှင် ဟန်လင်းတူးဖော်မှုများမှ ရရှိခဲ့သော အက္ခရာအရေး အသားပါရှိသည့် အိုးခြမ်းကွဲများ၊ အုတ်ခဲစာများ၊ တံဆိပ်ရာများအားဖြင့်လည်း ခုနှစ် သက္ကရာဇ်ကို ပိုင်းခြားလေ့လာနိုင်သေးသည်ဖြစ်ရာ ဤစာတန်းပါ မြေအိုးမြေခွက်များ ခေါင်းစဉ်အောက်၌ ဖော်ပြခဲ့သော " ကျ ဧ ဿ " ဟူသည့် အရေးအသားပါရှိသော အိုးခြမ်းကွဲငယ်ကို ဖတ်ရှုလေ့လာသောအခါ ယင်း အရေးအသားသည် ခရစ်နှစ် ၄–၅ ရာစုခေတ်က အရေးအသားဖြစ်ကြောင်း ကျောက်စာဝန်ဟောင်း ဦးမြနှင့် ပဏ္ဍိတ်ဦးဖေတို့က ခန့်မှန်းကြပါသည်။

၁၉၆၅–၆၆ ခုနှစ် ဟန်လင်းတူးဖော်မှု အမှတ် ( ၁၂ ) သင်္ချိုင်းဂူ၏ မြေလွှာ အမှတ် (၁ )မှ ရရှိ သော **ဒယာဒါနံ** ဟူသည့် အရေးအသားပါရှိသော ကျောက်တံဆိပ်ရာကလေးကိုလည်း ကျောက်စာဝန် ဟောင်း ဦးမြနှင့် ပဏ္ဍိတ်ဦးဖေတို့ကပင် ခန့်မှန်းပေးကြပါသည်။ *

တစ်ဖန် အမှတ် ( ၂ )ကုန်းဖြစ်သော နန်းတော်ရာတူးကွက်မှ ရရှိသည့် အုတ်ခဲပေါ်ရှိ ရ ကောက် အက္ခရာကို ခရစ်နှစ် ၄–၅ ရာစုအဖြစ်လည်းကောင်း ( ခတ်ပုံ ၁၉ ရှ )၊ အမှတ် ( ၁၁ )ကုန်း အရှေ့ မြို့ဝင်ပေါက်မှရရှိသော အိုးခြမ်းကွဲကလေး နှစ်ခုပေါ်ရှိ ဝ နှင့် ည အက္ခရာများကို ခရစ်နှစ် ၆ – ၈ ရာစုအဖြစ်လည်းကောင်း၊ အမှတ် ( ၂ )ကုန်း အုတ်ခဲပေါ်ရှိ သ အက္ခရာကို ခရစ်နှစ် ၉ –၁၀ ရာစု အဖြစ်လည်းကောင်း ကျောက်စာဝန်ဟောင်း ဦးမြနှင့် ပဏ္ဍိတ်ဦးဖေတို့ကပင် ခန့်မှန်းကြသည်။ ( ခတ်ပုံ ၁၉ ရှ )။

ဤတူးဖော်မှုများမှ အထောက်အထားများကို အထက်ပိုင်းမြေလွှာများမှ ရရှိခဲ့သည်သာများသဖြင့် ယင်းတို့အရ ဟန်ဟင်းယဉ်ကျေးမှုသည် လေးရာစုမတိုင်မီက စတင်ဟန်ရှိ၍ လေးရာစုမှ ကိုးရာစုထိအောင်

---

* Dani 228–9 ပါ ကမ္ဘောဒီးယားတောင်ပိုင်း Oc–Eo မြို့ဟောင်းက ဒယာဒါနံ စာတန်းပါ တံဆိပ်ရာများအားဖြင့် ခေတ်ပိုင်းခြားထားခြင်းနှင့်လည်း ကိုက်ညီလျက်ရှိပါသည်။

ဖွံ့ဖြိုးထွန်းကားခဲ့လိမ့်မည်ဟု ခန့်မှန်းရပေသည်။ ထို့ကြောင့် ဤခန့်မှန်းချက်သည် ကျောက်စာများအရ ခန့်မှန်းထားသည့် အချိန်ကာလနှင့်လည်း ကိုက်ညီလျက်ရှိပေသည်။ ဤအချက်ကို ပိုမိုရှင်းလင်းစေရန် အောက်ပါအထောက်အထားများကိုလည်း ထည့်သွင်းစဉ်းစားနိုင်ပေသေးသည်။

ဗိဿနိုးမြို့ဟောင်း တူးဖော်မှုမှရရှိခဲ့သော ရေဖြန်းအိုးလည်တံတစ်မျိုးကို *ဟန်လင်းမှလည်း ရရှိခဲ့သည်။ အိန္ဒိယပြည် ဒေလီမြို့၏ အရှေ့မြောက် မိုင် ၆၀ အကွာရှိ ဟသ္တိနာပူရမြို့ဟောင်း တူးဖော်မှုမှလည်း ရရှိခဲ့သည်။ ** ဟဿိနာပူရမှ ရေဖြန်းအိုးလည်တံသည် ဟဿိနာပူရယဉ်ကျေးမှု၏ စတုတ္ထခေတ်ပိုင်းအတွင်း ကျရောက်၍ ခရစ်မတိုင်မီ ၂ ရာစုမှ ခရစ်နှစ် ၃ ရာစု အကုန်အထိ ခန့်မှန်းထားသည်။ *** ဟန်လင်းအိုးခြမ်းကွဲများတွင် ခွေးသွားစိတ်ပြုလုပ်ထားသော ဘီးကိုအိုးပေါ်၌လှိမ့်ထားသဖြင့် ညီညာနေသော ချိုင့်ရာကလေးများသဏ္ဍာန်ရှိနေသည်ဟု ဤစာတန်း မြေအိုးမြေခွက်အခန်းတွင် ဖော်ပြထားခဲ့ပါသည်။ ဤအချယ်အလှယ်မျိုးကို ဗိဿနိုးမြို့ဟောင်း၌လည်း တွေ့ရ၍ အိန္ဒိယပြည်အရှေ့ဘက်ကမ်း ပွန်ဒီချယ်ရီမြို့အနီးရှိ အရိကမေဒုအရပ်ကို တူးဖော်ရာ၌အဓိကတွေ့ရှိရသည်။ ****အဆိုပါအချယ်အလှယ်မျိုးကိုအရိကမေဒု တူးဖော်မှုနေရာအနှံ့တွင် တွေ့ရခြင်းဖြစ်သည်။ အရိကမေဒု ယဉ်ကျေးမှုကို ခရစ်နှစ် ၂ ရာစုမှစတင်သည်ဟု ခန့်မှန်းထားပေသည်။***** အကယ်၍ အိန္ဒိယမှ အထက်ပါအိုးအင်နှင့် အချယ်အလှယ်များကို အတုယူရသည်ဆိုလျှင် အချိန်ကာလအားဖြင့် ဟန်လင်းမှ အိုးအင်အဆင်တန်ဆာများသည် အနည်းငယ် နောက်ကျမည်မှာ သေချာသည်။

အထက်ပါအချက်အလက်များကို ပေါင်းရုံးလိုက်လျှင် ဟန်လင်းယဉ်ကျေးမှု ထွန်းပေါ်စခေတ်ဦး၏ သက္ကရာဇ်အတိအကျကို လောလောဆယ်ခန့်မှန်းရန် မလွယ်ကူသော်လည်း ခရစ်နှစ် ၃ ရာစုသာသာလောက်မှစ၍ မြို့ပြတည်ထောင်ကာ အခြေတကျနေလာခဲ့ကြပြီး ခရစ်နှစ် ၄ ရာစုမှ ၉ ရာစု အကြားကာလတွင် ထွန်းကားစည်ပင်ခဲ့ဟန်တူသည်ဟု ခန့်မှန်းနိုင်သည်။ တစ်နည်းအားဖြင့် ဗိဿနိုးယဉ်ကျေးမှု ထွန်းကားစအချိန်က ဟန်လင်းယဉ်ကျေးမှု စတင်ပြီ၊ မစတင်ပြီကို မသိနိုင်သေးသော်လည်း ဗိဿနိုး မပျက်မီတွင် ဟန်လင်းယဉ်ကျေးမှု ထွန်းကားလာ၍ ဗိဿနိုးပျက်ပြီးသည့်နောက်တွင်လည်း ဟန်လင်းယဉ်ကျေးမှုသည် မပျက်သေးကြောင်း ခန့်မှန်းနိုင်သည်။ အထက်ပါခန့်မှန်းချက်များကို အတည်ပြုရန် သို့မဟုတ် ပြင်ဆင်နိုင်ရန်အတွက် ဟန်လင်းမှရရှိသော မီးသွေးများကို ရေဒီယိုကာဗွန် ခေတ်ခွဲလေ့လာနိုင်ရန် စီစဉ်လျက်ရှိသည်။

## " ဟန်လင်း ယဉ်ကျေးမှုကို သုံးသပ်ချက် "

ဟန်လင်းတွင် ပျူတို့သည် မည်သည့်အချိန်မှစတင်၍ နေထိုင်လာခဲ့ကြကြောင်း အတိအကျမသိရှိနိုင်ချေ။ သို့သော် ယင်းတို့သည် မြို့ပြတည်ထောင်မှုကို ခရစ်နှစ် ၄ ရာစုနှင့် ၉ ရာစုအကြားတွင် များစွာစည်ပင်ဖွံ့ဖြိုးခဲ့ကြဟန် တူပေသည်။ မြို့ရိုးများ တည်ဆောက်ခြင်း၊ မြို့ပေါက်ဖောက်လုပ်ခြင်း၊ လမ်းပန်း

---


* Aung Thaw ( *Ms* ), *op, eit.* fig. 66, type 44.

** Lal, fig. 20, XV. a,b.

*** *ibid,* 23.

**** Wheeler, pl, XXV, XXVI,

***** *ibid , 24 & 36.*



ဓာတ်ပုံ ၁၉။ ။ အမှတ် ( ၂ ) ကုန်း နန်းတော်ရာမှရသော ရ နှင့် သ အက္ခရာများပါသည့် အုတ်ခဲနှစ်ချပ်

အဆက်အသွယ် ဖောက်လုပ်အသုံးပြုခြင်း၊ လူနေနှင့် အခြားဓလေ့ထုံးတမ်း အဆောက်အအုံများကိုလည်း ကြီးမားသောအုတ်များကိုသုံး၍ ထုထည်ခိုင်ခံ့စွာ ဆောက်လုပ်ခဲ့ခြင်းတို့ ရှိကြ၏။ ယင်းတို့သည် ဗိသုကာ ပညာကိုလည်း ကောင်းစွာတတ်ကျွမ်းကြကြောင်း ယင်းတို့၏ ကြွင်းရစ်သမျှ အဆောက်အအုံများကို ထောက်ထား၍သိရှိရ၏။ အဆောက်အအုံများကို အလိုရှိရာ ပုံသဏ္ဌာန်ရရှိအောင် ဆောက်လုပ်နိုင်ရုံမျှမက အချို့ အဆောက်အအုံများကိုလည်း အတွင်း၌ သရွတ်ကိုင် မွမ်းမံအသုံးပြုခဲ့ဟန်တူသည်။

အသက်မွေးဝမ်းကျောင်းမှုနှင့်ပတ်သက်၍ ဟန်လင်းပျူလူမျိုးတို့သည် လယ်ယာထွန်ယက်၍ စပါး စိုက်ပျိုးသူများ၊ ဗိသုကာများ၊ ပန်းရံများ၊ ပန်းတဉ်းဆရာများ၊ လက်သမားများ၊ ကျောက်ဆစ်ဆရာများ၊ ပုတီးလက်ကောက် လုပ်တတ်သူများ၊ ရွှေငွေပန်းထိမ်ဆရာများ၊ အိုးထိန်းသည်များအပြင် စာပေတတ် ကျွမ်းသူများအဖြစ်လည်း အသက်မွေးခဲ့ဟန် ရှိသည်။ လူနေမှုတွင် မရှိမဖြစ်သော ရေ ရရှိရေးအတွက်လည်း တစ်ဖက်ဆည်ကန်ပြုလုပ်၍ ကောင်းစွာစီမံနိုင်ခဲ့ကြသည်။

မြို့ပြကာကွယ်ရေးတွင် ဓား၊ လှံ၊ လေး၊ မြားများကိုသာမက အဝေးပစ်သံတုံးများနှင့် ငြောင့်များကိုပါ သုံးတတ်ကြ၏။ မြို့ပြကာကွယ်ရေးတပ်များလည်း ရှိခဲ့ဟန်တူသည်။

လူတို့ သေလွန်သောအခါ များသောအားဖြင့် လူသေကို မီးရှို့၍၊ အရိုးနှင့်ပြာကို မြေအိုးအတွင်း မြေကြီးနှင့် ရောထည့်ကာ အထူးတလည် ရည်ရွယ်ဆောက်လုပ်ထားသော သင်္ချိုင်းဂူများ ပတ်လည်တွင် မြေဖို့မြှုပ်နှံထားတတ်ကြသည်။ တစ်ခါတစ်ရံ လူသေကို လူသေအလောင်းအတိုင်းလည်း မြှုပ်နှံကြ၏။ အရိုးအိုးများကို မြှုပ်နှံရာ၌ အရိုးအိုး ငါးလုံး ဆယ်လုံးရှမှသာ တစ်ကြိမ်တည်း စုပေါင်းမြှုပ်နှံတတ်ကြသည်။ ယဉ်ကျေးမှုရေးရာတွင်လည်းကောင်း၊ ဗိသုကာပညာ၌လည်းကောင်း၊ အိုးအင်ခွက်ယောက်နှင့်ပုတီးလည်ဆွဲ ပြုလုပ်မှု ဒင်္ဂါးဝိုင်းများပြုလုပ်မှုစသည့် အတတ်အညာရပ်များ၌လည်းကောင်း၊ အရိုးအိုးမြှုပ်နှံသည့် ဓလေ့၌ လည်းကောင်း ဟန်လင်းပျူတို့သည် ဗိဿနိုးပျူတို့နှင့် ရင်းနှီးစွာ အဆက်အသွယ်ရှိကြ၏။ ထို့ပြင် ဟန်လင်း

ပျူတို့သည် ဗိဿနိုးပျူတို့ထက် ချမ်းသာကြွယ်ဝကြသဖြင့် ရွှေငွေ ကျောက်ရိုင်း အဆင်တန်ဆာများကိုပါ ဝတ်စားဆင်ယင်နိုင်ခဲ့ကြသည်။ ချမ်းသာကြွယ်ဝကြသည့်အလျောက် အလှူအတန်းပေးကမ်းနိုင်ကြသဖြင့် ဒါယာဒါနံ ဟူသော ဘွဲ့အမည်အရည် ရရှိခဲ့ကြသူများလည်း ရှိခဲ့ကြဟန်တူသည်။ စာပေဗဟုသုတဖက်တွင်လည်း နှံ့စပ်ကြသူများရှိကြသဖြင့် " ကျွဲ ဖယ် " ဟူသောဘွဲ့အမည်ဖြင့် ထင်ရှားသူများ ရှိခဲ့ကြသည်။ စေတီပုံသဏ္ဌာန် အိုးအဖုံးတစ်ခုကို တွေ့ရသဖြင့်လည်းကောင်း၊ အမရာဝတီ နာဂဇုနကုဏ္ဍနှင့် ဗိဿနိုးမြို့ဟောင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံမျိုးကို သင်္ချိုင်းဂူများအဖြစ် တွေ့ရသဖြင့် လည်းကောင်း၊ သနားခြင်းကြောင့် သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲ လှူဒါန်းတတ်သူများ ရှိကြောင်းသိရသဖြင့်လည်းကောင်း ဟန်လင်း၌ ဗုဒ္ဓဘာသာထွန်းကားပြီဟု ဆိုနိုင်ပေသည်။ သို့ရာတွင် ဗုဒ္ဓမြတ်စွာ၏ရုပ်တု၊ ဆင်းတုတော်များ တူးဖော်ရရှိခြင်း မရှိသဖြင့် ထွန်းကားသောဗုဒ္ဓဘာသာသည် ရုပ်တုဆင်းတု ကိုးကွယ်သည့်ဘာသာ ဟုတ်ဟန်မတူချေ။ [ အမှတ် (၁၀) ကုန်း မြို့ပေါက်ရှိ ကျောက်ရုပ်မျက်နှာသည် ဗုဒ္ဓရုပ်ပွားတော်၏မျက်နှာဟု အတိအကျ မဆိုနိုင်ပေ။ ]။

ခရစ်နှစ် ရှစ်ရာစုနှင့် ကိုးရာစုကြားကာလတွင် ဟန်လင်းမြို့ဟောင်းသည် မီးလောင်၍ ရုတ်တရက်ပျက်စီးခဲ့ရဟန်တူ၏။ မီးလောင်ရသည့်အကြောင်းနှင့် ပတ်သက်၍ သမိုင်းထွက်စကားရပ်များက ပြာပူမိုးရွာခြင်းကြောင့်ဟုသာ ဆိုသည်။ ရန်သူတိုက်ခိုက်ခြင်းကြောင့်ဟု မဆိုချေ။ ပြင်ပမှ ရန်သူဝင်ရောက်ကြောင်းပြဆိုနိုင်သည့် ဟန်လင်းယဉ်ကျေးမှုနှင့်မတူသော ယဉ်ကျေးမှုလက္ခဏာ အသစ်အဆန်းများကိုလည်း မြေလွှာအထောက်အထားဖြင့် မတွေ့ရခြင်းကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းသည် ရန်သူတိုက်ခိုက်ခြင်းကြောင့်ဟု တထစ်ချမဆိုနိုင်ချေ။ မီးလောင်ပြီးသည့်နောက်တွင် အသစ်တစ်ဖန် ပြန်လည်ထူထောင်ခြင်း မရှိကြောင်း မြေလွှာအထောက်အထားများအရ သိရ၏။ မီးလောင်ကျွမ်းပင် လောင်ကျွမ်းငြားလည်း ယဉ်ကျေးမှုမှာ ရုတ်တရက်ဆိတ်သုဉ်းပျောက်ကွယ်သွားဟန် မရှိချေ။ ခရစ်နှစ် ၉ - ၁၀ ရာစုနှင့် ပုဂံခေတ် ဦးတိုင်အောင်ပင် ဟန်လင်း၌ ပျူတို့သည် နောက်တစ်ကြိမ် မြို့ကြီးပြကြီး ထူထောင်ခြင်း မပြုကြစေကာမူ ကျေးရွာများ၌ ဆက်လက်နေထိုင်ခဲ့ကြဟန် ရှိသည်။

ဤ ဖော်ပြပါအချက်တို့မှာ ၁၉၆၅ - ၆၆ ခုနှစ် စတုတ္ထအကြိမ် တူးဖော်စဉ်က ဆောင်ရွက်ချက်များ၊ တွေ့ရှိချက်များပင် ဖြစ်ပေသည်။ "

## ကျေးဇူးတင်ရှိခြင်း

ဤစာတမ်းအတွက် တူးဖော်မှုမှ စုဆောင်းရရှိခဲ့သော ကျောက်လက်နက်ပစ္စည်းများနှင့်ပတ်သက်၍ ကျောက်အမျိုးအမည် ခွဲခြားခြင်းဖြင့် ကူညီခဲ့သော ဒေါက်တာတီ၊ အီး၊ မောရစ် ( ယခင် မန္တလေးဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ ဘူမိဗေဒကထိက ) အားလည်းကောင်း၊ ဟန်လင်းပျူကျောက်စာများနှင့် အုတ်ခဲစာ၊ အိုးခြမ်းကွဲစာ၊ စာပါသောကျောက်တုံးတို့ကိုဖတ်ရှု၍ ခုနှစ်သက္ကရာဇ်ခွဲခြားပေးသော ကျောက်စာဝန်ဟောင်းဦးမြအားလည်းကောင်း၊ ဆွဲပုံများ၊ ဓာတ်ပုံများနှင့် အခြားအကူအညီများပေးခဲ့ကြသော မန္တလေးမြို့၊ ရှေးဟောင်းသုတေသနဌာနစုက လုပ်ဖော်ကိုင်ဖက် ရုံးအဖွဲ့ဝင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

## ကျမ်းကိုးစာရင်း

၁။ ကုလား၊ ဦး။ မဟာရာဇဝင်ကြီး၊ ပထမအုပ်။ [ မြန်မာနိုင်ငံ သုတေသနအသင်း ကျမ်းစဉ် (၅) ]၊ ရန်ကုန်မြို့၊ ၁၉၆၀။

၂။ ဖေမောင်တင်၊ ဒေါက်တာနှင့် ဒေါက်တာ ဂျေ၊ အက်စ်၊ ဖာနီဗဲလ်။ ဖျူ့ဒီပဥဆောင်းကျမ်း။ [ သုတေသနအသင်း စာစဉ်သစ် ( ၂ ) ]၊ ၁၉၆၀။

၃။ မြကေတု။ စာပေတန်ဆောင်၊ ရန်ကုန်။ ၁၉၆၇ " ဟန်လင်းမြို့ဟောင်းနှင့် ပျူသမိုင်း " စာမျက်နှာ ၂၆၉–၈၃၊ " ဟန်လင်းကြီးမြို့ သုတေသန " စာမျက်နှာ ၂၈၄–၉၅။

၄။ ဟန်လင်းကျောက်စာတိုက်၊ ကျောက်တိုင်နံပါတ် ၁၊ ၈၊ ၉၊ ၁၇။
ပုဏ်ဖြူတိုက် ကျောက်တိုင်နံပါတ် ၉၆၊ ပုံ ၂၇၁။

၅။ အောင်မြိုး၊ ဦး ( စည်သူကျော်ထင် )။ ဟန်လင်းသမိုင်းလင်္ကာ။ ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်၊ ၁၉၃၉။

၆။ အောင်သော်၊ ဦး။ " ပျူဒင်္ဂါးများ "၊ အမျိုးသားယဉ်ကျေးမှု စာစောင်။ ၁ (၁၉၆၂) ၁၀၅–၁၂။

၇။ အောင်သော်၊ ဦး။ " ဗိဿနိုးမြို့ဟောင်း "၊ တက္ကသိုလ်ပညာပဒေသာစာစောင်၊ ၁၊ ၂ (၁၉၆၆–ရ၊ ဇွန်လ ) ၂၅၃–၃၀၁။

၈။ ဟန်လင်းတူးဖော်မှုဆိုင်ရာ မှတ်စုစာအုပ်များ ( ဌာနတွင်းသုံးရန် )။

၉။ *Archaeological Survey, Burma, Annual Report for the Year 1904-05, 1914-15*

၁၀။ Aung Thaw, U. *Excavations at Beikthano. ( Ms ), Rangoon, 1966* ( in press ).

၁၁။ Dani, Dr.A.H. *Prehistory and Protohistory of Eastern India, Calcutta* 1960.

၁၂။ — — — *Indian Palaeography* , Oxford, 1963.

၁၃။ Lal, B.B. " Excvation at Hastinapura and Other Explorations, " *Ancient India, 10 & 11, ( 1954 & 1955 ).* 4 – 151.

၁၄။ Malleret, Louis. *L' Archaeologic du Delta du Mekong, La Culture du Fou-non.* Paris, Ecole Francaise D'Extreme- Orient, 1962, Texte et Planches.

၁၅။ Sankalia, *Dr.H.D. Indian Archaeology Today,* Bombay, Asia Publishing House, 1962.

၁၆။ Wheeler, R.E.M. " Arikamedu, " *Ancient India, 2,(1946),* 17-124.

၁၇။ Williamson, A. *Burma Gazetteer, Shwebo District, Vol. A.* Reprint. Rangoon, Gavernment Press, 1963.

# သရေခေတ္တရာ မြို့ဟောင်း

**ဦးစိန်မောင်ဦး**

**( ရှေးဟောင်းသုတေသနဝန်ထောက်၊ ရှေးဟောင်းသုတေသနဌာနခွဲ၊ ရန်ကုန် )**

## နိဒါန်း

" ပြည်မြို့၏အရှေ့ဘက် ငါးမိုင်ခန့်အကွာတွင် တည်ရှိသော သရေခေတ္တရာမြို့ဟောင်းသည် သာသနာတော်သက္ကရာဇ် ၁၀၁ ခုနှစ်တွင် ဂဝံပတေ့အရှင်သူမြတ် အမှူးပြု၍ ကြပ်မတ်တည်ထောင်ပြီးလျှင် ဒွတ္တပေါင်မင်းကြီး ရှေးဦးလက်မွန်စိုးစံသောမြို့ ဖြစ်ကြောင်း၊ ဒွတ္တပေါင်မင်းကြီးမှအစပြု၍ သရေခေတ္တရာပြည်ကြီး၌ မင်းစဉ်မင်းဆက် အုပ်စိုးလာခဲ့ကြရာ သက္ကရာဇ် တို ၁၆ – ၁ သုပညာနာဂရဆိန္ဓမင်း လက်ထက်၌ သရေခေတ္တရာပြည်ကြီး ပျက်စီးကြောင်း စသည်ဖြင့် မြန်မာ ရာဇဝင်ကျမ်းများ၌ ဖော်ပြပါရှိသည်ကို တွေ့ရပါသည်။ * ထို့အပြင် ကျန်စစ်သားမင်းကြီး လက်ထက် ( ခရစ်သက္ကရာဇ် ၁၀၈၄ – ၁၁၁၃ ) တွင် ရေးထိုးသော မွန် ကျောက်စာများ၌ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသော နှစ်တွင် ဗိဿနိုးရသေ့သည် ဂဝံပတေ့ ရဟန္တာ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ ကဋုကမ္မ နဂါးမင်းတို့နှင့်အတူ သရေခေတ္တရာမြို့ကို တည်ထောင် ဖန်ဆင်းလိမ့်မည်ဟု မြတ်စွာဘုရား ဗျာဒိတ်တော်ထားခဲ့ကြောင်း တွေ့မြင်ဖတ်ရှုရပါသည်။ ** ဤသို့ ရှေးသူဟောင်းတို့၏ မှတ်တမ်းတင်ချက်များကို ထောက်ချင့်လေ့လာလိုက်သောအခါ သရေခေတ္တရာမြို့ကြီးသည် အလွန်ရှေးကျသော မြို့တော်တစ်မြို့ ဖြစ်ကြောင်း၊ တစ်ခါက ကြီးကျယ် ခမ်းနားခဲ့ကြောင်း၊ မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်ရမြို့ ဖြစ်ကြောင်း စသည်တို့ကို ရှေးသူဟောင်းတို့ အစဉ်အဆက် စွဲစွဲမြဲမြဲ ယုံကြည်မှတ်သားခဲ့သည်ဟူသောအချက်သည် ထင်ရှားပေါ်လွင်လာပေသည်။

ရှေးသူဟောင်းတို့၏ ယုံကြည်ယူဆချက်နှင့် တစ်ပြေးညီစွာပင် သရေခေတ္တရာမြို့ကြီးသည် တစ်ချိန်က ကြီးကျယ်ခမ်းနားခဲ့သော ရှေးဟောင်းမြို့တော်တစ်မြို့ ဖြစ်ကြောင်းကို ယင်းမြို့ဟောင်းအတွင်း လှည့်ပတ်လေ့လာကြည့်လျှင် ယုံကြည်လက်ခံလာရန်ရှိပါသည်။ မြို့ဟောင်း၏ပတ်ဝန်းကျင်တွင်ရှိကြသော ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာအစရှိသည့် ရှေးဟောင်းစေတီကြီးများသည် မြို့၏ ရှေးကျဟောင်းမြင်းသော အဖြစ်ကို ပိုမိုလေးနက်ပေါ်လွင်စေပါသည်။

---

* မှန်နန်းရာဇဝင်တော်ကြီး ( ပထမအုပ် )၊ စာမျက်နှာ ၁၇၀၊ ၁၈၆ နှင့် ဦးကုလား ရာဇဝင်တော်ကြီး ( ပထမအုပ် )၊ စာမျက်နှာ ၁၁၆၊ ၁၃၆ တွင် ရှု။

** ပုဂံ ကျန်စစ်မင်းကြီး အဗ္ဗုလ္လဗ္ဗတ္တိ ကျောက်စာ၊ မြကာန် ကျောက်စာ၊ အလံပုဂံ ကျောက်စာ၊ ပြည်ရွှေဆံတော် ကျောက်စာ၊ သထုံကျိုက်တဲ ကျောက်စာ၊ ညောင်ဝိုင်းကျောက်စာတို့ရှု။

သရေခေတ္တရာမြို့ဟောင်းကို ရှေးဦးလက်မွန် ကွင်းဆင်းသုတေသနပြုခဲ့သူမှာ မြန်မာပြည်တွင် ပထမဦးဆုံး ရှေးဟောင်းသုတေသနတာဝန်ခံဖြစ်သူ **ဒေါက်တာအီးဖိုးချားမား**[၁] ပင် ဖြစ်ပေသည်။ ဤနယ်မြေ၌ ဦးဦးဖျားဖျား တူးဖော် သုတေသနပြုခဲ့သူကား ပြင်သစ်စစ်ဗိုလ်ချုပ် **လီယွန်ဒီဗဲလီယေ**[၂] ဖြစ်၏။ ခရစ်သက္ကရာဇ် ၁၉၀၇ ခုနှစ်တွင် ယင်းစစ်ဗိုလ်ချုပ်ကြီးသည် ကျောက်စာဝန် မစ္စတာတော်စိန်ခိုနှင့် တွဲဖက်၍ တူးဖော်ခဲ့လေသည်။ ထိုအချိန်မှစ၍ မစ္စတာတော်စိန်ခိုနှင့် **မွန်ဆီယာဒူရော်ဇယ်**[၃] ဦးလူဖေဝင်း စသူတို့သည် မြန်မာပြည်သို့ ဒုတိယကမ္ဘာစစ်မီး မကူးဆက်မီကာလတိုင်အောင် သရေခေတ္တရာမြို့ဟောင်းတွင် ကြိုးကြိုးကြားကြား တူးဖော်ခဲ့ကြလေသည်။ ယင်းသို့တူးဖော်၍ တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများကို အခြေခံကာ တိမ်မြုပ် ပျောက်ကွယ်နေသော ရှေးဟောင်းယဉ်ကျေးမှုကို အထိုက်အလျောက် ပြန်လည်ဖော်ထုတ်နိုင်ပေသည်။ သို့သော် ဤသရေခေတ္တရာနယ်မြေ၌ပင် သိပ္ပံနည်းကျသောစနစ်ဖြင့် တူးဖော်သုတေသနပြုရန် လိုအပ်လျက်ရှိသဖြင့် ရှေးဟောင်းသုတေသနဌာနခွဲသည် ၁၉၆၃ – ၆၄ ခုနှစ်မှစ၍ တစ်ဖန် ပြန်လည်တူးဖော်ခဲ့ပါသည်။ ယင်းတူးဖော်မှုလုပ်ငန်းကို ရှေးဟောင်းသုတေသနဌာနခွဲကပင် ဆက်လက်ဆောင်ရွက်လျက်ရှိပေသည်။

## သရေခေတ္တရာမြို့ခင်းမြို့ကွက်


သရေခေတ္တရာ မြို့ဟောင်းရာသည် ဘဲဥပုံလည်းမက စက်ဝန်းပုံလည်း မကျသော အဝန်းအဝိုင်းပုံ သဏ္ဌာန်ရှိ၏။ သရေခေတ္တရာမြို့ ဟောင်းကို ဝန်းခွေပတ်ရံနေသော မြို့ရိုးသည် အရှည် ၈ မိုင် ၅ဖာလုံခန့်ရှိ၍ ချုံနွယ်အတိ ဖုံးလွှမ်းကာ မောက်မောက်မို့မို့နှင့် ခင်တန်းအသွင်ဆောင်လျက် ရှိလေသည်။ ယင်းမြို့ရိုးကြီးသည် သဘာဝဒဏ်နှင့်တကွ လူတို့၏ဖျက်ဆီးမှုတို့ကို ခေတ်အဆက်ဆက် ခံစားလာခဲ့ရသော်လည်း ထုနှင့် ထည်နှင့် ကျန်ရှိပါသေးသည်။ ကျန်ရစ်သမျှ မြို့ရိုး၏ အချို့နေရာတို့တွင် အမြင့် ၁၅ ပေ ၄ လက်မခန့် အကျယ် ၁၇ ပေခန့် ရှိသည်ကို တွေ့ရသည်။

---

၁ Forchammer, Dr. E. ခရစ်သက္ကရာဇ် ၁၈၈၁ ခုနှစ်တွင် ရန်ကုန်ကောလိပ် ပါဠိပါမောက္ခနှင့် ရှေးဟောင်းသုတေသန အရာရှိအဖြစ် ပူးတွဲခန့်ထားခြင်းခံရသည်။ ဖိုးချားမား၏ သရေခေတ္တရာမြို့ဟောင်း အစီရင်ခံစာများကို ၁၈၈၂ – ၈၃ နှင့် ၁၈၈၃ – ၈၄ ခုနှစ် ဗြိတိသျှ –မြန်မာ အုပ်ချုပ်ရေး အစီရင်ခံစာများတွင် တွေ့နိုင်သည်။ ယင်းပုဂ္ဂိုလ်သည် ၁၈၉၀ ပြည့်နှစ်တွင် အနိစ္စရောက်သည်။

၂ de Beylic, Leon ခရစ်သက္ကရာဇ် ၁၉၀၇ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ ဧည့်သည်တော် ပြင်သစ်စစ်ဗိုလ်ချုပ်အဖြစ် မြန်မာနိုင်ငံသို့ ရောက်လာသည်။ မစ္စတာတော်စိန်ခိုနှင့်အတူ သရေခေတ္တရာမြို့ဟောင်း၌ ရှေးဟောင်း သုတေသနလုပ်ငန်းရပ်များကို ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က စကားပြန်အဖြစ် လိုက်ပါဆောင်ရွက်သူမှာ ရန်ကုန်ကောလိပ် ပါမောက္ခ မွန်ဆီယာချား ဒူးရော်ဇယ် ဖြစ်သည်။ ထိုပြင်သစ်စစ်ဗိုလ်ချုပ်၏ လေ့လာချက်မှတ်တမ်းများကို Prome et Samara နှင့် L'Architecture Hindoue en Extreme - Orient တို့တွင် လေ့လာနိုင်သည်။

၃ Duroiselle , Mons




ပုံ ၁၈ ။ သရေခေတ္တရာမြို့ဟောင်းပုံ

ဤမြို့ဟောင်း၏ အကျယ်အဝန်းသည် အကြမ်းအားဖြင့် စတုရန်း ၅ မိုင်ခွဲခန့် ရှိ၏။ အခြားသော ရှေးဟောင်း ပျူမြို့တော်ကြီးများ ဖြစ်ကြသော ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ ဟန်လင်းမြို့ဟောင်း၊ တောင်တွင်းကြီးမြို့နယ်ရှိ ဗိဿနိုးမြို့ဟောင်းတို့ထက် ပိုမို၍ မြို့ခင်းမြို့ကွက် ကျယ်ပြန့်ကြောင်း တွေ့ရသည်။* ယင်းသရေခေတ္တရာ မြို့ဟောင်းရာကို ထက်ခြမ်းပိုင်းခြားလိုက်သည့်အလား ရန်ကုန်ပြည် မီးရထားလမ်းကို အရှေ့မြောက်ထောင့်မှ အနောက်မြောက်ထောင့်သို့ ဖြတ်သန်းဖောက်လုပ်ထားသည်။ ထိုမီးရထားလမ်းကို နယ်နိမိတ်ပြု၍ တောင်ဘက်မြောက်ဘက် ခွဲခြားလေ့လာလျှင် မြောက်ဘက်အခြမ်းသည် မြေနိမ့်ပိုင်းဖြစ်၍ တောင်ဘက်အခြမ်းသည် မြေမြင့်ပိုင်းဖြစ်ကြောင်း တွေ့ရသည်။

မြို့ဟောင်းရာ၏ အရှေ့မြောက်ဘက်အခြမ်း သို့မဟုတ် မီးရထားလမ်း၏ မြောက်ဘက်အခြမ်းမြေသည် ဆန်စပါးစိုက်ပျိုးရန် ကောင်းမွန်သော နုန်းမြေဖြစ်သဖြင့် ဤဘက်ပိုင်းတွင် ရှုမျှော်၍မဆုံးသော လယ်ကွင်းများကို မြင်ရ၏။ ရှေးယခင်ကလည်း ဤဘက်ပိုင်းတွင်ပင် ဆန်စပါးစိုက်ပျိုးကြမည်ဟု ယုံကြည်ရပေသည်။ မီးရထားလမ်း၏ တောင်ဘက်အခြမ်း သို့မဟုတ် အနောက်တောင်ဘက်အခြမ်းသည် မြေမြင့်ပိုင်းဖြစ်၏။ မြေမှာလည်း ဂဝံကျောက်အမျိုးအစား ဖြစ်သည်။** မြေသည် တဖြည်းဖြည်းမြင့်တက်သွားပြီးလျှင် အနောက်တောင်ဘက်အခြမ်းသည် မြင်ဗာဟုတောင်တန်းများနှင့် ပြေပြေကလေးပေါင်းစပ်သွားသည်။

မြို့တောင်ဘက်ခြမ်းတွင် ပြဒ်းမ၊ အင် စသော သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိသော်လည်း ဤတောအတွင်း၌ပင် နန်းတော်ရာကိုလည်းကောင်း ရှေးဟောင်း အဆောက်အအုံများကိုလည်းကောင်း တွေ့မြင်နိုင်သည်။ နန်းတော်ရာဟု အစဉ်အလာ မှတ်သားလာခဲ့သော နေရာဟောင်းသည် အလျားပေ ၁၇၀၀ အနံ ၁၁၂၅ ပေ ရှိသည်။

သရေခေတ္တရာမြို့ဟောင်း၏ ပတ်ဝန်းကျင်တွင် လေးထောင့်ပုံသဏ္ဌာန် "ပျူတိုက်" ခေါ် ကုန်းဟောင်းများရှိ၏။ ယင်းပျူတိုက်များကို မြို့ဟောင်း၏ တောင်ဘက်အပိုင်းတွင် သုံးခု တွေ့မြင်နိုင်သည်။ မြို့ဟောင်း၏မြောက်ဘက် ဘုရားမာစေတီအနီး၌ ယင်းပျူတိုက်များကဲ့သို့ကြီးမားသော ကုန်းဟောင်းတစ်ခုရှိသေး၏။ တောင်ဘက်ပိုင်းတွင်ရှိသောပျူတိုက်များ၏မြောက်ဘက် မလှမ်းမကမ်း၌ ဗိဿနိုးမြို့ဟု အစဉ်အဆက် ခေါ်ဝေါ်လာခဲ့သော လေးထောင့်ပုံမြို့ရာကွက် တစ်ခုကိုလည်း တွေ့နိုင်သေးသည်။ ထို့အပြင် ကျောက်အိုးကြီးခြောက်လုံးကို မြှုပ်နှံထားရာ ဗိဿနိုးမိဖုရားသင်္ချိုင်းနှင့် အလားတူ မြို့လေးတောအနီး သင်္ချိုင်းတို့ကိုလည်း လေ့လာနိုင်ပါသေးသည်။

သရေခေတ္တရာမြို့ရိုးကြီးသည် ထုထည်အားဖြင့် ကြီးမားကြံ့ခိုင်၏။ မြို့အတွင်း၌ပင် ဆန်စပါးစိုက်ပျိုးနိုင်သောမြေယာများ ပါရှိသဖြင့် ပြင်ပကရန်သူတို့၏ ရက်လရှည်ကြာစွာ ဝန်းရံလုပ်ကြံခြင်းကို ကြံ့ကြံ့ခံနိုင်သော အခြေအနေလည်းရှိ၏။ သို့သော် ပျူတို့သည် မြို့ရိုးအချို့ မျက်နှာဘက်တွင် နှစ်ထပ်သုံးထပ်စသည်ဖြင့် ကာရံထားသည်ကိုလည်းတွေ့ရသေးသည်။ တောင်ဘက်နှင့်အနောက်ဘက်မျက်နှာတို့တွင်မြို့ရိုးနှစ်ထပ်တွေ့ရ၏။ အရှေ့တောင်ဘက်တွင်ကား မြို့ရိုးသုံးထပ်ပင် စီမံပြုလုပ်ထားသည်ကိုတွေ့ရ၏။ ယင်းသို့ စီမံထားခြင်းကိုထောက်၍ သရေခေတ္တရာပြည်သား ပျူတို့သည် ပြင်ပရန်သူများကို ကြံ့ကြံ့ခံနိုင်ရည်ရှိစေရန် အမြဲတစေ အဆင်သင့်ဖြစ်နေကြောင်း ရိပ်စားမိနိုင်ပါသည်။

---

* ဟန်လင်းမြို့ဟောင်း၏ အကျယ်အဝန်းသည် ဧရိယာစတုရန်းမိုင် ၁.၈၅ ခန့်ရှိ၍ ဗိဿနိုးမြို့ဟောင်း၏ အကျယ်အဝန်းမှာ ဧရိယာစတုရန်းမိုင် ၃.၃ ခန့်ရှိ၏။

** Thin Kyi ( 1959 ).

ရှေးဟောင်းမြန်မာရာဇဝင်များတွင် သရေခေတ္တရာမြို့ကြီး၌ တံခါးကြီး ၃၂၊ တံခါးငယ် ၃၃ ခုရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။ * သို့သော် ယခုအခါတွင်ကား တံခါးပေါက်အားလုံးကို ရှာဖွေဖော်ထုတ်ရန် မလွယ်ကူတော့ပေ။ ကွင်းဆင်းလေ့လာမှုအရ သရေခေတ္တရာမြို့ရိုးကြီး၏ တံခါးပေါက်များဟု ခိုင်ခိုင်မာမာ ပြောဆိုနိုင်သော တံခါးပေါက်များမှာ နတ်ပေါက်၊ နဂါးတွန့်ပေါက်၊ ရွှေတံခါးပေါက်၊ မုတ်ရှည်ပေါက်၊ ရဟန္တာပေါက်၊ ဘီလူးမပေါက်၊ သာယာဝတီပေါက်၊ မုဒ္ဒောပေါက်၊ တွင်းပြဲပေါက် စသည်တို့ ဖြစ်ကြသည်။ ကျန်ဝင်ပေါက်များမှာ အနည်းနှင့်အများ ပျက်စီးမျိုယွင်းနေပြီဖြစ်သဖြင့် တံခါးပေါက်များဟူ၍ သေချာတပ်အပ် မပြောဆိုနိုင်တော့ပေ။ အရပ်လေးမျက်နှာရှိသည့်အနက် မြောက်ဘက်မျက်နှာတွင် နတ်ပေါက် နဂါးတွန့်ပေါက်တို့ကိုတွေ့ရသည်။ အနောက်ဘက်မျက်နှာတွင် ရွှေတံခါးပေါက်၊ မုတ်ရှည်ပေါက်တို့ကို တွေ့နိုင်သည်။ တောင်ဘက်မျက်နှာတွင် ရဟန္တာပေါက်၊ ဘီလူးမပေါက်၊ သာယာဝတီပေါက်တို့ကို တွေ့ရသည်။ အရှေ့ဘက်မျက်နှာတွင် မုဒ္ဒောပေါက်၊ တွင်းပြဲပေါက်တို့ကို တွေ့ရသည်။

ယင်းမြို့ဝင်ပေါက်များအနက် အနောက်ဘက်မျက်နှာတွင်ရှိသော ရွှေတံခါးမြို့ပေါက်ကို ရှေးဟောင်းသုတေသနဌာနခွဲက ထူးဖော်သုတေသနပြုလုပ်ပြီး ဖြစ်သည်။ ရွှေတံခါးမြို့ရိုးဝင်ပေါက်သည် မြို့ရိုးနှင့် တစ်ဆက်တည်းဖြစ်သော လက်တံနှစ်ခုကို အတွင်းဘက်ပိုင်းသို့ တန်တောင်ဆစ်ချိုးမဟုတ်ပဲ ခပ်ဝိုက်ဝိုက်ကွေးထားသော မြို့ဝင်ပေါက်ပုံစံမျိုးဖြစ်သည်။ ဤကဲ့သို့ မြို့ရိုးလက်တံနှစ်ခုကို အတွင်းဘက်သို့ ခပ်ဝိုက်ဝိုက်ကွေးဝင်လာစေပြီးလျှင် အတွင်းဘက်သို့ ရောက်သောအခါ လက်တံနှစ်ခုကိုယှဉ်လျက် တည်ဆောက်ထားသဖြင့် မြို့ဝင်ပေါက်သည် ထိပ်ဝတွင်ကျယ်၍ အတွင်းဘက်သို့ကျဉ်းမြောင်းသွားသည်ကို တွေ့ရသည်။ မြို့ရိုးလက်တံနှစ်ခုအနက် တောင်ဘက်မြို့ရိုး၏ ကြွင်းကျန်ရစ်သမျှသော လက်တံသည် ၂၂၅ ပေ ရှည်လျား၏။ မြောက်ဘက်လက်တံမှာ ၁၁၃ ပေခန့်သာ ရှည်လျားတော့သည်။ မြို့ရိုးလက်တံ၏ အကျယ်မှာ တစ်နေရာနှင့်တစ်နေရာ မတူညီကြပေ။ အသိမ်ဆုံးနေရာတွင် ၁၀ ပေ ၃ လက်မရှိ၍ အကျယ်ဆုံးနေရာတွင် ၁၅ ပေခွဲရှိသည်။ မြို့ဝင်ပေါက်သည် ထိပ်ဝတွင်ကျယ်သော်လည်း အတွင်းဘက်သို့ တဖြည်းဖြည်း ကျဉ်းမြောင်းသွားသဖြင့် လက်တံနှစ်ခုအကြားရှိ အကျယ်မှာ ၁၇ ပေမျှသာကျယ်တော့ကြောင်း တွေ့ရသည်။

ဤမြို့ဝင်ပေါက်ကို တူးဖော်ရာတွင် မြို့အဝင်ဝ၌ လက်ဝဲဘက် မြို့ရိုးလက်တံနှင့် ကပ်လျက် ကျောက်စာတိုင်တစ်တိုင်ကို တွေ့ရ၏။ ယင်းကျောက်စာတိုင်သည် သဲကျောက် အမျိုးအစားဖြစ်၍ အရွယ်မှာ အမြင့် ၄၅ လက်မ၊ အကျယ် လက်မ ၃၀၊ အထူ ၃ လက်မမှ လက်မ ၂၀ အထိရှိသည်။ ယင်းကျောက်စာတိုင်သည် မူလနေရာ မပျက်ရှိသေးသည် ဟု ယုံကြည်ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုကျောက်စာတိုင်ကို စိုက်ထူရာတွင် အောက်ခြေ၌ အလွန်စေးထန်းသော အဝါရောင်မြေသားနှင့် ကျောက်စရစ်များကို ရောကာ အခိုင်အမာပြုလုပ်ထားသည်ကို တွေ့ရသည့်အပြင် ကျောက်စာတိုင်၏အောက်တည့်တည့်တွင် ရွှေပြားဝိုင်းငယ်များ ခံထားသည်ကိုလည်း တွေ့ရသောကြောင့်ပင် ဖြစ်သည်။

လက်ရှိတွေ့မြင်ရသော အခြေအနေအရ ယင်းကျောက်စာတွင် စာကြောင်းရေ ၂၉ ကြောင်း ပါဝင်၏။ ကျောက်စာတိုင်သည် မီးသင့်လောင်ခြင်းခံရသောကြောင့်စာသားများပျက်စီးသွားသည့်ပြင်အလယ်မှလည်း ကျောက်သားများအဖတ်လိုက်ကွာကျကုန်သဖြင့် လက်ယာဘက်အောက်ခြေရှိစာလုံးအချို့ ကိုသာ ဖတ်ရှုနိုင်ပါသည်။ ဖတ်ရှုရသမျှမှာ မောရသုတ်နှင့် မင်္ဂလသုတ်ပါဠိဂါထာများဖြစ်သည်ကို တွေ့ရသည်။ အက္ခရာမှာ

---

* မှန်နန်းရာဇဝင်တော်ကြီး၊ စာမျက်နှာ ၁၇၀။

အိန္ဒိယပြည်တောင်ပိုင်းအက္ခရာဖြစ်၍ ခေတ်အားဖြင့် ခရစ်သက္ကရာဇ် ၆-ရာစုနှစ် အရေးအသားဟု ခန့်မှန်းရပါသည်။ ထို့အပြင် ကျောက်ချပ် မပျက်စီးမီက ပရိတ်ကြီးပါဠိတော်က အနည်းဆုံး သုတ်စဉ် ငါးခုခန့် ရေးထိုးတန်ရာသည်ဟုလည်း တွေးဆရပါသည်။

အလားတူပင် ပေါင်းတမော့အုပ်စု ကုန်းရိုးရွာအနီး တွင်းပြဲမြို့ဝင်ပေါက်မှလည်း အိန္ဒိယပြည်တောင်ပိုင်း ရှေးအရေးအသားဖြင့် ရတနာသုတ်တော်ကို ရေးထိုးထားသော ကျောက်စာတိုင် အကျိုးတစ်တိုင်ကို ရရှိဖူးပါသည်။ ထို့အပြင် နဂါးတွန့်မြို့ပေါက် အနီးမှလည်း စာလုံးဝပျက်စီးနေပြီဖြစ်သော ကျောက်စာတိုင် တစ်တိုင်ကို တူးဖော်ရရှိဖူးသည်။ ဤအချက်များကို ပေါင်းစုဆင်ခြင်ခြင်းအားဖြင့် သရေခေတ္တရာမြို့ ထွန်းကားစဉ် အခါက မြို့ဝင်ပေါက်တိုင်းတွင် ကျောက်စာတိုင်တစ်တိုင်စီ စိုက်ထူထားသည်ဟု ယုံကြည်ရပါသည်။

ဤမြို့ဝင်ပေါက်ကိုတူးဖော်ရာတွင် သံမယ်နကြီး ခုနှစ်ချောင်းကို မြို့ရိုးအုတ်နံရံ၏ အပြင်ဘက်အောက်ခြေ၌ ကပ်လျက် စိုက်ထူထားသည်ကို တွေ့ရသည်။ ထို့အပြင် သံမယ်နတစ်ချောင်းသည် တောင်ထက်မြို့ရိုးနံရံပေါ်၌ထူးထူးခြားခြား စိုက်လျက်ရှိသည်ကိုလည်း တွေ့ရသေးသည်။ ယင်းသို့မြို့ရိုး၏အပြင်ဘက် ပတ်ပတ်လည်တွင် သံမယ်နကြီးများ စိုက်ထားသောအလေ့အလာကို ပရိတ်ကြီးပါဠိတော်များကို ကျောက်စာတိုင်များပေါ်တွင်ရေးထိုးကာ မြို့ဝင်ပေါက်များ၌ စိုက်ထူသော အလေ့အထနှင့်ဆက်နွှယ်ကာ စဉ်းစားဆင်ခြင်ရန်လိုပါသည်။ ပရိတ်ကြီးပါဠိတော်များကို ကျောက်စာတိုင်များပေါ်တွင် ရေးထိုးကာ မြို့ဝင်ပေါက်များ၌ စိုက်ထူသောအလေ့အထသည် ဘေးဆီးရန်ကာအဖြစ် ရည်ရွယ်သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ သရေခေတ္တရာနယ်မြေတစ်ဝိုက်တွင် တူးဖော်ရာ၌ သံချွန်၊ သံချိတ်၊ ဓားစသော သံလက်နက်များကို၊ အရိုးအိုးများအတွင်းတွင်လည်းကောင်း၊ အရိုးအိုးများအနီးမှလည်းကောင်း မကြာမကြာတွေ့ရတတ်သည်။ ၁၉၂၃ ခုနှစ်တွင် ဘောဘောကြီးစေတီအနီး၌ တူးဖော်ရာ သံပြားတစ်ပြားတွင် အရွယ်အစားစားရှိသော သံချောင်းများကိုထိုးဖောက်ထားသည့် ထူးထူးဆန်းဆန်းပစ္စည်းတစ်ခုကို ရရှိဖူးသည်။ ယင်းသံချောင်းများသည် ၇ လက်မမှ ၁၁ လက်မခွဲအထိ ရှည်လျားသည်။ အရှည်ဆုံးအကြီးဆုံးသံချောင်းကို ဗဟိုချက်တွင် ထိုးစိုက်ထား၏။ ထိုပစ္စည်းနှင့်အတူ သံမယ်နများ၊ သံချိတ်များ စသည်တို့ကိုလည်းတွေ့ရသည်။* ဤကဲ့သို့ သံလက်နက်များကို အရိုးအိုးများနှင့်အတူ မြှုပ်နှံခြင်းသည် သရေခေတ္တရာပျူတို့၏ ထုံးစံဖြစ်ပါသည်။ ဤအလေ့အထနှင့်ပတ်သက်၍ သံ သတ္တုသည် မကောင်းဆိုးဝါးများကို ကာကွယ်နိုင်သည်ဟု ပျူတို့ ယူဆဟန်တူသည်ဟု ကွယ်လွန်သူ ကျောက်စာဝန် မွန်ဆီယာဒူရော်ဇယ်က ယူဆလေသည်။ ထိုကျောက်စာဝန် ကပင် ယခုခေတ်၌လည်း ထိုအ ယူအဆသည် ကျေးလက်ဒေသများတွင် ပျံ့နှံ့လျက်ရှိသေးရာ အကာလညအချိန်များတွင် တောတွင်းသို့သွားရလျှင် သံဖြင့်ပြုလုပ်ထားသော လက်နက်များမပါက သွားလေ့မရှိကြဟု အကြောင်းပြထားလေသည်။ ** ဤအကြောင်းပြချက်သည် ဆီလျော်သောအကြောင်းပြချက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျေးလက်တောရွာများ၌ ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် နေဝင်ဖျိုးဖျအချိန်တွင် အပြင်သို့သွားသောအခါ မကောင်းဆိုးဝါးမကပ်ငြိစေရန် ဩဇာရွက်များကိုခေါင်းတွင်ထိုးခြင်း သံဖြင့်ပြုလုပ်ထားသော အပ်များကို ခေါင်းတွင်ထိုးခြင်း စသည်ဖြင့် "စတိ" ပြုလုပ်လေ့ရှိသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် မြို့ရိုးပတ်လည်တွင် သံမယ်နကြီးများကို ရိုက်စွဲထားခြင်းသည် ပြင်ပမှ မကောင်းဆိုးဝါးများ မဝင်ရောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရိုက်စွဲထားသည်ဟု ယုံကြည်ရပါသည်။

---

* A S I ( 1923-24 ), p. 83, Pl. XXXII a & b.

** A S B ( 1937-38 ), p 9.

တူးဖော်ထားရှိသော သရေခေတ္တရာ မြို့ဟောင်း ရွှေတံခါးမြို့ပေါက်၏ အနေအထား ပုံစံကို လေ့လာကြည့်လျှင် အခြားရှေးဟောင်းပျူမြို့တော်များဖြစ်သော ဟန်လင်း၊ ဗိဿနိုးမြို့များ၏ မြို့ဝင်ပေါက် အနေအထား ပုံစံများနှင့် တထေဝနီးပါး တူညီကြောင်း တွေ့ရသည်။* ဤကဲ့သို့ တထေဝနီးပါး တူညီကြောင်း တွေ့ရသဖြင့် သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသော မြို့သုံးမြို့သည် တသီးတခြားစီ ကင်းကင်းလွတ်လွတ် တည်ရှိခဲ့ကြသော်လည်း ဗိသုကာပညာရပ်အားဖြင့်ကား ဆက်သွယ်နီးနွယ်နေသည်ဟု ဆိုနိုင်ပေသည်။

## ရှေးဟောင်းအဆောက်အအုံများ


သရေခေတ္တရာ၌ တွေ့မြင်လေ့လာရသော ရှေးဟောင်းအဆောက်အအုံများတွင် မြေပေါ်ရှိ အဆောက်အအုံများ သာမက မြေအောက်မှ ဖော်ထုတ်ထားသော အဆောက်အအုံများလည်း ပါဝင်သည်။ သရေခေတ္တရာမြို့ဟောင်း၌ ဗုဒ္ဓသာသနာသက်သက်သာ ထွန်းကားခဲ့သည် မဟုတ်သောကြောင့် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော သာသနိက အဆောက်အအုံများသာ တွေ့ရမည်ဟု မမျှော်လင့်နိုင်ချေ။ ခရစ်သက္ကရာဇ် ၁၉၂၆-၂၇ ခုနှစ်အတွင်း ကုလားကန်ရွာအနီးတွင်ရှိသော ကုန်းတစ်ကုန်းကို တူးဖော်ရာတွင် ဟိန္ဒူဘာသာနှင့်သက်ဆိုင်သော အဆောက်အအုံငယ်တစ်ဆောင်ကိုတွေ့ရသည်။** သို့သော် ယင်းအဆောက်အအုံသည် ရာသီဥတု၏ဒဏ်ကို အဖန်ဖန်အလီလီခံစားခဲ့ရသဖြင့် ယခုအခါတွင် အဆောက်အအုံသဏ္ဌာန် ပီပီသသ ထင်ထင်ရှားရှား မတွေ့ရတော့ပေ။ ထို့ကြောင့် လက်ရှိတွေ့မြင်လေ့လာရသော ရှေးဟောင်းအဆောက်အအုံများသည် ဗုဒ္ဓဘာသာနှင့် သက်ဆိုင်သော သာသနိက အဆောက်အအုံများချည်း ဖြစ်ကြသည်ဟု ဆိုနိုင်ပေသည်။ ထိုရှေးဟောင်းအဆောက်အအုံများကို ( ၁ ) ထူပ ခေါ် စေတီလုံးနှင့် ( ၂ ) ဂူဘုရား ဟူ၍ နှစ်မျိုးနှစ်စားခွဲခြားနိုင်သည်။ ပထမအမျိုးအစားတွင် ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ စသည်တို့ ပါဝင်၏။ အရှေ့ဇျေးဂူ၊ ဘဲဘဲ၊ လေးမျက်နှာစသော ရှေးဟောင်းအဆောက်အအုံများကိုမူ ဒုတိယစာရင်းတွင် ထည့်သွင်းနိုင်သည်။ သို့သော် မြင်ဗာဟု၊ စက်တိုင်စသော စေတီလုံးများကိုမူကား ခေတ်လက်ရာများ ဖုံးလွှမ်းလျက်ရှိသဖြင့် ချန်လှပ်ထားခဲ့ပါသည်။

ထူပခေါ်စေတီလုံး အမျိုးအစားတွင်ပါဝင်သော ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာတို့သည် အုတ်ဖြင့်တစ်ခဲနက်တည်ဆောက်ထားသော ရှေးဟောင်းအဆောက်အအုံကြီးများဖြစ်ကြသည်။ ထိုစေတီလုံးသုံးဆူအနက် ဘောဘောကြီးစေတီသည် ရှေးအကျဆုံးဖြစ်၏။ ယင်းစေတီသည် ပစ္စယာ ငါးဆင့်ပေါ်တွင် ပြောင်းတိုင်သဖွယ် ဝိုင်းဝိုင်းမတ်မတ်တည်ရှိပြီးလျှင် စေတီထိပ်ပိုင်းအခုံးပေါ်တွင် ထီးတော်တင်ထား၏။ ယခုအချိန်တွင် ယင်းစေတီကြီးကို လေ့လာလျှင် ပစ္စယာငါးဆင့်အစား သုံးဆင့်ကိုသာ တွေ့နိုင်တော့သည်။ ယင်းစေတီ၏ဉာဏ်တော်အမြင့်သည် ၁၅၃ ပေဖြစ်သည်။*** ဤစေတီကိုလေ့လာလျှင် မျက်မှောက်ခေတ် စေတီလုံးများမှာကဲ့သို့ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာမှောက်၊ ကြာလန်၊ ရွှဲစသော အနုစိတ်မွမ်းမံမှုများ မရှိသေးကြောင်း တွေ့နိုင်သည်။ ဤစေတီသည် အိန္ဒိယနိုင်ငံ ဆာရ်နတ်အရပ်ရှိ ဓမ္မိက်စေတီနှင့် ပုံစံ

* A S I ( 1926-27 )

** A S I ( 1926-27 )

*** ibid ( 1909-10 ) p.115



ဓာတ်ပုံ ၁။ ။ ခင်ဘကုန်းမှရသော ဌာပနာတိုက်ဖုံးကျောက်ချပ်။



ဓာတ်ပုံ ၂။ ။ ဘောဘောကြီး စေတီ။

ချင်းဆင်တူကြောင်းလည်း တွေ့ရပေသေးသည်။ ခရစ်သက္ကရာဇ် ၁၉၀၉–၁၀ ခုနှစ်အတွင်း သရေခေတ္တရာမြို့ဟောင်းတွင် ရှာဖွေတွေ့ရှိရသော ကျောက်သလင်း စေတီငယ် တစ်ဆူသည် ဘောဘောကြီးစေတီပုံစံမျိုး ဖြစ်သည်ဟု သိရပါသည်။* ထို့အပြင် သရေခေတ္တရာမြို့ဟောင်းမှ ရရှိသော အချို့ အုတ်ခွက်တို့တွင် ဘောဘောကြီးစေတီနှင့် ပုံစံချင်းဆင်သော စေတီများ ပုံနှိပ်ထားသည်ကိုလည်း တွေ့ရသည်။+ ပုဂံမြို့ရှိ ငကျွဲနားတောင်းစေတီ လက်ရှိပုံစံသည် ဘောဘောကြီးစေတီနှင့် ဆင်သည်။

ဘုရားကြီးစေတီနှင့် ဘုရားမာစေတီတို့သည်လည်း ဘောဘောကြီးစေတီကဲ့သို့ပင် ပစ္စယာနိမ့်နိမ့်ပေါ်၌ စေတီလုံးပေါက်ကာ ထိပ်တွင်ထီးတော်တင်ထားသော အဆောက်အအုံများပင် ဖြစ်ကြသည်။ သို့သော် ဘောဘောကြီးစေတီနှင့် မတူသော ကွဲပြားချက်တစ်ခုမှာ ဘောဘောကြီး စေတီတော်သည် ပြောင်းတိုင်သဖွယ် ဖြောင့်ဖြောင့်မတ်မတ် ရှိသော်လည်း ဘုရားကြီး၊ ဘုရားမာစေတီတို့မှာ ငှက်ပျောဖူးသဖွယ် တဖြည်းဖြည်းချွန်တက်သွားခြင်းပင် ဖြစ်သည်။ ဘောဘောကြီးစေတီသည် ပုံစံအားဖြင့် အိန္ဒိယနိုင်ငံရှိစေတီများနှင့် နီးစပ်သည်ဟု ဆိုနိုင်သည်။ ဘုရားကြီးနှင့် ဘုရားမာစေတီတို့ကိုမူကား ယခုခေတ် မြန်မာစေတီတော်များနှင့် ပြည့်ပြည့်ဝဝ မတူသေးသော်လည်း မြန်မာ့မူဟန်အတွက် မာန်ချီ အားယူနေသော ပုံစံဟု ဆိုနိုင်ပါသည်။

မြန်မာပြည်တွင် တွေ့ရှိရသမျှအနက် ရှေးအကျဆုံးစေတီပုံစံမှာ ခရစ်သက္ကရာဇ် ၁၉၂၆–၂၇ ခုနှစ်တွင် ဦးဘခင်ကုန်းမှ တူးဖော်တွေ့ရှိသော ဌာပနာတိုက်ဖုံး ကျောက်ပြားကြီးများပေါ်တွင် အကြွဖော်ထားသော ပုံစံဖြစ်၏။ ယင်းဌာပနာတိုက်ဖုံး ကျောက်ပြားမျိုးနှစ်ချပ် တူးဖော်တွေ့ရှိခဲ့သည်။ ထိုကျောက်ချပ်များပေါ်ရှိ စေတီပုံစံသည် မှောက်ထားသောပေါင်းချောင်သဏ္ဍာန်ရှိပြီးလျှင် ပေါင်းချောင်အပေါ်တွင် ဟာမိကခေါ် ဓာတ်တော်တိုက်အထက်၌ ဆတ္တာဝလီခေါ် အရွက်အဆင့်ဆင့်ရှိသည့် ထီးတော်ကို စိုက်ထူထားသည်။ ကျောက်ပြားနှစ်ချပ်အနက် တစ်ချပ်ပေါ်တွင် တွေ့မြင်ရသော ဆတ္တာဝလီ၌ ထီးရွက်ငါးဆင့်ရှိသည်။ ကျန်ကျောက်ပြားတွင် တွေ့ရသည့် ဆတ္တာဝလီတွင်မူ ထီးရွက်နှစ်ဆင့်သာရှိသည်။ ယင်းစေတီတော်များတွင်မုတ်ငါးမုတ်ပါရှိသည်။ ထိုငါးမုတ်အတွင်း၌ ဗျာနမုဒြာဟန်ဖြင့် စံပယ်နေသော မြတ်စွာဘုရား တစ်ဆူစီကို ဖူးတွေ့နိုင်သည်။** ယင်းကျောက်ချပ်ရှိ စေတီတော်ပုံစံသည် အိန္ဒိယပြည်ရှိ အသောကမင်းတရားကြီး၏ ကုသိုလ်တော်ဆံချီစေတီတော်ပုံစံမှ ပြောင်းလဲရွေ့လျောလာသည်မှာ ယုံမှားဖွယ်မရှိပါ။ အလားတူပင် ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာတို့၏ ပုံစံသည်လည်း အထက်ပါကျောက်ချပ်ရှိ စေတီပုံစံမှ ရွေ့လျောပြောင်းလဲကြောင်းကို သံသယကင်းရှင်းစွာ ယုံကြည်နိုင်ပါသည်။


ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ စသောစေတီများသည် သရေခေတ္တရာမြို့ရိုး၏ အပြင်ဘက်၌ တည်ရှိကြသော အဆောက်အအုံများချည်းပင်ဖြစ်၏။ သရေခေတ္တရာမြို့ဟောင်းအတွင်း၌မူကား ဆိုခဲ့ပြီးသော စေတီကြီးများကဲ့သို့ ထုနှင့်ထည်နှင့်ရှိသော ရှေးဟောင်းစေတီလုံးများကို မတွေ့ရပေ။ အတွင်းမုဒြောဟုတွင်သော ရှေးဟောင်းစေတီတစ်ဆူသည် တစ်ခေတ်က အတော်အသင့်ကြီးမားသော စေတီတော်

---

* ibid, p. 123.

\+ မြ ( ၁၉၆၀ )၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၀ နှင့် ပုံ ၂၇။

** A S I ( 1926-27 ), p, 174, pl, XXXVII d.



ဓာတ်ပုံ ၃။ ။ ဘုရားကြီးစေတီ။



ဓာတ်ပုံ ၄။ ။ လေးမျက်နှာဂူဘုရား။

တစ်ဆူ ဖြစ်ခဲ့သည်ဟူသော ကြွင်းကျန်ရစ်သော အပျက်အစီးအုတ်ကုန်းကို ထောက်၍ မှန်းဆရပါသည်။ ခရစ်သက္ကရာဇ် ၁၉၀၉-၁၀ ခုနှစ်တွင် ယင်းစေတီအပျက်အစီးအတွင်းမှ ဘီလူးရုပ် အကြွဖော်ထားသော ကျောက်ပြားတစ်ချပ်ကို ရခဲ့ဖူးသည်။ *

သရေခေတ္တရာရှိ စေတီလုံးများအနက် ဘုရားကြီး၊ ဘုရားမာ၊ ဘောဘောကြီးစသောစေတီကြီးတို့ ကဲ့သို့ ထုထည်ကြီးမားသော စေတီမျိုးမဟုတ်ပဲ အငယ်စားဖြစ်သော စေတီတစ်ဆူကို ဆူးပုတ်ကုန်းခေါ် အရပ်၌ တွေ့မြင်လေ့လာနိုင်ပါသည်။ မူလက ထိုစေတီကို အပေါ်ကထပ်၍ စေတီတစ်ဆူဖြင့် ငုံထားခဲ့သော်လည်း အပြင်စေတီမှာ လုံးဝပျက်စီးသွားပြီးဖြစ်ပါသည်။ အဆိုပါစေတီသည် သေးငယ်သေးသော်လည်း ပျူတို့၏ စိတ်ကူးစိတ်သန်း အမွမ်းအမံကို ဤစေတီ၌ လေ့လာနိုင်သည်။ ယင်းစေတီတော်သည် ဉာဏ်တော် ၁၂ ပေခန့်ရှိ၍ ပန်းတင်ခုံ၊ ခေါင်းလောင်း၊ ဖောင်းရစ်၊ ကြာမှောက်ကြာလန်စသည်တို့ဖြင့် အနုစိတ်ကာ မွမ်းမံတည်ဆောက်ထားကြောင်း တွေ့ရသည်။ အလားတူစေတီတော်ငယ်တစ်ဆူကို ခရစ်သက္ကရာဇ် ၁၉၂၇-၂၈ ခုနှစ်တွင် သောင်းပြည့်ကုန်းခေါ်အရပ်၌ ဤဌာနကတွေ့ကာ မှတ်တမ်းတင်ခဲ့ပါသည်။ **

မြေအောက်မှ တူးဖော်တွေ့ရှိထားသော ရှေးဟောင်းအဆောက်အအုံများတွင် သရေခေတ္တရာတောင် ဘက်မြို့ရိုးပေါ်၌တည်ရှိသော မသီးကျ ခေါ် ငွေးပင်တက်ကုန်းရှိ အဆောက်အအုံလည်း အပါအဝင်ဖြစ်သည်။ ယင်းအဆောက်အအုံသည် ထူပခေါ် စေတီလုံးအမျိုးအစား၌ပါဝင်၏။ သို့သော် ဆိုခဲ့ပြီးသော စေတီလုံး များနှင့် မတူပဲ တမူကွဲပြားကြောင်း လေ့လာတွေ့ရှိရလေသည်။

ဤအဆောက်အအုံပုံစံသည် အကြမ်းအားဖြင့် လေးထောင့်စပ်စပ် အုတ်ပလ္လင်ပေါ်တွင် ခေါင်းလောင်းပုံ စေတီပေါက်ထားပြီးလျှင် အခြေအုတ်ပလ္လင်မှ အရပ်လေးမျက်နှာတည့်တည့်သို့ လှေကားများ ထုတ်ထားသော ပုံစံဖြစ်သည်။ အောက်ခံ အုတ်ပလ္လင်၏ အနားတစ်ဖက်လျှင် ၅၂ ပေခန့် ရှည်၏။ အမြင့်မှာ ၁၇ ပေ ၇ လက်မသာရှိ၏။ ဤအုတ်ပလ္လင်၏ အလယ်ဗဟိုတွင် ခေါင်းလောင်းပုံသဖွယ် အုတ်ဖြင့် တစ်ခဲ နက်ဆောက်ထားသော စေတီလုံးသည် ထိပ်ပိုင်း၌ ချွတ်ယွင်း ပျက်စီးနေသည်မှတစ်ပါး အကောင်းပကတိ နီးပါးပင် ရှိပါသေးသည်။ ဤအဆောက်အအုံ၏ အုတ်ပလ္လင်ပတ်လည်တွင် အလျား ၁ ပေ ၃ လက်မ၊ အနံ ၁ ပေ ၂ လက်မ ခန့်ရှိသော ရုပ်ကြွပါအုတ်ပြားများ ကပ်ထား၏။ ယင်းအုပ်ပြားများ၏ အထူမှာ ၃ လက်မဖြစ်သည်။ များသောအားဖြင့် ထိုအုတ်ပြားများသည် ပျက်စီး ချွတ်ယွင်းနေ၏။ အုတ်ပြားတို့ တွင်ပါရှိသော ရုပ်ကြွများမှာလည်း ရာသီဥတုဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရသောကြောင့် ယင်း တို့၏ အနုစိတ် လက်ရာများကို မမြင်တွေ့နိုင်တော့ပေ။ မြင်တွေ့ရသမျှကား မြင်းဟု ယူဆရသော ခြေ လေးချောင်း သတ္တဝါပေါ်တွင် ယောကျ်ားတစ်ဦး စီးနင်းလိုက်ပါနေသော ရုပ်ကြွဖြစ်၏။ *** အောက်ခံ အုတ်ပလ္လင်မှ အရပ်လေးမျက်နှာသို့ လှေကားများထုတ်ထား၏။ ယင်းလှေကားများတွင် လှေကားထစ် များပြုလုပ်ရာ၌ အုတ်များကို အပြားလိုက်စီခင်းမထားဘဲ ပုဂံမြို့ရှေးဟောင်း အဆောက်အအုံများရှိ လှေ ကားထစ်များမှာကဲ့ သို့ ထောင်လိုက်စီထားသည်ကိုတွေ့ရသည်။ ဤအဆောက်အအုံသည် အရှယ်အားဖြင့်

---

* ibid ( 1909-10 ). ** ibid ( 1927-28 )

*** အလားတူရုပ်ကြွပါ အုတ်ပြားများကို မှော်ဇာမြို့တစ်ခွင် အခြားနေရာများ၌လည်း တွေ့ရသည်။ ယင်းရုပ်ကြွပါအုတ်ပြားလေးချပ်ကို မှော်ဇာမြို့သရေခေတ္တရာပြတိုက်၌ ပြသထားသည်။ အဆိုပါ အုတ်ပြားများအကြောင်းကို ASI ( 1924-25 ) p.108 နှင့် ပုံကို ယင်းစာအုပ် Pl XXXIV d တွင်ရှု။

သေးငယ်သော်လည်း မွမ်းမံချယ်လှယ်မှုတွင် အပြည့်အဝရှိ၏။ အုတ်ပလ္လင်နံရံနှင့် လှေကားလေးစင်းနံရံများတွင် အုတ်များကို ထောင်လိုက်တစ်မျိုး၊ အလျားလိုက်တစ်မျိုး ဖောင်းတွန့်၊ ဖောင်းကွက်များဖြင့် စီချယ်ထားသည်ကို တွေ့ရသည်။ အခြားပျူမြို့တော်များဖြစ်သော ဟန်လင်းနှင့် ဗိဿနိုးမြို့ဟောင်းရှိ အဆောက်အအုံများ၏ ပတ်ဝန်းကျင်မှ ပျူအရိုးအိုးများကို တူးဖော်တွေ့ရှိသည့် နည်းတူ ဤအဆောက်အအုံ၏ ပတ်ဝန်းကျင်မှလည်း ပျူအရိုးအိုးများကို တူးဖော်ရရှိခဲ့သည်။ *

သရေခေတ္တရာရှိ စေတီလုံးများကို ဖော်ပြပြီးနောက် ဂူဘုရားများကို ဆက်လက်ဖော်ပြရန်လိုပါသည်။ ဂူဘုရားများဟု ဆိုရာတွင် အောက်ပိုင်း၌ ဂန္ဓကုဋိ သို့မဟုတ် လေးထောင့်ကုလားကျောင်းခံကာ အထက်တွင် စေတီလုံး သို့မဟုတ် ပစ္စယာပေါ်၌ ကွမ်းတောင်ပေါက်ထားသော အဆောက်အအုံများဖြစ်ကြသည်။ သရေခေတ္တရာနယ်မြေ၌ရှိသော ရှေးဟောင်းဂူဘုရားများသည် ရာသီဥတု၏ဒဏ်ကို အနှစ်နှစ်အလလခံစားခဲ့ရသဖြင့် အနည်းနှင့်အများ ပျက်စီးချွတ်ယွင်းလျက်ရှိကြသည်။ ယင်းတို့အနက် အရှေ့ဇျေးဂူ၊ ဘဲဘဲ၊ လေးမျက်နှာဂူဘုရားတို့သည် အခြေအနေ အသင့်အတင့် ကောင်းမွန်ပါသေးသည်။

ဘဲဘဲဂူဘုရားသည် အလျား ၁၇ ပေ အနံ ၁၆ ပေရှိသော လေးထောင့်အဆောက်အအုံ ဖြစ်၏။ အရှေ့ဘက်မျက်နှာတွင် မုတ်ပေါက်ဖောက်လုပ်ထားသည်။ ယင်းအဆောက်အအုံ၏ အထက်၌ ပစ္စယာအဆင့်များပြုလုပ်ထား၍ ထိုပစ္စယာများအထက်တွင် သိခရခေါ် ကွမ်းတောင် ပေါက်ထားသည်။ ယင်းကွမ်းတောင်သည် ပုဂံခေတ်အဆောက်အအုံများရှိ ကွမ်းတောင်များကဲ့သို့ အတင့်အတယ်မွမ်းမံထားခြင်းမရှိပဲ အုတ်သားသက်သက်ဖြစ်ကြောင်း သတိပြုနိုင်ပါသည်။ ယင်းဂူဘုရားအတွင်း၌ ကျောက်ချပ်တစ်ချပ်ရှိရာ ထိုကျောက်ချပ်ပေါ်၌ မြတ်စွာဘုရားရှင်နှင့်သာဝကနှစ်ဦးကို ရုပ်ကြွဖော်ထားသည်ကို တွေ့နိုင်သည်။ အဆောက်အအုံအတွင်း တောင်ဘက်နှင့်မြောက်ဘက်နံရံများတွင် လိုဏ်ဂူငယ်နှစ်ခုစီ ဖောက်လုပ်ထား၏။


အရှေ့ဇျေးဂူသည် အလျား ၂၇ ပေ အနံ ၂၄ ပေရှိသော လေးထောင့်အဆောက်အအုံ ဖြစ်သည်။ အရှေ့ဘက်မျက်နှာသို့ ဆင်ဝင်ဆောင်ထုတ်ထား၏ ဤအဆောက်အအုံ၏ ထိပ်ပိုင်းသည် ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် ယင်း၏မူလပုံစံကို မသိနိုင်တော့ပေ။ ဤအဆောက်အအုံအတွင်း၌ ဗုဒ္ဓရုပ်ပွားတော်ပါကျောက်ချပ်တစ်ချပ်ကို တွေ့ရှိဖူးသည်။ ** ယင်းရုပ်ကြွပါကျောက်ချပ်ကို သရေခေတ္တရာပြတိုက်သို့ ပြောင်းရွှေ့၍ ကောင်းစွာထားရှိပါသည်။ ဤဂူဘုရားသည် ဘဲဘဲဂူဘုရားကဲ့သို့ပင် ပုံစံအနေအားဖြင့် ရိုးရိုးရှင်းရှင်းပင်ဖြစ်၏။ သို့သော် အဆောက်အအုံ၏ အမွမ်းအမံအလင်္ကာသဘောတွင်မူ ဘဲဘဲဂူဘုရားထက် သာလွန်ပေသည်။

ဘဲဘဲဂူဘုရားနှင့် မနီးမဝေးတွင် တည်ရှိသော လေးမျက်နှာဂူဘုရားကား သရေခေတ္တရာမြို့ဟောင်းတွင် တွေ့ရသော ဂူဘုရားတို့အနက် တစ်ဆူတည်းသော မုတ်လေးမုတ်နှင့် ဂူဘုရားဖြစ်ပါသည်။ အနားတစ်ဖက်လျှင် ၂၂ ပေ၊ ၅ လက်မစီရှိသော လေးထောင့်စစ်စစ် ဂူဘုရားဖြစ်၏။ ဤ အဆောက်အအုံတွင် မုတ်ပေါက် လေးပေါက်ကို အရပ်လေးမျက်နှာဘက်သို့ ဖောက်လုပ်ထား၏။ အတွင်းတိုက်ခန်း၏ အလယ်တည့်တည့်တွင် အုတ်တိုင်ရှိ၍ ရှေးအခါက ယင်းအုတ်တိုင်လေးမျက်နှာတွင် ဗုဒ္ဓရုပ်ပွားတော် အကြွဖော်ထားသောကျောက်ချပ်များကို ကပ်ထား၏။ ယခုအခါတွင်မူ တောင်ဘက်မျက်နှာ၊ မြောက်ဘက်မျက်နှာတို့ရှိ ကျောက်ချပ်များကိုသာ တွေ့နိုင်တော့သည်။

---

* ဤကုန်းကို ခရစ်သက္ကရာဇ် ၁၉၂၇–၂၈ ခုနှစ်တွင် ကျောက်စာဝန် မွန်ဆီယာချားဒူရော်ဇယ် တူးဖော်ခဲ့ဘူးသည်။ ထိုအစီရင်ခံစာကို ASI ( 1927–28 ),p.134 တွင် လေ့လာနိုင်ပါသည်။ ယင်းအဆောက်အအုံကို ဗိသုကာရှုထောင့်မှ လေ့လာသုံးသပ်ရန် လိုအပ်ပါသဖြင့် ၁၉၆၅–၆၆ ခုနှစ်တွင် စာရေးသူပင် ဤကုန်းကို ထပ်မံတူးဖော်ခဲ့ပါသည်။

** A. S. I. ( 1909–10 ) p.116, Pl. XLVII. 4.




ပုံ ၂။ ။သရေခေတ္တရာ အုတ်အဆောက်အအုံ ပန္နက်ပုံများ

ရဟန္တာဂူဘုရားသည် မုတ်ပေါက်သုံးပေါက်ရှိသော ဂူဘုရားဖြစ်သည်။ ဤအဆောက်အအုံတွင် အရှေ့မျက်နှာတွင်တစ်ပေါက် တောင်နှင့်မြောက်မျက်နှာတို့တွင် တစ်ပေါက်စီ ပေါင်း ဝင်ပေါက်သုံးပေါက် ဖောက်လုပ်ထား၏။ ယင်းဝင်ပေါက်သုံးပေါက်အနက် မြောက်ဘက်မျက်နှာဝင်ပေါက်သည် ကျန်ဝင်ပေါက်များထက် ကျဉ်းမြောင်းသေးငယ်၏။ ဤအဆောက်အအုံသည် အမြင့် ၁၁ ပေ ၃ လက်မ၊ အလျား ၂၉ ပေ အနံ ၁၂ ပေ အသီးသီးရှိ၏။ အတွင်းခန်း၏ အကျယ်အဝန်းမှာ အလျား ၁၄ ပေ ၁၀ လက်မ၊ အနံ ၈ ပေ ရှိ၏။ အတွင်းခန်း၏ အနောက်ဘက်နံရံရှိ ကျောက်ပြားတစ်ချပ်ပေါ်တွင် လက်တော်ဘယ်တင်ညာချကာ ဘူမိဖဿမုဒြာဟန်ဖြင့် တင်ပျဉ်ခွေစံပယ်တော်မူနေသော ဗုဒ္ဓရုပ်ပွားတော်ခုနစ်ဆူကို တန်းလျက် ရုပ်ကြွ ဖော်ထားသည်ကို ဖူးတွေ့နိုင်သေးသည်။ ရှေးအခါကမူ ယင်းကျောက်ပြားပေါ်တွင် ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူကို ဖူးတွေ့ရပါသည်။

ဘုရားထောင်စေတီသည် ကုလားကျောင်းခံစေတီတစ်ဆူဖြစ်သည်။ ယင်းအဆောက်အအုံသည် ခရစ် သက္ကရာဇ် ၁၉၅၈ ခုနှစ်တွင် ရှေးဟောင်းသုတေသနဌာနခွဲက ထိန်းသိမ်းစောင့်ရှောက်ထားသော ဇယားဝင် အဆောက်အအုံဖြစ်လာသည်။ အခြေတွင် အနားတစ်ဖက်လျှင် ၃၈ ပေ ရှည်လျားသည်။ ကုလားကျောင်း၏ အမြင့်မှာ ၁၈ ပေခန့်ရှိသည်။ လွန်ခဲ့သောနှစ်ပေါင်း ၇၀ ခန့်က ဤအဆောက်အအုံကို ဘုန်းကြီးတစ်ပါးက ပြင်ဆင်ခဲ့ကြောင်း မှတ်သားရပါသည်။ အောက်ခံကုလားကျောင်း၏ မျက်နှာလေးဘက်စလုံးတွင် မုတ်များ ရှိသော်လည်း အတွင်းသို့သွားသော လိုဏ်များကို မတွေ့ရတော့ပေ။

သောင်းပြည့်ကုန်းတွင်ရှိသော လေးထောင့်တစ်ခန်းတည်းသာရှိသည့် ဂူဘုရားငယ်သည် တစ်ခြမ်းပြို ကျကာ အလွန်အမင်း ပျက်စီးနေသော ရှေးဟောင်းအဆောက်အအုံတစ်ခု ဖြစ်သည်။

ဆိုခဲ့ပြီးသော မြေပေါ်ရှိအဆောက်အအုံများအပြင် မြေအောက်မှဖော်ထုတ်ထားသော အဆောက် အအုံအချို့လည်း ရှိပေသေးသည်။ ယင်းအဆောက်အအုံများအနက် အချို့အဆောက်အအုံများသည် ရာ သီဥတုဒဏ်ကို အဖန်ဖန်အလီလီ ခံစားခဲ့ရသဖြင့် မူလပန္နက်ပုံကိုပင် မသိနိုင်လောက်အောင် ပျက်စီးသွား ပြီဖြစ်ပါသည်။ ထို့ကြောင့် ဤနေရာတွင် အဆောက်အအုံအချို့ အဝက်ကိုသာ တင်ပြနိုင်ပါတော့သည်။

ဆူးပုပ်ကုန်းရှိ အဆောက်အအုံသည် ဘဲဘဲဂူဘုရားကဲ့သို့ မုတ်ပေါက်တစ်ပေါက်တည်းသာရှိသော လေးထောင့် အဆောက်အအုံငယ် ဖြစ်သည်။

အနောက်ဈေးဂူသည် အရှေ့ဖက်သို့မျက်နှာမူကာ ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်၏။ ယင်းအဆောက်အအုံတွင် ဂန္ဓကုဋိခေါ် အတွင်းတိုက်ခန်း ပတ်လည်စင်္ကြံလမ်းတို့ ရှိ၏။ ဤအဆောက်အအုံ သည် သာမန်အားဖြင့် လေးထောင့် အဆောက်အအုံဟု ခေါ်ဆိုရသော်လည်း အဆောက်အအုံ၏တောင် ဘက်ပိုင်းတွင် အတွင်းနံရံနှင့်အပြင်နံရံတို့မှ တစ်ဆက်တည်း အရှေ့အနောက်တန်းလျက် လက်တံနှစ်ခုထိုး ထွက်နေသည်ကို တွေ့နိုင်ပေသည်။ ဤအဆောက်အအုံ၏ အတွင်းခန်း သို့မဟုတ် ဂန္ဓကုဋိတိုက်ခန်းသို့ အရှေ့ဘက်မျက်နှာ၌ ဖောက်လုပ်ထားသော ဝင်ပေါက်များမှဝင်ရောက်နိုင်သည်။ ဝင်ပေါက်နှစ်ပေါက်ရှိ၏။ အတွင်းခန်း၏ အလျားသည် ၃၄ ပေ ၉ လက်မရှိ၍ အနံသည် ၂၉ ပေ ၅ လက်မရှိသည်။ အတွင်းခန်း၏ ပတ်လည်တွင် ပုဂံခေတ်ဘာသာရေး အဆောက်အအုံများမှာကဲ့သို့ ပတ်လည်စင်္ကြံလမ်းရှိ၏။ အရှေ့ အနောက်ဖောက်လုပ်ထားသော စင်္ကြံလမ်း၏အရှည်သည် ၄၀ ပေ ၅ လက်မရှိသည်။ တောင်မြောက် ဖောက် လုပ်ထားသော စင်္ကြံလမ်း၏ အရှည်မှာမူ ပေ ၅၀ ရှိသည်။ စင်္ကြံလမ်း၏အကျယ်မှာ တညီတညာတည်း မဟုတ်ပေ။ အကျယ် ၆ ပေ ၄ လက်မမှ ၇ လက်မအထိရှိသည်။ ကြွင်းကျန်ရစ်သော အဆောက်အအုံ ပုံစံကို လေ့လာရာတွင် စင်္ကြံလမ်းသို့ဝင်ရောက်ရာ အပေါက်မတွေ့ရခြင်းသည် ထူးခြားပေသည်။

စကြာလမ်း၏ပတ်လည်နံရံတွင် လိုဏ်ငယ်ကလေးများ ပြုလုပ်ထားသည်ကိုလည်းတွေ့မြင်နိုင်သေးသည်။ တောင်ဘက်စင်္ကြံလမ်း၏နံရံတွင်လည်း မြောက်ဘက်သို့ မျက်နှာမူနေသော လိုဏ်ငယ်လေးခုပြုလုပ်ထား၏။ မြောက်ဘက်သို့ မျက်နှာမူနေသောလိုဏ်ငယ်တစ်ခုပြုလုပ်ထားသည်။ ယင်းလိုဏ်ငယ်ငါးခုတို့သည် တစ်ရွယ်တစ်စားတည်း မဟုတ်ကြပေ။ လိုဏ်ငယ်ကလေးများ ဖောက်လုပ်ရာတွင်လည်း တစ်ခုနှင့်တစ်ခု အကွာအဝေးတူညီစွာ စနစ်တကျဖောက်လုပ်ထားခြင်း မရှိပေ။ ထို့အပြင် လိုဏ်ငယ်ကလေးတို့၏ အစီအစဉ်အနေအထားသည်လည်း စနစ်တကျရှိသည်ဟု မဆိုသာချေ။ ကြွင်းကျန်ရစ်သောပန္နက်ပုံအရ ဤအဆောက်အအုံကို ပုဂံခေတ်ကြိုပုံစံဟု ခေါ်ဆိုနိုင်သည်။

သရေခေတ္တရာရှိ အဆောက်အအုံများအနက် ပန္နက်ပုံစံအရ ပုဂံခေတ်ဂူဘုရားများနှင့် အနီးစပ်ဆုံး အဆောက်အအုံမှာ ရွှေညောင်ပင်ကုန်းရှိ အဆောက်အအုံပင်ဖြစ်သည်။ ယင်းအဆောက်အအုံသည် အရှေ့ဘက်သို့ မျက်နှာမူကာ ဆောက်လုပ်ထားသော အဆောက်အအုံဖြစ်သည်။ ဤအဆောက်အအုံကို ဆင်ဝင်ဆောင်၊ အလယ်ဆောင်၊ ဆောင်မကြီးဟူ၍ သုံးပိုင်းခွဲခြားနိုင်သည်။ အရှေ့ဘက်တံခါးပေါက်မှဝင်လျှင် ဆင်ဝင်ဆောင်သို့ ရောက်၏။ ဆင်ဝင်ဆောင်၏အကျယ်သည် အလျား ၇ ပေ အနံ ၆ ပေ ၉ လက်မရှိသည်။ ဆင်ဝင်ဆောင်သည် အမှန်အားဖြင့် အလယ်ဆောင်နှင့်တစ်ဆက်တည်းပင်ဖြစ်၏။ သို့သော် ဆင်ဝင်ခန်းနှင့် အလယ်ဆောင်ခေါ် ဒုတိယအခန်းကို အကျယ်တစ်ပေရှိသော ကျောက်ခြေနင်းခုံဖြင့် ပိုင်းခြားထားသည်။

အလယ်ဆောင်သည် အလျား ၂၀ ပေ ၁၀ လက်မ၊ အနံ ၁၂ ပေ ၉ လက်မ ခန့်ရှိ၏။ အလယ်ဆောင်၏ တောင်နှင့်မြောက်တည့်တည့်တွင် ဝင်ပေါက်တစ်ပေါက်စီ ဖောက်ထား၏။ ယင်းဝင်ပေါက်များ၏ အကျယ်သည် ၁၂ ပေ ၁၀ လက်မ ဖြစ်၏။ ဝင်ပေါက်တွင် အကျယ်တစ်ပေခန့်ရှိသော ကျောက်ခြေနင်းခုံများကို ခင်းထား၏။ ဤအလယ်ဆောင်သည် လေးထောင့်တိတိကျကျကား မဟုတ်ပေ။ ထောင့်ချိုးများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အလယ်ဆောင်မှ အတွင်းဘက်ပိုင်းသို့ ဆက်လက်ဝင်ရောက်သွားလျှင် ဆောင်မကြီးသို့ရောက်သည်။ ဆောင်မကြီး၏ အလျားသည် ၁၈ ပေ ၅ လက်မ ရှိ၍ အနံမှာ ၁၀ ပေရှိသည်။ တောင်ဘက်၊ မြောက်ဘက်၊ အနောက်ဘက်မျက်နှာတို့တွင် ပြတင်းပေါက်များရှိ၏။ ဤပြတင်းပေါက်တို့၏ အကျယ်သည် ၅ ပေ ၇ လက်မ ဖြစ်သည်။ ပြတင်းပေါက်တို့တွင် ကျောက်လှေကားသုံးဆင့် တပ်ဆင်ထားသည်။

အဆောက်အအုံအတွင်း၌ လိုဏ်မုတ်ကလေးများ ပြုလုပ်ထားသည်။ ယင်းလိုဏ်မုတ်ကလေးများသည် အမြင့် ၁ ပေ ၈ လက်မ ခွဲရှိ၍ အကျယ် ၁ ပေ ၄ လက်မ တစ်မတ်ရှိသည်။ လိုဏ်မုတ်များတွင် စလစ်များ တပ်ဆင်ချယ်လှယ်ထားသည်ကို တွေ့နိုင်သည်။ ယင်းစလစ်ချွန်များသည် ပုဂံခေတ်စလစ်ချွန်များကဲ့သို့ပင် သွယ်ပျောင်းရှည်လျားကြောင်း တွေ့နိုင်သည်။ ဤအဆောက်အအုံပန္နက်ပုံစံကို ပုဂံမြို့ မင်းနန်သူအရပ်ရှိ သုံးလူလဂူဘုရားပန္နက်ပုံစံနှင့် နှိုင်းယှဉ်လေ့လာသင့်သည်။ * သုံးလူလဂူဘုရား၏ဆောင်မကြီးတွင် ဗဟိုတိုင်ပါရှိခြင်းနှင့် ရွှေညောင်ပင်ကုန်း အဆောက်အအုံ၏ ဆောင်မကြီးတွင် ဗဟိုတိုင် မပါရှိခြင်းသာ ကွဲပြားခြားနားသည်။ ယင်းကွဲပြားချက်မှလွဲ၍ ကျန်အနေအထားအားလုံးလိုပင် တထေဝနီးနီး တူပေသည်။

---

* သုံးလူလဂူဘုရား၏ ပန္နက်ပုံကြမ်းကို G.H Luce ၏ The Smaller Temples of Pagan ( The Fiftieth Anniversary of the Burma Research Society. Vol.2), p. 127 ရှု။


သရေခေတ္တရာမြို့ဟောင်းမြောက်ပိုင်း ရွှေတံခါးမြို့ပေါက်အနီးမှ တူးဖော်ရရှိထားသော အဆောက်အအုံမှာကား ပန္နက်ပုံအရ ဆိုခဲ့ပြီးသော အဆောက်အအုံများနှင့် မတူ၊ တမူကွဲပြားသည်။ ဤအဆောက်အအုံတွင် အပျက်အစီး လွန်စွာများပြားသဖြင့် အောက်ခြေပိုင်းကိုသာ တွေ့ရပါသည်။ ဤအဆောက်အအုံသည် ပုဂံခေတ်အဆောက်အအုံများကဲ့သို့ ဆောင်မကြီးတွင် ထိပ်၌ ဆင်ဝင်ရှိသည်။ ဆင်ဝင်ဆောင်ကို တစ်ဖြောင့်တည်းဆောက်လုပ်မထားပဲ အဆစ်သုံးဆစ်ချိုး၍ ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ ဆင်ဝင်ဆောင်၏ အလျားသည် အကြမ်းအားဖြင့် ၉ပေ ၆ဝ ခန့်ရှိ၏။ ထိပ်ပိုင်းအနံသည် ၄၁ ပေ ၇ လက်မခန့်ရှိသည်။

ကြွင်းကျန်ရစ်သော အဆောက်အအုံကို လေ့လာလျှင် အဆောက်အအုံ၏ အခြေပိုင်းကိုတည်ဆောက်ရာတွင် အုတ်ကိုတစ်လွှာချင်းစီကာ အတွင်း၌ ဖို့မြေများသိပ်ထည့်ထားသည်ကို တွေ့ရသည်။ အမြင့် ၆-ပေခန့်ရှိလာသောအခါတွင် အောက်ခြေမှာကဲ့သို့ တစ်လွှာချင်းမဆောက်တော့ဘဲ အုတ်နံရံကို ထုနှင့်ထည်နှင့် ခိုင်ခိုင်မာမာဆောက်လုပ်လေသည်။ ဤအဆောက်အအုံသည် အုတ်သက်သက်ဖြင့်တည်ဆောက်ထားသော အဆောက်အအုံကား မဟုတ်ပေ။ ထုပ်၊ ဒိုင်း၊ တိုင်စသည်ကို သစ်ဖြင့် တည်ဆောက်ကြောင်းကို အမြောက်အမြားတွေ့ရှိရသော အိမ်ရိုက်သံချောင်းများက သက်သေခံပါသည်။ ဤအဆောက်အအုံကို မိုးရာသီ၌ အုတ်ကြွပ်များကို အသုံးပြု၏။

အထက်ပါ အဆောက်အအုံ ပြိုလဲပျက်စီးသွားသောအခါ ကြွင်းကျန်ရစ်သော အုတ်ခုံပေါ်တွင် အဆောက်အအုံ အသစ်တစ်ခု ထပ်မံတည်ဆောက်လေသည်။ အဆောက်အအုံအသစ်သည် အဟောင်းထက်ငယ်၏။ အုတ်ဖြင့်ဆောက်လုပ်ထား၏။ အရှေ့ဘက်တွင် ဝင်ပေါက်တစ်ပေါက် ဖောက်လုပ်ထား၏။ ကြမ်းပြင်ကိုမူကား အောက်ခြေတွင် အုတ်ခဲကျိုးများခံလျက် အပေါ်တွင် ကျောက်စရစ်ခဲများသိပ်ကာ ပြုလုပ်ထားသည်။ ဒုတိယအဆောက်အအုံ ပျက်စီးယိုယွင်းသွားသောအခါ၌လည်း အဆောက်အအုံ အသစ်တစ်ဆောင် အပေါ်တွင် ထပ်မံဆောက်လုပ်သေးကြောင်းကို ကုန်း၏မြောက်ဘက်ပိုင်းတွင်တွေ့ရသော အုတ်နံရံအကြွင်းအကျန်များကိုထောက်၍ သိရသည်။ သို့သော် ယင်းအဆောက်အအုံ၏ အကျယ်အဝန်း၊ ပုံပန်းသဏ္ဌာန်တို့ကို မခန့်မှန်းသာချေ။

နောက်ဆုံးတူးဖော်ထားသော အဆောက်အအုံမှာ သရေခေတ္တရာမြို့ဟောင်း၏ အရှေ့မြောက်ထောင့် ဘုရားမာစေတီ၏ အနောက်တောင်ထောင့်ယွန်းယွန်း ကိုက် ၂ဝဝ ခန့်အကွာတွင် တည်ရှိသည်။ ဤအဆောက်အအုံသည် ရွှေတံခါးမြို့ဝင်ပေါက်အနီးရှိ အဆောက်အအုံကဲ့သို့ပင် ဆောင်မကြီးတွင် ဆင်ဝင်ထုတ်ထားသော အဆောက်အအုံဖြစ်သည်။ ဆင်ဝင်ဆောင်ကို နှစ်ဆစ်ချိုး၍ ဆောက်လုပ်ထားသည်။ ယင်းအဆောက်အအုံသည် အပျက်အစီး လွန်စွာများသည်။ အဆောက်အအုံ၏ အတွင်းပိုင်းတွင် ဖို့မြေများသိပ်ထည့်ထားပြီးလျှင် အုတ်ချပ်များ အပြားလိုက်စီခင်းထားသည်ကို တွေ့ရသည်။

သရေခေတ္တရာမြို့ဟောင်းရှိ ထူပခေါ် စေတီလုံးများအနက် မသီးကျခေါ် ဝွေးပင်တက်ကုန်းရှိ စေတီလုံးသည် အထူးခြားဆုံးဖြစ်သည်။ တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်း၌ တူးဖော်တွေ့သော အဆောက်အအုံများသည် စတုရန်းအုတ်တံတိုင်းအတွင်း၌ အဏ္ဍခေါ် ထုလုံးခြမ်းသဏ္ဌာန် ဆောက်လုပ်ထားသော အဆောက်အအုံများဖြစ်ကြောင်း ကြွင်းကျန်ရစ်သောပန္နက်ပုံအရ သိရသည်။ မသီးကျခေါ် ဝွေးပင်တက်ကုန်း၌ တူးဖော်တွေ့ရှိသော အဆောက်အအုံသည် အထက်ပါ ဗိဿနိုးမြို့ဟောင်းရှိ အဆောက်



အအုံအချို့ နှင့် ပန္နက်ပုံအရ နီးစပ်မှုရှိကြောင်းတွေ့ရသည်။* ဗိဿနိုးမြို့ဟောင်း၌ အထက်ပါ ရှေးဟောင်းအဆောက်အအုံများ၏ အနီးအပါးတွင် အရိုးအိုးများကို တူးဖော်တွေ့ရှိသည့်နည်းတူ သရေခေတ္တရာရှိ မသီးကျုကုန်း အဆောက်အအုံ၌လည်း အရိုးအိုးများကို တူးဖော်တွေ့ရှိသည်။

အထက်ပါ အဆောက်အအုံတို့၏ ရှေ့ပြေးပန္နက်ပုံစံများကို အိန္ဒိယပြည်အရှေ့တောင်ပိုင်း၊ အန္ဒရပြည်နယ်၊ နာဂါရ်ဇုနကောဏ္ဍ မြို့ဟောင်းတွင် တွေ့ရှိနိုင်သည်။ ** နာဂါရ်ဇုနကောဏ္ဍမြို့ဟောင်းရှိ ရှေးဟောင်းဗုဒ္ဓဘာသာ အဆောက်အအုံများသည် ခရစ် သက္ကရာဇ် ၃ ရာစုနှစ်နှင့် ၄ ရာစုနှစ်အတွင်း ထွန်းကားပေါ်ပေါက်ခဲ့သော အဆောက်အအုံများ ဖြစ်ကြ၏။ ဗိဿနိုးနှင့်သရေခေတ္တရာ နှစ်မြို့စလုံးပင် အိန္ဒိယပြည်တောင်ပိုင်း အန္ဒရပြည်နယ် နာဂါရ်ဇုနကောဏ္ဍမြို့က ဗုဒ္ဓဝါဒီဗိသုကာတို့၏ လွှမ်းမိုးမှုကို တစ်နည်းမဟုတ်တစ်နည်း ရရှိခံစားခဲ့ကြောင်း သိရပေသည်။

သရေခေတ္တရာရှိ ဂူဘုရားများကို ပုဂံခေတ် ဂူဘုရားများ၏ရှေ့ပြေးဟု ခေါ်ဆိုရပေမည်။ ဘဲဘဲ၊ လေးမျက်နှာ၊ ရဟန္တာဂူ၊ အရှေ့ဈေးဂူ၊ ဆူးပုပ်ကုန်းအဆောက်အအုံ၊ ဘုရားမာစေတီအနီး၌ တူးဖော်ထားသော အဆောက်အအုံတို့သည် သရေခေတ္တရာခေတ်ဦးပိုင်းတွင် ပါဝင်၍ အနောက်ဈေးဂူနှင့် ရွှေညောင်ပင်ကုန်းအဆောက်အအုံတို့မှာ နှောင်းခေတ်ပိုင်းတွင် ပါဝင်သည်။

သရေခေတ္တရာရှိ ဂူဘုရားများကို ခြုံ၍လေ့လာလျှင် ဖောင်းတွန့်၊ ဖောင်းကွက်၊ ကလပ်ခုံ၊ စလစ်၊ လေသာပေါက်၊ မုတ်ငယ်၊ တိုင်စီးဖောင်း၊ တံခါးပုံ၊ ပန်းဆွဲစသော အလင်္ကာမှုများ အသုံးပြုထားကြောင်း တွေ့မြင်နိုင်ပေသည်။ ဘဲဘဲ၊ လေးမျက်နှာ၊ အရှေ့ဈေးဂူ၊ ရဟန္တာဂူစသော ဂူဘုရားများတွင် အရှေ့ဈေးဂူ အဆောက်အအုံသည် အလင်္ကာသဘောတွင် အကြွယ်ဝဆုံးဖြစ်၏။ မုတ်ပေါက်များကိုဖော်ရာတွင် အုတ်ချပ်များကိုထပ်လျက် တိုးစီသောစနစ်ကို ကျင့်သုံးသည်။ သပ်နှင့်တူသော အုတ်များကို အပြားလိုက်ကပ်ကာ မုတ်ပေါက်ဖော်သောစနစ်ကိုလည်း သုံး၏။ နှောင်းခေတ်ပိုင်းအဆောက်အအုံတို့တွင် မုတ်ပေါက်နှင့် ဂန္ဓကုဋိ တိုက်ခန်းတို့သာမကတော့ပဲ အတွင်းတိုက်ခန်း၊ ပတ်လည်စင်္ကြံ လမ်း၊ ဝတ်ပြုရာအဆောင်စသည်တို့လည်း ပါဝင်၍ အဆောင်ဖွဲ့စည်းပုံတွင် တိုးတက်ဆန်းသစ်မှုရှိလာလေသည်။ ရွှေညောင်ပင်ကုန်းအဆောက်အအုံ နှင့် ပုဂံမြို့မင်းနန်သူအရပ်ရှိ သုံးလူလစေတီတို့ ပန္နက်ပုံစံဆင်နေကြခြင်းမှာ သရေခေတ္တရာပျူတို့က ပုဂံ ခေတ်မြန်မာတို့အား ဗိသုကာပညာကို ဖြန့်ဖြူးခဲ့ကြသောကြောင့်ဖြစ်သည်။ သို့မဟုတ် ပုဂံခေတ်မြန်မာတို့က သရေခေတ္တရာပျူတို့ထံမှ ဗိသုကာပညာအမွေအနှစ်ကို ဆက်ခံရရှိခဲ့သောကြောင့် ဖြစ်သည်ဟု ယုံကြည်ရန် ရှိပါသည်။

## ရှေးဟောင်းကမ္ပည်းစာများ

သရေခေတ္တရာ၌ တွေ့ရသော ရှေးဟောင်းကမ္ပည်းစာများကို ပိဋကတ်စာပေနှင့် ပျူစာပေဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်။ ပိဋကတ်စာပေဆိုသည်မှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော သုတ္တ၊ ဝိနယ၊ အဘိဓမ္မာစသော ပိဋကတ်သုံးပုံမှ ကောက်နုတ်ချက်များပင် ဖြစ်သည်။ ပျူစာပေဆိုသည်မှာ ပျူတို့ဘာသာစကားဖြင့် ရေးထိုးထားသောစာပေ ဖြစ်သည်။

---

* မသီးကျုကုန်း အဆောက်အအုံပန္နက်ပုံစံသည် ဗိဿနိုးမြို့ဟောင်းရှိ အမှတ် ၁၄နှင့် ၁၈ ဟု အမည်ပေးထားသော အဆောက်အအုံများ၏ ပန္နက်ပုံများနှင့် နီးစပ်သည်။ အောင်သော် ( ၁၉၆၆ )၊ စာမျက်နှာ ၂၇၇ လည်း ရှု။

** Sarkar ( 1960 ), Pl, XXVI,XLIV, fig, 586.

မြန်မာပြည်၌ရှေးအကျဆုံး ပိဋကတ်တော်ကောက်နုတ်ချက်များကို သရေခေတ္တရာနယ်မြေမှရပါသည်။ တွေ့ရသမျှ ပိဋကတ်တော် ကောက်နုတ်ချက် ကမ္ပည်းစာများအနက် ရှေးအကျဆုံးကို ခရစ်သက္ကရာဇ် ၁၉၂၆–၂၇ ခုနှစ်အတွင်း ခင်ဘကုန်းကိုတူးဖော်ရာတွင် တွေ့ရှိခဲ့ပါသည်။ တွေ့ရှိသော ရွှေပေလွှာ အချပ် နှစ်ဆယ်၌ " သိဒ္ဓမ်။ အဝိဇ္ဇာပစ္စယာသင်္ခါရာ " အစရှိ၍ အဘိဓမ္မာနှင့် ဝိနယပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားသည်။ အက္ခရာပုံပန်း အသွင်အားဖြင့် အိန္ဒိယပြည် တောင်ပိုင်း၊ ရှေးဟောင်း တေလဂူကနဒီ အက္ခရာများနှင့်တူညီသည်။* ခေတ်အားဖြင့် ခရစ်သက္ကရာဇ် ၄ ရာစုနှစ်နှင့် ၅ ရာစုနှစ် အတွင်းဟု ခန့်မှန်းသတ်မှတ်နိုင်ပါသည်။**

ထိုရွှေပေလွှာအချပ် ၂၀ ထက် ခေတ်အားဖြင့် အနည်းငယ်နောက်ကျသော ပိဋကတ်တော်ကောက်နုတ် ချက်များ ရေးထိုးထားသည့် ရှေးဟောင်းပစ္စည်းတို့မှာ ခင်ဘကုန်းမှပင် တူးဖော်တွေ့ရှိသော ဗောဓိပလ္လင် သဏ္ဌာန်ရှိသည့် ငွေခေါင်းပွကြုတ် အပိုင်းပင် ဖြစ်သည်။ ယင်းကြုတ်အဖုံး၏ နူတ်ခမ်းပတ်လည်တွင် ဤကမ္ဘာ ဝယ် ပွင့်တော်မူပြီးကုန်သော ဘုရားလေးဆူ၏ ဘွဲ့တော်များနှင့်တကွ ပိဋကတ်တော် ကောက်နုတ်ချက်များ ကို အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းအက္ခရာဖြင့် ရေးထိုးထားသည်။***

ထို့နောက် ခရစ်သက္ကရာဇ် ၁၈၉၇ ခုနှစ်တွင် မှော်ဇာမြို့အပိုင် လယ်ပေါ်ရွာအနီး မောင်ကန်ကုန်းမှ တူးဖော်တွေ့ရှိသော ရွှေပေလွှာ နှစ်ချပ်ကို လေ့လာသင့်ပါသည်။ ထိုရွှေပေလွှာ နှစ်ချပ်တွင် " ယေဓမ္မာ ဟေတုပ္ပဘဝါ " အစရှိသော ပိဋကတ်တော်ကောက်နုတ်ချက်များကို ရေးထိုးထားပါသည်။ ရေးထိုးထား သော အက္ခရာမှာလည်း အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းအက္ခရာပင် ဖြစ်သည်။ †

အထက်ပါရွှေပေလွှာများအပြင် ခရစ်သက္ကရာဇ် ၁၉၂၈ ခုတွင် ကွန်းတောစုရွာသား မောင်ကျော်ငြိမ်း ဆိုသူ တွေ့ရှိသော ရွှေပေလွှာတစ်ချပ်ရှိသေးသည်။ ယင်းရွှေပေလွှာသည် ညာဖက်အစွန်း ပျောက်ဆုံးနေ သည့် ပြင်အပိုင်းပိုင်းကျိုးပြတ်နေသည်။ အက္ခရာပုံပန်းမှာလည်း လုပသေသပ်ခြင်းမရှိ။ "ဣတိပိသောဘဂဝါ" အစရှိသော ပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားသည်။ ††

ပိဋကတ်တော်ကောက်နုတ်ချက်များကို ကျောက်ပြားများပေါ်တွင် ရေးထိုးထားသည်ကိုလည်း တွေ့ရ တတ်ပါသည်။ ခရစ်သက္ကရာဇ် ၁၉၁၀ ခု၊ ဇန်နဝါရီလအတွင်း ဘောဘောကြီးစေတီအောက်ခြေမှ ရှေးဟောင်း ကမ္ပည်းစာများ ရေးထိုးထားသော ကျောက်ပြားအပဲ့နှစ်ချပ် ရပါသည်။††† နောင်နှစ်တွင်လည်း ထိုစေတီကြီးမှပင် ကျောက်ပြားအပဲ့ တစ်ခုကို ထပ်မံရပါသည်။ †* ယင်းကျောက်ပြားသုံးခုကို ဆက်စပ်

---

* A S I ( 1926–27 ), pp, 179–180, A S B ( 1938–39 ), pp, 12–22,Pl. IV, V & VI.

** မြ ( ကျမ်းကိုး ၂ ) စာမျက်နှာ ၉၊၁၆ ရှု။

*** ASI ( 1926–27 ), p. 175, Pl. XXXVIII c.

† Tun Nyein ( 1898–99 ),pp. 101–102 ; Finot ( 1912 ), pp. 121–136
ယင်းရွှေပေလွှာမှ ပျူ၊ ပါဠိစာများကို အဘိဓာန်ကျမ်းပြုဆရာ ဦးထွန်းငြိမ်းက ရှေးဦးစွာ ဖတ်ရှု ခဲ့သည်။ ထို့နောက် ပြင်သစ်ကျောက်စာပါရဂူ ဒေါက်တာဖီးနိုးက ထပ်မံဖတ်ရှုသည်။

†† ASI ( 1928–29 ), pp. 108–109, Pl. L1 2.

††† ibid ( 1910–11 ), p. 89.

†* ibid ( 1911–12 ), pp. 141–142, Pl. LXVIII

လိုက်သောအခါ အတော်ပြည့်စုံစွာ ဖတ်ရှုနိုင်သော ကျောက်ပြား ဖြစ်လာပါသည်။ ထိုကျောက်ပြားတွင် "................နာသိဖုသိတတ္တံ " အစချီသော ပိဋကတ်တော် ကောက်နုတ်ချက်များကို တွေ့မြင်ဖတ်ရှုရပါသည်။ အက္ခရာပုံပန်းမှာ အိန္ဒိယပြည်တောင်ပိုင်း ကဒမ္ဗအက္ခရာနှင့်တူသည်။*

ခရစ်သက္ကရာဇ် ၁၉၆၅ ခုနှစ်တွင် ရွှေတံခါးမြို့ပေါက် အဝင်ဝမှ တူးဖော်ရရှိသော ကျောက်ပြားပေါ်၌လည်း ပိဋကတ်တော် ကောက်နုတ်ချက်များ ရေးထိုးထားသည်ကို တွေ့ရသေးသည်။ ယင်းကျောက်ပြားသည် မီးဘေးနှစ်ကြိမ် အသင့်ခံရသဖြင့် ကျောက်သားများ ပျက်စီးလျက်ရှိသည်။ ထင်ရှားစွာဖတ်ရှုရသမျှမှ " ပထဝိပ္ပဘာသော " အစချီလျက် မောရသုတ်နှင့် မင်္ဂလသုတ်ပါဠိဂါထာများကို ရေးထိုးထားကြောင်း တွေ့ရသည်။

သရေခေတ္တရာမြို့ရိုး အရှေ့မြောက်ထောင့်ရှိ တွင်းပြဲမြို့ပေါက် အနီးမှလည်း ကျောက်စာတိုင် အကျိုးတစ်တိုင်ရဖူးသည်။ ယင်းကျောက်ပြားပေါ်တွင် အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းအက္ခရာဖြင့် "........ ( ဏ္ဍ ) ခဝါ ဟုရုံဝါသင္ဂေသု " စသည်ဖြင့် ရတနသုတ်တော်ကို ရေးထိုးထားကြောင်း တွေ့ရသည်။ "

သရေခေတ္တရာခေတ် ပျူတို့သည် ပိဋကတ်တော် ကောက်နုတ်ချက်များကို အခြားဝတ္ထုပစ္စည်းများပေါ်တွင်လည်း ရေးထိုးထားကြသည်ကို တွေ့ရတတ်သည်။ ခရစ်သက္ကရာဇ် ၁၉၂၈ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်းအတွင်းမှ တူးဖော်တွေ့ရှိရသော မဏိတော်ကျိုးဆင်းတုတော်တစ်ဆူ၏ ပလ္လင်ပေါ်၌ " ယေဓမ္မာ " ဂါထာတော် တစ်စိတ်တစ်ဒေသကို ရေးထိုးထားလေသည်။ ရေးထိုးထားသော အက္ခရာပုံပန်းမှာ ဂုပ္တအက္ခရာနှင့် ဆင်သည်။ ရေးထိုးထားသော အက္ခရာများအနက် ဟ အက္ခရာ၏ ပုံပန်းအနေအထားထူးခြားချက်မှာ အောက်ခြေရှိ ချိတ်သဖွယ်အကောက်ကလေးသည် လက်ဝဲဖက်သို့လှည့်နေသောကြောင့် ဖြဟ္မီအက္ခရာ လ နှင့် ဆင်တူခြင်းပင်ဖြစ်သည်။ ဤကဲ့သို့သော အက္ခရာပုံစံများကို ရခိုင်တိုင်း ဝေသာလီမြို့ဟောင်းတွင်ရှိသော ကျောက်စေတီယံ၏အောက်ခြေမှကမ္ပည်းစာတန်းတွင်လည်းကောင်း၊ ကျောက်တော်မြို့အနီး တောင်တန်းပေါ်၌တည်ထားသော စေတီတော်တစ်ဆူအတွင်းရှိ ဆင်းတုတော်တစ်ဆူ၏ စမ္မခဏ်တွင် ရေးထိုးထားသော ကမ္ပည်းစာတန်းတွင်လည်းကောင်း တွေ့မြင်လေ့လာနိုင်ပါသည်။ ** ဤနေရာတွင် ကြားညှပ်မှတ်သားရန် အချက်တစ်ချက်မှာ ကျောက်တော်မြို့အနီး စေတီတော်အတွင်းရှိ ဆင်းတုတော်၏ စမ္မခဏ်တွင် ရေးထိုးထားသော ကမ္ပည်းစာတန်းကို ယခုအခါတွင် အင်္ဂတေများ ဖုံးအုပ်သွားသောကြောင့် မတွေ့မြင်နိုင်တော့ကြောင်းဟူသော အချက်ပင်ဖြစ်သည်။ သို့သော် ယင်းကမ္ပည်းစာတန်းကို ဒေါက်တာဖို ချား မား ရေးသားပြုစုခဲ့သော ရခိုင်အမည်ရှိသည့် စာအုပ်တွင် တွေ့မြင်နိုင်ပါသေးသည်။ *** ယင်းမဏိတော်ကျိုးဆင်းတုတော်၏ ပလ္လင်တွင် ရေးထိုးထားသော ဂါထာတော်သည် ပါဠိဘာသာဖြင့် ရေးထိုးသည်မဟုတ်ဘဲ သက္ကဋဘာသာဖြင့် ရေးထိုးထားကြောင်း တွေ့ရသည်။

အလားတူ ဆင်းတုတော်တစ်ဆူကို မြင်ဗာဟုစေတီတော် ဌာပနာတိုက်အတွင်း၌ ခရစ်သက္ကရာဇ် ၁၉၃၄ ခုနှစ်တွင် တွေ့ရှိရဖူးသည်။ ယင်းဆင်းတုတော်၏ပလ္လင်၌ မြောက်ပိုင်းဂုပ္တ အက္ခရာဖြင့် " ယေဓမ္မာ ဟေတု " ဟု ဂါထာတော်၏အစပိုင်းကို ရေးထိုးထားကြောင်း တွေ့ရပါသည်။****

---

* ibid. ( 1910-11 ), p.89.

** ibid ( 1928-29 ), p.108, Pl.LI b.

*** Forchammer, Pl. VII, 14.

**** ASI ( 1934-35 ), p,47. PL XXII i.

သရေခေတ္တရာတွင် တွေ့ရှိရသော အုတ်ခွက်ဆင်းတုများ၏ ကျောဖက်တွင်လည်း ပိဋကတ်တော် ကောက်နုတ်ချက်များကို မကြာမကြာ ဖတ်ရှုရသည်။ ခရစ်သက္ကရာဇ် ၁၉၂၈ – ၂၉ ခုနှစ်အတွင်း ဖျိုးခင်းကြီးကုန်းမှ တူးဖော်တွေ့ရှိသော အုတ်ခွက်ဆင်းတုတော်တစ်ဆူ၏ ကျောဖက်တွင် " ကုသလာ ( ဓမ္မာ အကု ) သလာဓမ္မာ " စသော ပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားသည်။* ယင်းကုန်းမှပင် ရသော အခြားအုတ်ခွက် ဆင်းတုတော် တစ်ဆူ၏ ကျောဖက်တွင်မူ " (အဓိ ) ပဋိပစ္စယော အနန္တရပစ္စယော " ဟု ရေးထိုးထားသည်ကို တွေ့ရသည်။**

ပိဋကတ်တော် ကောက်နုတ်ချက်များကို အုတ်ခွက်ဆင်းတုများ၏ မျက်နှာဖက်တွင်လည်း ဖတ်ရှုနိုင်သည်။ မျက်နှာဖက်တွင်ပါရှိသော ပိဋကတ်တော်ကောက်နုတ်ချက်များမှာ လက်ဖြင့်ရေးထိုးထားသည် မဟုတ်ပေ။ ညှပ်ပုံတွင် တစ်ပါတည်း ရေးထိုးထားပြီးဖြစ်၏။ အတွေ့မြင်ရဆုံးသော ပိဋကတ်တော်ကောက်နုတ်ချက်မှာ " ယေဓမ္မာ " ဂါထာတော်ပင် ဖြစ်သည်။ ဤဂါထာတော်ကို ရှေးဟောင်း ဒေဝနာဂရီအက္ခရာဖြင့် ပုံနှိပ်လေ့ရှိကြ၏။ အချို့ အုတ်ခွက်ဆင်းတုများတွင် တွေ့မြင်ဖတ်ရှုရသော " ယေဓမ္မာ " ဂါထာတော်သည် ပါဠိသက္ကဋနှစ်ဘာသာ ရောပြွမ်းနေသည်ကိုလည်း သတိထားနိုင်သည်။

ခရစ်သက္ကရာဇ် ၁၉၆၆–ခုနှစ်တွင် ရွှေတံခါးမြို့ဝင်ပေါက်အနီး မော်ဇာ အမှတ် သုံးကုန်းမှ တူးဖော်တွေ့ရှိရသော အုတ်ခွက်ဆင်းတုတစ်ဆူ၏ မျက်နှာဘက်တွင် " သင်္ခါရာပစ္စယာဝိညာဏံ " အစရှိသော ပဋိစ္စသမုပ္ပါဒ် ပါဠိတော် ကောက်နုတ်ချက်ရေးထိုးထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် အုတ်ခွက်ဆင်းတုများ၏ မျက်နှာဘက်တွင် " ယေဓမ္မာ " ဂါထာတော်ကိုသာ တွေ့နိုင်သည်မဟုတ်ဟု မှတ်သားရပါသည်။

သရေခေတ္တရာတွင်တွေ့ရသော ပိဋကတ်တော်ကောက်နုတ်ချက်များကို ချုံ၍လေ့လာလျှင် သုတ္တပိဋက၊ ဝိနယပိဋက၊ အဘိဓမ္မပိဋကစသော ပိဋကတ်သုံးပုံစလုံးမှပင် ပါဝင်ကြောင်း တွေ့မြင်နိုင်သည်။

သရေခေတ္တရာတွင် အသုံးပြုခဲ့သော ပျူအက္ခရာသည် ဗြဟ္မီအက္ခရာမှ ရှေ့လျှောဆင်းသက်လာသော အက္ခရာဖြစ်၏။ ပျူတို့အသုံးပြုခဲ့သော အက္ခရာများသည် အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းအက္ခရာများဖြစ်သဖြင့် ပျူတို့သည် အက္ခရာနှင့်တကွ စာရေးခြင်းအတတ်ပညာကို အိန္ဒိယပြည်တောင်ပိုင်းနှင့် ကူးလူးဆက်ဆံရာမှရခဲ့သည်ဟု ယုံကြည်ရပါသည်။ သရေခေတ္တရာတွင်တွေ့ရသမျှ ပျူစာများအနက် ရှေးအကျဆုံးစာကို ခင်ဘကုန်းမှရသော ငွေဗောဓိပလ္လင်ပိုင်းအောက်ခြေတွင် တွေ့မြင်နိုင်သည်။ ယင်းအက္ခရာသည် ခရစ်သက္ကရာဇ် ၅ရာစုနှစ်ကအက္ခရာဖြစ်သဖြင့် ပျူတို့သည် ခရစ်သက္ကရာဇ် ၅ရာစုနှစ်တွင် စာပေအရေးအသားကို ပိုင်ဆိုင်နေပြီ ဖြစ် ကြောင်း ခိုင်ခိုင်မာမာ သိရပါသည်။ ***

ခင်ဘကုန်း ငွေဗောဓိပလ္လင်ပိုင်းအခြေပတ်လည်ရှိ စာသည် ပျူစာသက်သက်ဖြစ်၏။ ပျူဘာသာစာပေသည် ခရစ်သက္ကရာဇ် ၁၁ ရာစုနောက်ပိုင်းမှစ၍ တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ဘာသာစာပေဖြစ်၍ ငွေဗောဓိပလ္လင်ပိုင်းအခြေက စာကို တိတိကျကျ စိတ်ကျေနပ်ဖွယ်ဖြစ်အောင် ပြန်ဆိုနိုင်ရန်များစွာ ကြိုးပမ်းရဦးမည် ဖြစ်ပေသည်။ သို့သော် ယင်းကမ္ပည်းစာတွင် ကောင်းမှုရှင်နှစ်ဦး၏ ဘွဲ့အမည်များကို သတိပြုမှတ်သားရန်ရှိပါသည်။ ထိုဘွဲ့မည်များမှာ " ၐြီပြဘုဝါမ "" န " နှင့် " ၐြီပြဘုဒေဝိ " တို့ ဖြစ်ကြသည်။ ယင်းအလှူရှင်နှစ်ဦးသည်ကားသရေခေတ္တရာပြည်ကြီး၏ အချုပ်အချာမင်းနှင့်မိဖုရားတို့ ဖြစ်ဟန်ရှိသည်။ မင်း၏

---

* ASI ( 1928–29 ), p. 107. PL LII b.

** ibid, ( 1928–29 ), p. 107.

*** မြ ( ကျမ်းကိုး ၂ )၊ စာမျက်နှာ ၁၆။



ဓာတ်ပုံ ၆။ ။ ဝင်းသကျုန်းရှိသော ရွှေဘောဇိတ္တဗွင်ကြွတ်တခုံး၏ နှုတ်ခမ်းတင်တည်၌ရှိ ကျောက်စာများ



ဘွဲ့တော်နောက်ပိုင်းဖြစ်သော "ဝါမိန သည် စိတ်ဝင်စားဖွယ်ရာ ဖြစ်၏။ အိန္ဒိယပြည် တောင်ပိုင်းတွင် အုပ်စိုးသွားသော မင်း၏ဘွဲ့တော်၌ "ဝရ်မန် "နှင့်ဆုံးသောဘွဲ့များကို တွေ့ရတတ်သည်။ သို့သော် မြန်မာရာဇဝင်ကျမ်းများ၌ "ဝရ်မန် "နှင့်ဆုံးသော သရေခေတ္တရာမင်းများ၏ ဘွဲ့တော်ကို လုံးဝမတွေ့ရပေ။*

အခြားပျူကမ္ပည်းစာပါသော ရှေးဟောင်းပစ္စည်းများမှာ ၁၉၁၁-၁၂ခုနှစ်အတွင်း ဘုရားကြီးစေတီ၏တောင်ဘက် ကိုက် ၂၀၀ ခန့်အကွာတွင် တူးဖော်တွေ့ရှိရသော ကျောက်အရိုးအိုးကြီးများပင် ဖြစ်သည်။ ** ယင်းအရိုးအိုးရှိ ကမ္ပည်းစာများကို ဒေါက်တာစီအိုဗလက်ဒင်သည် အပတ်တကုတ် ကြိုးစားဖတ်ရှုခဲ့ရပါသည်။ အဆိုပါပညာရှင်၏ လေ့လာဖတ်ရှုချက်မှာ အောက်ပါအတိုင်းဖြစ်၏။ +

၃၅ ခုနှစ်တွင်၊ သူရိယဝိကြမမင်း၏၊ ဆွေမျိုးတော်များ၊ ကွယ်လွန်သည်။
၅၀ ပြည့်နှစ် ၅ လတွင်၊ သူရိယဝိကြမမင်း၊
နတ်ရွာစံသည်၊ သက်တော် ၆၄ နှစ်။
၅၇ ခုနှစ်၊ ၂ လ ၂၄ ရက်နေ့တွင်၊ ဟရိဝိကြမမင်း၊ နတ်ရွာစံသည်၊
သက်တော်၊ ၄၁ နှစ်၊ ၇ လနှင့် ၉ ရက်။
၈၀ပြည့်နှစ်၊ ၂လ၊ ၄ ရက်နေ့တွင် သီဟဝိကြမမင်း၊ နတ်ရွာစံသည်၊
သက်တော်၊ ၄၄ နှစ်၊ ၉ လနှင့်အရက် ၂၀။

အထက်ပါ အရိုးအိုးကြီးလေးလုံးအနက် အမှတ်စဉ်တစ်ဖြစ်သောအရိုးအိုးရှိ ကမ္ပည်းစာကို " သူရိယဝိကြမမင်း၏ဆွေတော်မျိုးတော်များ " ဟု ဒေါက်တာဗလက်ဒင်ကဖတ်ရှုခဲ့သော်လည်း " မိဖုရား "ဟု အနက်ရသော ပျူဝေါဟာရ " ဥဝေါ "ကို တွေ့မြင်နိုင်ပါသေးသည်။ ယင်းအရိုးအိုးနှင့်ပတ်သက်သော ထူးခြားချက်တစ်ရပ်လည်းရှိသည်။ ထိုအချက်မှာ ယင်းအရိုးအိုး၏အောက်ခြေဘက်တွင် ပျူစာများရေးထိုးပါရှိခြင်းပင် ဖြစ်သည်။ ယင်းကမ္ပည်းစာများကို မူလက အလွန်ထုထည်ကြီးမားသော ကျောက်တုံးတွင် ရေးထိုးထားခဲ့လေသည်။ ထိုနောက် ယင်းကျောက်တုံးကြီးကို အရိုးအိုးထွင်းရာတွင် ကမ္ပည်းစာများကို အရိုးအိုး၏အောက်ပိုင်း၌ထားလိုက်သည်။ ထို့ကြောင့် ကမ္ပည်းစာကြောင်းများသည် မပြည့်မစုံဖြစ်နေခြင်းဖြစ်သည်။ နှုတ်ခမ်းသားတစ်လျှောက်တွင်လည်း ကျောက်သားကို ဆစ်ရာတွင် ပါမသွားပဲ ကြွင်းကျန်ရစ်သောစာလုံးအပိုင်းအပြတ်များကို တွေ့ရသည်။ ယင်းကမ္ပည်းစာကြောင်းများမှာ အရေအတွက်အားဖြင့် ခုနစ်ကြောင်းရှိသည်။

---

* ASI ( 1926 - 27 ), P 176 , pl. XXVIII C.

** ibid ( 1911-12 ), P. 147, Pl. LXIX.

\+ Ep. Ind. XII, pp. 127-132.

အငြိမ်းစားကျောက်စာဝန် သီရိပျံချီ ဦးမြသည် ယင်းပျူအရိုးအိုးများရှိ ကမ္ပည်းစာများကို လေ့လာဆန်းစစ်ပြီးလျှင် ခရစ်သက္ကရာဇ် ၇ ရာစုနှင့် ၈ ရာစုအတွင်းဟု ခေတ်ကို သတ်မှတ်ခဲ့သည်။

ယင်းပျူအရိုးအိုးများရှိကမ္ပည်းစာများကို ရှေးဦးဖတ်ရှုသူ ဒေါက်တာဗလက်ဒင်သည် သူရိယဝိကြမမင်း၏ ဆွေတော်မျိုးတော်များ ကွယ်လွန်သောနှစ်ကို ခရစ်သက္ကရာဇ် ၆၇၃၊ သူရိယ ဝိကြမမင်းနတ်ရွာစံသောနှစ်ကို ခရစ်သက္ကရာဇ် ၆၈၈၊ ဟရိဝိကြမမင်း နတ်ရွာစံသောနှစ်ကို ခရစ်သက္ကရာဇ် ၆၉၅၊ သီဟဝိကြမမင်းနတ်ရွာစံသောနှစ်ကို ခရစ်သက္ကရာဇ် ၇၁၈ စသည်ဖြင့် မြန်မာသက္ကရာဇ်ကို အခြေခံကာ ပြောင်းလဲပေးခဲ့သည်။ ပြောင်းလဲပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။ သကနှစ်သည် ခရစ်နှစ်ထက် ၇၈၃ ငယ်၏။ သို့ဖြစ်၍ သကနှစ်ကို ခရစ်နှစ်သို့ ပြောင်းလဲလိုလျှင် ၇၈၃ ထပ်ပေါင်းရသည်။ သကနှစ်ကို ရှာရန်မှာ ရောက်ဆဲ ကောဇာနှစ်ကို ဖြိုထားသော ဆေပဥ္စ ကိန်း ၅၆၀ ကို ထပ်ပေါင်းရသည်။ ဒေါက်တာဗလက်ဒင်သည် ပျူအရိုးအိုးများရှိ ဂဏန်းအမှတ်အသားများကို ကောဇာနှစ်ဖြစ်သည်ဟုကား မဆိုခဲ့ပေ။ သို့သော် အဆင်ပြေမှုအတွက် ( ၅၆၀ + ၇၈ = ၆၃၈ ) ကိုယူကာ ပျူအရိုးအိုးများရှိ ခုနှစ်များကိုပေါင်း၍ ခရစ်သက္ကရာဇ်များသို့ ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

ကျောက်အိုးများ၏ပတ်လည်တွင်သာ ကမ္ပည်းစာများကို တွေ့မြင်လေ့လာနိုင်သည် မဟုတ်သေး။ မြေအရိုးအိုးတစ်လုံး၏ ပတ်လည်တွင်လည်း ပျူကမ္ပည်းစာများ ရေးထိုးထားသည်ကို တွေ့နိုင်သည်။ မြေအရိုးအိုးသည် အမြင့် ၁ ပေ ၆ လက်မခန့်၊ လုံးပတ် ၃ ပေ ၁၀ လက်မခန့်ရှိ၏။ ယင်းမြေအရိုးအိုးကို မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်၌ ပြသထားသည်။

အခြား အရေးပါအရာရောက်သော ပျူစာပါသည့် ရှေးဟောင်းပစ္စည်း တစ်ခုမှာ ကန်ဝက်ခေါင်ကုန်းတွင် တူးဖော်တွေ့ရှိသော မဏိတော်ကျိုး ကျောက်ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ ဖြစ်သည်။ ယင်းရုပ်ပွားတော်၏ ပလ္လင်ပတ်လည် မျက်နှာလေးဖက်စလုံး၌ ပျူစာနှင့်သက္ကဋစာတို့ကို ရောစပ်လျက် ရေးထိုးထား၏။ ဆင်းတုတော်သည် ဗျာနမုဒြာဟန်ဖြင့် ထက်ဝယ်ဖွဲ့ခွေ နေတော်မူဟန် ဖြစ်သည်။ ပလ္လင်၌ ရေးထိုးထားသော သက္ကဋစာပိုဒ်များသည် အများအားဖြင့် စာလုံးနှစ်လုံးသာပါသော စာပိုဒ်တိုတိုတောင်းတောင်းများ ဖြစ်ကြသည်။ ရေးထိုးထားသော အက္ခရာသည် အိန္ဒိယပြည်တောင်ပိုင်းအက္ခရာ ဖြစ်သော်လည်း သက္ကဋစာပိုဒ်က အချို့စာလုံးများမှာ ခရစ်သက္ကရာဇ် ခုနစ်–ရှစ် ရာစုနှစ် ဂုပ္တ အက္ခရာများနှင့် ဆက်နွယ်နေကြောင်း သိရပါသည်။ *

ယင်းဆင်းတုတော် ပလ္လင်ပတ်လည်တွင် ရေးထိုးထားသောကမ္ပည်းစာကို အိန္ဒိယနိုင်ငံ ကမ္ပည်းကျောက်စာဝန် **မစ္စတာ ကေ၊ အင်၊ ဒင်ကရှစ်** [၄] က ဖတ်ရှုပါသည်။ ယင်းဖတ်ရှုချက်မှာ ဇယစန္ဒြဝရ်မန် မင်းသားက ဆင်းတုတော်ကို ထုလုပ်စေသည့် အကြောင်းကို မှတ်တမ်းတင်ထားခြင်းဟု ဆိုပါသည်။ ထိုကမ္ပည်းစာတွင် ဇယစန္ဒြဝရ်မန်နှင့် ဟရိဝိကြ မင်းသား ညီနောင်တို့သည် တစ်နေ့တည်းမှာပင် မြို့တော်နှစ်မြို့ကို တည်ထောင်ကြောင်း၊ မင်းသားညီနောင်နှစ်ပါးတို့သည် ဂုဟဒီပဆရာတော်၏ အဆုံးအမ ဩဝါဒကိုခံယူကာ ချစ်ခင်ရင်းနှီးစွာနေထိုင်ကြောင်း စသည်ဖြင့်ပါရှိသည်ဟု ဆိုပါသည်။**

လုံးဝမဖတ်ရှု မလေ့လာရသေးသော ပျူကျောက်စာတစ်ချပ်မှာ ခရစ်သက္ကရာဇ် ၁၉၃၄ ခုနှစ်အတွင်းက ဘောဘောကြီးစေတီ၏ စေတီပျက် သုံးဆူအနက် တစ်ဆူအတွင်းမှ ရရှိသော ကျောက်ချပ်ပင် ဖြစ်သည်။ ယင်းကျောက်စာ၏ထိပ်ပိုင်း သင်ပုန်းခေါင်းတွင် မုတ်ဝယ်ကလေး ထွင်းလုပ်ထား၏။ မုတ်ဝယ်အတွင်း၌ မြတ်စွာဘုရားရှင်သည် ဗျာနမုဒြာဟန်ဖြင့် တင်ပျဉ်ခွေစံပယ်နေသည်ကို တွေ့ရပါသည်။ မြတ်စွာဘုရားရှင်အား သာဝကနှစ်ပါးက ရှိခိုးလျက် ခြံရံနေသည်။ မြတ်စွာဘုရားရှင်နှင့် သာဝကနှစ်ပါး၏ မျက်လုံးတော်များနေရာတွင် ရှေးအခါက ကျောက်မျက်ရတနာများ မြှုပ်နှံထားဟန် ရှိသည်။ ယခုအခါတွင်မူကား မျက်အိမ်တွင် ပလာဖြစ်လျက် ရှိသည်။ ဤကျောက်ပြားတွင် ရေးထိုးပါရှိသော ဘာသာမှာ အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်းအက္ခရာဖြင့် ရေးသားထားသော ပျူဘာသာနှင့် သက္ကဋဘာသာတို့ ဖြစ်ကြသည်။ စာကြောင်းတစ်ကြောင်းတည်းမှာပင် ပျူနှင့်သက္ကဋတွဲလျက် ရေးထိုးထား၏။ ***

သက္ကဋသက်သက်ဖြင့် ရေးထိုးထားသော ကမ္ပည်းစာကို မှော်ဇာမြို့ ဗိဿနိုးမြို့ဟောင်း အနောက်မြောက်ထောင့်မှရသော အုတ်ပြားပေါ်တွင် တွေ့မြင်ဖတ်ရှုရသည်။ ယင်းအုတ်ပြားသည် အလျား ၁၃ လက်မ၊ အနံ ၇ လက်မ၊ ထု ၄ လက်မရှိသော အုတ်ခဲကျိုးဖြစ်၏။ ထိုအုတ်ခဲကျိုးပေါ်တွင် အိန္ဒိယပြည်မြောက်ပိုင်း အက္ခရာဖြင့် ရေးထိုးထားသော သက္ကဋစာကြောင်း သုံးကြောင်းတွေ့ရသည်။ စာကြောင်းများ

---

* *ASI* ( 1927 – 28 ), p,129, Pl. LIV h.

၄ Dikshit, K.N. * Luce ( *1960* ), *p*, *311.*

** Luce ( 1960 ), p 311

*** ASI ( 1934– 35 ), *pp, 45 – 46*, Pl. XXII a.

မှာ များစွာပျက်စီးနေ၏။ ပထမစာကြောင်း အလယ်လောက်တွင် " **အနုရာဓ** " ဟူ၍လည်းကောင်း၊ ဒုတိယစာကြောင်းအလယ်တွင် " **စတု** " ဟူ၍လည်းကောင်း၊ တတိယစာကြောင်းအဆုံးနားတွင် " **မာန်** " ဟူ၍လည်းကောင်း ဖတ်ရှုရပါသည်။ ယင်းအုတ်ခဲရှိစာသည် ရခိုင်တိုင်း ဝေသာလီမြို့ဟောင်း ဝန္တိတောင် မှရသော ကြေးခေါင်းလောင်းစာနှင့် တစ်ခေတ်တည်းဖြစ်၍ ခရစ်သက္ကရာဇ် ခြောက်ရာစုနှစ် အရေးအသား ဖြစ်သည်ဟု ခန့်မှန်းရပါသည်။*

သရေခေတ္တရာ၌ နောက်ဆုံးတွေ့ရှိသော ကျောက်စာတိုင်မှာ ၁၉၆၆ ခု ဖေဖော်ဝါရီလအတွင်း မှော်ဇာမြို့ မင်းတဲကုန်းတွင် တူးဖော်တွေ့ရှိသော ရှစ်မြောင့်ကျောက်စာတိုင်ဖြစ်၏။ ယင်းကျောက်စာတိုင် သည် ရှစ်မျက်နှာရှိသည်အနက် ငါးမျက်နှာတွင် ကမ္ပည်းစာများ တစ်ဆက်တည်း ရေးထိုးထားသည်။ ထို ကမ္ပည်းစာများသည် ပျူဘာသာသက်သက်ဖြစ်မည်ဟု မှန်းဆရပါသည်။ စာကြောင်းရေ ၂၄ ကြောင်းပါ ရှိသည့်အနက် အထက်ပိုင်းရှိ အက္ခရာစာလုံးများသည် မေးမှိန်ပျက်စီးပြုန်းတီးနေပြီဖြစ်သဖြင့် အောက်ခြေ ရှိ အချို့အက္ခရာစာလုံးများကို ဖတ်ရှုနိုင်ပါတော့သည်။

ရာသီဥတုဒဏ်ကြောင့် မေးမှိန်ပျက်စီးသွားသဖြင့် လုံး၀ ဖတ်ရှု၍ မရတော့သော အက္ခရာများမှာ ဘဲဘဲဂူဘုရားအတွင်း ကျောက်ရုပ်ကြွအောက်ခြေရှိ စာကြောင်း၊ မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်ရှိ ကျောက်ပလ္လင်ရှိ စာကြောင်းများ၊ ကျောက်ကာသိမ်အတွင်း ကျောက်ချပ်ကြီးပေါ်ရှိ စာကြောင်းတို့ ဖြစ်ကြပါသည်။**

ပျူစာပေများကို တွေ့မြင်ဖတ်ရှုနိုင်သော အခြားနေရာမှာ သရေခေတ္တရာ အုတ်ခွက်များ၏ ကြွေဖက် ပင်ဖြစ်ပါသည်။ ယင်းပျူစာများမှာ ဝါကျတိုကလေးများဖြစ်သော်လည်း လုံးစေ့ပါဒ်စေ့ နားလည်ရန် မလွယ်ကူသေးပါ။ သို့သော် မွန်မြန်မာ လက်ရေးစာပါ အုတ်ခွက်ဆင်းတုများကဲ့သို့ပင် အလှူရှင်၏ ကုသိုလ်ကောင်းမှုကို မှတ်တမ်းတင်ထားခြင်းပင် ဖြစ်တန်ရာပါသည်။ သရေခေတ္တရာတွင် တွေ့ရသော အုတ်ခွက်တစ်ဆူ၏ကြွေဖက်၌ –

" . ဖ = တြဥ
. ညြိဖ = ဆော
. ယံတြ ဟုဒြမြဥဖု
. ဖံ = သွသ့ တ္မကို = "

ဟု ရေးထိုးထားသည်ကို တွေ့ရပါသည်။*** အထက်ပါ အက္ခရာတို့မှာ မူရင်းပျူဘာသာမှ မြန်မာဘာ သာသို့ အက္ခရာဖလှယ်ထားခြင်းဖြစ်ပါသည်။ ၁၉၂၈ ခုနှစ်အတွင်း ပိျုးခင်းကြီးကုန်းမှရသော အုတ်ခွက် တစ်ဆူ၏ ကြွေဖက်တွင် တွေ့ရှိရသည့် ပျူစာကို မြန်မာအက္ခရာဖြင့် ဖလှယ်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။ ****

" ဗံးရ = ဗံးဒံးဗုည
ဗိး ဗိယံ ? "

---

* ရှေးဟောင်းနှစ်ချုပ် ( ၁၉၅၉–၆၀ )၊ စာမျက်နှာ ၂၂၊ ပုံ ၁၀။
** ASI ( 1909 – 10 ) , p. 120, Pi, L 2.
*** မြ ( ၁၉၆၁) ဒုတိယတွဲ၊ စာမျက်နှာ ၃၁၊ ပုံ ၆၀။
**** ယင်း စာမျက်နှာ ၃၁၊ ပုံ ၆၁ က။



ဓာတ်ပုံ ၈။ ဘုရားကြီးစေတီအနီးမှရသော ပျူကျောက်အရိုးအိုးမတ်လည်ရှိကမ္ပည်းစာ။



အထက်ပါပျူစာတွင် " ဖံး၊ ဗိး၊ ဗုည " ဟူသော ပျူဝေါဟာရများကို တွေ့မြင် ဖတ်ရှုရပါသည်။ " ဖံး " ဟူသော ပျူဝေါဟာရသည် " အရှင် " ဟူသော အဓိပ္ပာယ်ကို ဆောင်၏။ ဘုရားရှင်၊ ရဟန်းတော်၊ ဘုရင်၊ မိဖုရားစသော ဝေါဟာရများရှေ့တွင်ထား၍ သုံးစွဲလေ့ရှိသော ဝေါဟာရဖြစ်သည်။ သရေခေတ္တရာနှင့် ဟန်လင်းရှိ ပျူကျောက်စာများတွင် " တ္ဒး ဖံး " ဟူ၍ ရေးထိုးထားသည်ကို တွေ့ရတတ်သည်။ မြန်မာရာဇဝင် ကျမ်းများတွင်လာသော " ဒွတ္တပေါင် " ဟူသောအမည်သည် အထက်ပါ ပျူဝေါဟာရ " တ္ဒး ဖံး " မှ လာခြင်း ဖြစ်သည်။ " ဗုည " မှာပါဠိဝေါဟာရ " ပုည " ဖြစ်ကြောင်း မြင်လွယ်ပါသည်။ " ဗိး " ဆိုသော ဝေါဟာရသည် " ဖြစ်၊ပြီး " ဟူသောအနက်ကိုဆောင်သည့် ကြိယာဖြစ်ကြောင်း မြစေတီပျူ ကျောက်စာကို ထောက်၍ သိရပါသည်။ အားလုံးကိုချုံ့လိုက်လျှင် " ဤကား အရှင်ရ နှင့် အရှင်ဒံးတို့၏ ကောင်းမှု ဖြစ်သည် " ဟု ကောက်ယူနိုင်ပါသည်။ ကောင်းမှုရှင်၏ အမည်နာမများ ရေးထိုးထားသော အုတ်ခွက်ဆင်းတုများကိုလည်း တွေ့ရပါသေးသည်။

အထက်ပါ လက်ရေးစာများအပြင် ညှပ်ပုံ၌ သွန်းလုပ်ရေးထွင်းထားသော ပျူစာတန်းများကိုလည်း ရံဖန်ရံခါ တွေ့ရတတ်သေးသည်။ မှော်ဇာရွာအနီး ငါးရှဉ့်ကုန်းမှရသော အုတ်ခွက်တစ်ခုတွင် ပလ္လင်၏အောက်ခြေ၌ ပျူစာတစ်ကြောင်း ပုံနှိပ်ပါရှိ၏။ ယင်းပျူစာကို အုတ်ခွက်၏မျက်နှာဖက် မြတ်စွာဘုရားရှင် စံပယ်တော်မူနေသော ပလ္လင်၏အောက်ခြေတွင်ပုံနှိပ်ထားသဖြင့် မြတ်စွာဘုရားရှင်ကို တစ်နည်းမဟုတ်တစ်နည်း ရည်ရွယ်ဆိုလိုကြောင်းကား ရိပ်မိနိုင်ပါသည်။ ထိုပျူစာကို မြန်မာအက္ခရာဖြင့် ဖလှယ်လျှင် အောက်ပါ အတိုင်းဖြစ်ပါသည်။

" ဖံးရော စော ယဲ စော "

အထက်ပါစာတွင် " ဖံး " နှင့် " စော " ဟူသော ဝေါဟာရနှစ်ခု ပါဝင်ကြောင်း တွေ့ရပါသည်။ " ဖံး " ဟူသောဝေါဟာရသည် ဆိုခဲ့ပြီးသည့်အတိုင်း မြင့်မြတ်သောပုဂ္ဂိုလ် တို့၏ ဘွဲ့နာမရှေ့တွင်ထားသော ဝေါဟာရဖြစ်၏။ " စော " ဟူသောဝေါဟာရမှာ မြန်မာဘာသာရှိ " မင်းစော " " အမိပုရှာစော " " မြတ်ရှင်စော " ဟူသောပုဒ်တို့တွင်ပါသည့် " စော " နှင့်နီးစပ်သည်ဟု ယူဆရန်ရှိသည်။ အားလုံးကိုချုံ့လိုက်လျှင် " မင်းတို့၏ မင်းဖြစ်သောအရှင် " ဟု ကောက်ယူနိုင်အံ့ထင်သည်။ ပါဠိဘာသာ " ရာဇာဓိရာဇာ " ဟူသည့်ဘွဲ့နှင့် နီးစပ်မည်ဟုလည်း ထင်ရပါသည်။ တစ်နည်းအားဖြင့် " ဖံး " ဟူသောဝေါဟာရ၏ နောက်ဝေါဟာရကို " ရာစော " ဟူ၍ တစ်ပိုဒ် " ယဲ စော " ဟူ၍ တစ်ပိုဒ် ခွဲခြား၍လည်း လေ့လာနိုင်ပါသေးသည်။ ယင်းပုဒ်တို့သည် ပါဠိ ဝေါဟာရ " ရာဇာ " မှ ပျက်ပြားလာသော ဝေါဟာရများဖြစ်သည်ဟုလည်း ထင်မြင်စဉ်းစားနိုင်ပါသည်။ ထိုအချိန်က သရေခေတ္တရာ၌ ပါဠိထွန်းကားသော်လည်း ပျူတို့ကမူ ပါဠိဘွဲ့များကို မိမိတို့၏ နှုတ်လျှာဖြင့် ရွတ်ရဆိုရကောင်းအောင် ခေါ်ဝေါ်တတ်ကြောင်းကို ငွေဗော်မိပလ္လင်ဝိုင်းရှိ " ဂေါဒမ၊ ကဿဗ၊ ဂဂုသံဓ၊ ဂေါဏဂရ်မဏ၊ ဂသဗ၊ မဥလန " စသည့် ပါဠိပျက်များကို ထောက်၍ နားလည်နိုင်သည်။

ဘုရားကြီးစေတီ၏ ပစ္စယာပေါ်၌ ရှင်းလင်းတူးဖော်ရာမှ တွေ့ရှိသော အုတ်ခွက်ဆင်းတုတစ်ဆူ၏ မျက်နှာဖက် ဘောင်ပတ်လည်တွင်လည်း ပျူစာများရေးထိုးထားသည်ကို တွေ့နိုင်ပါသေးသည်။

---

* ယင်း စာမျက်နှာ ၁၅– ၁၆၊ ပုံ ၁၂။ အလားတူအုတ်ခွက်ဆင်းတုများကို ဘုရားကြီးစေတီအနီး၌လည်းတွေ့ရသည်။ ရှေးဟောင်းနှစ်ချုပ် ( ၁၉၅၇–၅၈ )၊ စာမျက်နှာ ၂၀ တွင်ရှု။ ဤအုတ်ခွက်ဆင်းတုကို ခရစ်သက္ကရာဇ် ၆ ရာစုနှင့် ၇ ရာစုနှစ်အတွင်းဟု ခန့်မှန်းထားပါသည်။

သရေခေတ္တရာမှ နောက်ဆုံးတွေ့ရှိရသော ပျူစာပါသည့် အုတ်ခွက်တစ်ခုသည် အလျား ၈ လက်မခွဲ၊ အနံ ၄လက်မခွဲရှိ၏။ ယင်းအုတ်ခွက်၏ မျက်နှာဖက်တွင် အခြားအုတ်ခွက်များကဲ့သို့ ရုပ်ပွားတော်များ ခတ်နှိပ်ထားခြင်း မရှိပေ။ သို့သော် ကြောဖက်တွင်မူ ပျူစာလေးကြောင်း ရေးထိုးထားသည်ကိုလည်း တွေ့ရသည်။ ထိပ်ပိုင်းတွင် ကျိုးပြတ်နေသဖြင့် မူလကစာကြောင်းရေမည်မျှရှိသည်ကိုမူ မသိနိုင်တော့ပေ။

အခြား မှတ်သားဖွယ်ကောင်းသော ပျူစာရေးထွင်းထားသည့် ရှေးဟောင်းပစ္စည်းတစ်ခုမှာ ဖိုးခင်းကြီးကုန်းမှ တူးဖော်ရရှိသော ဘဲဥပုံပယင်းတုံးကလေး ဖြစ်၏။ ယင်းပယင်းတုံးပေါ်တွင်ရှေးဟောင်းအိန္ဒိယပြည် တောင်ပိုင်းအက္ခရာဖြင့် ပျူစာလေးလုံး ရေးထိုးထားသည်ကို တွေ့ရ၏။

မြန်မာပြည်တွင် တွေ့ရသော ပျူစာများအနက် နောက်အကျဆုံး ပျူစာသည် ကျန်စစ်သားမင်းကြီး နတ်ရွာစံပြီးနောက် သားတော်ရာဇကုမာရ် ရေးထိုးခဲ့သော မြစေတီပျူကျောက်စာပင်ဖြစ်၏။ ဤအချက်ကိုထောက်ထားခြင်းအားဖြင့် သရေခေတ္တရာပြည်ကြီး ပျက်စီးတိမ်ကောသွားသည့်နောက်ပိုင်းတွင် ပျူစာပေသည် ဆက်လက်တည်တံ့မြဲ တည်တံ့လျက်ပင်ရှိသေးကြောင်း သိရပါသည်။ ယင်းမြစေတီပျူကျောက်စာကို မှီငြမ်းပြုကာ ဒေါက်တာစီအိုဗလက်ဒင်သည် တိမ်မြုပ်ပျောက်ကွယ်နေသော ပျူဝေါဟာရ အချို့အဝက်ကို စွမ်းစွမ်းတမံ ဖော်ထုတ်နိုင်ခဲ့လေသည်။ ဘာသာစကားအနေဖြင့် ပျူဘာသာသည် တိဗက် မြန်မာအနွယ်အဝင်ဖြစ်သည်မှာ ထင်ရှား၏။ ပျူဘာသာသည် မြန်မာဘာသာကဲ့သို့ပင် လုံးချင်းဘာသာစကား ဖြစ်သည်။ မြန်မာဘာသာနှင့်လည်း အတော်အသင့် နီးစပ်သည် "ကျေးဖူး" "မယား" "သား" "တိုင်းပြည်" စသော ဝေါဟာရများတွင် မြန်မာဝေါဟာရများနှင့် တထေ၀တည်း တူညီပါသည်။ ပျူဘာသာတွင်လည်း သက္ကတနှင့် ပါဠိသက်ဝေါဟာရများကို တွေ့ရသဖြင့် ပျူတို့သည် မိမိတို့ဝေါဟာရ ကြွယ်ဝစေရန် သက္ကတ ဘာသာခြား စကားများကို မွေးစားယူငင်တတ်ကြောင်း နားလည်ရပါသည်။

## ကျောက်ဆစ်လက်ရာများ

သရေခေတ္တရာပြည်ကြီး အထွတ်အထိပ် ရောက်နေသောအချိန်တွင် အဆင့်အတန်းမြင့်မားနေသည့် သုခုမအနုပညာရပ်များအနက် ပန်းတမော့ခေါ်ကျောက်ဆစ်ပညာသည်လည်း အပါအဝင်ဖြစ်၏။ ပျူတို့သည် ပန်းတမော့ပညာရပ်တွင် ကျွမ်းကျင်လိမ္မာကြောင်းကို တစ်ခဲနက်ကျောက်ဖြင့်ပြီးသော ကျောက်ဆစ်လက်ရာ အကြွင်းအကျန်များကို လေ့လာခြင်းဖြင့် သိနိုင်ပေသည်။ သရေခေတ္တရာ၌ တွေ့ရှိသော ကျောက်ဆစ်လက်ရာများကို အကြမ်းအားဖြင့် အောက်ပါအတိုင်း ခွဲခြားလေ့လာနိုင်သည်။

(က) ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တုများ
(ခ) ဟိန္ဒူ ဘာသာဆိုင်ရာ ရုပ်တုများ
(ဂ) ပရိဘောဂ အသုံးအဆောင်များ
(ဃ) စိတ်ကူးယဉ် ရုပ်တုများ

### (က) ဗုဒ္ဓဘာသာဆိုင်ရာရုပ်တုများ

သရေခေတ္တရာခေတ် ကျောက်ဆစ်ပညာတွင် အိန္ဒိယပြည် ကျောက်ဆစ်ပညာမှာကဲ့သို့ပင် ဘာသာရေး ဦးတည်မှုရှိသည်။ သရေခေတ္တရာ၌တွေ့ရသော ကျောက်ဆစ်လက်ရာများသည် ယေဘုယျအားဖြင့် ဗုဒ္ဓဘာသာ ကို အမှီပြုကြသော အနုပညာအသီးအပွင့်များဖြစ်ကြသည်။ ပျူကျောက်ဆစ် ပညာရှင်တို့သည်

ဗုဒ္ဓရုပ်ပွားတော်များကို ထုလုပ်ရာတွင် ယေဘုယျအားဖြင့် ကျောက်ချပ်ပေါ်၌ အကြွဖော်တတ်သည်။ သရေခေတ္တရာ၌ ဆင်းတုတော်ရုပ်လုံးများကို တွေ့ရတတ်သော်လည်း အရေအတွက်အားဖြင့်ကား နည်းပါးလှပါသည်။ သရေခေတ္တရာရှိ ရုပ်ပွားတော်များသည် အမိုးအကာမရှိပဲ ရာသီဥတု၏ဒဏ်ကို နှစ်ပေါင်းများစွာ ခံလာခဲ့ရသဖြင့် ကျောက်သားများ ကွဲအက်ကွာကျကာ ရုပ်အင်္ဂါ မပီသမစုံလင်သည်ကများကြပါသည်။ ထို့ကြောင့် မည်သည့်ကျောက်ဆစ်လက်ရာ ဗုဒ္ဓရုပ်ပွားတော်သည် ရှေးအကျဆုံးဖြစ်မည်ကို ခန့်မှန်းရန် လွယ်ကူသည် မဟုတ်ပေ။

သရေခေတ္တရာတွင်တွေ့ရသော ဗုဒ္ဓရုပ်ပွားတော်များကိုလေ့လာလျှင် ပုံစံအဆင်အပြင်မှစ၍ အမျိုးမျိုးတွေ့နိုင်သည်။ တင်ပျဉ်ခွေရုပ်ပွားတော်များကို သီးသန့်လေ့လာလျှင်ပင် ပုံစံအဆင်အပြင် အမျိုးမျိုး တွေ့ရသည်။

ဘောဘောကြီးစေတီအနီး၌ ၁၉၀၈ ခုနှစ်အတွင်းက တွေ့ရှိရသော ကျောက်ချပ်တွင် မြတ်စွာဘုရားရှင်သည် ပြော့ပလ္လင်ပေါ်၌ ခြေတော်ကိုထပ်လျက် တင်ပျဉ်ခွေကာ စံပယ်တော်မူနေသည်ကို တွေ့ရသည်။ လက်တော်နှစ်ဖက်ကိုဆက်လျက် ဈာနမုဒြာဟန်ဖြင့် တွေ့ရသည်။ လက်တော်ပေါ်၌ သပိတ်တော်ကိုတင်ထား၏။ ဆင်းတုတော်၏ယာဖက်တွင် သာဝကတစ်ဦး တင်ပျဉ်ခွေလျက်ထိုင်နေသည်။ ထိုသာဝက၏ ပုံတော်ကို မြတ်စွာဘုရားအား ရှိခိုးနေဟန် ထုလုပ်မထားခြင်းမှာ ထူးခြားသည်ဟု ဆိုရမည်ဖြစ်ပါသည်။ ထိုသာဝက၏မျက်နှာသည် လုံးဝပျက်စီးနေပြီဖြစ်သည်။ ဘယ်ဘက်တွင်မူကား သာဝက၏ရုပ်ကြွကို မတွေ့မြင်ရတော့ပေ။ သို့ရာတွင် မူလကရှိခဲ့ကြောင်းညွှန်ပြသည့် လက်ရာအကြွင်းအကျန် အစအနများကိုကား တွေ့နိုင်ပါသေးသည်။ *

ကျောက်ကာသိမ်နှင့်မှော်ဇာအရှေ့ကျောင်းအတွင်း၌ တွေ့ရသောကျောက်ချပ်ကြီးများတွင် အလယ်၌ မြတ်စွာဘုရားသခင်သည် တင်ပျဉ်ခွေကာ လက်တော်ဗယ်တင်ညာချလျက် ဘူမိဖဿမုဒြာဟန်ဖြင့် စံပယ်တော်မူနေသည်ကို တွေ့ရသည်။ မြတ်စွာဘုရားရှင်၏ ဘေးတစ်ဖက်တစ်ချက်တွင် တင်ပျဉ်ခွေကာ မြတ်စွာဘုရားအား လက်အုပ်ချီနေသော သာဝကတစ်ပါးစီရှိကြသည်။ အနုစိတ်လက်ရာများကိုမူ မတွေ့နိုင်တော့ပေ။

ဘဲဘဲဂူဘုရား၌ရှိသော ကျောက်ချပ်တွင် မြတ်စွာဘုရားရှင်သည် ကြာနှစ်ထပ်ပလ္လင်ပေါ်၌ ခြေတော်ကို ထပ်လျက် တင်ပျဉ်ခွေထိုင်တော်မူပြီးလျှင် လက်တော်ညာတင် ဘယ်ချဟန်ဖြင့် စံပယ်တော်မူနေသည်ကို တွေ့ရသည်။ မြတ်စွာဘုရားရှင်၏ ဝဲယာတစ်ဘက်တစ်ချက်တွင် တင်ပျဉ်ခွေထိုင်ကာ မြတ်စွာဘုရားအား လက်အုပ်ချီလျက် ရှိခိုးနေသော သာဝကနှစ်ပါးရှိ၏။ မြတ်စွာဘုရားရှင်နှင့် သာဝကနှစ်ပါးတို့၏ မျက်နှာပုံပန်းသည် မွန်ကိုလ်လိုက်အနွယ်ဝင်တို့၏ မျက်နှာပုံပန်းနှင့်တူကြောင်းသတိမူနိုင်ပါသည်။ မူလကယင်းဆင်းတုတော်အောက်ခြေတွင် ပျူစာတစ်ကြောင်းပါရှိသည်ကို ကွယ်လွန်သူ ပြင်သစ်စစ်ဗိုလ်ကြီးလီယွန်ဒီဗဲလီယေ က တွေ့ရှိခဲ့လေသည်။ **

အရှေ့ဈေးဂူအတွင်းမှတွေ့ရသော ကျောက်ချပ်တွင် အကန့်နှစ်ကန့်ခြားထားရာ အထက်ခန်းတွင် မြတ်စွာဘုရားရှင်သည် ခြေတော်နှစ်ထက်ကိုထပ်လျက် တင်ပျဉ်ခွေစံပယ်နေတော်မူနေသည်ကို တွေ့ရပါသည်။ မြတ်စွာဘုရားရှင်၏ဘယ်ဘက်လက်သည် ဘယ်ဘက်ဒူးပေါ်တွင်တင်လျက်ရှိ၏။ ညာဘက်လက်တော်

---

* ASI ( 1909-10 ), Pl. XLVII 5.

** ibid, p. 120

မှာမူ မူလကအထက်သို့ မြောက်နေဟန်ရှိသည်။ သို့သော် ယင်းညာလက်တော်သည် တံတောင်ဆစ်မှစ၍ ပြတ်လျက်ရှိသည်။ မျက်နှာတော်မှာ အလွှာလိုက်ကွာကျလျက်ရှိသည်။ မြတ်စွာဘုရားရှင်၏ ဝဲဘက် ယာဘက်တွင် မကိုဋ်ဆောင်းဗောဓိသတ္တ နှစ်ပါးရပ်လျက်ရှိသည်။ အောက်ခန်း၏အလယ်ဗဟို၌ စကြာဟုထင်ရသော အရာဝတ္ထုတစ်ခုရှိ၏။ ယင်းအရာဝတ္ထု၏ ဘေးတစ်ဖက်တစ်ချက်တွင် ဝပ်နေသော သမင်တစ်ကောင်စီရှိသည်။ ထိုသမင်များ၏ဘေးတွင် တင်ပျဉ်ခွေထိုင်ကာ မြတ်စွာဘုရားရှင်အား လက်အုပ်ချီလျက်ရှိခိုးနေသော ပုဂ္ဂိုလ်နှစ်ဦးစီရှိသည်။ ညာဘက်ပုဂ္ဂိုလ်နှစ်ဦးသည် ဦးပြည်းများနှင့်ဖြစ်သဖြင့် ရဟန်းတော်များဟု ယုံကြည်ရပါသည်။ ဘယ်ဘက်အစွန်ရှိ ပုဂ္ဂိုလ်နှစ်ဦး၏ဦးခေါင်းတွင် ရောင်ထုံး သို့မဟုတ် မကိုဋ်များကို တွေ့ရသဖြင့် ဝတ်ကြောင်များဖြစ်သည်မှာ ထင်ရှားပါသည်။ ယင်းကျောက်ချပ်ကိုခြုံ၍လေ့လာလျှင် မြတ်စွာဘုရားရှင်သည် မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦးဟောတော်မူအခန်းကို ထုလုပ်ထားသည်ဟု ယုံကြည်ရပါသည်။ *

ဤကျောက်ချပ်နှင့်ပတ်သက်၍ တစ်ချိန်က အိန္ဒိယနိုင်ငံရှေးဟောင်းသုတေသနမင်းကြီးချုပ် ဖြစ်သူ ဆာဂျွန်မာရှယ် က "ဤဆင်းတုတော်သည် အိန္ဒိယပြည်မြောက်ပိုင်း ဂုပ္တ လက်ရာ၏ဟန်ကို ယူဟန်တူကြောင်း ဤဆင်းတုတော်ကို ခရစ်သက္ကရာဇ် ခုနစ်ရာစုနှစ်၊ သို့မဟုတ် ယင်းထက်ရှေးကျသော ခေတ်က ပစ္စည်းဟု သတ်မှတ်ကြောင်း" မှတ်ချက်ချထားလေသည်။**

မြတ်စွာဘုရားရှင်ကို ဘုရားလောင်းများ ခြံရံနေသော ရုပ်ကြွဖော်ကျောက်ပြား တစ်ချပ်ကို လေးမျက်နှာစေတီတောင်ဘက်မုခ် ဗဟိုအုတ်တိုင်နံရံတွင် တွေ့မြင်နိုင်ပါသည်။ ယင်း၏ကျောက်ချပ်တွင် မြတ်စွာဘုရားရှင်သည် ခြေတော်ကိုထပ်လျက် တင်ပျဉ်ခွေထိုင်တော်မူနေသည်ကို တွေ့နိုင်ပါသည်။ မြတ်စွာဘုရားရှင်သည် ဘယ်လက်တော်ကို ဘယ်ဘက်ဒူးပေါ် တင်ထားပြီးလျှင် ညာလက်တော်ကိုမူ ထပ်ထားသောခြေနှစ်ခုပေါ်တွင် တင်ထားသည်။ ဤကျောက်ချပ်၏အထက်ပိုင်းပဲ့သွားသဖြင့် မြတ်စွာဘုရားရှင်၏ မကိုဋ်တော်ပိုင်းနှင့် ဘယ်ဘက်ရှိ ရုပ်တုတော်တစ်ခြမ်း ပါသွားလေသည်။ ညာဘက်ရှိ ရုပ်တုတော်မှာ မြတ်စွာဘုရားအသွင်ဆောင်ထားသော အရိမေတ္တေယျဘုရားလောင်း ဖြစ်၏။ ဘယ်ဘက်ရှိ ရုပ်ပွားတော်မှာ အပြည့်အစုံမဟုတ်တော့သဖြင့် အဝလောကိတေသွာရ ဘုရားလောင်းဟု မှတ်ထင်ရပါသည်။ ***

လေးမျက်နှာစေတီ အနောက်ဘက်မျက်နှာ ကျောက်ချပ်ပေါ်ရှိ မြတ်စွာဘုရားရှင်သည် တောင်ဘက်နံရံကျောက်ချပ်ပေါ်ရှိဗုဒ္ဓဆင်းတုတော်နှင့် တစ်ပုံစံတည်း စံပယ်တော်မူသည်ကိုတွေ့ရသည်။ ခြားနားချက်တစ်ခုမှာ တောင်ဘက်ကျောက်ချပ်ရှိ ဗုဒ္ဓရုပ်ပွားတော်သည် ခြေတော်နှစ်ဖက်ကိုထပ်လျက် တင်ပျဉ်ခွေစံပယ်တော်မူနေသော်လည်း အနောက်ဘက်ကျောက်ချပ်ရှိ ဗုဒ္ဓရုပ်ပွားတော်မှာ ခြေတော်နှစ်ဖက်ကိုမထပ်ဘဲ ညာခြေဖဝါးတော်ကို ဘယ်ခြေဖမိုးတော်နှင့်ကပ်ကာ စံပယ်တော်မူနေခြင်းပင်ဖြစ်သည်။ ယင်းဆင်းတုတော်၏ ဝဲယာတစ်ဖက်တစ်ချက်တွင် စေတီတော်တစ်ဆူစီရံလျက်ရှိ၏။ စေတီရံကလေးများ၏ပုံစံသည် ဘုရားကြီးစေတီ၊ ဘုရားမာစေတီတို့၏ပုံစံနှင့် ဆင်တူကြောင်းတွေ့ရသည်။ မြတ်စွာဘုရားရှင်၏ ဝဲယာနှစ်ဖက်တွင် သာဝကနှစ်ပါးအစား ဘုရားလောင်းဗောဓိသတ္တ၊ သို့မဟုတ် စေတီရံများ ဝင်ရောက်နေသည်ကို သတိပြုရန်ဖြစ်ပါသည်။

---

* ibid, pp. 116-117, Pl. XLVII 4. ** ibid ( 1907-08 ), p. 42.

*** ibid ( 1909-10 ), p. 120, Pl. XLVII 6.

ဤရုပ်ကြွနှင့်ပတ်သက်၍ အငြိမ်းစားကျောက်စာဝန် သီရိပျံချီ ဦးမြ ရေးသားပြုစုသော History Of Buddhism in Burma ( A Brief Outline ) p.9.တွင်လည်းရှု။





အထက်ပါရုပ်ကြွများနှင့် ပုံစံအဆင်အပြင်ချင်းမတူသော ရုပ်ကြွဖော်ကျောက်ပြားတစ်ချပ်မှာ ဖိုးခေါင်ကန်ကုန်းတွင်ရှိသော ကျောက်ချပ်ပင် ဖြစ်၏။ ထိုကျောက်ချပ်သည် အလျား၉ပေ၊ အနံ ၆ပေ ရှိသည်။ ကျောက်ချပ်ပေါ်တွင် မြတ်စွာဘုရားရှင်သည် လေးမျက်နှာစေတီအတွင်း၌ တွေ့မြင်ရသော ဗုဒ္ဓရုပ်ပွားတော်တို့၏ ပုံစံအတိုင်း တင်ပျဉ်ခွေကာ စံပယ်တော်မူနေသည်။ မျက်နှာတော်မှာ ပျက်စီးနေပြီ ဖြစ်သည်။ မြတ်စွာဘုရား၏ညာဘက်တွင် မြတ်စွာဘုရားရှင်အား လက်အုပ်ချီနေသော မကိုဋ်ဆောင်းနတ်သားနှစ်ပါးရှိသည်။ ဘယ်ဘက်တွင် မတ်တပ်ရပ်နေသော ပုဂ္ဂိုလ်သုံးဦးကို တွေ့နိုင်သည်။ ဘယ်ဘက်အစွန်ဆုံး ပုဂ္ဂိုလ်နှစ်ဦးကို ပြင်သစ်ပညာရှင် လီယွန်ဒီဗဲလီယေဇာ ဣန္ဒာနှင့် ဝဇီရပါဏိ ဟု ခေါ်ဆိုထားလေသည်။ * လက်ယာဘက်ထိပ်တွင် ဒေဝဏ္ဏရာနတ်ဟု ထင်ရသော ရုပ်ကြွရှိ၏။ ယင်းကျောက်ချပ်၏ ဘယ်ဘက်ထိပ်ကား ကျိုးပဲ့ပျက်စီးနေပေပြီ။

အထက်တွင်ဖော်ပြပြီးသော တင်ပျဉ်ခွေကျောက်ရုပ်ပွားတော်များကိုလေ့လာလျှင် တစ်ဆူနှင့်တစ်ဆူ ပုံစံ၊ အဆင်အပြင်၊ အခနအထားမှစ၍ ကွဲကွဲပြားပြားခြားနားကြကြောင်း သိနိုင်သည်။ အခြားတင်ပျဉ်ခွေ ကျောက်ဗုဒ္ဓရုပ်ပွားတော်များ ရှိသေးသော်လည်း များစွာကျယ်ဝန်းနေမည်စိုး၍ ချန်လှပ်ထားခဲ့ပါသည်။

သရေခေတ္တရာတွင် တွေ့ရသောဗုဒ္ဓဘာသာနှင့် ပတ်သက်နီးနွယ်နေသည့် ကျောက်ဆစ်လက်ရာအချို့မှာ မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်များကို ထုလုပ်ထားသော ကျောက်ဆစ် လက်ရာများ ဖြစ်သည်။ ၁၉၃၈-၃၉ ခုနှစ်အတွင်း သရေခေတ္တရာမြို့တွင်းမှရရှိသော ကျောက်ပြားတစ်ချပ်ပေါ်တွင် မြတ်စွာဘုရားရှင်၏ အောင်ခြင်းရှစ်ပါးအနက် နာဠာဂီရိဆင် အောင်မြင်တော်မူခန်း ထွင်းလုပ်ထားသည်ကို လေ့လာနိုင်သည်။ **ယင်းကျောက်ပြားပေါ်တွင် မြတ်စွာဘုရားရှင်သည် ရဟန်းနှစ်ပါးခြံရံကာ ရာဇဂြိုဟ်ပြည်အတွင်း၌ ဆွမ်းခံလှည့်လည်တော်မူဟန် ထုလုပ်ထားသည်။ ဤကျောက်ပြား၌ မြတ်စွာဘုရားရှင်သည် ညာလက်တော်ကို အောက်သို့ချထား၏။ ဘယ်လက်တော်ကိုမူ ရင်ဝတွင်ကပ်ထားသည်။ ဘယ်ဘက်အောက်ခြေတွင် ဝပ်နေသော နာဠာဂီရိဆင်ပြောင်ကြီး နှာမောင်း မြှောက်ချီထားဟန်နှင့် နိမ့်ချဦးညွှတ်နေဟန် နှစ်မျိုး ထုလုပ်ထားသည်ကို တွေ့နိုင်သည်။

ထိုနှစ်အတွင်းတွင်တွေ့ရှိသော ကျောက်ပြားတစ်ချပ်တွင်မူ မယ်တော်မာယာဒေဝီ ဖွားတော်မူခန်းသရုပ်ဖော်ထားသည်ကို တွေ့ရသည်။ ***မယ်တော်မာယာဒေဝီသည် ရပ်လျက် ညာလက်ဖြင့် အင်ကြင်းခက်ကို ကိုင်ပြီးလျှင် ဘယ်လက်ဖြင့် ညီမတော် ပဇာပတိဂေါတမီကို အားပြုသည့်အနေဖြင့် ဖက်တွယ်ထားသည်။ မယ်တော်မာယာ၏ညာဖက်ဘေးတွင် ဘုရားလောင်း ရပ်လျက်နေတော်မူသည် တွေ့နိုင်သည်။ လုလင်ပျို အရွယ်ရှိသော ဘုရားလောင်းသည် ဝတ်စားတန်ဆာပြည့်စုံစွာ ဝတ်ဆင်လျက် လက်တော်နှစ်ဖက်ကို ရင်တွင် အပ်ထားသည်။ ယင်း ရုပ်ကြွ မျက်နှာတော်များသည် မွန်ဂိုလွိုက် အနွယ်ဝင်တို့၏ မျက်နှာပုံပန်းမျိုး ဖြစ်ကြောင်း သတိပြုနိုင်ပါသည်။

---

* ibid, p. 117, Pl. XLVII i.

** ASB ( 1938-39 ), pp. 7-8, Pl. III b.

*** ibid, p.8, Pl. III c.

မြတ်စွာဘုရားရှင်၏ ဖြစ်တော်စဉ်ကို သရုပ်ဖော်ထားသော အခြား ကျောက်ပြားတစ်ချပ်ကို ၁၉၃၉-၄၀ ပြည့်နှစ် အတွင်းတွင် တွေ့ရပြန်ပါသည်။ * ယင်းကျောက်ပြားတွင် ကြာနှစ်ထပ် ပလ္လင်ပေါ်၌ မြတ်စွာဘုရားရှင် ခြေတော်ချိတ်လျက် တင်ပျဉ်ခွေစံပယ်တော်မူနေဟန်ကို တွေ့နိုင်ပါသည်။ ကြာနှစ်ထပ် ပလ္လင်ဟုဆိုရသော်လည်း ပျောင်းနွဲ့သော ရိုးတံနှင့်တကွ ကြာပန်းခိုင်သဖွယ် ပြုလုပ်ထားသည်ကို မြင်ရပါသည်။ မြတ်စွာဘုရားရှင်၏လက်တော်နှစ်ဖက်သည် ရင်ဝသို့ကပ်ကာ တရားတည်းဟူသောစကြာကို လှည့်နေသည့်အသွင် ဓမ္မစကြာမုဒြာဟန် ပြုလုပ်ထားသည်။ မြတ်စွာဘုရားရှင်၏ ဝဲယာတစ်ဖက် တစ်ချက်တွင် ပုဆစ်တုတ်လျက် ရှိသေစွာ တရားနာယူနေသော ပဥ္စဝဂ္ဂီနှစ်ပါးကို မြင်နိုင်ပါသည်။ အောက်ခန်း ကြာပလ္လင်၏ အောက်တည့်တည့်တွင် စကြာရှိ၏။ ယင်းစကြာကို သမင်နှစ်ကောင်က ဘေးတစ်ဖက်တစ်ချက်က ရံလျက်ရှိသည်။ ညာဘက်အစွန်ဆုံးတွင် သိကြားမင်းသည် လက်အုပ်ချီလျက် ရှိသေစွာ တရားနာယူနေသည်။ ဘယ်ဘက်အစွန်တွင် ခေါင်းသုံးလုံးနှင့်ဗြဟ္မာကြီးသည် လက်အုပ်ချီလျက် တရားနာယူနေသည်ကို တွေ့ရသည်။

အထက်ပါ ဗုဒ္ဓဝင်ခန်းကျောက်ချပ်များကို ပုဂံခေတ် ဗုဒ္ဓဝင်ကျောက်ချပ်များ၏ ရှေ့ပြေးဟု ခေါ်ဆိုသင့်၏။ သရေခေတ္တရာ၌တွေ့ရသော ဖွားတော်မူခန်းကျောက်ချပ်ကို ပုဂံမြို့၊ အာနန္ဒာဘုရား အတွင်း၌ရှိသော ဖွားတော်မူခန်းကျောက်ချပ်နှင့် နှိုင်းယှဉ်လေ့လာသင့်သည်။ ဖော်ပြပြီးသော ဗုဒ္ဓဝင်ခန်းကျောက်ချပ်များအပြင် အခြားဗုဒ္ဓဝင်ခန်းကျောက်ရုပ်ကြွများလည်း ရှိပါသေးသည်။ သရေခေတ္တရာရှိ ဗုဒ္ဓဝင်ကျောက်ချပ်များတွင် ပျူအငွေ့အသက် ဝင်ရောက်နေသည်ကို လေ့လာနိုင်သည်။ ဖွားတော်မူခန်းလာ မယ်တော်မာယာနှင့် ညီမတော်ပဇာပတိဂေါတမီတို့၏မျက်နှာသည် မွန်ဂိုလွိုက်အနွယ်ဝင်အမျိုးသမီးတို့၏ မျက်နှာမျိုးဖြစ်သည်။ ဓမ္မစကြာဟောတော်မူခန်းတွင် ပဥ္စဝဂ္ဂီများတရားနာနေဟန်မှာ ခေတ်ဦးပိုင်းရုပ်ကြွများတွင် မကြာမကြာတွေ့ရသကဲ့သို့ အိန္ဒိယမူဟန်အတိုင်း တင်ပျဉ်ခွေထိုင်နေဟန်မျိုး မဟုတ်ပဲ ပုဆစ်တုတ်လျက် ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်နေဟန်ဖြစ်သည်ကို တွေ့ရသည်။

ဗုဒ္ဓဘာသာဆိုင်ရာ ပျူကျောက်ဆစ်လက်ရာများတွင် မဟာယာဉ်ဂိုဏ်းဆိုင်ရာ ဗောဓိသတ္တဘုရားလောင်းရုပ်တုများကိုလည်း တွေ့မြင်လေ့လာနိုင်သည်။ ၁၉၂၆ ခုနှစ်တွင် သရေခေတ္တရာမြို့ဟောင်း အတွင်း၌ တွေ့ရှိသောကျောက်ဆစ်လက်ရာတစ်ခုမှာ ဗောဓိသတ္တဘုရားလောင်း ရုပ်ကြွပင်ဖြစ်သည်။ ယင်း ရုပ်ကြွသည် အပိုင်းပိုင်းပြတ်နေ၏။ ကြွင်းကျန်ရစ်သမျှ ကျောက်ပြားကို တိုင်းထွာကြည့်ရာ အမြင့် ၆ပေ ၃လက်မ အကျယ် ၄ပေ ၂လက်မ ရှိသည်ကို တွေ့ရသည်။ ယင်းရုပ်တုသည် များစွာပျက်စီးနေပြီဖြစ်သော်လည်း ဗောဓိသတ္တဘုရားလောင်းဖြစ်ကြောင်း သိနိုင်ပါသေးသည်။ ဗောဓိသတ္တဘုရားလောင်းသည် စလစ်များတပ်ဆင်ထားသော လိုဏ်အတွင်းရှိ ပလ္လင်ပေါ်၌ ညာဒူးကိုထောင်ကာ ဘယ်ခြေကို တွဲလွဲချလျက် ထိုင်နေသည်။ ဘယ်လက်ကို ဘယ်ဒူးပေါ်တွင် တင်ထား၏။ ညာဘက်လက်သည်မူကား ပျောက်ဆုံးနေပြီ။ ဘုရားလောင်းသည် မကိုဋ်၊ လက်စည်း၊ ခြေကျင်း စသည်တို့ အပြည့်အစုံ ဆင်မြန်းထားသည်ကို တွေ့နိုင်သည်။ **

မဟာယာဉ်ဂိုဏ်းဆိုင်ရာ အခြားနတ်သမီးရုပ်တစ်ခုကို ရွှေတံခါးမြို့ဝင်ပေါက်အနီးရှိ အဆောက်အအုံ အတွင်းမှ ရရှိသည်။ ယင်းရုပ်ကြွဖော်ထားသော ကျောက်ပြားသည် အလျား ၆ပေ ၉လက်မ၊ အနံ ၃ ပေ ၄ လက်မ ထု ၁ပေ ၁လက်မ ရှိသည်။ နှစ်ပိုင်းလည်း ပြတ်နေသည်။ အဆိုပါကျောက်ပြားပေါ်တွင် လိုဏ်ဂူအတွင်းရှိ နတ်သမီးရုပ်သည် ဘေးစောင်းဒူးတုတ်ထိုင်လျက် ရှေ့တည့်တည့်သို့မျက်နှာမူနေသည်။ နတ်သမီး

* ibid ( 1939-40 ), pp. 12-13, PL II d.

** ASI ( 1926-27 ), p. 183.



ဓာတ်ပုံ ၁၂။ ။ အရှေ့ဈေးဂူအတွင်းရှိရသော ဗုဒ္ဓဆင်းတုပါကျောက်ချပ်။

သည် ယာလက်ကိုထောက်လျက် ဝဲလက်ကို အထက်သို့ မြှောက်ထားသည်။ ဝဲလက်အတွင်း၌ လုံတံနှင့်တူသောအရာဝတ္ထုကို ကိုင်ဆောင်ထား၏ နတ်သမီးရုပ်၏ ဝဲဘက်တွင်တစ်ယောက်၊ ယာဘက်တွင် တစ်ယောက် ပေါင်း အခြွေအရံ နှစ်ယောက်ရှိသည်။ အောက်ခန်းတွင် ဒူးတုတ် လက်ယှက်လျက် အရိုအသေပြုနေသော အခြွေအရံ လေးဦးကိုလည်းကောင်း၊ ယင်းတို့၏အောက်တွင် သွားဖြဲလျက် ဒူးထုတ်နေသော ဘီလူးမ အခြွေအရံ ခြောက်ဦးကိုလည်းကောင်း တွေ့နိုင်သည်။

## ( ခ ) ဟိန္ဒူဘာသာဆိုင်ရာရုပ်တုများ

သရေခေတ္တရာမြို့ဟောင်းအတွင်းမှ တူးဖော်တွေ့ရှိသော ကျောက်ဆစ်လက်ရာများတွင် ဟိန္ဒူဘာသာနှင့် စပ်ဆိုင်သော ရုပ်တုများကိုလည်း တွေ့ရသည်။ ယင်းဟိန္ဒူနတ်ရုပ်များကို အထောက်အထားပြု၍ သရေခေတ္တရာ၌ ထွန်းကားခဲ့သော ဟိန္ဒူဘာသာသည် ဗိဿနိုးနတ်မင်းကြီးကို ကိုးကွယ်ဆည်းကပ်သော ဂိုဏ်းဖြစ်ကြောင်း နားလည်ရသည်။ သရေခေတ္တရာမြို့ဟောင်းအတွင်း၌ တွေ့ရှိသော ကျောက်ချပ်တစ်ချပ်ကို လေ့လာလျှင် ဘေးချင်းယှဉ်ရပ်နေသော ရုပ်ကြွနှစ်ရုပ်ကိုတွေ့နိုင်သည်။ ညာဘက်တွင်ရှိသောရုပ်ကြွမှာ ဗိဿနိုးနတ်မင်းကြီးပင် ဖြစ်သည်။ ဗိဿနိုးနတ်မင်းကြီးသည် အမြီးနှင့်တောင်ပံကို ဖြန့်ထားသော စီးတော်ယာဉ် ဂဠုန်ငှက်ပေါ်တွင် မတ်တတ်ရပ်နေသည်။ ဂဠုန်ငှက်၏ ဦးခေါင်းနှင့် လည်ပင်းတို့ကို မတွေ့နိုင်တော့သော်လည်း ကြွင်းကျန်ရစ်သော အစိတ်အပိုင်းများကို လေ့လာခြင်းဖြင့် ဂဠုန်ငှက်ဖြစ်ကြောင်းကား သိနိုင်ပါသေးသည်။ ဘယ်ဘက်တွင်မူ ကြာပွင့်ပေါ်တွင် မတ်တတ်ရပ်နေသော လက္ခမီနတ်သမီးကို တွေ့နိုင်သည်။ အထက်ပါကျောက်ချပ်၏ ထိပ်ပိုင်းသည် ကျိုးပဲ့နေပြီဖြစ်ရာ ဗိဿနိုးနတ်မင်းကြီးနှင့် ကြင်ရာတော် လက္ခမီနတ်သမီးတို့၏ ဦးခေါင်းပိုင်းများအပြင် ဗိဿနိုးနတ်မင်းကြီး၏ ညာဘက်လက်တစ်ဖက်၏ အပေါ်ပိုင်းပါ ကျိုးပဲ့ရာတွင်ပါသွားကြောင်း တွေ့ရသည်။ ယင်းသို့ပျက်စီးချို့ယွင်းသွားသော်လည်း အရုပ်နှစ်ရုပ်စလုံးမှာ အခြေအနေကောင်းမွန်လျက်ပင် ရှိပါသေးသည်။ ဗိဿနိုးနတ်မင်းကြီးတွင် လက်လေးဖက်ရှိသည့်အနက် ရင်ဝယ်အပ်ထားသော ညာဘက်လက်တစ်ဘက်အတွင်း၌ ဗီလ်ဗ သို့မဟုတ် မာတုလိင်္ဂကို တွေ့ရသည်။ အပေါ်သို့မြှောက်ထားသော ဘယ်ဘက်လက်သည် စကြာလက်နက်ကို စွဲကိုင်ထား၏။ အောက်ချထားသော ကျန်လက်ကမူ ကျိုင်းကို ကိုင်ဆောင်ထားသည်။ ကျိုးပဲ့ရာတွင်ပါသွားသော ညာဘက်လက်သည် မူလက ခရုသင်းကို စွဲကိုင်ထားသည်ဟု ယုံကြည်ရသည်။ လက္ခမီနတ်သမီးတွင် လက်နှစ်ဘက်ရှိသည့်အနက် မခုံးဆီသို့မြှောက်ထားသော ညာဘက်လက်အတွင်း၌ ကြာပန်းစည်းဟု မှတ်ထင်ရသော အရာကို တွေ့မြင်ရသည်။*

သရေခေတ္တရာမြို့ဟောင်းအတွင်း ကုလားကန်ရုန်းရွာအနီးမှရသော ကျောက်ပြားတစ်ချပ်တွင်လည်း ဗိဿနိုးနတ်မင်းကြီးကို အတောင်ပံဖြန့်ကားနေ( ထား )သော စီးတော်ယာဉ် ဂဠုန်ငှက်ပေါ်တွင် မတ်တတ်ရပ်နေသည်ကိုတွေ့ရသည်။ ထိုဗိဿနိုးနတ်ရုပ်တွင်လည်း လက်လေးဘက်ရှိရာ အပေါ်သို့မြှောက်ထားသော လက်နှစ်ချောင်းအနက် ညာဘက်လက်တွင် ခရုသင်း၊ ဘယ်ဘက်လက်တွင် စကြာလက်နက်စသည်တို့ကို ကိုင်စွဲထားသည်။ ရင်ဝတွင်ကပ်ထားသော လက်အတွင်း၌ ဗီလ်ဗ သို့မဟုတ် မာတုလိင်္ဂကို တွေ့မြင်ရ၏။ ကျန်တစ်ဖက်ကမူ ကျိုင်းကို ကိုင်စွဲထားကြောင်း တွေ့ရသည်။ စီးတော်ယာဉ် ဂဠုန်ငှက်မှုကား များစွာ ပျက်စီးနေသဖြင့် အတောင်ပံတစ်ဖက်တည်းကိုသာ တွေ့မြင်နိုင်တော့သည်။**

---

* Ray ( 1932 ), pp. 24-27. ** ASB ( 1920-21 ), p.23,Pl I; Ray ( 1932 ), pp.27-28.




ဓာတ်ပုံ ၁၃။ ။ ကုလားကန်ကုန်းရွာအနီးရရှိသော ဗိဿနိုးနတ်ရုပ်ပါကျောက်ချပ်။



ဓာတ်ပုံ ၁၄။ ။ ဗိဿနိုးမိဖုရားသင်္ချိုင်းရှိ ကျောက်တိုး။





ပုံ ၃။ ။ဆင်မကိုးဝန်တင်ကုန်းမှရသော ကျောက်ပလ္လင်ရှိ ပန်းကြွပုံစံ

အခြားကျောက်ပြားတစ်ချပ်မှာ ဆိုခဲ့ပြီးသောကျောက်ပြားနှင့် များစွာကွဲပြား၏။ ယင်းကျောက်ပြားပေါ်တွင် ဗိဿနိုးနတ်မင်းကြီးသည် ဒူးနှစ်ဘက်ကိုကွေးလျက် မကန်းကောင်၏ကြောကုန်းထက်တွင် လဲလျောင်းနေသည်ကို တွေ့ရသည်။ လဲလျောင်းနေသော ဗိဿနိုးနတ်မင်းကြီး၏ ချက်တော်မှ ကြာပန်းသုံးခိုင်ထွက်လာသည်။ ညာဘက်အစွန်ဆုံး ကြာပန်းပေါ်တွင် ခေါင်းသုံးလုံးရှိသော ဗြဟ္မာကြီးကို တင်ပျဉ်ခွေထိုင်နေဟန် တွေ့ရသည်။ ဗြဟ္မာကြီးတွင် လက်လေးဘက်ရှိ၏။ လက်လေးဘက်တွင် အဆောင်အယောင်များစွဲကိုင်ထားသော ဗိဿနိုးနတ်မင်းကြီးသည် ညာဘက်ဒူးကိုထောင်ကာ ဘယ်ဘက်ဒူးကို လှဲလျက် အလယ်ကြာပန်းပေါ်၌ ထိုင်နေသည်။ ဘယ်ဘက်အစွန်ရှိ ကြာပန်းပေါ်၌မူ လက်လေးဘက်ရှိသော သီဝနတ်မင်းကြီးသည် ဗိဿနိုးနတ်မင်းကြီး၏ ပုံဟန်အတိုင်း ထိုင်နေသည်ကို တွေ့ရသည်။ *

အထက်ပါရုပ်ကြွများအနက် ဗိဿနိုးနတ်မင်းကြီးနှင့် ကြင်ရာတော် လက္ခမီနတ်သမီး စုံတွဲရုပ်ကြွသည် လက်ရာအမြောက်ဆုံး ဖြစ်သည်။ ယင်းရုပ်ကြွတွင် ဂုပ္တလက်ရာများမှကဲ့သို့ ပျော့ပျောင်းခြင်း၊ တင့်တယ်ခြင်းတို့ကား ရှိပါ၏။ သို့သော် သွယ်ပျောင်းသော လက်ခြေများနှင့် အခြားအင်္ဂါရပ်များကို သေချာစေ့စပ်စွာ လေ့လာလျှင် ပလ္လဝလက်ရာနှင့် ပိုမိုနီးစပ်ကြောင်း သိရသည်။ ကျန်ရုပ်ကြွနှစ်ချပ်ကို အသေးစိတ်လေ့လာလျှင် အိန္ဒိယဆန်သင့်သလောက် မဆန်ဘဲရှိသည်ကို တွေ့နိုင်သည်။ ယင်းနတ်ရုပ်များသည် ထိုစဉ်အခါက မြန်မာပြည်တွင် အခြေစိုက်နေကြသော အိန္ဒိယသားများအတွက် ပျူကျောက်ဆစ်ပညာရှင်များက ပြုလုပ်ပေးရသော နတ်ရုပ်များဖြစ်ဟန်တူပါသည်။

အထက်ပါရုပ်ကြွများအပြင် အခြားဟိန္ဒူနတ်ရုပ်များကိုလည်း တွေ့ရှိရသေးသည်။ သို့သော် မြောက်မြောက်မြားမြားကား မဟုတ်ပေ။ အချို့မှာ အစိတ်အပိုင်း အကျိုးအပဲ့များသာ ဖြစ်သည်။

## ( ဂ ) ပရိဘောဂ အသုံးအဆောင်များ

သရေခေတ္တရာပျူတို့သည် ဟန်လင်းပျူ၊ ဗိဿနိုးပျူများကဲ့သို့ပင် သေဆုံးသူ၏ ရုပ်ကလာပ်ကို မီးရှို့ပြာချပြီးနောက် အိုးအတွင်း၌ထည့်၍ မြှုပ်နှံသော အလေ့အထရှိသည်။ ဗိဿနိုးနှင့် ဟန်လင်းမြို့များ၌ မြေဖြင့်ပြုလုပ်ထားသော အရိုးအိုးများကို သုံးစွဲကြသော်လည်း သရေခေတ္တရာ၌မူ ကျောက်ဖြင့်ပြုလုပ်ထားသော အရိုးအိုးများကို သုံးစွဲကြောင်း တွေ့ရသည်။ ကမ္ပည်းစာတန်းများ ရေးထိုးထားသော ကျောက်အရိုးအိုး နှစ်လုံးကို ၁၉၁၁ - ၁၂ ခုနှစ်အတွင်းက တူးဖော်တွေ့ရှိခဲ့သည်။ ယင်းကျောက်အရိုးအိုးနှစ်လုံးသည် အရွယ်တူမဟုတ်ကြပေ။ အိုးကြီးသည် အမြင့် ၃ ပေ ၁ လက်မခွဲ၊ အချင်း ၁ ပေ ၅ လက်မ ရှိ၏။ သရေခေတ္တရာ၌ တူးဖော်တွေ့သော ကျောက်အရိုးအိုးများသည် အရေအတွက် ငါးလုံးရှိ၏။ ယင်းကျောက်အရိုးအိုးငါးလုံးကို မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်၌ ပြသထားသည်။ ယင်းကျောက်အရိုးအိုးငါးလုံးအနက် လေးလုံးသာ ကမ္ပည်းစာတန်းများ ရေးထိုးထားသည်ကို တွေ့ရသည်။ ကမ္ပည်းစာမပါသော ကျောက်အရိုးအိုးကို ဖောင်းရစ်များဖြင့် လှပစွာပြုလုပ်ထားသည်။ အထက်ပါကျောက်အိုး ငါးလုံးစလုံးကို အဆက်အစပ်မပါစေပဲ တစ်ခဲနက်ကြီးမားသော ကျောက်တုံးများမှ ထွင်းလုပ်ထားသည်ကိုလည်း တွေ့ရသည်။ သို့သော် ဗိဿနိုးမိဖုရားသင်္ချိုင်းရှိ ကျောက်အရိုးအိုးများမှာမူ ကျောက်ခွေများပြုလုပ်ပြီး ဆက်စပ်ထားကြောင်း တွေ့ရသည်။

---

* ibid, p.23, Pl I; ibid, pp. 29-30.

အထက်ပါ ကျောက်အရိုးအိုးများအပြင် အခြားကျောက်အရိုးအိုးများလည်း ရှိသေးသည်။ ပျူကျောက်အရိုးအိုးကြီးများကို စတင်တွေ့ရှိသောနှစ်၌ပင် ဗိဿနိုးမြို့နှင့်ပျူတိုက်တို့အနီးအစပ်တွင် ကျောက်ခွက် သို့မဟုတ် ကျောက်အိုးကြီး ခြောက်လုံးကို တွေ့ရှိခဲ့သည်။* ယင်းကျောက်ခွက်တစ်ခွက်စီကို လေ့လာလျှင် အပိုင်းနှစ်ပိုင်းပြုလုပ်ပြီးနောက် ဆက်စပ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ အပေါ်ပိုင်းသည် ပုံစံအပိုင်းဖြစ်၍ သပိတ်နှင့်တူသည်။ အောက်ပိုင်းသည် အဋ္ဌဂံပုံဖြစ်သည်။ အနားတစ်ဘက်လျှင် ၂ပေ ရှည်လျားၾ၏။ ယင်းကျောက်အိုးကြီးများ အနီးအပါးတွင် အဆောက်အအုံတစ်ခုခု၏ ပန္နက်ကိုလည်း မတွေ့ရပေ။ ထို့အပြင် ယင်းကျောက်အရိုးအိုးများကို မြေပေါ်၌တွေ့ရသဖြင့် ယင်းတို့သည် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်းကပ်လှူဒါန်းသော သပိတ်များ မဖြစ်နိုင်သည်မှာ ထင်ရှားပါ၏။

အခြားပျူကျောက်ဆစ်လက်ရာများမှာ တစ်ခဲနက်သော ကျောက်ဖြင့်ပြီးသော ပလ္လင်ကြီးများပင် ဖြစ်သည်။ ၁၉၂၅–၂၆ ခုနှစ်အတွင်း ဆင်မကိုးဝန်တင်ကုန်း၌ တူးဖော်ရာတွင် လေးစိတ်ကွဲနေသော ကျောက်ပလ္လင်တစ်ခုကို တွေ့ရှိခဲ့သည်။ ကျန်ရစ်သော ကျောက်ပလ္လင် အစိတ်အပိုင်းများကို လေ့လာရခြင်းဖြင့် ယင်းပလ္လင်သည် မပျက်စီးမီက ပုံစံအပိုင်းရှိခဲ့ကြောင်း သိရသည်။ ယင်းပလ္လင်သည် အဝန်း ၂၉ ပေ ၁၀ လက်မ၊ အချင်း ၉ ပေ ၆ လက်မ၊ အမြင့် ၂ ပေ ၄ လက်မရှိသည်။ ဘေးပတ်လည်တွင် ပန်းခက်ပန်းနွယ်များကို အကန့်များ အကွက်များဖြင့် လှပစွာဖော်ထားသည်ကို တွေ့ရသည်။** မှော်ဇာမြို့ သီရိခေတ္တရာ ပြတိုက်၌ ပလ္လင်အစိတ်အပိုင်း လေးခုကို ပြသထားသည်။

မှတ်သားဖွယ်ကောင်းသော အခြားကျောက်ဆစ်လက်ရာမှာ ၁၉၂၆–၂၇ ခုနှစ်အတွင်း ဦးခင်ဘကုန်း၌ တူးဖော်ရာတွင် တွေ့ရှိသော ဌာပနာတိုက်ဖုံး ကျောက်ပြားနှစ်ချပ် ဖြစ်သည်။*** ကျောက်ပြားနှစ်ချပ်အနက် တစ်ချပ်သည် အလျား ၄ ပေ ၁၀ လက်မ၊ အနံ ၄ပေ ၆ လက်မခွဲ၊ အထူ ၄ လက်မခွဲ ရှိ၏။ ယင်းကျောက်ချပ်သည် ထက်ပိုင်းပြတ်နေသည်။ ကျန်တစ်ချပ်မှာ အကောင်းပကတိပင် ရှိသေးသည်။ ယင်းကျောက်ချပ်သည် အလျား ၅ပေ ၈ လက်မ၊ အနံ ၄ပေ ၇ လက်မ၊ အထူ ၅ လက်မ ရှိ၏။ ဤကျောက်ချပ်များပေါ်တွင် ဖော်ထားသော ရုပ်ကြွတို့၏ ပုံပန်းသဏ္ဌာန်ကို ရှေးဟောင်း အဆောက်အအုံများကဏ္ဍတွင် တင်ပြခဲ့ပြီး ဖြစ်သည်။ အထက်ပါ ဌာပနာတိုက်ဖုံး ကျောက်ပြားနှစ်ချပ်အပြင် အပဲ့တစ်ချပ်ကိုလည်း တွေ့ရသေးသည်။ ယင်းကျောက်ပြားသုံးချပ်စလုံးကိုပင် မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်၌ ကောင်းမွန်စွာ ပြသထားသည်။

အခြားကျောက်ဆစ်လက်ရာများမှာ တိုင်ဖုံးကျောက်ချွန်များ ဖြစ်သည်။ မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်၌ တိုင်ဖုံးကျောက်ချွန်လေးခုကို လေ့လာနိုင်သည်။ အချို့မှာ အခြေပိုင်း ထိပ်ချွန်ပုံစံရှိ၏။ အချို့မှာ ပန်းဖူးပုံသဏ္ဌာန်ရှိသည်။

**( ဃ ) စိတ်ကူးယဉ်ရုပ်တုများ**

သရေခေတ္တရာ၌ စိတ်ကူးယဉ်ကျောက်ဆစ်လက်ရာများကို မြောက်မြောက်မြားမြား မတွေ့ရသေးပေ။ ၁၉၀၉–၁၀ ခုနှစ် အတွင်း အတွင်းမုဋ္ဌောစေတီအတွင်းမှ ဘီလူးရုပ် အကြွဖော်ထားသော ကျောက်ပြား

* ASI ( 1911–12 ), pp. 147–48, Pl. LXVIII 7 & 8

** ibid ( 1925 – 26 ), p. 120, Pl. LV, fig. e.

*** ibid ( 1926 – 27 ), p. 174.

တစ်ချပ်ကို ရရှိခဲ့သည်။ ယင်းကျောက်ပြားသည် အပြည့်အစုံကား မဟုတ်တော့ပေ။ ယင်းကျောက်ပြားပေါ်တွင် ဆောင့်ကြောင့်ထိုင်နေသော ဘီလူးသည် ညာလက်ဖြင့် တင်းပုတ်ကိုင်နေဟန် ရုပ်ကြွဖော်ထားသည်ကို တွေ့နိုင်သည်။ *

အခြားကျောက်ဆစ်လက်ရာတစ်ခုမှာ သန်လျက်ကိုင်နတ်ဘီလူးရုပ်တု ဖြစ်၏။ ယင်းနတ်ဘီလူးသည် မုဆိုးထိုင်ထိုင်လျက် ညာလက်ဖြင့် သန်လျက်ကိုကိုင်ပြီး ထမ်းထားသည်။ နတ်ဘီလူး၏မျက်နှာသည် ပဲ့နေသည်။ ဤရုပ်တုကို သီရိခေတ္တရာပြတိုက်၌ပင် ထားရှိသည်။

သီရိခေတ္တရာပြတိုက်၌ပင်ထားရှိသော အခြားစိတ်ကူးယဉ်ရုပ်တုမှာ ခြသေ့် ရုပ်တစ်ရုပ်ပင်ဖြစ်သည်။ ယင်း ခြသေ့်ရုပ်သည် မနုသီဟကောင်ကဲ့သို့ ဖင်နှစ်ခွရှိသောကြောင့် စိတ်ကူးယဉ်သတ္တဝါအမျိုးအစားတွင် ထည့်သွင်းနိုင်ပါသည်။

အထက်ပါ ကျောက်ဆစ်လက်ရာများကို ချိန်ဆလေ့လာလျှင် ပျူတို့သည် ကျောက်ဆစ်ပညာတွင် အိန္ဒိယပညာတို့၏ နည်းစနစ်ကို ရခဲ့သည်၊ သို့တည်းမဟုတ် အိန္ဒိယပြည် ပညာရှင်တို့၏ လက်ရာကို မှီငြမ်းပြုလုပ်ခဲ့သည်မှာ ယုံမှားဖွယ်မရှိချေ။ ထို့အပြင် ပျူကျောက်ဆစ်ပညာရှင်တို့သည် စနစ်ကို တင်းတင်းကြပ်ကြပ် သတ်မှတ်လိုက်နာခြင်းမရှိကြောင်း လေ့လာသိရှိနိုင်သေးသည်။ ရှေးအကျဆုံးငွေဗောဓိပလ္လင်ပိုင်းရှိ ဗုဒ္ဓရုပ်ပွားတော်၏ ဘူမိဖဿမုဒြာဟန်သည် ကြာနှစ်ထပ်ပလ္လင်ပေါ်၌ ခြေတော်ကိုထပ်လျက် တင်ပျဉ်ခွေထိုင်နေပုံဖြစ်သည်။ လက်တော်ကို ဘယ်တင်ညာချပုံစံတွင် ထားတော်မူသည်ဟူသောစနစ်ကို တွေ့နိုင်သည်။** သို့သော် ပျူကျောက်ဆစ်ပညာရှင်တို့သည် ထိုစနစ်ကို လိုက်နာချင်သည့်အခါမှ လိုက်နာသည်။ သောင်းပြည့်ကုန်းတွင် တူးဖော်တွေ့ရှိသော ဗုဒ္ဓရုပ်ပွားတော်ကိုလေ့လာလျှင် တင်ပျဉ်ခွေရာ၌ သလုံးတော်နှင့် ပေါင်သားတော်ကို မထိစေပဲ ခပ်ကားကားစံပယ်တော်မူဟန် ထုလုပ်ထားသည်ကိုပင် တွေ့ရသည်။***

ပျူကျောက်ဆစ်ပညာရှင်တို့သည် လွတ်လပ်စွာ ထုလုပ်သည်ဆိုသော်လည်း မိမိတို့ ဓလေ့ထုံးစံနှင့်အညီ ထုလုပ်သွားသည်လည်းရှိသည်။ ခေတ်ဦးပိုင်းရုပ်ကြွများတွင် မြတ်စွာဘုရားရှင်၏ဘေးရှိ တပည့်သာဝကနှင့် အခြံအရံနတ်ဗြဟ္မာများကို မတ်တပ်ရပ်အနေအထား ရုပ်ကြွဖော်ထားသော်လည်း နှောင်းခေတ်ပိုင်းတွင်မူ ပုဆစ်တုတ်အနေအထား ထုလုပ်တတ်ကြပါသည်။ ဤသို့မြတ်စွာဘုရားရှင်အား ပုဆစ်တုတ်လျက် ရှိသေစွာကြည်ညိုသော သရေခေတ္တရာခေတ်ပျူတို့ဟန်ကို ပုဂံခေတ်လက်ရာ ရှင်အရဟံရုပ်တု၊ ကျန်စစ်သားရုပ်တုများတွင်လည်း တွေ့မြင်နိုင်သည်။ ထိုပုံစံကို ပုဂံခေတ်နောက်ပိုင်းကာလများတွင်လည်း ဆက်လက်တွေ့မြင်နိုင်ပါသည်။

## သရေခေတ္တရာဒင်္ဂါးများ


သရေခေတ္တရာမြို့ဟောင်းမှရရှိသော ရှေးဟောင်းပစ္စည်းများအနက် ချန်လှပ်ထား၍မရသော အရာများမှာ ပျူဒင်္ဂါးခေါ် တံဆိပ်ခတ်ထားသော ငွေပြားပိုင်းကလေးများပင် ဖြစ်သည်။ သရေခေတ္တရာဒင်္ဂါးဟုခေါ်ဆိုရသည်မှာ သရေခေတ္တရာ မြို့ဟောင်းတွင် တွေ့ရှိသောကြောင့်သာ ဖြစ်သည်။ သရေခေတ္တရာမှ

---

* ibid ( 1909 – 10 ), p, 119.

** ibid ( 1926 - 27 ), pl, XXXVIII , fig.c.

*** ရှေးဟောင်းဓာတ်ပုံအမှတ် ၆၂၆။ အဆိုပါရုပ်ကြွကို မှော်ဇာမြို့ သီရိခေတ္တရာပြတိုက်၌ ပြသထားသည်။



ပုံ ၄။ ။သရေခေတ္တရာ၌တွေ့ရသော ပျူဒင်္ဂါးလေးမျိုး

ရသော ဒင်္ဂါးများနှင့် အသွင်လက္ခဏာချင်း ဆင်တူယိုးမှားဖြစ်သော ဒင်္ဂါးများကို တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းမှလည်းကောင်း၊ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းမှလည်းကောင်း ရရှိပါသည်။ ထိုဒေသသုံးခုမှရသော ဒင်္ဂါးများကိုခြုံ၍ ပျူဒင်္ဂါးဟု ခေါ်ဝေါ်ကြခြင်းဖြစ်ပါသည်။

သရေခေတ္တရာဒင်္ဂါးများသည် တစ်မြို့တည်းမှပင်တွေ့ရသော ဒင်္ဂါးများဖြစ်သော်လည်း ယင်းတို့၏ အသွင်လက္ခဏာများမှာ တစ်ပုံစံတည်းမဟုတ်ကြပေ။ ဆင်တူယိုးမှားကွဲပြားကြသည်ကို တွေ့ရ၏။ ဤသို့ကွဲပြားသည့်အလိုက် သရေခေတ္တရာဒင်္ဂါးများကို အောက်ပါအတိုင်း လေးမျိုးခွဲခြားနိုင်သည်။

( ၁ ) ပထမအမျိုးအစား၏ မျက်နှာဖက်တွင် သီရိဝစ္ဆလက္ခဏာအတွင်း၌ ခရုသင်းကို ထောင်လျက်ထည့်ထားသည်ကို မြင်ရ၏။ ကျောဖက်တွင်မူ ဘဒ္ဒပီဌပုံနှင့် ဇိန္နပြောက်အနားကို တွေ့နိုင်သည်။

( ၂ ) ဒုတိယအမျိုးအစား၏ မျက်နှာဖက်တွင် သီရိဝစ္ဆလက္ခဏာကို မြင်ရသည်။ ယင်းလက္ခဏာအတွင်း၌ စေတီလုံးကို တစ်လုံးပေါ်တစ်လုံးဆင့်နေသော ဇိန္နပြောက်လေးလုံးက ဝဲယာမှခြံရံထားကြသည်။ အထက်ပိုင်း ယာဘက်၌ နေ၊ ဝဲဘက်၌ လ၊ ဘေးဝဲဘက်တွင် ဝရဇိန်၊ ဘေးယာဘက်တွင် ခရုသင်း၊ အောက်ခြေတွင်လှိုင်းတွန့်များ အသီးသီးပါသည်။ ကျောဖက်တွင်မူ ဇိန္နပြောက်အနားအတွင်း၌ ဘဒ္ဒပီဌကို တွေ့ရသည်။

( ၃ ) တတိယအမျိုးအစား၏ မျက်နှာဖက်တွင်တွေ့ရသောပုံသည် ဒုတိယအမျိုးအစား၏ မျက်နှာဖက်တွင်တွေ့ရသောပုံနှင့် ဆင်သည်။ သို့သော် အနုစိတ်လက္ခဏာတွင်မူ ကွဲပြား၏။ တတိယအမျိုးအစား၏ မျက်နှာဖက်ကို သေချာစွာကြည့်လျှင် သီရိဝစ္ဆလက္ခဏာအတွင်း၌ရှိသော စေတီလုံးနေရာတွင် တစ်လုံးပေါ်တစ်လုံးဆင့်နေသောဇိန္န သုံးလုံး အစားဝင်ရောက်လာသည်ကို တွေ့ရသည်။ ကျောဖက်တွင် ဇိန္နပြောက်အနားအတွင်း၌ ဘဒ္ဒပီဌကိုပင် တွေ့ရသည်။

( ၄ ) စတုတ္ထအမျိုးအစားမှာ အထက်ကပြခဲ့ပြီးသော အမျိုးအစားများနှင့် အကွဲပြားဆုံးဖြစ်၏။ ယင်းအမျိုးအစား၏ မျက်နှာဖက်တွင် သီရိဝစ္ဆလက္ခဏာကို တွေ့ရသည်။ အထက်ပိုင်းဝဲယာတွင် နေနှင့် လ၊ ဘေးဝဲယာတွင် သွဿိကစကြာနှင့် ဘဒ္ဒပီဌ၊ အောက်ပိုင်းတွင် ဇိန္နပြောက်များကို အတင့်အတယ် ထည့်သွင်းထား၏။ ကျောဘက်တွင် ဇိန္နပြောက်အနားအတွင်း တက်နေဝန်းပုံဖော်ထားသည်။ ဖြာထွက်နေသော ရောင်ခြည်မျှင်များအကြားတွင်လည်း ဇိန္နပြောက်များပါရှိသည်။

အထက်တွင်ပြဆိုခဲ့ပြီးသော ပထမ၊ ဒုတိယ၊ တတိယ အမျိုးအစားဒင်္ဂါးတို့၏ ကျောဘက်တွင်ပါသော ဘဒ္ဒပီဌပုံစံများသည် တစ်မျိုးနှင့်တစ်မျိုး မသိမသာကွဲပြားကြ၏။ ပထမဒင်္ဂါး၌ပါသော ဘဒ္ဒပီဌပုံစံသည် ဗဟိုစက်ဝန်းငယ်ကို သုံးထောင့်ချွန်းနှစ်ခု ထိပ်တိုက်ဆက်ထားသည့်အသွင် ရှိသည်။ ဒုတိယဒင်္ဂါး၌ ဗဟိုရှိစက်ဝန်းကို ပန်းကလေးသဖွယ် ပွင့်ဖတ်လေးခု ဆိုင်ထားသည်။ ပြီးမှ အထက်ပိုင်းတွင် သုံးထောင့်ချွန်ပုံ၊ အောက်ပိုင်းတွင် ဖြန့်ထားသောယပ်တောင်ပုံတို့ကို ထိပ်တိုက်ဆက်ထားသည်။ တတိယဒင်္ဂါးတွင် ဗဟိုစက်ဝိုင်းကို သုံးထောင့်ချွန်းပုံနှစ်ခု ထိပ်တိုက်ဆက်ထားသည်။ သုံးထောင့်ပုံတို့၏ အနားနှစ်ဖက်သည် အနည်းငယ်ဟိုက်နေသည်။

အထက်ပါ ဒင်္ဂါးသုံးမျိုးစလုံး၌ တွေ့ရသော ဘဒ္ဒပီဌ အောက်ခြေမျဉ်းများအနက် ပထမအမျိုးအစားဒင်္ဂါး၏ အောက်ခြေတွင်ရှိသည့် မျဉ်းများသည် အဖြောင့်ဖြစ်သည်။ တတိယအမျိုးအစားဒင်္ဂါး၏ ဘဒ္ဒပီဌအောက်ခြေရှိ မျဉ်းများမှာ အနည်းငယ်ဟိုက်သည်။ ဒုတိယအမျိုးအစားဒင်္ဂါး၏ ဘဒ္ဒပီဌအောက်ခြေတွင်မူ မျဉ်းတိုကလေးငါးခုကို ဝိုက်ထားသည်။ ထို့အပြင် ယင်းဒင်္ဂါးသုံးမျိုးစလုံး၌ပင် ဘဒ္ဒပီဌ၏အပေါ်တွင် ဇိန္နပြောက်များကို တွေ့မြင်ရသည်။ ယင်းဇိန္နပြောက်များမှာ ဝိုင်းဝိုင်းစက်စက်ပုံမျိုး မဟုတ်ချေ။ ဒင်္ဂါးတစ်မျိုးလျှင် သီးခြားပုံစံတစ်မျိုးစီ တွေ့ရသည်။

၁၉၂၆ – ၂၇ ခုနှစ်တွင် ခင်ဘကုန်းကို တူးဖော်ရာ၌တွေ့ရှိသော ဒင်္ဂါးများတွင် ပထမအမျိုးအစားဒင်္ဂါးများကို တွေ့ရသည်။* ဒုတိယအမျိုးအစားဒင်္ဂါးကို ၁၉၁၁ – ၁၂ ခုအတွင်း ဘောဘောကြီးစေတီအနီးမှ တူးဖော်ရရှိခဲ့ဖူးသည်။** တတိယအမျိုးအစားကို သရေခေတ္တရာနယ်မြေမှ အမြောက်အမြားရရှိသည်။ ကုလားကန်ရွာအနီး ခင်ဘကုန်းမှလည်း အမြောက်အမြား တွေ့ရှိခဲ့ဖူးသည်။***အလားတူပင် ၁၉၁၄– ခုနှစ်တွင် မှော်ဇာမြို့၏အနောက်ဘက်တောင်တန်းပေါ်မှ ပျူဒင်္ဂါး ၇၁ ပြားကို အရပ်သားများတွေ့ရှိခဲ့လေသည်။ ထိုနှစ်တွင်ပင် မှော်ဇာမြို့အပိုင် ငါးခူအိုင်ရွာအနီးမှလည်း ဒင်္ဂါးပြား ၁၁၂ ပြားကို တွေ့ရှိလေသည်။ ယင်းဒင်္ဂါးများတွင် ဒုတိယအမျိုးအစားဒင်္ဂါးနှင့် တတိယအမျိုးအစား ဒင်္ဂါးများ ပါဝင်ကြသည်။****

စတုတ္ထအမျိုးအစားဒင်္ဂါးများကို ဟန်လင်းမြို့ဟောင်းမှ အများဆုံးတွေ့ရသောကြောင့် ဟန်လင်းဒင်္ဂါးဟု ခေါ်စမှတ်ပြုကြလေသည်။ ခင်ဘကုန်းမှ တူးဖော်တွေ့ရှိသော ဒင်္ဂါးများတွင် ဤအမျိုးအစားပါဝင်သော ငါးမူးစေ့ရွယ်ဒင်္ဂါးတစ်ပြား ပါဝင်ကြောင်း သိရသည်။***** ထို့ကြောင့် ပထမအမျိုးအစား၊ တတိယအမျိုးအစား၊ စတုတ္ထအမျိုးအစားတို့ကို တပြိုင်နက်အသုံးပြုခဲ့ကြောင်းမှာ ထင်ရှားပါသည်။

သရေခေတ္တရာဒင်္ဂါးများတွင်ပါရှိသော တံဆိပ်လက္ခဏာများသည် အိန္ဒိယမှပင် မြစ်ဖျားခံခဲ့ကြသည်။ သီရိဝစ္ဆလက္ခဏာကို ဗုဒ္ဓဘာသာတွင်သာမက ဂျိန်းဘာသာ၊ ဗြဟ္မဏဘာသာတို့တွင်လည်း အထွတ်အမြတ်ထားခဲ့ကြသည်။ သို့သော မြန်မာပြည်က ပျူဒင်္ဂါးများနှင့် တသဝေမတိမ်းတူညီသော ရှေးဟောင်းအိန္ဒိယဒင်္ဂါးများကို မတွေ့ရသေးပေ။

## သရေခေတ္တရာဗုဒ္ဓဘာသာ

သရေခေတ္တရာ၌ တူးဖော်တွေ့ရှိသော ရှေးဟောင်းသာသနိကပစ္စည်းများကို ထောက်ထား၍ ဗုဒ္ဓဘာသာသည် သရေခေတ္တရာနယ်မြေ၌ ခရစ်သက္ကရာဇ် လေးရာစုနှစ်ကတည်းကပင် စည်ပင်နေပြီ ဖြစ်ကြောင်း သိရပေသည်။ အစောဆုံးသက်သေ အထောက်အထားမှာ ခင်ဘကုန်း၌ တူးဖော်တွေ့ရှိသော ရွှေပေလွှာအချပ်နှစ်ဆယ်ပင် ဖြစ်သည်။ ဆိုခဲ့ပြီးသည့်အတိုင်း ယင်းရွှေပေလွှာ အချပ်နှစ်ဆယ်တွင် အိန္ဒိယပြည်တောင်ပိုင်း ရှေးဟောင်း တေလဂူကနာဒီအက္ခရာဖြင့် ပိဋကတ်တော် ကောက်နုတ်ချက်များကို ရေးထိုးထားလေသည်။ ဘာသာမှာမူ ပါဠိဘာသာဖြစ်၏။

သရေခေတ္တရာ၌ တွေ့ရှိရသော ရှေးဟောင်းအက္ခရာများသည် အိန္ဒိယပြည်တောင်ပိုင်း ကဒမ္ဗမင်းတို့ ရေးထိုးခဲ့သော ရှေးဟောင်းအက္ခရာများနှင့်လည်းကောင်း၊ ခေတ်ဦးပိုင်း စာလုကျမင်းတို့ ရေးထိုးခဲ့သော ရှေးဟောင်းအက္ခရာများနှင့်လည်းကောင်း ဆင်တူသည်ကို တွေ့ရသည်။ ခရစ်သက္ကရာဇ် သုံးရာစုနှစ်တွင်

---

* ibid ( 1926 – 27 ), Pl. XLII f.

** ibid ( 1911 — 12 ), p. 144

*** ibid ( 1926 – 27 ), pp. 172 – 173, Pl XLII c & f

**** အောင်သော် ( ၁၉၆၂ )၊ စာမျက်နှာ ၁၀၈။

***** ယင်း

အိန္ဒိယပြည်တောင်ပိုင်း ကူသျှာကုမင်းတို့ ရေးထိုးခဲ့သော ဇဂ္ဂယပေတမြို့ဟောင်း နာဂါရ်ဇုနကောဏ္ဍမြို့ဟောင်းတို့က ကမ္ဗည်းအက္ခရာများနှင့် ဆင်တူကြောင်းလည်း တွေ့ရသည်။ ထို့ပြင် သရေခေတ္တရာက ရှေးဟောင်းအက္ခရာများနှင့် ဆင်တူသော ရှေးဟောင်းအက္ခရာများကို ကုန္တလနယ်၊ အန္ဓရနယ်များတွင်လည်း တွေ့ရသည်။*

အချုပ်ကိုဆိုရသော် သရေခေတ္တရာခေတ်ဦးပိုင်းတွင် ပြန့်ပွားနေသော ဗုဒ္ဓဘာသာမှ အိန္ဒိယပြည်တောင်ပိုင်း အန္ဓရ၊ ကုန္တလ၊ ပလ္လဝ စသောပြည်နယ်တို့နှင့် အကူးအသန်း အဆက်အသွယ်ရှိ၍ ရောက်ရှိလာသော ဗုဒ္ဓဘာသာ ဖြစ်သည်။ ထိုစဉ်အခါက အမရဝတီ၊ နာဂါရ်ဇုန၊ ကောဏ္ဍ၊ ကိဋ္ဌိပူရ၊ ဥရဂပူရ စသော မြို့တော်များသည် ထေရဝါဒဗုဒ္ဓဘာသာ စည်ပင်ထွန်းကားရာ မြို့တော်များဖြစ်ကြပါသည်။ သရေခေတ္တရာခေတ်မတိုင်မီ ခရစ်သက္ကရာဇ် တစ်ရာစုနှစ်နှင့်လေးရာစုနှစ်အတွင်း ထွန်းကားခဲ့သော ဗိဿနိုးမြို့ဟောင်းသို့ပင် အန္ဓရနယ်၊ အမရဝတီ၊ နာဂါရ်ဇုန၊ ကောဏ္ဍမြို့တော်များမှ ဗုဒ္ဓဘာသာ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း အရိပ်အမြွက် အထောက်အထားများ တွေ့ရှိပြီးဖြစ်ပါသည်။**

သရေခေတ္တရာခေတ်ဦးပိုင်းတွင် မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည် ထေရဝါဒဂိုဏ်း ဗုဒ္ဓဘာသာနှင့် စင်ပြိုင်ထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရ၏။ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည် ခရစ်သက္ကရာဇ် တစ်ရာစုနှစ်တွင် အိန္ဒိယပြည်၌ စတင်ပေါ်ပေါက်လာသော ဂိုဏ်းဖြစ်၏။ မဟာယာဉ်ဂိုဏ်း၏ ထူးခြားသောဝါဒမှာ ဘုရားလောင်း ဗောဓိသတ္တဝါဒဖြစ်သည်။ အမြွက်မျှ ရေးသားရလျှင် မဟာယာနဂိုဏ်း၏ ထူးခြားသောဗောဓိသတ္တဝါဒဆိုရာ၌ လူတိုင်းတွင် ဗောဓိသတ္တ ဘုရားလောင်းဖြစ်နိုင်သော စွမ်းရည်သတ္တိရှိကြောင်းကို ယုံကြည်ခြင်းဖြစ်၏။ ကရုဏာ၊ မေတ္တာတရားကို ရင်ဝယ်ပိုက်လျက် ဗောဓိသတ္တဘုရားလောင်းများသည် လောကတွင်ရှိရှိသမျှ ဝေနေယျသတ္တဝါများအား နိဗ္ဗာန်သို့ ပို့ဆောင်ပေးရန် တာဝန်ရှိသည်ဟု ဆို၏။ ယင်းတာဝန် မပြီးမချင်း ဗောဓိသတ္တဘုရားလောင်းများသည် လောကကို စောင့်ရှောက်လျက်ရှိသည်ဟု ဆို၏။ သရေခေတ္တရာ၌တွေ့ရသော မဟာယာဉ်ဂိုဏ်းဆိုင်ရာ အထောက်အထားများအနက် အစောဆုံး အထောက်အထားမှာ ဘုရားကြီးစေတီအနီးမှရသော အရိမေတ္တယျဘုရားလောင်း ကြေးဆင်းတုပင် ဖြစ်၏။ ယင်းဆင်းတုသည် ကျိုးပဲ့ပျက်စီးနေပြီဖြစ်၏။ ထိုဘုရားလောင်းဆင်းတုတော်တွင် မြင့်မားသောသျှောင်တော်ရှိ၏။ လက်တော်နှစ်ဖက်အနက် လက်ယာဘက်သာလျှင် ကျန်ရှိတော့၏။ ယင်းလက်ယာဘက်လက်သည်ပင် ကျိုးပဲ့နေပေပြီ။ ထိုလက်ကို တံတောင်ဆစ်မှကွေးလျက် ရှေ့သို့ဆန့်တန်းကာ လက်ဝါးကို ဖြန့်ထား၏။ လက်ညှိုးနှင့်လက်မကို ထိပ်ချင်းဆက်ထား၏။ ဤလက်အနေအထားမှာ သက္ကဋဘာသာဖြင့် ဝိတရမုဒြာ ခေါ် အချေအတင်ပြောနေသည့် အနေအထားဖြစ်၏။ ဆင်းတုတော်၏ လက်ဝဲဘက်ပခုံးပေါ်တွင် သင်္ကန်းတော်အနားရေးများကို တွေ့ရသည်။ သျှောင်တော်သည် ဆံပင်ကို နောက်ဖက်သို့ခေါက်ကာ အရင်း၌ကြိုးဖြင့်စည်းထားသော ပုံစံဖြစ်၏။ သျှောင်ထုံးတော်၌လည်း စေတီငယ်တစ်ဆူကို တွေ့ရသေးသည်။ ဤအချက်ကိုထောက်၍ ဆင်းတုတော်သည် သင်္ကန်းပင်ရုံထားသော်လည်း ဘုရားရုပ်ပွားတော်မဟုတ်ပဲ ဘုရားအလောင်းရုပ်ပွားတော်ဖြစ်ကြောင်း နားလည်ရသည်။***

---

* Ray ( 1932 ), pp. 43 - 44

သရေခေတ္တရာမြို့ဟောင်းမှတွေ့ရှိသော ရှေးဟောင်းကမ္ဗည်းစာနှင့်ပတ်သက်၍ အငြိမ်းစားကျောက်စာဝန် သီရိပျံချီဦးမြ၏ ရှေးဟောင်းမြန်မာအက္ခရာစာတမ်း၊ စာမျက်နှာ ၁၄ - ၁၆ နှင့် အက္ခရာစဉ်ကားချပ်များကို လေ့လာနိုင်ပါသည်။

** အောင်သော် ( ၁၉၆၆ )၊ စာမျက်နှာ ၃၀၀။

*** ရှေးဟောင်းနှစ်ချုပ် ( ၁၉၅၇ - ၅၈ )၊ စာမျက်နှာ ၂၀.၂၁၊ ပုံ - ၁၉။

မဟာယာဉ်ဂိုဏ်းဆိုင်ရာ အခြားအထောက်အထားတစ်ခုမှာ ဘောဘောကြီးစေတီ၌တွေ့ရှိသော အဝလောကိတေသွာရ ကြေးဆင်းတုပင်ဖြစ်သည်။ ယင်းကြေးဆင်းတုတွင် မူလက လက်လေးဘက်အပြည့် အစုံရှိသော်လည်း ယခုအခါ၌မူကား အပြည့်အစုံမရှိတော့ပေ။ ခြေတော်နှစ်ဘက်မှာလည်း ခြေဖမိုးအထက် ပိုင်းဆီ၌ ပြတ်နေသည်။ ဆင်မြန်းထားသော ဝတ်စားတန်ဆာများမှာ မင်းဝတ်တန်ဆာများပင် ဖြစ်သည်။ ဘုရားလောင်းဆင်မြန်းထားသော မကိုဋ်တွင် " ဓာရဏဗုဒ္ဓအမိတဘ " ပုံတော်ကိုမြင်ရသဖြင့် ဘုရားလောင်း အဝလောကိတေသွာရရုပ်တု ဖြစ်ကြောင်း သိရသည်။*

မဟာယာဉ်ဂိုဏ်းဆိုင်ရာ အခြားအထောက်အထားတစ်ခုကို ၁၉၂၈-၂၉ ခုနှစ် အတွင်းကမှော်ဇာမြို့ ယင်းတိုက်ကွင်း၏ မြောက်ဘက်တွင်တည်ရှိသော ကုန်းတစ်ကုန်းကို တူးဖော်ရာမှတွေ့ရှိ၏။ ယင်းအထောက် အထားမှာ ရွှေပြားဖြင့်သွန်းလုပ်ထားသော အဝလောကိတေသွာရဘုရားလောင်းရုပ်ဖြစ်၏။ ထိုရုပ်ကြွသည် အမြင့် ၃ လက်မခန့်ရှိ၏။ ဘုရားလောင်း အဝလောကိတေသွာရကို "လာလိတာသန " ပုံစံဖြင့် ထိုင်နေ သည်ကို တွေ့ရ၏။ ဘုရားလောင်းတွင် လက်ခြောက်ဘက်ရှိ၏။ လက်နှစ်ဘက်ကို " ဝိတရကမုဒြာ "ခေါ် အချေအတင်ပြောနေဟန်အနေအထား ပြုလုပ်ထားသည်။ ကျန်လက်များသည် ကြာပန်းနှင့်တြိသူလစသည် တို့ကို စွဲကိုင်ထားသည်။ **

မဟာယာဉ်ဂိုဏ်းဆိုင်ရာ အခြား ရှေးဟောင်းပစ္စည်းများမှာ အုတ်ခွက်ဆင်းတုတော်မျိုးပင်ဖြစ်သည်။ မြင်ဗာဟုစေတီဒွာပနာတိုက်အတွင်းမှရသော အချို့ အုတ်ခွက်များ၊ ဆင်းတုများတွင် ရပ်တော်မူနေသော လောကေသွာရ ဘုရားလောင်းပုံတော်ကို တွေ့ရသည်။ ယင်းလောကေသွာရ ဘုရားလောင်းသည် လက် လေးဘက်ရှိ၍ မင်းဝတ်တန်ဆာအပြည့်အစုံနှင့်ဖြစ်သည်။ အောက်သို့ချထားသော ညာလက်တော်တစ်ဘက် သည် လုံ့စွပ်ပုံ တုတ်ပေါ်၌ ထောက်လျက်ရှိသည်။ အခြားညာဘက်လက်တစ်ဘက်သည် ယပ်ကိုကိုင်ကာ အထက်သို့မြှောက်နေသည်။ ဘယ်ဘက်လက်နှစ်ဘက်စလုံးသည် ဘေးတွင်နွယ်တက်နေသော ကြာပန်းကြာ ရိုးများကိုဆုပ်ကိုင်ထားသည်။ အလားတူဆင်တူယိုးမှားအုတ်ခွက်များကိုလည်းသရေခေတ္တရာမြို့ဟောင်း တွင် တွေ့ရတတ်ပါသည်။***

ကံသုံးဆင့်တောင်မှရသော မဟာယာဉ်ဂိုဏ်းဆိုင်ရာ အုတ်ခွက်တစ်ခွက်သည် ဘဲဥပုံရှိ၏။ ထိုအုတ်ခွက် တွင် လောကနာထဘုရားလောင်းသည် ကြာပွင့်ပေါ်၌ ခြေတစ်ဘက်တင်ခြေတစ်ဘက်ချနှင့် စံပယ်နေတော် မူသည်ကို တွေ့ရသည်။ ချထားသောခြေတော်အောက်တွင် ကြာပွင့်တစ်ပွင့်ခံလျက်ရှိသည်။ လက်တော် နှစ်ဘက်စလုံးကို ဒူးတော်နှစ်ဘက်ပေါ်တွင် တင်ထားသည်။ သို့သော် ဝဲဘက်လက်ကမူ ကြာပွင့်ကြာနွယ် များကို စွဲကိုင်ထားသည်။ ယင်းအုတ်ခွက်၏နှုတ်ခမ်းပတ်လည်တွင် ရှေးဟောင်းနာဂရီအက္ခရာဖြင့် " ယေ ဓမ္မာ ဟေတုပ္ပဘဝါ " ဂါထာတော်ကို ရေးထိုးထားသည်။ †

---

* *ASI* ( 1911 - 12 ), p. 143, LXVII 6. Dr. Nihar- Ranjan Ray ကမူ ဤဘုရားအလောင်း အဝလောကိတေသွာရရုပ်ကို မဉ္ဇုသီရိ ဟု ခေါ်ဆိုပါသည်။

** ibid ( 1928 - 29 ).

*** ibid ( 1934 - 35 ), p. 46, Pl. XXIIb & c.

မြ ( ၁၉၆၀ )၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၂၊ ပုံ ၂၉ က၊ ခ။

† ဒုတိယတွဲ၊ စာမျက်နှာ ၂၃၊ ပုံ ၃၄။



ဓာတ်ပုံ ၁၆။ ။ ဘောဘောကြီးစေတီအနီးရှိရသော ဘုရားလောင်း ဗောဓိသတ္တ ကြေးရုပ်။

ထူးခြားသောအခြားအုတ်ခွက်တစ်ခွက်မှာ အဝလောကိတေသွာရ ဘုရားလောင်း၏ ကြင်ရာတော် တာရာဒေဝီပုံတော်ပါသော အုတ်ခွက်ဖြစ်၏။ တာရာဒေဝီဟု အမည်တွင်ရခြင်းအကြောင်းမှာ သံသရာ၏ တစ်ဖက်ကမ်းကို အရောက်ပို့နိုင်သော အစွမ်းသတ္တိရှိသောကြောင့်ဟု သိရသည်။ မုဒ္ဒောရွာ ငါးရှဉ့်ကုန်းမှ ရသောအုတ်ခွက်တစ်ခွက်တွင် တာရာဒေဝီနတ်သမီးသည် နွဲ့နှောင်းသော ကိုယ်ဟန်ဖြင့် ကြာပွင့်ပေါ်၌ မတ်တပ်ရပ်နေသည်ကို တွေ့ရ၏။ တာရာဒေဝီသည် လည်ဆွဲ၊ နားကပ်၊ လက်စည်း၊ ခါးစည်း စသည်တို့ကို ဆင်ယင်ထားသည်။ ဆုပေးနေဟန် ညာဘက်လက်ကို အောက်သို့ချပြီးနောက် တံတောင်ဆစ်ကိုကွေးလျက် အထက်သို့မြှောက်ကာ လက်ဖဝါးကိုဖြန့်ထားသည်။ ဘယ်ဘက်လက်ဖြင့် ကြာပန်းကို စွဲကိုင်ကာ ပခုံးနှင့် တညီတည်း မြှောက်ထားသည်။ ယင်းအုတ်ခွက်တွင် ရှေးဟောင်းနာဂရီအက္ခရာဖြင့် ယေဓမ္မာဂါထာတော်ကို ရေးထားသည်။ *

မြင်ဇာဟုစေတီမှရသော အုတ်ခွက်သည် အထက်ပါ အုတ်ခွက်များနှင့် မတူ၊ တမူကွဲပြားလေသည်။ ယင်းအုတ်ခွက်တွင် အခန်းနှစ်ခန်းကန့်လျက်ရှိပြီးလျှင် အထက်ခန်းအလယ်ရှိ ကြာပလ္လင်ပေါ်တွင် ဓမ္မစကြာမုဒြာဟန်ဖြင့် စံပယ်နေသော တင်ပျဉ်ခွေဗုဒ္ဓဆင်းတုတော်ရှိသည်။ အဆိုပါ ရုပ်ပွားတော်၏ ဘေးတစ်ဖက်တစ်ချက်တွင် ဗဟိုရုပ်ပွားတော်ဖက်သို့ ကိုယ်ကိုယိမ်းနွဲ့ကာ ကြာပွင့်ထက်၌ရပ်နေသော ရုပ်ပွားတော်တစ်ဆူစီရှိသည်။ အောက်ခန်းတွင် ဆင်းတုသုံးဆူကို မြင်ရသည်။ အလယ်ရှိ ကြာပွင့်ထက်၌ တင်ပျဉ်ခွေထိုင်နေသော ရုပ်တုကို ဆံထုံးရောင်လျှံတော်တို့နှင့် တွေ့ရသည်။ ယင်းရုပ်တုမှာ လွန်စွာ ပျက်စီးပွန်းပဲ့နေသဖြင့် ဘုရားရှင်ဖြစ်မည်ဟုသာ မှန်းဆရပါသည်။ ဘေးတစ်ဖက်တစ်ချက်ရှိ ကြာပွင့်ပေါ်တွင် အမျိုးသမီးနှစ်ဦးသည် ဒူးတစ်ဖက်ထောင်တစ်ဖက်ချနှင့်ထိုင်ကာ မြတ်စွာဘုရားအား ရှိခိုးနေသည်။ ဘယ်ဘက်ရှိ အမျိုးသမီးတွင် လက်လေးဘက်ပါရှိသည်။ လက်နှစ်ဖက်ဖြင့် ကြာပန်းများကို ကိုင်ထားသည်။ ညာဘက်ရှိ အမျိုးသမီးတွင် လက်နှစ်ဖက်သာရှိသည်။ ညာဘက်ရှိအမျိုးသမီးသည် ဘုရဏတီနတ်သမီး၊ ဘယ်ဘက်ရှိအမျိုးသမီးသည် တာရာဒေဝီနတ်သမီးဟု ခန့်မှန်းရပါသည်။ ဤအုတ်ခွက်သည် သရေခေတ္တရာဟောင်းစားစဉ်က မဟာယာဉ်ဗုဒ္ဓဘာသာ၊ တန္တရအယူ ရှိခဲ့ကြောင်း သက်သေခံသော ပစ္စည်းဖြစ်ပါသည်။** တန္တရဂိုဏ်းသည် မဟာယာဉ်ဂိုဏ်း၏ဂိုဏ်းခွဲတစ်ရပ် ဖြစ်သည်။ တန္တရဂိုဏ်းသည် မူလက ဟိန္ဒူဘာသာ၏ ဂိုဏ်းခွဲဖြစ်သော်လည်း မဟာယာဉ်ဂိုဏ်းဝင်အချို့သည် ထိုဟိန္ဒူတန္တရဂိုဏ်း၏ အယူဝါဒအချို့ကို လိုက်နာကျင့်သုံးရာမှ ဗုဒ္ဓဂိုဏ်းဖြစ်ပေါ်လာသည်။

အထက်ပါ အထောက်အထားများအပြင် တစ်ခဲနက် ကျောက်ဖြင့်ပြီးသော မဟာယာဉ်ဂိုဏ်းဆိုင်ရာ ရုပ်တုများကိုလည်း တွေ့နိုင်ပါသေးသည်။ မဟာယာဉ်ဂိုဏ်းဆိုင်ရာ ကျောက်ဆင်းတုများအကြောင်းကို ကျောက်ဆစ်လက်ရာများ အခန်းတွင် ဖော်ပြပြီး ဖြစ်သည်။

အထက်ပါ အချက်အလက်များကို ပေါင်းစပ်လေ့လာလိုက်သောအခါ ပျူတို့သည် ခရစ်သက္ကရာဇ် လေးရာစုနှစ်လောက်တွင် အိန္ဒိယပြည်တောင်ပိုင်း အမရဝတီ၊ နာဂါရ်ဇုနကောဏ္ဍ၊ ကိဥ္စိပူရစသော ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားရာဌာနကြီးများနှင့် အဆက်အသွယ်ရှိ၍ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြကြောင်း သိရသည်။ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည်လည်း သရေခေတ္တရာတွင် ထေရဝါဒဂိုဏ်း ဗုဒ္ဓဘာသာနှင့် အပြိုင်ထွန်းကားလာခဲ့သည်။ သရေခေတ္တရာသို့ ပျံ့နှံ့လာသော မဟာယာဉ်ဂိုဏ်း

---

* ယင်း စာမျက်နှာ ၁၉၊ ပုံ ၂၄။

** ယင်း စာမျက်နှာ ၂၀-၂၂၊ ပုံ ၂၈။

ဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မှ တိုက်ရိုက်လာသည်ဟုလည်း တွေးတောနိုင်သည်။ သို့တည်းမဟုတ် ရခိုင်တိုင်းမှတစ်ဆင့် ရောက်ရှိလာသည်ဟုလည်း ခန့်မှန်းရပါသည်။ မဟာယာဉ်ဂိုဏ်းသည် ခရစ်သက္ကရာဇ် ခြောက်ရာစုနှစ်အတွင်းက ရခိုင်တိုင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်းကို ကျောက်တော်မြို့ မဟာမုနိကုန်းတော်ပေါ်၌ တွေ့ရှိသော ဘုရားလောင်း ဗောဓိသတ္တကျောက်ဆင်းတုက သက်သေထူပါသည်။ ယင်းဗောဓိသတ္တရုပ်ကို အလျား ငါးပေ၊အနံ နှစ်ပေရှိသော ကျောက်ပြားပေါ်တွင် ထုလုပ်ထားသည်။ ကျောက်ပြားပေါ်၌ ဘုရားလောင်းသည် လက်ဝဲဘက်ဒူးကို ခပ်လှည်းလှည်းထောင်ကာ လက်ယာဘက်ဒူးကို ချလျက် ထိုင်နေသည်။ ဘုရားလောင်း၏ လက်တော်နှစ်ဖက်စလုံးပင် ကျိုးပဲ့ပျက်စီးနေပြီ ဖြစ်သည်။ သို့သော် ကြွင်းကျန်ရစ်သမျှ အပိုင်းအစကို ထောက်ချင့်ခြင်းဖြင့် ဘုရားလောင်းသည် မူလက လက်နှစ်ဖက်ကိုကွေးလျက် လက်ဝါးကိုဖြန့်ကာ "အဘယမုဒြာ" ဟန်ဖြင့် ရှိမည်ဟု ခန့်မှန်းရသည်။ ဘုရားလောင်း၏ မကိုဋ်တော်အလယ်တွင် တင်ပျဉ်ခွေရုပ်ပွားတော် တစ်ဆူကို ရေးရေးမြင်နိုင်သေးသဖြင့် ဤရုပ်တုသည် လောကနာထဘုရားလောင်းရုပ်တုဟု တထစ်ချ ယုံကြည်နိုင်ပါသည်။ *

ရခိုင်တိုင်း၌ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာရောက်ရှိနေကြောင်းကို ပြညွှန်သော အခြားအထောက်အထားတစ်ရပ်မှာ မြို့ဟောင်းမြို့ သျှစ်သောင်းဘုရားရှိ ကျောက်စာတိုင်ပင်ဖြစ်သည်။ယင်းကျောက်စာတွင် အာနန္ဒစန္ဒြမင်းသည် မဟာယာဉ်ဂိုဏ်းဝင်ဖြစ်ကြောင်း အထောက်အထားများ တွေ့ရသည်။ ** အာနန္ဒစန္ဒြမင်းသည် ခရစ်သက္ကရာဇ် ၇၂၀ ခန့်တွင် နန်းတက်သည်ဟု ခန့်မှန်းထားပါသည်။ ***

ရခိုင်တိုင်းမြောက်ပိုင်း ရေမြေပထဝီ အနေအထားအရ အိန္ဒိယပြည်မြောက်ပိုင်းနှင့် နီးစပ်ရာ မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည် နာလန္ဒာတက္ကသိုလ်မှ ရခိုင်တိုင်းသို့ ရောက်ရှိလာသည်ဟု မှတ်ယူရပါသည်။ နာလန္ဒာတက္ကသိုလ်သည် ခရစ်သက္ကရာဇ် ခြောက်ရာစုအတွင်းက ထွန်းကားကြီးကျယ်ခဲ့သော မဟာယာဉ်ဂိုဏ်း၏ အချက်အချာဒေသပင် ဖြစ်သည်။ †

သရေခေတ္တရာနှင့် ရခိုင်တိုင်းတို့ အဆက်အသွယ်မကင်းခဲ့ကြောင်းကို သရေခေတ္တရာ၌ တွေ့ရသော အချို့အက္ခရာများသည် ရခိုင်တိုင်း ဝေသာလီမြို့ဟောင်းကအက္ခရာများနှင့် ဆင်တူသော အချက်ကလည်းကောင်း၊ သရေခေတ္တရာဒင်္ဂါးများသည် ခရစ်သက္ကရာဇ် လေးရာစုနှစ်အတွင်းဟု ခန့်မှန်းရသော ဝေသာလီပြည် စန္ဒြမင်းဆက် ဒင်္ဂါးအချို့ နှင့် အခြေခံပုံစံတွင် ဆင်တူသော အချက်ကလည်းကောင်း ကောင်းစွာ ထောက်ခံပါသည်။ သရေခေတ္တရာအနီးရှိ ပန်းတောင်း တောင်ကုပ်လမ်းသည် ယခုအခါတွင် ရခိုင်တိုင်းသို့ ကူးရာတောင်ကြားလမ်း ဖြစ်သကဲ့သို့ ကုန်းဘောင်ခေတ်တွင်လည်း အလားတူပင် ဖြစ်ခဲ့သည်။ ထို့ကြောင့် မဟာယာဉ်ဂိုဏ်းဗုဒ္ဓဘာသာသည် ရခိုင်တိုင်းမှ တောင်ကုပ်လမ်းကိုဖြတ်၍ သရေခေတ္တရာသို့ ရောက်ရှိလာသည်ဟု ယူဆရပါသည်။ အလားတူပင် အရှေ့ဘင်္ဂါလနယ်က တန္တရအယူဝါဒသည်လည်း ရခိုင်တိုင်းမှ တစ်ဆင့် တောင်ကုတ်လမ်းဖြင့် သရေခေတ္တရာသို့ ရောက်ရှိလာခဲ့သည်ဟု ယုံကြည်ရပါသည်။

* ရှေးဟောင်းနှစ်ချုပ် ( ၁၉၅၈–၁၉၅၉ )၊ စာမျက်နှာ ၂၄၊ ပုံ ၃၃။

** Johnston, p 371,

*** Sircr, ( ကျမ်းကိုး ၂၀ )။

† Bapat ( 1959 ), p. 7, 18, 325.

## သရေခေတ္တရာခေတ် ယဉ်ကျေးမှု ပုံကြမ်း

" သရေခေတ္တရာမြို့သက်ကို ခန့်မှန်းစဉ်းစားရာတွင် ဗိဿနိုးမြို့သက်နှင့် ဆက်စပ်ကာ ခန့်မှန်းစဉ်းစားသင့်ပေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းနှစ်မြို့စလုံးပင် ပျူမြို့များဖြစ်ကြသည်သာမက ယဉ်ကျေးမှုခြင်းလည်း ဆက်စပ်နီးနွယ်ခဲ့ကြောင်း အထောက်အထားများ တွေ့ရသောကြောင့် ဖြစ်သည်။ ဗိဿနိုးမြို့သည် ခရစ်သက္ကရာဇ် တစ် ရာစုနှစ်မှ ငါး ရာစုနှစ်အတွင်း ထွန်းကား ဖွံ့ဖြိုးခဲ့သောမြို့ ဖြစ်သည်။ * ထို့အပြင် ဗိဿနိုးမြို့သည် သရေခေတ္တရာမြို့ထက် ရှေးကျသည်ဟု ခန့်မှန်းထားပြီးလည်း ဖြစ်သည်။ ** တွေ့ရှိပြီးသော ရှေးဟောင်းသုတေသန အထောက်အထားများအရ သရေခေတ္တရာမြို့သည် ခရစ်သက္ကရာဇ် ငါးရာစုနှစ်တွင် ခြေခြေမြစ်မြစ် ထွန်းကား ဖွံ့ဖြိုးနေပြီဟု ယုံကြည်ရန် ရှိသည်။ ထိုအချိန်တွင် သရေခေတ္တရာ ပျူတို့သည် ကိုယ်ပိုင်စာပေ တီထွင်ပြီး ဖြစ်သည်။ " မင်း " ဟူသော အုပ်ချုပ်သူ အကြီးအကဲ လက်အောက်တွင် စည်းစည်းလုံးလုံး နေထိုင်လျက်ရှိကြပြီ ဖြစ်၏။ ယင်းအခြေအနေမျိုးသို့ ဖွံ့ဖြိုးတိုးတက်အောင် စတင် ပျိုးထောင်ရသော ကာလကို ထည့်သွင်းခန့်မှန်းလျှင် ခရစ်သက္ကရာဇ် သုံးရာစုနှစ်လောက်တွင် သရေခေတ္တရာမြို့ကြီးကို တည်ထောင်ခဲ့သည်ဟု ခန့်မှန်းရန်ရှိသည်။ "


သရေခေတ္တရာမြို့ကြီးကို စတင်တည်ထောင်သောအချိန်တွင် ဗိဿနိုးမြို့သည် အခြေကျကျ ထွန်းကားလျက်ရှိနေပြီ။ ထို့ကြောင့် သရေခေတ္တရာမြို့ကို တည်ထောင်ရာ၌ ပျူတို့သည် ဗိဿနိုးယဉ်ကျေးမှုမှ နစ်သက်ရာရာကို လက်ခံယူငင်ကြ၏။ ပုံစံဆိုရလျှင် မြို့ရိုးဝင်ပေါက်များကို တည်ဆောက်ရာတွင် သရေခေတ္တရာ ပျူတို့သည် ဗိဿနိုးမြို့ရိုး ဝင်ပေါက်ပုံစံများကို အတုယူကြောင်း၊ ကြွင်းကျန်ရစ်သော ပန္နက်ပုံစံများကို လေ့လာခြင်းအားဖြင့် သိရသည်။ သရေခေတ္တရာ အရိုးအိုးများတွင် ဗိဿနိုးအရိုးအိုးများနှင့်ပုံစံချင်းတူသောအရိုးအိုးများလည်း တွေ့ရသည်။ သရေခေတ္တရာဒင်္ဂါးများတွင် တွေ့ရသော အမှတ်လက္ခဏာတို့ကို လေ့လာဆန်းစစ်ကြည့်လျှင် ဗိဿနိုးဒင်္ဂါးများတွင်တွေ့ရသော အမှတ်လက္ခဏာတို့နှင့် ယေဘုယျအားဖြင့် တူညီကြောင်းတွေ့ရသည်။ ရဟန္တာဂူစေတီ၌ တွေ့ရသည့် အုတ်ချပ်တစ်ချပ်တွင် ပုံနှိပ်ထားသော "ဘဒ္ဒပီဌ" ပုံကို လေ့လာကြည့်လျှင် ယင်းပုံစံသည် သရေခေတ္တရာ ဒင်္ဂါးများရှိ ဘဒ္ဒပီဌပုံထက် ဗိဿနိုးဒင်္ဂါးများရှိ ဘဒ္ဒပီဌပုံနှင့် ပို၍တူကြောင်း တွေ့ရသည်။

သရေခေတ္တရာမြို့ကြီးကို တည်ထောင်စအချိန်တွင် သရေခေတ္တရာပျူတို့သည် ပြည်ပရန်ကို အချိန်မရွေး ကြောက်ရွံ့နေကြရဟန် ရှိ၏။ ထို့ကြောင့် မြို့ပြတည်ထောင်ရာတွင် သရေခေတ္တရာပျူတို့သည် အပြင်ပကရန်သူများ ရက်ရှည်လများ ဝိုင်းရံထားသော်လည်း ရိက္ခာအတွက် ပြဿနာမရှိစေရန် မြို့တွင်း၌ လယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်သော မြေနိမ့်ပိုင်းများကို ထည့်သွင်းလျက် တည်ထောင်ထားကြသည်။ သရေခေတ္တရာမြို့ကြီးသည် ထုထည်ကြီးမားခိုင်ခံ့သော်လည်း ပျူတို့သည် ပေါ်ဆခြင်းမရှိပဲ ဖြည့်သင့်သည့်နေရာများတွင် ထပ်လောင်း၍ ကာရံလေသည်။

ပျူလူမျိုးတို့သည် မြန်မာလူမျိုးများကဲ့သို့ပင် မွန်ဂိုလွိုက်အနွယ်ဝင်ဖြစ်ကြောင်းကိုလည်း ဗိဿနိုးမြို့ဟောင်း၌ တွေ့ရသော အရိုးစုကို လေ့လာခြင်းအားဖြင့် သိရသည်။ *** ထို့အပြင် ပျူတို့၏လက်ရာ ကျောက်ရုပ်တုများ၏ ပုံပန်းသွင်ပြင်နှင့် ဝေါဟာရစကားအချို့ကို ထောက်၍လည်း သိနိုင်သည်။

---

* အောင်သော် ( ၁၉၆၆ )၊ စာမျက်နှာ ၂၉၉။
** ယင်း စာမျက်နှာ ၂၉၈။
*** ယင်း စာမျက်နှာ



ဗိဿနိုးမြို့တွင်တွေ့ရသော အရိုးအိုးများ ပုံ ၅။ ။ သရေခေတ္တရာမြို့တွင်တွေ့ရသော အရိုးအိုးများ

ပျူလူမျိုးအသိုက်အအုံကို အုပ်ချုပ်ရသောမင်းဟူသည့် အကြီးအကဲလည်း ရှိ၏။ ဟန်လင်း၊ ဗိဿနိုး စသော ပျူမြို့များမှာကဲ့သို့ပင် သရေခေတ္တရာမြို့၏အလယ်တွင် အုပ်ချုပ်သူ အကြီးအကဲမင်းအတွက် သီးသန့်နေရာချထားပေးလေသည်။ သရေခေတ္တရာ၌ အုပ်စိုးသွားသောမင်းအချို့၏ အမည်များမှာ - ဗြိုပြဘုဝဓိန၊ စယစန္ဒြဝရ်မန်၊ ဟရိဝိကြမ၊ သူရိယဝိကြမ၊ သီဟဝိကြမ စသည်တို့ ဖြစ်ကြပါသည်။ သာမန်အားဖြင့် သရေခေတ္တရာ၌ " ဝရ်မန် " မင်းဆက်နှင့် " ဝိကြမ "မင်းဆက် အုပ်စိုးသွားကြသည်ဟု ထင်မှတ်ဖွယ်ရှိ၏။ သို့သော် ကန်ဝက်ခေါင်ကုန်းကျောက်စာတွင် ဇယစန္ဒြဝရ်မန်နှင့် ဟရိဝိကြမတို့ကို ညီတော်နောင်တော်ဟု ဖော်ပြထားသဖြင့် ဝိကြမနှင့် ဝရ်မန်တို့သည် မင်းဆက်တစ်ဆက်တည်းကဖြစ်ကြောင်း ထင်ရှားသည်။ အကြီးအကဲမင်းများ၏ ဘွဲ့မည်ကိုထောက်၍ ယင်းတို့သည် အိန္ဒိယပြည်တောင်ပိုင်းကမင်းများ၏ ဘွဲ့မည်နာမကို အတုယူထားသည်ဟု ဆိုနိုင်ပါသည်။

" သရေခေတ္တရာပျူတို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ပျူမင်းများသည်လည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြလေသည်။ ယင်းသို့ သက်ဝင်ယုံကြည်သည့်အလျောက်လည်း ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်ကြကြောင်း ယင်းတို့၏ ကုသိုလ်တော် အကြွင်းအကျန်များက သက်သေခံလေသည်။ သရေခေတ္တရာ၌ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာ နှစ်ဂိုဏ်းစလုံး ထွန်းကားခဲ့သည်။ ယင်းတို့ ထွန်းကားခဲ့သောကြောင့် ဘာသာရေး အဆောက်အအုံများကိုလည်းကောင်း၊ ကျောက်ဆင်းတု၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုမှစ၍ ရွှံ့ဖြင့်ပုံသွင်းထားသော အုတ်ခွက်ဆင်းတုများကို လည်းကောင်း၊ အနှံ့အပြားတွေ့ရသည်။ ဓမ္မစေတီခေါ် ပိဋကတ်တော် ကောက်နုတ်ချက်များကို ရွှေပြား၊ ငွေပြား၊ ကျောက်ပြားတို့ပေါ်၌ ရေးထိုးကာပူဇော်ကြသော အလေ့အလာလည်း ရှိသည်။

သရေခေတ္တရာပျူတို့သည် မိမိတို့ မှီတွင်းနေထိုင်ရန်အတွက်ဖြစ်သော အဆောက်အအုံများကို သစ်ဝါး စသော ပျက်စီးလွယ်သည့်အရာများဖြင့် ဆောက်လုပ်ကြသည်။ သို့သော် သာသနိက အဆောက်အအုံများကိုမူ အုတ်ဖြင့် ဆောက်လုပ်တတ်ကြသည်။ အုတ်နှင့်သစ်တို့ဖြင့် ပေါင်းစပ်ဆောက်လုပ်သော သာသနိက အဆောက်အအုံအချို့လည်းရှိ၏။ သရေခေတ္တရာပျူတို့သည် အဆောက်အအုံ ဆောက်လုပ်ရာတွင် အဆက်အဆံ အတွေ့အကြုံ များပြားလာသည့်အလျောက် ဗိသုကာပညာရပ်တွင် အဆင့်အတန်းမနိမ့်ကျတော့ကြောင်း တွေ့ရသည်။ ပျူသာသနိက အဆောက်အအုံများသည် ပန်းဆွဲ၊ စလစ်၊ တိုင်ကလပ်ဖောင်းတွန့်၊ ဖောင်းကွက် အစရှိသည့် ဗိသုကာ အလင်္ကာသဘောတွင် ကြွယ်ဝနေကြပြီ ဖြစ်ကြောင်း တွေ့ရသည်။

သရေခေတ္တရာပျူတို့တွင် ကိုယ်ပိုင်စာပေရှိ၏။ မူလက ပျူတို့တွင် အက္ခရာမရှိသော်လည်း အိန္ဒိယပြည် တောင်ပိုင်း ကိဋ္ဌိပူရ၊ အမရဝတီ၊ နာဂါရ်ဖုနကောဏ္ဍစသော မြို့ကြီးများနှင့် ဆက်သွယ်မိ၍ ယင်းတို့ထံမှ ပါဠိစာပေကို အခြေခံကာ ပျူစာပေကို တီထွင်ယူလာလေသည်။ အက္ခရာမှာ အိန္ဒိယပြည် တောင်ပိုင်း အက္ခရာပင်ဖြစ်၏။ ခရစ်သက္ကရာဇ် ငါးရာစုနှစ်တွင် ပျူစာပေဟူ၍ စာပေသစ်တစ်ရပ် ပေါက်ဖွားလာခဲ့လေသည်။ "

" သရေခေတ္တရာပျူတို့သည် အနုပညာဗီဇအခံရှိသော လူမျိုးဖြစ်၏။ ဗုဒ္ဓဘာသာကို အိန္ဒိယပြည်မှ ရသည့်နည်းတူ ဗုဒ္ဓရုပ်ပွားတော် ထုလုပ်ပုံစနစ်ကိုလည်း အိန္ဒိယပညာရှင်များထံမှ နည်းနာခံယူရလေသည်။ သို့သော် ပျူတို့သည် ချပေးလိုက်သော ပုံစံစနစ်အတိုင်း တသဝေမတိမ်း လိုက်နာခြင်းမပြုကြချေ။ * မိမိ

* သရေခေတ္တရာတွင်တွေ့ရသော ဗုဒ္ဓဆင်းတုတော်များအနက် ရှေးအကျဆုံးဖြစ်သည့် ငွေဓာတ်ပလ္လင် ဝိုင်းရှိ ရုပ်ပွါးတော်လေးဆူသည် ကြာနှစ်ဆင့်ပလ္လင်ပေါ်၌ ခြေတော်ကိုထပ်လျက် တင်ပျဉ်ခွေ

တို့၏ အနုပညာစိတ်ကူးစိတ်သန်းရသည့်အတိုင်း ထုလုပ်တတ်ကြ၏။ ပျူတို့သည် ကြည်ညိုသင့်သည်ကို ကြည်ညိုလာအောင်၊ ကြောက်လန့်သင့်သည်ကို ကြောက်လန့်လာအောင် ထုလုပ်နိုင်စွမ်းသည်။ တစ်နည်းအားဖြင့်ဆိုသော် ရသပေါ်အောင် ထုလုပ်နိုင်စွမ်းသည်ဟု ဆိုနိုင်သည်။

အတတ်ပညာများနှင့်ပတ်သက်၍ ကျောက်ဆစ်ပညာအပြင် ရွှေပန်းထိမ်၊ ငွေပန်းထိမ်အတတ်တို့တွင် ကျွမ်းကျင်သော ပျူပညာရှင်များလည်း ရှိကြလေသည်။ "ရွှေငွေကိုင်သောပညာတွင် ပျူတို့သည် ပုဂံခေတ်ပညာရှင်များထက် သာလွန်သည် " ဟု ပါမောက္ခ ဂျီ၊ အိပ်၊ လုကဆိုပါသည်။ *ပျူလက်ရာများတွင် ဗုဒ္ဓဆင်းတုတော်ရုပ်လုံးရုပ်ကြွများ၊ စေတီများအပြင် လက်စွပ်၊ လည်ဆွဲ၊ နံ့သာဘူး၊ ကြုတ်၊ ခြင်းလုံး၊ ကြာပန်းခိုင်၊ ဟင်္သာ၊ လိပ်ပြာအစရှိသော ပစ္စည်းများပါဝင်သည်။ ကြာပန်းခိုင်များ ပြုလုပ်ရာတွင် ပွင့်ဖတ်အထပ်ထပ် အလွှာလွှာအပြင် ဝတ်ဆံ၊ ဝတ်မှုန်၊ အညှာအတံ တို့ဖြင့် အတင့်အတယ် ပြုလုပ်ထားသည်ကို တွေ့ရပါသည်။**

သရေခေတ္တရာပျူတို့သည် ဆင်ယင်ထုံးဖွဲ့မှုတွင် အဆင့်အတန်းမြင့်သည်။ ရွှေထည်လက်ဝတ်လက်စားများကို ဆင်မြန်းကြ၏။ ဆင်းရဲသားများကမူ ရောင်စုံပုတီး၊ မြေပုတီးများကို ဆွဲကြ၏။ ယောကျ်ား၊ မိန်းမမရွေး ဆံပင်ကို ဦးခေါင်းပေါ်၌စုစည်းကာ ဆံထုံးထုံးကြသည်။ အချို့ ဦးရစ် ခေါင်းပေါင်းများ ပေါင်းကြ၏။ အိန္ဒိယတိုင်းသားများ ဝတ်ဆင်လေ့ရှိသော ဒိုတီကဲ့သို့ ပုဆိုးကို ခါးတောင်းကြိုက်ထားကြသည်လည်း ရှိ၏။ နံငယ်ပိုင်းကိုလည်း ဝတ်ဆင်ကြ၏။ ခါးဝတ်မြဲမြံစေရန် ခါးပန်းကြိုးဖြင့် ချည်နှောင်ထားတတ်ကြ၏။ အလှပြင်ရာတွင် ကြေးမုံကို အသုံးပြုကြ၏။***

သရေခေတ္တရာပျူတို့သည် အကအခုန်၊ အတီးအမှုတ်၊ ပညာများ၌လည်း ကျွမ်းကျင်၏။ ၁၉၆၆–၆၇ ခုနှစ်အတွင်း သရေခေတ္တရာမြို့ဟောင်း၌တူးဖော်ရာ ကခုန်တီးမှုတ်နေသော ပျူကြေးရုပ်ငယ် ငါးရုပ်ကို တွေ့ရှိခဲ့သည်။ ယင်းကြေးရုပ်များသည် အမြင့်လေးလက်မခွဲ ရှိ၏။ ယင်းကြေးရုပ်များသည် ပလွေမှုတ်နေသောအရုပ်၊ ဗုံတီးနေသောအရုပ်၊ ခွက်ခွင်းတီးနေသောအရုပ်၊ ကနေသောအရုပ်များ ဖြစ်ကြသည်။ ဒုတိယစစ်မဖြစ်မီ မြင်ဗာဟုစေတီကရသော အုတ်ခွက် တစ်ခွက်တွင်လည်း တွဲလျက် ကနေသောအရုပ်နှစ်ရုပ်ကို တွေ့မြင်ရသေးသည်။****»

ပျူတို့သည် သေဆုံးသူ၏ရုပ်ကလာပ်ကို မီးရှို့ပြာချပြီးနောက် အိုးအတွင်း၌ထည့်၍ မြှုပ်နှံတတ်ကြသည်။ မင်းမိဖုရားနှင့်ဆွေတော်မျိုးတော်တို့၏ ရုပ်အလောင်းများကိုမူ ကျောက်အရိုးအိုးများတွင် ထည့်သွင်း၍ မြှုပ်နှံတတ်ကြသည်။ အိုး၏ပတ်လည်တွင်လည်း ကမ္ပည်းစာ ရေးထိုးထားတတ်သည်။ လူသာမန်များမှာမူ ရုပ်အလောင်းကို မီးရှို့ပြီးနောက် ကြွင်းကျန်သောပြာကို မြေအိုးတွင်ထည့်သွင်း၍ မြှုပ်နှံတတ်ကြသည်။ သရေခေတ္တရာတွင် တွေ့ရသော မြေအရိုးအိုးများမှာ အဖုံးပိတ်ပါသော ဘောင်စောက်အိုးများဖြစ်၏။

---

ထိုင်တော်မူကာ လက်တော် ဘယ်တင် ညာချ ဟန်ဖြင့် စံပယ်တော်မူနေကြသည်ကို တွေ့ရသည်။ ဤပုံစံမျိုးကို "ဘူမိဖဿမုဒြာ " ဟုခေါ်ဆိုသည်။ ဤကဲ့သို့သော ဘူမိဖဿမုဒြာပုံစံမျိုးတွင်ပင် လက်တော်ဘယ်တင် ညာချအစား လက်တော်ညာတင် ဗယ်ချ ထားသည်ကို ဘဲဘဲဂူဘုရားအတွင်းရှိ ဆင်းတုတော် ( ရှေးဟောင်း ခေတ်ပုံ အမှတ် ၄၂၅ ) ၊ ရွှေကြို့ပင်ရွာ၌တွေ့သော ဆင်းတုတော် ( ရှေးဟောင်းခေတ်ပုံ အမှတ် ၄၅၄၈ ) များတွင် တွေ့မြင်နိုင်သည်။


* Luce ( 1960 ), p. 313 . ** *ASI* ( 1926 - 27 ), Pl. XL, fig.e.


*** ၁၉၆၅–၆၆ ခုနှစ်အတွင်း မသီးကျကုန်းကို ထပ်မံတူးဖော်ရာတွင် ကြေးမုံတစ်ခုကို တွေ့ရှိခဲ့သည်။

**** မြ ( ၁၉၆၁ )၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၂–၂၃၊ ပုံ ၃၁။



ဓာတ်ပုံ ၀၇။ ။ ခေ့ာ်ဘာအမှတ် ( ၀ ) ကုန်းမှရသော ပျူပန်းတျာကြေးရုပ်များ။





ပုံ ၆။ ။ကခုန်နေဟန်လူရုပ်ပါသောအုတ်ပြား (မှော်ဇာ)

အိုးတို့တွင် ဖောင်းရစ်များဖော်ထား၏။ သပိတ်ပုံစံအရိုးအိုးများကိုလည်း မကြာမကြာ တွေ့ရတတ်၏။ ယင်းအရိုးအိုးများအတွင်း အရိုးပြာများနှင့်အတူ သေသူ၏ အသုံးအဆောင် လက်စွပ်၊ ပုတီးစေ့ စသော အသေးအဖွဲ့ပစ္စည်းများကို ထည့်သွင်းမြှုပ်နှံလေ့ရှိသည်။

ပျူတို့၏ ထူးဆန်းသောအစွဲအလန်းတစ်ခုမှာ သံသည် မကောင်းဆိုးဝါးတို့ကို ကာကွယ်နိုင်သည်ဟူသော အစွဲအလမ်းပင်ဖြစ်သည်။ သံမယ်နကြီးများကို မြို့ရိုးပတ်လည်တွင်လည်းကောင်း၊ အဆောက်အအုံပတ်လည်တွင်လည်းကောင်း ရိုက်ထားကြသည်။ အရိုးအိုးများနှင့်အတူ သံခေါး၊ သံချောင်း၊ သံချိတ် စသော သံကရိယာများကိုလည်း တစ်ပါတည်းမြှုပ်နှံလေ့ရှိကြသည်။

သရေခေတ္တရာမြို့ကြီးသည် ထုထည်ကြီးမားသော မြို့ရိုးကြီးဖြင့် ဝန်းရံနေလင့်ကစား အခြားမြို့များနှင့် အဆက်အသွယ်မရှိပဲ ထီးတည်းရပ်တည်နေသောမြို့ကြီးမဟုတ်ပေ။ သရေခေတ္တရာတွင်တွေ့ရသော ငွေပြားပိုင်းများကိုထောက်၍ သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်းစသောမြို့ကြီးများသည် တစ်သီးတစ်ခြားစီ တည်ရှိနေသော်လည်း တစ်ခုနှင့်တစ်ခု အဆက်အဆံမကင်းခဲ့ကြောင်း သိရပေသည်။* ထို့အပြင် ခရစ်သက္ကရာဇ် လေးရာစုနှစ်နှင့် ရှစ်ရာစုနှစ်အတွင်းက ထွန်းကားကြီးပွားခဲ့သာ ရခိုင်တိုင်း၊ ဝေသာလီမြို့ဟောင်းနှင့်လည်း အဆက်အဆံများပြားခဲ့လေသည်။

ပြည်ပဆက်ဆံရေးတွင်မူ သရေခေတ္တရာမြို့ဟောင်းသည် အိန္ဒိယပြည်နှင့် အဆက်အဆံ အထူးများပြားခဲ့ပါသည်။ အိန္ဒိယပြည်ဟုဆိုရာ၌ တောင်ပိုင်းမြောက်ပိုင်း နှစ်ပိုင်းစလုံးပင် ပါဝင်သည်။

ဤသို့ အိန္ဒိယပြည်နှင့်ဆက်ဆံရာတွင် ဘာသာရေးသက်သက်သာမဟုတ်၊ ရောင်းဝယ်ရေးလည်းပါကြောင်းကို သရေခေတ္တရာတွင် တွေ့ရသည့် ဟိန္ဒူနတ်ရုပ်များကို ထောက်ထား၍ဆိုနိုင်သည်။ အိန္ဒိယပြည်သား ဟိန္ဒူဘာသာဝင်များသည် သရေခေတ္တရာသို့ အရောင်းအဝယ်ဖြင့်လာရောက်ကာ အခြေစိုက်နေခဲ့ကြသည်ဟု ယုံကြည်နိုင်သည်။ ယင်းတို့အား မိမိတို့မိရိုးဖလာ ကိုးကွယ်မှုကို လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားသည်ဟုလည်း ယူဆနိုင်သည်။

ဗိဿနိုးမြို့သည် ခရစ်သက္ကရာဇ် လေးရာစုနှစ်နှင့်ငါးရာစုနှစ်အကြားတွင် ပျက်စီးကြောင်းသိရသည်။* မြန်မာရာဇဝင်ကျမ်းများ၌ သရေခေတ္တရာပြည်ရှင် ဒွတ္တပေါင်မင်းကြီး စစ်မက်ပြုသောကြောင့် ဗိဿနိုးမြို့ပျက်သည်းရကြောင်း ဆိုသည်။ ** ခရစ်သက္ကရာဇ် ငါးရာစုနှစ်နောက်ပိုင်းတွင် သရေခေတ္တရာမြို့ကြီးသည် ပြိုင်ဖက်မပေါ်ပဲ ထွန်းကားဖွံ့ဖြိုးခဲ့ဟန်ရှိ၏။ စစ်မက်မရှိပဲ အေးချမ်းသာယာသော အချိန်အခါဖြစ်သောကြောင့် သရေခေတ္တရာပျူတို့သည် မြို့ပြင်သို့ထွက်ကာ ဘောဘောကြီး၊ ဘုရားကြီး၊ ဘုရားမာ စသော စေတီကြီးများ တည်ဆောက်ရာ၌ မိမိတို့လုပ်အားကို အားသွန်ခွန်စိုက် အသုံးပြုခဲ့ကြ၏။ ယင်းစေတီကြီးများအနက် ရှေးအကျဆုံးဖြစ်သော ဘောဘောကြီးစေတီသည်ပင် ခရစ်သက္ကရာဇ် ငါးရာစုနှစ်ထက် မစောနိုင်။ ယင်းစေတီကြီးနှင့် ပုံစံချင်းဆင်သော အိန္ဒိယပြည်၊ ဆာရ်နတ်သ်အရပ်၌ရှိသည့် ဓမ္မိက်စေတီသည် ခရစ်သက္ကရာဇ် ခြောက်ရာစုနှစ်အတွင်း တည်ဆောက်ထားခဲ့သော အဆောက်အအုံဟု ဆိုသည်။ ***

---

* အောင်သော် ( ၁၉၆၆ )၊ စာမျက်နှာ ၃၀၀။

** မင်းတုန်းမင်းတရားကြီးလက်ထက် မြေလတ်စစ်ကဲကြီး၊ နေမျိုးမင်းလှ သီရိသင်္ခယာပြုစုသော တောင်တွင်းကြီးသမိုင်း ( ပေမူ )။

*** Brown ( ကျမ်းကိုး ၁၂ )၊ Pl XXXII.

ဘောဘောကြီးစေတီနှင့် စပ်လျဉ်း၍ အငြိမ်းစားကျောက်စာဝန်မင်း ဦးမြ၏အဆိုအရ စေတီတော်ကြီး အတွင်း မှရရှိသော ဌာပနာပစ္စည်းများနှင့် စေတီကြီးပုံစံကို လေ့လာနှိုင်းချိန်ခြင်းအားဖြင့် ဤစေတီကြီးကို ခရစ်သက္ကရာဇ် ခြောက်ရာစုနှစ်နှင့် ခုနစ်ရာစုနှစ်အတွင်း တည်ဆောက်ခဲ့ကြောင်း သိရသည်။ +

( တောင်လုံးညို၊ ကန်ပေါင်စု စသောရွာများတွင် ရွာသားများသည် မြေအောက်သို့ အတောင်နှစ်ဆယ်၊ သုံးဆယ်စသည်ဖြင့် နက်ရှိုင်းစွာတူးဖော်သောအခါတွင် အုတ်ကြွမ်းပြင် အုတ်နံရံများထွက်ပေါ်လာသည်။ ယင်းအုတ်နံရံများ၊ အုတ်ကြွမ်းပြင်များသည် ခေတ်ဦးပိုင်းတွင် အကြီးဝင်သောအဆောက်အအုံများ၏ အစိတ်အပိုင်းများ ဖြစ်တန်ရာသည်။ )

ပြည်တွင်းပြည်ပ အေးချမ်းသာယာသည့်အလျောက်လည်း သရေခေတ္တရာပျူတို့သည် မြို့တော်၏ အနောက်ဘက်၊ အကောက်တောင်နှင့် ပတ်ဝန်းကျင်ဒေသများမှ တစ်ခဲနက် ကြီးမားသော ကျောက်တုံးကျောက်ခဲကြီးများကို သွားရောက်တူးဖော်ကာ လက်ရာကောင်းများကို ထုလုပ်နိုင်ခဲ့သည်။ *

" တွေ့ရသော ရှေးဟောင်းပစ္စည်း အထောက်အထားများအရ သရေခေတ္တရာပြည်ကြီးသည် ခရစ်သက္ကရာဇ် ဆယ်ရာစုနှစ်တိုင်အောင် ထွန်းကားဖွံ့ဖြိုးခဲ့သည်ဟု ဆိုနိုင်ပါသည်။ ခရစ်သက္ကရာဇ် ဆယ်ရာစုနှစ်နောက်ပိုင်းတွင် မင်းနေပြည်အဖြစ်မှ လျော့ကျခဲ့သည်ဟု ယုံကြည်ရပါသည်။ အဘယ့်ကြောင့်ဆိုသော် သရေခေတ္တရာအုတ်ခွက်ပေါင်း အရာအထောင်တွင် ခရစ်သက္ကရာဇ် ဆယ်ရာစုနှစ်ထက် နောက်ကျသော အုတ်ခွက်တို့ကို အနည်းငယ်မျှသာ တွေ့ရသောကြောင့် ဖြစ်သည်။ ** ထို့ကြောင့် ခရစ်သက္ကရာဇ် ဆယ်ရာစုနှစ်နောက်ပိုင်းကို သရေခေတ္တရာပျူတို့၏ တန်ခိုးအရှိန်အဝါ မှေးမှိန်လာသောခေတ်ဟူ၍ သတ်မှတ်နိုင်ပါသည်။ ထိုအချိန်ဝယ် သရေခေတ္တရာမြို့တော်၏ မြောက်ပိုင်း ပုဂံမြို့တစ်ဝိုက်တွင် မြန်မာတို့သည် တဖြည်းဖြည်း အင်အားအနိုင်အမာ ဖြစ်လာသည်။ ခရစ်သက္ကရာဇ် ၁၀၄၄ ခုနှစ်တွင် နန်းတက်တော်မူသော အနော်ရထာမင်းစော၏ စည်းလုံးခေါင်းဆောင်မှုအောက်၌ မြန်မာတို့သည် ပုဂံမြို့ ဗဟိုပြုကာ ကျယ်ဝန်းသော မြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ကြလေသည်။ အနော်ရထာမင်းစော၏ အာဏာစက်သည် သရေခေတ္တရာသို့လည်း ပျံ့နှံ့ခဲ့ကြောင်းကို ဘောဘောကြီးစေတီတွင် အနော်ရထာမင်းစော၏ ကောင်းမှုအုတ်ခွက်ဆင်းတုတော်တစ်ဆူ တွေ့ရသဖြင့် အခိုင်အမာ ယူဆနိုင်ပါသည်။ *** အနော်ရထာမင်းစောနှင့် သရေခေတ္တရာတို့၏ ဆက်သွယ်မှုနှင့် စပ်လျဉ်း၍ အနော်ရထာမင်းစောသည် သရေခေတ္တရာပြည် ဒွတ္တဘောင်မင်းကြီး၏ ကောင်းမှုစေတီတော်ကို ဖျက်၍ သင်းကျစ်တော်ဓာတ်ကို ယူငင်တော်မူသည်။ သရေခေတ္တရာမြို့ကိုလည်း သူပုန်သူကန်တို့ အမှီအခို မပြုနိုင်စေရန် ဖျက်ဆီးတော်မူသည်ဟူ၍ မှန်နန်းရာဇဝင်တော်၌ ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။ ****

ဤသို့ သရေခေတ္တရာမြို့သို့ မြတ်စွာဘုရား၏ သင်းကျစ်တော်ဓာတ်ကို အပင့်အယူလာရောက်ရာတွင် ပျူအတတ်ပညာရှင်၊ အသိပညာရှင်များကို ပုဂံမြို့တော်သို့ ခေါ်ဆောင်သွားခဲ့သည်မှာ ယုံမှားဖွယ်ရာ မရှိပါ။ ပုဂံနေပြည်တော်ကို တခမ်းတနား ပြုစုပျိုးထောင်ရာတွင် မွန်၊ မြန်မာ၊ ပျူစသော ပညာရှင်များ၏

+ မြ ( ၁၉၆၁ )၊ ဒုတိယတွဲ၊ စာမျက်နှာ ၂၀။

* Tha Hla & Nyi Nyi ( 1958 ), pp. 83-97.

** မြ ( ၁၉၆၁ )၊ ဒုတိယတွဲ၊ စာမျက်နှာ ၃၈၊ ပုံ ၈၇-၈၉။

*** ASI ( ၁၉၀၇-08 ), p. 41.

**** မှန်နန်းရာဇဝင် စာမျက်နှာ ၂၅၆-၂၅၇။

စုပေါင်းလုပ်ဆောင်မှု လိုအပ်ကြောင်း အနော်ရထာမင်းစောသည် ကောင်းစွာသဘောပေါက်ဟန်ရှိပါသည်။ အနော်ရထာမင်းစောလက်ထက်တော်တွင် ပုဂံမြို့တော်၌ ပျူတို့ရောက်နေကြကြောင်းကို အနော်ရထာမင်းစော၏ ကောင်းမှုတော် ရွှေဆံတော်စေတီတော်တွင်းမှရသော ဗောဓိသတ္တဘုရားလောင်းကြေးရုပ်၏ ပလ္လင်ပတ်လည်ရှိ စာများနှင့် အုတ်ခွက် ဆင်းတုတော်တစ်ဆူ၏ နောက်ကျောဖက်ရှိ ပျူစာများကိုထောက်၍ သိရသည်။*

မြန်မာတို့သည် ပျူတို့ထံမှ ဗိသုကာပညာရပ်၊ ကျောက်ဆစ်ပညာရပ်တို့နှင့်စပ်၍ ကောင်းနိုးရာရာကို ဆက်ခံယူခဲ့လေသည်။ ထူပခေါ် စေတီလုံးများ တည်ဆောက်ရာတွင် ပျူတို့၏စနစ်ဖြစ်သော ပန်းတင်ခုံ၊ ခေါင်းလောင်းပုံ၊ ဖောင်းရစ်၊ ကမ္ဗတ်စသည်တို့ကို အတုယူခဲ့လေသည်။ ပျူတို့၏ လက်ရာဖြစ်သော ဆူးပုပ်ကုန်း ပေါ်ခြတော်မူစေတီနှင့် အနော်ရထာမင်းစော၏ ကောင်းမှုတော် လောကနန္ဒာစေတီကို နှိုင်းယှဉ်လေ့လာသင့်ပါသည်။ ဂူဘုရားများ တည်ဆောက်ရာတွင်လည်း မြန်မာတို့သည် ပျူတို့ထံမှ ကောင်းနိုးရာရာတို့ကို အမွေဆက်ခံသည်။ " ပျူစစ်လျှင် မြန်မာ " ဟူသော ရှေးဟောင်းစကားတစ်ခုပင် ကြွင်းကျန်ရစ်သည်ကို ထောက်ချင့်ခြင်းအားဖြင့် ပျူနှင့်မြန်မာတို့သည် ယဉ်ကျေးမှုခြင်း ရင်းရင်းနှီးနှီး ဆက်သွယ်ခဲ့ကြောင်း သိရသည်။ ပုဂံခေတ် ဗိသုကာ အနုပညာ အဆင့်အတန်းမြင့်မား၍ ထိပ်တန်းကျရခြင်းမှာ မြန်မာတို့သည် ပျူ၊ မွန်နှင့် အိန္ဒိယပြည်လက်ရာတို့မှ ကောင်းနိုးရာရာတို့ကို ရွေးချယ်ယူငင်ခဲ့သောကြောင့်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ပျူတို့သည် ပုဂံခေတ်မြန်မာတို့၏ ယဉ်ကျေးမှုကို တစ်စိတ်တစ်ဒေသအားဖြင့် တည်ဆောက်ခဲ့ကြသည်။ အားသစ် လောင်းခဲ့ကြသည်၊ အထောက်အကူ ပြုခဲ့ကြသည်ဟု ဆိုရမည်ပင် ဖြစ်ပါသတည်း။ "

* *ASI* ( 1926 - 27 ), pp. 161 - 165, Pl. XXXIX e & f.

" အညွှန်းသင်္ကေတများ "

၁။ ရှေးဟောင်းနှစ်ချုပ်။ ။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ နှစ်ချုပ်အစီရင်ခံစာ။

၂။ ရှေးဟောင်းဓာတ်ပုံ။ ။ ရှေးဟောင်းသုတေသနဌာနခွဲရှိ ဓာတ်ပုံစာရင်း။

၃။ *ASI* ....... Annual Report of the Archaeological Survey of India.

၄။ *ASB* ....... Annual Report of the Archaeological Survey of Burma.

## ကျမ်းကိုးစာရင်း


၁။ ချစ်သိန်း၊ ဦး။ ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်။ ရန်ကုန်။ ( ရှေးဟောင်းသုတေသနဌာနခွဲ ) တက္ကသိုလ်များပုံနှိပ်တိုက်၊ ၁၉၆၅။

၂။ မြ၊ <u>သီရိပျံချီ</u> ဦး။ ရှေးဟောင်းမြန်မာအက္ခရာစာတမ်း၊ ရန်ကုန်။ ( ရှေးဟောင်းသုတေသနဌာနခွဲ ) ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၀။

၃။ ------- ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ပထမတွဲနှင့်ဒုတိယတွဲ၊ ရန်ကုန်။ ( ရှေးဟောင်းသုတေသနဌာနခွဲ ) တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၆၀။

၄။ မှန်နန်းရာဇဝင်တော်ကြီး၊ ပထမအုပ်။ မန္တလေး၊ မြဇော်ပုံနှိပ်တိုက် ၁၉၆၃။

၅။ ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ နှစ်ချုပ်အစီရင်ခံစာများ။ ရန်ကုန်မြို့ ဗဟိုပုံနှိပ်တိုက်။

၆။ အောင်သော်၊ ဦး။ "ပျူဒင်္ဂါးများ" အမျိုးသားယဉ်ကျေးမှုစာစောင်၊ တွဲ ၁၊ ( ၁၉၆၂ ) ၁၀၅–၁၁၂။

၇။ -------- "ဗိဿနိုးမြို့ဟောင်း" တက္ကသိုလ်ပညာပဒေသာစာစောင်၊ တွဲ ၁၊ ပိုင်း ၂။ ( ၁၉၆၆ )၊ ၂၅၃–၃၀၀။

၈။ *Annual Reports of the Archaeological Survey of India.* Dehli.

၉။ *Annual Reports of the Archaeological Survey of Burma.* Rangoon.

၁၀။ Bapat, P.V. ( ed ) *2500 Years of Buddhism.* New Dehli, Ministry of Information & Broadcasting, Goverment of India, 1959.

၁၁။ Blagden, C.O. " The Pyu Inscriptions, " *Epigraphia Indica,* XII ( 1913 - 14 ) 127 - 132.

၁၂။ Brown, Percy : *Indian Architecture* ( Buddhist & Hindu ). Bombay, D.B. Taraporevala 1942.

၁၃။ Finot, Louis. " Un Nouveau Document sur Le Buddhisme Birman, " *Journal Asiatique,* XX ( 1912 ) 121 - 136.

၁၄။ Forchammer, <u>Dr.</u> Emmanual. *Arakam; 1. Mahamuni Pagoda. 2. Mrohaung. 3. Launggyet, Mingya, Urittaung, Akyab and Sandoway* ..... ( 1890 )

၁၅။ Johnston, E.H. " Some Sanskrit Inscriptions of Arakan, " *Bulletin of the School of Orietal and African Studies,* XI,II ( 1919 ) 357-385.

၁၆။ Luce, G.H. " The Ancient Pyu, " *Journal of the Burma Resrarch Society, The Fiftieth Anniversary Publications No. 2.* 1960.

၁၇။ Mya, <u>Thiripyanchi</u> <u>U.</u> *History of Buddhism in Burma : a Brief Outline.* ( MS )

၁၈။ Ray, <u>Dr</u>. Nihar - Ranjan. *The Brahmanical Gods in Burma Calcutta,* University of Calcutta, 1932.

၁၉။ -- -- -- Theravada Buddhism in Burma Calcutta, University of Calcutta, 1946.

၂၀။ Sarkar, II. " Some Aspects of the Buddhist Monuments at Nagarjunakonda, " Ancient India, 16 ( 1960 ) 65 - 84.

၂၁။ Sircar, D.C. Inscriptions of Chandras of Arakan, " *Epigraphia Indica,* Vol. XXXII.

၂၂။ Tha Hla, Dr. and Dr. Nyi Nyi. " Report of the Field Work at Hmawza ( Sri - Ksetra ) and Prome, " *Journal of the Burma Research Society,* XLI, i & ii ( 1954 ) 83 - 97.

၂၃။ Thin Kyi, Dr. Daw. " The Early Capitals of Burma a Brief Geographical Appraisal, " *New Burma Weekly,* IV ( 24 Jan, 1959 )

၂၄။ Tun Nyein, U. " Maunggan Gold Plates, " *Epigraphia India,* V ( 1898 - 99 ) 101 - 102.

# တကောင်းမြို့ဟောင်း တူးဖော်လေ့လာတွေ့ရှိချက်များ

**ဦးသန်းဆွေ**
( သုတေသနဝန်ထောက်၊ ရှေးဟောင်းသုတေသနဌာနခွဲ၊ ရန်ကုန်မြို့ )

### တကောင်းအမည် ခေါ်တွင်ပုံ

မြန်မာ့သမိုင်း၊ ပုံပြင်နှင့် မိရိုးဖလာ ယုံကြည်ချက်များအရ တကောင်းမြို့သည် ရှေးဟောင်း မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသော မြို့တစ်မြို့ ဖြစ်ခဲ့ပေသည်။ တကောင်းပြည်၏ အမည်ကို ကကုသန်ဘုရား လက်ထက်တော်၌ သံသယပူရ၊ ကောနဂုံဘုရား လက်ထက်တော်၌ ရဋ္ဌပူရ၊ ကဿပဘုရား လက်ထက်တော်၌ သင်းတွဲဟု တွင်ပြီး ဂေါတမဘုရားသခင် လက်ထက်တော်၌ကား တကောင်းဟူ၍ အမည်တွင်ကြောင်း * မှန်နန်းရာဇဝင်တော်ကြီး၌ လာရှိပေသည်။ တကောင်းကို " တိုင်ကွန် " ဟူ၍ တရုတ်အသံဖြင့် ခေါ်ဝေါ်ကြောင်း သိရသော်လည်း အဓိပ္ပာယ်ရင်းမြစ်ကိုကား ဖော်ပြထားခြင်း မရှိသဖြင့် မသိရချေ**။ ထို့ပြင် တကောင်းဟူသောအမည်မှာ ရှမ်းဘာသာစကားဖြင့် "စည်ကူးတို့ "ဟု အဓိပ္ပာယ် ရရှိကြောင်း*** သိရ၏။ ရှမ်းဘာသာဖြင့် ဆိုလိုရင်းအဓိပ္ပာယ်မှာ " တ + ကောင်း " ဟူသော စကားရပ်တွင် " တ "မှာ ကူးတို့ဆိပ်ဖြစ်ပြီး " ကောင် "မှာ အစုအပုံ ( ဝါ ) ကုန်ပစ္စည်းများစုပုံရာ ကူးတို့ဆိပ်ဟူ၍ပင် ဖြစ်ကြောင်း သိရလေသည်။****

### တကောင်းမြို့ နှင့် ကျောက်စာ အထောက်အထားများ

တကောင်းမြို့သည် ပုဂံခေတ်၌ အရေးပါအရာရောက်သော နယ်ခြားမြို့နယ်တစ်ခု ဖြစ်ခဲ့ဟန်ရှိ၏။ မှန်နန်းရာဇဝင်တော်ကြီး၌ အနော်ရထာမင်းစောသည် နယ်ခြားမြို့ လေးဆယ့်သုံးမြို့ကို တစ်ပြိုင်နက် တစ်ချက်တည်း စ၍ တည်စေရာ၌ တကောင်းမြို့သည်လည်း တစ်မြို့အပါအဝင် ဖြစ်ခဲ့ကြောင်း ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။+ ထို့ပြင် ပုဂံခေတ်တွင် ရေးထိုးသော ကျောက်စာများ၌လည်း ပုဂံ

---

* မှန်နန်းမဟာရာဇဝင်တော်ကြီး ( နောင်တွင် မှန်နန်းဟု ဖော်ပြပါမည်။ ) ပ၊ ၁၇၅။

** ရှေးဟောင်းသုတေသနညွှန်ကြားရေးဝန်၏ နှစ်ချုပ်အစီရင်ခံစာများ ( နောင်တွင် ရှေးဟောင်းဟု ဖော်ပြပါမည်။ ) ၁၉၀၉-၁၀၊ ၂၀။

*** ( ၁ ) မြန်မာ့စွယ်စုံကျမ်း ( တွဲ ၄ )၊ ၁၉၈။

( ၂ ) ရှေးဟောင်း ( ၁၉၁၅-၁၆ )၊ ၃၀။

**** ကသာကဲဆက်၊ ၈၉။

\+ မှန်နန်း ( ပ ) ၂၉၆။

ပြည်၏ အကျယ်အဝန်း နယ်နိမိတ်ကို ဖော်ပြရာ၌ "မွေ့စ်ဩတ္တာတကောင်း၊ ဆောင်ချုံ"* ဟူ၍ လည်းကောင်း၊ " တကောင်းလှပ်ကာသုကြီ "** " လက်ခါနှာလက်ဝယ်၊ တကောင်စစ်ထိုင်သော "+ " တကောင်ညယန်မွေ့ "++ "ပုဂံသိုဝ်ဝိုင်စိမ့်ဟုရယ်၊ သုသုတ္တာကိမင်းသားသုရယ် ၂၀၀၀၀၊ ပုညမမ္မမဟာ (ထီ)၊ ဂြိမမ္မိကာ သယ်ာထိ၊ အလ္လေ့ာင်ရဝကာ သင်တွယ် ပြည်ရောက် ဩင်လျှင်၊ လီရုယ်နိယ်စိယ်သတေ "+++ စသည်ဖြင့် ကျောက်ထက်အက္ခရာအမျိုးမျိုးဖြင့် အမှုကွန်းတင်ထားရှိခဲ့သည်ကို လေ့လာမှတ်သားရပေသည်။

ထိုကျောက်စာများကို ပုဂံမြို့ဟောင်းတစ်ဝိုက်မှသာ တွေ့ရှိရပြီး ၎င်းခေတ်ပြိုင်ထိုး ကျောက်စာတစ်ချပ်တစ်လေမျှပင် တကောင်းနှင့် အညာ ပုဂံမြို့ဟောင်းတို့တွင် မတွေ့ရသည်မှာ ထူးခြားသည်ဟု ဆိုရပေမည်။ သို့သော် ပင်းယခေတ် သက္ကရာဇ် ၇၁၆ ရေးထိုးသော ကျောက်စာတစ်ချပ်ကိုကား တကောင်းရွှေစည်းခုံဘုရားကြီးအနီး၌ တွေ့ရသည်။ ထိုကျောက်စာ၌ " သိန်ကပတိယ် ဆင်ဖြူသျှင်မောင်နှံ လက်လျှက်တွယ်လျှက် ရှုယ်နန်တက်သော၊ သဟေတောမင်၏ မွေ့သတိုင်မင် တကောင်းပြည်ကိုင် အစိုဝ်မှုသောအခါ၊ ပင်သတိုဝ် ယောက်ဖလက်ျာ ......မ် ရှုယ် ကျောင်ကိုဝ်မှုသော "++++ စသည်ဖြင့် ဝတ်မိုး ဝတ်မြေကျွန် နွားစသည်တို့ကို အလှူဒါနပြုခဲ့ကြောင်း အမှုကွန်းတင်ထားကြောင်း တွေ့ရသည်။

## တည်နေရာနှင့် သမိုင်းအညွှန်း

တကောင်းမြို့သည် ရေကြောင်းခရီးဖြင့် ဆန်တက်သော် မန္တလေးမြို့ မှ အထက် ရေမိုင် ၁၂၇မိုင်မျှအကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းအနီး ကပ်လျက်တည်ရှိ၏။ တကောင်းမြို့ဟောင်းရာသည် လောင်ဂျီတွဒ် အရှေ့ ၉၆ ဒီဂရီ ၀၁ မိနစ်နှင့် လတ္တီကျု မြောက် ၂၃ ဒီဂရီ ၃၀ မိနစ်တွင် တည်ရှိသည်။ ၁၉၁၅ ပတ်ဝန်းကျင်လောက်ကမူ တကောင်းမြို့ဟောင်းသည် မိုးကုတ်ခရိုင် ( ပတ္တမြားကျောက်တွင်းခရိုင် ) သပိတ်ကျင်း မြို့နယ်အတွင်းပါဝင်ခဲ့ပြီး မကြာမီက ရွှေဘိုခရိုင်အတွင်းသို့ သွတ်သွင်းအုပ်ချုပ်ခြင်း ခံခဲ့ရပေသည်။ တစ်ဖန် ၁.၁၀.၆၅ မှ စ၍ တကောင်းကျေးရွာဒိုင်နယ်ကို မြို့နယ်ခွဲ အဆင့်ထားရှိကာ သပိတ်ကျင်းမြို့နယ်၊ မိုးကုတ်ခရိုင်ခွဲ၊ မန္တလေးခရိုင်အတွင်းသို့ သွတ်သွင်းထားရှိပေသည်။ တကောင်းမြို့ဟောင်းသည် မန္တလေးခရိုင်၏ မြောက်ဘက်အစွန်းတွင် တည်ရှိ၏။ ၎င်းမြို့ဟောင်းရာသည် ကျုံးမြို့ရိုးဟောင်းများ၊ မြစ်ဇရာနှင့် မင်းဝံ တောင်တန်းကြီးများကို နောက်ခံထားလျက် လှပသော သဘာဝရေမြေ တောတောင် ပတ်ဝန်းကျင်ဖြင့် ဝန်းရံလျက်ရှိ၏။ ကြွင်းကျန်ရစ်သမျှရှေးဟောင်းစေတီပုထိုးများနှင့် ကျုံးမြို့ရိုးများသည် ရှေးကျသော မြို့ဟောင်းနေရာတစ်ခုဖြစ်ခဲ့ကြောင်း ထင်ထင်ရှားရှား သက်သေပြလျက်ရှိချေသည်။ တကောင်းမြို့ဟောင်း၏ တောင်ဘက်ကပ်လျက်တွင်လည်း အညာပုဂံမြို့ဟောင်းနှင့် ၎င်းမြို့ဟောင်းတွင်း၌ ထင်ရှားကျော်ကြားသည့် ရွှေစည်းခုံထူပါ စေတီတော်မြတ်ကြီးတစ်ဆူသည် အဓိကရ တည်ရှိသည်။ ၎င်းပတ်ဝန်းကျင်၌လည်း ယိုယွင်းပျက်စီးနေသည့် မြေစိုက်စေတီပုထိုး ဇုတ်ကုန်းဟောင်းများနှင့် အခြားလူနေမှုဆိုင်ရာ ဇုတ်ကုန်း

---

* ပုံ ၁၉/က ကြောင်းရေ ၉။

** ပုံ ၁၉၃/ခ၊ ကြောင်းရေ ၁၂-၁၆။

\+ ပုံ ၂၃၀/ခ၊ ကြောင်းရေ ၁။

++ ပုံ ၁၄၃/ခ၊ ကြောင်းရေ ၁၅-၁၆။

+++ ပုံ ၂၇၁၊ ကြောင်းရေ ၁၃-၁၄။

++++ အထက်မြန်မာနိုင်ငံကျောက်စာများ ( ၃ )၊ ၈၀။

မို့မို့များသည် ချုံနွယ်ပိတ်ပေါင်းများဖြင့် လွှမ်းခြုံဖုံးအုပ်လျက်ရှိသည်ကို တွေ့ရသည်။ တကောင်းမြို့ဟောင်း၏ လက်ရှိ အခြေအနေမှာ အရှေ့သို့လားသော် တလားဝချောင်းနှင့် အင်းများ၊ လယ်ယာလုပ်ခင်းနှင့် မြိုင်တောများ၊ တောင်ဘက်တွင် အညာပုဂံမြို့ဟောင်းရာနှင့် ဘုရားကြီးကုန်းရွာ၊ အနောက်ဘက်တွင် ဧရာဝတီမြစ်နှင့် မြောက်ဘက်တွင် မြေနုကျွန်းပေါ် ကိုင်းယာခင်းများစသည်တို့ဖြင့် ဝန်းရံလျက်ရှိ၏။ စမ္ဗူဒီပဥဆောင်းကျမ်းတွင် "တကောင်းနယ်ကား အရှေ့ကိုလားသော်တရုတ်လမ်းမ၊တောင်ကိုလားသော် ဖလူးတောင် ၊အနောက်ကိုလားသော် ပယင်းတွင်း၊ မြောက်ကိုလားသော်တင်းမြစ်နား "* စသည်ဖြင့် ဖော်ပြထားသည်ကို တွေ့ရသည်။

အင်းဝခေတ် စာဆိုအကျော် ရှင်မဟာသီလဝံသ ဆရာတော် ရေးသားပြုစုသည့် သမန္တပါသာဒိတမည်ခေါ် ရာဇဝင်ကျော်သည် မြန်မာနိုင်ငံရှိ အစောဆုံးသော ရာဇဝင်မှတ်တမ်းတစ်စောင် ဖြစ်ခဲ့ပေသည်။ ထိုရာဇဝင်ကျော်၌ မဟာသမ္မတမင်းမှစ၍ သကျသာကီဝင်မင်းဆက်များ၊သီဟိုဠ် မင်းဆက်များ စသည်တို့ကို အကျယ်တဝင့် ရေးသားဖော်ပြထားရှိပြီး သရေခေတ္တရာနှင့် ပုဂံမင်းဆက်များကိုကား နန်းဆက်အစဉ်လိုက်ပင် မဖော်ပြတော့ဘဲ အကျဉ်းချုံး၍သာ ရေးသားထားရှိခဲ့ပေသည်။ တကောင်းမင်းဆက်များအကြောင်းကို ၎င်းရာဇဝင်ကျော်၌ တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပေ။** ထို့နောက် ညောင်ရမ်းဆယ်ဆက်အဝင်ကိုးဆက်မြောက်၌ "သီရိပဝရ မဟာဓမ္မရာဇာဓိပတိ " တံဆိပ်နာမံကို ခံတော်မူသော လေးကျွန်းမာရ်အောင်၊ လောကမာရ်အောင် စေတီတော်မြတ် ဒါယကာ မှန်နန်း ဆင်ဖြူရှင် တနင်္ဂနွေမင်း လက်ထက်တော်တွင် လောကဓမ္မ၊ ရာဇဂုဏ်အင် စုံလင်ဝေဖြာ၊ ပညာရှိ ကဝိတစ်ဆူ ဖြစ်ပေထသော ဦးကုလား စီရင်ရေးသားသည့် မဟာရာဇဝင်ကြီးတွင်ကား တကောင်းပြည်ကြီးကို လက်မွန်မဆွ အဘိရာဇာမင်းကြီး စတင်တည်ထောင် ပြုစုခဲ့ကြောင်း မတွေ့ရပဲ တကောင်းမင်း ဒုတိယဆက် နောက်ဆုံးဖြစ်သော သတိုးမဟာရာဇာမှ စတင်၍ သရေခေတ္တရာပြည် တည်ထောင်ပုံအကြောင်းနှင့် ၎င်းမင်းဆက်များကို ဆက်စပ်ရေးသားထားကြောင်း တွေ့ရသည်။ *** ဇာတာတော်ပုံ ရာဇဝင်၌ကား တကောင်းမင်းဆက်ကို သတိုးတိုင်းရ ဇမ္ဗူဒီပဓဇမှသည် သတိုးမင်းဖျားတိုင်အောင် မင်းဆက် ၁၅ – ဆက်မျှထိ ဖော်ပြထားကြောင်း တွေ့ရ၏။ + သို့သော် မှန်နန်းရာဇဝင်တော်ကြီး၌ ပထမ တကောင်းမင်းဆက်နှင့် ပတ်သက်၍ အကျယ်တဝင့် ရေးသားထားသည်ကို အောက်တွင် အကျဉ်းချုံး ဖော်ပြလိုက်ပါသည်။

ကျွန်ုပ်တို့ မြတ်စွာဘုရား ပွင့်တော်မမူမီ ရှေးလွန်လေပြီးသောအခါက အိန္ဒိယနိုင်ငံရှိ ပဉ္စာလရာဇ်မင်းနှင့် ကောလိယမင်းတို့သည် သမီးကညာတောင်းသည့် အရေးအခင်းနှင့် ပတ်သက်ပြီး စစ်မက်ဖြစ်ပွားခဲ့ကြလေသည်။ ပဉ္စာလရာဇ်မင်းသည် အနိုင်ရ၍ ကောလိယ၊ ဒေဝဒဟနှင့် ကပိလဝတ်မည်သော သုံးပြည်ထောင် သာကီဝင်မင်းတို့သည် စစ်ရှုံးလေပြီး သုံးစုကွဲကာ ပျက်စီးလေ၏။ ထိုသို့ သုံးစုကွဲ၍ ပျက်စီးလေသောအခါ ကပိလဝတ်ပြည်မှ အဘိရာဇာအမည်ရှိသော သကျသာကီဝင်မင်းသည် ဗိုလ်ခြေအလုံးအရင်းဖြင့် မဇ္ဈိမဒေသမှ ဖဲခဲ့ပြီး သင်္ကဿရဋ္ဌ မည်သော တကောင်းပြည်ကြီးကို လက်မွန်မဆွ စတင်တည်ထောင် စံနေတော်မူ၏။ သို့ဖြင့် သားတော်အစဉ် မြေးတော်အဆက် ဆက်လက်စိုးစံခဲ့ရာ မင်းပေါင်းသုံးကျိပ်သုံးပါးမျှထိအောင် ကြာမြင့်ခဲ့လေသည်။ ထိုမင်းတို့အဆုံးစွန်ဖြစ်သော ဘိန္နကရာဇာမင်းကြီးလက်ထက်၌ တရုတ်တရက်တို့ နှောင့်ယှက်လေ၍ ပထမတကောင်းပြည်ကြီး ပျက်စီးခဲ့ရလေသည်။

---

* စမ္ဗူဒီပဥဆောင်းကျမ်း၊ ၁၉။

** သီလဝံသ၊ ၁၂၃။

*** ကုလား၊ ၁၀၉။

\+ ဇာတာတော်ပုံ၊ ၃၅။

ထိုအခါ မဇ္ဈိမဒေသ၌ ကျွန်ုပ်တို့ဂေါတမ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူစဉ်ကာလဖြစ်၍ သာဝတ္ထိပြည်ရှင် ပသေနဒီကောသလ မင်းကြီးသည် ကပိလဝတ်ပြည်ရှင် မဟာနာမမင်းထံ သမီးကညာဆက်သရန် တောင်းဆိုရာ အမျိုးအနွယ် ပျက်မည်စိုး၍ မဟာနာမမင်း၏ ဇာတ်နိမ့်ကျွန်မတွင် ဖွားမြင်သည့် မင်းသမီးတစ်ပါးကိုသာ ပေးလိုက်၏။ ထိုမင်းသမီးကို မိဖုရားမြှောက်ရာ ဝိဍူဍဘ မင်းသားကိုဖွားမြင်၏။ မင်းသားအရွယ်သို့ရောက်လျှင် ကပိလဝတ်ပြည်သို့ လာ၍ ဆွေတော်မျိုးတော်တို့အား ကန်တော့သောကိစ္စ ပြီးသဖြင့် ပြန်သောအခါ ၎င်းထိုင်ခဲ့သောနေရာကို ကျွန်မသား၏နေရာဟု ရေရွှတ်လျက် နို့ရည်ဖြင့် ဆေးကြောကြောင်း ဝိဍူဍဘ မင်းသား ကြားသိရ၏။ မင်းသား မင်းအဖြစ်သို့ရောက်သောအခါ ယခင် ရန်ငြိုး ထားရှိခဲ့သည့်အတိုင်း စစ်အင်္ဂါလေးပါးဖြင့် တိုက်ခိုက်ရာ သကျသာကီဝင်မင်းတို့သည် ဒုတိယအကြိမ် ပျက်စီးလေ၏။ ၎င်းတို့ အထဲမှ ဓဇရာဇာအမည်ရှိသော သကျသာကီဝင်မင်းသည် မြန်မာနိုင်ငံသို့ ချင်းနင်းဝင်ရောက်ပြီးလျှင် တကောင်းမြို့အနီးရှိ အညာ ပုဂံမြို့ကို စတင် တည်ထောင်ခဲ့လေသည်။ ၎င်းမင်းဆက်တွင် သတိုးမဟာရာဇာမင်းအထိ တစ်ကျိပ်ခုနစ်ပါးသော မင်းတို့သည် အစဉ်အဆက် စိုးစံခဲ့ကြလေသည်။*

တကောင်းမြို့နှင့် ဝတ်သက်၍ ဂရိပထဝီဆရာကြီး **တော်လမီ**[၁] **၏ တတ်ဂမာမီထရိုပိုလစ်**[၂] သည် တကောင်း ဖြစ်နိုင်စရာရှိကြောင်း ** သို့သော် " တက်ဂမာ " မှာ တကောင်းမဟုတ်ဘဲ တကောင်းနယ်မှ လူအများယူဆကြသည့် " တကောင်းအစ တုံယော် " ဟူသော ဆိုရိုးစကားအရ တကောင်းမြို့ အထက်ခြောက်မိုင်ခန့်ဝေးသည့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိ " တုံယော် " *** အရပ်သာလျှင် ဖြစ်သင့်သည်ဟု Ruby Mines District Gazetteer တွင် ဖော်ပြထားရှိသည်။

## သုတေသန ရည်ရွယ်ချက်

မြန်မာနိုင်ငံသမိုင်း ခေတ်ဦးဆိုင်ရာ အခန်းကဏ္ဍသည် မထင်မရှား မှုန်ဝါးဝါးမျှသာ ရှိချေသည်။ သမိုင်းပုံပြင်များ၊ ဒဏ္ဍာရီများနှင့် မိရိုးဖလာ ယုံကြည်ချက်များဖြင့် ရောပြွမ်းလျက်ရှိ၏။ သမိုင်းမတင်မီခေတ်နှင့် သမိုင်းတင်ခေတ်ကာလကို နှိုင်းယှဉ်သော် သမိုင်းတင်ခေတ်သည် သမိုင်းမတင်မီခေတ်၏ အပုံတစ်ရာပုံလျှင် တစ်ပုံခန့်မျှပင် မရှိချေ ။ ထိုသို့ တိမ်မြုပ်ပျောက်ကွယ်နေသော သမိုင်းကွင်းဆက် အလစ်အလပ် ဟာကွက်များကို ဖြည့်စွက်တင်ပြရန်မှာ ရှေးဟောင်းသုတေသီတို့၏ တာဝန်တစ်ရပ်ပင် ဖြစ်ချေသည်။ ရှေးဟောင်း သုတေသီများသည် မြေပေါ်ရှိ အထောက်အထားများထက် မြေအောက်ရှိ အထောက်အထားများက ပိုမိုနိုင်လုံသည်ဟု စွဲမြဲယုံကြည်လျက်ရှိကြ၏။ " မြေကြီးသည် စာအုပ်ဖြစ်ပြီး ရှေးဟောင်းဝတ္ထု ပစ္စည်းတို့မှာ စာသား စာပိုဒ်များပင် ဖြစ်၏။ " **** ဟု ရုရှားလူမျိုး ရှေးဟောင်း သုတေသီဒေါက်တာ မွန်ဂိတ်က ဆို၏။ တူးဖော်တွေ့ရှိသော မြေလွှာအနေအထားနှင့် တွေ့ရှိသော ရှေးဟောင်းပစ္စည်းများဖြစ်သည့် အိုးအင်ခွက်ယောက်၊ ဆင်းတုရုပ်တု၊ အုတ်ခွက်ဘုရား၊ ဒင်္ဂါးကျောက်စာ၊ ပုတီးစေ့၊ လူအသုံးအဆောင် ပစ္စည်းများနှင့် အုတ်အင်္ဂတေဗိသုကာ အဆောက်အအုံ တည်ဆောက်အသုံးပြုပုံ စသည်တို့ကို နှိုင်းယှဉ်လေ့လာ၍ ယဉ်ကျေးမှုထွန်းကားသည့် ခေတ်ကာလကို ပိုင်းခြားသတ်မှတ်နိုင်ပေသည်။

---

* မှန်နန်း၊ ၁၈၂။ ၁၊ Ptolemy ၂၊ Tugma Metropolis

** Yule, 205.

*** Ruby Mines District Gazetteer, Vol. A, 130.

**** Mongait, 54.

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာနသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်အခါက ပုဂံနှင့် သရေခေတ္တရာမြို့ဟောင်းတွင် အကြိမ်ကြိမ်တူးဖော်ပြီး သုတေသနပြုခဲ့၍ ရှေးခေတ်မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သော ပျူ၊ မြန်မာ ယဉ်ကျေးမှု သာဓက အထောက်အထားများကို ဖော်ထုတ်နိုင်ခဲ့၏။ စစ်ပြီးခေတ်နောက်ပိုင်း၌လည်း ဗိဿနိုး၊သရေခေတ္တရာ၊ဟန်လင်းစသော ရှေးမြို့ဟောင်းတို့တွင် ခေတ်မီနည်းစနစ်များဖြင့် သိပ္ပံနည်းကျကျ အကြိမ်ကြိမ် တူးဖော်လေ့လာ၍ ပျူယဉ်ကျေးမှုသာဓက အထောက်အထားများကို ပြည်သူလူထုသို့ ဖော်ထုတ်တင်ပြနိုင်ခဲ့ပေသည်။

သမိုင်းနှင့်စာပေတို့တွင် ထင်ရှားကျော်ကြားလှပြီး မြန်မာ့သမိုင်းခေတ်ဦးတွင် ကဏ္ဍတစ်ရပ် အနေဖြင့် ပါဝင်လျက်ရှိသော တကောင်းနှင့် အညာ ပုဂံမြို့ဟောင်း၏ လူနေမှုစနစ်ကို အတွင်းကျကျ ရုပ်ဝတ္ထုသက်သေ သာဓက အထောက်အထားခိုင်ခိုင်လုံလုံဖြင့် သိနိုင်ရန်လည်းကောင်း ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း၊ ပုဂံ စသော ယဉ်ကျေးမှုတို့နှင့် မည်သို့ကူးလူးဆက်သွယ်မှု ရှိ မရှိကို စုံစမ်း သိရှိလို၍ လည်းကောင်း၊ တကောင်း မြို့ဟောင်းတွင် ကွင်းဆင်းတူးဖော်မှု သုတေသနပြုလုပ်ရန် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ခဲ့ရပေသည်။


## ပဏာမ လေ့လာချက်

အစဉ်အလာအားဖြင့်လည်းကောင်း၊ သမိုင်းကြောင်းအားဖြင့်လည်းကောင်း အလွန်ရှေးကျလှသည်ဟု ယူဆကြသည့် တကောင်းနှင့် အညာ ပုဂံမြို့ဟောင်းတစ်ဝိုက်နှင့် မိုင်းတိုင်း၊ မြတောင်စသော ဒေသများသို့ ဤဌာနခွဲမှ ( ယခင်က ကမ္ပည်းကျောက်စာဌာန ) ကျောက်စာဝန်ဟောင်း မစ္စတာတော်စိန်ခိုသည် ၁၉၀၄ – တွင် ခြေကျင်တစ်သွယ်၊ မြင်းဖြင့်တစ်မျိုး၊ လှေဖြင့်တစ်ဖုံ အစုံစုံသွားရောက်လေ့လာကာ မှတ်တမ်းတင်ခဲ့ပါသည်။ တစ်ဖန် ၁၉၂၃ နှင့် ၁၉၃၀ နှစ်များတွင်လည်း ခေတ္တ ကမ္ပည်းကျောက်စာဝန် ဦးမြသည်လည်း အလားတူ ကွင်းဆင်းလေ့လာကာ မြေပေါ်ရှိ အထောက်အထားများကို စူးစမ်းရှာဖွေ မှတ်တမ်းတင်နိုင်ခဲ့၏။ ၁၉၃၆ – ခု တွင် တကောင်းနှင့် အညာပုဂံမြို့ဟောင်းမှ အနော်ရထာခေတ်ဆိုင်ရာ အုတ်ခွက်ဘုရားအချို့ကို စုဆောင်းရရှိခဲ့ပြီး ရန်ကုန်မြို့ရှိ ဆာအာသာဖယ်ယာပြတိုက်တွင် ခင်းကျင်းပြသနိုင်ခဲ့ပါသည်။ ၁၉၆၀ –ပြည့်တွင်လည်း ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန် ဦးဖိုးလတ်နှင့် အဖွဲ့ဝင်များသည် မန္တလေးမှ ဗန်းမော်အထိ မြစ်ကြောင်းခရီးအတိုင်း သင်္ဘောဖြင့်ဆန်တက်ပြီး မြစ်ရိုးတစ်လျှောက်ရှိ ခက်သင်၊ မလည်၊ ကြည်ညှပ်၊ ထီးချိုင့်၊ ရွှေဂူ၊ ကောင်းတုံ၊ ငဆောင်ချမ်းအစရှိသော ရှေးမြို့ဟောင်းများကိုလေ့လာရင်း တကောင်းနှင့် အညာပုဂံမြို့တို့သို့လည်း ဝင်ရောက်ကာ မြေပေါ်ရှိ အထောက်အထားများကို ရှာဖွေလေ့လာ မှတ်တမ်းတင် ထားရှိနိုင်ခဲ့ပေသည်။ ၁၉၆၆ – ခုတွင်လည်း မန္တလေးမြို့ ရှေးဟောင်းသုတေသနဌာနစုမှ သုတေသနဝန်ထောက် ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များသည် မတူးဖော်မီ ပဏာမ ကွင်းဆင်းလေ့လာ မှတ်တမ်းတင်ထားနိုင်ခဲ့၏။ ထိုကဲ့သို့ မြေပေါ်ရှိ အထောက်အထားများကို စူးစမ်းရှာဖွေခဲ့ခြင်းမှအပ အခြေအနေ အရပ်ရပ်ကြောင့် တစ်စုံတစ်ရာ တူးဖော်လေ့လာခြင်း မပြုနိုင်ခဲ့ကြပေ။

## တူးဖော်မှု စနစ်

ဤဌာနခွဲ တည်ထောင်စကပင် သီရိခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပုဂံစသော မြို့ဟောင်းတို့၌ တူးဖော်လေ့လာခဲ့ရာ ရှေးအခါက တူးဖော်မှုနည်းစနစ် များစွာမတိုးတက်သေး၍ အဆောက်အအုံဟောင်းနေရာ အုတ်ကုန်းမို့မို့များကို ကြက်ခြေခတ်သဏ္ဌာန် ကျင်းရှည်နှစ်ချဖြင့် ဖြတ်လျက် အလယ်ဗဟိုနေရာ ( ဝါ ) ဌာပနာတိုက်ရှိမည့်နေရာကိုသာ အဓိကထား၍ အနက်တူးဖော် လေ့လာလေ့ရှိ၏။ တူးဖော်ခြင်း၏

# တကောင်းနှင့်အညာပုဂံမြို့ဟောင်းမြေပုံ




ပုံ (၁)

အဓိကရည်ရွယ်ချက်များမှာလည်း ရှေးဟောင်းပစ္စည်းများဖြစ်သော ရုပ်တု၊ ဆင်းတု၊ ရွှေပေလွှာ၊ ငွေပေလွှာ၊ ကြေးပြားစာ၊ ကျောက်စာ၊ ငွေဒင်္ဂါးနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများကို စုဆောင်းရရှိရန်ပင် ဖြစ်ပေသည်။ မြေလွှာစနစ်ကိုလည်း အားမပေးခဲ့ပေ။ ထို့ကြောင့် တွေ့ရှိသောပစ္စည်းများကို ခေတ်ပိုင်းခြားရာ၌လည်း အခက်အခဲနှင့် ရင်ဆိုင်ခဲ့ရ၏။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်ကား တူးဖော်မှု လုပ်ငန်းတွင် မြေလွှာခွဲခြားမှုစနစ်နှင့် အိုးအင်ခွက်ယောက်သမိုင်းကိုပါအထူးအလေးပေးစုဆောင်းလေ့လာခဲ့ကြပေသည်။

မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများကို ရန်သူများဖျက်ဆီး၍သော်လည်းကောင်း၊ ပထဝီအနေအထား အရ ဆက်လက် အသုံးပြုနေထိုင်ရန် အခြေအနေ မပေးတော့၍သော်လည်းကောင်း၊ ဗေဒင်ယာယီကိန်းခန်း အရသော်လည်းကောင်း စွန့်ခွာရွှေ့ပြောင်း၍ မြို့သစ်နန်းသစ်များ တည်ထောင်လေ့ရှိခဲ့၏။ ထိုသို့ လူသူ လေးပါးစွန့်ခွာ၍ နှစ်ပရိစ္ဆေဒ ကြာညောင်းလာသောအခါ ထိုမြို့ဟောင်းရာတို့ရှိ အဆောက်အအုံဟောင်း နေရာတို့မှာ သစ်ပင်ချုံနွယ်များဖြင့် ဖုံးအုပ်လာပြီး ခဲကျိုးခဲပဲ့တို့ကို အမှိုက်သရိုက်နှင့် မြေကြီးများက တဖြည်းဖြည်းဖုံးအုပ်ကာ မိုမောက်လာကြောင်း တွေ့ရသည်။ သဘာဝအလျောက် နစ်မြုပ်သွားခြင်းမရှိပေ။

ယခုလက်ရှိ တကောင်းမြို့ဟောင်းကို တူးဖော်ရာတွင် ကျင်းရှည်စနစ်နှင့် လေးထောင့်အကွက်ရိုက်၍ တူးဖော်ခြင်းစနစ်များကို အသုံးပြုခဲ့သည်။ တကောင်းနှင့် အညာပုဂံမြို့ဟောင်းရာရှိ အုတ်ကုန်းမို့မို့များ အားလုံးနှင့် မြို့ရိုးမြို့တာများ ရုပ်လုံးပေါ်လာအောင် တူးဖော်လျှင် နှစ်ပေါင်းများစွာ ငွေအားလူအား အများအပြား ရင်းနှီးမြှုပ်နှံ တူးဖော်ရပေမည်။ ယခု တူးဖော်ခြင်း၏ ရည်ရွယ်ချက်မှာ ထိုကဲ့သို့ရုပ်လုံးပေါ်လာအောင် တူးဖော်ခြင်း မဟုတ်မူဘဲ တကောင်းခေတ်ဆိုင်ရာ လူနေမှုစနစ်ကို သိရှိရန်မျှသာဖြစ်၍ မြို့ရိုး မြို့တာများနှင့် လူနေအဆောက်အအုံဟု ခန့်မှန်းရသည့် ထင်ရှားပေါ်လွင်သော အချက်အချာနေရာ များကိုသာ ဦးစားပေးရွေးချယ် တူးဖော်ခဲ့ပေသည်။

ကျင်းရှည်စနစ်ကို အသုံးပြု တူးဖော်ခြင်းအားဖြင့် သိရှိလိုသည့် မြို့ရိုးမြို့တာများ၏ တည်ဆောက်ပုံ သဘောကို အချိန်နည်းနည်း ငွေကုန်ကြေးကျ သက်သက်သာသာဖြင့် ယဉ်ကျေးမှု အင်္ဂါရပ်များကို သိနိုင် စွမ်း ရှိပေသည်။ လေးထောင့်ကွက်များဖြင့် ပန္နက်ချ တူးဖော် လေ့လာခြင်းမှာလည်း အုတ်ကုန်းမို့မို့မှ ပေါ်ပေါက်လာသော အုတ်ရိုးအဆောက်အအုံ အခြေအနေကိုလိုက်၍ လိုလျှင်လိုသလို ဘေးတစ်ဖက် တစ်ချက်သို့ တိုးချဲ့တူးဖော် လေ့လာနိုင်သဖြင့် အကျိုးရှိ၏။ ထိုကဲ့သို့ တူးဖော်ရာတွင် ရှေးဟောင်းပစ္စည်း ရရှိရေး တစ်ခုတည်းသည်သာ အဓိကမဟုတ်ဘဲ၊ ပေါ်ပေါက်လာသော အုတ်ရိုးများနှင့် တိုင်နေရာများကို စနစ်တကျ ပန္နက်ပုံစံ ရေးဆွဲမှတ်တမ်းတင်ခြင်း၊ ဓာတ်ပုံဖြင့် မှတ်တမ်းတင်ခြင်းများ ပြုလုပ်ရပေသည်။ တွေ့ရှိသော ပစ္စည်းများကိုလည်း ပန္နက်တိုင်နှစ်ခုအကွာအဝေးမှ ထောင့်မှန်ရယူပြီး အတိမ်အနက်နှင့် တည်ရှိမြေလွှာကို မျဉ်းမတ်ဖြင့် စနစ်တကျ မှတ်တမ်းတင် ထားရှိရပေသည်။ တကောင်းမြို့ဟောင်းကို တူးဖော်လေ့လာရာတွင် ပေါ်ပေါက်တွေ့ရှိသော အဆောက်အအုံများ၏အကြောင်းကို ဖော်ပြရာ၌ မြေလွှာ တည်ပုံအကြောင်းများကိုလည်း အခါအားလျော်စွာ ထည့်သွင်း ဖော်ပြသွားမည် ဖြစ်ပါသည်။

၁၉၆၇–၆၈ နှင့် ၁၉၆၈–၆၉ ဘဏ္ဍာရေးနှစ်များအတွင်း၌ တူးဖော်မှုရာသီ နှစ်ကြိမ်မျှဖြင့် ကုန်းပေါင်း (၁၂)ကုန်းမျှကို တူးဖော် လေ့လာနိုင်ခဲ့ပါသည်။ ပထမအကြိမ် တူးဖော်မှုလုပ်ငန်းကို မန္တလေးဌာနစုမှ သုတေသန ဝန်ထောက် ဦးစိန်မောင်ဦးနှင့် အဖွဲ့ဝင်ဝန်ထမ်းများက လည်းကောင်း၊ ဒုတိယအကြိမ်မြောက် တူးဖော်မှုလုပ်ငန်းကို ရန်ကုန်ဌာနခွဲမှ ဦးသန်းဆွေနှင့် အဖွဲ့ဝင် ဝန်ထမ်းများကလည်းကောင်း အသီးသီး တူးဖော် လေ့လာခဲ့ကြပါသည်။ ထိုကဲ့သို့ တူးဖော်လေ့လာစဉ် တွေ့ရှိချက်တို့ကို တစ်ဖက်တွင် အကျယ် တဝင့် ရေးသားဖော်ပြလိုက်ပါသည်။

## အဆောက်အအုံ အကြွင်းအကျန်နှင့် မြေလွှာများ

တူးဖော်ရာမှ ပေါ်ပေါက်တွေ့ရှိသော အုတ်ရိုးအဆောက်အအုံနှင့် မြေလွှာ အနေအထားတို့ကိုလည်း အောက်ပါအတိုင်း ခွဲခြား သတ်မှတ်ထားပါသည်။

( က ) မြို့ရိုးအရံအတားနှင့် သူ့ရဲခိုစသည်များ ကုန်းအမှတ် ၁၊၂၊၅၊၈၊၁၁၊၁၂။
( ခ ) လူနေအဆောက်အအုံ အကြွင်းအကျန်များ ကုန်းအမှတ် ၃၊၇၊၉။
( ဂ ) ဘာသာရေး အဆောက်အအုံများ ကုန်းအမှတ် ၄၊၆၊၁၀။
( ဃ ) အထွေထွေ ( တုံငယ်မြို့ဟောင်း စမ်းသပ်တူးဖော်ခြင်း )

### ( က ) မြို့ရိုးအရံအတားနှင့် သူ့ရဲခိုစသည်များ

လက်ရှိတကောင်းမြို့သည် မန္တလေးမြို့၏မြောက်ဘက် ၁၂၇ - မိုင်ခန့်အကွာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းနဖူးတွင် တည်ရှိပြီး လောင်ဂျီတွင် အရှေ့ ၉၆ ဒီဂရီ ၁၂ မိနစ်နှင့် လတ္တီတွဒ် မြောက် ၂၃ ဒီဂရီ ၂၉ မိနစ်တွင် တည်ရှိ၏။ တကောင်းမြို့ရိုး၏ ပုံသဏ္ဌာန်မှာ ရပ်ရွာရှိလူကြီးသူမများ၏ အစဉ်အလာယုံကြည်ချက် အရ “ ငါးကြင်းမြီး ” သဏ္ဌာန်ရှိသည်ဟု သိရ၏။ လက်တွေ့လေ့လာ တိုင်းတာကြည့်ရှုသောအခါ မြို့၏ အကျယ်အဝန်းမှာ တောင်မြောက်အရှည် ၃၀၆ ကိုက်၊ အရှေ့အနောက် အရှည် ၃၁၆ ကိုက်ခန့် ရှိ၏။ အရှေ့မြောက်ဘက်တွင် အနည်းငယ်ကျယ်ဝန်းပြီး အနောက်ဘက်တွင် ကျဉ်းမြောင်းကာ ဘူးသီးပုံကဲ့သို့ ရှည်မျောမျောသဏ္ဌာန် ရှိ၏။ တကောင်းမြို့ဟောင်းမှ အရှေ့သို့လားသော် မိုးနတ်အင်းနှင့်တလားဝချောင်း၊ မြောက်သို့လားသော် တလားဝချောင်းနှင့် မြေနုကျွန်းများ၊ အနောက်သို့လားသော် ဧရာဝတီမြစ်နှင့် တောင်သို့လားသော် အညာပုဂံမြို့ဟောင်း စသည်တို့ တည်ရှိ၏။ မြို့ဝင်ပေါက်နေရာများတွင် အုတ်မြို့ရိုးထု တစ်ပိုင်းတစ်စကို ရေတိုက်စားထားသဖြင့် ကောင်းစွာတွေ့မြင်နိုင်ပါသည်။ ပျမ်းမျှအားဖြင့် အမြင့် ၁၅ ပေခန့်မျှရှိသည်။ ပျက်စီးယိုယွင်းနေသော အုတ်မြို့ရိုးပေါ်တွင် ချုံနွယ်သစ်ပင်များဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ တကောင်းမြို့ဟောင်း၏ ပတ်လည်တွင် တိမ်ကောနေသော ကျုံးရိုးများကို ထင်ထင်ရှားရှား မြင်တွေ့နိုင်ပါသည်။ ဝါဆို ဝါခေါင်လများတွင် ဧရာဝတီမြစ်ရေ တိုးလာသည့်အခါ “ တလားဝ ” ချောင်းမှ တစ်ဆင့် မြို့တစ်ခုလုံးမှာ ရေပတ်လည်ဝိုင်းလျက် နေလေ့ရှိကြောင်း ရပ်ရွာကပုဂ္ဂိုလ်များ၏ ပြောပြချက်အရ သိရ၏။

အညာပုဂံမြို့ဟောင်းသည် တကောင်းမြို့ဟောင်း၏ တောင်ဘက်ကပ်လျက်တွင် တည်ရှိ၏။ တကောင်းမြို့ဟောင်းကဲ့သို့ပင် အုတ်မြို့ရိုးများသည် ချုံနွယ်သစ်ပင်တို့ဖြင့် ဖုံးအုပ်လျက်ရှိ၏။ အုတ်ရိုးတန်း၏ ပျမ်းမျှအမြင့်မှာ ၁၀ ပေခန့်ရှိပြီး တကောင်းမြို့ရိုးကဲ့သို့ မညီမညာဝိုင်းခြင်းမျိုးမဟုတ်ဘဲ လေးထောင့်သဏ္ဌာန်တည်ရှိ၏။ ၎င်း၏အနောက်ဘက် အုတ်မြို့ရိုးမှာကား ဧရာဝတီမြစ်ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးခဲ့ပြီးဖြစ်၏။ မြို့ရိုး၏ မြောက်ဘက်တစ်ခြမ်း အနောက်ပိုင်းမှာလည်း အုတ်ရိုးများ ပျောက်ကွယ်လျက် ရှိ၏။ မြို့၏အရှေ့အနောက် အရှည်မှာ ၆၀၈ ကိုက်ခန့်မျှရှိပြီး တောင်မြောက်အရှည်မှာ ၁၃၅၈ ကိုက်မျှ ဖြစ်လေသည်။ အညာပုဂံမြို့ဟောင်းအတွင်း၌ ဘုရားကြီးကုန်းကျေးရွာနှင့် တကောင်းကျေးရွာ ကွက်သစ်များ တည်ရှိပြီး ဥယျာဉ်စိုက်ခင်း၊ ယာခင်းနှင့် တောင်ယာခြံမြေများ၊ သစ်တောများ ဖုံးအုပ်လျက်ရှိ၏။ အညာပုဂံမြို့ဟောင်းရှိ အုတ်မြို့ရိုး၏ အပြင်ဘက်ပိုင်းတွင် ကျုံးနေရာများသည် ထင်ထင်ရှားရှားရှိနေသေး၏။ အညာပုဂံမြို့ဟောင်းအတွင်း၌ ရွှေစည်းခုံစေတီတော်ကြီးသည် အဓိကရ မြေစိုက် ထူပါစေတီတော်ကြီး တစ်ဆူပင် ဖြစ်ပါသည်။ ( ဆွဲပုံ ၁ တကောင်းနှင့် အညာပုဂံမြို့ဟောင်း မြေပုံရှု။ )

**အမှတ်( ၁ )ကုန်း။** ။ ဤကုန်းနေရာသည် အထက်ဖော်ပြပါ တကောင်းမြို့ရိုး၏ အနောက်တောင်ဘက်စွန်း မြို့ရိုးထောင့်နေရာပင်ဖြစ်ပေသည်။ မတူးဖော်မီအခြေအနေမှာ သစ်ပင်ချုံနွယ်များဖုံးအုပ်လျက်ရှိပြီး အုတ်ရိုးအချို့ ပေါ်ထွက်လျက်ရှိသဖြင့် မြို့ရိုးထောင့်နေရာဖြစ်ကြောင်း ထင်ရှား ပေါ်လွင်နေသည်။ တောရှင်းပြီးသောအခါ ကုန်း၏အမြင့်ကို မြောက်ဘက်ရှိ မြို့ရိုးအတွင်း မြေပြင်ညီမှ တိုင်းတာရာ ၉ -ပေမျှ မြင့်သည်ကို တွေ့ရ၏။ တောင်ဖက်ရှိ ကျုံးရိုးအတွင်း မြေညီမှ တိုင်းတာရာ အမြင့် ၃၂-ပေခန့် ရှိ၏။ တကောင်းမြို့၏ အနောက်ဘက်ပိုင်းရှိ ဧရာဝတီမြစ်ကမ်းနဖူးတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပေါ်ထွက်နေသော အုတ်ရိုးတန်းသည် ယခု တူးဖော်သည့် အမှတ် ၁ ကုန်း၏ ထောင့်ချိုးတွင် သွားရောက်ဆက်စပ်နေကြောင်း တွေ့ရသည်။ အနောက်ဘက် မြို့ရိုးနေရာကို တူးဖော်လေ့လာခဲ့ခြင်းမှာ မူလမြို့ရိုးသည် မြစ်ရေတိုက်စားပါသွားပြီး နောက်ထပ် တည်ဆောက်ထားရှိခဲ့ခြင်း ရှိ မရှိ ဟူသော ပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် မြို့ရိုးတာအင်္ဂါရပ်များကို လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ တူးဖော် လေ့လာခဲ့ခြင်းပင်ဖြစ်ပေသည်။

၁၅ -ပေ ပတ်လည်ကွက်များဖြင့် ပန္နက်ချ တူးဖော်လိုက်ရာ ၇၂- ပေမျှ ရှည်လျားသည့် အရှေ့အနောက် တန်းနေသော တောင်ဘက်မြို့ရိုးတန်း ပေါ်ထွက်လာပါသည်။ ထိုမြို့ရိုးထု၏ ဖြက်အကျယ်မှာ ၁၂- ပေခန့်မျှ ရှိ၏။ ကြွင်းကျန်ခဲ့သော မြို့ရိုးထု၏ အမြင့်ဆုံးနေရာမှာ ၈ ပေ၊ ၆ လက်မခန့်မျှ ရှိသည်။ ကျန်နေရာများရှိ အုတ်ရိုး အနိမ့်အမြင့်မှာ အပျက်အစီးကိုလိုက်၍ တည်ရှိကြသည်။ ပေါ်ထွက်လာသော မြို့၏အပြင်ဘက်ပိုင်း နံရံများသည် အပျက်အစီးများပြီး အကောင်းပကတိ မတွေ့ရချေ ။ သို့သော် မြို့ရိုးအတွင်းဘက်၌ကား အကောင်းပကတိ အုတ်စီမပျက် တွေ့ရသည်။ အရှေ့အနောက်တန်းနေသော မြို့ရိုးသည် မြစ်ကမ်းနဖူးအတိုင်း မြောက်ဘက်သို့ လေးကိုင်းသဖွယ် ဝိုက်လျက် ခပ်ပြေပြေကွေးသွားသည်ကို တွေ့ရသည်။ တောင် မြောက် သွယ်တန်းနေသည့် အနောက်မြို့ရိုးထုအရှည်မှာ ၉၄- ပေခန့်မျှ ရှိပြီး အုတ်ရိုးထု အမြင့်နှင့် ဖြက် အကျယ်မှာ တောင်ဘက်မြို့ရိုးကဲ့သို့ပင် ဖြစ်ပေသည်။

မူလမှတ်ထင်ထားသကဲ့သို့ မြို့ရိုးနှစ်ခုမှာ တေ့ဆက်ထားခြင်း မဟုတ်ဘဲ အုတ်ရိုးတစ်ဆက်တည်းဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း တောင်ဘက်မြို့ရိုးရှိ အုတ်အရွယ်အစားများနှင့် အနောက်ဘက်မြို့ရိုးရှိ အုတ်အရွယ်အစားများကို လေ့လာတိုင်းထွာကြည့်ရာ ကွဲပြားခြားနားနေကြောင်း တွေ့ရသည်။ တောင်ဘက်မြို့ရိုးရှိ ပျမ်းမျှ အုတ်အရွယ်အစားမှာ ၁၂ လက်မ၊ ၉ လက်မ၊ ၃ လက်မမျှ ရှိပြီး၊ အနောက်ဘက်မြို့ရိုးရှိ ပျမ်းမျှ အုတ်အရွယ်အစားမှာ ၁၅လက်မ၊ ၉ လက်မ၊ ၃ လက်မ အရွယ်မျှ ဖြစ်မည်။ အုတ်အရွယ်အစား ကွဲပြားခြားနားမှုကို ထောက်ချင့်၍ တောင်မြောက် သွယ်တန်းနေသော အနောက်ဘက်မြို့ရိုးမှာ တကောင်းမြို့ တောင်ဘက်မြို့ရိုးနှင့် တစ်ပြိုင်နက်တည်း တည်ဆောက်ထားခြင်း မဟုတ်ဟု ယူဆရသည်။ မူလမြို့ရိုး ပျက်စီးယိုယွင်းခဲ့၍ ထပ်မံတည်ဆောက်ခဲ့သည်ဟု ယုံကြည်ရသည်။


မြို့ရိုးထောင့်ကွေး၏ မြို့ရိုးနှင့်တစ်ဆက်တည်း မြို့ရိုး၏ အပြင်ဘက်တွင် လေးထောင့်အခန်းငယ်ကလေး တစ်ခုကို တွေ့ရသည်။ ထိုအခန်းငယ်ကလေးသည် အကောင်းပကတိမဟုတ်သော်လည်း လေးထောင့်စပ်စပ် အဆောက်အအုံတစ်ခုဖြစ်ကြောင်း ထင်ရှားသည်။ ထိုအုတ်ရိုး အဆောက်အအုံငယ်မှာ အရှေ့အနောက် ၂၃ ပေ၊တောင် မြောက် ၂၄ ပေခန့်မျှရှိပြီး မြို့ရိုးကြီးနှင့် ထိပ်တိုက် ဆက်စပ်တည်ဆောက်ထား၏။ အုတ်ရိုးထု အမြင့်မှာ ပျမ်းမျှ၆ ပေ ၂ လက်မခန့်မျှရှိပြီး ဖြက်အကျယ် ၆ ပေ ခန့်မျှရှိ၏။ (ဆွဲပုံ ၂။)။ ထိုအဆောက်အအုံကို တူးဖော်စဉ် အတွင်းပိုင်း၌ ပုဂံခေတ်ဆိုင်ရာ အင်္ဂတေစိန်ထောင်ပန်းနှစ်ခုကို တွေ့ရသည်။ ထူးခြားသော အချက်တစ်ရပ်မှာ ထိုလေးထောင့်အခန်းငယ်၏ အောက်တည့်တည့် အနက် ၂ ပေ ၇ လက်မ အကွာ

တွင် အနောက်တောင်ထောင့်သို့ ထိုးထွက်နေသော အုတ်တန်းတစ်ခုကို တွေ့ရခြင်းပင် ဖြစ်သည်။ ထိုအုတ်တန်းတွင် အုတ်လွှာထု အမြင့် ၂၆ လွှာမျှ ရှိ၏။ အဆိုပါအုတ်ရိုးတွင် အသုံးပြုထားသော တွေ့ရှိသမျှ အုတ်အရွယ်အစားမှာ ပျမ်းမျှ၁၅ လက်မ၊ ၇ လက်မ၊ ၂ လက်မ အရွယ်မျှ ဖြစ်၏။ ထိုအုတ် အရွယ်အစားသည် အနောက်ဘက်မြို့ရိုးရှိ အုတ်အရွယ်အစားများနှင့် နီးစပ်သည်ဟု ဆိုရပေမည်။

တကောင်းမြို့၏ အနောက်တောင်ထောင့် မြို့ရိုးကို တူးဖော်လေ့လာခြင်းအားဖြင့် အနောက်ဘက် အုတ်ရိုးတန်းမှာ ရေတိုက်စားမှုဒဏ်၊ သို့မဟုတ် အခြားတစ်စုံတစ်ရာကြောင့် ပျက်စီးခဲ့၍ အသစ်တစ်ဖန် ထပ်မံတည်ဆောက်ထားရှိခြင်း ဖြစ်ကြောင်းကို ကွဲပြားခြားနားသော အုတ်အရွယ်အစားကို အသုံးပြု တည်ဆောက်ထားရှိခြင်းက သက်သေခံလျက် ရှိချေသည်။ မြို့ရိုးအနောက်ဘက်တွင် ကပ်လျက်ရှိသော လေးထောင့် အုတ်ရိုး အဆောက်အအုံငယ်မှာလည်း တကောင်းကုန်းအမှတ် ၁၂၊ အနောက်ဘက် မြို့ရိုးရှိ သူရဲခို အဆောက်အအုံကဲ့သို့ပင် အငယ်စားသူရဲခို အဆောက်အအုံတစ်ခု ဖြစ်သည်ဟု ယူဆရပါသည်။ ထိုကုန်းကို တူးဖော်ရာမှ အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ၊ မြေပုတီးစေ့များ၊ ကော်ပုတီးစေ့ တစ်လုံး၊ မြေနားတောင်းများ၊ မြေတံဆိပ်တစ်ခုနှင့် နန်းဆွဲကြေး လက်စွပ်ငယ်အချို့နှင့် သံခေါင်းငယ်များမှအပ အခြား စိတ်ဝင်စားဖွယ်ရာ ပစ္စည်း တစ်စုံတစ်ရာ မရရှိခဲ့ချေ။ ၎င်းတို့အကြောင်းကို သက်ဆိုင်ရာအခန်းကဏ္ဍတွင် အသေးစိတ် ထည့်သွင်း ဖော်ပြထားပါသည်။

**အမှတ် ၂ ကုန်း။** ။ တကောင်း အမှတ် ၂ ကုန်း နေရာသည် ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ အရှေ့တောင်ယွန်း ကိုက် ၂၀၀ ခန့် အကွာရှိ အညာပုဂံမြို့ဟောင်း အရှေ့ဘက်တံခါး၀ နေရာပင်ဖြစ်သည်။ မတူးဖော်မီ အခြေအနေမှာ ထိုကုန်းပေါ်၌ ရုံးပင်ကြီးများနှင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက်ရောက် လျက်ရှိကြောင်း တွေ့ရသည်။ တောရှင်း၍ လေ့လာကြည့်ရှုသောအခါ မြို့ရိုးဝင်ပေါက် လက်တံရာများနှင့် တောင်မြောက်သွယ်တန်းနေသော အညာပုဂံမြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုးတို့မှာ ထင်ရှားပေါ်လွင်လာ၏။ မြို့ရိုးလက်တံနှစ်ဘက်သည် အလျား ၄၅ ပေခန့်မျှ အတွင်းသို့ကွေးဝင်နေကြောင်း တွေ့ရသည်။ မြို့ရိုးလက်တံများ၏ အကျယ်မှာ ပျမ်းမျှ ၁၅ ပေခန့်မျှရှိပြီး၊ ထိုလက်တံနှစ်ခုအကြားရှိ မြို့ဝင်လမ်း တံခါး၀အကျယ်မှာလည်း ၁၅ – ပေ ခန့်မျှ ရှိပေသည်။ ကြွင်းကျန်ရစ်သည့် မြို့ရိုးဟောင်းနေရာ၏ အမြင့်ဆုံး အပိုင်းမှာ မြေပြင်ညီမှ ၉ – ပေ ခန့်မျှ မြင့်မားကြောင်းတွေ့ရပြီး အနိမ့်ဆုံးအပိုင်းမှာ ၆– ပေ ခန့်မျှသာ ဖြစ်သည်။ မြို့ရိုးဟောင်းနေရာတွင် အုတ်ခဲကျိုးများမှာ ဖရိုဖရဲ ပြန့်ကျဲလျက်ရှိနေရာ ထိုအပျက်အစီးနေရာကို တိုင်းထွာ ကြည့်ရှုရာ ပေ ၂၀ ခန့်မျှ အကျယ်ရှိသည်။ ထိုခေတ်၏ မြို့ဝင်ပေါက် တံခါး၀များ တည်ဆောက်ပုံ ဗိသုကာ ပညာသဘောသွားကို အကဲခတ်လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ ၁၅– ပေ ပတ်လည်ကွက်များဖြင့် ပန္နက်ချ တူးဖော်လေ့လာပါသည်။

ထိုကဲ့သို့တူးဖော်ရာမှ စနစ်တကျပြုလုပ်ထားသော မြို့ဝင်ပေါက် တံခါး၀တစ်ခု ပေါ်ထွက်လာပါသည်။ အဆိုပါမြို့ဝင်ပေါက်မျိုးသည် ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သီရိခေတ္တရာမြို့ဟောင်းတို့တွင် တွေ့ရသော မြို့ဝင်ပေါက်များနှင့်မတူ တစ်မူခြားနားကြောင်းတွေ့ရသည်။ တောင်မြောက်သွယ်တန်းနေသော အညာပုဂံမြို့ရိုးသည် မြို့ဝင်ပေါက်နေရာ၌ မြို့ရိုးလက်တံများ တံတောင်ဆစ်ချိုး အတွင်းဘက်သို့ တန်းသွားကြောင်း တွေ့ရသည်။ အမြင့်ဆုံးနေရာတွင် အုတ်လွှာပေါင်း ၃၈ လွှာအထိ တွေ့ရပြီး အုတ်ရိုးထုအမြင့်မှာ ၇ ပေ ၃ လက်မခန့်ရှိ၏။ မြို့ရိုးဝင်လမ်းအကျယ်သည် ၂၂ ပေ ခန့်မျှ ရှိသည်။ သို့သော်မြို့ရိုးဝင်လမ်းသည် တောက်လျှောက်တိုးလျှိုပေါက် မဟုတ်ပေ။ တောင်ဘက်မြို့ရိုးလက်တံမှ အုတ်နံရံတစ်ခုသည် အတက်သဖွယ် ထွက်ပြီး တောင်မြောက်တန်းလျက်ပိတ်ဆို့ထားကြောင်း တွေ့ရသည်။ အတွင်းသို့ဝင်ရသော မလွယ်




ဆွဲပုံ ၂။ ။တကောင်းတူးဖော်မှုကုန်းအမှတ် ၁၊ ၂၊ ၁၂ နှင့် ၅ ပန္နက်ပုံ။

ပေါက်သည် မြောက်ဘက်မြို့ရိုးလက်တံနှင့် ဆိုခဲ့ပြီးသော တောင်မြောက်တန်းလျက် ဆောက်လုပ်ထားသည့် အုတ်တံတိုင်း အဆီးအတားနှစ်ခုအကြားပင် ဖြစ်သည်။ ဝင်ပေါက်ကို တစ်ဆစ်ချိုးကွေ့ကာ မြောက်ဘက်တွင် ဖောက်လုပ်ထားသည်ဟု ဆိုနိုင်သည်။

တောင်ဘက်မြို့ရိုးလက်တံ၏ အလျားသည် ၈၆ ပေမျှ ရှိသည်။ မြောက်ဘက်မြို့ရိုး လက်တံ၏အလျားသည် ပေ ၃၀ ရှိ၏။ တောင်ဘက်မြို့ရိုးလက်တံမှ မြောက်ဘက်သို့ တစ်ဆစ်ချိုးထားသော အုတ်တံတိုင်း အဆီးအတား၏အရှည်သည် ၂၉ ပေ ၆ လက်မရှိ၏။ အုတ်ရိုးကု ဖြက်အကျယ်မှာ ၉ ပေ ရှိသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြို့ဝင်လမ်းအကျယ်မှာ ၂၂ ပေခန့်မျှရှိသော်လည်း မလွယ်ပေါက်၏ အကျယ်မှာ ၁၁ ပေမျှ သာရှိသည်။ မလွယ်ပေါက်အဝတွင် တံခါးဆုံလည် ပြုလုပ်သည့် ကျောက်တုံး တစ်တုံးကိုလည်း တွေ့ရသည်။ ထိုကျောက်တုံးသည် အလျား ၁ ပေ ၇ လက်မ၊ အနံ ၁ ပေ ၃ လက်မနှင့် ဒ ၅ လက်မမျှ ရှိပြီး ကျောက်တုံး၏အလယ်တွင် တံခါးရွက်တိုင် တပ်ဆင်နိုင်ရန် အခွက်တစ်ခုထွင်းထား ကြောင်း တွေ့ရသည်။ ဤသည်ကို ထောက်ဆ၍ ရှေးကမြို့တံခါးပေါက်၌ တံခါးရွက်များ တပ်ဆင်အသုံး ပြုလေ့ရှိကြောင်း သိရသည်။ ( ဓာတ်ပုံ ၈/ခ ရှု )။

မြို့ဝင်ပေါက်နှင့် စပ်လျဉ်း၍ ထူးခြားချက်တစ်ခုရှိသေးသည်။ ထိုအချက်မှာ မြို့ရိုးတံခါး ဝင်ပေါက် အရှေ့တောင်ဘက်နှင့် မြို့ရိုးလက်တံထိပ်ပိုင်း၌ ဆက်စပ်လျက် အရှေ့ဘက်နှင့် အနောက်ဘက်သို့ ပေ ၄၀ - ခန့်မျှစီ ချွန်းထွက်နေသော အုတ်တန်းတစ်ခုကျစီကို ပြုလုပ်ထားခြင်းပင် ဖြစ်ပေသည်။ ထိုအုတ်တန်းများ မှာ လွန်စွာပျက်စီးနေသဖြင့် မူလ ဖြက်အကျယ်ကို မခန့်မှန်းနိုင်အောင်ရှိသည်။ သို့သော် အုတ်လွှာထု နှစ်လွှာ သုံးလွှာခန့် ကျန်ရှိသေး၏။ ထိုအုတ်တန်းမှာ မြို့ရိုးနှင့် တစ်ပြိုင်နက်တည်း ဆောက်လုပ်ထားခြင်း ကားမဟုတ်ပေ။ နောင်အခါမှ လာရောက် ဖြည့်စွက်ထားခြင်းမျှသာ ဖြစ်ကြောင်း မြေလွှာ အထောက် အထား အရ သိရသည်။ ( ဆွဲပုံ ၂ ရှု။ )

ဤကုန်းကို တူးဖော်လေ့လာခြင်းအားဖြင့် အညာပုဂံမြို့ရိုးတံခါးများ တည်ဆောက်ထားရှိပုံ ဗိသုကာ ပညာရပ်ကို အကဲခတ် လေ့လာသိရှိနိုင်ပေသည်။ အလားတူ မြို့တံခါးဝ တစ်ခုကိုလည်း အညာပုဂံမြို့ဟောင်း ၏ တောင်ဘက်မြို့ရိုး အလယ်ခန့်တွင် တည်ဆောက်ထားကြောင်း တွေ့ရလေသည်။ အရှေ့ဘက် မြို့တံခါး တူးဖော်ရာမှ အခြယ်အလှယ်ပါ အိုးခြမ်းကွဲများ၊ မြေပုတီးစေ့များ၊ အုတ်ခွက်ဘုရားဆင်းတုငယ်များ၊ မြေ ခရုပတ်ခွေ၊ သံခား၊ သံမှိုပွင့်၊ သံမြားသွား၊ ခဲပြားအချို့နှင့် ကြေးလက်စွပ် အစရှိသည်တို့ကို တွေ့ရသည်။ ၎င်းတို့အကြောင်း အသေးစိတ်ကို တူးဖော်တွေ့ရှိသည့် ပစ္စည်းများ ကဏ္ဍတွင် ဆက်လက်ဖော်ပြပါမည်။

**အမှတ် ၅ ကုန်း။** ။ ယခင်နှစ်က တကောင်းမြို့ရိုး၏ အနောက်တောင်ထောင့်နေရာ တည်ဆောက်ပုံ အနေအထားနှင့် အညာပုဂံမြို့ရိုး၏ အရှေ့ဘက်တံခါးဝနေရာ စသည်တို့ကို တူးဖော်လေ့လာခဲ့ပြီး ဖြစ်ပေသည်။ သို့ဖြစ်၍ ယခုနှစ်တွင်လည်း အညာပုဂံမြို့ဟောင်း၏ အရှေ့တောင်ထောင့်စွန်းရှိ မြို့ရိုး၊ မြို့တာ၊ ကျုံးရင်ပြင်နှင့် ကျုံးရိုးစသည်တို့ တည်ဆောက်ပုံ၊ ဗိသုကာ ပညာရပ်များကို အကဲခတ် သိရှိနိုင်ရန် ရည်ရွယ်ချက်ဖြင့် ဤအမှတ် ၅ ကုန်းကို တူးဖော်လေ့လာခဲ့ခြင်းပင် ဖြစ်ပေသည်။ ဤကုန်းမှာ အမှတ် ၂ - ကုန်း၏ တောင်ဘက် ကိုက် ၄၅၀ ခန့် အကွာတွင် တည်ရှိ၏။ မတူးဖော်မီ ကုန်း၏ အနေအထားမှာ အလျားပေ ၁၂၀၊ အနံပေ ၉၀ ခန့်မျှ ရှိ၏။ မြို့ရိုးအတွင်းပိုင်း မြေပြင်ညီမှ ၈ ပေခွဲခန့်မျှ မြင့်မားပြီး မြို့ရိုး အပြင်ဘက် ကျုံးအတွင်းအနိမ့်ပိုင်းမှ တိုင်းတာရာ ၁၄ ပေခွဲခန့်မျှ မြင့်လေသည်။ မြို့ရိုးနှင့် ကျုံးရိုး တစ်လျှောက်တွင် ချုံနွယ်နှင့် သစ်ပင်ကြီးငယ်အတိဖြင့် ဖုံးလွှမ်းလျက်ရှိ၏။ ( ဓာတ်ပုံ ၁၄ က နှင့် ခ ရှု။ )

ဤကုန်းကို ၁၅ ပေ ပတ်လည်ကျင်းများဖြင့် အရှေ့အနောက် လေးကွက်၊ တောင်မြောက် ၈ ကွက်မျှဖြင့် ကျုံးမြို့ရိုးများ ရုပ်လုံးပေါ်လာသည်အထိ တူးဖော်လေ့လာပါသည်။ (ဓာတ်ပုံ ၁၅ရှု။ ) ထိုကဲ့သို့ တူးဖော်ရာမှ အလျား ပေ ၅၀၊ အနံ ပေ ၁၀ နှင့် မြို့ရိုးထု အုတ်ရိုးအမြင့် ၁၁ ပေခန့်ရှိသော အညာ ပုဂံမြို့ဟောင်း၏ အရှေ့ဘက် မြို့ရိုးတစ်စိတ်တစ်ပိုင်းသည် ပေါ်ထွက်လာခဲ့၏။ တောင်ဘက်မြို့ရိုးမှာမူကား အပျက်အစီးများပြီး အလျား ၇၄ ပေ၊ အနံ ၁၀ ပေ နှင့် အုတ်မြို့ရိုးထု အမြင့်မှာ ၆ ပေခန့်မျှသာ ရှိ၏။ အရှေ့ဘက်မြို့ရိုး ၏ အတွင်းနံရံ၌ အုတ်တစ်ချပ်ခန့်စီ လပ်နေသော အပေါက်နေရာအချို့ကိုတွေ့ရသည်။ ( ဆွဲပုံ ၆ ရှု။ )။ အင်္ဂတေအစအနများကိုလည်း တူးဖော်စဉ်တွေ့ရ၍ အုတ်မြို့ရိုးကို အင်္ဂတေများဖြင့် စီမံပြုလုပ်ထားရှိကြောင်း ယုံမှားဖွယ်ရာမရှိပေ။ အသုံးပြုခဲ့သော အုတ်အရွယ်အစားမှာ အများအားဖြင့် အလျား ၁၇ လက်မ၊ အနံ ၈ လက်မ၊ ထု ၂ လက်မအရွယ် အုတ်များဖြစ်ကြောင်း သိရ၏။ မြေနီသရွတ်ဖြင့် အုတ်နံရံကို စီထား၏။ အုတ်အစီးအနင်း စီထားပုံမှာ တစ်လျားတစ်နံ၊ နှစ်လျားတစ်နံ စသည်တို့ဖြစ်ပြီး အချိတ်အဆက် သေသပ်ကောင်းမွန်ကြောင်း တွေ့ရသည်။ သို့သော် အုတ်ရိုးစီပုံမှာ အပြင်ဘက်၌ ကောင်းမွန်သောအုတ် များကို စီထားပြီး၊ အတွင်း၌ အုတ်ကျိုးအုတ်ပဲ့တို့ကို ဝမ်းစာအဖြစ် ထည့်သွင်း စီထားကြောင်းကိုလည်း တွေ့ရသည်။ သစ်သား အကြွင်းအကျန် အစအနနှင့် မီးသွေးတိုင်ရာများ မတွေ့ရသော်လည်း တူးဖော်ရာမှ သံမယ်နငယ်များ တွေ့ရ၍ အဆိုပါ အုတ်မြို့ရိုးကြီးတည်ဆောက်စဉ် မြို့ရိုးပေါ်၌ ကင်းစောင့် ကင်းဝပ်ရန် သူရဲခိုသစ်သားဆောင်များ (ဝါ) ရတနာပုံနန်းမြို့ ရိုးရှိ ပြအိုးပြာသာဒ်များကဲ့သို့ သစ်သားအဆောင်ငယ်များ တည်ဆောက်ထားရှိခဲ့မည်လောဟု တွေးတောမှန်းဆရသည်။ အုတ်မြို့ရိုး တည်ဆောက်ပုံမှာ မြေလွှာအနေအထားအရ အုတ်မြစ်မဲ့ ဖို့မြေပေါ်တွင် ထပ်ဆင့်တည်ဆောက်ခဲ့ကြောင်း တွေ့ရသည်။ မြို့ရိုးအတွင်းပိုင်းနှင့် အပြင်ပိုင်းအုတ်မြစ်အခြေတို့မှာလည်း သရေခေတ္တရာ အမှတ် ၁၂ ကုန်းရှိ နန်းမြို့ရိုးကဲ့သို့ မဟုတ်မူဘဲ တစ်ပြေးညီ တည်ဆောက်ထားကြောင်း တွေ့ရသည်။

ကျုံးရင်ပြင်အကျယ်မှာ ပျမ်းမျှ ၂၉ - ပေခန့်မျှ ရှိပြီး ရေကျုံးအကျယ်မှာ ပေ ၉၀ - ခန့်မျှ ဖြစ်၏။ အဆိုပါရေကျုံး၏ အပြင်ဘက်တွင် ကျုံးရိုးပတ်လမ်းသည် ပေ ၄၀ - ခန့်မျှ ကျယ်ဝန်းပြီး မြေသားထု တာပေါင်ဖြင့် တည်ဆောက်ထားကြောင်း တွေ့ရသည်။ (ဆွဲပုံ ၂ ရှု။ ) ကျုံးရင်ပြင် ရေစပ်နှင့် ကျုံးရိုးပတ်လမ်း တာပေါင်တွင် သရေခေတ္တရာနန်းမြို့ရိုး ကျုံးကဲ့သို့ အုတ်ရိုးများ အကျအန စီထားကြောင်း မတွေ့ရပေ။ ကျုံးရေကို တလားဝချောင်းဘက်ရှိ တကောင်း မြို့ရိုးအရှေ့ဘက် ကျုံးရိုးမှတစ်ဆင့် ဧရာဝတီမြစ်ရေသွင်းကာ ပြုလုပ်ခဲ့သည်ဟု ယူဆရ၏။ အဘယ်ကြောင့်ဆိုသော် ယခုတူးဖော်သည့် အပိုင်းမှာ မြေနိမ့်ပိုင်းဖြစ်ပြီး တကောင်းမြို့ရိုး အရှေ့တောင်ထောင့်နှင့် အညာပုဂံမြို့ရိုး၏ အရှေ့မြောက်ထောင့်ရှိ ကျုံးချင်းမှာလည်း ဆက်စပ်တည်ရှိနေသောကြောင့်ပင် ဖြစ်ပေသည်။ ထိုကုန်းကို တူးဖော်ရာမှ အိုးခြမ်းကွဲများ၊ သံမြားသွားများ၊ ခေးနှင့်တူရှင်းငယ်များ၊ သံမယ်နများ၊ လူနှင့်တိရစ္ဆာန်ရိုးများ စသည်တို့ကို တူးဖော် ရရှိခဲ့၏။ ၎င်းပစ္စည်းများ၏ အသေးစိတ်စာရင်းများကို တူးဖော်တွေ့ရှိသည့် ပစ္စည်းများကဏ္ဍတွင် အကျယ်တဝင့် ရေးသားထားပါသည်။ ထိုကုန်းကို တူးဖော်ရာမှ လူရိုးနှင့်တိရစ္ဆာန်ရိုးများ တွေ့ရှိခြင်း၊ သံမြားသွားအများ အပြားကိုလည်း မြို့ရိုးအပြင်ဘက်မှ အတွေ့များခြင်းကို ထောက်ဆ၍ ဤနေရာတစ်ဝိုက်သည် ထိုခေတ် အခါက စစ်ပွဲဆင်နွှဲရာ နေရာတစ်ခုဖြစ်ကြောင်း သိသာထင်ရှားပါသည်။


**အမှတ် (၈) ကုန်း**။ ။ဤကုန်းသည် တကောင်းအရှေ့ဘက်မြို့ရိုး၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တကောင်း မြို့မြောက်ပိုင်းရှိ ဖောင်တော်ဦးစေတီ၏ အရှေ့တောင်ယွန်း ကိုက် ၁၅၀ ခန့်အကွာတွင် တကောင်းမြို့ရိုး၏ အရှေ့ဘက်ထိပ် တည့်တည့်ခန့်တွင် တည်ရှိသည်။ မတူးဖော်မီ မြို့ရိုးအနေအထားသည် အုတ်ရိုးအုတ်တန်း

များ မြေပေါ်၌ပင် ထင်ရှားပေါ်လွင်နေပြီး အရှေ့ဘက်တွင် နိမ့်ဆင်းသွားသော ကျုံးရိုးဟောင်းနေရာမှာ သိသာ ထင်ရှားလှပေသည်။ မြို့ရိုး၏အတွင်းပိုင်းနေရာသည်တကောင်းမြို့ လူနေရပ်ကွက်နှင့်စာသော် အနည်း ငယ်မျှသာ မို့မောက်နေပြီး ကျုံးအတွင်းမြေပြင်ညီမှ အမြင့် ၂၈ ပေ ခွဲခန့်မျှ ရှိ၏။ မတူးဖော်မီ အခြေအနေမှာ ထိုကုန်းပေါ်၌ ချုံနွယ်သစ်ပင်များ ထူထပ်စွာ ပေါက်ရောက်ခြင်းမရှိဘဲ ဥသျှစ်ပင်၊ ဆီးပင်နှင့် ရေခံတက်ပင် အချို့သာ ပေါက်ရောက်လျက်ရှိ၏။ "မဟာဂီရိ " နတ်ကွန်းမှာလည်း ၎င်း၏မူလနေရာ ဖြစ်သော မြို့ရိုး၏ အရှေ့တောင်ယွန်း ကိုက် ၅၀ ခန့်အကွာမှ ယခုတူးဖော်မည့်နေရာသို့ လွန်ခဲ့သော သုံးနှစ်ခန့်မှစ၍ ပြောင်းရွှေ့တည်ဆောက်ထားခဲ့ကြောင်း စုံစမ်း သိရှိရ၏။ ထိုနတ်ကွန်း၏ တောင်ဘက်တွင် ကား လှည်းလမ်းကြောင်းသဖွယ် ချိုင့်ဝှမ်းနေရာအဟောင်းကို တွေ့ရသည်။ မြို့ရိုးနေရာမှာ မြေပေါ်၌ပင် အုတ်ရိုး တန်းများ ထင်ရှားပေါ်လွင်နေခြင်းနှင့် တကောင်းမြို့ရိုး၏ အရှေ့ဘက်ပိုင်း မြို့ရိုးတစ်စိတ်တစ်ပိုင်း တည်ဆောက်ထားရှိပုံ သဘောသွားကို သိနိုင်ရန် ရည်ရွယ်၍ ၁၅ ပေ ပတ်လည်ကွက်များဖြင့် အရှေ့ အနောက် ၇ – ကွက်၊ တောင် မြောက် ၆ – ကွက်မျှ တူးဖော်လေ့လာပါသည်။


ထိုကဲ့သို့ တူးဖော်ရာမှ ပေါ်ထွက်လာသော အုတ်မြို့ရိုးမှာ တောင်မြောက်တန်းလျက်ရှိပြီး အလျား ၄၉ ပေ အနံ ၁၀ ပေနှင့် အုတ်မြို့ရိုးထုအမြင့်မှာ ၆ ပေခွဲ ခန့်မျှ ရှိသည်။မြို့ရိုးမှာ အတွင်းဘက်မှ မြေ၏ ဖိအားကြောင့် အရှေ့ဘက်သို့အတော်ပင် ယိမ်းယိုင်လျက်ရှိနေ၏။ မြောက်ဘက်သို့သွယ်တန်းနေသော မြို့ရိုးဆက်ကိုကား ရှာဖွေမတွေ့ရချေ။ ငုံးတိတိပြတ်နေသဖြင့် ပြတ်နေသည့်ဘက်မှ ၁၅ ပေ ပတ်လည် ကျင်းနှစ်ကျင်းမျှ ဆက်လက်တူးဖော် ဖူးစမ်းရှာဖွေသော်လည်း မြို့ရိုးဆက်ကိုကား မတွေ့ရပေ။ ရေတိုက် စားမှု၊ သို့မဟုတ် လူသူလေးပါး ဖျက်ဆီးမှုဒဏ်ကြောင့် ဖြစ်ပါကလည်း အုတ်ကျိုးအုတ်ပဲ့ အစအန အချို့ကို တွေ့တန်ရာချေသည်။ ပေါ်ထွက်လာသော မြို့ရိုး၏ တောင်ဘက်ပိုင်းမှာကား စစ်ကြီးအတွင်းက ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ကြောင်း တွေ့ရသည်။

မြို့ရိုးအပြင်ဘက်ရှိ ရေကျုံးကိုသိနိုင်ရန် အရှေ့ဘက်သို့ ၁၅– ပေ ပတ်လည် လေးကျင်းမျှ ဆက်၍ တူးဖော်လေ့လာ ကြည့်ရှုပါသည်။ အနည်ကျကျောက်များကို ကျုံးစပ်၌ တွေ့ရသည်။ ကျုံးရေပြင်၏ အနက်ဆုံးအပိုင်းတွင် နုန်းမြေပွနှင့် သဲရောမြေလွှာ အထပ်ထပ်ကို တွေ့ရ၏။ ကျုံးအပြင်ပတ်လမ်းကိုကား ထင်ထင်ရှားရှား မတွေ့ရပေ။ အဘယ့်ကြောင့် ဆိုသော် " တလားဝချောင်း " ၏ နှစ်စဉ် တာရှည်စွာ ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးသွားခဲ့ဟန် တူပေသည်။

ဤအမှတ် ၈ ကုန်းနေရာတွင် တကောင်းမြို့ရိုး၏ အခြားနေရာများကဲ့သို့ မြို့ရိုးနှစ်ဆင့်နှစ်ထပ် တည် ဆောက်ထားကြောင်း မတွေ့ရပေ။ အုတ်ရိုးစီပုံမှာလည်း သေသပ်ကျနခြင်းမရှိလှသဲ နုန်းဝါဖို့မြေပေါ်တွင် အုတ်မြစ်မဲ့ တည်ဆောက်ထားကြောင်း တွေ့ရသည်။ အသုံးပြုတည်ဆောက်ခဲ့သော အုတ်အရွယ်အစားမှာ လည်း ပျမ်းမျှ အလျား ၁၃ လက်မ၊ အနံ ၇ လက်မ၊ ထု ၂ လက်မခန့်မျှ သာ ဖြစ်ပြီး အုတ်စီရာတွင် မြေနီသရွတ်ကို အသုံးပြုကြောင်း တွေ့ရ၏။ ဤအုတ် အရွယ်အစားများမှာ အမှတ် ၁၂ ကုန်း သူရဲခို အဆောက်အအုံမှ အပေါ်ယံအုတ်ရိုးများနှင့် တူညီကြောင်းတွေ့ရပြီး အမှတ်၁၁ ကုန်း ( တကောင်း တောင်ဘက်မြို့ရိုး ) ရှိ အောက်ပိုင်းအုတ်များထက် အရွယ်အစား သေးငယ်ကြောင်း တွေ့ရပေသည်။ ထို့ကြောင့် ဤအရှေ့ဘက်မြို့ရိုးနေရာမှာ ပုဂံခေတ် နောက်ပိုင်းတွင် ထပ်မံပြုပြင် မွမ်းမံတည်ဆောက်ခဲ့လေ သလောဟု တွေးတောယူဆရပါသည်။




ဆွဲပုံ ၃။ ။တကောင်းတူးဖော်မှုကုန်းအမှတ် ၄ နှင့် ၆ ပန္နက်ပုံ။




ဆွဲပုံ ၄။ ။တကောင်းတူးဖော်မှုကုန်းအမှတ် ၁၀ ပန္နက်ပုံ။

**အမှတ် ၁၁ ကုန်း ။** ။ ဤကုန်းသည် တကောင်းမြို့ရိုး တောင်ဘက်ပိုင်းရှိ သစ်တောဌာနမှ တောအုပ်ဦးညို၏ ခြံနောက်ပိုင်းတွင် တည်ရှိသည်။ ဘိုးဘိုးကြီးနတ်စင်မှ အရှေ့တောင်ယွန်း ကိုက် ၁၀၀ ခန့်မျှ ကွာဝေး၏။ မတူးဖော်မီ အခြေအနေမှာ လူနေအိမ်ခြေရပ်ကွက်နှင့် ဥယျာဉ်ခြံများ၏ နောက်ဘက်တွင် တည်ရှိ၍ ခြံသမားများ ရေနုတ်မြောင်း ကူးဖော်ရာမှ အစီအရီ ညီညာလှသော အုတ်မြို့ရိုး တစ်စွန်းတစ်စ ပေါ်ထွက်လာသည်ကို တွေ့ရကြောင်း သိရ၏။ မြို့ရိုးထုအမြင့်မှာ အတွင်းပိုင်းမြေပြင်မှ အထက် ၁၀ ပေ ခန့်မျှ မြင့်ပြီး ကျုံးရိုးအတွင်း မြေပြင်ညီမှ ၂၈ ပေ၊ ၁၀ လက်မ ခန့်မျှ မြင့်မားလေသည်။

ဤကုန်းကို တူးဖော်ခြင်း၏ ရည်ရွယ်ချက်မှာ တကောင်းမြို့ရိုးတောင်ဘက်ပိုင်း တစ်စိတ်တစ်ဒေသ၏ တည်ဆောက်ပုံ သဘောသွားကို လေ့လာသိရှိနိုင်ရန် ဖြစ်ပေသည်။ စရိတ်စက ငွေကုန်ကြေးကျ သက်သာပြီး လူအင်အား နည်းနည်းဖြင့် လုပ်ငန်းတွင်ကျယ်စေရန် ၁၂ ပေအကျယ် ကျင်းရှည်စနစ်ကို အသုံးပြုကာ တူးဖော်လေ့လာပါသည်။

ထိုကဲ့သို့ စမ်းသပ်တူးဖော်လေ့လာခြင်းဖြင့် တကောင်းမြို့ရိုးတောင်ဘက်ပိုင်း တစ်စိတ်တစ်ဒေသကို ဖော်ထုတ်နိုင်ခဲ့၏။ အလျား ၁၂ ပေ ပျမ်းမျှအကျယ် ၁၀ ပေခန့်မျှ ဖြစ်ပြီး မြို့ရိုးထု အမြင့်မှာ ၇ ပေ ( အုတ်ရိုး ၃၃ လွှာ ) ခန့်မျှပေါ်ထွက်လာ၏။ တွေ့ရှိမြေလွှာ အထောက်အထားများအရဆိုလျှင် ဤမြို့ရိုးကြီး မတည်ဆောက်မီ အချိန်အခါက သဘာဝမြေလွှာဖြစ်သည့် နီကြင့်ရောင် မြေနီမြေကျစ်ပေါ်တွင် နုန်းတင်မြေဝါ ဖို့မြေများကို ထပ်ဆင့်ဖို့ညှိပြီး မြေပြင်ညီကို ဖြစ်စေ၏။ ထိုမြေလွှာ၌ မီးသွေးအမှုန်ကလေးများနှင့် အုတ်ခဲအမှုန့်အမွှားကလေးများ နုန်းဖို့မြေအတွင်း၌ ရောနှောနေကြောင်း စူးစမ်းတွေ့ရှိရ၏။ ထိုဖို့မြေလွှာပေါ်၌ ဒုတိယမြို့ရိုးအထပ်ကို တည်ဆောက်ထားရှိခဲ့ကြောင်း မြို့ရိုးအတွင်းပိုင်း မြေလွှာအနေအထားအရ သိရ၏။ မြို့ရိုးအပြင်ဘက်ပိုင်း၌ကား အပေါ်လွှာထု တစ်ပေခွဲခန့်မျှရှိသည်။ ထိုဖို့မြေလွှာအောက်၌ တစ်ဖန် အုတ် ၂၃ လွှာ ( အမြင့် ၄ ပေ ၉ လက်မခန့်မျှ ) ရှိသည့် အောက်ခံအုတ်ရိုးတစ်ထပ်ကို ထပ်မံတွေ့ရပြန်သည်။ ၎င်းအုတ်ရိုးထပ် အလယ်ကောင်တွင် ၃ ပေ ၁၀ လက်မခန့်မျှ ရှိသည့် ဝင်ပေါက်သဖွယ် အုတ်ရိုးပေါက်ငယ်တစ်ခုကို တွေ့ရ၏။ မြို့ရိုးအပေါ်ဆင့်တွင် ပျမ်းမျှအလျား ၁၃ လက်မခွဲ၊ အနံ ၈ လက်မ၊ ထု ၂-လက်မအရွယ် အုတ်များကို အသုံးပြုထားကြောင်း တွေ့ရပြီး အောက်ပိုင်းတွင် ပျမ်းမျှအလျား ၁၅ လက်မ၊ အနံ ၈ လက်မ၊ ထု ၂ လက်မအရွယ် အုတ်များကို သုံးကာ တည်ဆောက်ထားခဲ့ကြောင်း တွေ့ရလေသည်။

အထက်ဖော်ပြပါ အပြင်ဘက်ရှိ မြို့ရိုးပေါက်ငယ်မှာ မည်ကဲ့သို့အသုံးပြုရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ထားခဲ့ကြောင်း အတပ်မပြောသာပါ။ ဆောက်လုပ်ခဲ့သော အုတ်အရွယ်အစားနှင့် မြေလွှာ တည်ဆောက်နေပုံတို့ကို ထောက်ချင့်၍ ခေတ်နှစ်ခေတ် ထပ်ဆင့်တည်ရှိခဲ့ကြောင်း သိသာ ထင်ရှားပါသည်။ အောက်ပိုင်းမှာ ပုဂံခေတ် စောစောပိုင်းဆိုင်ရာ မူလမြို့ရိုးဖြစ်ပြီး အပေါ်ပိုင်းမှာ နောက်ထပ် ထပ်မံ ပြုပြင်ခဲ့သော အုတ်ရိုးဖြစ်မည်ဟု ယူဆရပါသည်။

**အမှတ် ၁၂ ကုန်း။** ။ဤကုန်းသည် ယခင်နှစ်က တူးဖော်လေ့လာခဲ့သည့် အမှတ် ( ၁ ) ကုန်း၏ မြောက်ဘက် ကိုက် ၁၂၀ ခန့် အကွာရှိ တကောင်းမြို့ရိုး၏ အနောက်ဘက် တစ်စိတ်တစ်ဒေသပင် ဖြစ်သည်။ ဤကုန်းနေရာမှာ မတူးဖော်မီကပင် အခြားနေရာများနှင့်မတူ တစ်မူထူးခြားစွာ မြို့ရိုးအပြင်ဘက်သို့ ချွန်းထွက်နေ၏။ ထိုနေရာမှာ မြို့ရိုးအပြင်ဘက်သို့ အလျား ၃၉ ပေ၊ အနံ ၃၄ ပေ၊ အမြင့် ၈ ပေခွဲခန့်မျှ ချွန်းထွက်နေသည့် လေးထောင့် ပုံသဏ္ဌာန် အုတ်ကုန်းမို့မို့တစ်ခုပင် ဖြစ်သည်။ မတူးဖော်မီ အခြေအနေမှာ ဤကုန်းပေါ်၌ သစ်ပင်ချုံငယ်များဖြင့် ဖုံးအုပ်လျက်ရှိပြီး အရှေ့ဖက်တွင် ပုဆိုးတစ်ပတ်ခန့်မျှ ရှိသော ညောင်ပင်ကြီးတစ်ပင် ပေါက်ရောက်လျက် ရှိ၏။ ထိုကုန်း၏ အနောက်ဘက်၌ ဧရာဝတီမြစ် တည်ရှိပြီး

သဘော်ဆိပ်သွား လှည်းလမ်းသည် အဆိုပါ အုတ်ကုန်းကို ကပ်လျက် ဖောက်ထား၏။ တကောင်းမြို့ရိုး တစ်ခုလုံးတွင် ထိုကဲ့သို့ ချွန်းထွက်နေသော အုတ်ရိုးကုန်းတန်းမျိုး မတွေ့ရှိဘဲ ထူးခြားစွာ တည်ရှိနေသဖြင့် ဦးစားပေးရွေးချယ်ကာ တူးဖော်လေ့လာပါသည်။

ထိုကုန်းကို ၁၅ ပေ ပတ်လည်ကွက်များဖြင့် ပန္နက်ချကာ တူးဖော်ရာမှ အနောက်ဘက် ပင်မမြို့ရိုးကြီး၏ အပြင်ဘက်သို့ ပစောက်ပုံသဏ္ဌာန် ချွန်းထွက်နေသည့် အလျား ၄၅ ပေ၊ အနံ ၃၀ ပေ၊ ဖြက်အကျယ် ၇-ပေနှင့် အုတ်ရိုးထု ပျမ်းမျှအမြင့် ၅ ပေခန့်မျှရှိသော "သူရဲခို အဆောက်အအုံ" တု မှန်းဆရသည့် အုတ်ရိုး အဆောက်အအုံတစ်ခု ပေါ်ထွက်လာပါသည်။ ( ဆွဲပုံ ၂ ကုန်းအမှတ် ၁ ပန္နက်ပုံရှု။ ) တည် ဆောက်ရာတွင် အသုံးပြုထားသော အုတ်များမှာ ပျမ်းမျှအလျား ၁၂ လက်မ၊ အနံ ၈ လက်မ၊ ထု ၂ - လက်မခွဲခန့် ဖြစ်၏။ အုတ်ရိုးစီထားပုံ အစီးအနင်းလည်း မကောင်း၊ ညီညာသပ်ရပ်ခြင်းလည်း မရှိလှပေ။ အုတ်ရိုးများကို မြေနီ ရွံ့သရွတ်ဖြင့် တည်ဆောက်ထား၏။ ထိုသူရဲခို အဆောက်အအုံ၏ မြောက်ဘက်နံရံ အတွင်းပိုင်းတစ်နေရာတွင် အုတ်များကို တေ့ဆက် စီထားကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ သူရဲခို အဝင်ပေါက် အရှေ့ဘက်ပိုင်းမှာ အနည်းငယ် ကျဉ်းမြောင်း၍ အနောက်ဘက်ပိုင်းတွင်ကား ခပ်ကျယ်ကျယ် တည်ဆောက်ထားကြောင်း တွေ့ရသည်။ ( ဆွဲပုံ ၂ ကုန်း အမှတ် ၁၂ ပန္နက်ပုံရှု။ )

ပင်မမြို့ရိုးကြီး၏ ဖြက်အကျယ်မှာ ၁၀ ပေမျှ ရှိပြီး အုတ်ရိုးထု ပျမ်းမျှအမြင့် ၆ ပေ ၃ လက်မ ၂၆ လွှား ခန့်မျှ ပေါ်ထွက်လာပါသည်။ မန္တလေးနန်းမြို့ရိုးကဲ့သို့ အဆိုပါအုတ်မြို့ ရိုးနှင့်သူရဲခို အဆောက် အအုံပေါ်တွင် သစ်သားအဆောင် ပြာသာဒ်နှင့် ပြအိုးများ တည်ဆောက်ထားခဲ့ဟန် မတူပေ။ အဘယ့် ကြောင့်ဆိုသော် တူးဖော်လေ့လာရာတွင် သစ်သားအဆွေးအမြည့် တိုင်နေရာများ၊ မီးသွေးပြာများနှင့် သံမှိုစသည့် အထောက်အထားများကို တူးဖော် မတွေ့ရခြင်းကြောင့်ပင် ဖြစ်ပေသည်။

မြေလွှာများနှင့် တည်ဆောက်ထားရှိပုံကို လေ့လာသော် ပင်မမြို့ရိုးကြီး၏ အောက်၌ လည်းကောင်း၊ ပစောက်ပုံသဏ္ဌာန် သူရဲခိုအဆောက်အအုံ၌ လည်းကောင်း တကောင်း အမှတ် ၁၁ ကုန်းကဲ့သို့ပင် အုတ်ရိုး နှစ်ဆင့်ကို တွေ့ရသည်။ သူရဲခိုအဆောက်အအုံ၏ အဝင်ပေါက် လက်ဝဲဘက်ရှိ အနောက်ဘက်မြို့ရိုးကြီး၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းနေရာတို့၌လည်းကောင်း သူရဲခိုအဆောက်အအုံအုတ်ရိုး၏ အနောက်မြောက် ထောင့်စွန်း အပြင်ဘက်ပိုင်း၌လည်းကောင်း ပျမ်းမျှ အုတ်ရစ်လွှားခန့်မျှရှိသည့် ပထမမြို့ရိုးဟောင်း၏ အုတ်ရိုး အကြွင်း အကျန်များကို တွေ့ရသည်။ ၎င်းအပေါ်၌ မီးခိုးရောင်ဖို့မြေလွှာထု တည်ရှိပြီး တစ်ဖန် အုတ်မြို့ရိုး ထုကို တည်ဆောက်ထားကြောင်း တွေ့ရသည်။ ပန္နက်ပုံစံတွင် မြို့ရိုး၏အောက်၌ ထပ်ဆင့်ပေါ်လာသော အုတ်ရိုးများကို အုတ်ရိုးနှိမ့် အမှတ်အသားများဖြင့် ပြထားပါသည်။ အောက်ဆင့်အုတ်ရိုးတွင် အသုံးပြု ထားသော အုတ် အရွယ်အစားမှာ ပျမ်းမျှအလျား ၁၆ လက်မ၊ အနံ ၈ လက်မ၊ ၃၃ လက်မခန့်ရှိ၏။ သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့ပြီးသော အထက်ဆင့်မြို့ရိုးရှိ အုတ်အရွယ်အစားထက် အောက်ဆင့်ရှိ အုတ်အရွယ်အစားမှာ အတန်ငယ်ကြီးမားကြောင်း တွေ့ရသည်။ ထိုအုတ်ရိုးနှစ်ဆင့်အကြားရှိ ခဲကျိုးခဲပဲ့ရော မြေလွှာထုမှာ ပျမ်းမျှ ၁ ပေ ၈ လက်မခန့် ရှိ၏။ အုတ်အရွယ်အစား အသုံးပြုပုံ ကွာခြားခြင်းနှင့် ခဲကျိုးရော ဖို့မြေရှိခြင်းတို့ကို ထောက်ဆ၍ ထိုသူရဲခိုအဆောက်အအုံမှာ မူလ လက်ရာမဟုတ်ဘဲ တစ်စုံတစ်ရာကြောင့် ပျက်စီး၍ တစ်ဖန် ထပ်မံ တည်ဆောက်ထားကြောင်း ယုံမှားဖွယ်ရာ မရှိပေ။



ဓာတ်ပုံ ၁ (က)။ ။ အနန္တကူ ကျောက်ချပ်ရုပ်ကြွ တစ်ပိုင်းကျိုး



ဓာတ်ပုံ ၁ (ခ)။ ။ အနန္တကူ ကျောက်ချပ်ရုပ်ကြွ အစိတ်အပိုင်းများ



ဓာတ်ပုံ ၂ (က)။ ။ အုတ်ခွက်ဘုရား



ဓာတ်ပုံ ၂ (ခ)။ ။ အုတ်ခွက်ဘုရား

တွေ့ရှိမြေလွှာနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ဆောက်လုပ်ထားရှိသော အုတ်အရွယ်အစားနှင့် အုတ်ရိုး အဆောက်အအုံတို့ကို ထောက်ဆ၍ ဤအမှတ် ၁၂ ကုန်း တကောင်းမြို့ရိုး အနောက်ဘက်မြို့ရိုးရှိ သူ့ရဲ့ရို အဆောက်အအုံသည် ပုဂံခေတ်စောစောပိုင်းဆိုင်ရာ ရှေးဟောင်း အဆောက်အအုံတစ်ခုပင် ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။ ထိုသူ့ရဲ့ရို အဆောက်အအုံ အပေါ်ပိုင်းရှိ အုတ်အရွယ်အစား အသေးများမှာ ပုဂံခေတ်နောက်ပိုင်းတွင် ထပ်မံပြင်ဆင်ခဲ့သော လက်ရာဖြစ်မည်ဟု ခန့်မှန်းရပါသည်။

**( ခ ) လူနေ အဆောက်အအုံ အကြွင်းအကျန်များ**

မြန်မာနိုင်ငံတွင် ရှေးခေတ်မှစ၍ ယခုခေတ်တိုင် လူနေအိမ်ခြေ အဆောက်အအုံများကို ပျက်စီးလွယ်သော သစ်ဝါးတို့ဖြင့်သာ အများအားဖြင့် တည်ဆောက်နေထိုင်လေ့ရှိကြသည်။ တကောင်းနှင့် အညာပုဂံမြို့ဟောင်းတွင်လည်း လူနေအဆောက်အအုံဟု အထောက်အထားခိုင်လုံသော အုတ်ရိုးအဆောက်အအုံ၊ သို့မဟုတ် တိုင်နေရာများ၊ ခြံစည်းရိုးရာများဖြင့် တည်ဆောက်ထားသော လူနေအဆောက်အအုံ အကြွင်းအကျန်များကိုကာ မတွေ့ရချေ။ သို့သော် အောက်ဖော်ပြပါကုန်းများတွင် လူ့အသုံးအဆောင်အမျိုးမျိုး၊ အိုးခြမ်းကွဲများနှင့် မြေတံဆိပ်ရာများ စသည်တို့ကို တွေ့ရ၍ ထိုခေတ်ဆိုင်ရာလူများ နေထိုင်သွားခဲ့သော အကြွင်းအကျန်နေရာဟောင်းများ ဖြစ်တန်ရာသည်ကို ယေဘုယျအားဖြင့် ယူဆရခြင်းပင် ဖြစ်ပေသည်။

**အမှတ်( ၃ )ကုန်း။** ။ တကောင်း အမှတ် ၃ ကုန်းသည် အညာပုဂံမြို့ဟောင်း၏ အရှေ့ဘက်တံခါးဝနေရာ အမှတ် ၂ ကုန်း၏ အနောက်တောင်ဘက် ကိုက် ၅၀ ခန့် အကွာတွင် တည်ရှိ၏။ မတူးဖော်မီ အခြေအနေမှာ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ဖုံးအုပ်လျက်ရှိ၏။ တောရှင်း၍ လေ့လာကြည့်ရှုသောအခါ အရှေ့အနောက် အလျား ပေ ၂၁၀၊ တောင်မြောက် အနံ ပေ ၁၈၀ ခန့်မျှရှိပြီး အနောက်ဘက်တွင် မသိမသာ ခပ်ပြေပြေကလေး နိမ့်ဆင်းသွားကြောင်း တွေ့ရသည်။ ကုန်း၏အမြင့်မှာ မြေပြင်ညီမှ အထက် ၁၃ ပေခန့် မျှသာရှိသည်။ ရွှေစည်းခုံစေတီတော်ကြီး၏ ပတ်ဝန်းကျင်တစ်ဝိုက်တွင် အုတ်ကုန်းဟောင်းများ အများအပြားတည်ရှိ၏။ ထိုကုန်းကို တူးဖော်လေ့လာခြင်းအားဖြင့် ထိုခေတ်လူနေမှုစနစ်ကို အကဲခတ် လေ့လာသိရှိရန် ရည်ရွယ်ပေသည်။

သို့ဖြစ်၍ ၁၅ ပေ ပတ်လည် ပန္နက်ကွက်များ ချကာ တူးဖော်လေ့လာရာ အုတ်ရိုးအဆောက်အအုံဟူ၍ မည်မည်ရရ ပီပီသသ ပေါ်ထွက်မလာချေ။ အစမ်းအနေဖြင့် အချို့ အကွက်များကို တူးဖော်ကြည့်သောအခါ အဆက်အစပ်မရှိသော အုတ်လွှားစဉ် အပြတ်အတောက်များကိုသာ တွေ့ရသည်။ အုတ်ရိုး အုတ်တန်းများ ဆက်စပ်တည်ရှိခြင်း မရှိပဲ အချို့နေရာတွင် အုတ်လွှား ၆ လွှားမျှထိ ရှိသည်။ အုတ်ရိုးများ ပြတ်တောင်းပြတ်တောင်း တွေ့ရ၏။ ရှေးဟောင်းပစ္စည်းများလည်း မြေပုတီးစေ့များ၊ အခြွယ်အလှယ်ပါ အိုးခြမ်းပဲ့များနှင့် သံမှိုပွင့်အချို့ကိုသာ တူးဖော်စုဆောင်းရရှိသည်။ ဤကုန်းနေရာမှာ အုတ်ရိုးအဆောက်အအုံလည်း ထင်ရှားစွာမပေါ်၊ ရှေးဟောင်းပစ္စည်းများလည်း ထူးခြားစွာမတွေ့ရ၍ တူးဖော်မှုကို ဤမျှနှင့်သာ ရပ်နားထားလိုက်ပါသည်။ ဤကုန်းမှာ ပုဂံခေတ်ဆိုင်ရာ လူနေမှုကုန်းဟောင်းတစ်နေရာပင် ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။


**အမှတ် ( ၇ )ကုန်း။** ။ ဤကုန်းသည် အညာပုဂံ မြို့ဟောင်းအတွင်းရှိ အမှတ် ၆ ကုန်း၏ အရှေ့ဘက်တည့်တည့် ၄၅ ကိုက်အကွာတွင် တည်ရှိသည်။ ထိုကုန်းမှာ မြေပြင်ညီမှ လေးပေခွဲခန့်မျှမြင့်မားပြီး ကုန်း၏ပမာဏမှာ အလျား ၁၀၅ ပေ၊ အနံ ပေ ၉၀ ခန့်မျှရှိ၏။ အရှေ့အနောက် ရှည်မျောမျောပုံသဏ္ဌာန်ရှိ၏။ မတူးဖော်မီ ထိုကုန်း၏အခြေအနေမှာ ဆီးပင်ငယ်များ ပေါက်ရောက်လျက်ရှိပြီး အခြား ချုံ



ဓာတ်ပုံ ၃ ( က )။ ။ ကျောက်စွက်ဘုရား



ဓာတ်ပုံ ၃ ( ခ )။ ။ ကျောက်စွက်ဘုရား



ဓာတ်ပုံ ၄ ( က )။ ။ ကြာစွယ်ခံပါဆင်းတု
အောက်ပိုင်းနှင့် ဦးခေါင်းပိုင်းကျိုး



ဓာတ်ပုံ ၄ ( ခ )။ ။ ကြာစွယ်ခံ နှင့်
ဆင်းတုအောက်ပိုင်းကျိုး

နွယ်သစ်ပင်ကြီးများ မရှိပေ။ အခြယ်အလှယ်ပါသော အိုးခြမ်းကွဲများ၊ အိုးနှုတ်ခမ်းများ၊ အုတ်ကြွပ်ကျိုးများနှင့် မီးသွေးပြာများ စသည်တို့ကို တွေ့ရသဖြင့် တစ်နည်းမဟုတ်တစ်နည်းအားဖြင့် လူနေအဆောက်အအုံ ကုန်းဟောင်းနေရာဖြစ်ချိမ့်မည်ဟု မှန်းဆတူးဖော်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုကုန်းကို ၁၅ ပေ ပတ်လည် ကွက်များဖြင့် တောင်မြောက်လေးကွက်၊ အရှေ့အနောက် ငါးကွက်ဖြင့် သဘာဝမြေလွှာသို့ ရောက်သည် အထိ တူးဖော်လေ့လာခဲ့သည်။

ထိုကဲ့သို့ တူးဖော်လေ့လာရာမှ အုတ်ရိုးအဆောက်အအုံဟူ၍ မည်မည်ရရ ပေါ်ထွက်မလာချေ။ အိမ်အဆောက်အအုံနေရာဟောင်းဖြစ်ကြောင်းကို ညွှန်ပြသည့် အိမ်တိုင်နေရာ မြေလွှာများကိုလည်း မတွေ့ရချေ။ သို့သော်လည်း ၎င်းကုန်းမှ အိုးများမြှုပ်နှံထားသည့် ကျင်းနေရာများမှ အိုးခြမ်းကွဲအမျိုးမျိုးနှင့် အိုးလက်ခုများ၊ အိုးပုံစံနှိပ် တံဆိပ်ငယ်အချို့ နှင့် ရုပ်ဒိုးငယ်များကို တူးဖော်ရရှိခဲ့၏။ သို့ဖြစ်၍ ဤကုန်းနေရာသည် အညာပုဂံမြို့ကြီး ကောင်းစားစဉ်အချိန်အခါက အိုးထုတ်လုပ်သူများ ( ဝါ ) အိုးထိန်းသည် မိသားစု နေထိုင်သွားခဲ့သည့် နေရာတစ်နေရာ ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ကောက်ချက်ချပါက လွဲမှားနိုင်မည်မဟုတ်ပေ။ ၎င်းကုန်းမှပင် ရုပ်ဒိုးငယ်အချို့ နှင့် အိုးပုတ်ငယ်၊ ရွှံ့ရုပ်ကလေးများ စသည်တို့ တွေ့ရှိခြင်းကို ထောက်ဆပြီး အဆိုပါမိသားစုတွင် ကစားခုန်စားသည့်အရွယ် ကလေးသူငယ်များ ပါဝင်ခဲ့ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

**အမှတ် ( ၉ )ကုန်း။** ။ ဤကုန်းသည် အညာပုဂံမြို့ဟောင်း၏ အနောက်တောင်ထောင့်စွန်းတွင် တည်ရှိ၏။ တကောင်း ဆံညှပ်ကုန်းရွာသွား လှည်းလမ်းဖြတ်လျက်ရှိသော အညာပုဂံ မြို့ဟောင်း တောင်ဘက် မြို့ရိုးပေါက်ဝမှ အနောက်မြောက်ယွန်း ၁၁၅ ကိုက် အကွာတွင် တည်ရှိ၏။ မတူးဖော်မီ အခြေအနေမှာ တောင်ဘက်ပိုင်း၌ သစ်ဆွဲလမ်းဟောင်းရှိပြီး မိုးရေတိုက်စားမှုဒဏ်ကြောင့် ချိုင့်ဝှမ်းဖြစ်လျက်ရှိ၏။ အနောက်မြောက်ပိုင်း၌ကား အုတ်ကျိုးအုတ်ပဲ့အစအနများ အနည်းငယ်ပေါ်ထွက်လျက်ရှိပြီး အိုးနှုတ်ခမ်းနှင့် အိုးခြမ်းကွဲအချို့မှာမူ မြေပေါ်၌ပင် အလိုအလျောက် ပေါ်ထွက်လျက်ရှိသည်ကို တွေ့ရ၏။ အခြား ကူးဖော်မှုကုန်းများကဲ့သို့ ထူးခြားစွာမို့မောက်နေခြင်းကား မရှိချေ။ ထိုကုန်းကို ၁၅ ပေ ပတ်လည် အရှေ့အနောက် လေးကွက်၊ တောင်မြောက် ငါးကွက်ဖြင့် ပန္နက်ချကာ တူးဖော်လေ့လာပါသည်။

ထိုကဲ့သို့ တူးဖော်ရာမှ ပျမ်းမျှအနက် နှစ်ပေခွဲခန့်တွင် သဘာဝမြေလွှာသို့ရောက်ခဲ့ပြီး ရေတကောင်း လည်တိုင်၊ ကရားလည်တိုင်၊ မြေရုပ်ဒိုးအချို့ နှင့် အခြယ်အလှယ်အရေးအခြစ်ပါ အိုးခြမ်းကွဲအနည်းငယ်မှ အပ အခြားပြောပလောက်အောင် ရှေးဟောင်းပစ္စည်းများနှင့် အုတ်ရိုးအဆောက်အအုံ တစ်စုံတစ်ရာ ပေါ်ထွက်လာခြင်း မရှိသဖြင့် တူးဖော်မှုလုပ်ငန်းကို ဤမျှနှင့်ပင် ရပ်နားထားလိုက်ပါသည်။

ဤကုန်းနေရာမှာ ပုဂံခေတ်နောက်ပိုင်း လူနေအိမ်ခြေရာ ကုန်းဟောင်းတစ်ခုပင် ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။

## ( ဂ ) ဘာသာရေးဆိုင်ရာ အဆောက်အအုံများ

**အမှတ် ( ၄ )ကုန်း။** ။ ဤကုန်းသည် အညာပုဂံမြို့ဟောင်းအတွင်းရှိ ရွှေစည်းခုံ စေတီတော်မြတ်ကြီး၏ တောင်ဘက်စူးစူး ကိုက် ၁၆၀ ခန့်အကွာတွင် တည်ရှိ၏။ ယခင်နှစ်က ဤကုန်းကို အုတ်ရိုးအဆောက်အအုံတစ်ခုလုံး ရုပ်လုံးပေါ်လာသည်အထိ တူးဖော်နိုင်ခဲ့သော်လည်း အချိန်မရသဖြင့် ဘောင်ဖို့လုပ်ငန်းများကို မဆောင်ရွက်နိုင်ခဲ့ပေ။ သို့ဖြစ်၍ ယခုနှစ် လုပ်ငန်းစလျှင်စချင်း ထိုလုပ်ငန်းကို စတင်ဆောင်

ရှက်ခဲ့ရာ အလျား အရှေ့အနောက် ၁၀၇ ပေ၊ အနံ တောင်မြောက် ၇၃ ပေ အကျယ်ရှိသော ပင်မ အုတ်ရိုး အဆောက်အအုံ ပေါ်ထွက်လာပါသည်။ အုတ်ရိုးထု ပျမ်းမျှအကျယ်မှာ သုံးပေခန့်မျှရှိပြီး အုတ်လွှာထု အမြင့်ဆုံးနေရာတွင် ၁၄ လွှားမျှသာ တွေ့ရသည်။ အဆိုပါ ပင်မအုတ်ရိုးအဆောက်အအုံ၏ အရှေ့ဘက်တွင် ၇ ပေ အရှည်ရှိသော အုတ်လှေကားတစ်စင်းနှင့် အနောက်ဘက်တွင် ၁၀ ပေ အရှည်ရှိသော အုတ်လှေကားတစ်စင်း အသီးသီးပေါ်ထွက်လာပါသည်။ ထိုပင်မအုတ်ရိုး အဆောက်အအုံ အတွင်း၌ အလျားပေ ၆၀၊ အနံပေ ၄၀ မျှကျယ်သည့် ဒုတိယအုတ်ရိုးဆင့်ကို တွေ့ရ၏။ အုတ်ရိုးထု ပျမ်းမျှအကျယ်မှာ ၃ ပေ ခန့်မျှဖြစ်ပြီး အုတ်လွှာငါးဆင့်မျှရှိ၏။ ထိုဒုတိယအုတ်ရိုးဆင့်၏ အနောက်ဘက်ပိုင်း၌ တစ်ပေပတ်လည်ခန့်ရှိပြီး အုတ်ရိုးဆယ်လွှာခန့်အမြင့်ရှိသော အုတ်ခုံငယ်တစ်ခုကိုလည်း တူးဖော်တွေ့ရှိ၏။ အထက်ဖော်ပြပါ ဒုတိယအုတ်ရိုးဆင့်၏ အရှေ့ဘက်ပိုင်းတွင်အုတ်တစ်လွှာ၊ နှစ်လွှာခင်း အုတ်ခင်ကြမ်းပြင် အကျိုးအပေါက်အချို့ကိုလည်း တွေ့ရသည်။ ( ဆွဲပုံ ၃ ကုန်း အမှတ် ၄ ပန္နက်ပုံ ရှု ) တည်ဆောက်ရာတွင် အသုံးပြုသော အုတ်အရွယ်အစားမှာ ပျမ်းမျှအလျား ၁၇ လက်မ၊ အနံ ၈ လက်မ၊ ထု ၂ လက်မခွဲမျှဖြစ်၏။ အုတ်ရိုးများကို မြေနီသရွတ်ဖြင့် စီထားပြီး အများအားဖြင့် တစ်လျားတစ်နံစီထားသော အုတ်ရိုးများကို တွေ့ရသည့်တိုင် နေရာဟောင်းများကို မတွေ့ရသော်လည်း တူးဖော်ရာမှ အုတ်ကြွပ်အကျိုးအပဲ့ အမြောက်အမြားရရှိ၍ အုတ်ကြွပ်မိုး အဆောက်အအုံဖြစ်မည်မှာ ယုံမှားဖွယ်ရာမရှိချေ။ ဤအဆောက်အအုံ ကုန်းဟောင်းနေရာကို တူးဖော်ရာမှ ပုဂံခေတ်ဆိုင်ရာ ပန်းခက်နှင့်ရုပ်ကြွ သရုပ်ဖော်စဉ့်ရေသုတ်အုတ်ချပ်ငယ်၊ ဗုဒ္ဓဝင်ရှစ်ခန်းပါ အဋ္ဌဂူကျောက်ရုပ်ကြွနှင့် အုတ်ခွက်ဘုရားငယ်များစသည့် သာသနိကဝတ္ထုပစ္စည်းများကိုသာ တူးဖော်ရရှိ၏။

( ၎င်းတို့၏ အကြောင်းအရာ အစုံအလင်ကို နောက်ပိုင်းရှိ တွေ့ရှိသော ရှေးဟောင်း ပစ္စည်းများ အကြောင်းအရာ အသေးစိတ်ဖော်ပြချက်တွင်ရှု ) ဆောက်လုပ်ထားသော လှေကားနှစ်ဘက်နှင့် အုတ်ရိုးပန္နက်ပုံကို ထောက်ဆ၍လည်းကောင်း၊ တည်ဆောက်ထားမှု ပတ်ဝန်းကျင်မှာလည်း ရွှေစည်းခုံစေတီတော်မြတ်ကြီးနှင့် မလှမ်းမကမ်းတွင် တည်ရှိ၍လည်းကောင်း၊ ဤကုန်းဟောင်းနေရာမှာ ပုဂံခေတ်စောစောပိုင်းဆိုင်ရာ သာသနိက အဆောက်အအုံနေရာဟောင်းတစ်ခု ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။


**အမှတ် ၆ ကုန်း။** ။ ဤကုန်းသည် အညာပုဂံမြို့ဟောင်း၏ အနောက်တောင်ပိုင်း၌ တည်ရှိပြီး တကောင်းဆံညှပ်ကုန်းအသွား လှည်းလမ်း၏ အနောက်ဘက်ကပ်လျက်တွင် ရှိသည်။ ၎င်းကုန်းမှာ အမှတ် ၂ ကုန်းမှ အနောက်ဘက် ကိုက်လေးရာခန့်အကွာတွင် တည်ရှိ၏။ မတူးဖော်မီအခြေအနေမှာ ချုံနွယ်သစ်ပင်များ ထူထပ်စွာပေါက်ရောက်လျက်ရှိပြီး ထိုကုန်းပေါ်၌ ရုံးပင်ကြီးတစ်ပင် ပေါက်ရောက်လျက် ရှိ၏။ တောရှင်း၍ လေ့လာကြည့်ရှုသောအခါ တောင်မြောက် ရှည်မျောမျော သွယ်တန်းလျက်ရှိပြီး အလျား ၁၀၅ ပေ၊ အနံ ပေ ၉၀ ခန့်မျှ ရှိသည်။ ကုန်းအမြင့်မှာ မြေပြင်ညီမှ အထက်လေးပေခွဲခန့်မျှသာ မြင့်မားကြောင်း တွေ့ရသည်။ ထိုကုန်းပေါ်၌ လူနေမှုအရိပ်အမြွက်ကို ညွှန်ပြသည့် အုတ်ကြွပ်ကျိုးပဲ့များ၊ အုတ်ခဲကျိုးပဲ့များနှင့် အိုးခြမ်းကွဲများကို အပေါ်ယံ၌ပင် ထင်ထင်ရှားရှား တွေ့ရသဖြင့် ထိုကုန်းကို ဦးစားပေး ရွေးချယ်တူးဖော်လိုက် ပါသည်။ ၁၅ပေပတ်လည် လေးထောင့်ကွက်များဖြင့် ပန္နက်ချကာ တူးဖော်လိုက်သောအခါ အုတ်ရိုးသုံးဘက်ရှိသော ပင်မအဆောက်အအုံဟု ယူဆရသည့် အုတ်ရိုးတန်းများ ပေါ်ထွက်လာပါသည်။ ထိုအုတ်ရိုးတန်းမှာ အရှေ့အနောက် ၃၇ ပေ၊ တောင်မြောက် ၂၆ ပေနှင့် ဖြက်



ဓာတ်ပုံ ၅ ( က )။ ။ ကြေးဆင်းတု
မဆေးကြောရသေးမီပုံ



ဓာတ်ပုံ ၅ ( ခ )။ ။ ကြေးဆင်းတု
ဆေးကြောသန့်စင်ပြီးပုံ



ဓာတ်ပုံ ၆ ( က )။ ။ ဓာဝါ ကုတ်ကြွပ်ပြားများ



ဓာတ်ပုံ ၆ ( ခ )။ ။ စဉ့်ချပ်ရုပ်ကြွ

၃ ပေခန့်မျှရှိ၏။ အုတ်လွှာထု အမြင့် ပျမ်းမျှခြောက်လွှာ မျှသာရှိသည်။ အရှေ့ဘက်ရှိ အုတ်ရိုးတန်းမှာ ပြတ်လျက်ရှိပြီး ထိုပင်မ အဆောက်အအုံအုတ်ရိုး၏ အနောက်ဘက်တွင်ကား အုတ်တစ်လွှာစီဖြင့် အလျား ဆယ်ပေ၊ အနံရှစ်ပေခန့်မျှရှိသော အုတ်ခင်းကြမ်းပြင်တစ်ခု ပေါ်ထွက်လာပါသည်။

အရှေ့ဘက်ပိုင်းတွင်ကား ပလ္လင်သဏ္ဍာန် ခြောက်ပေပတ်လည်ခန့်ရှိ လေးထောင့်အုတ်ခုံတစ်ခု တည်ရှိ၏။ ထိုအုတ်ခုံ၏ အမြင့်မှာ ၃ ပေ ၁ လက်မ ( အုတ် ၁၅ လွှာ ) ရှိ၏။ ထိုပင်မ အဆောက်အအုံ၏ မြောက် ဘက် ကပ်လျက်တွင်လည်း အရှေ့အနောက်သွယ်တန်းနေသော အုတ်ရိုးတန်းတစ်ခုမှာ အလျား၆၅ ပေ၊ အနံ ၄ ပေခန့်မျှရှိပြီး အုတ်လွှာထု ပျမ်းမျှခုနစ်လွှာခန့်မျှ ရှိ၏။ ထိုအုတ်ရိုးတန်းနှင့် ပင်မ အဆောက် အအုံ၏အကြားတွင်လည်း အလျား ၃၅ ပေ၊ အနံ ၃ပေနှင့် အုတ်လွှာလေးလွှာခန့်မျှ ရှိသော အုတ်ရိုး တန်းငယ်တစ်ခု ယှဉ်ပြိုင်ပေါ်ထွက်လာပြန်သည်။ ( ဆွဲပုံ ၃ ကုန်းအမှတ် ၆ ရှု )။ တူးဖော်ရာမှ အုတ် ကြွပ်ကွဲ အမြောက်အမြား ရရှိခဲ့ပြီး သံချောင်းငယ်အချို့ကိုလည်း တွေ့ရှိသည်။ ဤသည်ကိုထောက်ဆ၍ တူးဖော်တွေ့ရှိသည့် အုတ်ရိုး အဆောက်အအုံသည် အုတ်နှင့်သစ်သားရော အုတ်ကြွပ်မိုးအဆောက်အအုံ တစ်ခု ဖြစ်မည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ တည်ဆောက်ရာတွင် အသုံးပြုသော အုတ်အရွယ်အစားမှာ ပျမ်းမျှ အလျား ၁၇လက်မ၊ အနံ ၈ လက်မခွဲ၊ ဒု ၂ လက်မ ခန့်မျှသာ ဖြစ်သည်။ မြေနီသရွတ်ဖြင့် အုတ်ရိုးများကို စီထားပြီး အုတ်အစီးအနင်းမှာ များစွာမကောင်းလှချေ။ မြေလွှာအထောက်အထားအရ အုတ်မြစ်မချဘဲ ဖို့မြေပေါ်တွင် တည်ဆောက်ထားကြောင်း တွေ့ရသည်။ ၎င်းပြင် တစ်နေရာ၌ အုတ်ရိုး၏ အောက်ဆုံးအုတ်လွှာနှင့်အညီ မြေလွှာ ၃ အလယ်ခန့်တွင် အုတ်နီမှုန့်များဖြင့်ခင်းကာ အမာခံဖြစ်အောင် ဒင်ဆောင့်ထားသော ကြမ်းခင်းပြင် မြေလွှာသုံးလက်မခန့်အထု နှစ်ဆင့်ကို တွေ့ရသည်။ ထိုအုတ်နီမှုန့် ကြမ်းခင်းပြင် နှစ်ခုအကြား၌ ခဲကျိုးသေးရော ဖို့မြေထုမှာ ခြောက် လက်မခန့်မျှ ရှိ၏။ သို့ဖြစ်၍ ဤ အဆောက်အအုံသည် တစ်ခေတ်တည်းတွင် နှစ်ကြိမ်မျှ တည်ဆောက်နေထိုင်ခဲ့မည်ဟု ယူဆရသည်။ ( ဆွဲပုံ ၇ ရှု )။ ထိုကုန်းကို တူးဖော်ရာမှ ကျောက်ရုပ်တုဆင်းတုများ၊ အုတ်ခွက်ဆင်းတုတော်များ၊ မြေပုတီးစေ့များ၊ ရုပ်ဒိုးများနှင့် မြေအိုးမြေခွက်ကွဲ အမြောက်အမြားကို စုဆောင်းရရှိခဲ့သည်။

တွေ့ရှိသောအုတ်ရိုး အဆောက်အအုံနှင့် ရှေးဟောင်းဝတ္ထုပစ္စည်း သာဓက အထောက်အထားများကို ထောက်ဆ၍ ဤကုန်းဟောင်းနေရာသည် ပုဂံခေတ်စောစောပိုင်းဆိုင်ရာ သာသနိက အဆောက်အအုံတစ်ခု ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။

**အမှတ် ၁၀ ကုန်း** ။ ။ တကောင်းတူးဖော်မှု အမှတ် ၁၀ ကုန်းသည် အညာပုဂံမြို့ဟောင်း ရှိ ရွှေစည်းခုံစေတီတော်ကြီး၏ အနောက်ဘက်တည့်တည့် ကိုက်နှစ်ရာခန့်အကွာတွင် တည်ရှိ၏။ ထိုကုန်း နေရာ အခြားလူနေမှု အုတ်ကုန်းရိုးတို့ကဲ့သို့ ထီးထီးကြီးတစ်ခုတည်းမဟုတ်မူဘဲ အညာပုဂံမြို့ဟောင်း၏ အလယ်တွင် အရှေ့အနောက် ၃၇၆ ပေ၊ တောင်မြောက် ၃၄၈ ပေခန့်မျှရှိပြီး မြေပြင်ညီမှ သုံးပေခန့်မျှ မြင့်မားသော မြို့ရိုးငယ်အုတ်တံတိုင်းရာတစ်ခုပင် ဖြစ်ပေသည်။ ထိုကုန်းရာမှာ ကောင်းကင်မြေတိုင်း ဓာတ်ပုံများတွင်လည်းကောင်း၊ မြေပေါ်၌လည်းကောင်း ထူးခြားပေါ်လွင်စွာ တည်ရှိနေ၏။ ရှေးခေတ် အခါက နန်းတော်ကို မြို့၏အလယ်ဗဟိုတွင် တည်ဆောက်လေ့ရှိရာ နန်းတော်နေရာဟောင်း ဟုတ် မဟုတ် သိရှိနိုင်ရန် ထိုတံတိုင်းရာ၏ ထောင့်လေးထောင့် အရှေ့ဘက်အဝင် တံခါးဝနှင့် တံတိုင်းငယ်၏ ဗဟိုချက် နေရာတို့ကို ၁၅ ပေ ပတ်လယ်ကွက်များဖြင့် ပန္နက်ချကာ တူးဖော်လေ့လာပါသည်။ ထိုကဲ့သို့တူးဖော်စဉ် အလွယ်တကူ မှတ်သားနိုင်ရန် မြို့ရိုးထောင့်ငယ်၏ အရှေ့မြောက်ထောင့်၊ အနောက်မြောက်ထောင့်၊ အနောက်

တောင်ထောင့်၊ အရှေ့တောင်ထောင့် မြို့တံခါးဝနေရာနှင့် အလယ်ဗဟိုချက်တို့ကို တူးဖော်မှုကုန်းအမှတ် ( ၁၀ /က )၊ ( ၁၀/ခ )၊ ( ၁၀/ဂ )၊ ( ၁၀/ဃ )၊ ( ၁၀/င )၊ ( ၁၀/စ ) စသည်ဖြင့် သင်္ကေတအမှတ်အသားများပေး၍ တူးဖော်လေ့လာပါသည်။

ထိုကဲ့သို့ တူးဖော်ရာမှ မြို့ရိုးငယ်၏ ထောင့်လေးဘက်စလုံး၌ပင် အုတ်ရိုးတံတိုင်းထောင့်ချိုးများ ထင်ထင်ရှားရှား ပေါ်ထွက်လာပါသည်။ အရှေ့မြောက်ထောင့်တွင် အရှေ့အနောက်နှင့် တောင်မြောက်တစ်ဘက်တစ်ချက်စီ၌ အပြင်အုတ်ရိုးအတိုင်းအတာ အလျား ၂၄ ပေခွဲ၊ အနံ ၆ ပေနှင့် အုတ်ရိုးထုအမြင့်ဆုံး ၇ လွှားမျှ ပေါ်ထွက်လာ၏။ အနောက်မြောက်ထောင့်တွင်လည်း အလားတူ အလျား ၂၄ ပေ၊ အနံ ၅ ပေခွဲ အုတ်လွှား ၁၁ လွှားရှိ အုတ်တံတိုင်းထောင့်ချိုးတစ်ခု ပေါ်ထွက်လာ၏။ အနောက်တောင်ထောင့်တွင်လည်း အလားတူ အလျား ၂၃ ပေ၊ အနံ ၆ ပေနှင့် အုတ်လွှား ၇ လွှားရှိ အုတ်တံတိုင်းထောင့်ချိုးတစ်ခု ပေါ်ထွက်လာ၏။ အရှေ့တောင်ထောင့်တွင်လည်း အလားတူ အလျား ၂၆ ပေ၊ အနံ ၆ ပေနှင့် အုတ်ရိုးထု အမြင့် ၁၀ လွှားမျှ ဖော်ထုတ်နိုင်ခဲ့ပါသည်။ ထိုကဲ့သို့ ဖော်ထုတ်နိုင်သည့် မြို့ရိုးငယ်၏ ထောင့်လေးထောင့်အနက် အရှေ့တောင်ထောင့်မြို့ရိုးငယ်၏အောက်တွင် ထပ်ဆင့်အုတ်ရိုးတန်းဟောင်းနှစ်ခုကို တူးဖော်တွေ့ရှိ၏။ ၎င်းတို့မှာ အရှေ့တောင်ထောင့်စွန်းတွင် အလျား ၃ ပေ၊ အနံ ၂ ပေခွဲရှိသည့် အုတ်နှစ်လွှားဆင့် အုတ်ရိုးငယ်တစ်ခုကို တွေ့ရသည်။ အလားတူ အုတ်ရိုးငယ်တစ်ခုကိုလည်း ၎င်း၏အရှေ့မြောက်ဘက်တွင် အလျား ၂၂ ပေ၊ အနံ ၇ ပေခွဲနှင့် ဖြက် ၃ ပေခန့်အကျယ်ရှိသော ပစောက်ပုံသဏ္ဌာန် အုတ်ရိုးတန်းတစ်ခုကို ပင်မအုတ်မြို့ရိုးတံတိုင်းငယ်၏ အောက်တွင်ဖြတ်လျက် တည်ဆောက်ထားကြောင်း တွေ့ရသည်။ အုတ်ရိုးထုမှာ သုံးလွှားမျှသာရှိသည်။ အထက်ဖော်ပြပါ အောက်ဆင့်ရှိ အုတ်ရိုးတန်းငယ်များမှာ အပေါ်ယံရှိ ပင်မမြို့ရိုးငယ် မတည်ဆောက်မီ ကာလက တည်ဆောက်ခဲ့သော အဆောက်အအုံဟောင်းတစ်ခု၏ အကြွင်းအကျန်အုတ်ရိုးများပင် ဖြစ်သည်။ ၎င်းအုတ်ရိုးအကြွင်းအကျန်ပေါ်၌ တစ်ဖန် ခဲကျိုး ခဲပဲ့ရောဖို့ မြေခံပြီး ပင်မမြို့ရိုးငယ်ကို တည်ဆောက်ထားရှိခဲ့ကြောင်း မြေလွှာအထောက်အထားအရ သိရ၏။ မြို့ရိုးငယ်၏ အရှေ့မြောက်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင်လည်း အထက်လွှာမြို့ရိုးဆင့် မတည်ဆောက်မီအချိန်က လူတို့ တူးဆွပြုလုပ်ထားရှိခဲ့သော တွင်းကြီးများတွင် အိုးငယ်အချို့ကိုလည်းကောင်း၊ အသုံးပြုပြီး အိုးကွဲများ၊ ရုပ်ဒိုးအချို့နှင့် မီးသွေးပြာတို့ကိုလည်းကောင်း လောင်းသွန်မြှုပ်နှံထားရှိခဲ့ကြောင်း တွေ့ရသည်။

မြို့ရိုးငယ်၏ အရှေ့ဘက် တံခါးဝနေရာကိုလည်း မှန်းဆတူးဖော်လေ့လာရာ မြောက်ဘက်ပိုင်းတွင် အလျား ၃၅ ပေ၊ အနံ ၅ ပေခွဲနှင့် အုတ်ရိုးထု အမြင့်ဆုံး ၁၆ လွှားမျှကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ တံခါးဝ၏ တောင်ဘက်ခြမ်းတွင်ကား အလျား ၆ ပေ၊ အနံ ၅ ပေခွဲနှင့် အုတ်လွှားထု အမြင့် ကိုးလွှားမျှသာ ပေါ်ထွက်လာ၏။ စတုဂံသဏ္ဌာန်ရှိသော အညာပုဂံမြို့ဟောင်းအတွင်း၌ရှိသည့် မြို့ရိုးငယ်၏ အရှေ့ဘက် တံခါးဝ အကျယ်မှာ ဆယ်ပေခွဲမျှရှိ၏။ တံခါးအဝင် အုတ်ရိုးမှာလည်း တစ်ဆစ်ချိုးမဟုတ်ဘဲ ခပ်ကွေးကွေး ဖောက်လုပ်ထားကြောင်း တွေ့ရသည်။ တံခါးဝမှာ မြို့ရိုး၏ အလယ်ဗဟိုတည့်တည့်တွင် ဖောက်လုပ်ထားခြင်း မဟုတ်ဘဲ ၇၅ ပေခန့်မျှ တောင်ဘက်သို့ အနည်းငယ်တိုး၍ တည်ဆောက်ထားကြောင်း တွေ့ရ၏။ ( ဆွဲပုံ ၄/အမှတ် ၁၀ ကုန်း ပန္နက်ပုံရှု )။ မြို့ရိုးငယ်ထောင့်များနှင့် တံခါးဝဆောက်လုပ်ရာတွင် အသုံးပြုခဲ့သော အုတ်အရွယ်အစားမှာ ပျမ်းမျှ အလျား ၁၇ လက်မ၊ အနံ ၈ လက်မ၊ ၃ ၂ လက်မခွဲခန့်မျှ ဖြစ်ပေသည်။




ဓာတ်ပုံ ၇။ ။ စာပါ အုတ်ခဲ



ဆွဲပုံ ၅။ ။ မြေတံဆိပ်ဝိုင်း



ဓာတ်ပုံ ၈ ( က )။ ။ အင်္ဂတေပန်းများ



ဓာတ်ပုံ ၈ ( ခ )။ ။ အမှတ် ၂ ကုန်းတံခါးဝမှ ကျောက်ဆုံလည်ရွက်

အထက်ဖော်ပြပါ လေးထောင့်မြို့ရိုးငယ်၏ အလယ်ဗဟို အချက်အချာနေရာကို တိုင်းတာရှာဖွေပြီး အလျား ပေ ၁၂၀၊ အနံ ၁၀၅ ပေမျှ အကျယ်ရှိ မြေနေရာကို ၁၅ ပေ ပတ်လည်ဖြင့် ကြက်ခြေခတ်သဏ္ဍာန် ပန္နက်ချကာ တစ်ကျင်းစီ တူးဖော်လေ့လာပါသည်။ ထိုကဲ့သို့ တူးဖော်ရာမှ အုတ်ရိုးအဆောက်အအုံ အကြွင်းအကျန်နှင့် တိုင်ဟောင်းနေရာ ကျင်းငယ်ပေါ် ထွက်လာခြင်းမရှိ။ ထူးခြားသော ရှေးဟောင်းပစ္စည်းများလည်း တစ်စုံတစ်ရာ မတွေ့ရခြင်းတို့ကြောင့် ဤကုန်းနေရာတွင် တူးဖော်မှုကို ဤမျှနှင့်ပင် ရပ်နား ထားလိုက်ပါသည်။

သို့သော် ဖော်ပြပါမြို့ရိုးငယ်၏ထောင့်များ၊ အရှေ့ဘက်တံခါးဝနေရာနှင့် အလယ်ဗဟိုနေရာတို့ကို တူးဖော်ရာမှ အိုးငယ်များ၊ အချယ်အလှယ်ပါအိုးကွဲများ၊ မြေပုတီးစေ့ငယ်များနှင့် မြေနားတောင်းအချို့တို့ကို တူးဖော်ရရှိခဲ့၏။

ဤကုန်းနေရာများကို တူးဖော်ရာမှ တွေ့ရှိသော အုတ်အရွယ်အစားများနှင့် ရှေးဟောင်းပစ္စည်းတို့ကို ထောက်ဆ၍လည်းကောင်း၊ တည်နေရာ ပတ်ဝန်းကျင် အနေအထားကို ထောက်ဆ၍လည်းကောင်း "နန်းတော်ကုန်း" နေရာကား မဟုတ်တန်ရာချေ။ ပုဂံခေတ်ဆိုင်ရာ သာသနိကအဆောက်အအုံတစ်ခု၏ တံတိုင်းနေရာတစ်ခုပင် ဖြစ်တန်ရာသည်ဟု ယေဘုယျအားဖြင့် ယူဆရပါသည်။

## ( ဃ ) အထွေထွေ

**တုံငယ်မြို့ဟောင်း စမ်းသပ်တူးဖော်ခြင်း။** ။ **အစဉ်အလာအားဖြင့် တုံငယ်မြို့သည် တကောင်းထက်** ရှေးကျကြောင်း ရပ်ရွာရှိလူကြီးသူမများက ယခုထက်တိုင် စွဲမြဲယုံကြည် ယူဆလျက်ရှိကြ၏။ " **အော့အံ** ညောင်း တကောင်းတည်၊ တကောင်းတည်စ၊ တုံငယ်ဝ " ဟူ၍ အစဉ်အလာပြောစမှတ် ဆိုရိုးစကားရှိခဲ့၏။ ထိုသင်္ကေတဆိုရိုးစကား၏ အဓိပ္ပာယ်မှာ ဘိုးတော်အဘိုနမင်းကြီး ဖြို့ကြွင်းသက္ကရာဇ် (၀၁) မဟာသက္ကရာဇ် ၁၁၃ ခုနှစ်တွင် တကောင်းမြို့ကြီးကို စတင်တည်ထောင်ခဲ့ကြောင်း၊ ထိုတကောင်းမြို့ကြီး မတည်ဆောက်မီ အချိန်ကပင် မဲဇာချောင်းဝအနီးရှိ " တုံငယ်ဝ " ဝယ် အဘိရာဇာမင်းကြီးသည် ယာယီတဲနန်း တည်ဆောက်စံနေခဲ့ကြောင်း အစဉ်အလာအားဖြင့် စွဲမြဲယုံကြည်လျက်ရှိနေကြခြင်း ဖြစ်ပေသည်။

ဂရိပထဝီဆရာကြီး တော်လမီ၏ **တတ်ဂမာမီထရိုပိုလစ်**သည် တကောင်းမြို့ ဖြစ်နိုင်စရာရှိကြောင်း** သို့သော်လည်း တကောင်းနယ်မှ လူအများ စွဲမြဲယုံကြည်ယူဆကြသည့် " တကောင်းအစ တုံငယ်ဝ "ဟူသော **ဆိုရိုးစကားအရ တကောင်းထက်ရှေးကျသော** " တုံငယ်ဝ " **အရပ်သာလျှင်** ပိုမိုဖြစ်သင့်သည်ဟု နိုင်ငံခြားသား **မှတ်တမ်းများတွင် ရေးသားဖော်ပြထားကြောင်း** တွေ့ရသည်။ ***

ထို့ပြင် " တုံငယ်ဝဝယ် တူပွဂတီမြို့ကို အဿကုမ္မာမင်း တည်ထောင်၍ တရားနှင့်အညီ **မင်းမူ၏။** ရတနာမိုးရွာ၏။ မင်းဆက်လေးသောင်းတည်၏။ "ဟူ၍လည်း စေတီယကထာ ရာဇဝင်ချုပ်တွင် ရေးသား ဖော်ပြထားသည်ကို ဖတ်ရှုမှတ်သားရပေသည်။

---

* ကံသာကဲဆက်၊ ၁၀၂ - ၁၀၄။

** **Yule, 205.**


*** **Ruby Mines District Gazetteer, 130.**

† မုံရွေးဆရာတော်၊ ၃၊ ၆၇ ၃။


အထက်ဖော်ပြပါ တုံငယ်မြို့ဟောင်းသည် တကောင်းမြို့မှအထက် ခြောက်မိုင်ခန့်အကွာ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းရှိ မဲဇာချောင်းဝ အနီးတွင် ကပ်လျက်တည်ရှိ၏။ ထိုမြို့ဟောင်းနေရာမှာ တောင်ပူစာငယ်ကလေး တစ်ခုပေါ်တွင် တည်ရှိပြီး မြောက်ဘက်တွင် မဲဇာချောင်းနှင့် အောက်တုံငယ်ရွာတည်ရှိ၏။ အရှေ့ဘက်၌ အထက်တုံငယ်ရွာ တည်ရှိပြီး၊ တောင်ဘက်နှင့်အနောက်ဘက်မှာကား မင်းဝံတောင်တန်းကြီးများနှင့် သစ်တောများ ဝန်းရံလျက်ရှိ၏။ ထိုတောင်ပူစာကလေးကို အရှေ့ဘက်ရှိ လယ်ကွင်းထဲမှတိုင်းတာရာ ၇၈ ပေခန့်မျှသာ မြင့်မားကြောင်း တွေ့ရသည်။ ဧရာဝတီမြစ်မှာ မြစ်ကြောင်းများ မကြာခဏ ပြောင်းလဲလျက်ရှိကြောင်း သိရပြီး၊ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကပင်လျှင် ဧရာဝတီမြစ်မသည် တုံငယ်ရွာအနီးမှ ကပ်လျက်စီးဆင်းခဲ့ကြောင်း၊ ၎င်းရွာမှ အသက် ၇၂ နှစ် အရွယ်ရှိ ဦးစိန်ပွင့်၏ပြောပြချက်အရ သိရပေသည်။ တောင်ပူစာကုန်းမြင့်ကလေးပေါ်ရှိ တုံငယ်မြို့ဟောင်းမှာ ကျောက်မြို့ရိုးနှစ်ထပ်ဖြင့် ဝန်းရံထားကြောင်း တွေ့ရသည်။ ကျောက်မြို့ရိုးထုမှာ ပျမ်းမျှဖြက်အကျယ် ၁၇ ပေခန့်မျှရှိပြီး အထက်ဆင့်နှင့် အောက်ဆင့် နှစ်ထပ်မျှရှိပေ၏။ ထိုကျောက်များမှာ မီးသင့်ချော်ကျောက်များဖြစ်ပြီး ကျောက်တုံးကြီးငယ်များသည် ပကတိသဘာဝအားဖြင့် အလိုအလျောက် ထိုးထွက်ဖြစ်ပေါ်နေဟန်ရှိ၏။ လူတို့၏စွမ်းအားဖြင့် ညီညီညာညာဆစ်၍ ထစ်ဆင့်တည်ဆောက်ထားသောအရာကိုကား မတွေ့ရပေ။ ထိုကျောက်မြို့ရိုးနှစ်ထပ်၏အကြား၌ ရှစ်ပေခန့်အကျယ် လမ်းငယ်အယောင်တစ်ခုကိုလည်း တွေ့ရသည်။ ကျောက်မြို့ရိုးနှစ်ထပ်ကို တောင်ပူစာငယ်၏ ဆင်ခြေလျှောအနီးပတ်လည်တွင် တစ်ပတ်နီးပါးမျှတွေ့ရသည်။ ၎င်းသည်မှာပင် ထူးခြားချက်တစ်ရပ်ဖြစ်၏။

ထို့ပြင် တုံငယ်မြို့ဟောင်းရာ၏ အရှေ့တောင်ထောင့်ရှိ တောင်ပူစာခြေရင်းမှသည် ဗိုလ်ကုန်းရွာအထိ နှစ်မိုင်ခန့်အရှည်ရှိသော ဖို့မြေတာပေါင်ဟောင်းကြီးတစ်ခုကိုလည်း ပြတ်တောင်ပြတ်တောင်း တွေ့ရသည်။ တာပေါင်အကျယ်မှာ ၃၇ ပေခန့်မျှရှိပြီး အမြင့်မှာလူတစ်ရပ်ခန့်ရှိသည်။ တုံငယ်ရွာမှ ဦးစိန်ပွင့်၏ ပြောပြချက်အရ လူကြီးသူမများက အစဉ်အဆက်ပြောခဲ့ကြသည်မှာ ထိုတာပေါင်ကြီးသည် တုံငယ် ကောင်းစားစဉ်က တည်ဆောက်ထားခဲ့ခြင်း ဖြစ်ကြောင်း၊ ဗိုလ်ကုန်းရွာမျှမက တကောင်းမြို့အနောက်ဘက်ကမ်းရှိ ဝဲကြီးချောင်းဝအထိ ဆက်သွယ်ဖောက်လုပ်ထားကြောင်း သိရပါသည်။


တုံငယ်မြို့ဟောင်းရာမှာ သစ်တောဝါးတောများ ထူထပ်စွာပေါက်ရောက်လျက်ရှိ၏။ သို့ဖြစ်၍ လူနေမှု အရိပ်အမြွက်ကို ညွှန်ပြသည့် ကျောက်၊ သို့မဟုတ် အုတ်ရိုးအဆောက်အအုံ အကြွင်းအကျန်နေရာဟောင်း ကုန်းမို့မို့များကိုကား ထင်ရှားစွာမတွေ့ရပေ။ ထို့ပြင်လူနေမှုအမှတ်လက္ခဏာဖြစ်သည့် အိုးခြမ်းကွဲ၊ မီးသွေးပြာ အစအနများစသည်တို့ကိုလည်း မြေပေါ်၌ တစ်စုံတစ်ရာ ရှာဖွေမတွေ့ရပေ။ သို့ဖြစ်၍ အစဉ်အလာအားဖြင့် " တဲနန်းရာ "ဟူ၍ ယုံကြည်ယူဆသည့် မြို့၏အလယ်ကောင်ခန့်တွင်ရှိသော တုံငယ်ရှင်မနတ်ကွန်းအနီးရှိ မြေစိုက်စေတီငယ်မှ အနောက်မြောက်ယွန်း ကိုက် ၂၇၀ ခန့်အကွာရှိ မြေပြန့်နေရာကို ၁၅ ပေ ပတ်လည်နှစ်ကွက်ဖြင့် စမ်းသပ်တူးဖော်ပါသည်။ ပျမ်းမျှအနက် လေးပေခန့် အထိရှိသော်လည်း ရှေးဟောင်းဝတ္ထုပစ္စည်း တစ်စုံတစ်ရာ ပေါ်ထွက်လာခြင်းလည်း မရှိ၊ အခြားလူနေအဆောက်အအုံ အကြွင်းအကျန်များလည်း မတွေ့ရသဖြင့် တူးဖော်မှုလုပ်ငန်းကို ၎င်းမျှနှင့်ပင် ရပ်နားထားလိုက်ပါသည်။ သို့ဖြစ်၍ အစဉ်အလာအားဖြင့် နာမည်ကြီးလှသည့် တုံငယ်မြို့ဟောင်းရာတွင် အခါအားလျော်စွာ ထပ်မံတူးစမ်းရှာဖွေမှု ပြုရပေဦးမည်။



ဓာတ်ပုံ ၉ ( က )။ ။ အခြယ်အလှယ်ပါ အိုးခြမ်းကွဲ



ဓာတ်ပုံ ၉ ( ခ )။ ။ အခြယ်အလှယ်ပါ
အိုးခြမ်းကွဲ



ဓာတ်ပုံ ၁၀ ( က )။ ။ တူးဖော်ရရှိသည့်
မြေထည်ပစ္စည်းများ



**တွေ့ရှိရသော ရှေးဟောင်းပစ္စည်းများ**

**အုတ်အရွယ်အစား။** ။ တူးဖော်ခဲ့သော အညာပုဂံမြို့ဟောင်းနှင့် တကောင်းမြို့ဟောင်းရှိ မြို့ရိုးမြို့ပေါက်နှင့် အုတ်ရိုးအဆောက်အအုံများတွင် အသုံးပြုတည်ဆောက်ခဲ့သည့် အုတ်အရွယ်အစားမှာ နှစ်မျိုးနှစ်စားမျှတွေ့ရသည်။ ပထမအမျိုးအစားအုတ်များမှာ အလျား ၁၂ လက်မ၊ အနံ ၀ လက်မ၊ ဒု ၂ လက်မ အရွယ်ရှိအုတ်ဖြစ်ပြီး၊ ဒုတိယအမျိုးအစားအုတ်များမှာ အလျား ၁၇ လက်မ၊ အနံ ၈ လက်မ၊ ဒု ၂ လက်မခွဲရှိ အုတ်များ ဖြစ်လေသည်။ ပျမ်းမျှအားဖြင့် အလျား ၁၂ လက်မ၊ အနံ ၈ လက်မ၊ ဒု ၂ လက်မအရွယ်ရှိ အုတ်များသည် အသေးစားအုတ်များဖြစ်ပြီး အဆောက်အအုံများတွင် နောက်မှ ဆောက်လုပ်ဟန်ရှိသော ( ၀၁ ) အုတ်ရိုးနှစ်ဆင့်တွေ့ရှိသည့် အုတ်အဆောက်အအုံများတွင် အပေါ်ပိုင်း လွှာအုတ်ရိုးအဖြစ် အသုံးပြုထားကြောင်း တွေ့ရသည်။ ထို့ပြင် အကြီးစားဖြစ်သည့် အလျား ၁၇ လက်မ၊ အနံ ၈ လက်မ၊ ဒု ၂ လက်မခွဲ အရွယ်ရှိအုတ်များကိုလည်း အချို့ အဆောက်အအုံများ၌ အသုံးပြု တည်ဆောက်ထားကြောင်း တွေ့ရသည်။ ကုန်းအမှတ် ၁၊ ၁၁ နှင့် ၁၂ ရှိ အောက်ပိုင်းအုတ်ရိုးများမှာ အကြီးစားအုတ်များကို အသုံးပြုပြီး၊ အမှတ် ၈ ကုန်းတွင်ကား အသေးစားအုတ်များကိုသာ အများဆုံး အသုံးပြုတည်ဆောက်ထား၏။ ကျန်အဆောက်အအုံများတွင် အုတ်အကြီးစားများကိုသာ ယေဘုယျအား ဖြင့် အသုံးများကြောင်း တွေ့ရသည်။ ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုးနှင့် သရေခေတ္တရာတို့တွင် အများအားဖြင့် အကြီးစားအရွယ်အုတ်၏ အလျားမှာ လက်မ ၂၀၊ အနံ ၁၀ လက်မခွဲ၊ ဒု ၃ လက်မခွဲ မျှ ဖြစ်ပြီး အငယ်စားအရွယ်အုတ်များမှာ အလျား ၁၇ လက်မခွဲ၊ အနံ ၈ လက်မခွဲနှင့် ဒု ၂ လက်မခွဲ အရွယ်မျှဖြစ်၏။ သို့သော် ပျမ်းမျှအားဖြင့် ၁၈ လက်မ အလျားရှိသည့် အုတ်အရွယ်တို့ကို အသုံးများ ကြောင်း တွေ့ရသည်။ ၁၂ လက်မမှ ၁၆ လက်မအထိ အလျားရှိသောအုတ်များကို ပုဂံမြို့ဟောင်းတစ်ဝိုက် ရှိ ၈၆ ရာခိုင်နှုန်းမျှသော ရှေးဟောင်းအဆောက်အအုံတို့ တည်ဆောက်ရာတွင်အသုံးပြုထားကြောင်း တွေ့ ရသည်။ သို့ဖြစ်၍ ထိုအုတ်အရွယ်အစားမှာ ပုဂံခေတ်တွင် အသုံးအဝင်ဆုံး ဖြစ်သည်ဟု ဆိုရပေမည်။

၎င်းသည်တို့ကိုထောက်ဆ၍ တကောင်းနှင့် အညာပုဂံမြို့ဟောင်းရှိ အုတ်အဆောက်အအုံများတွင် ပုဂံခေတ်နှင့် ခေတ်ပြိုင်အသုံးပြုသော အုတ်အရွယ်အစားများဖြင့်သာ တည်ဆောက်ထားရှိသည်ဟု ဆိုရ ပေမည်။ ၎င်းအချက်ကို ပိုမိုခိုင်မာစေသည့် သာဓကတစ်ရပ်မှာ အမှတ် ၅ ကုန်းကို တူးဖော်ရာမှ အုတ် ခဲတစ်ချပ်ပေါ်တွင် ပုဂံခေတ်အရေးအသားဖြင့် ဂဏန်းအမှတ် ၁၇ ဟု ရေးထိုးထားသည်ကို တွေ့ရခြင်းပင် ဖြစ်ပေသည်။ ( ဓာတ်ပုံ ၇ ရှ )၊ ထို့ပြင် အမှတ် ၄ ကုန်း တူးဖော်ရာမှာလည်း အုတ်ကြွပ်ပြားပေါ်၌ ပုဂံခေတ်သုံး မန်ကျည်းစေ့စာလုံးအချို့ ရေးထိုးထားကြောင်း တွေ့ရသေးသည်။


တူးဖော်တွေ့ရှိသော အဆောက်အအုံများတည်ဆောက်ရာတွင် အပြင်လွှာနံရံများကို အုတ်ကောင်း များဖြင့် စီထားပြီး အတွင်း၌ အုတ်ကျိုးအုတ်ပဲ့များကို ကြားညှပ်စီထားလေ့ရှိ၏။ အုတ်များကို စပါးခွံ များဖြင့် ထည့်သွင်းအသုံးပြုပြီး မီးကျက်အောင် ဖုတ်လုပ်ထားကြောင်းကိုလည်း တွေ့ရသည်။ အမှတ် ၈ နှင့် ၁၂ ကုန်း တည်ဆောက်ရာတွင် အုတ်အကောင်း နည်းပါးပြီး အကျိုးအပဲ့များကို အသုံးများကြောင်း တွေ့ရသည်။ အုတ်ဖုတ်လုပ်ရာတွင် ကျွမ်းကျင်မှုနည်းပါး၍လည်းကောင်း၊ အုတ်အရွယ်အစားကြီးမား သဖြင့်လည်းကောင်း၊ ကျိုးပဲ့သည်တို့ကို အလဟဿမဖြစ်စေရန် အုတ်ရိုးအတွင်း၌ ဝမ်းစာအုတ်ရိုးအဖြစ် အသုံးပြုခဲ့ဟန်တူပေသည်။

* အောင်သော်၊ ၇၈။

**မြေအိုးမြေခွက်များ။** ။ လူနေကုန်းများကို တူးဖော်ပါက အနည်းနှင့်အများ မြေလွှာအဆင့်ဆင့်ကို တွေ့ရတတ်သည်။ ထိုမြေလွှာအတွင်း၌လည်း အိုးခြမ်းပဲ့၊ အရိုးအစအန၊ ပြာ၊ မီးသွေးစသည်တို့ကို တွေ့ရပေမည်။ ရှေးအခါက တူးဖော်မှုလုပ်ငန်းတွင် သိပ္ပံပညာနှင့် အိုးအင်ခွက်ယောက်များ နှိုင်းယှဉ်လေ့လာမှုပညာ မတိုးတက်သေး၍ ရှေးဟောင်းပစ္စည်း အနုပညာလက်ရာ ရုပ်တု ဆင်းတု၊ ရွှေပေလွှာ၊ ငွေပေလွှာ၊ ဒင်္ဂါးနှင့် ဌာပနာပစ္စည်းတို့ကိုသာ အဓိကထား၍ တူးဖော်ရှာဖွေခဲ့ကြ၏။ မြေလွှာစနစ်နှင့် မီးသွေး၊ သစ်သားတိုင်၊ အိုးအင်ခွက်ယောက်၊ အိုးခြမ်းကွဲ၊ ပုတီးစေ့ စသည်တို့ကို အရေးတယူ အလေးမူ စုဆောင်းသိမ်းဆည်း မှတ်တမ်းတင်ထားလေ့ မရှိခဲ့ပေ။ လူတို့၏ အသုံးအဆောင်ပစ္စည်းများဖြစ်သော သစ်သား၊ အဝတ်အထည်စသည်တို့မှာ ဆွေးမြည့်ပျက်စီးလွယ်၍ ကြာရှည်မခံ၊ နှစ်အနည်းငယ်အတွင်း ပျက်စီးသွားကြ၏။ လူတို့သည် စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားရင်း လူ့ယဉ်ကျေးမှုသမိုင်းကို ပြုပြင်ပြောင်းလဲ တိုးတက်စေခဲ့၏။ လူတို့သည် အဖွဲ့အစည်းဖြင့် နေထိုင်ကြပြီး ချက်အိုးပြုတ်အိုးများကို စတင် အသုံးပြုတတ်သည်မှစ၍ ယနေ့အထိ အိုးအင်ခွက်ယောက်များ သုံးစွဲယင်း ကွဲပျက်သွားပါက ၎င်းတို့ကို နေထိုင်ရာအနီးတွင် လွှင့်ပစ်ခဲ့ကြ၏။ မြေထည်ချက်အိုးပြုတ်အိုးနှင့် ရေတည်အိုးများမှာ ကွဲလွယ်၍ အဆက်မပြတ် ထုတ်လုပ်သုံးစွဲလေ့ရှိ၏။ ပုံပန်းသဏ္ဌာန်နှင့် အခြယ်အလှယ်ပုံစံတို့ကိုလည်း ပြောင်းလဲထုတ်လုပ်ခဲ့၏။ မြေထည်ပစ္စည်း အိုးခြမ်းကွဲများမှာ ကာလတန်းဖိုးမရှိ၍ မည်သူမျှ ကောက်ကာငင်ကာ အမြတ်တနိုး သိမ်း ဆည်းလေ့မရှိကြပေ။ အိုးအင်ခွက်ယောက်၏ သုံးအင်အမျိုးမျိုးကိုလိုက်၍ အချယ်အလှယ် အဆင်တန်ဆာတို့ကို ပုံစံအမျိုးမျိုးဖြင့် တီထွင်ခဲ့ကြ၏။ ၎င်းတို့ကို နှိုင်းယှဉ်လေ့လာ၍ ယဉ်ကျေးမှုကွင်းဆက်နှင့် ယဉ်ကျေးမှုအဆင့်အတန်း ခေတ်အပိုင်းအခြား စသည်တို့ကို အကဲခတ်လေ့လာ သိရှိနိုင်ပေသည်။

ကျောက်စာနှင့် ဒင်္ဂါးပြားများကို ခေတ်ဦးပိုင်း ရှေးဟောင်းသုတေသီတို့သည် အရေးတယူ အလေးမူ လေ့လာခဲ့ကြသကဲ့သို့ နောက်ပိုင်း ရှေးဟောင်းသုတေသီတို့သည်လည်း ကျောက်လက်နက်ပစ္စည်းများနှင့် အိုးအင်ခွက်ယောက်တို့ကို အလေးထား လေ့လာသုံးသပ်ခဲ့ကြပေသည်။ ဤဌာနခွဲသည် ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းမြို့ဟောင်း တူးဖော်မှုလုပ်ငန်းများမှ ဖော်ထုတ်ရရှိခဲ့သော အိုးအင်ခွက်ယောက်များနှင့် မြန်မာပြည်အရပ်ရပ်မှ တွေ့ရှိသော ကျောက်လက်နက်များကို အမျိုးအစားခွဲခြားပြီး အပတ်တကုတ် ကြိုးစား စုဆောင်းခဲ့ပေသည်။ ယခု တကောင်းမြို့ဟောင်း တူးဖော်မှုလုပ်ငန်းမှ စုဆောင်းရရှိခဲ့သော အိုးအင်ခွက်ယောက်များအကြောင်းကိုလည်း အောက်တွင် ထည့်သွင်းဖော်ပြလိုက်ပါသည်။

တကောင်းမြို့ဟောင်းကို တူးဖော်ရာမှ အထက်ဖော်ပြပါ ပျူမြို့တော်ဟောင်းများမှာကဲ့သို့ အရိုးအိုးများကို တူးဖော်မတွေ့ရှိရသည်မှာ ထူးခြားသည်ဟု ဆိုရပေမည်။ ပုဂံခေတ်နှင့် ခေတ်ပြိုင်ယဉ်ကျေးမှု ထွန်းကားကြောင်းကို တူးဖော်တွေ့ရှိသော ရေသွန်းကရားအိုးကွဲများ ( ဓာတ်ပုံ ၁၀ က ရှု။ )နှင့် စိမ်းထောင်ပန်းအခြယ်အလှယ်ပါ အိုးခြမ်းကွဲများနှင့် အုတ်ကြွပ်စာ၊ အုတ်ခဲစာများက ထောက်ခံလျက်ရှိကြသည်။ အမှတ် ၄၊ ၆၊ ၇ နှင့် ၁၀ ကုန်းတို့မှ အိုးခြမ်းကွဲ အများအပြား စုဆောင်းရရှိခဲ့သည်။ မြေအိုးမြေခွက်များမှာ မပျက်မစီး အကောင်းပကတိ တွေ့ရှိမှုနည်းပါးပြီး အရွယ်အစားစား အမျိုးမျိုးရှိသည့် အိုးခြမ်းကွဲ အပိုင်းအစများကသာ များချေသည်။ ( ဆွဲပုံ ၈ က နှင့် ခ ရှု )၊ အရေးအခြစ်လည်းမပါ၊ မူလပုံပန်းသဏ္ဌာန်ကိုလည်း မရိပ်စားနိုင်လောက်အောင် သေးငယ်သော အိုးခြမ်းကွဲများကိုကား ပယ်ပစ်ခဲ့ရပေသည်။ ပုံပန်းသဏ္ဌာန်အမျိုးမျိုးကို ပြန်လည်ဖော်ထုတ်နိုင်မည့် ကွဲပြားခြားနားသော အိုးခြမ်းကွဲများကိုသာ စုဆောင်းရယူခဲ့ပါသည်။ ( ဓာတ်ပုံ ၉ က ရှု )




ဓာတ်ပုံ ၁၀ ( က )။ ။ မြေပုတီးစေ့များ



ဓာတ်ပုံ ၁၀ ( ခ )။ ။ မြေဆေးတံတိုးများ





ဓာတ်ပုံ ၁၂ ( ခ )။ ။ ဆောက်သွားသဏ္ဍာန်
ကျောက်မိုးကြိုးသွား

ရေတည်အိုး အကြီးအသေး၊ မြူအိုးကြီးငယ်များ၊ မြေပန်းကန်လုံးနှင့် ပန်းကန်ပြားများ၊ ချက်အိုးပြုတ်အိုးများ၊ မြေဇလုံအကြီးအသေး၊ ရေတကောင်း၊ လည်တိုင်ပါ ရေသွန်းကရား၊ ဘို့အိုးငယ်၊ ပေါင်းချောင်အိုး၊ ညောင်ရေအိုး၊ မြေကလစ်၊ သပိတ်၊ ဆီမီးခွက်နှင့် စလောင်းဖုံးစသည့် အိမ်သုံးပစ္စည်းအမျိုးအစားပေါင်း များစွာကို စုဆောင်းရရှိခဲ့ပါသည်။


သေးငယ်သော ဆီမီးခွက်များမှအပ အခြားအိုးခွက်များမှာ အိုးထိန်းစက်ဖြင့် လည်၍ ပုံသွင်းထားကြောင်း သိရသည်။ အိုးအချို့ မှာမူ ရွံ့စေးများကို နယ်သားကျအောင် ပြုလုပ်ထားသဖြင့် ချောမွေ့နေ၏။ အိုးခွက်များကို ကောင်းစွာကျက်စေရန် မီးဖုတ်ပြုလုပ်ထားကြောင်းကိုလည်း တွေ့ရသည်။ အရေးအခြစ်အခြယ်အလှယ်ပါ အိုးခြမ်းကွဲအချို့ ကို တွေ့ရပြီး မြေနီဆေးဖြင့် ခြယ်လှယ်ဖုတ်လုပ်ထားသော အိုးခြမ်းကွဲတစ်စကိုလည်း တွေ့ရသည်။ အမှတ် ၄ ကုန်းမှ စဥ့်ချပ်ရုပ်ကြွအကျိုးအပဲ့အချို့ ကို တွေ့ရသော်လည်း စဥ့်အိုး စဥ့်ပန်းကန်စသည် တစ်စုံတစ်ရာမတွေ့ခဲ့ပေ။

အမှတ် ၇ ကုန်းမှ အိုးကိုယ်ထည် အချင်း ၈ လက်မ၊ အမြင့် ၆ လက်မ အရွယ်ရှိ ရေတကောင်း ငါးလုံးနှင့် မြူအိုးငယ်တစ်လုံးကို တူးဖော်ရရှိခဲ့သည်။ တွေ့ရှိသော အိုးများမှာ အသုံးပြုပြီး မလိုတော့၍ တွင်းထဲသို့လွှင့်ပစ်ထားရှိခဲ့ဟန်တူကြောင်း တူးဖော်တွေ့ရှိသော အိုးများ၏ အနေအထားကို ထောက်ချင့်၍ သိရသည်။ ရေတကောင်းများမှာ နှုတ်ခမ်းဝခပ်ကျဉ်းကျဉ်းဖြစ်ပြီး အလားတူ အမျိုးအစားများကို ပခုက္ကူ ခရိုင် ပုခန်းကြီးမြို့အနီးရှိ မြောက်ပြင်ရွာမှလည်းကောင်း၊ မြင်းမူမြို့အနီးရှိ အာလကပ္ပရွာမှလည်းကောင်း ယခုထက်တိုင် ထုတ်လုပ်လျက်ရှိသေးကြောင်း လေ့လာသိရှိရသည်။ ( ဓာတ်ပုံ ၁၀ က နှင့်ခ ရှု )


အထက်ဖော်ပြပါ အမျိုးအစားအပြင် အမြင့် လေးလက်မအရွယ်ရှိ အကောင်းပကတိမျှ အခြေအနေရှိသော ရေတကောင်း ခြောက်ခုနှင့် လည်တိုင်နှင့်နှုတ်သီးပါ ရေသွန်းကရား သုံးလုံးကိုလည်း အမှတ် ၃၀ နှင့် ၈ ကုန်းမှ ဖော်ထုတ်ရရှိခဲ့ပါသည်။ ရေတကောင်းကိုယ်ထည်အချို့ နှင့် အိုးခြမ်းကွဲ အမြောက်အမြားကို ရရှိခဲ့သော်လည်း ကွဲပြားခြားနားသည်တို့ကိုသာ ရွေးချယ်စိစစ်ရယူခဲ့၏။ ဤကုန်းမှပင် ပေါင်းချောင်အိုးကွဲ၊ မြေအင်တုံငယ်၊ ရေချမ်းအိုး၊ နှုတ်ခမ်းကွဲမြူအိုးငယ်၊ မြေကလပ်စသည့် မြေထည်ပစ္စည်းမျိုးစုံကို ရရှိခဲ့၏။

တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ အခြယ်အလှယ်ပါ အိုးခြမ်းကွဲအချို့ ကို စုဆောင်းရရှိခဲ့၏။ အမှတ် ၄ ကုန်းကို တူးဖော်ရာမှ စိန်ထောင်ပန်းပုံစံ၊ ပန်းဖော်စက်ဝိုင်းပုံစံ၊ မှန်ကူကွက်ပုံစံ၊ အခြယ်အလှယ်ပါ အိုးခြမ်းကွဲငယ်အချို့ ကို စုဆောင်းရရှိခဲ့သည်။ ( ဆွဲပုံ ၁၀ က နှင့် ခ ရှု )၊ ၎င်းကုန်းမှပင် ဆင်ပေါ်တွင်လူစီးလျက် ရုပ်ပုံငယ်များဖြင့် ခြယ်လှယ်သွန်းခတ်ထားသော အိုးခြမ်းကွဲငယ်တစ်ခုကိုလည်း ဖော်ထုတ်ရရှိခဲ့၏။ ( ဓာတ်ပုံ ၉ က ရှု ) အမှတ် ၆၊ ၇ နှင့် ၁၀ ကုန်းတို့မှ အိုးလက်ပုံ၊ မှန်ကူကွက်ပုံ၊ ပန်းပွင့်နှင့် စိန်ထောင့်ပန်းပုံ၊ စကျဲဝန်းတွင် ကြက်ခြေခတ် ပုံသဏ္ဌာန်နှင့် ဗိန္ဒုပြောက်ငယ်များပုံ၊ ယပ်တောင်ပုံ၊ လှိုင်းတွန့်ပုံ၊ ခရုသင်းပုံ၊ ဟင်္သာပုံ၊ စက်ဝန်းပုံနှင့် ကြိုးကြာလည်ပြန် သဏ္ဌာန်ပုံငယ်တို့ဖြင့် ခတ်နှိပ်ထားသော အိုးခြမ်းကွဲ မျိုးစုံကို စုဆောင်းရရှိခဲ့သည်။ ( ဓာတ်ပုံ ၉ ခ ရှု )၊ ခရုသင်းနှင့် ဟင်္သာပုံပါ အိုးခြမ်းကွဲငယ်မှာ မြေနီရောင်အစင်းများဖြင့် ခြယ်လှယ်သုတ်လိမ်းထားကြောင်း တွေ့ရသည်။ ရှေးခေတ် အိုးလုပ်ငန်းတွင် မြေနီမြေနက်ခြယ်လှယ် ထုတ်လုပ်ခြင်းမှာ မြင့်မားသော ယဉ်ကျေးမှုအသွင်ကို ဆောင်သည့် အိုးထုတ်လုပ်မှု လုပ်ငန်းတစ်ရပ်ပင် ဖြစ်ပေသည်။


အိုးခြမ်းပဲ့ပေါ်၌ ခတ်နှိပ်ထားသော ရုပ်ပုံများမှာ အဆင်တန်ဆာသက်သက်အတွက်သာ မဟုတ်မူဘဲ ရည်ရွယ်ချက်တစ်ခုခုဖြင့် ခတ်နှိပ်ပြုလုပ်ထားရှိခဲ့ကြောင်း သိရ၏။ ဗိဿနိုး၊ သီရိခေတ္တရာ၊ ဟန်လင်းကြီးစသော ရှေးမြို့ဟောင်းတို့ကို တူးဖော်ရာမှ တွေ့ရှိခဲ့သော သီရိဝစ္ဆ၊ ငါးကြင်းနှစ်ကောင်နှင့် ကြာပန်းပုံ



ဓာတ်ပုံ ၁၃ ( က )။ ။ သံမြားသွားများ



ဓာတ်ပုံ ၁၃ ( ခ )။ ။ သံမြားသွားများ



ဓာတ်ပုံ ၁၄ ( က )။ ။ အမှတ် ( ၅ )



ဓာတ်ပုံ ၁၄ ( ခ )။ ။ အမှတ် ( ၅ )

စသည့် အခြယ်အလှယ်ပါ အိုးခြမ်းပဲ့တို့မှာ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး စီးပွားလာဘ်လာဘ တိုးတက်ကြီးပွားရေးအတွက် ရည်ရွယ်ချက်ဖြင့် အတိတ်နိမိတ်ယူကာ ခတ်နှိပ်ပြုလုပ်ခဲ့ကြောင်း သိရပေ သည်။ ယခု တကောင်းနှင့် အညာပုဂံမြို့ဟောင်းမှတွေ့သော အိုးခြမ်းကွဲတစ်ခုတွင် ခရုသင်းပုံ၊ ကြာညိုပန်း ပုံနှင့် စိန်ထောင်ပန်းပုံအစရှိသည်တို့ကို ခတ်နှိပ်ထားခြင်းမှာလည်း ကျက်သရေမင်္ဂလာ အမှတ်လက္ခဏာဖြင့် ခတ်နှိပ်ထားရှိခဲ့ဟန် တူပေသည်။ ဟင်္သာပုံ၊ စက်ဝန်းပုံ၊ ကြိုးကြာလည်ပြန်ပုံ အစရှိသည်တို့မှာကား အလှ အပ အခြယ်အလှယ်အတွက် သက်သက်ရည်ရွယ်ခတ်နှိပ်ထားရှိခဲ့ဟန် တူပေသည်။ ( ဆွဲပုံ ၁၁ က နှင့် ခ ရှု )

တူးဖော်တွေ့ရှိသော အိုးအင်ခွက်ယောက်များ၏ တစ်စုစီ အသေးစိတ်အကြောင်းအရာကို ဤအခန်း တွင် မဖော်ပြတော့ပါ။ စုဆောင်းရရှိခဲ့သော အိုးအင်ခွက်ယောက်တို့၏ အမျိုးအစားပေါင်းမှာ တစ်ဘက်ပါ အတိုင်း ဖြစ်သည်။

| | | |
|---|---|---|
| ( ၁ ) | ရေတည်အိုး အကြီးအသေး | ၁၉ မျိုး |
| ( ၂ ) | အိမ်တွင်းသုံးအိုးအင်ခွက်ယောက် ချက်အိုးပြုတ်အိုး ( စလောင်းဖုံးစသည် ) | ၁၄ မျိုး |
| ( ၃ ) | ရေတကောင်း | ၁၁ မျိုး |
| ( ၄ ) | ရေသွန်းကရား | ၃ မျိုး |
| ( ၅ ) | အပိတ် | ၁ မျိုး |
| ( ၆ ) | ဆေးဝါးရေအိုး | ၁ မျိုး |
| ( ၇ ) | ဆီမီးခွက် | ၁ မျိုး |

စုစုပေါင်း အမျိုး ၅၀ မျှ စုဆောင်း မှတ်တမ်းတင် ထားရှိနိုင်ခဲ့ပါသည်။

**ပုတီးနှင့် ဆွဲပြားများ။** ။ တကောင်းတူးဖော်မှုလုပ်ငန်းမှ ယခုနှစ်အတွင်း မြေမီးဖုတ်ပုတီးစေ့ပေါင်း ၁၂၀ ခန့်မျှ ရခဲ့သည်။ မြေပုတီးစေ့များကို တူးဖော်မှုကုန်းတိုင်းမှလိုပင်ဖော်ထုတ်ရရှိခဲ့ပြီး အမှတ် ၁၀- ကုန်းမှ ၄၇ လုံးမျှရရှိသဖြင့် ပုတီးစေ့အများဆုံးရရှိသောကုန်းဟုပင် ဆိုရချေမည်။ ပုတီးစေ့များမှာ အချို့ သည် လက်ဖြင့်လုံးထားခြင်းဖြစ်ပြီး အချို့မှာ အရစ်ဖော်ခြင်းနှင့် ချောမွေ့သောလက်ရာတို့ကို ထောက်ဆ၍ လက်လှည့်ကိရိယာ တစ်ခုခုဖြင့် တီထွင်ပြုလုပ်ခဲ့ကြောင်း သိရ၏။ ပုတီးစေ့များပြုလုပ်ရာတွင် ရွှံ့စေးကို ကောင်းစွာမီးဖုတ်လုပ်ထားသောကြောင့် မာကျစ်နေသည်ကို တွေ့ရသည်။ လုံးပတ် နှစ်လက်မခွဲအရွယ် ပုတီးစေ့အသေးစားမှသည် လုံးပတ် ငါးလက်မအရွယ် အကြီးစားမြေပုတီးစေ့အထိ ပုံစံအမျိုးမျိုး ထုတ်လုပ် ကြောင်း တွေ့ရသည်။ ပုတီးစေ့ဟူ၍သာဆိုရသော်လည်း အချို့မှာစည်ပုံသဏ္ဌာန် ရှည်မျောမျောပုံရှိကြ၏။ ထိုမြေပုတီးစေ့ပုံစံများကို အသေးစိတ်အားဖြင့် အောက်ပါအတိုင်း ခွဲခြားနိုင်ပေသည်။

( ၁ ) ဆီးသီးခန့်အရွယ်မျှရှိပြီး လက်ဖြင့်မသေမသပ် လုံးထားသည့်ပုံစံ
( ၂ ) လက်ဖွဲ့သဏ္ဌာန် ရှည်မျောမျောပုံစံ
( ၃ ) စက်ဖြင့်ပြုလုပ်ထားသည့် တစ်ဘက်ချွန်းတစ်ဖက်ချောမွေ့စေပုံစံ
( ၄ ) အထက်ပါအတိုင်း စက်ဖြင့်ပြုလုပ်ထားပြီး ဆိပ်မြို့တွင် အရစ်ဖော် ပုတီးလုံးပုံစံ
( ၅ ) ကြာဖပ်၊ ကြာယပ်ပုံဖော်ထားသည့် တစ်ဖက်ခုံး၊ တစ်ဖက်မောင်း ပုတီးကြိုးရုံ၊
( ၆ ) ရင်းမုံ ကြာဖတ်မပါ ရိုးရိုးပုံစံ

( ၇ ) တစ်ဘက်ပြား တစ်ဘက်ခုံး ရိုးရိုးပုံစံ
( ၈ ) တစ်ဘက်ပြား တစ်ဘက်ခုံး၏ အရစ်ဖော်ပုံစံ
( ၉ ) မြင်းဖောင်းနှင့်တူသော ပုတီးလုံးကြီး ( ဓာတ်ပုံ ၁၁ က နှင့် ဆွဲပုံ ၁၂ က ရှု )

မြေပုတီးစေ့နှင့် ဆွဲပြားငယ်များအပြင် စိပ်ပုတီးစေ့အရွယ်ရှိ ယင်းပုတီးစေ့ငယ်တစ်လုံးကို အမှတ် ၅-ကုန်းမှ လည်းကောင်း၊ ကော်ပုတီးစေ့ငယ် အဝါရောင်တစ်လုံးကို အမှတ် ၁၂-ကုန်းမှ လည်းကောင်း တူးဖော်ရရှိခဲ့၏။ ယခင်နှစ် တူးဖော်ဆောင်ရွက်စဉ်ကလည်း အမှတ် ၁ ကုန်းမှ အလားတူ အဝါရောင် ကော်ပုတီးစေ့ တစ်လုံးနှင့် မြေပုတီးစေ့ နှစ်လုံး၊ အမှတ် ၂ ကုန်းမှ ၂၇ လုံး၊ အမှတ် ၃ ကုန်းမှ ၁၈ လုံးနှင့် အမှတ် ၄ ကုန်းမှ ၁၁ လုံးမျှဖြစ်ပြီး စုစုပေါင်း ၁၂၈ လုံး စုဆောင်းရရှိခဲ့ပါသည်။ ပုတီးအမျိုးအစားနှင့် ပုံစံများမှာ အထက်ဖော်ပြပါအတိုင်းပင် ဖြစ်ပေသည်။

## မြေထည်ပစ္စည်းများ

တကောင်းတူးဖော်မှုလုပ်ငန်းမှ တွေ့ရသောပစ္စည်းများအနက် မြေအိုးမြေခွက်များမှလွဲ၍ အခြား စိတ်ဝင်စားဖွယ်ရာကောင်းသော ဝတ္ထုပစ္စည်းများမှာ မြေမီးဖုတ် အုတ်ခွက်ဆင်းတုများပင် ဖြစ်ပေသည်။ တကောင်းမြို့ဟောင်းမှ ဒုတိယကမ္ဘာစစ်မတိုင်မီနှင့် ဒုတိယကမ္ဘာစစ်ပြီးခေတ်တွင် မြေပေါ်မှသာ အုတ်ခွက် ဆင်းတုတော်အချို့ကို စုဆောင်းရရှိခဲ့ပြီး ယခုကဲ့သို့ စနစ်တကျတူးဖော်မရရှိခဲ့သေးပါ။ တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ တွေ့ရှိသော အုတ်ခွက်ဆင်းတုတော်များမှာ လေးမျိုးမျှ ပါဝင်ပြီး အသေးစိတ် လေ့လာတွေ့ရှိချက်တို့ကို အောက်တွင် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

( ၁ ) အမှတ် ၄ ကုန်း တူးဖော်ရာ ယခင်နှစ်က တွေ့ရှိခဲ့သော အုတ်ခွက်အမျိုးအစားဖြစ်သည့် ဆီမီးခွက်ပုံသဏ္ဍာန် အချင်း နှစ်လက်မ၊ ဒု လက်မဝက်ခန့်အရွယ်ရှိအုတ်ခွက်ဆင်းတုငယ်တစ်ဆူကို စုဆောင်း ရရှိခဲ့၏။ ( ဓာတ်ပုံ ၂ က ရှု )။ ထိုဆင်းတုငယ်မှာ ရိုးရိုးပလ္လင်ပေါ်တွင် ခြေနှစ်ဘက်ထပ်လျက် လက်တော် မှာ ဘယ်တင် ညာချ " ဘူမိဖုသနမုဒြ "ပင် ဖြစ်၏။ နံဘေးတစ်ဘက်တစ်ချက်ရှိ ထူပါငယ်များနှင့် ဗောဓိ ညောင်ရွက်ပုံများမှာ ရာသီဥတုနှင့် နှစ်ပရိစ္ဆေဒကြာညောင်းမှုကြောင့် ပျက်စီးခဲ့သဖြင့် မထင်မရှားရှိချေ ၏။ အုတ်ခွက်ဘုရားငယ်၏ ဘောင်မှာ မညီမျှဘဲ တစ်ဘက်ထူ တစ်ဘက်ပါးဖြစ်လေသည်။ တကောင်းမြို့ မှပင် အလားတူအုတ်ခွက်ငယ်အမျိုးအစားကို ဤဌာနခွဲမှ ၁၉၆၀ မေလအတွင်းက ကွင်းဆင်းလေ့လာရင်း စုဆောင်းရရှိခဲ့ပြီးဖြစ်၏။ ဤအုတ်ခွက်အမျိုးအစားမှာ အေဒီ ၁၁ ရာစုထက် စောမည်ဟု မထင်ရဘဲ ၎င်းထက်ပင် နောက်ကျဖွယ်ရာ ရှိချေသည်။

( ၂ ) အလျားခြောက်လက်မခွဲ၊ အနံ လေးလက်မ၊ ဒု နှစ်လက်မအရွယ်ရှိသော ဗောဓိကျောင်း ဆောင်အောက် ကြာပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသည့် " ဘူမိဖုသနမုဒြ " ဆင်းတုငယ် တစ်ဆူနှင့် ထူပစေတီငယ်များ ရံလျက်ရှိသော အုတ်ခွက်ဆင်းတု အမျိုးအစား ဆယ်ဆူမျှကို အမှတ် ၆ ကုန်းမှလည်းကောင်း အလားတူ ဆင်းတုငယ် အမျိုးအစားတစ်ဆူကို အမှတ် ၁ ကုန်းမှ လည်းကောင်း တူးဖော်ရရှိခဲ့၏။ ( ဓာတ်ပုံ ၂ ခ - ရှု )။ ဆင်းတုငယ်များမှာ အကောင်းပကတိ ရရှိသည် နည်းပါးပြီး


---

* မြ၊ ( ရှေးဟောင်းအုတ်ခွက်၊ ပ ) ၅၀၊ ပုံ ၆၇။



ဓာတ်ပုံ ၁၅ ( က )။ ။ အမှတ် ( ၅ ) ကုန်း တူးဖော်ဆဲပုံ

SITE TG 5: ELEVATION OF EXPOSED STRUCTURE
SOUTH EAST CORNER




ဆွဲပုံ ၆။ ။အမှတ် ( ၅ ) ကုန်း မြို့ရိုးဟောင်းအုတ်ရိုးပုံ

အကျိုးအပဲ့ အပျက်အစီးများသာ ဖြစ်ချေသည်။ အုတ်ခွက်ဆင်းတုတော်၏ ကြာပလ္လင်အောက်တွင် ဒေဝနာဂရီ အက္ခရာနှင့် စာသုံးကြောင်းမျှ ခတ်နှိပ်ထားကြောင်း တွေ့ရသည်။ အက္ခရာတို့မှာ မှေးမှိန်လျက်ရှိနေသော်လည်း အမျိုးတူအုတ်ခွက်တို့ကို စုပေါင်းနှိုင်းယှဉ်၍ ဖတ်ရှုလေ့လာသော် ထိုအက္ခရာစာတမ်း၏အဓိပ္ပာယ်မှာ " ယေဓမ္မာဟေတုပြဘာဝါ " အစချီသော ရှင်အဿဇိမထေရ်အား ဗုဒ္ဓမြတ်စွာဘုရားသခင် ဟောကြားတော်မူသည့် ပဋိစ္စသမုပ္ပာဒ် တရားတော်၏ ဂါထာကလေး အကျဉ်းချုပ်ပင်ဖြစ်၏။ ထိုအက္ခရာ အရေးအသားတို့မှာ ခရစ်နှစ် ၁၀ ရာစုနှင့် ၁၁ ရာစုနှစ်များအတွင်း အိန္ဒိယပြည်မြောက်ပိုင်းသုံး အက္ခရာများဖြစ်ကြောင်း သိရသည်။ *

( ၃ )   အမှတ် ၆ ကုန်းကို တူးဖော်ရာမှ အလျားခုနစ်လက်မ၊ အနံငါးလက်မခွဲ၊ ဒု တစ်လက်မခွဲ အရွယ်ရှိ ဆင်းတုတော်သုံးဆူတွဲလျက် အလယ်တွင် တင်ပျဉ်ခွေကိုယ်တော်တစ်ဆူနှင့် ဘေးတစ်ဘက်တစ်ချက်တွင် မတ်ရပ်ကိုယ်တော်တစ်ဆူကျစီ ပေါင်းသုံးဆူပါသော အုတ်ခွက်အမျိုးအစား ဆင်းတုတော် အကျိုးအပဲ့ ဆယ့်လေးဆူမျှကို စုဆောင်းရရှိခဲ့၏၊ ( ဓာတ်ပုံ ၃ က ရှု )။ အထက်ဖော်ပြပါ ဆင်းတုတော်သုံးဆူတွဲအနက် အလယ်ဆင်းတုတော်သည် ဘေးတစ်ဘက်တစ်ချက်ရှိ မတ်ရပ်ဆင်းတုတော် နှစ်ဆူထက် အနည်းငယ်ကြီးမားကြောင်း တွေ့ရပြီး ဗောဓိကျောင်းဆောင်အောက်ရှိ ကြာပလ္လင်နှင့် ပြော့ပလ္လင် နှစ်ထပ်ထက်၌ တင်ပျဉ်ခွေထိုင်နေတော်မူဟန် ဖြစ်၏။ အဆိုပါ အလယ်ဆင်းတုတော်၏ ကျောင်းဆောင်အထက်တွင် မဟာဗောဓိပုံ ကွမ်းထောင်စေတီငယ် တည်ရှိပြီး ၎င်းအထက်တွင် ဖရုံသီးသဏ္ဌာန် " ထုပိကာ " ဗိတာထီးဖြင့် ခြယ်လှယ် မွမ်းမံထားကြောင်း တွေ့ရသည်။ ထိုမဟာဗောဓိစေတီပုံ ကျောင်းဆောင်၏ ဘေးတစ်ဘက်တစ်ချက်၌လည်း ထုပစေတီကြီးငယ်များနှင့် မဟာဗောဓိညောင်ရွက်များဖြင့် ခြံရံသွင်းခတ်ထားကြောင်း တွေ့ရသည်။ အလယ်ရှိ ဆင်းတုတော်မှာ အတိုးအဆုတ် ဖောင်းရစ်တို့ဖြင့်ခြယ်လှယ်ထားသည့် ပြော့ပလ္လင်ရိုးရိုး၏ အထက်ကြာပလ္လင်ပေါ်တွင် ဘယ်တင်ညာချ " ဘူမိဖုသနမုဒြာ "ဖြင့် တည်ရှိ၏။ ကေသီသကိန်းတော်မှာ ဘယ်ဘက်ပုခုံးထက်၌ စံပယ်တင်လျက် ရေးရေးမျှသာ မြင်ရ၏။ မျက်နှာတော်မှာ မေးရိုးကားကား လေးထောင့်နီးပါးမျှဖြစ်ပြီး နားရွက်တော်တို့မှာလည်း ရှည်လျားကြီးမားလှ၏။ မကိုဋ်တော်၌ ဆံတော်ပုံမှာ ဗိန္ဒုလုံးကလေးများသဏ္ဌာန်ရှိ၏။

နံဘေးတစ်ဘက်တစ်ချက်ရှိ မတ်ရပ်တော်တို့မှာ နောက်ခံတံကဲနှင့် ကြာပလ္လင်ထက်တွင် ရပ်တော်မူလျက်ရှိကြ၏။ အလယ်ရှိ ထိုင်တော်မူဆင်းတုတော်၏ လက်ယာဘက်ရှိ ရပ်တော်မူသည် လက်ဝဲလက်ကို ရင်မှာအပ်၊ လက်တော်ကိုမှောက်လျက် " မဟာကာရုဏိကမုဒြာ "ဖြင့် ထားရှိသည်ကို ဖူးတွေ့နိုင်၏။ လက်ယာဘက် လက်တော်မှာ အောက်ပိုင်းသို့ဆန့်တန်းလျက် တွဲလဲချပြီးလျှင် " ဝရဒမုဒြာ " ခေါ်လက်ကို ဖြန့်လျက်ထားရှိ၏။ လက်ဝဲဘက်ရှိ မတ်ရပ်ဆင်းတုတော်မှာလည်း လက်ယာဘက်ရှိ မတ်ရပ်ဆင်းတုတော်ကဲ့သို့ ကြာပလ္လင်ထက်တွင် ရပ်တော်မူလျက် မုခ်တံကဲဖြင့်တည်ရှိ၏။ လက်ယာဘက်လက်ကို ရင်မှာအပ်လျက် " အဘယမုဒြာ " ခေါ် လက်ဝါးတော်ကို ဖြန့်ကာထားရှိဟန်ဖြစ်၏။ လက်ဝဲလက်တော်မှာ တွဲလဲချပြီး သင်္ကန်းတော်စများကို ဆုပ်ကိုင်ထားရှိဟန်ပင် ဖြစ်ပေသည်။ ထိုမတ်ရပ်တော်နှစ်ဆူမှာ သာဝတ္ထိပြည်အနီး ကဏ္ဍသရက်ဖြူပင်ရင်း၌ ဗုဒ္ဓမြတ်စွာဘုရားသခင်သည် တိတ္ထိအပေါင်းတို့အား " ယမက ပြာဋိဟာ " ပြတော်မူသော အခန်းဖြစ်သည်ဟု ယူဆရ၏။

---

* မြ၊ ( ရှေးဟောင်း အုတ်ခွက် ပ ) ၅၀၊ ပုံ ၆၅။

အထက်ဖော်ပြပါ ဆင်းတုတော်များ၏ အောက်ဘက်တွင် နာဂရီအက္ခရာဖြင့် စာနှစ်ကြောင်းပါရှိရာ ထိုစာတမ်းများမှာ အခြားမဟုတ် သင်္ကြိုဋ်၊ ပါဠိမိဿက ဘာသာဖြင့် အောက်ပါအတိုင်း ရေးသွင်းခတ်နှိပ်ထားရှိကြောင်း တွေ့ရသည်။ ၎င်းတို့မှာ.....

( ၁ ) ယေဓမာ ဟေတုပြဘဝါတေသာ ဟေတုတထာဂတောအဝ

( ၂ ) ဓတေသာစ ယောနိ ရောဓဧဝံဝါဒီ မဟာဂမဏ

အစရှိသောဂါထာဖြင့် ရှင်အဿဇိမထေရ်က ရှင်သာရိပုတ္တရာမထေရ်မြတ်အား ဗုဒ္ဓမြတ်စွာဘုရားသခင် ဟောကြားတော်မူသော တရားတော်ကို ပြန်လည်ဟောကြားချက် အကျဉ်းချုပ် ဂါထာပင်ရှိ၏။ အဆိုပါ နာဂရီစာတန်းရှိ စာလုံးအက္ခရာတို့၏ ပုံသဏ္ဌာန်မှာ ပုဂံအနော်ရထာမင်းခေတ်က အက္ခရာစာလုံးတို့နှင့် ကွဲပြားခြားနားခြင်း မတွေ့ရပေ။ သို့ဖြစ်၍ ထိုအုတ်ခွက် အမျိုးအစားမှာ အေဒီ ၁၀ ရာစုနှင့် ၁၁ ရာစုနှစ်များအတွင်းက ထွင်းထုကိုးကွယ်ပြုလုပ်ခဲ့သော အုတ်ခွက်မျိုးပင် ဖြစ်တန်ရာသည်။ *

( ၄ ) အမှတ် ၆ ကုန်းမှပင် အလျား ၄ လက်မ၊ အနံ ၃ လက်မခွဲ၊ ဒု $\frac{၄}{၅}$ လက်မအရွယ်ရှိ ပြော့ပလ္လင်ထက် ကြာပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော်တစ်ဆူပါရှိသည့် အုတ်ခွက်အမျိုးအစား ဆင်းတုငယ်တစ်ဆူကို ရှားရှားပါးပါး တူးဖော်ရရှိခဲ့၏။ ( ဓာတ်ပုံ ၃ ခ ၅ )


ဆင်းတုတော်ပုံမှာ " ဘူမိဖုသနမုဒြ "ဖြစ်ပြီး ကွမ်းထောင်ပေါက် ကျောင်းဆောင်ငယ်အတွင်း၌ စံပယ်တော်မူလျက်ရှိ၏။ ကျောင်းဆောင် တစ်ဘက်တစ်ချက် ဘေးပတ်လည်၌ ထုပါစေတီငယ်ကလေးများနှင့် ဗောဓိညောင်ရွက် အခက်အလက်များဖြင့် ဝန်းရံလျက်ရှိ၏။ အုတ်ခွက်ပေါင် အနီးပတ်လည်၌လည်း ဇိနရုပ်ကလေးများဖြင့် စီချယ်ထားရှိသည်ကို တွေ့ရသည်။ ပလ္လင်အောက်တွင် နာဂရီအက္ခရာဖြင့် စာတစ်ကြောင်းပါရှိရာ အဆိုပါစာတန်း မြန်မာပြန် မှာ " မဟာဂြိမဒ္ဒဖြာဘရဏဒေဝဿ ( တေးရုံ ) " ဟူ၍ဖြစ်၏။ အဓိပ္ပာယ်မှာ ဤအုတ်ခွက်သည် မဟာဂြိမဒ်ဗဖြာဘရဏဒေဝ မင်းကြီး၏ ကောင်းမှုတော်ပင် ဖြစ်၏ဟု ဆိုလိုခြင်းပင် ဖြစ်ပေသည်။ ထို " ဂြိဗဖြာဘရဏ " မင်းသည်ကား အခြားမဟုတ်၊ အရိမဒ္ဒနပူရတိုင်းကို အစိုးရတော်မူခဲ့သော စောလူးမင်းပင် ဖြစ်သည်ဟု ယူဆရာသည်။ **

အမှတ် ၆ ကုန်းမှပင် အလျား ၈ လက်မ၊ အနံ ၄ $\frac{၁}{၄}$ လက်မ၊ ဒု ၃ လက်မခွဲ အရွယ်ရှိ မြေမီးဖုတ်တင်ပျဉ်ခွေဆင်းတုတစ်ဆူ၏ ဗယ်ဘက်ပေါင်၊ ညာခြေဖဝါးနှင့် ဗယ်ဘက်လက်ဖဝါးနှင့် လက်ချောင်းကလေးများ ပါဝင်သော ဆင်းတုအကျိုးအပဲ့ အစိတ်အပိုင်းတစ်ခုကို တူးဖော်ရရှိခဲ့၏။ မြေမီးဖုတ်ဆင်းတု အမျိုးအစားမှာ ရှားပါးသော ရှေးဟောင်းဆင်းတုလက်ရာတစ်ဆူပင် ဖြစ်ပေသည်။ ပုဂံမြို့ရှိ နဂါးရုံဘုရား၊ မင်းအိုချမ်းသာနှင့် အာနန္ဒာလိုဏ်ဂူတော်ကြီးများရှိ " ပန်းတမော့ " ကျောက်ဆစ်လက်ရာ ဆင်းတုတော်များ၏ ပုံပန်းသဏ္ဌာန်နှင့် တစ်ထေရာတည်းတူညီသည့် မြေမီးဖုတ် ဆင်းတုတော်များ၏ ဦးခေါင်းတော်ကျိုးအချို့ကို တကောင်း ရွှေစည်းခုံဘုရားကြီးအနီးမှ စုဆောင်းရရှိခဲ့ဖူးရာ ဤဆင်းတုတော်တစ်စိတ်တစ်ပိုင်း၏ ဦးခေါင်းပိုင်းမှာလည်း အလားတူ ဆင်းတုအမျိုးအစားပင် ဖြစ်တန်ရာသည်ဟု ခန့်မှန်းရပါသည်။ ဤဆင်းတုတော်လက်ရာတို့၏ ပုံပန်းသဏ္ဌာန်ကို ထောက်ချင့် တွေးဆသော် ပုဂံခေတ် စောစောပိုင်းဆိုင်ရာ အေဒီ ၁၁ ရာစုနှစ်အတွင်းက ထုလုပ်ကိုးကွယ်ခဲ့သော ရုပ်တုဆင်းတုများပင် ဖြစ်ကြောင်း ယုံမှားဖွယ်ရာ မရှိချေ။

---

* ၎င်း၊ ၄၉၊ ပုံ ၆၃ - ၆၄။

** ၎င်း၊ ၂၇ - ၂၈၊ ပုံ ၃၈။




၇ ။ ။ အမှတ် ( ၆ ) ကုန်းမြစ်ဆွဲပြထားပုံ

အုတ်ခွက် ဘုရားဆင်းတုများမှအပ အခြားစိတ်ဝင်စားဖွယ်ရာကောင်းသော အရာမှာ အမှတ် ၄ ကုန်း တူးဖော်ရာမှ ရရှိသည့် မြေမီးဖုတ် စဥ့်စိမ်းသုတ်ရုပ်ကြွ နှစ်ပိုင်းကျိုးတစ်ခုပင် ဖြစ်သည်။ ၎င်းရုပ်ကြွမှာ အလျား ခုနစ် လက်မ ခွဲ၊ အနံ ခြောက်လက်မ၊ ဒု လက်မဝက် အရွယ်မျှရှိပြီး အမျိုးသမီးနှစ်ဦး၏ မတ်ရပ်နေပုံဟု ယူဆရ၏။ ၎င်းတို့၏ နံဘေး တစ်ဖက်တစ်ချက်တွင်ကား ပန်းခက်ပန်းနွယ်များဖြင့် ခြံရံခြယ်သထားကြောင်း တွေ့ရသည်၊ ( ဓာတ်ပုံ ၆ ခ ရှု။ )။ ယခင်နှစ်ကလည်း ထိုကုန်းမှပင် အလားတူ စဥ့်စိမ်းရည်သုတ် ရုပ်ကြွအကျိုးအပဲ့ လေးခုကို တွေ့ရသည်။ ၎င်းစဥ့်ခွက်တွင် အဓိပ္ပာယ် ပြည့်စုံစွာ ဖတ်ရှုမရသော ပုဂံခေတ်လက်ရေး စာလုံးများ ပါရှိသည့် ကမ္ပည်းစာ တစ်လုံးနှစ်လုံးပါရှိ၏။

အမှတ် ၁ ကုန်းကို တူးဖော်ရာမှ မြေတံဆိပ်တုံး တစ်ခုကို မြေလွှာ ၄ မှ ရရှိသည်။ ထိုတံဆိပ်တုံးမှာ အဝိုင်းဖြစ်ပြီး အောက်ကားအထက်ချွန်းကတော့ပုံစံရှိသည်။ အထက်ပိုင်းတွင် အနည်းငယ်ပဲ့နေ၏။ ကြွင်းကျန်ရစ်သမျှ အမြင့်မှာ ၁ ၃/၁၀ လက်မ ရှိ၏။ အောက်ခြေအချင်းမှာ ၁ ၃/၅ လက်မ ရှိသည်။ တံဆိပ်တုံး၏ မျက်နှာဘက်တွင် လေးထောင့်ကွက်ချထားသည်ကို တွေ့ရသည်။ ထိုလေးထောင့်ကွက် အပြင်ဘက်နှုတ်ခမ်းပတ်လည်၌ ကနုတ်ပန်းများ ဖော်ထားသည်။ လေးထောင့်ကွက်အတွင်း၌ စာကြောင်းသုံးကြောင်းပါသည်။ စာလုံးများမှာ အလွန်မှေးမှိန်နေသည်။ သို့သော် ကြိုးစားဖတ်လျှင် အောက်ပါအတိုင်း တွေ့ရသည်။

+ ကြိငါ
ကြယ်သင်
တန်ဆိ ( ပ် ) ဟူ၍ ဖြစ်ပြီး အားလုံးခြုံ၍ လေ့လာလျှင် စာသားမှာ " ( သင် ) ကြိငါကြယ်သင်တန်ဆိပ် " ဟူ၍ ဖြစ်တန်ရာချေသည်။ စာလုံး အနေအထားမှာ ပုဂံခေတ် မန်ကျည်းစေ့စာလုံးများပင်ဖြစ်ကြောင်း တွေ့ရသည်။ ( ဆွဲပုံ ၅ ရှု ။ )

အမှတ် ၂ နှင့် အမှတ် ၄ ကုန်းတို့မှလည်း မြေမီးဖုတ်ပြုလုပ်ထားသော ခရုပတ်ခွေ တစ်ခုကျစီကို တူးဖော်ရရှိ၏။ ထိုခရုပတ်ခွေများသည် ပုဂံ၌တွေ့ရတတ်သော နှစ်ဘက်ချွန်တစ်ဘက်၌ အရစ်ဖော်ထားသည့် ခရုပတ်ခွေ အမျိုးအစားပင်ဖြစ်ပြီး အရှည်နှစ်လက်မခန့်မျှ ရှိသည်။

အမှတ် ၄ ကုန်းနှင့် အမှတ် ၆ ကုန်းကို တူးဖော်ရာမှ အုတ်ကြွပ်ပြား အများအပြားကို တွေ့ရှိရပြီး အကောင်းပကတိ တွေ့ရသည်မှာ နည်းပါးလှ၏။ အုတ်ကြွပ်အရွယ်အစားမှာ အကြီးဆုံး အလျား ၁၃ လက်မ အနံ ၄ လက်မခွဲနှင့် ဒု ၃/၄ လက်မမျှရှိကြောင်း တွေ့ရသည်။ ယခင်နှစ်က အမှတ် ၄ ကုန်း တူးဖော်ရာမှ ရှေးခေတ်မြန်မာစာများဖြင့် ရေးထိုးထားသော အုတ်ကြွပ်ကွဲ အစအန ငါးခုမျှကို တွေ့ရှိကြောင်းသိရ၏။ ထိုအုတ်ကြွပ်များပေါ်ရှိ အက္ခရာတို့ကို ဖတ်ရှုရသမျှမှာ " ကို ၊ ၏ ၊ ဟူ ၊ ဟု " စသည်တို့ဖြစ်ပြီး ပြည့်စုံသော အဓိပ္ပာယ်ကို မဆောင်ကြပေ။ ( ဓာတ်ပုံ ၆ က ရှု )

အမှတ် ၄ ကုန်းနှင့် အမှတ် ၇ ကုန်းတို့ကို တူးဖော်ရာမှ အိုးပြုလုပ်ရာတွင် ခတ်နှိပ် အခြယ်အလှယ် ပြုလုပ်သည့် မြေမီးဖုတ်အိုးခတ် တံဆိပ်ငယ် တစ်ခုကျစီကို စုဆောင်းရရှိခဲ့၏။ ပျမ်းမျှအလျား တစ်လက်မခွဲ၊ အနံ တစ်လက်မ နှင့် ဒု တစ်လက်မခွဲ အရွယ်မျှရှိ၏။ တစ်ခုမှာ ငှက်ရုပ်သဏ္ဌာန်ပါရှိပြီး အခြားတစ်ခုမှာ ပန်းပွင့်ပုံဟု မှန်းဆရ၏။ အမှတ် ၁၀ ကုန်းတူးဖော်ရာမှလည်း အလျားငါးလက်မ၊ အနံနှစ်လက်မ ၊ ဒု လက်မဝက်အရွယ်ရှိ စိန်ထောင်ပန်း ပုံသဏ္ဌာန် မြေမီးဖုတ်အုတ်ချပ်ပြားငယ်တစ်ခုကို စုဆောင်းရရှိခဲ့၏။ ထို့ပြင် အမှတ် ၁ ကုန်းမှ မြေနားတောင်းသုံးခု၊ အမှတ် ၄ ကုန်းမှ မြေနားတောင်းငါးခု၊ အမှတ် ၁၀ ကုန်းမှ မြေနားတောင်းသုံးခု စုစုပေါင်း မြေနားတောင်း ၁၁ ခုမျှဖော်ထုတ်ရရှိခဲ့၏။ မြေနားတောင်းများမှာ အလယ်တွင် ပန်းခက်စသည်ထိုးရန် အပေါက်ငယ်ပါရှိပြီး တစ်ဘက်ကြီး တစ်ဘက်သေး ဖက်လိပ်နားတောင်း


ပုံစံမျိုးဖြစ်သည်။ မြေနက် မြေနီ နှစ်မျိုးစလုံးဖြင့် ပြုလုပ်ထားသည်ကို တွေ့ရသည်။ ထို့ပြင် ရိုးရိုးချပ်ပြား ပုံစံ နားတောင်းငယ်ကလေးများမှာ ပန်းကွက်ဖော်ထားသည်ကို တွေ့ရ၏၊ ( ဆွဲပုံ ၁၂ ခ ရှု ) ။ အိုး လက်ခတ်ဖြင့် ပန်းအခြယ်အလှယ်ရိုက်စဉ် အောက်မှခံထားလေ့ရှိသော အိုးအတွင်းခံဖု အကောင်းနှင့် အကျိုးအပဲ့လေးခုမျှကို အမှတ် ၄၊ ၇ နှင့် ၁၀ ကုန်းတို့မှ စုဆောင်း ရရှိခဲ့သည်။ ထို့ပြင် အမှတ် ၅၊ ၆ ၊ ၇ နှင့် ၁၀ ကုန်းတို့မှလည်း မြေမီးဖုတ်လောက်စာလုံးပေါင်း ၁၄ လုံးမျှ ထုတ်ဖော်ရရှိခဲ့၏။


လက်ဖြင့်ပြုလုပ် မီးဖုတ်ထားသည့် ကလေးကစားစရာ လူရုပ်ပုံခေါင်းကျိုးတစ်ခုနှင့် အိုးဖုတ်ငယ်အချို့ ကို အမှတ် ၇ ကုန်းမှ ရရှိခဲ့၏။ ကလေးသူငယ်ကလေးများ ထွေခင်းကစားလေ့ရှိသော ( အိုးခြမ်းပဲ့များကို ထုဖဲ့သွေး၍ အဝိုင်းကလေးများ ပြုလုပ်ထားသည်။ ) ရုပ်ဒိုးပေါင်း ၂၅ ခုကို အမှတ် ၆ ကုန်းနှင့် အမှတ် ၄၊ ၇ နှင့်၁၀ ကုန်းတို့မှ ရုပ်ဒိုးဝိုင်းအချို့ကို စုဆောင်းရရှိခဲ့သည်။ ရုပ်ဒိုးဝိုင်းများမှာ အချင်း တစ်လက်မ၊ ဒု $\frac{၃}{၁၀}$ လက်မမှသည် အချင်း နှစ်လက်မခွဲ၊ ဒု လက်မဝက် အရွယ်အထိ အသီးသီးရှိ၏၊ ( ဆွဲပုံ ၉ ခ ရှု )။ ဆီမီးခွက်အကွဲများကိုလည်း အမှတ် ၄ ၊ ၆ နှင့် ၁၀ ကုန်းတိုမှ တွေ့ရှိ၏။ ခေတ်အမျိုးမျိုး မည်ကဲ့သို့ ပြောင်းလဲစေကာမူ ရှေးခေတ်မှသည် ယခုခေတ်အထိ ဆီမီးခွက်များ၏ ပုံသဏ္ဌာန်မှာ ပြောင်းလဲမှုမရှိ ကြောင်း တွေ့ရသည်။ အမှတ် ၁၂ ကုန်း တူးဖော် မှုမှ အခြယ်အလှယ်ပါ မြေဆေးတံအိုးအကျိုးသုံးခုလည်း တူးဖော်ရရှိခဲ့သေး၏။ ( ဓာတ်ပုံ ၁၀ ခ ရှု )။

**ကျောက်ဝတ္ထုပစ္စည်းများ။** ။ တကောင်းတူးဖော်မှုလုပ်ငန်းမှ ကျောက်ဝတ္ထုပစ္စည်းမှာ အနည်းငယ် သာ တွေ့ရသည်။ တွေ့ရှိသောပစ္စည်းများမှာ "ပန်းတမော့ " ခေါ် ကျောက်ဆစ်လက်ရာ ဆင်းတုအကျိုး အပဲ့များ၊ ယောနိပုံသဏ္ဌာန်ဟု မှတ်ယူရသည့် ကျောက်ပျဉ်တစ်ခု၏ အစိတ်အပိုင်းနှစ်ခုနှင့် သနပ်ခါး ကျောက်ပျဉ်တစ်ခု၏ ခြေတစ်ခုပါ အစိတ်အပိုင်းစသည်တို့ပင် ဖြစ်လေသည်။ ထို့ပြင် မိုးကြိုးသွားခေါ် ကျောက်လက်နက် ( ကျောက်ခေတ်နှောင်းသုံး စင်းချောကျောက် ) အချို့ကို တူးဖော်စုဆောင်း ရရှိခဲ့၏။ ၎င်းတို့၏ အသေးစိတ်လေ့လာတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အမှတ် ၆ ကုန်းကို တူးဖော်ရာမှ အလျား ၁၃ လက်မခွဲ၊ အနံ ၁၃ လက်မခွဲ၊ ဒု ၂ လက်မ အရွယ်ရှိ သဲကျောက်ဖြင့် ထုလုပ်ထားသော ကြာပလ္လင်ထက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူသော ဆင်းတုတော် ထက်ပိုင်းကျိုးတစ်ခုကို တူးဖော်ရရှိခဲ့၏။ ဤဆင်းတုတော်ရှိ တင်ပျဉ်ခွေထိုင်နေတော်မူဟန်မှာ ခြေနှစ်ဖက် ထပ်လျက် မဟုတ်မူဘဲ ချိတ်လျက်ဖဝါးတော် နှစ်ဘက်စလုံးပင် ပေါ်ထွက်နေ၏။ ဤသည်ကိုပင် ပညာရှင် တို့က " ဗဇြာသနမုဒြ "ဟု ခေါ်ဆိုကြပေသည်။ ထို့ပြင် လက်တော်အနေအထားမှာလည်း ဘယ်တင် ညာချ "ဘူမိဖုသနမုဒြ "ပင် ဖြစ်၏။ လက်ချောင်းတော်ကလေးများမှာ ပုဂံခေတ်စောစောပိုင်းကကဲ့သို့ ပကတိလူ၏ သဘာဝဟန်အတိုင်း အတိုအရှည်ထုလုပ်ထားခြင်း မဟုတ်မူဘဲ ညီညာစွာထုလုပ်ထားခြင်းကို ထောက်ဆ၍ ပုဂံခေတ်နှောက်ပိုင်းလက်ရာ ဆင်းတုတော်ပင် ဖြစ်တန်ရာချေသည်။ ထိုဆင်းတုတော်မှာ ဦးခေါင်းတော်မပါ ထက်ပိုင်းကျိုးဖြစ်ပြီး မီးသင့်လောင်ရာအချို့ကိုလည်း တွေ့ရသည်။ ( ဓာတ်ပုံ ၄ ခ ရှု )


အမှတ် ၄ ကုန်း တူးဖော်ရာမှ အမြင့်ဉာဏ်တော်ကို မမှန်းဆနိုင်သည့် အလျား ၈ လက်မခွဲ၊ အမြင့်နှင့် ဒု လေးလက်မခွဲ အသီးသီးရှိ ကြာပလ္လင် ဓမ္မခန်ပလ္လင်ပေါ်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး " ဘူမိ ဖုသနမုဒြာ " ဆင်းတုတော်မှာ သဲကျောက်ဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး လက်ရာအလွန်ကောင်းမွန်သေသပ် ကျနလှကြောင်း လေ့လာတွေ့ရှိရသည်။ ကိုယ်ပိုင်းမှာ ကျိုးပဲ့ပျောက်ပျက်၍ ရှာဖွေမတွေ့ရတော့ချေ။ **လက်တော်ကလေးများမှာ** ပကတိလူ့သဘာဝအတိုင်း အနုပညာပြောင်မြောက်စွာ ထုလုပ်ထားကြောင်း





ဆွဲပုံ ဂ (က)။ ။တူးဖော်ရရှိသော အိုးပုံစံများ။

ဆွဲပုံ ဂ (ခ)။ ။တူးဖော်ရရှိသော အိုးပုံစံများ။





တွေ့ရသည်။ ခြေတော်နှစ်ဖက်မှာလည်း အထက်ဖော်ပြပါ ဆင်းတုငယ်ကဲ့သို့ပင် " ဇဖြာသနမုဒြ " ဖြင့် ထုလုပ်ထားရှိကြောင်း တွေ့ရ၏။ ပါးလွှာသော သင်္ကန်းတော်များကို စံပယ်ဆင်မြန်းထားကြောင်းကိုလည်း ဖူးတွေ့ရ၏။ မကိုဋ်တော်၏ ရောင်လျှံတော်အနည်းငယ်ပါရှိပြီး ဝိန္ဒုဖူးသဏ္ဌာန် ဝိန္ဒုပြောက် အကွက်ကလေးများဖြင့် ထုလုပ်ထားရှိ၏။ နဖူးသင်းကျစ်တော်ကား မပါပေ။ စက္ခုန္ဒြေတော် မျက်လွှာချထားဟန်ရှိပြီး နှုတ်ခမ်းတော်ကလေးမှာ ပီပြင်ကျနသဘာဝကျစွာ ထုလုပ်ထားကြောင်း တွေ့ရ၏။ ဤကျောက်ဆစ်လက်ရာ တစ်ခုလုံး ခြုံအကဲဖြတ်သော် ပုဂံအလယ်ခေတ် ဆိုင်ရာ ခရစ်နှစ် အေဒီ ၁၂ ရာစုအတွင်းက ထုလုပ်ခဲ့သော ဆင်းတုလက်ရာဟု ခန့်မှန်းယူဆရသည်။ ( ဓာတ်ပုံ ၄ က ရှု )။

အထက်ဖော်ပြပါ အမှတ် ၄ ကုန်းမှပင် ဒုတိယ အုတ်ရိုးဆင့် အနောက်ဘက်ပိုင်း၌ ကပ်လျက်ရှိသော ရှစ်ပေပတ်လည်ခန့်မျှရှိသည့် အုတ်ခုံငယ်တစ်ခု၏ အတွင်းမြေလွှာမှ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အဋ္ဌဂူကျောက်ဆစ်လက်ရာ ရုပ်ကြွတစ်ခုနှင့် အခြားသာသနိက ရှေးဟောင်းဝတ္ထုပစ္စည်းအချို့ကို တူးဖော်ရရှိခဲ့သည်။ အဋ္ဌဂူ ကျောက်ဆစ်လက်ရာ ရုပ်ကြွမှာ အလျားလေးလက်မ၊ အနံ သုံးလက်မ၊ ဒု တစ်လက်မ ခန့် မျှရှိပြီး ဗုဒ္ဓဝင်ရှစ်ခန်းဖြင့် အနုပညာလက်ရာပြောင်မြောက်စွာ သရုပ်ဖော် ထုလုပ်ထားလေသည်။ ထိုရုပ်ကြွမှာ မူလကတည်းကပင် လက်ယာဘက်ဘေးပိုင်းတစ်ခြမ်း ကျိုးပဲ့ပျက်စီးနေကြောင်း တွေ့ရသည်။ ( ဓာတ်ပုံ ၁ က ရှု ) ဤကဲ့သို့သော အဋ္ဌဂူဗုဒ္ဓဝင်ကျောက်ချပ်ရုပ်ကြွ အမျိုးအစားများကို ပုဂံ၊ ညောင်ဦး၊ မြင်းကပါတစ်ဝိုက်မှ ဒုတိယကမ္ဘာစစ်မတိုင်မီကာလ* နှင့် ဒုတိယကမ္ဘာစစ်ပြီးကာလ**တွင်လည်းကောင်း၊ ၁၉၆၁ – တွင် စစ်ကိုင်းခရိုင်၊ ပဒုခက်ခရွာ အနီးရှိ စေတီပျက်တစ်ဆူမှ***လည်းကောင်း၊ ရှေးဟောင်း ဌာပနာများအဖြစ်ဖြင့် တွေ့ရှိခဲ့ဖူးကြောင်း လေ့လာမှတ်သားရဖူးပါသည်။ မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဝန်ဟောင်းဖြစ်သူ မစ္စတာ **ချားဒူရွိုင်ဇယ်** [၁]၏ အလိုအရဆိုသော် အဆိုပါ အဋ္ဌဂူကျောက်ချပ်ရုပ်ကြွများကို အိန္ဒိယနိုင်ငံမှ တစ်ဆင့် မြန်မာပြည်သို့ တင်သွင်း ယူဆောင်ခဲ့ဟန်တူကြောင်း၊ အလားတူ အဋ္ဌဂူဗုဒ္ဓဝင် ကျောက်ချပ် အမျိုးအစားတစ်ဆူကို ဗာရာဏသီပြည် မိဂဒါဝုန်တော ( ယခုအခေါ် **ဆာနတ်** [၂] ) အနီးမှ **မစ္စတာ အိုအာတယ်** [၃] ဆိုသူ ပုဂ္ဂိုလ်တစ်ဦးက တွေ့ရှိခဲ့ဖူးကြောင်း၊ ထို့ပြင် အမြင့် ၁၅ ပေ၊ အနံ ၉ ပေ ခွဲ ခန့်မျှရှိသည့် ဗုဒ္ဓဝင် အဋ္ဌဂူကျောက်ချပ်ရုပ်ကြွ အမျိုးအစား တစ်ခုကိုလည်း နာလန္ဒ တက္ကသိုလ်ကြီး အနီးရှိ **ဗာရာဂုံ** [၄] အရပ်မှ တွေ့ရှိဖူးကြောင်း၊ ၎င်းပုံကို **ဗားဂျက်** [၅] ရေး The Ancient Monuments, Temples and Seulpures of India စာအုပ် အပိုင်း ၂၊ ပုံ ၂၂၆ တွင် ဖော်ပြထားသည်ကို တွေ့နိုင်ကြောင်း စသည်တို့ကို ၁၉၂၃ – ခုနှစ်ထုတ် **မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဝန်၏ နှစ်ချုပ်အစီရင်ခံစာ** စာမျက်နှာ ၃၀ – ၃၁ တွင် အကျယ်တဝင့် ရေးသားဖော်ပြထားသည်ကို ဖတ်ရှုလေ့လာ မှတ်သားခဲ့ရဖူးပါသည်။

ယခုတူးဖော်တွေ့ရှိသော ဗုဒ္ဓဝင် အဋ္ဌဂူကျောက်ချပ်ရုပ်ကြွများသည် အလွန်သေးငယ်သော ရုပ်လုံးရုပ်ကြွကလေးများဖြစ်၏။ ကျောက်ချပ်၏ အလယ်ဗဟိုတွင် ကြာပလ္လင်ထက်၌ ဗောဓိပင်နှင့် ရွှေပလ္လင်ကို အောင်မြင်တော်မူစဉ် မာရ်စစ်သည်တို့ ချီတက် တိုက်ခိုက်ရာ မဟာပထဝီ မြေကြီးကို လက်ညှိုးညွှန်၍

---

* ရှေးဟောင်း ( ၁၉၂၂ – ၂၃ )၊ ၃၀ – ၃၁။

** ( ၁ ) ၎င်း၊ ( ၁၉၆၀ – ၆၁ )၊ ၇၊ ပုံ ၁၀။

( ၂ ) ၎င်း၊ ( ၁၉၅၄ – ၅၅ )၊ ၁၄၊ ပုံ ၉။

*** မြ၊ ( ယဉ်ကျေးမှု ) ၁၃။

၁ Duroiselle, Chas.

၂ Sarnath


၃ Oertel

၄ Baragbon


၅ Burgess




ဓာတ်ပုံ ၁၀ (က)။ ။ အခြယ်လှယ်ပါ
အိုးခြမ်းကွဲများ။



ဓာတ်ပုံ ၁၀ (ခ)။ ။ အခြယ်လှယ်ပါ
အိုးခြမ်းကွဲများ။



ဓာတ်ပုံ ၁၀ (က)။ ။ အခြယ်လှယ်ပါ အိုးခြမ်းကွဲများ



ဓာတ်ပုံ ၁၀ (ခ)။ ။ အခြယ်လှယ်ပါ အိုးခြမ်းကွဲများ

သက်သေတည်ဟန် ထုလုပ်ထားသည့် " ဘူမိဖုသနမုဒြာ " ပင်ဖြစ်၏။ လက်ယာဘက်အခြမ်းနှင့် ထိပ်ပိုင်းမှ ဗုဒ္ဓဝင် အခန်းများမှာ ကျိုးပဲ့ပျက်စီးနေသဖြင့် မတွေ့ရတော့ချေ။ ကျန်ရှိသေးသည့် လက်ဝဲဘက်ခြမ်းကို အပေါ်မှစ၍ ရေတွက်သော် တာဝတိံသာမှ ဗုဒ္ဓမြတ်စွာ ဆင်းသက်ဟန်ကိုလည်းကောင်း၊ ထို့အောက်တွင် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာ ပြတော်မူခန်းနှင့် အောက်ဆုံးတွင် ပါလိလေယျကတောသွ၌ သီတင်းသုံးတော်မူခန်းတို့ကို လည်းကောင်း အသီးသီး ထုလုပ်ပူဇော်ထားရှိကြောင်း တွေ့ရသည်။ ဤအနန္တဂူကျောက်ချပ် ရုပ်ကြွ၏ ထူးခြားချက်မှာ ပုဂံညောင်ဦးမှတွေ့ရှိသော အနန္တဂူဗုဒ္ဓဝင် ကျောက်ချပ်များကဲ့သို့ အလယ်ဗဟိုရှိ ဗုဒ္ဓရုပ်ပွားတော်၏ ဘေးတစ်ဘက်တစ်ချက်တွင် မတ်ရပ်ဆင်းတုတော်၊ ဗောဓိသတ်ပုံများကိုလည်းကောင်း ကြာရိုးသုံးသွယ်ထွက်၍ ကြာပလ္လင်အောက်ခံပလ္လင်၌လည်း မကိုင်ဋ်တန်ဆာစုံလင်စွာ ဝတ်ဆင်ထားသော နဂါးမနှစ်ကောင်က တစ်ဘက်တစ်ချက်စီ ကူပင့်ထားဟန် ရုပ်တုများကိုလည်းကောင်း မတွေ့ရချေ။

ထိုမှအပ အလားတူ အနန္တဂူကျောက်ချပ် ရုပ်ကြွတစ်ခု၏ အစိတ်အပိုင်းအကျိုးအပဲ့တစ်ခုကို ယခင်နှစ်ကလည်း ရခဲ့ဖူး၏။ ယခုနှစ် တူးဖော်ရာတွင်လည်း အလားတူ အကျိုးအပဲ့ သုံးခုကို စုဆောင်း ရရှိခဲ့၏။ ၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

( ၁ ) အလျား ၃ လက်မ၊ အနံ ၁ လက်မခွဲ၊ ဒု ၁ ၃/၄ လက်မအရွယ်ရှိ ကိုယ်ပိုင်းနှင့်ခေါင်းပိုင်းပါ ဗုဒ္ဓဆင်းတုတော် အပိုင်းကျိုးတစ်ခု။

( ၂ ) အလျား ၁ လက်မခွဲ၊ အနံ ၇/၁၀ လက်မ၊ ဒု ၁ လက်မအရွယ်ရှိ ကြာပလ္လင်ထက်တွင် ထိုင်၍ ရှိခိုးနေဟန် ရဟန္တာရုပ်တုတစ်ခု။

( ၃ ) အလျား ၁ လက်မခွဲ၊ အနံ ၁ လက်မခွဲ၊ ဒု ၁/၂ လက်မအရွယ်ရှိ " အဘယမုဒြ "ဗုဒ္ဓဆင်းတုငယ် မတ်ရပ်တစ်ဆူနှင့်တွဲလျက် ဆင်ပေါ်၌ မာရ်စစ်သည်များ စီးနင်းကာ လက်နက်မျိုးစုံကို စွဲကိုင်လျက် ဗုဒ္ဓအား ရန်သတ္တရူပြုရန် ချီတက်နေဟန် ရုပ်တုငယ်ကလေးများ။ ( ဓာတ်ပုံ ၁ ခ ၅ )။

ဤဗုဒ္ဓဝင် ကျောက်ချပ်ရုပ်ကြွ၏ အစိတ်အပိုင်းငယ်များမှာ တစ်စိတ်တစ်ပိုင်းမျှပင် ဖြစ်သော်လည်း အလွန်သေးငယ်သည့် စပါးလုံးတစ်ထောက်ခန့်ရှိ အရုပ်ကလေးများကို စိတ်ရှည်လက်ရှည် အနုစိတ် ထွင်းထုထားသည့် ပန်းပုဆရာ၏လက်ရာမှာ ချီးမွမ်းအံ့ဩဖွယ်ရာပင် ဖြစ်ချေသည်။

ထို့ပြင် အမှတ် ၈ ကုန်းနှင့် အမှတ် ၁၀ ကုန်းကို တူးဖော်ရာမှ အလျားလေးလက်မ၊ ဖြက်လေးလက်မ၊ ဒု ၁ လက်မခွဲအရွယ်ရှိ တောင်ဦးကျောက်ဖြင့် ပြုလုပ်ထားသော ယောနိပုံဟု မှတ်ထင်ရသည့် ကျောက်ပြားငယ် အစိတ်အပိုင်းတစ်ခုကို လည်းကောင်း၊ အလျား နှစ်လက်မ၊ ဖြက် တစ်လက်မခွဲ၊ ဒု တစ်လက်မ အရွယ်ရှိ အလားတူ ယောနိပုံ ကျောက်ပြားငယ်တစ်ခု၏ အညောက် အစိတ်အပိုင်းတစ်ခုကို လည်းကောင်း အသီးသီးထုတ်ဖော်နိုင်ခဲ့ပါသည်။ ထိုကျောက်ပြားအစိတ်အပိုင်းမှာ ဟိန္ဒူလူမျိုးများ သီဝနတ်မင်းကြီးကို ကိုးကွယ်ဝတ်ပြုသည့် လိင်္ဂခေါ် ကျောက်တုံး စိုက်ထူလေ့ရှိသော ယောနိကျောက်ပြား၏ တစ်စိတ်တစ်ပိုင်းနှင့် တူညီကြောင်းတွေ့ရသည်။ သို့သော် သီဝနတ်မင်း ကိုးကွယ်ခြင်းနှင့် သက်ဆိုင်သည့် လိင်္ဂသဏ္ဍာန်ကျောက်တုံးကိုကား မတွေ့ရချေ။ ထို့ပြင် သနပ်ခါးကျောက်ပျဉ်တစ်ခု၏ ခြေထောက်ပါ အကျိုးအပဲ့ အစိတ်အပိုင်းတစ်ခုကိုလည်း အမှတ် ၁၀ ကုန်းမှပင် ရရှိခဲ့သေး၏။

ကျောက်ခေတ်နှောင်း လူတို့အသုံးပြုလေ့ရှိသော စင်းချော ကျောက်လက်နက်ငယ် လေးခုကိုလည်း တူးဖော်ရရှိခဲ့၏။ ၎င်းတို့ကို အမှတ် ၁၀ ကုန်းမှ နှစ်ခု၊ အမှတ် ၆ နှင့် ၁၂ ကုန်းမှ တစ်ခုကျစီ စုဆောင်း ရရှိခဲ့ပါသည်။ ကျောက်လက်နက်ငယ်များမှာ အချို့နေရာ၌ မြေလွှာ ၃ ဖြစ်သည့် ထိုခေတ်လူနေမှု မြေလွှာမှလည်းကောင်း၊ အချို့မှာ အပေါ်ယံမြေဆီလွှာမှ လည်းကောင်း တွေ့ရှိခဲ့ခြင်းပင် ဖြစ်ပေသည်။ ကျောက်

လက်နက်ငယ်များမှာ အမင်းပါနှင့် ရိုးရိုးဆောက်သွားပုံများပင် ဖြစ်၏။ ပျမ်းမျှအရွယ်အစားမှာ အလျား သုံးလက်မခွဲ၊ အနံ နှစ်လက်မခွဲနှင့် ဒုလက်မဝက်ခန့်မျှ ဖြစ်လေသည်။ ယခင်နှစ်ကလည်း အမှတ် ၄ ကုန်းကို တူးဖော်ရာမှ အလားတူ စင်းချော ကျောက်လက်နက်ငယ်တစ်ခုကို စုဆောင်းရရှိခဲ့၏။ ( ဓာတ်ပုံ ၁၂ က နှင့် ခ ရှု )

**သတ္တုနှင့်အခြားပစ္စည်းများ။** ။ တကောင်းမြို့ဟောင်းကို တူးဖော်ရာမှ သတ္တုထည် လူသုံးပစ္စည်းများ အနည်းငယ်ကိုသာ ရခဲ့၏။ အမှတ် ၆ ကုန်းကို တူးဖော်ရာမှ ကြေးလက်စွပ်နှင့် ငွေလက်စွပ်ကွင်းငယ်တစ်ခုကိုလည်းကောင်း၊ အမှတ် ၂ နှင့် ၅ ကုန်းကို တူးဖော်ရာမှ ထိုခေတ် စစ်ပွဲများတွင် အသုံးပြုခဲ့သည့် သံမြားသွား အများအပြားကိုလည်းကောင်း အသီးသီး တူးဖော်စုဆောင်း ရရှိ၏။ သံမြားသွားပုံစံနှင့် အရွယ်အစားကို ခွဲခြားလျှင် အောက်ပါအတိုင်းရပါသည်။

(၁) အလျား ၁ လက်မခွဲ၊ အနံ $\frac{၁}{၂}$ လက်မ၊ ဒု $\frac{၈}{၁၀}$ လက်မ အရွယ်ရှိ ထိပ်ဖူးတပ် သံမြားသွားငယ် ခြောက်ခု။

(၂) အလျား ၁ လက်မ၊ အနံ $\frac{၂}{၅}$ လက်မ၊ ဒု $\frac{၂}{၅}$ လက်မ အရွယ်ရှိ ဝက်အူလှည့်ပုံသဏ္ဍာန် သံမြားသွား ထိပ်ဖူးစွပ်ငယ် ခြောက်ခု။

(၃) အလျား ၂လက်မခွဲ၊ အနံ $\frac{၁}{၂}$ လက်မ၊ ဒု $\frac{၁}{၂}$ လက်မ အရွယ်ရှိ သံမြားသွား အကြီးစား ထိပ်ဖူးစွပ်နှစ်ခု။


(၄) အလျား ၄ လက်မ၊ အနံ $\frac{၁}{၂}$ လက်မ၊ ဒု $\frac{၃}{၁၀}$ လက်မ အရွယ်ရှိ သန်လျက်ပုံစံ သံမြားသွား ရိုးရိုး အကြီးအသေး ၁၇ ခု။

သံမြားသွားများကို အထူးသဖြင့် မြို့ရိုးအပြင်ဘက်ပိုင်းမှ ရခဲ့၏။ အလားတူ အဆိပ်လူး သံမြားသွား ထိပ်ဖူးတပ် ဒူးလေးများကို ယခုထက်တိုင် တကောင်းမြို့ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောလိုက်မုဆိုးများ အသုံးပြုလျက် ရှိသေးကြောင်း တွေ့ရသည်။ ( ဓာတ်ပုံ ၁၃ က ခ နှင်ဆွဲပုံ ၁၃ ခ ရှု )


ဇင်းပြင်အဆိုပါကုန်းမှပင် သံလှံတံတစ်ချောင်း၊ သံချိတ်ကောက်ငယ်တစ်ခု၊ သံခါးပတ်ခေါင်း တစ်ခု၊ သံတူရွင်းအကြီးနှင့် အငယ် တစ်ခုကျစီနှင့် အဆောက်အအုံရိုက် လေးမြောင့်သံချောင်း လေးဆယ်ခန့်ကို လည်း အသီးသီးစုဆောင်းရရှိခဲ့၏။ အလ^"တူ အိမ်ရိုက်သံအမျိုးအစား သံမယ်န ၂၁ ချောင်းကို အမှတ် ၆– ကုန်း တူးဖော်ရာမှလည်း ဖော်ထုတ်ရရှိခဲ့၏။ ထိုကုန်းမှပင် သံမြားသွားငယ်တစ်ခုနှင့် ဓားကျိုး တစ်ခုကို လည်း တူးဖော်ရရှိခဲ့၏။ ယခင်နှစ်က ကုန်းအမှတ် ၁ နှင့် ၂ ကို တူးဖော်ရာမှလည်း အလားတူ သံဓား၊ သံတံစဉ်၊ သံစူး၊ သံဆောက်သွားနှင့် သံမှိုပွင့် အချို့တို့ကို ဖော်ထုတ်ရရှိခဲ့ပါသည်။

အမှတ် ၁၀ ကုန်းမှလည်း သံကွမ်းညှပ်တစ်ခု၊ သံဓားငယ်လေးခုနှင့် သံမြားသွားတစ်ခုကို တူးဖော်ရရှိခဲ့သည်။ ( ဆွဲပုံ ၁၃ က ရှု )၊ အမှတ် ၆ ကုန်း တူးဖော်ရာမှ ကြေးဝါမွေးညှပ် အကျိုးတစ်ချောင်းကို စုဆောင်းရရှိခဲ့၏။ ထို့ပြင် အမှတ် ၁ နှင့် ၂ ကုန်းကို တူးဖော်ရာမှလည်း နန်းဆွဲနှင့် ရိုးရိုး ကြေးလက်စွပ် လေးကွင်းကိုလည်းကောင်း၊ ကြေးလက်ကောက်အပဲ့နှစ်ခုနှင့် ကြေးလင်ပန်းပဲ့ အစိတ်အပိုင်းတို့ကို လည်းကောင်း တူးဖော်ရရှိခဲ့၏။


အမှတ် ၄ ကုန်းတူးဖော်ရာမှလည်း ဗုဒ္ဓဝင် အဋ္ဌဂူ ကျောက်ချပ်ရုပ်ကြွ တွေ့ရှိသောကျင်းမှပင် အလျား ၃ လက်မ၊ အနံ ၂$\frac{၃}{၄}$ လက်မ၊ ဒု ၁ လက်မခွဲ အရွယ်ရှိနောက်ခံ တံကဲပါ ကြေးဆင်းတုငယ် တစ်ဆူကို ရရှိခဲ့၏။ ထိုဆင်းတုတော်မှာ " ဘူမိဖုသနမုဒြ " ဖြစ်ပြီး ရဟန္တာရုပ်ငယ် ငါးပါးက ဝိုင်းရံလျက် ရှိခိုးနေပုံ ပါရှိလေသည်။




ရုပ်ပုံ ၁၂ (က)။ ။မြေပုတီးစေ့များ



ရုပ်ပုံ ၁၂ (ခ)။ ။မြေနားတောင်းများ



ရုပ်ပုံ ၁၃ (က)။ ။သံထည်ပစ္စည်းများ



ရုပ်ပုံ ၁၃ (ခ)။ ။သံမြားသွားများ

ပါရှိလေသည်။ ကြေးဆင်းတုငယ်များမှာ ကြေးညှိစိမ်းများတက်နေသဖြင့် မျက်နှာရုပ်သွင် ပီပြင်ခြင်း မရှိလှပေ။ ( ဓာတ်ပုံ ၅ က နှင့် ခ ရှု )။ ထို့ပြင် အမြင့် ၂ ၁/၄ လက်မ၊ အနံ ၁ လက်မ၊ ဒု ၁/၂ လက်မ အရွယ်ရှိ နဂါးခေါင်း သုံးခုပေါ်တွင် မျောက်သဏ္ဍာန်အရုပ်ငယ်တစ်ခုက ရှိခိုးနေဟန် ကြေးရုပ်ငယ်တစ်ခုနှင့် အထက်ဖော်ပြပါ အရွယ်အစားရှိ လက်နှင့်ခြေထောက်ပိုင်း ကျိုးပဲ့နေသည့် လူရုပ်ငယ်တစ်ခုကိုလည်း ဖော်ထုတ်ရရှိခဲ့လေသည်။

တကောင်းမြို့ဟောင်း တူးဖော်ရာမှ ငွေဒင်္ဂါး၊ ကျောက်နှင့် ရွှေထည်ပစ္စည်းများစသည့် အဖိုးတန်ရတနာပစ္စည်းများ တစ်စုံတစ်ရာ မတွေ့ရှိခဲ့ပေ။

**အင်္ဂတေ ပစ္စည်းများ။** ။ အင်္ဂတေ ပစ္စည်းများသည် အုတ်ဖြင့်ဆောက်လုပ်ထားသော အဆောက်အအုံများတွင် ဗိသုကာအခြယ်အလှယ် အဆင်တန်ဆာများအဖြစ် အသုံးပြုခဲ့ကြောင်း သိရ၏။ တကောင်းတူးဖော်မှုကုန်းများတွင် အမှတ် ၅ ကုန်းမှ ရိုးရိုးအင်္ဂတေချပ်အချို့ နှင့် အမှတ် ၁ နှင့် ၄ ကုန်းတို့ကို တူးဖော်ရာမှ ပုလဲလုံးနှင့် စိန်ထောင်ပန်းအခြယ်အလှယ်ပါ အင်္ဂတေပန်းများမှာ ပုဂံခေတ်ပိုင်းဆိုင်ရာ " ပန်းတော့ "လက်ရာများပင် ဖြစ်ပေသည်။ ( ဓာတ်ပုံ ၈ က ရှု )

**လူရိုးနှင့် တိရစ္ဆာန်အရိုးများ ။** ။ တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ မြေမြှုပ်သင်္ဂြိုဟ်သည့် လူရိုးအကြွင်းအကျန်များနှင့် ပျူလူမျိုးတို့ကဲ့သို့ ကွယ်လွန်သူတို့၏ ရုပ်အလောင်းများကို မီးရှို့ပြာချပြီးလျှင် ကြွင်းကျန်သည့်ပြာနှင့် အရိုးအကြွင်းအကျန်များကို အရိုးအိုးများတွင် ထည့်ကာ မြှုပ်နှံသည့် ဓလေ့ထုံးစံများကိုလည်း မတွေ့ရပေ။ အမှတ် ၅ ကုန်း တူးဖော်ရာမှ လူဦးခေါင်းခွံတစ်ခုကို မြို့ရိုးထောင့်၏ အပြင်ဖက်ပိုင်း အရှေ့တောင်ထောင့်စွန်းအနီးကပ်လျက် မြေလွှာ ၃ မှ တူးဖော်ရရှိခဲ့၏။ အခြားအရိုးအစိတ်အပိုင်းတို့မှာ ဆွေးမြည့်ကြေမွပျက်စီးသဖြင့် အကောင်းမရရှိတော့ချေ။ ထိုကုန်းမှပင် တိရစ္ဆာန်ရိုး အကြွင်းအကျန်များနှင့် ရင်းသွားရိုးအချို့ကို မြို့ရိုးအပြင်ဘက်နှင့် အတွင်းပိုင်းကို တူးဖော်ရာမှ တွေ့ရသည်။ အခြားတူးဖော်မှု ကုန်းများမှလည်း လူရိုးနှင့် တိရစ္ဆာန်ရိုးများ မတွေ့ရှိခဲ့ရပေ။

**ခေတ်အပိုင်းအခြားနှင့် ယဉ်ကျေးမှုသုံးသပ်ချက်**

ကုန်းအမှတ် ၄၊ ၆၊ ၁၀ နှင့် ၁၂ စသည်တို့ကို တူးဖော်ရာမှ " မိုးကြိုးသွား " ခေါ် စင်းချောကျောက်လက်နက် လေးခုကို စုဆောင်းရရှိခဲ့၏။ အဆိုပါ ကျောက်လက်နက်ငယ်များမှာ အင်းပါတစ်ခုနှင့် ရိုးရိုးဆောက်သွားပုံ သုံးခုမျှဖြစ်၏။ ၎င်းတို့ကို လူနေမှုမြေလွှာမှလည်းကောင်း အပေါ်ယံ မြေဆီလွှာမှလည်းကောင်း တွေ့ရှိရရာ ပုဂံခေတ်၊ သို့မဟုတ် နှောင်းခေတ်များတွင် တစ်နေရာမှ တစ်နေရာသို့ အထူးအဆန်းပစ္စည်းတစ်ရပ်အနေဖြင့် ရွှေပြောင်းယူဆောင် သုံးစွဲခဲ့ကြလေသလောဟု တွေးတောရပါသည်။ ပုဂံခေတ်နှင့် ကျောက်ခေတ်နှောင်းမှာလည်း သမိုင်းကွင်းဆက်အနေအရ အလှမ်းကွာဝေးလှသည်တစ်ကြောင်း၊ တွေ့ရှိမြေလွှာမှာလည်း ပုဂံခေတ်လူနေမှု မြေလွှာထက် အောက်ကျသောမြေလွှာမှ ရရှိခြင်းမဟုတ်သဖြင့် တစ်ကြောင်း၊ ထိုအကြောင်းများကြောင့် တကောင်း၌ ကျောက်ခေတ်နှောင်းယဉ်ကျေးမှု ထွန်းကားခဲ့သည်ဟု အတည်ပြု ဆုံးဖြတ်နိုင်ရန် ခက်ခဲလှချေသည်။

ခေတ်ပိုင်းခြားမှုနှင့် ပတ်သက်၍ ကျောက်စာ အထောက်အထားများသည် အခိုင်မာဆုံးပင် ဖြစ်ပေသည်။ တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ ခုနှစ်သက္ကရာဇ်ပါ ကျောက်စာများ မရခဲ့ပေ။ မြေပေါ် အထောက်အထား တစ်ရပ်အနေနှင့်လည်း ပုဂံခေတ်ရေးထိုး ကျောက်စာများ မတွေ့ရဖြစ်လေသည်။ သို့သော်လည်း အုတ်ဂဏန်းစာ၊ အုတ်ကြွပ်စာ၊ မြေတံဆိပ်စသည့် မြန်မာစာ အရေးအသားများကိုကား တွေ့ရသည်။ ဤသည်တို့မှာ ပုဂံခေတ်ဆိုင်ရာ မြန်မာစာအရေးအသားများပင် ဖြစ်၏။

ထို့ပြင် ပုဂံခေတ်ဆိုင်ရာ အနုပညာလက်ရာ ပြောင်မြောက်လှသည့် ဗုဒ္ဓဝင် ရုစ်ခန်းဖြင့် သရုပ်ဖော်ထုလုပ်ထားရှိသော အဋ္ဌဂူကျောက်ဆစ်ရုပ်ကြွ စသည်တို့ကို လည်းကောင်း၊ အင်္ဂတေပန်းလက်ရာ အစအနများ၊ သဲကျောက်ဆင်းတုငယ်နှင့် ကြာပလ္လင်ခုံမွှန် အစိတ်အပိုင်းအချို့ကို လည်းကောင်း၊ ကြေးဆင်းတုဘုရားငယ်များကို လည်းကောင်း တွေ့ရ၏။ ၎င်းတို့မှာ ပုဂံခေတ်ဆိုင်ရာ အနုပညာ လက်ရာပစ္စည်းများပင် ဖြစ်၏။ အနော်ရထာနှင့် စောလူးမင်းဆိုင်ရာ အုတ်ခွက်ဆင်းတုငယ်များမှာ နဂရီအက္ခရာဖြင့် " ယေဓမ္မာ ဟေတုပြဘဝါ " အစရှိသော ဂါထာများဖြင့် သွန်းခတ် ပုံနှိပ်ထားရှိခဲ့ကြောင်း တွေ့ရသည်။ ထိုအုတ်ခွက်ဘုရားဆင်းတုငယ်များမှာ အေဒီ ၁၂ ရာစုဆိုင်ရာ ပုဂံခေတ်ယဉ်ကျေးမှုများကိုသာ အခိုင်အမာ ညွှန်ပြလျက် ရှိချေသည်။

တူးဖော်ရာမှ ပျူလူမျိုးတို့ အသုံးပြုလေ့ရှိသော ဒင်္ဂါးများ၊ သီရိဝစ္ဆ၊ ငါးကြင်းရုစ်ကောင်၊ ကာလသာအိုး၊ လူရုပ်ကလျက် အစရှိသော အခြယ်အလှယ်ပါ အိုးခြမ်းကွဲများကို မတွေ့ရချေ။ ပုဂံခေတ်တွင် အများအားဖြင့် အသုံးပြုလေ့ရှိသော ရေစင်တော်သွန်းကရားနှင့် ၎င်းလည်တိုင်အကျိုးများ၊ စိန်ထောင်ပန်းအခြယ်အလှယ်ပါ အိုးခြမ်းကွဲများ၊ စိန်ထောင်အတွင်း ကြာပွင့်အခြယ်အလှယ်ပါ အိုးခြမ်းကွဲများစသည်တို့ကိုသာ တူးဖော်တွေ့ရှိရရာ ၎င်းတို့မှာ ပုဂံခေတ်ဆိုင်ရာ ပန်းခက်အခြယ်အလှယ်လက်ရာများပင် ဖြစ်ချေသည်။

တကောင်းနှင့် အညာပုဂံမြို့ဟောင်းတစ်ဝိုက်တွင် အဆင်တန်ဆာတို့ဖြင့် ခြယ်လှယ် တည်ဆောက်ထားသော ပုဂံခေတ်ဆိုင်ရာ ဂူဘုရားများကိုကား မတွေ့ရပေ။ မြေတိုက်စေတီများကိုသာ တွေ့ရသည်။ မြို့ရိုး၊ မြို့တာ၊ ကျုံး၊ သူရဲခို စသည်တို့ဖြင့် အခိုင်အမာ မြို့ပြတည်ဆောက်နေထိုင်ကြသည်ကို ထောက်ဆ၍ မြင့်မားသော ယဉ်ကျေးမှု အဆင့်အတန်းရှိသည့်လူများ နေထိုင်ရာမြို့ဖြစ်ခဲ့ကြောင်း သိရ၏။ တူးဖော်တွေ့ရှိသော မြို့ရိုး၊ မြို့တာနှင့် အဆောက်အအုံ အကြွင်းအကျန်တို့ကို ထောက်ရှု၍ ထိုအချိန်က အသုံးပြုခဲ့သော အုတ်အရွယ်အစားမှာ အများအားဖြင့် အလျား ၁၂ လက်မ မှ ၁၇ လက်မ အရွယ်ထိရှိပြီး၊ အုတ်ထုမှာ ၂ လက်မမှ ၃ လက်မခန့် အရွယ်မျှ ရှိလေသည်။ အုတ်အရွယ်အစားမှာ ပျူလူမျိုးတို့ အသုံးပြုတည်ဆောက်လေ့ရှိသော အုတ်အရွယ်အစားများထက် သေးငယ်ကြောင်း တွေ့ရပြီး၊ ပုဂံညောင်ဦးတစ်ဝိုက်ရှိ ၈၅ ရာနှုန်းမျှသော ရှေးဟောင်းအဆောက်အအုံများတွင် အသုံးပြုတည်ဆောက်ထားရှိခဲ့သော အုတ်များနှင့် တူညီကြောင်း တွေ့ရသည်။

တကောင်းတွင် ပျူလူမျိုးတို့ကဲ့သို့ ကွယ်လွန်သူတို့၏ ရုပ်အလောင်းကို မီးရှို့၍ ကြွင်းကျန်သော အရိုးအစအနနှင့်ပြာများကို ကျောက်အိုးမြေအိုးများတွင်ထည့်ကာ မြှုပ်နှံထားလေ့ရှိကြောင်း အထောက်အထား မတွေ့ရပေ။ မြေစိုက်စေတီများ အခိုင်အမာ တည်ရှိခြင်း၊ တူးဖော်ရာမှ ဗုဒ္ဓဘာသာဆိုင်ရာ ရုပ်တုဆင်းတုအစရှိသော သာသနိကပစ္စည်းများတွေ့ရှိခြင်းတို့ကိုထောက်ဆ၍ ဗုဒ္ဓသာသနာအရောင်အဝါသည် လွန်စွာထွန်းလင်းတောက်ပခဲ့ကြောင်း သိရ၏။

တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို တူးဖော်ရာမှ တွေ့ရှိသော အထောက်အထားများအရ တကောင်းမြို့ဟောင်းတွင် နေထိုင်ခဲ့သောသူတို့တွင် အသက်မွေးဝမ်းကြောင်းမှုနှင့် ပတ်သက်၍ လယ်ယာထွန်ယက်စိုက်ပျိုးခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ ဗိသုကာ၊ ပန်းရံ၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းထိမ်ပညာ၊ ကျောက်ဆစ် ပညာ၊ လက်သမားပညာ၊ အိုးလုပ်ငန်းနှင့် ပုတီးလက်ကောက်လုပ်ငန်းစသော လုပ်ငန်းများဖြင့် အသက်မွေး ဝမ်းကျောင်းပြုခဲ့ကြောင်း တွေးဆရပေသည်။ သံမြားသွားနှင့် ဓားအစရှိသည်တို့ကို တွေ့ရှိခြင်းနှင့် ကျုံးမြို့ရိုး တည်ဆောက်ပုံတို့ကို ထောက်ဆ၍ ကာကွယ်ရေးတပ်သားများ၊ အုပ်ချုပ်သူ လူတန်းစားများ ရှိခဲ့မည်ဟုလည်း ယူဆရပေသည်။

နောက်ဆုံးနိဂုံးချုပ်အားဖြင့် တင်ပြလိုသည်မှာ တကောင်းနှင့် အညာပုဂံမြို့ဟောင်းကို နှစ်ကြိမ်မျှ တူးဖော်စဉ် တွေ့ရှိသော အထောက်အထားများမှ ပုဂံခေတ်ပိုင်းဆိုင်ရာ အထောက်အထားများသာ ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့အပြင် ပင်းယ၊ အင်းဝ၊ ကုန်းဘောင်ခေတ်နောက်ပိုင်းအထိ မြို့စား၊ နယ်စားများ အုပ်ချုပ်ရာ မြို့ငယ်တစ်ခုအဖြစ်ဖြင့် ဆက်လက် တည်ရှိခဲ့ဟန်တူကြောင်း ရေးသားတင်ပြအပ်ပါသတည်း။

## ကျမ်းကိုးစာရင်း


၁။ ကုလား၊ ဦး။ မဟာရာဇဝင်ကြီး၊ ပထမအုပ်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ မြန်မာနိုင်ငံ သုတေသန အသင်း၊ ကျမ်းစဉ် ၅။ ၁၉၆၀။

၂။ ကသာကံဆက်။ " တကောင်းအစ တုံငယ်က၊ " ယဉ်ကျေးမှုစာစောင်၊ တွဲ ၁၊ မှတ် ၆ ( ၁၉၅၅၊ အောက်တိုဘာ )၊ ၁၀၂ - ၁၀၄။

၃။ - - - ။ " တကောင်းမြို့ဟောင်း "၊ ယဉ်ကျေးမှုစာစောင်၊ တွဲ ၂၊ မှတ် ၁ ( ၁၉၅၆၊ မေ )၊ ၈၉ - ၉၃။

၄။ ကမ္ဘည်းကျောက်စာဝန်၊ မြန်မာနိုင်ငံ။ အထက်မြန်မာနိုင်ငံ၌ စုဆောင်းထားရှိသော ကျောက်စာများ၊ ဒုတိယတွဲ ။ ရန်ကုန်။ အစိုးရပုံနှိပ်တိုက်၊ ၁၉၀၃။

၅။ ဖေမောင်တင်၊ ဒေါက်တာနှင့် ဒေါက်တာ ဂျေ၊ အက်(စ်)၊ ဖာနီဗဲလ် ( တည်းဖြတ်သူများ )။ စမ္ဗူဒီပဥဆောင်းကျမ်း။ ရန်ကုန်၊ စာပေဗိမာန် ပုံနှိပ်တိုက်၊ ( မြန်မာနိုင်ငံသုတေသန စာစဉ်သစ် ၂ ) ၁၉၆၀။

၆။ - - - ။ ဂျီ၊ အိပ်(ချ်)၊ လု(စ်) ( တည်းဖြတ်သူများ )။ တိုင်းရင်းမြန်မာ ကျောက်စာများ၊ အတွဲ ၁ မှ ၅ အထိ၊ ဂရိတ် ဗြိတိန်နိုင်ငံ၊ အောက်(စ်)ဖို့ တက္ကသိုလ်ပုံနှိပ်တိုက်၊ ၁၉၅၂ - ၅၆။

၇။ မြ၊ ဦး ( သိရိပျံချီ )။ ရှေးဟောင်း အုတ်ခွက်ရုပ်ပွားတော်များ၊ ပထမတွဲ။ ရန်ကုန်၊ တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၆၁။

၈။ - - - ။ " ရှေးဟောင်း ဌာပနာပစ္စည်းများ၊ " ယဉ်ကျေးမှုစာစောင်၊ တွဲ ၃၊ မှတ် ၁၀ ( ၁၉၆၁၊ စက်တင်ဘာ ) ၃ - ၈။

၉။ မှန်နန်းရာဇဝင်တော်ကြီး။ မိတ္တီလာမြို့၊ မအေးတင် ပိဋကတ်ပုံနှိပ်တိုက်၊ မ - ၁၃၁၈။

၁၀။ မုံရွေးဆရာတော်။ စေတီယကထာ ရာဇဝင်ချုပ်။ ( လက်ရေးမူ ၁၉၂၀ ခုနှစ် ရေးကူး )။

၁၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၄၊ တတိယနှိပ်။ ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၆၇။

၁၂။ တကောင်းတူးဖော်မှု ကွင်းဆင်းမှတ်စုစာအုပ်များ။

၁၃။ အောင်သော်၊ ဦး။ " ရှေးဟောင်းပစ္စည်း ခေတ်ပိုင်းနည်း "၊ ယဉ်ကျေးမှုစာစောင်၊ တွဲ ၃၊ မှတ် ၉ ( ၁၉၆၁၊ ဖေဖော်ဝါရီ ) ၇၃ - ၇၈။

၁၄။ ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏နှစ်ချုပ် အစီရင်ခံစာများ။ ရန်ကုန်မြို့၊ အစိုးရပုံနှိပ်တိုက်။

၁၅။ သီလဝံသ၊ သျှင်မဟာ။ ရာဇဝင်ကျော်။ ရန်ကုန်၊ ဟံသာဝတီပုံနှိပ်တိုက်၊ ၁၉၆၅။

၁၆။ အဇာဂရုပုဏ္ဏား။ ဇာတာတော်ပုံ ရာဇဝင်။ ရန်ကုန်၊ အစိုးရပုံနှိပ်တိုက်၊ ၁၉၆၀။

၁၇။ George, E.C.S. *Burma Gazetteer; Ruby Mines District, Vol: A.*, Burma, Office of the Supdt; , Government Printing, 1915.

၁၈။ Mongait, A.L. *Archaeology in the U.S.S.R.* England, Penguin Books, 1961.

၁၉။ Yule, Col: Henry, C.A. *A Narrative of the Mission to the Court of Ava in 1855.* Calcutta, Thacker Spink., 1857.

# နောက်တွေ့ ပျူယဉ်ကျေးမှု အထောက်အထားများ

ဦးအောင်သော်
မြန်မာနိုင်ငံ ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်

[ ဦးအောင်သော်။ ။ နောက်တွေ့ ပျူယဉ်ကျေးမှု အထောက်အထားများ။ ပြည်ထောင်စု မြန်မာနိုင်ငံ စာပေနှင့် လူမှုရေးသိပ္ပံဂျာနယ် ( ၁၉၆၈ ) ၁၊ ၄၉ –၅၉ မြန်မာနိုင်ငံ အစောပိုင်းသမိုင်းကို ဖော်ထုတ်ရာတွင် ပျူယဉ်ကျေးမှုခေတ်နှင့် သက်ဆိုင်သော အထောက်အထားများကို တိုးတက်ရှာဖွေရန် လိုအပ်သည်။ ဒုတိယစစ်ကြီးမဖြစ်မီက သရေခေတ္တရာမြို့ဟောင်းတွင် တူးဖော်လေ့လာချက်များအရ၊ ပျူယဉ်ကျေးမှု လက္ခဏာများမှာ အရိုးအိုးမြှုပ်နှံခြင်း၊ အမှတ်တံဆိပ်များပါသော ငွေပြားများ အသုံးပြုခြင်း၊ အိန္ဒိယ တောင်ပိုင်း အက္ခရာအရေးအသားဖြင့် ပျူနှင့် ပါဠိစာရေးထိုးခြင်းတို့ ပါဝင်ကြောင်း သိရသည်။ ယင်း ရှေးဟောင်းပစ္စည်းများနှင့် သာသနာ့ အဆောက်အအုံများသည် ခရစ်နှစ် ၅ ရာစုခန့်က သရေခေတ္တရာ တွင် စတင်သုံးစွဲတည်ထောင်ခဲ့ကြောင်း သိရ၏။ ထိုထက်စောသောကာလက မည်သည့်ဒေသတွင် ပျူယဉ်ကျေးမှု ထွန်းကားခဲ့သေးသည်ကိုသိလိုသဖြင့် ဗိဿနိုးမြို့ဟောင်းတွင် ၁၉၅၉ ခုမှစ၍ ခြောက်ကြိမ်မျှ စနစ်တကျ တူးဖော် လေ့လာခဲ့သည်။ ယင်းမြို့ဟောင်းတွင် ခရစ်နှစ် ၁ ရာစုမှပင် စတင်၍ ပျူယဉ်ကျေးမှု ထွန်းကားခဲ့ကြောင်း အထောက်အထားများ တွေ့ရသည်။ ထို့ပြင် ပျူတို့၏ မြို့ပြတံတိုင်း ဆောက်လုပ်ပုံ၊ ဘာသာရေးနှင့် ဓလေ့ ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပုံ၊ လူနေမှုဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ပြုလုပ်ပုံတို့ကို တိုးတက်သိရှိရသည်။ ယင်းအချက်အလက်များကို တစ်ဖန်မူတည်၍ သရေခေတ္တရာနှင့် ဟန်လင်းတွင် ဆက်လက်တူးဖော်လေ့လာရာ ထိုမြို့ဟောင်းသုံးနေရာလုံး၌ပင် ပျူယဉ်ကျေးမှုအင်္ဂါများ တူညီလျက်ရှိသည်ကို တွေ့ရသည်။ သို့သော် ဗိဿနိုးသည် အစောဆုံးပျူမြို့ဖြစ်၍ ထိုနောက်မှ ဟန်လင်းနှင့် သရေခေတ္တရာမြို့များ ထွန်းကားလာကြောင်း သိရှိရသည်။ စာတမ်းတွင် သရေခေတ္တရာနှင့် ဟန်လင်းမှ နောက်တွေ့ကမ္ပည်းကျောက်စာများကိုလည်း ဖော်ပြထားပါသည်။ ]

အစောပိုင်း မြန်မာနိုင်ငံသမိုင်းတွင် ပျူယဉ်ကျေးမှုသည် အရေးပါသော ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်းကို အများသိရှိကြပါသည်။ ရှေးဟောင်း သုတေသနနည်းများဖြင့် သမိုင်းအထောက်အထားများကို လေ့လာဖော်ထုတ်ရာ၌ ယဉ်ကျေးမှုလက္ခဏာဟုဆိုအပ်သော လူတို့ဖန်တီးပြုလုပ်၍ သုံးစွဲခဲ့ကြသည့် ရှေးဟောင်းပစ္စည်းအစုစုတို့ကို အခြေခံထား၍ စူးစမ်းသုံးသပ်ရပါသည်။ ပျူယဉ်ကျေးမှုလက္ခဏာများကို ပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာနှင့် ဟန်လင်းတွင် အများဆုံးတွေ့ခဲ့ရပေသည်။ ယင်းအထောက်အထားများမှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကာလက စူးစမ်းရှာဖွေမှုများကြောင့် တွေ့ရှိရခြင်းဖြစ်၏။ ပျူယဉ်ကျေးမှုနှင့် ခေတ်ပြိုင်၊ သို့မဟုတ် ထိုထက်စောသော ယဉ်ကျေးမှုသမိုင်းကို ဆင့်ကဲလေ့လာရန်

အတွက် ရှေးဦးစွာ ပျူခေတ်နှင့် စပ်လျဉ်း၍ အထောက်အထားများ ပိုမိုပြည့်စုံစွာ စုဆောင်းရန်လိုအပ်လေသည်။ ဤရည်ရွယ်ချက်ဖြင့် သရေခေတ္တရာထက် အနည်းငယ်စောသောကာလက တည်ထောင်၍ သရေခေတ္တရာခေတ်ဦးအထိ ထွန်းကားခဲ့သော ဗိဿနိုးမြို့ဟောင်းကို ၁၉၅၉-၆၀ ခုနှစ်မှစတင်၍ ခြောက်ကြိမ်တိတိ တူးဖော်လေ့လာခဲ့ပါသည်။ ယင်းတူးဖော်မှုသည် ပျူယဉ်ကျေးမှုဖော်ထုတ်ရာ၌ အထောက်အပံ့ဖြစ်စေ၏။ သို့သော် သရေခေတ္တရာနှင့် ဟန်လင်းမှ ယဉ်ကျေးမှု လက္ခဏာများနှင့် နှိုင်းယှဉ်ရန်အတွက် ယင်းမြို့ဟောင်း နှစ်ရပ်မှ ရှေးဟောင်းပစ္စည်းများကို ဗိဿနိုးမြို့တူးဖော်သည့် စနစ်သစ်အတိုင်း စူးစမ်းရှာဖွေရန် လိုအပ်လျက်ရှိပေသည်။ ထို့ကြောင့် ဗိဿနိုးတူးဖော်မှုကို ရပ်ဆိုင်းထား၍ သရေခေတ္တရာနှင့် ဟန်လင်းတွင် တူးဖော်ခဲ့ပြန်ရာ၊ ယခုအခါ သရေခေတ္တရာတွင် တတိယအကြိမ်မြောက်ဖြစ်၍ ဟန်လင်းတွင် စတုတ္ထအကြိမ်မြောက်ဖြစ်ပါသည်။ ဤမြို့ဟောင်း သုံးနေရာတွင် စနစ်သစ်ဖြင့် တူးဖော်လေ့လာချက်များအရ ယနေ့အထိ ရရှိထားသော ပျူယဉ်ကျေးမှုအထောက်အထားတို့ကို သုံးသပ်တင်ပြအပ်ပါသည်။

နောက်တွေ့ ပျူယဉ်ကျေးမှု အထောက်အထားများကို လေ့လာရာ၌ သရေခေတ္တရာနှင့် ဟန်လင်းမှ ယခင်က ဖော်ထုတ်တွေ့ရှိပြီးသော ရှေးဟောင်းပစ္စည်းများကို အခြေခံအားဖြင့် ပြန်လည်သုံးသပ်ရန် လိုပေသည်။ သရေခေတ္တရာတွင် ရှေးဟောင်း သုတေသန ( ယခင်ကမ္ပည်းကျောက်စာ ) ဌာနက အကြိမ်ပေါင်းများစွာ ကွင်းဆင်းလေ့လာ၍ အဆောက်အအုံဟောင်းများ အပါအဝင် မြေပေါ်အထောက်အထားပစ္စည်းများကို မှတ်တမ်းတင်သည့်အပြင် ၁၉၀၇ ခုနှစ်မှ စတင်၍ သရေခေတ္တရာမြို့ အတွင်းအပြင်၌ အုတ်ကုန်းဟောင်းများကို တူးဖော်စူးစမ်းခဲ့လေသည်။ ထိုသို့ကွင်းဆင်းလေ့လာမှုနှင့် တူးဖေါ်မှုများ ဆောင်ရွက်ခြင်းဖြင့် တွေ့ရှိမှတ်သားရသော ယဉ်ကျေးမှု အထောက်အထားများကို အောက်ပါအတိုင်း ခွဲခြားထားနိုင်ပါသည်။

မြို့အနေအထားနှင့်မြို့အင်္ဂါများ၊
အဆောက်အအုံများ၊
အနုပညာလက်ရာများ၊
ကမ္ပည်းစာအရေးအသားများ
အသုံးအဆောင် ဝတ္ထုပစ္စည်းများ။

သရေခေတ္တရာမြို့ရိုးသည် အကြမ်းအားဖြင့် စက်ဝိုင်းမကျ တကျ သဏ္ဌာန်ရှိ၍ တောင် မြောက် အချင်း နှစ်မိုင်ခွဲခန့်နှင့် အရှေ့အနောက် အချင်း နှစ်မိုင်ခန့် ကျယ်ဝန်းလေသည်။ ကျုံးပတ်ရံထားသည့် အုတ်မြို့ရိုးကို အချို့နေရာတွင် ၂ထပ်၊ အချို့နေရာတွင် ၃ထပ်အထိ ဆောက်လုပ်ကာ မြို့ပေါက်များစွာ ဖောက်ထား၏။ မြို့တွင်းအလယ်ဗဟိုလောက်တွင် နန်းတော်ကုန်းဟုခေါ်သော စတုဂံအုတ်ရိုး ကာရံထားသည့် ကုန်းမြင့်ရှိလေသည်။ ယင်းနန်းတော်ကုန်းသည် အလျားတောင်မြောက် တည့်တည့်မတ်မတ် မဟုတ်ဘဲ အနောက်မြောက်နှင့် အရှေ့တောင်သို့ တိမ်းစောင်းလျက် ရှိ၏။ အကျယ်အဝန်းမှာ အလျားကိုက် ၅၆၀ ခန့်နှင့် အနံကိုက် ၃၇၀ ခန့်ရှိ၏။ မြို့၏တောင်ဘက်တွင် ဗိဿနိုးမြို့ဟုခေါ်သော စတုရန်းကုန်းမြင့်ငယ်ငယ် တစ်ခုရှိလေသည်။ ထိုရသေ့မြို့နှင့် သရေခေတ္တရာမြို့ရိုးကြားတွင် ဗိဿနိုး မိဖုရားသင်္ချိုင်း အမည်တွင်သော နေရာတစ်ခုလည်း ရှိ၏။

သရေခေတ္တရာတွင် စေတီပုထိုးဟောင်း အများအပြားတွေ့ရသည်။ နန်းတော်ကုန်းတွင် အုတ်အဆောက်အအုံ အကြွင်းအကျန်များရှိသော်လည်း ပန္နက်ပုံစံကို အတိအကျမသိသာချေ။ အလျား လက်မ ၂၀ ခန့်ရှိသော အုတ်ကြီးများ အသုံးပြုလေ့ရှိသည်။ မြို့ရိုး၏အပြင်ဘက်တွင် ဘောဘောကြီး၊ ဘုရားကြီးနှင့်

ဘုရားမှာ အမည်တွင်သော စေတီကြီးသုံးဆူသည် ဖိုခနောက်ဆိုင်တည်နေသည်။ စေတီငုတ်တိုနှင့် ဂူဘုရား ကုန်းဟောင်းများကို မြို့၏ တောင်ဘက်ခြမ်းတွင် ပိုမိုတွေ့ရလေသည်။ လေးမျက်နှာ၊ ဘဲဘဲနှင့် အနောက် ဈေးဂူဘုရားတို့မှာ ပျူခေတ်လက်ရာ ဂူဘုရားပုံစံများ ဖြစ်သည်။

အနုပညာလက်ရာမြောက်ပစ္စည်းများအနက်တွင်လည်း ဘာသာရေးဆိုင်ရာ ဝတ္ထုပစ္စည်းများနှင့် ဗိသုကာဆိုင်ရာ ဝတ္ထုပစ္စည်းတို့ကို အများဆုံးတွေ့ရသည်။ ကျောက်ဆစ်လက်ရာများမှာ မှန်ကူကွက်များ ဖော်ထားသော ကျောက်ပလ္လင်ကြီးများ၊ ဗုဒ္ဓဆင်းတုများနှင့် ရုပ်ကြွကျောက်ချပ်များ၊ ဟိန္ဒူနတ်ရုပ်ကြွ ကျောက်ချပ်များ ဖြစ်လေသည်။ ဆင်းတုတော်များကို ရွှေငွေနှင့် ကြေးသတ္တုများဖြင့်ပြုလုပ်သည်လည်း ရှိ၏။ ခင်ဘကုန်း ဌာပနာတိုက်မှ ရွှေကြုတ်၊ ငွေကြုတ်၊ ရွှေကြာပန်း၊ ငွေကြာပန်း၊ ရွှေခြူ ငွေခြူတို့အပြင် ရွှေငွေတို့ဖြင့်ပြီးသော လိပ်ပြာရုပ်၊ ဟင်္သာရုပ်၊ သမင်ရုပ်နှင့် ငွေလှေပုံစံများကို ဖော်ထုတ်ရရှိ၏။ ထိုနေရာ မှပင် တွေ့ရှိရသည့် လက်ရာမြောက် ပစ္စည်းတစ်ခုမှာ ငွေဖြင့်ပြီးသော ဓာတ်ပင်ပုံစံ ဖြစ်သည်။ ဓာတ်ပင်၏ အကိုင်းအခက်နှင့်အရွက်များသည်ကြွေပျက်ကုန်ပြီဖြစ်သော်လည်း ပင်စည်နှင့်တကွအောက်ခံကြုတ်အပိုင်း မှာ အသင့်အတင့်ကောင်းမွန်သေးသည်။ ထိုငွေကြုတ်၏ ပတ်လည်တွင် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီး ဘုရား လေးဆူနှင့် ရဟန္တာလေးဆူတို့၏ ရုပ်တုတော်များကို ဖောင်းကြွအောင် ထုလုပ်ထားလေသည်။ ကြုတ်၏ အောက်ပိုင်းနှင့်အဖုံးတို့တွင် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် ပျူစာ၊ ပါဠိစာတို့ကို ရေးထိုးထားလေသည်။

သရေခေတ္တရာမှ ဘာသာရေးဆိုင်ရာဝတ္ထုပစ္စည်းများအနက်တွင်ရုပ်ကြွအုပ်ချပ်နှင့် အုတ်ခွက်ဟုအမည် တွင်နေသောရုပ်ပွားတော်များ၊ ပုံနှိပ်ထားသောအုတ်ချပ်ငယ်များကို အများဆုံးတွေ့ရလေသည်။ အုတ်ခွက် ပုံစံများမှာ အမျိုးပေါင်း ၄၀ ကျော်၍ အချို့ အုတ်ခွက်နောက်ကျောတွင် ပျူစာများရေးထိုးပါရှိလေသည်။

ကမ္ပည်းစာ အရေးအသားသည် ယဉ်ကျေးမှုတစ်ရပ်၏ ခေတ်အပိုင်းအခြားကို ခန့်မှန်းဆုံးဖြတ်ရာ၌ လွန်စွာအရေးပါသဖြင့် သရေခေတ္တရာမှ ယခင်ကဖော်ထုတ်ရရှိခဲ့သော ကမ္ပည်းစာများကို ပြည့်စုံစွာ ဖော်ပြအပ်ပါသည်။

**ကျောက်စာများ**

ဘဲဘဲဘုရားအတွင်း ကျောက်ရုပ်ကြွဗုဒ္ဓရုပ်ပွားတော်အောက်၌ ရေးထိုးထားသော အိန္ဒိယတောင်ပိုင်း အက္ခရာဖြင့် ပျူစာ၊ မှေးမှိန်နေ၍ ဖတ်မရသော်လည်း ဗြာဟ္မီအက္ခရာဖြင့် ကြားညှပ်စာတန်းများ ရေးထိုး ထားသည်ကို မြင်နိုင်သည်။[၁]

ကျောက်ကာသိမ်အတွင်းရှိ ကျောက်ရုပ်ကြွဗုဒ္ဓရုပ်ပွားတော်အောက်၌ ရေးထိုးထားသော အိန္ဒိယ တောင်ပိုင်း အက္ခရာဖြင့် ပျူစာ ၁၂-ကြောင်း မှေးမှိန်နေ၍ မဖတ်နိုင်။ သို့သော် ဗြာဟ္မီအက္ခရာဖြင့် ကြားညှပ်စာတန်းများ ရေးထိုးထားသည်။[၂]

မှော်ဇာခင်ဘကုန်း ( ပိျူးခင်းကြီးကုန်း ) မှ ရ၍ ကျောက်ကာသိမ်၌ထားသော ပျူစာတစ်ကြောင်းနှင့် ဗြာဟ္မီစာတစ်ကြောင်းပါသည့် ကျောက်စာ။ လက်ဝဲဘက်တစ်ခြမ်း မှေးမှိန်နေသည်။[၃]

ဘုရားကြီးအနီးမှတွေ့သော အရိုးအိုးစာများ၊ ယခု သရေခေတ္တရာပြတိုက်တွင် ထားသည်။

သူရိယဝိကြမ ဆွေမျိုးအရိုးအိုးပတ်လည် ပျူစာတစ်ကြောင်း[၅]

ဂုဏ်အရိုးအိုးအောက်မျက်နှာ ( ဖင်ပိုင်း )။ ပျူစာ ၇ ကြောင်း၊ ဗြာဟ္မီစာ ၈ ကြောင်း။[၆]

သူရိယဝိကြမ အရိုးအိုးပတ်လည် ပျူစာတစ်ကြောင်း။[၇]

ဟရိဝိကြမ အရိုးအိုးပတ်လည် ပျူစာတစ်ကြောင်း။[၈]

သီဟဝိကြမ အရိုးအိုးပတ်လည် ပျူစာတစ်ကြောင်း။

ဂုင်းနှင့်တစ်ဆက်တည်း နောက်ပိုင်းစာတန်း ဖတ်မရ။ [၉]

မြေအရိုးအိုးပတ်လည် ပျူစာတစ်ကြောင်း။[၁၀]

ဘောဘောကြီးဘုရားအနီးမှ ရရှိသော သုံးပိုင်းကျိုး ကျောက်တုံးငယ်ပေါ်၌ ရေးထိုးထားသည့် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် ပါဠိစာ ၃ ကြောင်း။[၁၁]

ကန်ဝက်ခေါင်းကုန်းမှတွေ့သော ကျောက်ရုပ်ပွားတော်၏ စမ္မခံပတ်လည်၌ ရေးထိုးထားသည့် ပျူနှင့် သက္ကတဘာသာ ကျောက်စာ။[၁၂]

ကြာနီကန်ကုန်းမှရရှိသော ကျောက်ရုပ်ပွားတော်၏ ကျောက်ချပ်အောက်ပိုင်း ပျူစာ ၈ ကြောင်းနှင့် ကြားညှပ် ဗြာဟ္မီစာတန်းများ။

## ရွှေပေ၊ ငွေပေနှင့် ငွေကြုတ်စာများ

ခင်ဘကုန်းမှ ပိဋကတ်တော် ကောက်နုတ်ချက်များ ရေးထိုးထားသည့် ရွှေပေချပ် ၂၀။[၁၃]

ခင်ဘကုန်းမှ တွေ့သောဗောဓိပင် ငွေကြုတ်ပတ်လည် ပျူနှင့် ပါဠိစာတန်းများ။[၁၄]

ခင်ဘကုန်းမှ တွေ့သောစာတန်းပါ ရွှေပြားနှင့် ငွေပြားအပိုင်းအစ ၁၆ ခု။[၁၅]

ပျူစာတစ်ကြောင်း အစအဆုံးနှင့် ဗြာဟ္မီအက္ခရာများပါသော ရွှေပြားတစ်ချပ်။[၁၆]

ပျူစာတစ်ကြောင်း အစအဆုံးနှင့် ဗြာဟ္မီအက္ခရာများပါသော ရွှေပြား ၂ ပိုင်းကျိုး၊ အလျား ၉ လက်မခန့်၊ အနံ ၇ လက်မ။

ပျူစာတိုတိုတစ်ကြောင်း အစအဆုံးပါသော တံခွန်ကုက္ကားပုံရွှေပြား (လက်ကိုင်ရိုးနှင့်)၊ ‡ ဗြာဟ္မီအက္ခရာတစ်လုံးပါသည်။ အလျား ၃ လက်မခွဲခန့်။

ပျူစာတစ်ကြောင်းပါသော ငွေပြားတစ်ပိုင်းတစ်စ။ ဗြာဟ္မီအက္ခရာ ၃ လုံးပါ။ အလျား ၅ လက်မ၊ အနံ ၈ လက်မ။

ပျူစာတစ်ကြောင်းနှင့်ဗြာဟ္မီအက္ခရာ တစ်ကြောင်းပါသော ငွေပြား။ အလျား ၃.၅ လက်မ။ အနံ .၆ လက်မ။

ပျူစာတစ်ကြောင်းနှင့် ဗြာဟ္မီအက္ခရာ တစ်ကြောင်းပါသော ငွေပြား။ အလျား ၆.၄ လက်မ၊ အနံ .၇ လက်မ။

ပျူစာတစ်ကြောင်းနှင့် ဗြာဟ္မီအက္ခရာတစ်ကြောင်းပါသော ငွေပြား ၃ ပိုင်းကျိုး။ အလျား ၆ လက်မ၊ အနံ ၇ လက်မ။

ပျူစာတစ်ကြောင်းနှင့် ဗြာဟ္မီအက္ခရာ တစ်ကြောင်းပါသော ငွေပြား။ အလျား ၆.၃လက်မ၊ အနံ .၆ လက်မ။

ပျူစာတစ်ကြောင်းနှင့်ဗြာဟ္မီအက္ခရာ တစ်ကြောင်းပါသော ငွေပြား။ အလျား ၂.၅လက်မ၊ အနံ .၅ လက်မ။

ပျူစာတစ်ကြောင်းပါသော ငွေပြား။ ဗြာဟ္မီအက္ခရာ တစ်လုံးပါသော ငွေပြား ၂ ပိုင်းကျိုး။ အလျား ၃.၃ လက်မ၊ အနံ . ၅ လက်မ။

ပျူစာတစ်ကြောင်းပါသော ငွေပြား။ ဗြာဟ္မီအက္ခရာ မပါ။ အလျား ၂.၄ လက်မ၊ အနံ ၅ လက်မ။

ဗိန္ဒုပြောက်ဖြင့် ပျူစာ ၄ လုံးရေးထိုးထားသော တမာရွက်ပုံ ငွေပြားတစ်ချပ်။ အလျား ၃.၅ လက်မ။

ကျွန်းတောစုရွာမှ အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် ဣတိပိသော အစချီ ပါဠိစာကြောင်း ၂ ကြောင်း ပါရှိသော ငွေပြား ၇ ပိုင်းကျိုး။ [၁၇]

ဘောဘောကြီး ဘုရားမှ အိန္ဒိယတောင်ပိုင်း အက္ခရာပါ ရွှေပြားနှင့် ငွေပြားအပိုင်းအစငယ် ၅ ခု။[၁၈]

### အုတ်ခွက်နှင့် အုတ်ချပ်စာများ

သရေခေတ္တရာတစ်ဝိုက်မှ ပေါ်ပေါက်တွေ့ရှိသည့် အုတ်ခွက်များအနက်တွင် အချို့မှာ နောက်ကျော၌ အိန္ဒိယတောင်ပိုင်း အက္ခရာဖြင့် ပျူစာနှင့်ပါဠိစာအသီးသီး ရေးထိုးပါရှိလေသည်။[၁၉]

### တံဆိပ်အက္ခရာ

ဖိုးခင်းကြီးကုန်းမှ ပယင်းအဝိုင်းပြားငယ်တစ်ခုပေါ်တွင် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့် နာမည်စာတန်း တစ်ခု ရေးထိုးထားသော တံဆိပ်တစ်ခု။

### အသုံးအဆောင် ဝတ္ထုပစ္စည်းများ

သရေခေတ္တရာတွင် အသုံးအဆောင် ဝတ္ထုပစ္စည်းများကို ဘာသာရေးဆိုင်ရာပစ္စည်းများလောက် အမျိုးအစားများပြားစွာ မတွေ့ရချေ။ ခင်ဘကုန်း ဌာပနာတိုက်မှ ရုပ်တု၊ ဆင်းတုများနှင့်အတူ ဌာပနာထားသော ပုတီးအမျိုးမျိုးကို ဖော်ထုတ်ရရှိသည်။ ယင်းတို့မှာ စေတီကျောက် agate၊ စလင်းခွဲ amethyst၊ စလင်းကျောက် crystal၊ မဟူရာကျောက်အမျိုးမျိုး carnelian၊ chalcedony၊ ကျောက်စိမ်း Jade စသည်တို့ဖြင့် ပြုလုပ်ထားသည်။ ပုတီးများနှင့်တကွ ဆင်ရုပ်၊ မကရ်းရုပ်နှင့် လိပ်ရုပ်များကိုပါ လည်ဆွဲတန်ဆာအဖြစ် အသုံးပြုသည်ဟု ယူဆရ၏။ ရွှေ၊ ငွေတို့ဖြင့် ပြုလုပ်သော စတီလက်စွပ်နှင့် ကျောက်စီလက်စွပ်များကိုလည်း တွေ့ရှိရသည်။

အိမ်သုံး မြေအိုးမြေခွက်များကိုမူ အပိုင်းအစအနအနေဖြင့်သာ ဖော်ထုတ်ရရှိသဖြင့် ပုံပန်းသဏ္ဌာန် အတိအကျ မှတ်တမ်းမတင်ခဲ့ချေ။ ခင်ဘကုန်းမှ နုတ်သီးပါသောမြေအိုးတစ်လုံးကိုသာ အကောင်းတွေ့ရ၏။ မြေအရိုးအိုးတို့ကိုကား နေရာအနှံ့အပြားတွင် ဖော်ထုတ်တွေ့ရှိရသော်လည်း ကြေမွပျက်စီးသွားလေ့ရှိသဖြင့် ပန်းအိုးပုံ၊ သပိတ်ပုံနှင့် လက်ကိုင်ဖုတပ်သော စလောင်းဖုံးပါသည့်ပုံတို့ကိုသာ မှတ်တမ်းတင်ထားရှိ၏။ ဘုရားကြီးအနီးမှ ကျောက်အရိုးအိုးကြီးများနှင့်အတူ လက်ရာကောင်း၍ ခိုင်ခန့်သော ကမ္ပည်းစာတန်းပါသည့် မြေအရိုးအိုးတစ်လုံးကို ရရှိခဲ့သည်။ အဖုံးပါသော ကြေးအရိုးအိုးတစ်လုံးကို မထောရွာတောင်ဘက်မှ ရရှိ၏။ သံထည်ဝတ္ထုပစ္စည်းများကို မတွေ့ရသော်လည်း အများအားဖြင့် သင်္ချိုင်းကုန်းများမှ သံချောင်းနှင့် သံမှိုများ ရရှိလေသည်။ သံပြားကြီးတစ်ချပ်တွင် သံချောင်းများကို မျက်နှာပြင်အပြည့် ရိုက်သွင်းထားသည်ကိုလည်း ဖော်ထုတ်ရရှိခဲ့၏။

ပျူဒင်္ဂါးဟု အမည်တွင်နေသော အမှတ်လက္ခဏာများ ဖောင်းကြွအောင်ခတ်နှိပ်ထားသည့် ငွေပြားများကိုလည်း သရေခေတ္တရာ၌ အနှံ့အပြားတွေ့ရသည်။ ယင်းငွေပြားများကို ရောင်းဝယ်မှု၌ ငွေကြေးအဖြစ် သုံးစွဲခြင်း ပြုမပြုကို အတိအကျ မသိနိုင်သော်လည်း လည်ဆွဲတန်ဆာဖြင့် သုံးလေ့ရှိကြောင်းကိုမူ

အချို့သော ငွေပြားများကို သီကုံးရန် အပေါက်ငယ်များ ဖောက်ထားသည်ကိုထောက်ရှု၍ သိသာလေသည်။ ငွေပြားဝိုင်းတို့၏ အရွယ်အစားမှာ မတ်စေ့အရွယ်မှ ကျပ်ပြားအရွယ်အထိရှိပြီး ယေဘုယျအားဖြင့် မျက်နှာဖက်တွင် ဗိန္ဒုပြောက်အနားအတွင်းတွင် သီရိဝစ္ဆလက္ခဏာပါရှိ၍၊ ကျောဖက်တွင်ဘဒ္ဒပိဌ ပလ္လင်ပုံ ပါရှိလေသည်။ အခြားအမှတ်လက္ခဏာများမှာ သီရိဝစ္ဆ၏ ဥကင် ဝဲယာတွင် နေနှင့်လ ပုံစံ၊ ဘေး ဝဲယာတွင် ခရုသင်းနှင့် ဝရဇိန်လက်နက်ပုံ၊ အောက်ခြေတွင် ရေလှိုင်းများပုံတို့ ဖြစ်ကြသည်။ သီရိဝစ္ဆ၏အတွင်းတွင် ဗိန္ဒုပြောက် ၄ ခုစီ ဝဲယာရံနေသော စေတီလုံးသဏ္ဌာန် အမှတ်လက္ခဏာပုံစံတစ်မျိုးကို တွေ့ရသည်။ ဒင်္ဂါးပုံစံတစ်ခုမှာ မျက်နှာဖက်တွင် သီရိဝစ္ဆပုံနှင့် အတွင်း၌ ခရုသင်းတစ်ခုတည်းသာ အမှတ်တံဆိပ်ပါရှိလေသည်။

ဟန်လင်းမြို့ဟောင်းတွင်မူကား ဒုတိယ ကမ္ဘာစစ်ကြီးမတိုင်မီက သရေခေတ္တရာမှာကဲ့သို့ နှံ့နှံ့စပ်စပ် တူးဖော်လေ့လာခြင်း မပြုခဲ့ရချေ။ ကွင်းဆင်းလေ့လာ၍ စမ်းသပ်တူးဖော်ချက်များအရ တွေ့ရှိရသည့် အထောက်အထားတို့မှာ အောက်ပါအတိုင်းဖြစ်လေသည်။

ဟန်လင်း၏မြို့ရိုးသည် စတုဂံပုံစံဖြစ်၍ တောင်မြောက်အလျား ပေ ၉၆၀၀ နှင့် အရှေ့အနောက် အနံ ပေ ၅၈၀၀ ရှိ၍ အလျားမှာ အရှေ့တောင်မှ အနောက်မြောက်သို့ အနည်းငယ်တိမ်းစောင်းနေသည်။ မြို့ရိုးမှာ မြေပြင်ထက် ၁ ပေမှ ၂ ပေခန့် မို့မောက်နေသော အုတ်ကျိုးအုတ်ပဲ့များသာ ကျန်တော့၍ ထင်ထင်ရှားရှား မရှိတော့ချေ။ မြို့၏ အလယ်ပိုင်းတွင် နန်းတော်ရာဟုခေါ်သော စတုဂံအတွင်းအုတ်မြို့ရိုးတစ်ခု ရှိနေ၏။ ၎င်းအတွင်း မြို့ရိုးမှာလည်း မထင်ရှားလှတော့ချေ။ မြို့တွင်း၌ ရှေးဟောင်း အဆောက်အဦ အပျက်အစီး တည်ရှိနေသည်ကို မတွေ့ရချေ။ အုတ်ကုန်းကြီးကြီးမားမားလည်း မရှိပဲ ခပ်ပြန့်ပြန့်ဖြစ်နေသော ကုန်းမြင့်အနည်းငယ်သာရှိလေသည်။

ဒုတိယကမ္ဘာစစ်ကြီး မတိုင်မီက တူးဖော်မှုကြောင့် အဆောက်အအုံမည်မည်ရရ မပေါ်ပေါက်ခဲ့သော်လည်း အရိုးအိုးများနှင့် ဒင်္ဂါးများကို စုဆောင်းရရှိခဲ့သည်။ အရိုးအိုးများမှာ ကြေမွကွဲအက်သွားသဖြင့် မည်သည့်ပုံစံဖြစ်သည်ကို မှတ်တမ်းမတွေ့ရတော့ချေ။ ဟန်လင်း၌တွေ့သော အမှတ်လက္ခဏာပါသည့် ငွေပြားဝိုင်းတို့မှာ မတ်စေ့အရွယ်မှ ကျပ်ပြားအရွယ်ဖြစ်၍ မျက်နှာဖက်တွင် သီရိဝစ္ဆ လက္ခဏာပါရှိလေသည်။ သို့သော် ယင်းလက္ခဏာမှာ သရေခေတ္တရာမှ သီရိဝစ္ဆပုံစံကဲ့သို့ ကောက်ကြောင်းထူထူ မဟုတ်ပဲ ပေါ်လွင်ရုံမျှသာ ထုလုပ်ပါရှိ၏။ သီရိဝစ္ဆ၏ ဥကင်ဝဲယာတွင် နေလပုံများ ပါရှိ၏။ သို့သော် အလယ်ပိုင်း ဝဲယာတွင် စကြာပုံနှင့် ဘဒ္ဒပိဌပလ္လင်ပုံ ပါရှိလေသည်။ အတွင်း၌လည်း သရေခေတ္တရာဒင်္ဂါးမှာကဲ့သို့ ဗိန္ဒုပြောက်၊ သို့မဟုတ် စေတီပုံမပါဘဲ တြိဂံဖော်ထားသော မျဉ်းကွေး ၃ ခုအတွင်း၌ ဗိန္ဒုပြောက် တစ်ခုသာ ပါရှိလေသည်။

ဟန်လင်းမြို့ဟောင်းမှ ယခင်ကတွေ့ရှိထားသော ရှေးဟောင်းကျောက်စာများမှာ အောက်ပါတို့ဖြစ်လေသည်။

မြို့တွင်းမှတွေ့သည့် ပျူစာ ၂ ကြောင်းနှင့် ဗြာဟ္မီအက္ခရာ ၂ ကြောင်းကို တစ်ကြောင်းကျော်စီ ရေးထိုးပါရှိသည့် ကျောက်စာ။ ထိုကျောက်ချပ်ကို ၁၉၀၅ ခုက တွေ့ရှိသဖြင့် ပုဂံပြတိုက်သို့ ပြောင်းရွှေ့ထားရှိ၏။[၂၀]

မြို့ရိုး၏ အရှေ့တောင်ဘက် နဂါးရုံကန်အနီးမှ ပျူစာ ၈ ကြောင်းနှင့် ကြားညှပ်ဗြာဟ္မီအက္ခရာစာကြောင်းများပါရှိသော ကျောက်စာ၊ ကျောက်စာ၏ထိပ်ပိုင်းတွင် နေနှင့်လ ပုံသဏ္ဌာန် ရေးထွင်းပါရှိ၏။[၂၁]

ဟန်လင်းမြို့မြောက်ဘက် တကန်သာရွာ၌တွေ့၍ မြသိန်းတန်ဘုရားမှတစ်ဆင့် မြို့တွင်း ကျောက်စာရုံသို့ ရွှေ့ပြောင်းထားပြီးသော ရုပ်ကြွကျောက်ချပ်ကြီး။ ထိုကျောက်ချပ်ကြီးမှာ အထက်ပိုင်းပဲ့နေ၍ ကျန်ရှိသည့်အစိတ်အပိုင်းတွင် မင်းထိုင်နေဟန်ရှိသော ဗောဓိသတ်၊ သို့မဟုတ် ဗုဒ္ဓရုပ်ပွားတော်၏ အောက်ခြေပိုင်းနှင့် လက်အုပ်ချီနေသော ယောကျ်ားများ ၃ တန်းမျှစီတန်းနေပုံတို့ ပါရှိလေသည်။ ရုပ်တုများ၏အောက်ပိုင်းတွင် ပျူစာ ၂ ကြောင်းမှ ၃ ကြောင်းခန့်အထိ မူလက ရေးထိုးပါရှိဟန်တူလေသည်။ ယခုမှာမူထိုအစိတ်အပိုင်းမှာ လွန်စွာပြုန်းတီးနေသဖြင့် အစပိုင်း၌ ပျူအက္ခရာအနည်းငယ်ကိုသာ ရေးရေးမျှတွေ့မြင်ရတော့သည်။ ဤကား သရေခေတ္တရာနှင့် ဟန်လင်းတွင် ယခင်က စုဆောင်းရရှိထားသော သမိုင်းအထောက်အထားများ ဖြစ်၏။

စနစ်သစ်ဖြင့် တူးဖော်စူးစမ်းချက်အရ ပေါ်ပေါက်တွေ့ရှိရသော အထောက်အထားပစ္စည်းများအနက် ရှေးဦးစွာ ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်းမြို့တို့၏ အနေအထားနှင့် အဆောက်အအုံများကို တင်ပြရန် ဖြစ်ပါသည်။

ဗိဿနိုးမြို့ဟောင်း၏ မြို့ရိုးမှာ စတုဂံပုံဖြစ်၍တစ်ဖက်လျှင် ၂ မိုင်ခန့်ရှည်လျား၏။ သို့သော် အနောက်ဘက်မြို့ရိုးမှာ ရေတိုက်စားမှုကြောင့်လည်းကောင်း၊ အင်းအိုင်များနှင့် ကပ်လျက်ရှိပြီး လယ်ကွက်များ ထွန်ယက်နေမှုကြောင့်လည်းကောင်း၊ ယခုအခါ လုံးဝပျောက်ကွယ်လျက်ရှိချေပြီ။ မြို့ရိုးထောင့်များသည် ကျင်တွယ်ကိုက် ချိုးကွေ့မထားပဲ ခပ်ပြေပြေကွေ့ဝိုက်ထားလေသည်။ အရှေ့ဘက်မြို့ရိုးသည် တောင်မြောက် တည့်တည့်မဟုတ်ပဲ အရှေ့တောင်မှ အနောက်မြောက်သို့ ၁၃ ဒီဂရီခန့် တိမ်းနေသည်။ မြို့၏အလယ်ပိုင်း မကျတကျတွင် နန်းတော်ရာဟုခေါ်သော စတုဂံ အုတ်မြို့ရိုးတစ်ထပ်ရှိလေသည်။ ယင်းအတွင်းမြို့မှာအရှေ့ဘက်နှင့် အနောက်ဘက် နှစ်ပိုင်းကန့်ထား၍ အနောက်ဘက်ပိုင်းကို တစ်ဖန်နှစ်ခြမ်းကန့်ထားပြန်သေးသည်။

ဗိဿနိုး၏ အပြင်မြို့ရိုးသည် တောင်ဘက်နှင့် မြောက်ဘက်၌ မြေပြင်မှ ၅ ပေခန့်အထိ ကုန်းရိုးတန်း အဖြစ် ကျန်ရှိသေးသော်လည်း အရှေ့ဘက်တွင် မြေပြင်နှင့်တညီတည်းနီးပါးမျှသာ ကျန်တော့၏။ မြို့ရိုးတစ်ဖက်စီတွင် မူလက တံခါးပေါက် ၃ ပေါက်စီရှိသည်ဟု အဆိုရှိသော်လည်း ယခုအခါ လှည်းလမ်းပေါက်များ ပြည့်နှက်နေ၍ မည်သည့်နေရာသည် မူလမြို့ပေါက်ဖြစ်သည်ဟူ၍ မခန့်မှန်းနိုင်ချေ။ ထို့ကြောင့် မြောက်ဘက်မြို့ရိုးတွင် မြို့ရိုး၏ထုကို လေ့လာရန်အတွက်လည်းကောင်း၊ မြို့ပေါက်အနေအထားကို စူးစမ်းရန်အတွက်လည်းကောင်း သုံးနေရာမျှ တူးဖော်ကြည့်ပါသည်။ မြို့ရိုးကို ပိုင်းဖြတ်ကြည့်သောနေရာတွင် အုတ်ရိုးမှာ အကျယ် ၇ ပေရှိ၍ မြေဝင်အုတ်မြစ်ချခြင်းမပြုပဲ အုတ်ရိုးအောက်၌ ဖို့မြေဖြင့် အခြေခံကုန်းရိုး ပြုလုပ်ထားသည်ကို တွေ့ရသည်။ မြောက်ဘက်မြို့ရိုးတွင် တူးဖော်၍ တွေ့ရှိရသော မြို့ပေါက်နှစ်ပေါက်တွင် မြို့ရိုးအုတ်တံတိုင်းများသည် အတွင်းဖက်သို့ကွေ့ဝိုက်ချိုးဝင်သွား၍ ပေ ၁၀၀ ခန့် ကတုတ်များအဖြစ် တည်ရှိလေသည်။ ယင်းကတုတ်များအကြားရှိ မြို့ဝင်ပေါက်လမ်းမှာ ၁၅ ပေမှ ပေ ၂၀ အထိကျယ်၍၊ မူလက သစ်သားတံခါးကြီး တစ်ခုစီ တပ်ဆင်ထားကြောင်း အထောက်အထားဖြစ်သည့် မီးသွေးနှင့် သံဆုံများကို ဖော်ထုတ်ရရှိသည်။

ဗိဿနိုးမြို့ဟောင်း၏ အတွင်းမြို့ရိုး၌ အရှေ့ဘက် အဝင်ပေါက်တစ်ပေါက်ကို ဖော်ထုတ်နိုင်ခဲ့၏။ ထိုအတွင်း မြို့ပေါက်မှာမူ အပြင်မြို့ပေါက်များကဲ့သို့ ကွေ့ဝိုက်မနေပဲ ကျင်တွယ်ကိုက် ထောင့်မှန်ချိုး၍ အတွင်းသို့ အလျား ၃၅ ပေမျှကတုတ် ၂ ခု ပြုလုပ်ထားပါသည်။ ထိုကတုတ် ၂ ခုကြားရှိ ဝင်လမ်းမှာ ၁၅ ပေခန့်ကျယ်ပါသည်။

လွတ်လပ်ရေးရပြီးနောက် တူးဖော်စူးစမ်း သုတေသနပြုလုပ်ခြင်းကို စံနစ်သစ်ဖြင့် ဆောင်ရွက်ရာ၌ ဗိဿနိုးတွင် ဦးစွာစတင်ခဲ့ခြင်းဖြစ်သဖြင့် ဗိဿနိုးမှ ပေါ်ပေါက်တွေ့ရှိသည့် အထောက်အထားများကို မူတည်၍ သရေခေတ္တရာန ဟန်လင်းတွင် အထက်၌ဖော်ပြခဲ့သည့် စုဆောင်းပြီး အချက်အလက်များအပြင် ယခုဆောင်ရွက်ဆဲ တူးဖော်မှုများကြောင့် တွေ့ရှိရသော အထောက်အထားတို့ကိုပါ နှိုင်းယှဉ်တင်ပြလို ပါသည်။

၁၉၆၃ – ၆၄ ခုနှစ်မှစ၍ စံနစ်သစ်ဖြင့် တူးဖော်လျက်ရှိသော သရေခေတ္တရာတွင် မြို့ရိုး၏ အနောက် မြောက်ဘက်ပိုင်းတွင် ရွှေတံခါးအမည်ရှိသော မြို့ပေါက်ကို ဖော်ထုတ်ခဲ့ပါသည်။ ယခင်က မြို့ပေါက်များ တည်နေရာကို သာမန်လေ့လာမှုသာ ပြုလုပ်ခဲ့၏။ ယခု တူးဖော်ကြည့်သည့်အခါတွင် မြို့ပေါက်စီမံပုံမှာ ဗိဿနိုးမြို့ပေါက်နှင့် ဆင်တူသည်ကို တွေ့ရှိရလေသည်။ သို့သော် မြို့တွင်းသို့ကွေ့ဝိုက်၍ ချိုးဝင်သွားသော အုတ်ရိုးကတုတ်သည် သရေခေတ္တရာ ရွှေတံခါးပေါက်၌ ပေ ၃၀၀ ခန့်မျှ ရှည်လျား၍ ဗိဿနိုးထက်ကြီးမား လေသည်။

၁၉၆၂ – ၆၃ မှ စတင်တူးဖော်လျက်ရှိသော ဟန်လင်းမြို့ဟောင်းတွင်လည်း တောင်ဘက်မြို့ရိုးတွင် အဝင်ပေါက်တစ်ခုနှင့် အရှေ့ဘက်မြို့ရိုးတွင် အဝင်ပေါက်တစ်ခုကို ဖော်ထုတ်ပြီးဖြစ်၏။ ယင်းမြို့တံခါးပေါက် များသည်လည်း ဗိဿနိုးနှင့် သရေခေတ္တရာမြို့ပေါက်များကဲ့သို့ ပန္နက်ပုံစံတူညီကြောင်း တွေ့ရလေသည်။ ဟန်လင်းမှ အရှေ့ဘက်မြို့ဝင်ပေါက် ကတုတ်သည် သရေခေတ္တရာ ရွှေတံခါးမှ ကတုတ်လောက် မရှည်လျား သော်လည်း ပေ ၁၉၀ မျှရှိသဖြင့် ဗိဿနိုးကတုတ်များထက် ရှည်လေသည်။

သရေခေတ္တရာမြို့ပေါက်၏ ထူးခြားချက်မှာ အတွင်းသို့ကွေ့ဝိုက်ချိုးဝင်သော အုတ်ကတုတ် ၂ ခုကို ကပ်လျက် ၃ ပေ ၉ လက်မမျှအထိ ရှည်လျားသော သံမှိုချောင်း ( သံမယ်န ) ကြီးများကို အုတ်ရိုးနှင့် ကပ်လျက် မြေတွင်းသို့ စီတန်းရိုက်သွင်းထားခြင်းပင် ဖြစ်သည်။ ၎င်းအပြင် မြို့ပေါက်အဝင်၌ မြောက်ဘက် ကတုတ်နှင့်ကပ်လျက် ကျောက်စာချပ်တစ်ခုကို စိုက်ထူထားလေသည်။ ယင်းကျောက်ချပ်မှာ အောက်ခြေ တွင် ရွှေပြားအစများ အောက်ခံပြု၍ မြှုပ်နှံထားသည်ကို ထောက်ရှု၍လည်းကောင်း၊ မူလတည်နေရာ အစစ် အမှန်ဖြစ်ကြောင်း ထင်ရှားသိသာပေသည်။ ကျောက်စာမှာ အတော်ပြွန်းတီးနေပြီဖြစ်သော်လည်း ကျန်ရှိ သေးသည့်အပိုင်းတွင် အိန္ဒိယတောင်ပိုင်းအက္ခရာဖြင့်ထွင်းထားသော ပါဠိစာကြောင်းများကို ဖတ်ရှုနိုင်သေး သည်။ အကြောင်းအရာမှာ မောရသုတ်နှင့် မင်္ဂလသုတ်မှ ဂါထာများဖြစ်ပေသည်။ ( လေ့လာချက်ကို ကမ္ဘည်းစာအရေးအသားကဏ္ဍတွင် ဆက်လက်ဖော်ပြပါမည်။) အလားတူ ကျောက်ချပ်တစ်ချပ်ကို ကုန်းရိုး ရွာအနီးရှိ သရေခေတ္တရာမြို့ရိုး၏ အရှေ့မြောက်တံခါးပေါက်မှ ရှာဖွေတွေ့ရှိရပါသည်။ ယင်းကျောက်စာ ၌မူ ရတနသုတ်မှ ကောက်နုတ်ချက်များ ပါရှိလေသည်။ ဗိဿနိုးတွင် ကျုံးရှိတန်သောနေရာ၌ တူးဖော် ကြည့်သော်လည်း ကျုံး၏အကျယ်နှင့် အနက်ကို တိတိကျကျ ပိုင်းခြားနိုင်လောက်အောင် အထောက်အထား မတွေ့ရချေ။ ဟန်လင်း၌ကား ကျုံးသာလျှင်မက မြို့ရိုးပါ တိမ်ကောပျက်စီးလျက်ရှိချေပြီ။ သရေခေတ္တရာ ၌မူ တူးဖော်ရန်ပင် မလိုပဲ ကျုံးအနေအထားနှင့် မြို့ရိုးကို ထင်ထင်ရှားရှား တွေ့မြင်နိုင်သေး၏။

အဆောက်အအုံများကို ဖော်ထုတ်လေ့လာရာတွင် ဗိဿနိုး၌ အုတ်အဆောက်အအုံမျိုးကို တွေ့ရလေ သည်။ ပျူမြို့ဟောင်း သုံးမြို့လုံးတွင် သာမန်လူနေအိမ်ခြေများကို သစ်ဝါးများဖြင့် ဆောက်လုပ်ခဲ့ကြသည် ကို ယုံမှားဖွယ်ရာ မရှိပါ။ ယင်းနေအိမ်များ ကာလကြာမြင့်၍ အစအနမျှ မကျန်အောင် ပျက်စီးပျောက် ကွယ်သွားပြီဖြစ်၏။ သို့သော် အုတ်ဖြင့်ပြီးသော အဆောက်အအုံများကား ပြိုပျက်သွားခဲ့သော်လည်း အစိတ်အပိုင်းအချို့မှာ ကြွင်းကျန်တိမ်မြုပ်လျက် ရှိနေပေသေးသည်။

ဗိသနိုးအမှတ် ၂ ကုန်းမှ ပေါ်ပေါက်လာသော အုတ်တိုက်ကြီးမှာ အလျားပေ ၁၀၀ ရှည်လျား၏။ သုံးပေခန့် အုတ်ခုံပေါ် တွင် အရှေ့မျက်နှာပြု ဆင်ဝင်ခန်းတစ်ခု၊ အလယ်အခန်းရှည်ကြီးတစ်ခုနှင့် အနောက်ဘက် တစ်ခြမ်းတွင် တောင်မြောက်စီတန်း၍ ဖွဲ့ထားသော အခန်းငယ် ၈ ခန်းတို့ ပါဝင်လေသည်။ ယင်းအုတ်တိုက်တွင် အောက်ခြေမြေဝင်အုတ်မြစ်ချထားခြင်း မရှိချေ။ သို့သော် အလျား ၁၈ လက်မမှ လက်မ ၂၀ အထိရှိသော အုတ်ပြားကြီးများဖြင့် အပြင်နံရံ၏ ၄ ပေ အကျယ်မျှဖြင့် ခိုင်ခန့်အောင် ဆောက်လုပ်ထားသည်။ ဆင်ဝင်နှင့် အခန်းတိုင်းမှာပင် ပြတင်းပေါက်များ ဖောက်ထားသည်။ အဝင်ပေါက်ကြီးများတွင် တစ်ဖက်ပိတ် သစ်သားတံခါးကြီးများ တပ်ဆင်ခဲ့သည်။ ယင်းတံခါးရွက်များကို သံပြားရှည်တိုဖြင့် မှန်ကူကွက်ဖော်ကာ၊ အကွက်တစ်ကွက်အတွင်း၌ သံမှိုပွင့်တစ်ခုစီဖြင့် ခြယ်လှယ်ထားသေး၏။ တံခါးများကို သံဆုံများဖြင့် နေရာတကျ တပ်ဆင်ကာ ဖွင့်ပိတ်အသုံးပြုခဲ့၏။ ဤကား ပထမအမျိုးအစား အုတ်တိုက်ပုံစံဖြစ်လေသည်။ ယင်းအဆောက်အအုံကို တူးဖော်ပြီးစက လူနေတိုက်တာဖြစ်သည်ဟု ယူဆသော်လည်း ဘာသာရေးအဆောက်အအုံထက် အရပ်သုံးအဆောက်အအုံဖြစ်မည်ဟု ခန့်မှန်းခဲ့၏။ အကြောင်းမှာ အုတ်တိုက်အတွင်းမှ အိုးကွဲပုံစံအမျိုးစုံအပြင် အရိုးမြောက်မြားစွာ တွေ့ရှိရခြင်းကြောင့် ဖြစ်သည်။ သို့သော် ပတ်ဝန်းကျင်မှ အဆောက်အအုံများကို ထောက်ထား၍ ဘာသာရေးအဆောက်အအုံတစ်ခု ဖြစ်မည်ဟု ပြင်ဆင်ကောက်ချက်ချရန် ရှိလေသည်။

ဗိသနိုးမှ ဒုတိယအုတ်အဆောက်အအုံ အမျိုးအစားမှာ အမှတ် ၃ ကုန်းမှ တွေ့ရသည့် စက်ဝိုင်းပန္နက်ရှိသည့် အဆောက်အအုံဖြစ်သည်။ ယင်းအဆောက်အအုံမှာ ယခုကျန်ရှိသမျှပကတိမြေပြင်မှ ၁၁ ပေအထိ တစ်ဖြိုးတည်း တက်သွားသော ရေတွင်းကဲ့သို့ သုံးပေထု အုတ်ရိုးဝိုင်းဖြစ်လေသည်။ ထိုအတွင်း၌ အုတ်ကျိုးအုတ်ပဲ့များ ပြည့်နှက်အောင်ဖို့ထား၏။ အချင်း ၃၄ ပေမျှရှိသော အုတ်ရိုးဝိုင်းတွင် လေးမျက်နှာ၌ လေးထောင့်အုတ်ခုံများ စွန်းထွက်လျက်ရှိ၏။ ထိုအုတ်ခုံများသည် တစ်ဖြိုးတည်းရှိသော အလယ်ပင်မအုတ်ရိုးထက် အနည်းငယ်သာ နိမ့်လေသည်။ ဤအဆောက်အအုံတစ်ခုလုံးကို ဝိုင်းစက်သော အုတ်တံတိုင်းနှစ်ထပ်ကာရံထားသည်။ အဆောက်အအုံအတွင်း၌ ဌာပနာပစ္စည်း တစ်စုံတစ်ခုမျှမတွေ့ခြင်းနှင့် တံတိုင်းမှအုတ်ခုံစွန်းအမြင့်ထိအောင် မူလကပင် မြေအပြည့်ဖို့ထားခြင်းတို့ကြောင့် ယင်းအဆောက်အအုံကို မြေစိုက်စေတီဟု ယူဆရန် မလွယ်ကူချေ။ သို့သော် နောက်ထပ်တွေ့ရှိရသည့် အဆောက်အအုံများကို အကြောင်းပြု၍ မူလထင်မြင်ချက်ကို ပြင်ဆင်ရန်ရှိ၏။

ဤနေရာတွင် တတိယ အမျိုးအစားဖြစ်သော အဆောက်အအုံပုံစံကို သုံးသပ်ရပေမည်။ ကုန်းအမှတ် ၆၊ ၁၄ နှင့် ၁၈တို့တွင် စတုရန်းအုတ်ရိုးအတွင်း၌ စက်ဝိုင်းပန္နက်ရှိသော အုတ်ခုံအဆောက်အအုံများ ဖော်ထုတ်ရရှိလေသည်။ အမှတ် ၆ မှ အဆောက်အအုံသည် အနောက်ဘက်တစ်ပိုင်း ပျက်စီးနေချေပြီ။ အမှတ် ၁၄ နှင့် ၁၈ တို့တွင် မျက်နှာတစ်ဖက်၌ လေးထောင့်အုတ်ခုံအစွန်းတစ်ခုစီ ပါရှိသေး၏။ အဆောက်အအုံအတွင်း၌ ဌာပနာပစ္စည်းတစ်စုံတစ်ရာ မတွေ့ရသော်လည်း ပန္နက်ပုံစံအားဖြင့် အိန္ဒိယတောင်ပိုင်း နာဂဇုနကုဏ္ဍမှ စေတီပန္နက်များနှင့် တူညီလေသည်။ ယခု အဆောက်အအုံများမှာ ပြိုပျက်၍ အထက်ပိုင်းမရှိတော့စေကာမူ လေးထောင့်ပစ္စယာအထက်၌ စေတီလုံးတည်ထားသော ဥဒ္ဒိဿစေတီများဖြစ်သည်ဟု ယူဆရ၏။ ထို့ကြောင့် အမှတ် ၃ မှ အဆောက်အအုံကြီးသည်လည်း ဥဒ္ဒိဿစေတီတစ်ဆူ ဖြစ်ပေလိမ့်မည်။ ထိုစေတီ၌ လေးဘက်အုတ်ခုံအစွန်းတို့သည် နာဂဇုနကုဏ္ဍ စေတီများမှ ကျောက်စာစိုက်ထူသော အုတ်ခုံများနည်းတူ ဆောက်လုပ်ထားဟန်ရှိပေသည်။

စတုတ္ထအဆောက်အအုံ အမျိုးအစားမှာ အုတ်အတိပြည့်သော စတုရန်းအဆောက်အအုံဖြစ်၍၊ အရှေ့ဘက်တွင် လှေခါးသဖွယ် အစွန်းထွက်လျက်ရှိ၏။ အမှတ် ၁၂ ကုန်းတွင် ဖော်ထုတ်တွေ့ရှိသော ဤအဆောက်အအုံမှာ အုတ်ခုံပတ်လည်၌ ဖောင်းရစ်များဖြင့် ချယ်လှယ်ထားလေသည်။

ဗိဿနိုးမြို့ဟောင်းရှိ ပဉ္စမအဆောက်အအုံ အမျိုးအစားမှာ ကုန်းအမှတ် ၉ နှင့် ၁၁ တို့တွင် ဖော်ထုတ်ထားသော အုတ်နံရံကာရံထားသည့် ခန်းမဆောင်သဖွယ် အဆောက်အအုံများဖြစ်လေသည်။ အမှတ် ၉ တွင် အဝင်ပေါက်တံခါး တပ်ဆင်ခြင်း၊ အထက်ပိုင်းနှင့် အမိုးကိုထောက်ကူရန်အတွက် သစ်သားတိုင်ကြီးများ စိုက်ထူခဲ့ခြင်းတို့ကို မီးလောင်ကျွမ်းသော အစအနများမှ ထောက်ရှု၍ သိသာလေသည်။

ဆဋ္ဌမ အမျိုးအစားကို ကုန်းအမှတ် ၄ တွင် တွေ့ရသည်။ ဤအဆောက်အအုံ၏ ပန္နက်မှာ စတုရန်းအုတ်နံရံ နှစ်ထပ်အတွင်း၌ လေးထောင့် အခန်း ၁ ခန်းနှင့် ပတ်လည်စင်္ကြံ တစ်ခု ဖြစ်လေသည်။

ဟန်လင်းမြို့ဟောင်း၌မူ မြို့တွင်းမြို့ပြင်၌ အဆောက်အအုံအကြွင်းအကျန်ဖြစ်သည့် အုတ်ကုန်းများ ထင်ထင်ရှားရှား မကျန်ရစ်တော့ချေ။ မြို့ပေါက်များမှလွဲ၍ အခြားတူးကွက်တို့တွင် ပန္နက်ပေါ်လွင်သော အဆောက်အအုံနှစ်ခုကိုသာ တွေ့ရသေးသည်။ အမှတ် ၅ ကုန်းတွင် ၂၅ ပေ အလျားရှိသော စတုရန်းအုတ်ရိုးကာရံထားသည့် အခန်းတစ်ခန်းပါဝင်၍၊ အရှေ့ဘက်နံရံမှ ၁၅ပေ အလျားရှိသော အုတ်ရိုးနှစ်ခုမှာ ၁၀ ပေခန့်ခြား၍ စွန်းထွက်နေသည်။ အမှတ် ၉ ကုန်းတွင်ကား အလျားပေ ၁၅၀၊ အနံ ၁၀၅ ပေရှိသော စတုရန်း အုတ်နံရံကာထားသည့် ခန်းမဆောင်ကြီးတစ်ခု တွေ့ရသည်။ ၄င်းအတွင်း၌ သစ်သားတိုင်လုံးကြီးပေါင်း ၈၁ တိတိ စိုက်ထူအသုံးပြုခဲ့ကြောင်းကို မီးကျွမ်းထားသောတိုင်ခြေများကို ထောက်၍ သိသာလေသည်။

ပျူမြို့သုံးမြို့ ဖြစ်သည့် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာမှ အဆောက်အအုံများကို နှိုင်းယှဉ်ကြည့်သည်တွင် ဗိဿနိုးအမှတ် ၂ ကဲ့သို့ အခန်းများ ကန့်ထားသည့် ကျောင်းတိုက်လို အဆောက်အအုံကို သရေခေတ္တရာနှင့် ဟန်လင်းတွင် မတွေ့ရသေးချေ။ သရေခေတ္တရာ၌ ဗုဒ္ဓဘာသာ စေတီပုထိုးနှင့် ဂူဘုရားများ ထင်ထင်ရှားရှား တည်ရှိလေသည်။ ဗိဿနိုး၌ ဥဒိဿစေတီဟု ယူဆနိုင်သည့်အဆောက်အအုံများ တည်ရှိသော်ထည်း၊ ပန္နက်ပုံစံအားဖြင့် သရေခေတ္တရာ စေတီများနှင့် ကွာခြားလေသည်။ နီးနီးစပ်တူသည့် ပုံမှာ သရေခေတ္တရာတွင် အနည်းငယ်သာရှိလေသည်။ ၎င်းတို့မှာ ရွှေကြို့ပင်ရိုးကုန်းနှင့် ကုလားကန်ကုန်း ရွာ၏ အရှေ့ဘက်ရှိ မသီးကျကုန်းတို့မှစေတီများ ဖြစ်ကြသည်။ ဟန်လင်းတွင် အဆောက်အအုံ အနည်းငယ်သာတွေ့ရသော်လည်း အမှတ် ၉ အဆောက်အအုံသည် ဗိဿနိုးမှ အမှတ် ၉ အဆောက်အအုံနှင့် တစ်ပုံစံတည်း ဖြစ်လေသည်။ ထိုအဆောက်အအုံ တစ်ခုလုံးကို ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများ ဖြစ်ကြသည်ဟု တတ်အပ်သေချာစွာ မှတ်ယူရန် မလွယ်ချေ။ အဆောက်အအုံများ၌ အသုံးပြုသည့် အုတ်ချပ်ကြီးများ၏ အရွယ်အစားနှင့် ၎င်းတို့အပေါ်၌ လက်ရာအရေးအကြောင်းများကား မြို့ဟောင်းသုံးနေရာလုံးတွင် တစ်ပုံစံတည်းလို ဖြစ်ကြသည်။

ပျူယဉ်ကျေးမှု၏ အင်္ဂါတစ်ရပ်ဖြစ်သော အရိုးအိုးမြှုပ်နှံသည့် ဓလေ့ကို မြို့ဟောင်းသုံးမြို့လုံးတွင် ခိုင်ခိုင်လုံလုံ တွေ့ရ၏။ သို့သော် သရေခေတ္တရာတွင် စံနစ်ဟောင်းဖြင့် တူးဖော်စဉ်က အိုးကွဲများကို စုဆောင်းထားခြင်း မပြုခဲ့သဖြင့် တွေ့သမျှပုံစံတို့ကို ပြည့်ပြည့်စုံစုံ လေ့လာရန် မဖြစ်နိုင်တော့ချေ။ ဓာတ်ပုံမှတ်တမ်းများကိုထောက်၍ သရေခေတ္တရာမှ အရိုးအိုးများအနက် ပန်းအိုးသဏ္ဌာန်အရိုးအိုးနှင့် အနားကုတ်အိုးလုံးများပါဝင်သည်ကို သိရှိရ၏။ ဗိဿနိုးမှမူ အရိုးအိုး မြောက်မြားစွာ ဖော်ထုတ်ရရှိသည့်အနက် အမျိုးကွဲပုံစံပေါင်း ၁၀၀ ကျော်မျှ ခွဲခြားပါဝင်လေသည်။ အရိုးအိုးပုံစံများ အဆန်းတကြယ်ပြုလုပ်ခြင်းမှာ ဗိဿနိုး

မြို့ဟောင်း၏ ထူးခြားချက်တစ်ရပ် ဖြစ်ပေသည်။ ဟန်လင်းမှ အရိုးအိုး အမြောက်အမြား မတွေ့ရသော်လည်း ယခုနောက်ဆုံး ဖော်ထုတ်ရရှိသည့် လက်ကိုင်ဖုတပ်ထားသော ဇောက်နက်သော အဖုံးပါရှိသည့် အိုးမြင့်မြင့်ပုံစံမှာ ဗိဿနိုးမှ အိုးပုံစံနှင့် တူညီလေသည်။ ပျူအရိုးအိုးတိုင်းမှာ အောက်ပိုင်း( ဖင်ပိုင်း )မှာ ပါးလှပ်လှပ်ဖြစ်ချေသည်။

မြို့ဟောင်းသုံးမြို့လုံးမှာပင် အရိုးအိုးများကို မြို့တွင်းရောမြို့ပြင်ပါ နေရာအနှံ့အပြား မြှုပ်နှံခဲ့ကြသည်။ ဗိဿနိုးတွင် အဆောက်အအုံများ အတွင်း၌လည်းကောင်း၊ အပြင်နံရံနှင့် ကပ်လျက်လည်းကောင်း များစွာတွေ့ရ၏။ အရိုးအိုးမြှုပ်နှံသည့် ဓလေ့အပြင် ရုပ်ကလာပ်ကို မီးသဂြိုဟ်ခြင်း မပြုပဲ သာမန်အတိုင်း မြေ၌မြှုပ်နှံခြင်းကိုလည်း ဗိဿနိုးနှင့် ဟန်လင်းတွင် တွေ့ရသေးသည်။ ခန္ဓာဗေဒပညာရှင်များ လေ့လာချက် အရ ဗိဿနိုးမှလူရိုးစုတစ်ခုမှာ အသက် ၂၅ အရွယ်ခန့် ယောက်ျားတစ်ဦး၏အရိုးဖြစ်၍ ထိုလူငယ်မှာ မွန်ဂိုအနွယ်တစ်ဦးဖြစ်၍ အသက်ရှင်စဉ်က အာဟာရကောင်းမွန်ပြည့်ဝစွာ စားသောက်ခဲ့ရခြင်းတို့ကို သိရှိရပါသည်။

ဗိဿနိုးမှ အရိုးအိုးများအပြင် အိမ်သုံးမြေအိုးမြေခွက်များကိုလည်း ပုံစံ ၁၀၀ ခန့်ဖော်ထုတ် ရရှိခဲ့၏။ မြေအိုးမြေခွက်နှင့် အိုးခြမ်းကွဲများသည် သမိုင်းကွင်းဆက်များ ဖော်ထုတ်ရာ၌ များစွာအသုံးဝင်သော သဲလွန်စ အထောက်အထားများဖြစ်၏။ လူအများ နေထိုင်စားသောက်မှုတွင် အိုးခွက်တို့သည် မရှိမဖြစ်သော ဝတ္ထုပစ္စည်းများ ဖြစ်သည်။ မြေအိုးများသည် ကွဲလွယ်ပျက်လွယ်သော်လည်း၊ အိုးကွဲအပိုင်းအစများသည် တာရှည်ခံ၏။ ရွှေငွေပစ္စည်းကဲ့သို့ အမြတ်တနိုး သိမ်းဆည်းခြင်း၊ ပြောင်းရွှေ့ရာသို့ ယူဆောင်သွားခြင်း မလိုအပ်သဖြင့် မူလသုံးစွဲသည့်နေရာတွင် တွေ့ရတတ်သည်။ ထို့ကြောင့် အိုးကွဲများကို တွေ့ရသည့်အခါ သုံးစွဲသူတို့၏ဓလေ့ကို ဖော်ထုတ်ရန် အထောက်အကူ ရနိုင်လေသည်။ မြို့ဟောင်းများတွင် တွေ့ရသော သာမန်အိမ်သုံးအိုးပုံစံတို့ တူညီခြင်းမှာ ရိုးရိုးတိုက်ဆိုင်မှုဟု ယူဆနိုင်သော်လည်း၊ ထူးခြားသော ခြယ်လှယ်မွမ်းမံမှုများ ပါရှိသည့်ပုံစံတို့မှာ ယဉ်ကျေးမှုဆက်စပ်ခြင်းကို ညွှန်းရာရောက်ပေသည်။ ဗိဿနိုးမှ အိုးခြမ်းကွဲများတွင် ခြယ်လှယ်ထားသော ပုံစံများသည် ဟန်လင်းမှ ပုံစံများနှင့်ဆင်တူလေသည်။ အထူးသဖြင့် သီရိဝစ္ဆပုံ၊ ငါးကြင်းနှစ်ကောင်ပုံ၊ ကလသာအိုးပုံ၊ ကနေသောလူရုပ်ပုံတို့မှာ ထိုမြို့ဟောင်းနှစ်နေရာမှ အိုးကွဲများတွင် တံဆိပ်ခပ်နှိပ်ခြယ်လှယ်ထားသည်ကို တွေ့ရ၏။

ယင်းအမှတ်လက္ခဏာများအနက် သီရိဝစ္ဆပုံမှာ အထူးစိတ်ဝင်စားဖွယ်ရာ ဖြစ်ပါသည်။ ပျူဒင်္ဂါးခေါ်သည့် ငွေပြားတံဆိပ်များပေါ်တွင် သီရိဝစ္ဆလက္ခဏာ ပါရှိ၏။ ဒင်္ဂါးများမှာ မြတ်နိုးဖွယ်သော ပစ္စည်းများအဖြစ် တစ်နေရာမှ တစ်နေရာသို့ သယ်ဆောင်သွား၍ ပြန့်နှံ့ခြင်းဖြစ်နိုင်ရာ၊ တွေ့ရာဒေသတွင် တီထွင်ထားခြင်း ဟုတ်ကောင်းမှဟုတ်ပေမည်။ အိုးကွဲများပေါ်၌ သီရိဝစ္ဆလက္ခဏာ ပါရှိခြင်းကြောင့် တွေ့ရာဒေသ၌ မှီတင်းနေထိုင်သူများသည် ယင်းအမှတ်အသားကို စွဲစွဲမြဲမြဲအသုံးပြုကြောင်း ထင်ရှား၏။ ထို့ကြောင့် ဒင်္ဂါးပေါ်မှ အမှတ်တံဆိပ်များကိုလည်း ၎င်းတို့ပင်ပြုလုပ် သုံးစွဲခဲ့ကြသည်ဟု ယူဆရ၏။ ယခင်ကတွေ့ရှိခဲ့သော အထောက်အထားများအရ ပျူဒင်္ဂါးများအနက်တွင် တက်နေဝန်းပါသော ငွေပြားကို ဟန်လင်းဒင်္ဂါးဟူ၍လည်းကောင်း၊ ဘဒ္ဒပီဌပါသော ငွေပြားကို သရေခေတ္တရာဒင်္ဂါးဟူ၍လည်းကောင်း၊ ခွဲခြားမှတ်သားခဲ့ပါသည်။ မျက်နှာဖက်တွင် သီရိဝစ္ဆ အလယ်၌ ခရုသင်းပါရှိသည့် ပုံစံမှာလည်း သရေခေတ္တရာ၌သာလျှင် တွေ့ခဲ့ဘူး၏။ ယခုတူးဖော်မှု လုပ်ငန်းသစ်များဆောင်ရွက်ရာမှ ဟန်လင်းမြို့ဟောင်းကုန်း အမှတ် ၈ တွင် ဘဒ္ဒပီဌပါသော ငွေပြားကိုလည်းကောင်း၊ အမှတ် ၁၀ မှ သီရိဝစ္ဆ အတွင်း ခရုသင်းပါသော ငွေပြားကိုလည်းကောင်း ဖော်ထုတ်ရရှိလေသည်။ တက်နေဝန်းပါသော ဒင်္ဂါးကိုလည်း ဗိဿနိုးတွင် တူးဖော်ရရှိ၏။ သရေခေတ္တရာ၌ တက်နေဝန်း ဒင်္ဂါးတစ်ပြားကို ခင်ဘကုန်းမှ ပစ္စည်းများအနက်တွင်

တွေ့ဘူးလေပြီ။ ထို့ကြောင့် သရေခေတ္တရာနှင့် ဟန်လင်းတို့တွင် အမြောက်အများသုံးစွဲသော သီးခြား ဒင်္ဂါးပုံစံ များ ရှိသည်သာမက၊ ဟန်လင်းတွင် သရေခေတ္တရာဒင်္ဂါး အနည်းငယ် အသုံးပြုခဲ့သည့်နည်းတူ သရေခေတ္တရာ ၌လည်း ဟန်လင်းဒင်္ဂါးအနည်းငယ် အသုံးပြုခဲ့ကြောင်း တွေ့ရှိရလေသည်။ ဗိဿနိုး၌ကား ပုံစံနှစ်မျိုးစလုံး အညီအမျှခန့် ဖော်ထုတ်ရရှိခဲ့၏။

ပုတီးလည်ဆွဲများသည်လည်း ယဉ်ကျေးမှု အထောက်အထားများ ဖြစ်ပေသည်။ မြို့ဟောင်း သုံး နေရာလုံး၌ မြေပုတီးများတွေ့ရှိသည်မှာ ထူးခြားသည်ဟုမဆိုနိုင်သော်လည်း၊ စလင်းကျောက်နှင့် ရောင်စုံ မဟူရာကျောက်များနှင့်ပြီးသော ပုတီးပုံစံများ တူညီကြသည်မှာ မြို့ဟောင်းသုံးမြို့၏ ယဉ်ကျေးမှု ဆက် စပ်ပုံကို ထင်ရှားစေပါသည်။ အထူးသဖြင့် သရေခေတ္တရာ ခင်ဘကုန်း၌ တွေ့ရသည့် ကျောက်စိမ်း ဆင်ရုပ် လည်ဆွဲမျိုးကို ဟန်လင်းတွင်လည်း ဖော်ထုတ်ရရှိပါသည်။

သံထည်ပစ္စည်းများ ပြုလုပ်သုံးစွဲရာ၌ မြို့ဟောင်း တစ်နေရာစီတွင် ထူးခြားချက်တစ်မျိုးစီ တွေ့ရလေ သည်။ သရေခေတ္တရာတွင် သုံးပေကျော်သော သံမယ်နကြီးများကို အဆောက်အအုံ အုတ်ရိုးများ၌ ကပ်၍ မြေတွင်းသို့ စိုက်ထား၏။ ဗိဿနိုးတွင် သစ်သားတံခါးများကို သံမှိုပွင့်များဖြင့် ခြယ်လှယ်ကာ မြို့တံခါး နှင့် အဆောက်အအုံ တံခါးများကို သံဆုံများတပ်ဆင်ကာ ဖွင့်ပိတ်မှုကိုပြုလုပ်၏။ ဟန်လင်း၌မူ တံခါး၌ တပ်ဆင်သော သံဆုံများတွင် အထက်အောက် နှစ်ဖက်ချွန် သံချောင်းများဖြင့် စွဲမြဲနိုင်ခံ့အောင် ပြုလုပ်ပါ ရှိလေသည်။ ထို့ပြင် ဟန်လင်း၌ သံမြွားသွားများနှင့် လှံသွားများကိုလည်း တွေ့ရလေသည်။

ယဉ်ကျေးမှု အထောက်အထားအဖြစ် လွန်စွာအရေးပါသော ကမ္ပည်းစာအရေးအသားများကို သုံးသပ် ရာ၌ ရှေးဦးစွာ နာမည်တံဆိပ်များကို လေ့လာရန်ရှိပါသည်။ ဗိဿနိုး အမှတ် ၂ အဆောက်အအုံမှ တံဆိပ်ခတ်နှိပ်ထားသော ရွှံ့တုံးကလေးတစ်ခုတွေ့ရပါသည်။ ထိုရွှံ့တုံးကလေးပေါ်တွင် မူလက လေးဘက် လေးတန်၌ တံဆိပ်နှိပ်ထားဟန်ရှိသော်လည်း ရွှံ့တုံး၏တစ်ခြမ်းကိုသာ ရရှိပါသဖြင့် တံဆိပ်ပိုင်းကို နှစ်နေရာ ၌ ဖတ်ရှုနိုင်ပါသည်။ တံဆိပ်၏ အလယ်ဗဟိုတွင် ဗိန္ဒုပြောက် ဝစ်ခုပါရှိ၍ စာတန်းမှာ ပတ်လည်ပိုင်း၍ ရေးထိုးထား၏။ ဗိဿနိုးတူးဖော်မှု ပဏာမအစီရင်ခံစာတွင် ယင်းစာတန်းကို သိရိပပတရယ၊ သို့မဟုတ် သိရိမိတရယဟူ၍ဖတ်ရကြောင်း ဖော်ပြထားပါသည်။ ရွှံ့တုံးကလေးမှာ မီးလောင်ထားသည့်အပြင် တံဆိပ် အနားပိုင်းများ ပွန်းပဲ့နေသဖြင့် ကျန်အပိုင်းနှစ်ခုကို ဆက်စပ်လေ့လာမှ ပြည့်ပြည့်စုံစုံ ဖတ်နိုင်ပါသည်။ ယခုတစ်ဖန် တံဆိပ်ပါစာတန်းကို သေချာစွာလေ့လာသည့်အခါတွင် စာတန်း၏ အစနှင့်အဆုံးကြားတွင် အက္ခရာမဟုတ်ပဲ စကြာပုံအမှတ်လက္ခဏာ ရေးထိုးထားသည်ကို တွေ့ရ၏။ သီရိဟူသော စာလုံးများ သည် စကြာအမှတ်၏ရှေ့၌ ကျရောက်နေပါသည်။ ထိုကြောင့် စာတန်းကို ပြန်လည်ဖတ်ရှုရာ၌ [ ● ] သံဃသီရိဟူ၍ ဖတ်နိုင်ပါသည်။ စကြာတံဆိပ်တွင် လက်တံများသည် ထောင့်မှန် ချိုးမထားပဲ ကောက် ကွေ့နေသဖြင့်လည်းကောင်း၊ အထက်ပိုင်းတွင် တံဆိပ်အနားနှင့် ဆက်နေ၍လည်းကောင်း၊ ယင်းအမှတ် လက္ခဏာကို မ ပ အက္ခရာများ ထင်မှတ်ခဲ့ပါသည်။ ထို့ပြင် တ နှင့် ရ ဟူ၍ယူဆသော အရေးအသားမှာ အက္ခရာ ၂ လုံး မဟုတ်ပဲ သ အက္ခရာ တစ်ခုတည်းသာ ဖြစ်ပါသည်။ အိန္ဒိယတောင်ပိုင်း၊ အမရဝတီ မြို့ဟောင်းတွင် စေတီပုထိုးများ၌ ကျောက်ဖုဒ္ဓဝင် ရုပ်ကြွများ ထုလုပ်ပူဇော်ရာ၌ ကောင်းမှုရှင် နာမည် ကို ကမ္ပည်းရေးထိုးထားလေရာ၊ ဓမ္မသီရိ၊ ဒီဃသီရိ၊ အဂ္ဂသီရိ၊ နာဂသီရိ စသောဘွဲ့မည်များပါရှိလေ သည်။ ထို့ကြောင့် သံဃသီရိဟူသော အမည်မှာလည်း ကျောင်းတိုက်ပုံစံ ရှိသော အမှတ် ၂ အဆောက် အအုံကြီးကို ဆောက်လုပ်လှူဒါန်းသောကုသိုလ်ရှင်တစ်ဦး၊ သို့မဟုတ် ကျောင်းတိုက်တွင် သီတင်းသုံးသွား သော သံဃာတစ်ပါး၏ ဘွဲ့အမည်ဖြစ်နိုင်ပေသည်။ ယင်းဘွဲ့တံဆိပ်တွင် အက္ခရာသုံးလုံးသာ ပါရှိသဖြင့် ကမ္ပည်းစာ အရေးအသားကိုထောက်၍ ရေးထိုးသော ခေတ်ကာလကို တိတိကျကျမဆုံးဖြတ်နိုင်သော်လည်း

အိန္ဒိယတောင်ပိုင်း၌ ၂ ရာစုခန့်က အသုံးပြုသော ဗြာဟ္မီပွားအက္ခရာများနှင့် နီးစပ်သည်ဟု ဆိုနိုင်ပါသည်။ ကောက်ကွေးသော လက်တန်းများဖြင့် စကြာပုံ ရေးဆွဲခြင်းကို လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်က အိန္ဒိယတောင်ပိုင်း ဂူ၊ ပုထိုး၊ နံရံများ၌သာ တွေ့ရသည်။

သရေခေတ္တရာနှင့် ဟန်လင်းတွင် အထက်ဖော်ပြပါ ဗိဿနိုးမှ ရွှံ့တံဆိပ်မျိုး မတွေ့ရသော်လည်း ပယင်းရောင် မဟူရာကျောက်တစ်မျိုးပေါ်တွင် ရေးထိုးထားသည့် တံဆိပ်တစ်ခုစီ ဖော်ထုတ်ရရှိခဲ့၏။ သရေခေတ္တရာမှ တံဆိပ်မှာ ခင်ဘကုန်းဌာပနာများနှင့် အတူတွေ့ရခြင်း ဖြစ်သည်။ မှတ်တမ်းများတွင် ယင်းတံဆိပ်ကို ဒိဝရဌဟု ဖတ်ရှုထားကြောင်း တွေ့ရ၏။ စင်စစ်မှာ ယင်းတံဆိပ်သည် ရွှံ့ပေါ်၌ခတ်နှိပ်ထားသည့် တံဆိပ်နှင့် ရေးသားမှုမှာ ဆန့်ကျင်ဘက်ဖြစ်၏။ လက်စွပ်ကွင်းသော ကျောက်အရွယ်အစား ကျောက်ပြားကလေးပေါ်၌ ထွင်းထားသော ကမ္ပည်းစာတန်းသည် ပြောင်းပြန်ဖြစ်၍ ရွှံ့၊ ချိတ်၊ သို့မဟုတ် ဖယောင်းပေါ်၌ ဖိနှိပ်လိုက်မှ အမှန်အတိုင်း ဖတ်ရှုနိုင်လေသည်။ ဗိဿနိုးမှ ရွှံ့တုံး တံဆိပ်တုံးသည် ခတ်နှိပ်ပြီးသော တံဆိပ်ဖြစ်၍ သရေခေတ္တရာ တံဆိပ်တုံးသည် ခတ်နှိပ်ရန် တံဆိပ်ဖြစ်၏။ ယင်းသရေခေတ္တရာ တံဆိပ်ကို စာသွားအမှန်အတိုင်း ဖတ်ရှုသည့်အခါ ရူပဝဒိဟူ၍ ရေးထိုးထားကြောင်း သိရပါသည်။ အက္ခရာအရေးအသားမှာ ဗိဿနိုးတံဆိပ်မှ အရေးအသားနှင့် မရှေးမနှောင်းဖြစ်ပေသည်။

ဟန်လင်း၌မူ ကုန်းအမှတ် ၁၂ မှ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလအတွင်းကပင် ကျောက်တံဆိပ်ပိုင်းကလေးတစ်ခုကို ဖော်ထုတ်ရရှိခဲ့၏။ လက်စွပ်ကွင်း၍ဝတ်သော ဘဲဥပုံကျောက်ပြားငယ်ငယ်ဖြစ်၍ ပယင်းရောင်တောက်နေသည်။ ဤတံဆိပ်မှာကား သရေခေတ္တရာတံဆိပ်ကဲ့သို့ ခတ်နှိပ်ရန်အတွက် ရေးထွင်းထားခြင်း မဟုတ်ပဲ စာလုံးများ ဖောင်းကြွအောင် ပြုလုပ်ထားခြင်းဖြစ်၏။ ထို့ကြောင့် စာတန်းကို ပြောင်းပြန်ဖတ်ရန်မလိုပဲ ပကတိအတိုင်း ဖတ်ရလေသည်။ စာလုံးများမှာ ပေါ်ပေါ်လွင်လွင်ရှိသော်လည်း အဓိပ္ပာယ်ပြည့်ဝသောအမည်ကို မဖော်နိုင်ပါ။ စာတန်းကို " ဒယာဒါနံ "၊ " ဒယိဒိနံ "၊ " ဒယိဒိတံ " စသည်ဖြင့် အမျိုးမျိုး ဖတ်ရှုနိုင်လေသည်။

ဗိဿနိုးမှ ရွှံ့တံဆိပ်တစ်ခုမှလွဲ၍ အခြားမည်သည့် ကမ္ပည်းစာမှ မတွေ့ရပါ။ သရေခေတ္တရာနှင့် ဟန်လင်းတွင်မူ အထက်တွင် ဖော်ပြထားသော ယခင်တွေ့ပြီး ကျောက်စာများအပြင် နောက်ထပ်ကျောက်စာ နှစ်ချပ်စီ ဖော်ထုတ်ရရှိခဲ့၏။

သရေခေတ္တရာမှ ကျောက်စာနှစ်ချပ်မှာ အောက်ပါတို့ဖြစ်သည်။

ရွှေတံခါးမြို့ပေါက်အဝင်၌ မူလစိုက်ထူထားသော ကျောက်စာ၊ စာကြောင်းရေ ၂၈ ကြောင်းခန့်ပါရှိ၏။ သို့သော် ကျောက်ချပ်၏ မျက်နှာအလယ်ပိုင်းမှာ ပျက်စီးကွာကျသွားပြီဖြစ်၍ စာကြောင်းများ၏ ဝဲယာအစွန်းပိုင်းများသာ ကျန်ရှိတော့၏။ ယင်းစာတန်းများသည်လည်း လွန်စွာပြုန်းတီးမှေးမှိန်နေသဖြင့် လက်ျာအစွန်းအောက်ပိုင်း စာကြောင်း ၇ ကြောင်းမှ အစိတ်အပိုင်းတို့ကို အောက်ပါအတိုင်း ဖတ်ရှုနိုင်သည်။

.......... ပထဝိပ္ပဘာသော တံတံန

.......... အပေတယံ စက္ခုမ ကေ

.......... ဝိမုတ္တိယာ ဣမံသော

.......... အနာထပိ

.......... သာဒေဝတာ ဘာဂဝံန္တံ ဂါထာယအ

.......... အတ္တာသမ္မာပ နိ မိစ တော်မင်္ဂလ မုတမံ

.......... ဇာနိကမ္မာနိ တော်မင်္ဂလမု

အထက်ပါ စာကြောင်း ၇ ကြောင်းတွင် မောရသုတ်နှင့် မင်္ဂလသုတ်ဂါထာတော်များ ပါဝင်လေရာ ကျောက်ချပ်တစ်ခုလုံးတွင် ပရိတ်ကြီးပါဠိတော်မှ သုတ်စဉ် လေးခုထက်မနည်း ရေးထိုးထားကြောင်း ခန့်မှန်းရပါသည်။ အက္ခရာအရေးအသားကို ထောက်ရှု၍ ၅ ရာစုမှ ၆ ရာစု အရေးအသားများဖြစ်၍ ခင်ဘကုန်းမှ ရွှေပေချပ်များနှင့် တစ်ခေတ်တည်းဖြစ်ကြောင်း သိသာ၏။

သရေခေတ္တရာမြို့ရိုး၏ အနောက်မြောက်ထောင့်၊ ကုန်းရိုးရွာအနီးရှိ မြို့ဝင်ပေါက်မှ တွေ့ရသောကျောက်စာ။ ဤကျောက်စာတွင် ပါဠိစာကြောင်း ၄ ကြောင်းပါရှိ၍ အောက်ပါအတိုင်း ဖြစ်သည်။

သိဒ္ဓံယကိဉ္စိ ( ဆိ ) ဝေါဟုရံဝါသဂ္ဂေသုဝါ

ယံရတနံပနိတံ န .......

အတ္တိတထာဂတေန ဣဒံပိဗုဒ္ဓေရတနံ

ပနိတံ ဧတေန သစ္စေန သု..... တု

ယာနိဓ ဘူတာနိ ..... နိဘုမ္မာနိဝါ

ယာနိဝါ အန္တလိက္ခေ တထာဂတံ

ဒေဝမနုဿပူဇိတံ .......

..... သတ္ထုနမဿာမိ

ကျောက်ပြားမှာ တစ်ပိုင်းကျိုးဖြစ်ဟန်တူ၍ မူလက အောက်ပိုင်းတွင် စာကြောင်းအဆက်များ ရှိသေးသည်ဟု ထင်ရပါသည်။ ယခု ဖတ်ရှုရသည်မှာ ရတနသုတ် ပရိတ်တော်မှ ကောက်နုတ်ချက်ဂါထာများဖြစ်ပါသည်။ အက္ခရာအရေးအသား ခေတ်အပိုင်းအခြားအားဖြင့် ၅ ရာစုမှ ၆ ရာစုအတွင်းပင် ဖြစ်သည်ဟု ခန့်မှန်းရပါသည်။

သရေခေတ္တရာမှ ယင်းနောက်တွေ့ကျောက်စာနှစ်ချပ်သည် သရေခေတ္တရာကမ္ပည်းစာ အရေးအသားနှင့်ပတ်သက်၍ အရေးပါသော အထောက်အထားတစ်ရပ်ပင် ဖြစ်ပေသည်။ ယခင်က ပါဠိတော်ကောက်နုတ်ချက်များကို ရွှေပြား၊ ငွေပြားများပေါ်တွင် ရေးထိုးထားသည်ကိုသာ တွေ့ရ၏။ ဘောဘောကြီးမှ ကျောက်တုံးငယ်ငယ်တစ်ခုတွင် ပါဠိစာကြောင်း သုံးကြောင်း ပါရှိသော်လည်း ယခုလို ကျောက်ပြားကြီးများပေါ်တွင် စာတန်းရှည်များ ရေးထိုးခြင်းကို ပထမဆုံးအကြိမ် တွေ့ရှိရခြင်းဖြစ်၏။ ယင်းပါဠိတော်ကျောက်စာ နှစ်ချပ်နှင့် ယခင်တွေ့ရှိပြီး ကျောက်စာ၊ ရွှေပေစာ၊ ငွေပေစာတို့ကို ပေါင်းရုံး၍ သုံးသပ်သည်တွင် ပျူဘာသာဖြင့် ကမ္ပည်းစာအများအပြားတွင် ဗြာဟ္မီအက္ခရာဖြင့် ကြားညှပ်စာကြောင်းများ ထည့်သွင်းလေ့ရှိကြောင်း တွေ့ရ၏။ ဗြာဟ္မီအက္ခရာမပါသော ကမ္ပည်းစာများမှာ အုတ်ခွက်စာနှင့် ငွေပြား၊ ရွှေပြားအချို့သာလျှင် ဖြစ်၏။ ပါဠိစာ ရေးထိုးထားသော ကျောက်ချပ်နှင့် ရွှေပြား၊ ငွေပြားတိုင်းတွင် မူကား ကြားညှပ် ဗြာဟ္မီအက္ခရာ စာကြောင်းများ မပါသည်ကို ကောက်ချက်ချနိုင်ပါသည်။

ဟန်လင်းမှ နောက်တွေ့ကျောက်စာနှစ်ချပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ဟန်လင်းမြို့တွင်း နန်းတော်ရာ၏ မြောက်ဘက် ၂ ဖာလုံအကွာတွင် တွေ့ရသော ပျူကျောက်စာ၊ ကျောက်ချပ်ကြီးတွင် ရေးထိုးထားသော စာတန်းများမှာ အလျား ၅၃ လက်မအထိ ရှည်လျား၍ စာကြောင်း ၇ ကြောင်း ( ၆ ကြောင်းနှင့်တစ်ဝက် ) အစအဆုံး ပြည့်စုံစွာ ရှိပေသည်။ ပျူစာတန်းများအကြားတွင် ဗြာဟ္မီအက္ခရာများ ညှပ်၍ ရေးထိုးထားလေသည်။ ပျူကမ္ပည်းစာ အရေးအသားကို ပုဂံခေတ်အထိသာ နောက်ဆုံးတွေ့ရ၍ ဘာသာစကားမှာလည်း ကာလကြာမြင့်စွာကပင် တိမ်ကောပျောက်ကွယ်ခဲ့ပြီးဖြစ်ရာ၊ ရာဇကုမာရ် ( မြစေတီ ) ကျောက်စာ၌လာသော ပျူဘာသာ ဝေါဟာရများမှအပ

အခြားစကားလုံးများ၏ အဓိပ္ပာယ် ဖော်ထုတ်ရန် မအောင်မြင်နိုင်သေးချေ။ ထို့ကြောင့် ဤ ဟန်လင်း ပျူ ကျောက်စာကြီးတွင်လည်း ဘွဲ့အမည်များမှလွဲ၍ မည်သည့်အကြောင်းရပ်ကို ရေးထိုးမှတ်တမ်းတင်ထား ကြောင်း မသိသာပါ။ ကျောက်စာအစတွင် " သိဒ္ဓ(မ ) " ဟူသော စကားလုံးနှင့် စာကိုယ်တွင် " ဗြိတြိဝိဂြမ " အမည်နှစ်ကြိမ် " ၀းမ " အမည်နှစ်ကြိမ် ပါရှိသည်ကိုသာ သေချာစွာ ဖတ်ရှုနိုင်၏။ ကျောက်စာ၏ အဓိပ္ပာယ်အကြောင်းခြင်းရာကို မဖော်ထုတ်နိုင်သေးသော်လည်း အဆိုပါ ဘွဲ့အမည်များ ပါဝင်သည်ကို ထောက်၍ သရေခေတ္တရာသမိုင်းနှင့် ဆက်စပ်မှုရှိကြောင်း သိသာလေသည်။ သရေခေတ္တရာ မှ ကျောက်အရိုးအိုးများတွင် ဝိကြမ မင်းဆက် မင်းဘွဲ့သုံးရပ်ကိုလည်းကောင်း၊ ကျောက်ရုပ်ပွားတော် စမ္မခံပတ်လည်မှ သက္ကတပျူကျောက်စာမှ " ဇယစန္ဒြဝါမန် " ဘွဲ့မည်ကိုလည်းကောင်း၊ ဗောဓိပင် ငွေ ကြုတ်ပတ်လည်မှ " ဗြိပြဘုဝါမ " အမည်ကိုလည်းကောင်း တွေ့ရှိပြီးဖြစ်သည့်အလျောက် ဟန်လင်းပျူ ကျောက်စာမှ ဘွဲ့မည်များသည် သရေခေတ္တရာနှင့်ခေတ်ပြိုင် မှည့်ခေါ်သုံးစွဲသောအမည်များဖြစ်သည်ဟု ယူဆနိုင်၏။

ကမ္ပည်းစာ အရေးအသားနှင့်စပ်လျဉ်း၍ ဟန်လင်းကျောက်စာကို သရေခေတ္တရာမှ သူရိယဝိကြမ ဆွေမျိုး အရိုးအိုးအောက်ပိုင်း ( ဖင်ပိုင်း )မှ ကျောက်စာနှင့် နှိုင်းယှဉ်နိုင်ပေသည်။ မစ္စတာ ဘလက်ဒင်က သူရိယဝိကြမ ဆွေမျိုး၏ အရိုးအိုးပတ်လည် ပျူစာကို ၇ ရာစု ( ၆၇၃ ခုနှစ် ) အရေးအသားဟု ခန့်မှန်း ထား၏။ ယင်းခန့်မှန်းချက်ကို လက်ခံနိုင်စေကာမူ အရိုးအိုးဖင်ပိုင်းမှ ကမ္ပည်းစာကို တစ်ချိန်တည်းရေးထိုး သော ခေတ်ပြိုင်အရေးအသားဟု မယူဆနိုင်ချေ။ အရိုးအိုးပတ်လည်စာတန်းများသည် ရာဇကုမာရ် ( မြစေတီ ) ကျောက်စာအရေးအသားနှင့် ပိုမိုနီးစပ်သည်။ ရဆွဲများနှင့် ဣသရ ( လုံးကြီးတင် ) အက္ခရာ ကို ရှည်ရှည်မရေးဆွဲချေ။ ဗြာဟ္မီအက္ခရာအောက်ဆင့် ရေးထိုးခြင်းလည်း မပါရှိချေ။ အရိုးအိုး ဖင်ပိုင်းမှ စာကြောင်းများတွင် ရဆွဲနှင့် ဣသရတို့ကို ရှည်ရှည်ရေးဆွဲထားကာ စာတန်းများအကြား၌ ဗြာဟ္မီအက္ခရာ များ ညှပ်ရေးထားသည်။ ထို့ထက်ထူးခြားသော အချက်တစ်ရပ်ကို ဆင်ခြင်အပ်သည်မှာ အရိုးအိုးများ တွင် စာတန်းတို့ကို အိုးပတ်လည်၌ ဖတ်ရှုရန်ရေးထွင်းထားသဖြင့် ထိုထက်ရှည်လျားသော ကျောက်စာကို အရိုးအိုး သာမန်အနေအထားအတိုင်း တည်ထားသည့်အခါ မတွေ့မြင်နိုင်သော အောက်ခြေဖင်ဖက်တွင် ထပ်မံရေးထိုးခြင်း မပြုတန်ရာ။ သူရိယဝိကြမ ဆွေမျိုး၏ အရိုးအိုးအောက်ပိုင်းစာများကို စေ့ငုစွာ လေ့လာပါက ထင်ထင်ရှားရှားမြင်ရသော စာတန်းရှည် ၇ ကြောင်း၏ အထက်နှင့် အောက်တွင် တစ်ပိုင်း တစ်ပြတ်ဖြစ်နေသော ပျူအက္ခရာများကို တွေ့နိုင်လေသည်။ ထို့အပြင် စာတန်းရှည်ကြီးများ၏ အစွန်း နှစ်ဖက်တွင် ကွက်လပ်အနည်းငယ်မျှမကျန်ပဲ စာသားများ အဆက်ရှိနေဟန်ကို တွေ့နိုင်၏။ ထို့ကြောင့် ဤဖင်ပိုင်းမှ စာတန်းများသည် ရှေးဦးစွာ ကျောက်တုံးကြီးတစ်ခုပေါ်တွင် ရေးသားထွင်းထုပြီးရှိနေနှင့်ဟန် တူ၏။ ယင်းကျောက်တုံးကို အရိုးအိုးပြုလုပ်ရန် ဆစ်လိုက်သည့်အခါတွင် ကျောက်စာ၏ အထက်အောက် နှင့် ဘေးစွန်းများမှ စာသားများသည် ဖင်ပိုင်း စက်ဝိုင်းပုံ ဆစ်လုပ်ရာ၌ပါသွားခြင်း ဖြစ်ချေမည်။ သို့ဖြစ် လေရာ ယင်းကျောက်စာသည် အရိုးအိုးပတ်လည်စာတန်းထက် ရှေးကျသည်ဟု ယူဆနိုင်၏။ ဤတွင် အလားတူကျောက်စာဖြစ်သော ဟန်လင်း ပျူကျောက်စာချပ်ကြီးသည်လည်း ၇ ရာစုထက် စောမည်ဟု ခန့်မှန်းရပါသည်။

ဟန်လင်းမှ နောက်တွေ့ပျူကျောက်စာတစ်ချပ်မှာ ဟန်လင်းမင်းရွာကုန်းရှိ မောင်အောင်ငြိမ်းခြံအတွင်း ရေတွင်းဘေးမှရသော ကျောက်ပြားဖြစ်သည်။ " သိဒ္ဓံ " အစချီ ပျူစာတစ်ကြောင်းနှင့် ထိုအောက်၌ ဗြာဟ္မီအက္ခရာစာတစ်ကြောင်း ပါရှိသည်။ ပျူစာမှာ လူအမည်များ ရေးထိုးထားသည်ဟု ယူဆ၏။

ရှေးဟောင်းဝတ္ထုပစ္စည်းများကို သုတေသနပြု၍ ခေတ်ပိုင်းခြားရာတွင် ကမ္ပည်းစာအရေးအသားများသည် အခိုင်လုံဆုံးဖြစ်သော အထောက်အထားဖြစ်၏။ သို့သော် သက္ကရာဇ်တိတိကျကျမပါသော ကမ္ပည်းစာများသာ တွေ့နိုင်သည့် ရှေးဟောင်းယဉ်ကျေးမှုတစ်ရပ်ကို ခေတ်ပိုင်းခြားရာ၌ ရေဒီယိုကာဘွန်ခေတ်စမ်းသပ်တွက်ချက်နည်းကို အထောက်အကူ ရယူနိုင်ပါသည်။ ထို့ကြောင့် ဗိဿနိုး အဆောက်အအုံသုံးခုမှ သစ်သားတိုင်များ မီးလောင်ကျွမ်းရာမှ ကြွင်းကျန်နေသော မီးသွေးတို့ကို ခေတ်ခွဲစမ်းသပ်စေခဲ့ပါသည်။ ဤနည်းတူ သရေခေတ္တရာနှင့် ဟန်လင်းမှ မီးသွေးများကိုလည်း ခေတ်ခွဲတွက်ချက်ကြည့်ရန် စီစဉ်လျက်ရှိပါသည်။ ဗိဿနိုး အမှတ် ၂ အဆောက်အအုံမှ မီးသွေးများကို Isotopes Inc., New Jersey, U.S.A. တွင် ခေတ်ခွဲစမ်းသပ်၍ နှစ်ပေါင်း ၁၉၅၀ ခန့်မျှ ကြာမြင့်ပြီဖြစ်ကြောင်း သိရှိရသည်။ အမှတ် ၉ နှင့် ၁၁ အဆောက်အအုံတို့မှ မီးသွေးများကို Institute of Nuclear Sciences, New Zeland တွင် ခေတ်ခွဲစမ်းသပ်ရာ အမှတ် ၉ မှ မီးသွေးများသည် နှစ်ပေါင်း ၁၈၈၀ နှစ် ကြာမြင့်၍ အမှတ် ၁၁ ကုန်း၏ မြေလွှာ နှစ်လွှာမှ မီးသွေးနမူနာ နှစ်မျိုးအနက် တစ်မျိုးမှာ နှစ်ပေါင်း ၁၆၅၀ နှင့် အခြားတစ်ခုမှာ နှစ်ပေါင်း ၁၇၂၅ နှစ် ကြာပြီဖြစ်ကြောင်း သိရှိရ၏။ ယင်းသို့ဖြင့် ဗိဿနိုးအဆောက်အအုံများသည် ၁ ရာစုမှ ၃ ရာစုကျော်ကျော် ၄ ရာစု အစခန့်ကာလအတွင်း၌ အသီးသီး ဆောက်လုပ်အသုံးပြုခဲ့ကြောင်း ခန့်မှန်းရပါသည်။

အထက်ဖော်ပြပါ ယဉ်ကျေးမှုအထောက်အထားများကို ခြုံ၍ ဆင်ခြင်သုံးသပ်သည်ရှိသော် ပျူလူမျိုးများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ကောက်ချက်ချရပေသည်။

ပျူလူမျိုးများသည် ၁ ရာစုခန့်ကပင် ဗိဿနိုး၊ ဟန်လင်းနှင့် သရေခေတ္တရာဒေသများတွင် အခြေစိုက်နေထိုင်လျက် ရှိကြပြီဖြစ်၏။

ထိုအခါမှပင် အိန္ဒိယတောင်ပိုင်းယဉ်ကျေးမှုများ ပျံ့နှံ့လာခဲ့ရာ ရှေးဦးစွာ ဗိဿနိုးမြို့ကို စတင်တည်ထောင်ခဲ့ကြ၏။ ထိုနေရာတွင် ရုပ်တု၊ ဆင်းတု ကိုးကွယ်ခြင်းမပြုသော ဗုဒ္ဓဘာသာဂိုဏ်းတစ်ရပ်က သာသနာပြုခဲ့ဟန်တူ၏။

သရေခေတ္တရာနှင့် ဟန်လင်းမြို့သည်လည်း ဗိဿနိုးနှင့် မရှေးမနှောင်းစတင်ထွန်းကားခဲ့၏။

သို့သော် ဗိဿနိုးသည် ၄ ရာစုတွင် ပျက်သုဉ်းခဲ့၍ ဗုဒ္ဓသာသနာသည် သရေခေတ္တရာ၌ ပိုမိုထွန်းကားလာလေသည်။ သရေခေတ္တရာသည် ၈ ရာစုခန့်အထိ တည်တံ့ခဲ့၍ ဝတ္ထုပစ္စည်း အထောက်အထားများအရ ဟန်လင်းသည် သရေခေတ္တရာနှင့် မရှေးမနှောင်းပင် ပျက်သုဉ်းခဲ့ရဟန်တူ၏။ ဟန်လင်း၌ သရေခေတ္တရာကဲ့သို့ ဗုဒ္ဓသာသနာ မထွန်းကားခဲ့သည်မှာ သေချာသည်။

ယခု ဆောင်ရွက်ဆဲဖြစ်သည့် သရေခေတ္တရာနှင့် ဟန်လင်းတူးဖော်မှုအပြင် သိပ္ပံနည်းကျသော သုတေသန လုပ်ငန်းများ ပြီးစီးသောအခါ ပျူယဉ်ကျေးမှုနှင့် သက်ဆိုင်သော အထောက်အထားများ ပိုမိုပြည့်စုံစွာ ရရှိဦးမည်ဟု ယုံကြည်ပါသည်။

## အညွှန်းကျမ်းများ

၁။ Annual Report of Archaeological Survey of India, Government of India, New Delhi, 1910, p. 121.
၂။ Ibid., p. 121.
၃။ Ibid., 1929 - 30, p. 182. Inscriptions of Burma, Portfolio IV Plate 356 b.
၄။ C.O. Bladgden, " The Pyu Inscriptions ", Journal of the Burma Research Society, Vol. VII, p.37.
၅။ Inscriptions of Burma, Portfolio IV, plate 354 d.
၆။ Ibid., Plate 355 a.
၇။ Ibid., Plate 354 c.
၈။ Ibid., Plate 354 a.
၉။ Ibid., Plate 354 b.
၁၀။ Ibid., Portfolio V. Plate 570b.
၁၁။ Annual Report of Archaeological Survey of India, Government of India, New Delhi, 1911- 12, pp. 141 - 142.
၁၂။ Ibid., 1928., pp. 128, 145. Inscriptions of Burma, Portfolio IV, Plate 356 a.
၁၃။ မြန်မာပြည်ကျောက်စာဌာန နှစ်ချုပ်အစီရင်ခံစာ၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၃၈ -၃၉၊ စာမျက်နှာ ၁၂ - ၂၂။
၁၄။ Annual Report of Archaeological Survey of India, New Delhi, 1926 - 27, pp. 175 - 6.
၁၅။ Ibid., p.180.
၁၆။ ရှေးဟောင်းသုတေသနဌာန၊ ဓာတ်ပုံအမှတ် ၂၈၆၆ - ၂၈၆၇။
၁၇။ Annual Report of Archaeological Survey of India Goverment of India New Delhi, 1928 - 29, pp. 108-9
၁၈။ Ibid., 1910-11, p. 90.
၁၉။ Ibid., 1910-11. p. 93.
ဦးမြ၊ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ၊ ဒုတိယတွဲ၊ ပုံအမှတ် ၁၇ (က )၊ ၃၅၊ ၆၀ ( က )၊ (ခ )၊ (ဂ )၊ (ဃ )၊ ၆၁ (က )။ ၂၀။
၂၀။ မြန်မာပြည် ကျောက်စာဌာနနှစ်ချုပ် အစီရင်ခံစာ၊ အစိုးရပုံနှိပ်တိုက်၊ ရန်ကုန်မြို့၊ ၁၉၀၅၊ စာမျက်နှာ ၈ - ၁၀။ Annual Report of Archaeological Survey of India, Government of India, New Delhi, 1901, p. 120. Inscriptions of Burma, Portfolio IV, Plate 375 a.
၂၁။ Annual Report of Archaeological Survey of India, Government of India, New Delhi, 1929-30, pp. 152 - 3, 182. Inscriptions of Burma, Portfolio IV, Plate 357 b.